# လယ်သမား ဆရာစံ နှင့် သတ်ရဲသည် သေရဲသည်

(ပထမ+ဒုတိယ နှစ်တွဲပေါင်း)

၂၀၀၇ အမျိုးသားစာပေ တစ်သက်တာဆုရ

## ဆင်ဖြူကျွန်းအောင်သိန်း



ဒုတိယအကြိမ်

2011.GRAPHIC DESIGN : KYAW MINN MOUNG

ဆင်ဖြူကျွန်းအောင်သိန်း

# လယ်သမားသူပုန်

နှင့်

# သတ်ရဲသည် သေရဲသည်

(ပထမ + ဒုတိယ နှစ်တွဲပေါင်း)

ဒုတိယအကြိမ်

စီစဉ်ထုတ်လုပ်သူ
ဦးဇော်ဝင်းနိုင်

ပထမတွဲ စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၂၃၀၄၁၀
ဒုတိယတွဲ စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၅၆၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၃၄၈၀၄၁၁

ပုံနှိပ်မှတ်တမ်း
ပထမအကြိမ် ပထမပိုင်း လယ်သမားသူပုန် – ၁၉၆၈ ခုနှစ်၊ နံ့သာတိုက်စာပေ
ပထမအကြိမ် ဒုတိယပိုင်း သတ်ရဲသည် သေရဲသည် – ၁၉၆၉ ခုနှစ်၊ နံ့သာတိုက်စာပေ
နှစ်ပိုင်းပေါင်း ပထမအကြိမ် – ၂၀၁၁ ခုနှစ်၊ မျိုးမြန်မာစာပေ

ထုတ်ဝေသူ
ဒေါ်ခင်မာချို၊ ပန်းဝေဝေစာပေ၊
အမှတ် ၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း+မျက်နှာဖုံးပုံနှိပ်သူ
ဦးကျော်စိန်၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် ၁ရ၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
ကျော်မင်းမောင်

ကွန်ပြူတာစာစီ
လှိုင်မျိုး

ဒုတိယအကြိမ်
၂၀၁၁၊ မေလ၊ အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၄၀၀၀ကျပ်

၈၉၅.၈၃

ဆင်ဖြူကျွန်းအောင်သိန်း
လယ်သမားသူပုန်နှင့် သတ်ရဲသည် သေရဲသည် (ပထမ+ဒုတိယနှစ်တွဲပေါင်း)/
ဆင်ဖြူကျွန်းအောင်သိန်း – ရန်ကုန်၊
ပန်းဝေဝေစာပေ ၊ ၂၀၁၁။
၄၁၁ – စာ၊ ၁၂ X ၁၉ စင်တီ
(၁) လယ်သမားသူပုန်နှင့် သတ်ရဲသည် သေရဲသည် (ပထမ+ဒုတိယ)
နှစ်တွဲပေါင်း



စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းကို မကွေးတိုင်း၊ ဆင်ဖြူကျွန်းမြို့နယ်၊ ယမ်းဖိုကုန်းရွာတွင် အဖ ယာသမားကြီး ဦးရွှေစံနှင့် အမိဒေါ်ငွေစင်တို့မှ ၁၉၂၈ နိုဝင်ဘာ ၁၀ တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းလေးယောက်တွင် စတုတ္ထဖြစ်ပြီး အမည်ရင်းမှာ ဦးကြည်အေးဖြစ်၏။

ဒုတိယကမ္ဘာစစ်မတိုင်မီက ဆင်ဖြူကျွန်း ဒိစတြိတ်ကောင်စီ အထောက်အပံ့ခံ မူလတန်းကျောင်းနှင့် ဆင်ဖြူကျွန်းဦးဖိုးသိန်း အလယ်တန်းကျောင်းတို့တွင် မူလတန်းနှင့် အလယ်တန်းပညာများ သင်ခဲ့၏။ ဒုတိယကမ္ဘာစစ်အတွင်း ဆင်ဖြူကျွန်းဆရာနွယ် အထက်တန်းကျောင်းတွင် အထက်တန်းပညာသင်ခဲ့သည်။ ၁၉၅၅တွင် ဂွတ္တလစ်ကျောင်းသားဂုဏ်ရည် အလွတ်ပညာသင်ကျောင်း၌ ဆက်လက်ပညာသင်ယူခဲ့ရာ ၁၉၅၇တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည်။

၁၉၅၇–၅၈တွင် 'ရုပ်ရှင်ပဒေသာ' မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ၊ ၁၉၅၈–၅၉ တွင် 'ရုပ်ရှင်လောက'၊ 'ယနေ့ရုပ်ရှင်'နှင့် 'နတ်သျှင်နောင်' စာစောင်တို့တွင် တာဝန်ခံအယ်ဒီတာ၊ ၁၉၆၃တွင် 'တံခွန်ဂျာနယ်' အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၆၄–၆၅တွင် 'ကာနယ်ဖင်း'၌ တာဝန်ခံ အယ်ဒီတာအဖြစ် အမှုထမ်းခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ စာရေးဆရာ စာပေကလပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံ စာပေဝါသနာရှင် အဖွဲ့၊ ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၊ စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်း အဖွဲ့တို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၅၉ မှ ၁၉၆၁ အထိ ရုပ်ရှင်ဇာတ်လမ်း မှတ်တမ်းတင်သူ၊ တွဲဖက်ဒါရိုက်တာ

စသည်ဖြင့် လုပ်ကိုင်ခဲ့သည်။၁၉၅၁ တွင် 'ရွှေဇင်' ကလောင်အမည်ဖြင့် 'တိုင်းသစ်ဂျာနယ်' တွင် ကဗျာများ စတင်ရေးခဲ့သည်။ ၁၉၅၃ တွင် 'ဆင်ဖြူကျွန်းအောင်သိန်း' ကလောင်အမည်ဖြင့် ကဗျာများ စရေးသည်။ ၁၉၅၃ သွေးသောက်မဂ္ဂဇင်းပါ 'စွပ်ကြယ်' သည် ဆင်ဖြူကျွန်းအောင်သိန်း၏ ပထမဆုံး ဝတ္ထုတိုဖြစ်သည်။ 'လွမ်းယမုံဦး' ၁၉၅၇ သည် သူ၏ ပထမဆုံး လုံးချင်းဝတ္ထုဖြစ် သည်။ 'ကိုဆေးရိုး' အစိက ဇာတ်ဆောင်ပြု ဝတ္ထုများသည် သူ၏ ထင်ရှားသော ဝတ္ထုတိုများ ဖြစ်၏။ ထိုဝတ္ထုတိုများကို ပေါင်း၍ ကိုဆေးရိုး အတွဲ ၁၁ တွဲ ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ဆင်ဖြူကျွန်းအောင်သိန်း ကလောင်နာမည်အပြင် အမည်ရင်း ဦးကြည်အေးဖြင့်လည်း စာအုပ်များ ရေးသားခဲ့သည်။ ဦးအောင်သိမ်းမြတ်၊ ဦးသိန်းဇံ၊ ဇင်အောင်၊ မင်္ဂလာရျင်အောင်၊ ဆီညော်ချင်အောင်၊ စိုင်းချင်အောင် စသည်ဖြင့် ကလောင်အမည်ခွဲ ၂၀ကျော်ဖြင့်လည်း ဝတ္ထုတို၊ ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၉၀ တွင် ကိုဆေးရိုး (၄) ဖြင့်အမျိုးသားစာပေ (ဝတ္ထုတိုပေါင်းချုပ်) ဆု၊ ၁၉၉၆ တွင် ကိုဆေးရိုး (၆) ဖြင့်အမျိုးသားစာပေ (ဝတ္ထုတိုပေါင်းချုပ်) ဆုတို့ကို ရရှိခဲ့သည်။ ၁၉၉၈ တွင် အရှေ့တောင်အာရှ စာပေဆု ချီးမြှင့်ခြင်းခံရသည်။

၁၉၉၉တွင် ဝိဇ္ဇာပညာထူးချွန် (ပထမအဆင့်)၊ ၂၀၀၄တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၀၅ တွင် အမျိုးသားစာပေဝတ္ထုရှည်ဆုနှင့် ၂၀၀၇ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာစာပေဆုတို့ကို နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည်။

ဆရာဆင်ဖြူကျွန်းအောင်သိန်းသည် ယခုအခါ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အရှေ့(၇)ရပ်ကွက်တွင်နေထိုင်ရင်း စာပေများ ဆက်လက်ရေးသားလျက်ရှိသည်။

သာမျှိုအရကို အစုံဖန်ပေါ့
ရက်ုံစံချစ်စရာတပည့်တို့မှာ
ဉ်ုအရပဟ်သစ္စာကတိတွေနှင့်
ဂဋ္ဌန်သရဏံဂစ္ဆာမိကြပေတော့....

မစ္စတာမောင်မှိုင်း

## ပထမပိုင်း
## တစ်

ခရစ်နှစ် ၁၈၈၈ခု၊ ဂျူလိုင်လ တစ်ရက်နေ့၊ နံနက် ၁၀ နာရီခန့်တွင် ဖြစ်ပေ၏။

ဇီးကုန်းမြို့၏ နံနက်ခင်းကာလသည် ခါတိုင်းနေ့များနှင့်မခြား၊ စည်ကားလှုပ်ရှား လျက်ရှိသည်။ ကုန်သည်ပွဲစားများသည် ဈေးနားနှင့် ဘူတာရုံတစ်ဝိုက်တွင် သားကောင်ကို မုဆိုးချောင်းသကဲ့သို့ အချက်ကောင်း အကွက်ကောင်းကို စောင့်ဆိုင်းမျှော်လင့်နေကြ၏။ တောသားကြီးသုံးယောက်သည် ဘူတာရုံထဲမှ ရေးကြီးသုတ်ပျာ ထွက်လာကြသည်။ ဈေးသွားဈေးပြန်များကမူ အေးဆေးလေးကန်စွာ သွားလာနေကြ၏။

ဘူတာရုံထဲမှ ရေးကြီးသုတ်ပျာထွက်လာသော တောသားကြီးသုံးယောက်သည် ခေါက်ဆွဲဆိုင်တစ်ခုရှေ့သို့ အရောက်တွင် လက်ဝဲဘက်လမ်းချိုးမှ မပြေးရုံတမယ် အသွက် ဆိုင်းလျှောက်လာသော လူတစ်ယောက်ကို မြင်သဖြင့် ခေါက်ဆွဲဆိုင်ထဲသို့ ရုတ်တရက် လှည့်ဝင်လိုက်ကြသည်။ ခေါက်ဆွဲဆိုင်ထဲဝင်ရန် အစီအစဉ်မရှိသောကြောင့်လည်း အရပ် ရှည်ရှည်ထောင်ထောင်မောင်းမောင်း သျှောင်ပွကြီးနှင့်လူမှာ ဆိုင်ရှေ့တွင် ပေရမ်းရမ်း ကျန်နေခဲ့ရာ ဆိုင်ထဲသို့ရောက်သွားသော သွားခေါခေါဂင်တိုတို ပုမည်းမည်းလူ၏ အော်ငေါက်ခြင်း ကိုခံရလေသည်။

"ဟေ့ သာဒင် မြန်မြန်လာစမ်းပါကွ"

ကိုသာဒင်သည် ဆိုင်ထဲသို့ ယောင်ပေပေနှင့် ဝင်လာကာ ရှေ့ကရောက်နှင့်နေသူ နှစ်ယောက်ရှိနေသော၊ မှောင်ရှိချောင်ကျသော စားပွဲသို့ဝင်ရောက်ထိုင်ကာ-

''ကိုမှင်ကလည်းဗျာ၊ ဘာမပြောညာမပြော ဝင်သွားတော့ ကျန်နေခဲ့တာပေါ့ဗျ။ အလကားနေရင်း ဒေါသတကြီးအော်နေ''

''အော်တာမဟုတ်ဘူးကွ။ဟိုမှာမြင်လား သာဖဲ ဟောဟော''

ဦးမှင်သည် ပြောရင်းဆိုရင်း၊ မိမိအား တစ်ဦးတစ်ယောက်မြင်သွားမည်ကို စိုးသည့်အလား၊ ခေါင်းကိုပုရင်း ပြောသည်။ ဦးမှင်မျက်လုံးရောက်ရာ လမ်းပေါ်တွင် စောင်ပွကြီးကို ခေါင်းပေါင်းထားသော လူတစ်ယောက်သည် ခေါက်ဆွဲဆိုင်ထဲသို့ လှည့်မကြည့်ဘဲ ဒရောသောပါး ဖြတ်လျှောက်သွား၏။

''ဟုတ်ပါကလား။ ကိုသာဖဲ စောစောစီးစီး ဘယ်များသွားမလို့ပါလိမ့်။ ရွာထဲက ထွက်လာတဲ့လူတွေထဲမှာ ကျုပ်တို့အစောဆုံးထင်နေတာ''

''အေး၊ ဒါကြောင့် ငါက ဒီကောင့်အမြင် မခံချင်တာဟ''

သူတို့သည် ဦးသာဖဲ အတော်ဝေးသွားလောက်မှ စားပွဲမှ ထလိုက်ကြသည်တွင်၊ ဆိုင်ရှင်တရုတ်က သူတို့ရှေ့မှာ လာရပ်သည်။

''ဆရာကြီးတို့ ဘာမှမစားဘဲ သွားကြတော့မလို့လား''

''အေးကွ''ဟု ဦးမှင်က ပြီးစလွယ်ပြောကာ တံခါးပေါက်ဆီ ခြေလှမ်း လိုက်လျှင်

''ဘာမှမစားဘဲ ဒီလိုဝင်ထိုင်တာ ဘယ်ကောင်းမလဲ။ ဒါဟာ ဇရပ်မဟုတ်ဘူး''

''ဘာကွ''

တစ်ချိန်လုံးတိတ်ဆိတ်ငြိမ်သက်နေခဲ့သော ငွေခင်သည် တရုတ်၏မျက်နှာကို တစ်ချက်တည်း စွတ်ထိုးလိုက်ရာ၊ ကိုသာဒင်က လက်ဖျံရိုးဖြင့် ဝင်ခံထားလိုက်သည့် အတွက် တရုတ်မှာ ဇက်ကလေးပုလျက် သက်သာရာရသွား၏။

''မင့်ကို စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့လို့ ငါဘယ်နှခါပြောရမလဲ ငွေခင်''

''မဟုတ်ပါဘူးဗျာ၊ ဒီတရုတ်လူပါးဝလွန်းလို့ပါ။ ကျုပ်တို့စားရင် သူ့ဆိုင်မှာ အမြဲစားနေတဲ့ဟာကို။ ဟေ့ ခွေးတရုတ်၊ မင်းထမင်းဝဝစားထား၊ မကြာခင်မှာ-''

''ဟေ့ကောင်''

ဦးမှင်၏အသံသည် ခက်ထန်လွန်း၏။ အသံခက်ထန်သလို မျက်နှာထား ကလည်း ကြမ်းတမ်းလွန်းသည်။ ငွေခင်မှာ မျက်စိမျက်နှာပျက်ကာ ကိုသာဒင်အား အသနားခံသော အကြည့်ဖြင့် ကြည့်မိ၏။

''မင်းဟာ၊ ဆိုလေကဲလေ၊ မန်းလေပြဲလေကိုး ငွေခင်ရ''

ဦးမှင်သည် ရှေ့မှထွက်သွားပြီး ဆိုင်ရှေ့သစ်ပင်အောက်မှ ရပ်စောင့်နေကာ၊

သူ့အနားသို့ ရွှေင်နှင့် ဦးသာဒင်တို့ ရောက်လာလျှင် တီးတိုးဆက်ပြောသည်။

''မင်းပါးစပ်မသရမ်းချင်ပါနဲ့ ရွှေင်။ မင်းကြောင့် အားလုံးဒုက္ခရောက်ကုန်မယ်။ ကဲ သာဒင်၊ မင်းတို့နှစ်ယောက် ဈေးထောင့်ကစောင့်။ သာဖဲကို ငါမသင်္ကာဘူး၊ လိုက်ပြီး ချောင်းဦးမယ်''

''သတိနဲ့သွားနော် ကိုမှင်''

ကိုသာဒင်နှင့် ရွှေင်တို့ သစ်ပင်အောက်၌ရပ်နေခဲ့၍ ဦးမှင်သည် စောစောက ကိုသာဖဲ ဖြတ်လျှောက်သွားသော လမ်းအတိုင်း အပြေးအလွှား လိုက်သွားလေ၏။

ထိုလမ်းသည် ရာဇဝတ်ဝန်ကလေး မစ္စတာဟီးလ်၏ အိမ်သို့ဦးတိုက်နေသည်။ ဆယ်မိနစ်ခန့်လျှောက်မိလျှင် ဦးမှင်သည် ရှေ့မှသွားသော ဦးသာဖဲကိုမြင်ရလေပြီ။ ဝန်ကလေးအိမ်သည် ခန့်ညားသပ်ရပ်၍ အဝင်လမ်းတစ်လျှောက်ဝယ် အုတ်ခဲများကို ထောင့်ချိုးစိုက်ထောင် တန်းသွယ်၍ ထုံးဖြူများသုတ်ထားသည်။ ထိုအိမ်ဝင်းထဲဝင်ကာနီး၌ ဦးသာဖဲသည် နောက်သို့လှည့်ကြည့်လိုက်ရာ၊ ဦးမှင်က အိတ်ထဲမှ တစ်စုံတစ်ရာ ကျကျန်ခဲ့ဟန်ဖြင့် ဦးသာဖဲကို ကျောပေး၍ ကုန်းကောက်နေ၏။

ဦးမှင်သည် ခေါင်းအောက်စိုက်ကာ ဘေးတွင် ခြေထောက်နှစ်ချောင်း၊ အထက်တွင် ပုဆိုးအနား၊ အောက်တွင်မြေကြီး စသည့် ဘောင်လေးဘက်သတ်ထားသော မြင်ကွင်းထဲမှ လှမ်းကြည့်သည်။ မြင်ရသည်မှာ ဦးသာဖဲ။

ဦးသာဖဲသည် သုတ်သီးသုတ်ပျာဖြင့် အိမ်ပေါ်သို့တက်သွားရာ၊ လှေကားထိပ်၌ လူတစ်ယောက်နှင့်ရပ်၍ စကားပြောပြီးနောက်၊ ထိုသူနှင့်အတူ အထဲသို့ဝင်သွားသည်ကို ဦးမှင်မြင်ရလေသည်။

''ဝန်ကလေးကို အရေးကြီးတဲ့ကိစ္စ လျှောက်ထားစရာရှိလို့ တွေ့ပါရစေ စာရေးကြီးရယ်''

ဦးသာဖဲသည် နဖူးမှယိုစီးလာသော ချွေးများကို မသုတ်နိုင်ဘဲ ရာဇဝတ်ဝန်ကလေး၏ ပြာတာအား မောဟိုက်သံဖြင့် ပြောသည်။

''သခင်နေမကောင်းလို့ ဘယ်သူနဲ့မှ တွေ့နိုင်မှာမဟုတ်ဘူး''

''အင်မတန် အရေးကြီးတဲ့ကိစ္စမို့ပါ စာရေးကြီးရယ်''

''ခင်ဗျား ဘယ်လောက်ပဲအရေးကြီးကြီး ဒီမှာ သခင်အဖျားတက်နေတယ်ဗျ၊ ဘယ်လိုလုပ်ပြီး စကားပြောမလဲ''

ပြာတာ၏အသံက မာဆတ်ဆတ်ဖြစ်လာ၏။ ဦးသာဖဲကမူ စိတ်လျှော့ဟန်မပြဘဲ အခန်းထဲသို့ လည်တဆန့်ဆန့်ကြည့်နေပြီး တောင်းပန်သည်။

''ကျွန်တော့်နာမည် သာဖဲပါ စာရေးကြီး''

''သိပါတယ်။ ခင်ဗျားမပြောလည်း ခင်ဗျားသာဖဲဆိုတာ သိပါတယ်''

''သာဖဲက သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ကိစ္စတစ်ခု သံတော်ဦး တင်စရာ ရှိတဲ့အကြောင်းကိုသာ လျှောက်ထားပေးပါ။ မတွေ့နိုင်ဘူးဆိုရင် ပြန်ပါ့မယ်''

''ခင်ဗျား တော်တော်လျှာရှည်တဲ့လူ၊ ကောင်းပြီ ထိုင်နေခဲ့''

''ဟုတ်ကဲ့ စာရေးကြီး''

ဦးသာဖဲသည် ပြာတာ၏အမိန့်အတိုင်း ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင် လျက် ကျန်ရစ်ခဲ့သည်တွင် တစ်ဘက်ခန်းမှ အမွေးဖွားဖွား လျှာတွဲလဲနှင့် ခွေးကြီးတစ် ကောင်ထွက်လာပြီး ဦးသာဖဲကို နမ်းလေသည်။

''အင်း ငါ့ဂုတ်ကို ဟပ်လိုက်ရင်တော့ တစ်ချီတည်း သေမှာပဲ''ဟု တွေးမိသဖြင့် ဦးသာဖဲ မဝံ့မရဲနေရာရွှေ့တော့မှ ခွေးကြီးက ဦးသာဖဲ၏မျက်နှာကို လျှာနှင့်လျက်လေ၏။

''ဟာ ဒုက္ခပါပဲ''

ဦးသာဖဲ ခေါင်းငုံ့ထားရာ ခွေးကြီးက ဦးသာဖဲပါးကို လျက်၏။ ဦးသာဖဲ လက်ဖြင့်ကာလိုက်သောအခါ ခန်းဆီးအကွယ်မှ မိန်းမအသံတစ်ခု လွင့်ပျံလာသည်။

''မောင်မင်းရဲ့ပါးကို လျက်တာ မောင်မင်းက ရွံတယ်ရှိရသေးသလား၊ ကျွန်ုပ် ရဲ့သားဟာ မောင်မင်းထက်သန့်ပါတယ်''

ရာဇဝတ်ဝန်ကလေးတွင် သားမယားမရှိဟု ဦးသာဖဲသိသည်။ ဤမိန်းမသည် မည်သို့ဖြစ်သနည်းဟု ဦးသာဖဲလှမ်းကြည့်၏။ ဈေးတန်းထဲက ကုန်ခြောက်တန်း၌ ဦးသာဖဲ မြင်ဖူးသော မိန်းကလေးဖြစ်သည်။ ရုပ်ရည်သနားကမားရှိသော မြန်မာမကလေး ပါတကား။

''ဦးသာဖဲ သခင်က ဝင်ခဲ့တဲ့''

ပြာတာပြန်ထွက်လာပြီး အမိန့်ပေးသဖြင့် ဦးသာဖဲသည် ရာဇဝတ်ဝန်ကလေး၏ အခန်းထဲသို့ ခေါင်းငုံ့ ခါးကုန်းကာ ဝင်လာသည်။

ဦးသာဖဲသည် ခေါင်းငုံ့ထားသည့်အတွက် ကြမ်းပြင်တွင်ခင်းထားသော ကော်ဇော၊ ခုတင်ခြေထောက်တိုင်များနှင့် ဖိနပ်တစ်ရံကိုသာ မြင်ရ၏။

''မော်ဖူးစေ မောင်သာဖဲ''

မပီမသ တုန်ယင်၍ အားနည်းသောအသံကို ကြားရမှ ဦးသာဖဲခေါင်းမော့သည်။

''မှန်လှပါဖုရား၊ ကျေးဇူးကြီးလှပါ ဖုရား''

ခုတင်ပေါ်တွင် ရာဇဝတ်ဝန်ကလေး မစ္စတာဟီးလ်သည် နီရဲသောမျက်နှာ၊ တုန်ခိုက်သောကိုယ်ဖြင့် ထိုင်နေပေ၏။

''ဘာအကြောင်းရှိလဲ မောင်မင်း၊ သခင်နေမကောင်းဘူး၊ ရိုးမငှက် အားကြီးဆိုးတယ် မောင်မင်း''

ဦးသာဖဲသည် လက်နှစ်ဖက်ယှက်၍ ရှိခိုးပြီးပြော၏။

''မှန်လှပါ၊ ရိုးမငှက်ဟာ အင်မတန်ဆိုးကြောင်းပါ သခင်၊ ကျွန်တော်မျိုးတို့ သွားနေကျ လာနေကျ ဆင်းရဲသား တောသူတောင်သားများပင်လျှင် ရိုးမငှက် နှိပ်စက်၍ အသက်ဆုံးရှုံးရကြောင်းပါ ဖုရား''

''မောင်မင်းရဲ့ အရေးကြီးကိစ္စကို သံတော်ဦးတင်ပါဦး မောင်သာဖဲ''

''မှန်လှပါ၊ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော ဗြိတိသျှ ဧကရာဇ် သခင်အား ပုန်စားပုန်ကန်ပြုရန် လူစုနေကြကြောင်းပါ ဘုရား''

''မောင်မင်း ဘာပြောတယ်''

မစ္စတာဟီးလ်သည် ခုတင်ပေါ်မှ ခုန်ဆင်းကာ ဦးသာဖဲရှေ့တွင် ကားကားကြီး ရပ်နေမိကာ ''မောင်မင်း မရူးပါဘူးနော်''ဟုဆို၏။

''ကျွန်တော်မျိုး မရူးပါဘူး ဖုရား''

မစ္စတာဟီးလ်သည် တဆတ်ဆတ်တုန်နေသော ငှက်ဖျားတက်ခြင်း ပျောက်ကင်းလျက် အခန်းဝဆီသို့ ဖျပ်လတ်စွာသွားလျက် တံခါးကို ဆွဲပိတ်လိုက်လေ၏။

''ထပ်ပြီးလျှောက်ထားစမ်း သောဖဲ''

ဦးသာဖဲ စိုးစဉ်မျှမတုန်လှုပ်ဘဲ လယ်သမားများ ပုန်ကန်ထကြွရန် လူစုနေသည့် သတင်းကို နေရာဒေသအတိအကျ အမည်နာမ အပ်ချမတ်ချ ထုတ်ဖော်ပြောကြားလေ၏။

မစ္စတာဟီးလ်၏ အခန်းတံခါးသည် ကျယ်လောင်စွာအသံမြည်လျက် ပွင့်သွားကာ၊ ''အင်စပက်တော် သခင်ဒီဒဗလျူရေးကို သွားခေါ်စမ်း မောင်မင်း၊ အရေးကြီးတယ်လို့ပြော''အမိန့်ပေးသည်။

ပြာတာသည် သခင့်အလိုကျ အပြေးဆင်းသွားလေ၏။ မစ္စတာဟီးလ်သည် ဦးသာဖဲ၏လက်ကိုဆွဲကာ အခန်းထဲမှ ထွက်လာပြီး ထမင်းစားခန်းထဲသို့ ဝင်လာသည်။

''ထိုင်ပါ မောင်သာဖဲ၊ သခင် အများကြီးကျေးဇူးတင်တယ်''

ချိုသာသောမျက်နှာဖြင့် စိုက်ကြည့်ရင်း စားပွဲထိုးအား လက်ဖက်ရည်နှင့် မုန့်ယူလာရန် မှာကြား၏။ မစ္စတာဟီးလ်သည် ဦးသာဖဲ၏ကျောပြင်ကို လက်ဝါးကြီးဖြင့် ထပ်မနား ပွတ်သပ်နေသည်။ မုန့်ကိုခွဲ့မတတ်လုပ်၍ စီးကရက်ကို ကိုယ်တိုင်ညှိပေး၏။

''သခင် နေကောင်းသွားပြီလား ဟင်''

ထိုအသံကို ကြားလိုက်ရသောအခါ မစ္စတာဟီးလ်မျက်နှာကြီးသည် နီရဲသွား၏။

အသံရှင်မှာ စောစောကခန်းဆီးကြားတွင် ဦးသာဖဲမြင်လိုက်ရသော မိန်းကလေးဖြစ်သည်။

''ဒါလင် နိုပ်ပေးပါရစေဆိုတော့ မရဘူး၊ အခုတော့ ကျေးကျွန်တစ်ယောက်နဲ့ တစ်စားပွဲတည်းထိုင်ပြီး စကားပြောနေလိုက်တာ''

မိန်းကလေးသည် စားဖိုဆောင်ဟု ယူဆရသော အခန်းထဲမှထွက်လာကာ မြည်းညည်းစွာ ချဉ်းကပ်လာ၏။

''သွားစမ်း မစောလှိုင်၊ သခင်နေမကောင်းလို့ မင်းကိုအလိုမရှိဘူး။ သခင် နေကောင်းတဲ့အခါမှာ ပြာတာကို အခေါ်လွှတ်လိုက်မယ်၊ အခု ပြန်သွားပါ''

''ရက်စက်လှချည့်လား သခင်ရယ်''

''သွားပါ မစောလှိုင်၊ သခင်စိတ်ဆိုးလာပြီ''

''ကောင်းပါပြီ သခင်''

ဦးသာဖဲ မရဲတရဲ လှမ်းကြည့်လိုက်စဉ်တွင် မစောလှိုင်ဟုခေါ်သော မြန်မာ အမျိုးသမီးကလေးသည် ညိုးငယ်စွာဖြင့် နောက်တို့ ဝင်သွားရှာသည်။

ခဏကြာလျှင် ပြာတာသည် တမောတပန်းပြန်ရောက်လာ၏။ ''အင်စပက် တော်မင်း ရေကင်းမင်းကြီးရွာကို သွားနေပါသတဲ့ သခင်''ဟု အကြောင်းပြန်ကြားသည်။

ရေကင်းမင်းကြီးရွာဆိုသည်မှာ ဇီးကုန်းမြို့၏အနောက်ဘက် မိုင် ၃၀အကွာ တွင် တည်ရှိသော ရွာတစ်ရွာဖြစ်၏။

''အို အရေးထဲ မစ္စတာရေးကလည်း မရှိရပြန်ဘဲကိုး''

ရာဇဝတ်ဝန်ကလေးသည် မိမိဘာသာ မြည်တမ်းလိုက်ရာက ''ကောင်းပြီ လူကလေး၊ မောင်ရွှေသောင်ကို သွားခေါ်ချေ။ အင်မတန် အရေးကြီးတဲ့အတွက် အမြန်ဆုံးလာခဲ့ပါလို့ ပြောရမယ်''ဟု ဆက်လက် အမိန့်ပေးလိုက်လေသည်။

ဦးရွှေသောင်ဆိုသူမှာ ရာဇဝတ်ဝန်ကလေး၏လက်အောက်တွင်ရှိသော အင်စ ပက်တော်နှစ်ယောက်အနက်၊ မြန်မာအမျိုးသား အင်စပက်တော်ဖြစ်ပေ၏။

အင်စပက်တော်ချင်းတူစေကာမူ ရာဇဝတ်ဝန်ကလေးသည် မြန်မာအမျိုးသား အင်စပက်တော်ကို အရေးထားသည့် သဘောမျိုးဖြင့် မဆက်ဆံချင်ပေ။ သို့မိုကြောင့် မစ္စတာဒီဒဗလျူရေးကို ပထမအခေါ်ခိုင်းပြီး မစ္စတာရေးမရှိမှ ဦးရွှေသောင်ကို လူရာသွင်းခြင်း ဖြစ်ချေသည်။ မစ္စတာဟီးလ်သည် မိမိ၏ပြာတာ ပြန်ရောက်လာချိန်ကို စောင့်ဆိုင်းရင်း ထမင်းစားခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ လမ်းလျှောက်ရင်းက ဦးသာဖဲထံမှ မိမိသိလိုသမျှကို တစ်စိမ့်စိမ့်မေးမြန်းသည်။ ဦးသာဖဲကလည်း ရာဇဝတ်ဝန်ကလေး မေးသမျှကို အသေးစိတ်ပြောပြနိုင်၏။

မကြာမီ မစ္စတာဟီးလ်၏ပြာတာနှင့်အတူ အင်စပက်တော်မင်း ဦးရွှေသောင် အပြေးအလွှား လိုက်ပါလာသည်ကို လှမ်းမြင်ရသဖြင့် မစ္စတာဟီးလ်သည် ဦးသာဖဲကို ထမင်းစားခန်းထဲတွင် ထားခဲ့ပြီး အပြင်ဘက်သို့ ထွက်လာခဲ့သည်။

"ထိုင်ပါ မောင်ရွှေသောင်။ ကျုပ်တို့ အုပ်ချုပ်တဲ့နယ်မြေမှာ ဗြိတိသျှအစိုးရမင်းကို ပုန်ကန်တိုက်ခိုက်ဖို့ လူစုနေကြတာကို မောင်ရွှေသောင် သိရဲ့လား"

"ခင်ဗျာ၊ မဖြစ်နိုင်ပါဘူး သခင်"

ဦးရွှေသောင်မှာ ကုလားထိုင်တွင် ထိုင်ရာက တစ်ဝက်တွင် ပြန်ထရပ်ပြီး မစ္စတာဟီးလ်အား ထိတ်လန့်စွာ ကြည့်နေလေ၏။

"မောင်ရွှေသောင် ပေါ့လျော့လို့မသိပေမယ့် ကျွန်ုပ် အားလုံးသိပြီးပြီ။ မရင်းကိုင်းဘုန်းကြီးကို မောင်ရွှေသောင် သိသလား"

"သိပါတယ် ဦးသူရိယတဲ့"

"အဲဒီကျောင်းမှာ သူပုန်ထဖို့ လူစုနေသတဲ့ မောင်ရွှေသောင်။ ကျွန်ုပ်ဖျားနေတဲ့အတွက် ကျွန်ုပ်အမိန့်ပေးသမျှကို အမြန်ဆုံးဆောင်ရွက်ပါ"

"ကောင်းပါပြီ သခင်""ဟုဆိုကာ ဦးရွှေသောင်သည် အိတ်ထဲမှ စာအုပ်နှင့် ခဲတံကို ထုတ်ယူကာ မှတ်သားရန်အသင့်ပြင်သည်။

"သာယာဝတီ အရေးပိုင်ကိုတစ်စောင်၊ ရာဇဝတ်ဝန်ကြီးကို တစ်စောင် သံကြိုးရိုက်ပါ။ သူပုန်ထဖို့ လူစုနေကြတဲ့အတွက် ဘယ်လိုလုပ်ရမယ်ဆိုတာ အမိန့်တောင်းပါ။ ဒါကို ကျွန်ုပ် လက်မှတ်ထိုးပေးမယ်"

"မစ္စတာကန်တီကိုလည်း အကြောင်းကြားရဦးမလား သခင်"

"အကြောင်းကြားရမှာပေါ့ မောင်ရွှေသောင်။ မီးရထားရုံပိုင်ဟာလည်း အရေးကြီးတဲ့ပုဂ္ဂိုလ်တစ်ယောက်ပဲ မဟုတ်လား"

"မှန်ပါတယ် သခင်"

"ဘော်လင်းဂါတ်ကို အမြန်ဆုံး ဇီးကုန်းကို ရွှေ့ခဲ့ရမယ်။ ပြီးတော့ ဒီနယ်ထဲမှာရှိတဲ့ သူကြီးအားလုံးကိုလည်း လက်ဝယ်ရှိတဲ့ အခွန်တော်ငွေတွေ တစ်ပြားမကျန်ယူပြီး ကနေ့ညအရောက် မြို့ပေါ်လာအိပ်ရမယ်လို့ အမိန့်ထုတ်ပါ"

"သူတို့နဲ့အတူ သူတို့မှာရှိတဲ့ သေနတ်လက်နက်တွေပါ ယူလာခဲ့ဖို့ခိုင်းရရင် မကောင်းဘူးလားသခင်"

"ဟာ ကောင်းတယ်မောင်ရွှေသောင် အမြန်ဆုံးစီစဉ်ပါ။ ကျွန်ုပ် ချမ်းလာပြီ"

ဦးသာဖဲကို မသင်္ကာသဖြင့် လမ်းမှ တစ်စေ့တစ်စောင်း ကြည့်နေသော ဦးမှင်

သည် မစ္စတာဟီးလ်၏ပြောတာ ဟုတ်သလိုလိုဖြစ်နေခြင်း၊ ဦးရွှေသောင် သုတ်သီးသုတ်ပျာ ဖြစ်သွားခြင်းများကိုမြင်ရလျှင် ကိုသာဒင်တို့ စောင့်နေမည့်နေရာသို့ အလျင်အမြန် ပြန်သွားလေ၏။

မစ္စတာဟီးလ်၏အိမ်တွင် အဝင်အထွက် ရှုပ်ထွေးသွားခြင်းသည် ဦးသာဖဲ၏စနက်မကင်းဟု ကောင်းစွာမှတ်ပိုက်သွားလေသည်။

အင်စပက်တော် ဦးရွှေသောင်သည် မစ္စတာဟီးလ်ထံမှ တရားဝင်အမိန့်စာများ ရရှိပြီးနောက် ဆက်လက်ဆောင်ရွက်စရာများကို လက်အောက်ငယ်သားများအား နိုင်းစေထားကာ လက်သပ်မွေး အရပ်သား နှစ်ယောက်ကို လုံခြုံသော နေရာတစ်ခုသို့ ခေါ်ယူတွေ့ဆုံ၏။

ထိုသူ နှစ်ယောက်မှာ ငချစ်နှင့် ငထွန်းတို့ဖြစ်သည်။ အလုပ်အကိုင် မည်မည်ရရ မလုပ်ဘဲ ခိုးခြင်း ဝှက်ခြင်းဖြင့် အသက်မွေးရာက ပုလိပ်သတင်းပေးအဖြစ် လက်သပ်မွေးခံထားရသူများဖြစ်၏။

''မင်းတို့ မရင်းကိုင်းကို သွားကြရမယ်ဟေ့။ မရင်းကိုင်းကို မရောက်ခင်မှာတော့ မင်းတို့ကြိုက်သလိုသွားပေါ့ကွာ။ သို့သော်လည်း မရင်းကိုင်းဘုန်းကြီးကျောင်းနားကို ရောက်ရင်တော့ ပုန်းလျှိုးကွယ်လျှိုးသွားရမယ်။ ဘုန်းကြီးကျောင်းမှာ ဘာလုပ်နေတယ်၊ ဘာပြောနေတယ်၊ လူဘယ်နှယောက်ရှိတယ်ဆိုတာ မှတ်ခဲ့ရမယ်။ ဖြစ်နိုင်မယ်ဆိုရင် ဘယ်သူဘယ်ဝါဆိုတဲ့ အမည်နာမကိုပါ မှတ်သားခဲ့ကြရမယ်''

ဘယ်တော့ သွားရမှာလဲဆရာ။ သွားတော့ကော ငထွန်းနဲ့ အတူတူသွားရမှာလား''

ငချစ်က ဘိန်းငိုက်မပြေသောအသံဖြင့် မေးသည်။

''ဟုတ်တယ် အခုပဲ သွားရမယ်။ မတော်တဆ ဘေးအန္တရာယ်တွေ့ရင် တစ်ယောက်ကတော့ ငါ့ဆီကိုရောက်အောင် ပြန်လာရမယ်''

''ဆရာ့ဟာက အဲဒီမှာ ဘာတွေရှိမှန်းမှ မသိတာ''

ငချစ်ကပင် ဘိန်းသံဖြင့်ပြော၏။

''ဟိုရောက်တော့ သိမှာပေါ့ကွာ။ အေး တစ်ခုတော့ သတိပေးမယ်။ တစ်နေရာမှာ ဝင်အိပ်နေပြီး တော်အောင်လျှော်အောင် ပြန်လာရင်တော့ ဟဲ ဟဲ အချုပ်ခန်းပဲဟေ့''

''ကပ်သီးကပ်သပ် ဆရာရယ်။ ကျွန်တော် ဘယ်တုန်းကများ ဆရာ့ကို လိမ်ဖူးလို့လဲ''

''ကဲ သွားကြပေတော့။ မြန်နိုင်သမျှ မြန်မြန်သွားပြီး မြန်မြန်ပြန်ခဲ့ရမယ်''

"စိတ်ချပါ ဆရာ"

ချေစ်သည် ပြောပြောဆိုဆိုဖြင့် ထသော်လည်း ထွန်းက ရီကျဲကျဲနှင့် ကြည့်နေ၏။

"ဘာလဲ ကွမ်းဖိုးဆေးဖိုး လိုချင်ပြန်ပြီလား၊ ရပါတယ်ကွာ"

"ဦးရွှေသောင်သည် ဒင်္ဂါးတစ်ပြားကိုထုတ်ယူပြီး ထွန်း၏လက်ထဲသို့ ထည့်၏။ သို့သော် ထွန်း၏လက်ချောင်းများ မဆုပ်နိုင်မီ ပြန်ယူကာ အိတ်ထဲသို့ ထည့်လိုက်သည်။

"မဖြစ်သေးဘူးကွ။ မင်းတို့ဟာ ပိုက်ဆံရဖို့ဆိုရင် ဘာကိုပဲလုပ်ရလုပ်ရဆိုတဲ့ အကောင်တွေ။ အဲ ပိုက်ဆံရပြန်တော့လည်း မိနစ်မဆိုင်း ဘိန်းရှူပစ်တာဆိုတော့ ငါ့ဆီက ဒါရသွားရင် ဘိန်းခန်းကို တန်းပြေးမှာ သေချာတယ်"

"မလုပ်ပါဘူး ဆရာ"

"မရဘူး မရဘူး။ ပြန်မှပေးမယ်၊ ကဲ သွားကြပေတော့"

ထွန်းသည် ခေါသောသွားကို ဖော်ကာ ခေါင်းငိုက်စိုက်ဖြင့် ထ၏။ ချေစ်မှာလည်း ငွေစကိုမြင်ပြီးမှ မရသေးသဖြင့် မချင့်မရဲဖြစ်နေသည်။

သို့သော် "ဟော့ကောင် တွေ ဘာလုပ်နေတာလဲ သွားပါတော့လား"ဟူ၍ ဦးရွှေသောင်ငေါက်သောအခါတွင်ကား မျက်လုံးများကျယ်လျက် ထိုနေရာမှ သုတ်ခြေတင် ထွက်ခွာသွားကြလေ၏။

## နှစ်

ကြက်လျှာစွန်းမှ ငြိမ်းအေးသာယာခြင်းကိုဆောင်သော အပြာရောင်ပန်းပွားများသည် တရိပ်ရိပ် တလိပ်လိပ်တက်လာသော မိုးသားများကြားတွင် လူးလိမ့်နေသည်။ လေတိုက်တိုင်း လူးလွင့်လာသော မြဒေါင်းရုပ်ကား အသရေအပေါင်းကို ဆောင်ယူဘိ၏။

မျက်လုံးတွင် ရဲရဲညီးသောပတ္တမြားသည် မြင်ရသူတိုင်းအား ရဲတောက်သော ဇာတိမာန်ကို မွေးကြဟု ပြောနေဘိသို့ရှိသည်။ မာန်ဝင့်ကာ မြစိမ်းအတောင်များကို ဖြန့်ထားသော မြဒေါင်းမင်းသည်မှ လုံ့သွား‌အရာအထောင်၊တားသွား အသိန်းအသန်း၏ အင်အားနှင့်ညီသော တိုက်ခိုက်ဖြိုခွင်းစွမ်းကိုပြနေကာ 'ရဲမာန်မွေးကြ၊ ငါကဲ့သို့ အသင့်ပြင်ကြ'ဟု အမိန့်ပေးသည်အလား ဝရဇိန် စိန်အတက်ကို ကြွလင့်လျက်ရှိ၏။

မြန်မာ့ဦးစွန်း မြဒေါင်းမင်းကား မြနှစ်အရောင်ဖြင့် အေးမြသာယာခြင်းကို ပေးသည်။ ရဲလွင်သော ပတ္တမြားမျက်လုံးက ဇာတိသွေးကို မွေးစေ၏။ ရန်သူကို တိုက်ခိုက်အံ့ဟု အတောင်ကိုဖြန့်ခြင်းက ရဲစိတ်ကို လှုံ့ဆော်၏။

ထို့ပြင် အတိုင်းမသိသော ကျက်သရေ မင်္ဂလာအပေါင်းကိုလည်း ဆောင်ပြန်သော မြဒေါင်းလံသည် မရင်းကိုင်း ဘုန်းတော်ကြီးကျောင်း ဘုံထွတ်တွင်တလွင့်လွင့် တဝဲဝဲ ပျံ့မြူးနေရာ ဦးရွှေသောင် လွတ်လိုက်သော ဘိန်းစားနှစ်ယောက်သည် အတော်ဝေးဝေးမှပင် လှမ်းမြင်ရသည်။

ကျောင်းအောက်တွင်ကား အရေအတွက် တစ်ထောင်ကျော်ရှိသော လူအုပ်

ကြီးသည် တစ်စုံတစ်ယောက်ထံတွင် အာရုံစိုက်ကာ ငြိမ်သက်နေကြ၏။

ထိုငြိမ်သက်နေသော လူများသည် အံကိုကြိတ်ထား၏။ လက်သီးကို ဆုပ်ထား၏။

အံကိုကြိတ်ထားပုံမှာ အံသွားတွေအောက်သို့ ကျွံထွက်လာတော့မည်လား ထင်ရသည်။

လက်သီးကို ဆုပ်ထားပုံမှာ သူတို့၏လက်ထဲတွင် ရောက်နေသော မားရိုးလှံရိုးတွေ စိစိညက်ကျေချေမည်လား ထင်ရ၏။ နေလောင်ထားသော မျက်နှာကြီးများသည် တင်းမာသည်ထက် တင်းမာလာသည်။ ခက်ထန်သည်ထက် ခက်ထန်လာသည်။

"ကျုပ်တို့ရဲ့ အရှင်သခင်ကိုသာ ကျုပ်တို့ ဖုရားထူးနိုင်မယ်။ ဒင်းတို့ အဟိတ်တိရစ္ဆာန် အင်္ဂလိပ်တွေကို ဘာကြောင့် ဖုရားထူးရမှာလဲ။ မြင့်မြတ်သော အယူဝါဒရှိတဲ့ ကျုပ်တို့က ဒီအဓမ္မဝါဒီ မိစ္ဆာတွေကို ဘာကြောင့် ဒူးတုပ်ရမှာလဲ"

တက်ကြွခက်ထန်နေသော လယ်သမားများအား လှုံ့ဆော်ဟောပြောနေသူမှာ ဘော်လင်းရွာသူကြီး ဦးချစ်စု ဖြစ်ပေသည်။

သူ၏ အပြောဒ္ဓ ငြိမ်သက်နေသော ပရိသတ်ထဲမှ အစွန်တွင်ထိုင်၍ ခေါင်းတညိတ်ညိတ် နားထောင်နေသူတစ်စုမှာ "ကြေးထမ်းကြီးတို့ ပြောလိုက်မှ ရှင်းခနဲ ကွင်းခနဲနေတာပဲဟေ့"ဟု ပြောသူကပြောရာ၊ အခြားတစ်ယောက်က "ယောင်လို့များတော့ သူကြီးလို့ သွားမခေါ်နဲ့နော်၊ ကြေးထမ်းကြီးက သိပ်စိတ်ဆိုးတယ်"ဟု မဆီမဆိုင် စကားကိုဆို၏။ ထိုအခါ နောက်တစ်ယောက်က "သူကြီးဟာ သူကြီးပေါ့ကွ။ မြန်မာမင်း လက်ထက်တော်မှ မဟုတ်တာ၊ ကြေးထမ်းကြီးခေါ်ရမလား"ဟူ၍ စောဒကတက်သည်။

ပထမစကားစသူသည် ခေါင်းပေါင်းကို ပြင်ပေါင်းရင်း ပါးစပ်ထဲမှ ဆေးဖတ်ကို ဖွီးခနဲထွေးထုတ်ကာ ချေပရန် ပြင်ဆင်သည်တွင် "ဟိုထောင့်က မိတ်ဆွေများ၊ ကျုပ်ပြောတာကို ဂရုတစိုက်နားထောင်ကြပါ။ အားလုံးရဲ့ သေရေးရှင်ရေး ဖြစ်ပါတယ်" ဟု ဦးချစ်စုက ရွှေကောက်ခေါင်းခေါက်ပြီး ပြောလိုက်၏။ စကားများနေသူများသာ ခေါင်းပု၍သွားကြသည်။ မိမိတို့ကို မည်သူမည်ဝါဟု မှတ်မိမည်စိုးသည့်အလား လူစုလူဝေးထဲသို့ တိုးဝင်လိုက်ကြ၏။

"ကျုပ်တို့ရဲ့ ရင်သွေးကလေးတွေက ဒီ မိစ္ဆာတွေရဲ့ အလေ့အထ အကျင့်အကြံကို အကောင်းထင်လာကြပြီ။ တဖြည်းဖြည်း ကျုပ်တို့ရဲ့ ဓလေ့ထုံးစံတွေ ကွယ်ပျောက်တော့မယ်။ ဒီအန္တရာယ်ကို ကာကွယ်ဖို့ အကောင်းဆုံးနည်းကတော့ အင်အားနည်းတာ

များတော့ ပမာနမဟုတ်ပါဘူး။ အကြံကောင်းရင် တစ်ချက်တဲ့၊ အစီအစဉ်ကောင်းကောင်းနဲ့ ထချဖို့ပဲ ရှိတယ်။ သဘောတူကြပါသလား မိတ်ဆွေတို့''

''တူတယ်၊ တူတယ်''

လယ်သမားကြီးများသည် တစ်လံမျှရှည်သော ကိုင်းခုတ်ဓားတွေကို မြှောက်ပြကာအော်၏။ အသံလှိုင်းသည် ကျောင်းပြင်သို့ မုန်တိုင်းသဖွယ် ပျံ့သွားချေသည်။

''နိုင်ငံခြား ဘင်္ဂလားကနေပြီး သူတို့ခေါ်လာတဲ့ ကုလားတွေနဲ့ ကျုပ်တို့ရဲ့ မြေယာတွေကို အတင်းတိုးဖော့လုပ်လာကြတာဟာလည်း ကျုပ်တို့ရဲ့ အန္တရာယ်တစ်ချက်ပဲ။ သူတို့ရဲ့စာ တတ်သူကို အရေးပေးပြီး ကျုပ်တို့ရဲ့ စာကို နှိမ့်ချတာဟာလည်း ကျုပ်တို့ရဲ့ သေရေးရှင်ရေးတမျှ အရေးကြီးတဲ့အချက်ပဲ''

ဦးချစ်စု၏ နောက်ဘက်တွင် ဤကျောင်းမှ ဆရာတော်ဦးသူရိယရှိသည်။ ဆရာတော်နှင့် ဦးမောင်ကလေးအမည်ရှိ လယ်သမားကြီးသည် သစ္စာရေအိုးကိုပြင်ဆင်ကာ၊ တစ်ပွဲတိုးလက်ဖွဲ့များကို အသင့်ထား၏။

လယ်သမားကြီးများသည် ဆရာတော်ဦးသူရိယကို လည်တဆန့်ဆန့်ကြည့် နေကြသည်။ ဆရာတော်သည် ဦးချစ်စုအား တစ်စုံတစ်ရာပြောပြီး ပေရွက်များနှင့် သံ တံဆိပ်တုံးတစ်ခုကို လှမ်းပေးရင်း ထရပ်၏။

''ဟေ့ဒကာတို့ သာသနာပျက်တော့မယ်ကွ။ ဗုဒ္ဓသာသနာတော်ကြီး ကွယ်ပျောက်အောင်၊ ဒီမိစ္ဆာကုလားတွေက ဘုရားကျောင်းကန် စေတီပုထိုးတွေကို ဖျက်ဆီးနေကြပြီ။ အဲဒီလို ရန်သူကို ခေါင်းငုံ့ခံပြီး ကျွန်ဖြစ်နေရတာထက် သေတာကမှ ကောင်းသေးတယ်ကွ နားလည်လား''

ဆရာတော်သည် ဟောရင်းပြောရင်း စိတ်လှုပ်ရှားလာသည်။ ဓကသီကို ရှုပ်သည်ထင်ပြီး ပုခုံးပေါ်သို့ လုံးတင်လိုက်၏။

''သူ့ကိုသွားရိုက်ရင် ခွေးတောင်ပြန်ကိုက်တယ်ကွ။ အခု မင်းတို့ဟာ ခွေး မဟုတ်ဘူး။ မင်းတို့ရဲ့ ဘာသာ၊ သာသနာနဲ့ မင်းတို့ရဲ့လူမျိုးကို လာပြီးစော်ကားနေတဲ့ ကုလားစုတ်ကို ဘာမှပြန်မလုပ်ရင် မင်းတို့ဟာ ခွေးထက်ညံ့တော့မယ်''

''ဟုတ်တယ် ဟုတ်တယ်၊ ချမယ်''

လယ်သမားတို့၏ ဓားကြီးလှံကြီးများသည် လေထဲသို့ မြှောက်တက်လာပြန်လေ၏။

''မင်းတို့ငါတို့ရဲ့ အရှင်သခင် သီပေါမင်းတရားကြီးနဲ့ မိဖုရားရော သမီးတော်တွေကိုပါ ဖမ်းပြီး၊ မန္တလေး နန်းတော်ထဲက ပြည်တန်တဲ့ ငမောက်ကျောက်တွေ၊

ကျောက်သံပတ္တမြားတွေကို ယူသွားကြပြီ။ အဲဒါကို မင်းတို့သိကြရဲ့လား။ ဟော သီပေါမင်းကို အင်္ဂလိပ်ကဖမ်းသွားတော့ ငါတို့က ညောင်ရမ်းကိုယ်တော်ကြီးကို ပြန်ပြီး နန်းတင် မယ်ကွ''

ဦးချစ်စုက ထရပ်ကာ တစ်စုံတစ်ရာ ကပ်မေးသဖြင့် ဆရာတော်သည်တီးတိုး ပြန်ဖြေ၏။ ပေရွက်ပေါ်တွင် သံတံဆိပ်တုံးနှင့် ခပ်နှိပ်ထားသော ''သူပုန်တပ်မတော်၊ သာယာဝတီ ဒိစတြိတ်''ဆိုသည့် စာတန်းကိုလည်း လက်ဖြင့်ထောက်ပြသည်။ ဦးချစ်စု ထိုင်သွားမှ ဆရာတော်က ဆက်၍ ဟောပြော၏။

''ငါတို့လယ်သမားတွေဟာ မိုးရွာမှ လယ်လုပ်လို့ရတာကွ။ အခုမိုးမရွာဘူး။ မိုးမရွာလို့ လယ်မလုပ်ရရင် ငါတို့ သံဃာတော်တွေငတ်မယ်။ သာသနာဘာသာ ပျောက် ကွယ်မယ်။ မိုးဘာကြောင့် မရွာသလဲသိလား၊ ငါတို့ တိုင်းကားပြည်ရွာကို တရားမရှိတဲ့ မိစ္ဆာကောင်တွေ အုပ်စိုးနေလို့ပဲ။ မိုးရွာပြီး လယ်ယာချောင်းမြောင်း သာယာဖို့အတွက် မိစ္ဆာဝါဒီ ဓားပြသူခိုးတွေကို စဓဗဝ တန်ခိုးနဲ့ မောင်းထုတ်ကြစို့''

လယ်သမားကြီးများမှာ ပို၍ လှုပ်လှုပ်ရွရွ ဖြစ်သွားကာ၊ လည်တဆန့်ဆန့်ဖြင့် ဦးချစ်စု၊ ဦးမောင်ကလေးတို့ကို လှမ်းကြည့်ကြ၏။

''သေနတ်မီးမကူးတဲ့ စမအင်းနဲ့ အဆောင်လက်ဖွဲ့တွေကို ငါစီရင်ထားတယ်။ ပစ်ချင်တိုင်းပစ် ကျည်မထွက်ဘူး။ အေး ကျည်မထွက်တာကို သုံးခါဆက်ပြီး ခလုတ် ကိုနှိပ်ရင် အဲဒီကျည်ဆံဟာ နောက်ကို ပြန်ထွက်စေသည်အထိ စမအင်းကတန်ခိုးကြီး တယ်။ ဒါကိုဆောင်ပြီးတိုက်ရင် မင်းတို့လက်ထဲမှာ အခုဓားတွေမဟုတ်လား။ အေး မကြာခင် သေနတ်ကိုယ်စီနဲ့ ဖြစ်လာကြမယ်။ အဲဒီလက်ဖွဲ့ကို လိုချင်ကြသလား''

''လိုချင်ပါတယ် ဘုရား''

လယ်သမားကြီးများက အားတက်သရော ဖြေကြသည်။

ဆရာတော်သည် တပြုံးပြုံးဖြင့် ခေါင်းညိတ်၏။ ကေသီကို ဖြေချ၏။

''ရမယ် စိတ်ချ၊ မသမာကောင်တွေကို နှိမ်နင်းရှင်းလင်းမယ့် သူပုန်တပ်မတော် သားတိုင်းဟာ သေနတ်ပြီးတဲ့ လက်ဖွဲ့တစ်ခုစီရကြစေမယ်။ သို့ပေသည့် ဒီလိုနဲ့တော့ မရဘူး၊ ငါးပါးသီလ ခံယူပြီးမှ သစ္စာဆိုပြီးမှ ရမယ်။ ကဲ သီလခံယူရအောင် ကန် တော့ကြ''

ငါးပါးသီလခံယူနေစဉ် ဦးချစ်စုနှင့် ဦးမောင်ကလေးတို့သည် သစ္စာရေထည့် ထားသော အိုးများကို ဆရာတော်၏ဘေးသို့ ရွှေ့ထားကြ၏။ အဆောင်လက်ဖွဲ့များကို လည်း ဒေါင်းပေါင်ခွက်ကြီး တစ်ခုထဲတွင် ထည့်ထားသည်။

စာရေးတစ်ယောက်သည်လည်း ပုရပိုက်နှင့် ကံကူခံနှင့် ဆရာတော့်ဘေးတွင် အသင့်ရှိနေ၏။

"ငါးပါးသီလတော်မြတ်ကို ခံယူပြီးသွားတဲ့နောက်မှာ တာပွန်ရွာက မောင်ကလေးက သစ္စာပေးလိမ့်မယ်၊ သစ္စာဆို၊ သစ္စာရေသောက်ပြီး အဆောင်များယူကြ။ ကဲ မောင်ကလေးက တိုင်ပေးကွ"

တာပွန်ရွာသူကြီး ဦးမောင်ကလေးသည် ရေးဟောင်းပေထုပ်တစ်ဆူကို ဖြန့်၍ သစ္စာစကားကို တိုင်ပေးရာ လယ်သမားကြီးများက ကျယ်လောင်စွာ လိုက်ဆိုကြသည်။

"ကျွန်တော်တို့သည် ဤသူပုန်တပ်မတော်ကြီး၏ သစ္စာကိုခံယူ၍ မိစ္ဆာပါပ တို့အား အသက်နှင့်လဲ၍ တိုက်ခိုက်ပါမည်။ သူပုန်တပ်မတော်ကို အသက်နှင့်လဲ၍ သစ္စာစောင့်သိပါမည်။ သစ္စာစကားကို ဖောက်ဖျက်မိပါက ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ဘေးဆိုးရန်ဆိုးနှင့် ကြုံတွေ့ပျက်ဆီး၍ အရိမေတ္တေယျဘုရားရှင်ပွင့်သောကာလ၌ မဖူးမတွေ့ ရသည့်ကိုယ် ဖြစ်ပါစေသား"

အများယောင်၍ ယောင်ပေါင်ပြီး လိုက်လာမိသူများမှာ ပြင်းထန်ရက်စက်သော သစ္စာကိုဆက်ဆိုရန် ရုတ်ခြည်းတွန့်သွားကြ၏။

သို့တစေ မိမိဘေးမှ အခြားသူများ အာဘောင်အာရင်းသန်သန်နှင့် စိတ်ပါ လက်ပါ ဆိုနေသည်ကို မြင်ရသောအခါ ရှက်စိတ်ဝင်ပြီး အားတက်သရော သစ္စာဆို ကြလေသည်။

သစ္စာဆိုပြီးလျှင် တစ်ယောက်ပြီးတစ်ယောက် ဆရာတော်၏အပါးသို့ ထလာကာ သစ္စာရေသောက်၏။ စာရေးထံတွင် နာမည်စာရင်း ပေးသွင်း၏။ လယ်သမားကြီးတစ် ယောက်က အဆောင်တစ်ခုစီပေး၏။

အဆောင်ကို လက်ဝယ်ရရှိသွားသော လူတိုင်းသည် လက်မောင်းတွင်၄င်း၊ လည်ပင်းတွင်၄င်း၊ ချည်နှောင်ချိတ်ဆွဲကြသည်။ မိမိကိုယ်ကိုပြန်ပြီး ငုံ့ကြည့်ကာ ကျေနပ် သွားကြသည်။ အားသစ်အင်သစ်တွေ ဝင်လာသည်ထင်ရ၍ ရဲစိတ်ရဲသွေးတွေလည်း တဖျင်းဖျင်း ထကြွလာချေတော့သည်။

သစ္စာရေအိုးနှင့် မနီးမဝေးတွင်တာပွန်မှ ဦးမောင်ကလေး၊ ဘော်လင်းမှ ဦးချစ်စု၊ ရေကင်းမင်းကြီးရွာမှ ဦးမှင်၊ ကိုသာဒင်နှင့် မရင်းကိုင်းဆရာတော်ဦးသုရိယတို့သည် တိုက်ပွဲအတွက် ဆွေးနွေးတိုင်ပင်လျက် ရှိကြ၏။

ဆရာတော်က ရထားနှင့်ပါလာသော ပြည်မြို့သို့ပို့မည့် ငွေငါးသိန်းကို လုယူ ရရှိရန် အရေးကြီးကြောင်း၊ ရထားတွင် ပါလာသော ငွေစောင့်ကုလားစစ်သားများထံမှ

လက်နက်လည်း ရမည်ဖြစ်ကြောင်း၊ သည့်အတွက် ရထားလမ်းကိုမီးရှို့ကာ ရထား မှောက်အောင်လုပ်ပြီး ရထားကို စီးနင်းတိုက်ခိုက်ရမည်ဟု အမိန့်ရှိ၏။

"ဆရာတော့်အကြံ သိပ်ကောင်းတာပဲ ဘုရား၊ သို့ပေသည့် စစ်ကြောင်း တစ်ကြောင်းတည်းနဲ့ မလုံလောက်ဘူးထင်ပါတယ်။ ရန်သူကို စစ်မျက်နှာအမျိုးမျိုးကနေ တိုက်မှ ဟိုကလာရင် ဒီကချ၊ ဒီကလာရင် ဟိုကချနဲ့ ရန်သူဟာ စစ်မျက်နှာတွေကြားမှာ ဗျာများနေမှာ"

ဘော်လင်းသူကြီး ဦးချစ်စုက အကြံပေးစကားပြောရာ၊ ဆရာတော်သည် ကျေနပ်စွာဖြင့် ချီးကျူးလိုက်သည်။

"အေး ဟုတ်တယ်၊ မင်းက မြန်မာဘုရင်များ လက်ထက်တုန်းက ဘုရင့် တပ်တွေနဲ့ လိုက်ပြီး တိုက်ဖူးတဲ့ ကြေးထမ်းကြီးကိုးကွ၊ ကောင်းတယ်ဟေ့ သိပ်ကောင်း တာပဲ"

"သူကြီး စိတ်လည်းမရှိနဲ့နော်"

ကိုသာဒင် မရဲတရဲ စကားခံပြီး "ဘယ်လိုစီစဉ်ထားတယ်ဆိုတာ အမိန့်ရှိပါဦး" ဟုမေး၏။

"ဒီလိုကွ၊ သတ္တိကောင်းပြီး လျှင်မြန်ဖျတ်လတ်တဲ့ လူငါးဆယ်၊ ဟုတ်တယ် များများမလိုချင်ဘူး၊ လက်ရွေးစင် လူငါးဆယ်ပဲ လိုချင်တယ်။ အဲဒီငါးဆယ်နဲ့ ငါက ဘော်လင်းဂါတ်ကိုသွားမယ်။ လူသုံးယောက်လောက်ကို ဟန်ဆောင်ပြီး ကြိုးနဲ့တုတ်သွား မယ်"

"တော်တော်ကြီးတဲ့ အကြံပဲကွ"

"နားထောင်ပါဦး ဘုရား၊ တပည့်တော်က သူကြီးဆိုတော့ တရားခံလာအပ် တာပါဆိုရင် ပုလိပ်တွေ ဘာမှသင်္ကာယန ဖြစ်မှာ မဟုတ်ဘူးဘုရား။ ကျန်တဲ့လူတွေက သူကြီးရဲ့ နောက်လိုက်ပေါ့ ဘုရား။ အဲ ဂါတ်ထဲလည်းရောက်ကရော တစ်ယောက် တစ်ချက်လက်သီးနဲ့ပဲ ဝိုင်းထိုးဦးတော့၊ ပုလိပ်တွေအားလုံးကိုမိပြီး ဂါတ်ရောသေနတ်ပါ တပည့်တော်တို့ လက်ထဲရောက်ကရော"

"တော်ပါပေတယ် မောင်ချစ်စု၊ ဒါကြောင့်လည်း အရင်က ကြေးထမ်းကြီး အခု သူကြီးဖြစ်နေတာပဲ"

ချီးမွမ်းသော ဆရာတော်၏အသံသည် ကြည်နူးခြင်းဖြင့်အိုင်၍ မျက်နှာတော် သည် ဝင်းလျှံဝင်းပနေပါသည်။

"ဟုတ်တယ် ဟုတ်တယ်။ ဒင်းတို့သေနတ်ဟာ အဝေးကြီးမှာသာ အစွမ်း

ထက်ပေမယ့် လက်တစ်ကမ်းမှာတော့ အရာဝင်တာ မဟုတ်ဘူး''

တာပွန်ရွာသားကြီး ဦးမောင်ကလေးသည် မြိန်ရည်ရှက်ရည် မှတ်ချက်ချလိုက်ရာက ''တပည့်တော်ကတော့ ဒီလိုလုပ်ချင်တယ် ဘုရား''ဟုစ၏။

''ဆိုစမ်းကွာ၊ မင်းက ဘယ်လိုလုပ်ချင်သလဲ''

''ကိုယ်တော်က စစ်တစ်ကြောင်း၊ သူကြီးက စစ်တစ်ကြောင်းချီနေချိန်မှာ နောက်ထပ်စစ်တစ်ကြောင်းက မြို့ထဲကို တိတ်တိတ်ဝင်ပြီး မြို့အုပ်ကိုသတ်၊ ဂါတ်ကို စီးရ မကောင်းဘူးလား ဘုရား''

''ဘယ်နှယ့် ပြောပါလိမ့် မောင်ကလေးရာ၊ ကောင်းတာပေါ့ကွာ''

''မြို့ပေါ်မှာ မြို့အုပ်မရှိဘူးနော်၊ သာယာဝတီ သွားနေသလား မသိဘူး''ဟု ဦးမှင်က ဝင်ပြောသည်။

''သေချာရဲ့လား မောင်မှင်''

ဆရာတော်က မေး၏။

''ကြေးထမ်းကြီးကခိုင်းလို့ မနက်ကမှ ဟောဒီသာဒင်နဲ့ တပည့်တော် မြို့ပေါ်ရောက်ခဲ့တာ ဘုရား။ ရာဇဝတ်ဝန်ရဲ့ အိမ်မှာတော့ အဝင်အထွက် ရှုပ်နေတာ မြင်ခဲ့တယ်ဘုရား''

''ဒါဖြင့်လည်း မြို့အုပ်အစား အဲဒီကုလားဖြူကောင်ကိုပဲ သတ်တာပေါ့ဘုရား''

ဦးမောင်ကလေးက သူ၏အစီအစဉ်ကို တစ်ဆက်တည်း ပြောင်းလိုက်သည်။ ကိုသာဒင်က မရဲတရဲဖြင့် ပြောပြန်၏။

''တပည့်တော်ရဲ့သဘောကို ပြောရရင်တော့ ရာဇဝတ်ဝန်ကို သတ်တာရော ရထားလမ်းကို မီးရှို့တာရော မကောင်းဘူး ထင်တယ်ဘုရာ့''

''ဘာကွ ဘာဖြစ်လို့လဲ''

ဆရာတော်သည် ဒေါသတကြီး ကောက်ကာငင်ကာ အမေးရှိပြီးမှ ချက်ချင်း မျက်နှာချိုသွားပြန်လေသည်။

''ဘာဖြစ်လို့ မကောင်းဘူးထင်လဲ ဆိုစမ်းပါဦးကွာ''

''ဝန်ကလေးကို သွားသတ်ရင် တပည့်တော်တို့မှာ ဘာအကျိုးရှိမလဲဘုရာ့။ ဝန်ကလေး သေသွားလည်း ဂါတ်ကတော့ရှိနေမှာပဲဘုရာ့။ မသကာ ဂါတ်ကို တစ်နည်းနည်းနဲ့ စီးနိုင်အောင် ကြံတာကမှ လက်နက်တွေ ဘာတွေရဖို့ ရှိသေးတယ်''

''အေး ဆက်ပြောပါဦးကွာ။ ရထားလမ်းကို မီးရှို့ပြီး မဖျက်လို့ ဘယ်လိုလုပ်မလဲ''

ဆရာတော်သည် ပါမွားမျှသာဖြစ်သော ကိုသာဒင်က သူ့အကြံကို မကောင်းဟု ဆိုသည့်အတွက် မနှစ်မြို့ဟန်ကို မြိုသိပ်ထားပါလျက် အရိပ်အယောင်ကား ထင်ပေါ်နေသည်။

"ရထားလမ်းကို မီးရှို့ဖျက်တော့ ဒီမီးကို လူတွေမြင်မှာပေါ့ဘုရား။ မြင်ရင် ကုလားရဲ့ကျွန်သားပေါက်တွေက လာကြည့်ပြီး သက်ဆိုင်ရာကို သတင်းသွားပေးတာနဲ့ပဲ တပည့်တော်တို့ အကြံပျက်နိုင်တယ် ဘုရား။ ရထားလမ်းအဆက်တွေ ဖြုတ်ထားတာကမှ တော်ပါသေးတယ်ဘုရား"

"လမ်းအဆက်တွေ ဖြုတ်ထားရင် ဒီမီးရထားဟာ မှောက်ကရောလားကွ"

ဦးမောင်ကလေးက ဝင်မေးသည်။

"မှောက်လိမ့်မယ် ထင်တာပဲဗျ"

"မမှောက်ရင် ဘယ်နှယ့်လုပ်မလဲ"

"အဲဒါတော့ အဲ အဲ"

ဤစကားရပ်များတွင် ကိုသာဒင် ရှေ့မဆက်နိုင်တော့ပေ။ သူသည် ရထားလမ်းအဆက်များကို ဖြုတ်ပစ်လျှင် ရထားမှောက်မည် မမှောက်မည်ကို အတိအကျ မသိသဖြင့် အာမ မခံရဲ ဖြစ်သွားလေ၏။

သို့ရာတွင် ကိုသာဒင်က တုန်အဲ့စွာဖြင့် ဆက်ပြောသည်။

"တပည့်တော်ရဲ့ သဘောကတော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရထားမှောက်အောင် လုပ်တာမကောင်းဘူး ထင်ပါတယ်"

"ဟေ့ကောင် သူပုန်ထတာကွ။ ဥပုသ်စောင့်တာ မဟုတ်ဘူး"

ဆရာတော်က ဒေါသတကြီး ထအော်လေ၏။ ကိုသာဒင်သည် ဦးမှင်အား အကူအညီတောင်းသောအားဖြင့် ကြည့်သည်။

ဦးမှင်မှာလည်း ဆရာတော်ကို ကြောက်ဟန် ရှိ၏။ ကိုသာဒင်က သနားစရာကောင်းအောင်ကြည့်မှ ဦးမှင်က မဝံ့တဝံ့ဝင်ပြောသည်။

"သူပြောချင်တာတွေ ရှိနေပါတယ် ကိုယ်တော်၊ ကြောက်ပြီး ပြောချင်တာတွေ ပျောက်ကုန်ပါဦးမယ် ဘုရား"

ဆရာတော်သည် ချက်ချင်းပြုံးရွှင် ရယ်မောပစ်လိုက်ကာ "ကဲကွာ၊ ဆက်ပြောပါဦး"ဟု အမိန့်ရှိတော်မူ၏။

"ဒီလိုပါဘုရား၊ မီးရထားမှောက်သွားတဲ့အခါမှာ တပည့်တော်တို့ရဲ့ ရန်သူကုလားတွေ သေချင်မှသေမှာ ဘုရား၊ တပည့်တော်တို့ လူမျိုးဖြစ်တဲ့ အရပ်သားခရီးသည်

တွေ ကြားကသေကုန်မှာ စိုးရပါတယ်''

''အေး၊ ငါပြောပါပကော သာဒင်။ သူပုန်ထတာကွ''

''မှန်ပါ့ဘုရား။ ရန်သူကုလားတွေကို ကြိုတင်မသိအောင်၊ အရပ်သူ အရပ်သား ခရီးသည်တွေ အကျိုးမဲ့မသေကြအောင် လုပ်နိုင်တဲ့နည်းရှိပါတယ် ဘုရား''

''အေး၊ ဟုတ်ပြီ။ အဲဒီလို အကြံသစ်ဉာဏ်သစ်ကလေးများ ထုတ်ဦးမှပေါ့''

''တပည့်တော်တို့ဟာ ရထားမဆိုက်ခင် ဘူတာတစ်ဝိုက်မှာသွားပြီး မှောင်ခို ပုန်းအောင်းနေကြမယ် ဘုရား။ ရထားလည်းဆိုက်ကရော ဖြုန်းခနဲဝင်စီး၊ ကုလားတွေ သတ်၊ လက်နက်နဲ့ ငွေတွေယူ'' ကိုသာဒင်၏ စကားဆုံးလျှင် ဆရာတော်က ထွီကနဲ တံတွေးထွေးလိုက်သည်။

''ငါအကောင်းမှတ်လို့ နားထောင်နေ။ ရထားဆိုက်မှ ဝင်စီးတော့၊ ကုလားတွေ အသာကလေး ဆီးပစ်မှာပေါ့ဟ ငနွားရ''

''သေတဲ့လူက သေတုန်းမှာ၊ အနားရောက်တဲ့ လူကရောက်ပြီး ဓားနဲ့ဝင်ခုတ် မှာပေါ့ ဘုရား။ ပြီးတော့၊ အရှင်ဘုရားရဲ့ လက်ဖွဲ့အဆောင်တွေရှိနေတာ၊ မသေနိုင်ပါဘူး ဘုရား''

''ကျားရဲရာ ကြမ္ဘာမရှိးသာ၊ ကံယုံပြီး ဆူးပုံနင်းလို့မရဘူး ဟေ့ကောင် တော် စမ်းကွာ။ ဟေ့ စိန်ကတုံး ဘာရပ်လုပ်နေတာလဲ၊ ဒါ မင်းအလုပ်လား''

ဆရာတော်သည် ကိုသာဒင်အား ငေါက်ရာက တစ်ဆက်တည်းပင် လက်ဖွဲ့ ယူပြီး ထွက်မသွားဘဲ ပေရပ်နေသော လူတစ်ယောက်ကိုပါ မျက်စိပျက်မျက်နှာပျက်နှင့် လှမ်းမာန်လိုက်သည်။ ထိုသူထွက်သွားရာသို့ တစ်ချက်စိုက်ကြည့်နေပြီးမှ ဆက်လက် မိန့်ကြား၏။

''သာဒင် အချိန်ကုန်အောင် တောရမ်းမယ်ဖွဲ့တွေ လျှောက်ပြောမနေနဲ့၊ သာလှ တံတားကို မီးရှို့ပစ်မယ်။ မီးရထား ချောက်ထဲကျပြီး အမှောက်မှာ ငါတို့ဆက်ပြီး ဆောင်ရွက်ရမယ်''

''ဘယ်သူခေါင်းဆောင်မလဲ ဘုရား''

ဦးချစ်စုက မေးသည်။

''ငါခေါင်းဆောင်မယ်ကွာ။ ငါ့လက်အောက်က မောင်ကလေးပေါ့။ မောင်က လေးရဲ့လက်ထောက်အဖြစ်က အဲ သာဒင်ကိုထား။ ဟေ့ကောင် အမိန့်အတိုင်း လုပ် ရမယ်နော်၊ စကားများ မနေရဘူး''

ကိုသာဒင်က ''စိတ်ချပါဘုရား''ဟု ဖြေကြား လျှောက်ထား၏။

ဆရာတော်ကပင် ဆက်လက်၍

"ဘော်လင်းဂါတ်ကိုစီးမယ့်အကြံကို ငါသဘောကျတယ်ကွာ၊ ဘောလင်းဂါတ်ကိုစီးလို့ သေနတ်တွေရမှ အဲဒီက ပုလိပ်တွေရဲ့အဝတ်ကို ဝတ်ပြီး ဝန်ကလေးဆိုတဲ့ ကုလားဖြူကိုသတ်၊ ဂါတ်ကိုသိမ်း၊ ငွေတိုက်ကိုစီး မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား၊ အင်မတန် သင့်မြတ်ပါပေတယ်"

"ဘော်လင်းကိုစီးမယ့် လက်ရွေးစင် သူရဲကောင်းငါးဆယ်ကို ကြေးထမ်းကြီးက ခေါင်းဆောင်ရမယ်။ အဲဒီ ငါးဆယ်ရဲ့ ကိစ္စပြီးစီးရင် ဇီးကုန်းကိုစီးတဲ့အခါမှာ ပါရမယ့်တပ်ကို မောင်မှုင်က ခေါင်းဆောင်၊ မောင်မှုင်က ကြေးထမ်းကြီးရဲ့အမိန့်ကို နာခံရမယ်၊ ကြားလား"

"ကြားပါတယ် ဘုရား"

"ကောင်းပြီ ကြေးထမ်းကြီးလိုချင်တဲ့ လက်ရွေးစင် သူရဲကောင်း ၅၀ ကို ရွေးပေတော့"

ဆရာတော်သည် ပြောရပောရသည်မှာ အာပေါက်သွားသဖြင့် ကွမ်းအစ်ဘက်သို့ လက်ကမ်းလိုက်ရာ ကိုသာဒင်က ကွမ်းအစ်ကို ဒူးတုပ်၍ ရိုသေစွာ ဆက်ကပ်လိုက်၏။

သစ္စာရေသောက်ပြီး ကိုယ်ခံအဆောင်ရပြီးသွားသော လယ်သမားကြီးများသည် ဖုထစ်လုံးကြွသော လက်မောင်းများပေါ်တွင် ချည်ထားသောလက်ဖွဲ့ကို ကြည့်ကာ ကြည့်ကာ တချို့၊ တုပ်ခိုင်ကြီးမားသော လည်ပင်းတွင် ရစ်ချည်ထားသော လက်ဖွဲ့ကို တင့်ငုံ့ကြည့်ကာ တချို့ တက်ကြွလန်းဆန်းနေကြလေသည်။ ကုလားကို ဘယ်သို့ သတ်လိုက်မည်၊ ဘယ်ပုံတိုက်လိုက်မည် စသည်ဖြင့်လည်း တစ်ယောက်တစ်ခွန်း ပြောနေကြရာ ကျောင်းအောက်တွင် တဝေါဝေါအသံကြီးက ဆူနေ၏။ ဦးချစ်စု မတ်တတ် ရပ်လိုက်သည်။ အသံများ တိတ်သွားချေ၏။

"ကုလားမိစ္ဆာ မသမာ ပါပကောင်တွေကို တစ်ယောက်မကျန် ချေမှုန်းသုတ်သင်ပစ်မယ့် သွေးသောက် ရောင်းရင်းအပေါင်းတို့" လယ်သမားတို့၏ အသံကြီးသည် ဟိန်းတက်သွားလေသည်။

"ဘော်လင်းဂတ်ကို စီးဖို့အတွက် လက်ရုံးရည်သာမက နှလုံးရည်လည်းရှိမယ့် သတ္တိရေဗျတ္တိရေ ပြည့်စုံတဲ့လူ ၅၀ လိုချင်တယ်။ အသက်ဘေးနဲ့နီးမယ်၊ စွန့်စားရမယ်၊ လက်ရွေးစင်သူရဲကောင်း ၅၀ လိုတယ်။ လက်ရွေးစင်သူရဲကောင်း ငါးဆယ် ဟောဟိုပိန္နဲပင်အောက်ကို သွားပြီး ရပ်ကြပါ ရောင်းရင်းတို့"

လယ်သမားများသည် ဦးချစ်စု ညွှန်ပြသော သစ်ပင်အောက်သို့ တိုးဝှေ့ကာသွား

ရောက်ရပ်ကြ၏။ လူတစ်ထောင်ကျော်အနက် ငါးပုံတစ်ပုံမျှသည် ပိန္နဲပင်အောက်မှာ ရောက်နေကြသည်။

ဆရာတော်သည် လက်ရွေးစင်သူရဲကောင်းအဖြစ် စာရင်းသွင်းသူများကို ကွမ်းတဝါးဝါးနှင့်ပြုံး၍ ကြည့်နေရာက "ဒီ ၂၀၀ ထဲက သတ္တိဗျတ္တိ ရှိမရှိ စမ်းသပ်ပြီး ရွေးထုတ်တာပေါ့လကွာ"ဟု အမိန့်ရှိတော်မူလိုက်၏။ ဆရာတော်၏ မျက်နှာတော်ကား လပြည့်ဝန်းသို့ ကြည်သာဝင်းလက်လျက် ရှိချေသတည်း။

လက်ရွေးစင်သူရဲကောင်းလောင်း ၂၀၀ ၏ မျက်စိအစုံများသည် တောက်ပြောင်နေ၏။ ကြွားဝင့်ဖြိုးခန့်သော ကိုယ်လုံးကိုယ်ထည်များသည် ဘမထီသည့် ဇာနည်ဘွား၊ ဘသားအစစ်ဟု ကြွေးကြော်သည့်အလားမာန်ယစ်နေကြသည်။

သူတို့သည် ဦးချစ်စုအား မမှိတ်မသုန်ကြည့်လျက်၊ နောက်ထပ်ပြောလာမည့် အမိန့်ကို ငံ့လင့်နေကြ၏။

"ကဲ.... မင်းတို့ တစ်ကယ်သတ္တိရှိမရှိ စမ်းမယ်ကွာ၊ ရိုးရိုးစမ်းမှာမဟုတ်ဘူး၊ ရင်ဘတ်ကိုလှံနဲ့ထိုးပြီးစမ်းမှာ၊ သတ္တိမရှိရင် အခုက မူလနေရာကို ရွှေ့သွားနိုင်တယ်"

ဦးချစ်စု၏ စမ်းသပ်ချက်မှာ ပါးစပ်သာရှိသေးသည်။ အချို့ဟန်ပျက်သွားကြလျှင် "မင်းတို့ဟာ သူပုန်တပ်မတော်မှာ စာရင်းသွင်းထားပြီးဖြစ်တဲ့အတွက် အခုသူရဲကောင်း ရွေးချယ်ရမှာကိုပဲ သေချင်သေမယ်။ ဒါပဲ၊ မစွန့်ရဲရင် နောက်ဆုတ်"ဟု ထပ်ဆိုလိုက်သောအခါ၊ လူ ၅၀ ကျော်ကျော်သည် မူလလူအုပ်ထဲသို့ ပြန်ဝင်သွားလေ၏။

ထို့နောက်တွင် သူရဲကောင်းရွေးချယ်ရန် နေရာကို ဖျာများကာရံလိုက်သည်။ ဖျာမှာ လူတစ်ရပ်မလုံသဖြင့် မတ်တတ်ရပ်နေသူတစ်ယောက်၏ ပုခုံးပိုင်း လှုပ်ရှားမှုကို အပြင်မှကောင်းစွာမြင်ရ၏။

"နောက်တစ်ယောက်ဟေ့"

ကိုသာဒင်က အပေါက်ဝမှ တစ်ယောက်စီခေါ်သွင်းပေးသည်။

"ပက်လက်လှန်လိုက်စမ်း"

ဆရာတော်က ကျယ်လောင်စွာ အမိန့်ပေး၏။

"မျက်လုံးကို ထိုးဖောက်လိုက်စမ်း"

ဦးမောင်ကလေး၏ ပုခုံးကြွက်သားများ ခုံးထလာသလို လှံရိုးကြီးမြောက်တတ်သွား၏။ အရှိန်ပြင်းစွာ ကျသွားသည်။ အပြင်မှကြည့်သူများပင် ရင်ဖိုစရာကောင်း၏။

အချို့ကမူ လက်ရွေးစင်သူရဲကောင်း အားလုံးမှာ မျက်လုံးတစ်ဖက်မရှိတော့ပြီဟု ခန့်မှန်းကြသည်။ ထို့ကြောင့် လူ ၅၀ ခန့် ပြန်ဆုတ်သွားရာ၊ လူ ၁၀၀သာ အရွေးချယ်

အစမ်းသပ် ခံရဲကြသည်။

ထိုလူ ၁၀၀ ထဲမှ ၄၉ ယောက်ကိုသာ ဆရာတော်က လက်ခံရွေးထုတ်လိုက်သည်။ ဆရာတော်မှာ မျက်လုံးအဖောက်ခံသူများကို အစမှအဆုံး သေချာစွာကြည့်နေသူဖြစ်ရာ လုံသွားကြီးမြောက်တတ်သွားချိန်မှာ မျက်နှာပျက်လျှင်ပယ်၏။ လုံသွားကျလာချိန်၌ ပါးစပ်ဟသူကို ပယ်၏။

လက်ရွေးစင်သူရဲကောင်း ၄၉ ယောက်၊ အကာအရံထဲမှ ထွက်လာသောအခါ တစ်ယောက်မျှ မျက်လုံးမပျက်ကြောင်းကို ကျန်သူပုန်များက အံ့အားသင့်စွာ တွေ့မြင်ကြရလေသည်။

## သုံး

"ဦးကြီးတို့ ဘယ်သွားမယ် ပြောသွားသလဲ ထားအိ၊ နင်သိလား"

မောင်တောက်ထွန်းသည် ရှေ့မလှမ်းမကမ်းမှ သွားနေသော မိန်းမပျိုအား လှမ်းမေးသည့် သူ့အသံမှာ မောဟိုက်သံ ပါနေသည်။ မြက်တောင်းနှစ်တောင်းသည် ထမ်းပိုးအဖျား၌ ခုန်ဆွခုန်ဆွဖြစ်လျက် ပါလာ၏။ ထမ်းပိုးသည် မြက်တောင်းများ ခုန်လှုပ်တိုင်း ကြွက်အော်သလို မြည်လေသည်။

သူတို့၏ကျော်ဘက်၌ တိမ်လိပ်တိမ်ထွေးများ အုပ်ဆိုင်းထားသော လယ်ကွင်းကြီးသည် မြနုစိမ်းများဖြင့် တင့်တယ်ချေ၏။ မိုးခေါင်သည်ဆိုပေမယ့် လယ်ကွင်းထဲ၌ ရေစပ်စပ်တော့ ရှိနေပြီ။ စိုက်ရက်ဆီသို့ ပြေးလွှားလာသော ပျိုးပင်ငယ်တို့သည် မိုးကိုင့်မြူးလျက် လေပြေတွင် လှိုင်းစိမ်းကို တွန့်ကြလေ၏။

ထားအိသည် လမ်းဘေးမြေပြောင်ပြောင် ကုန်းချောကလေးပေါ်သို့ မြက်တောင်းကို ပစ်ချလိုက်ကာ ရွာဘက်သို့ မျှော်ကြည့်၏။ ရွာကား မဝေးတော့။ ရေကင်းမင်းကြီးရွာသည် မကြာမီတောက်လောင်တော့မည့် မီးတောက်ကြီး၏ အနံ့ကို မရရှိ၍ အေးချမ်းတိတ်ဆိတ်စွာ ရှိနေသည်။

မောင်တောက်ထွန်းသည် ထားအိ၏တောင်းဘေးတွင်ချကာ ခြေပစ်လက်ပစ်ဝင်ထိုင်လိုက်ကာ "ဟင်···· နင့်အဖေ ဘယ်သွားမယ်ပြောသွားလဲ" ဟု ထပ်မေး၏။

"ကိုတောက်ထွန်းတို့ အဖေနဲ့အတူသွားကြတာပဲမဟုတ်လား။ ကိုတောက်ထွန်း

မသိရင် ထားအိကော သိပါ့မလား''

မောင်တောက်ထွန်းသည် မျက်နှာနှင့်လည်ပင်းကို ပုဆိုးဖြင့်သုတ်သည်။ ခေါင်းပေါင်း ပြန်ပေါင်းရင်း ပြော၏။

''မြို့ကိုသွားမယ်တော့ ပြောသွားတာဘဲလေ၊ မြို့ကိုသွားမယ်ဆိုပြီး ခုထက်ထိ ပြန်မရောက်တော့ ဘယ်များဝင်နေသလဲလို့ပါ''

''ထားအိမသိပါဘူး ကိုတောက်ထွန်းရယ်။ အို အို သိပြီ၊ အဖေတို့ ဦးလေးတို့နဲ့ အတူ ကိုရွှင်ပါသွားတယ်လေ''

''ပါရမှာပေါ့လေ။ ကိုရွှင်ရယ် အဖေရယ်၊ ဦးကြီးရယ်၊ ကြိတ်ကြိတ် ကြိတ် ကြိတ်လုပ်နေကြတာ ငါသုံးလေးခါတွေ့တယ်။ အဲဒါကို မသင်္ကာလို့ နင်များ အရိပ်အမြွက် သိမလားလို့ မေးကြည့်တာ''

''ဘာများ မသင်္ကာလို့လဲဟင်''

ထားအိသည် မောင်တောက်ထွန်း၏ ရှေ့တွင် မျက်နှာချင်းဆိုင် ထိုင်လေသည်။

''လူခွန်တော် ကောက်ရင် ထချရမယ်ဆိုတာ၊ ဟို မန္တလေးနေပြည်တော်မှာရှိတဲ့ ဘုရင်ကို အင်္ဂလိပ်က ဖမ်းသွားတာတွေ၊ အေး ပြီးတော့ ညောင်ရမ်းမင်းသားကို နန်းတင်မယ်ဆိုတာလည်းပါတယ်''

''မန္တလေးဆိုတာ ဘယ်နားမှာလဲဟင်''

''ဟိုးအဝေးကြီးမှာ''

''သူ့ကို အင်္ဂလိပ်က ဘာအပြစ်ရှိလို့ ဖမ်းတာလဲလို့''

''အပြစ်ရှိလို့မဟုတ်ဘူး ထားအိရဲ့။ မန္တလေးကို အင်္ဂလိပ်က ဖမ်းတာ မဟုတ်ဘူး။ အဲဒီမှာ ရွှေနန်းတော်ကြီးနဲ့နေတဲ့ ရှင်ဘုရင်ကို ဖမ်းသွားတာ၊ ဖမ်းတာကတော့ အင်္ဂလိပ်နဲ့မြန်မာ စစ်တိုက်ကြတော့ မြန်မာတွေရှုံးတော့ မြန်မာတွေရဲ့ ရှင်ဘုရင်ကိုဖမ်းပြီး ကုလားပြည်မှာ ထောင်ချ၊ ပြီးတော့ အင်္ဂလိပ်က ငါတို့ကို ဘုရင်လုပ်တာပေါ့''

''အဖေတို့ပြောတဲ့ ဗြိတိသျှ ဆိုတာကကော ကိုထွန်း''

''ကုလားတစ်မျိုးနေမှာပေါ့ဟာ''

''အင်္ဂလိပ်က ဘယ်မှာနေတာလဲ ဟင် သိလား''

''အဝေးကြီးမှာနေတာတဲ့။ သင်္ဘောနဲ့အကြာကြီး သွားရသတဲ့''

''ဒါနဲ့များ သူကဒီမှာလာပြီး ရှင်ဘုရင် လုပ်ချင်သေးတယ်နော်''

''လုပ်ချင်တာပေါ့ဟ။ တို့တိုင်းပြည်က ဘုရားတွေမှာ ရွှေသိပ်ပေါတော့ ဘုရားရွှေ တွေကိုခွာ၊ ဌာပနာတိုက်တွေ ဖောက်ပြီး နဝရတ်ကိုးပါးတွေကိုခိုး၊ ဘုရားမှာ

လျှူထားတဲ့ ခေါင်းလောင်းကြီးတွေကို ယူသွားနဲ့၊ အဲဒါတွေ လုပ်ချင်လို့ တို့ဆီမှာလာပြီး ရှင်ဘုရင် လုပ်တာပါ''

''ဘုရားကိုပြစ်မှားရင် အင်္ဂလိပ်တွေ မြေမျိုမှာ မိုးကြိုးပစ်မှာဘဲနော်''

''ဟာ မျိုတာ ပစ်တာပေါ့ ထားအိရာ။ ပြီးတော့ အင်္ဂလိပ်စစ်သားတွေကလေ ထားအိလို ချောချောလှလှလေးတွေကိုမြင်ရင် အတင်းဆွဲခေါ်သွားတာပဲတဲ့''

''ဟင်''

ထားအိ မျက်လုံးကလေးဝိုင်းသည်။ မောင်တောက်ထွန်း ပြောသော အင်္ဂလိပ်လူရိုင်းများ၊ ယခုပင် ဟိုနားသည်နားက ပေါ်လာတော့မည်လားဟု ထိတ်လန့်စွာ လှည့်ပတ်ကြည့်ရာက ''ဒါဖြင့် ဘယ်လိုလုပ်မလဲ ကိုတောက်ထွန်းရယ်''ဟု မေးသည်။

''ဓားနဲ့ခုတ်မှာပေါ့ဟာ မကြောက်ပါနဲ့''

''ဓားနဲ့မခုတ်ခင်မှာ သူတို့က သေနတ်နဲ့ လှမ်းပစ်ရင် ဘယ့်နှယ်လုပ်မလဲ''

''အေးဟ ဒါလည်း ဟုတ်တယ်''

မောင်တောက်ထွန်းသည် ခေါင်းကို သဲသဲမဲမဲ ကုတ်လိုက်ရာ ခေါင်းပေါင်းပြုတ်ကျသွားသည်။ ထားအိက ပုဆိုးကိုကောက်ပြီး မောင်တောက်ထွန်း၏ ပုခုံးပေါ် တင်ပေး၏။

''တစ်နည်းတော့ ရှိတယ်ဟေ့''

မောင်တောက်ထွန်းသည် ထားအိအား ပြုံးထေ့ထေ့နှင့် စိုက်ကြည့်နေသည်။

''ဘာကြည့်တာလဲ၊ ထားအိ မကြိုက်ဘူး သိလား''

''ကုလားရန်က လွတ်အောင်တော့ ငါ့ကိုယူလိုက်ဖို့ပဲရှိတယ်''

''ဟင်း'' ထားအိသည် နှုတ်ခမ်းစူကာ ခေါင်းတစ်ချက် ဆတ်ရမ်းလိုက်ပြီး ရွှံ့ခဲတစ်ခဲနှင့် ကောက်ပစ်လိုက်သည်။ ရွှံ့ခဲသည် မောင်တောက်ထွန်း၏ နဖူးတွင် ကပ်နေလေ၏။ မောင်တောက်ထွန်းက သဘောကျစွာ ရယ်မောနေသည်။

''သူများက အကောင်းမှတ်လို့ အားကိုးတကြီးနဲ့ နားထောင်နေတာ။ သူကတော့ လိပ်လိုပဲ၊ သူ့ဘက်ပဲ သူယက်တယ်''

''ထားအိရယ် ချစ်တယ်ဆိုတာ ဒါပဲ။ မမြင်ရတော့ မြင်ချင်တယ်။ မြင်ရပြန်တော့လည်း ကြင်ချင်တာပဲ''

''အတူနေချင်တာပဲ သိတယ်မဟုတ်လား။ ဘယ်လိုနေထိုင်ပြီး ဘယ်လိုလုပ်ကိုင် စားသောက်မယ်ဆိုတာကျတော့ ဘယ်နှခါစဉ်းစားဖူးလဲ''

''စဉ်းစားပါတယ် ထားအိရယ်။ အခါနှစ်ဆယ် အစိတ်ထက်မနည်းတော့ဘူး။ ရစတော့ အဖေတို့အမေတို့ အိမ်နားမှာပဲ အိမ်ကလေးဆောက်နေ၊ အဖေ့ဆီက လယ်တစ်ရှဉ်း

မောင်းလောက်ဖွဲ့လုပ်ပြီး နောက်တော့ တစ်နေရာမှာ အိမ်ဆောက်နေ။ ဒီလိုပဲစဉ်းစားမိတာပဲ''

''အင်း'' ထားအိသည်စိတ်အားထက်သန်စွာ ပြောနေသော မောင်တောက်ထွန်း၏ မျက်နှာကြီးကို ငေးကြည့်နေရာက ဆွဲဆွဲငင်ငင် သက်မ ချလိုက်ရှာသည်။

''ထားအိကော ဘာမို့လဲ ကိုတောက်ထွန်းရယ်။ သို့ပေသည့်''

''ဟော့ ဟော ထားအိက ဒီမှာရောက်နေတာကိုးဟ''

တစ်စုံတစ်ယောက်က ကျယ်လောင်စွာ အော်လိုက်၏။ ထားအိသည် နောက်သို့ လှည့်ကြည့်သည်။ မျက်နှာ အိုသွားကာ မောင်တောက်ထွန်းအား မော့ကြည့်မိ၏။

''ငါ့ဟာ နင်တို့လယ်ထဲကိုတောင် ရောက်ခဲ့သေးတယ်''

အသံရှင်သည် မောင်တောက်ထွန်းနှင့် ရွယ်တူပင်ဖြစ်သည်။ သူက ထားအိနှင့် မောင်တောက်ထွန်းတို့အနီးတွင် ရပ်လိုက်သည်။

''နင်တို့ပို့ုးခင်းထဲကို ရေတွေပေါက်ကျနေတာတောင် တွေ့ခဲ့သေးတယ်''

''ဟင်-မပိတ်ခဲ့ဘူးလား ကိုစိန်ရ''ဟု ထားအိကမြန်မြန်မေး၏။

''အမယ်.... ငါ့ယောက္ခမလယ်မို့ ပိတ်ရမှာလားဟ''

မောင်တောက်ထွန်းက ဆတ်ခနဲမော့ကြည့်၍၊ ထားအိ၏ မျက်နှာကလေးမှာ မည်းတက်သွား၏။ သို့သော် မောင်စိန်ရကမူ ပြောမြဲပြောသည်။

''ကိုယ့်ယောက္ခမ လယ်ဆိုရင်တော့ တစ်နေ့လုံး ထိုင်ကြည့်ရ ထိုင်ကြည့်ရ''

''ရှင် ဘယ်လိုပြောတာလဲ ကိုစိန်ရ၊ နှမချင်းစာဖို့ ကောင်းပါတယ်''

''ငါ့ကိုပြောသလို သည့်ပြင်လူကိုလည်း ပြောပါဦး၊ သည့်ပြင် လူနဲ့ကျတော ကြည်လို့ ရီလို့ ဆွေမေ့မျိုးမေ့''

''ဟော့ကောင် စိန်ရ၊ မိန်းကလေးတစ်ယောက်ကို ဒီလိုမပြောပါနဲ့ကွ''

မောင်တောက်ထွန်းက မနေသာတော့၍ ဝင်ပြောသည့်တိုင်အောင် ဒေါသဖြစ်ပွားနေခြင်းကို သူ့မျက်နှာမှာ မဖော်ပြ၊ မောင်စိန်ရသည် နဖူးကြောတွန့်လိုက်ကာ ''မင်းနဲ့မဆိုင်ပါဘူးကွာ''ဟု မာန်၏။

''ဆိုင်တယ် မဆိုင်ဘူးဆိုတာကို မင်းသိပါတယ်ကွ''

''အေး.... သိတယ်လေ ဘာဖြစ်လဲ''

''သိရင် ငါ့ရှေ့မှာ ပြီတီတီ ရီသဲ့သဲ့ မပြောနဲ့''

''ပြောရမယ်ဟေ့၊ မင်းမကြိုက်မှန်းသိလို့ ထပ်ပြောရအုံးမယ်၊ အမယ်လေး လှလိုက်ပါတဲ့ ထားအိ၊ သူကြီးသားနဲ့မှထိုက်တဲ့ ထားအိ၊ ကဲ-ပြောသကွာ ဘာဖြစ်လဲ''

''အေး···· ဒါဖြစ်တယ်ကွာ''

မောင်တောက်ထွန်းက အေးဆေးစွာပင် မောင်စိန်ရ၏ ပါးချိတ်ကို ထိုးချလိုက်ရာ မောင်စိန်ရ ချာချာလည်သွားသည်။ နောက်တစ်ချက်ဆင့်ထိုး၏၊ လွဲသွားသည်။ မောင်စိန်ရက ရင်ဝကို ဒူးဖြင့်ဆောင့်၏။ မောင်တောက်ထွန်းက ဒူးကိုဖမ်းထားသည်။ နှစ်ယောက်စလုံး လုံးထွေးလျက် လဲကျသွား၏။

''ဟ-အစ်ကို ဘာဖြစ်တာလဲ····ဘာဖြစ်တာလဲ''

စိန်ရ၏ညီ ရွှေရ အော်ဟစ်လျက် ပြေးလာသည်။ ''အမယ်-ဒီကောင်က တော်တော်လူပါးဝနေပါကလား''ဆိုကာ အပေါ်စီး ရောက်လာသော မောင်တောက်ထွန်း၏ လည်ပင်းကို ညှစ်လေ၏။

ထားအိသည် မြက်တောင်းထဲက တံဇဥ်ကိုနှိုက်သည်။ ထရမလို ထိုင်ရမလို ဗျာများနေ၏။

မောင်တောက်ထွန်းမှာ အောက်ကကောင်ကိုလည်း သတ်ရ၊ လည်ပင်းကိုလည်း အစ်ထားခံရနှင့် ချွေးပြန်လာသည်။ တစ်ဖြည်းဖြည်း လက်အံသေကာ အားလျှော့အသွားတွင် စိန်ရ၏ ကိုယ်ပေါ်မှ အင့်ခနဲ ပက်လက်လန်ကျသွား၏။

''ကဲ-လူပါးဝဦးကွာ''

ရွှေရက မောင်တောက်ထွန်း၏ ရင်ဘတ်ကိုတက်နင်းသည်။ သို့သော် ''အမယ်လေးဗျ''အော်ကာ ခါးကော့သွားသဖြင့် မောင်တောက်ထွန်း လူးလဲထခွင့်ရသည်။

ချက်ချင်း မောင်စိန်ရ၏ မျက်နှာကိုဒူးနှင့် တိုက်၏။ မောင်စိန်ရမှာ ကိုင်ရိုက်ခံရသလို လဲသွားသည်။ မောင်တောက်ထွန်းက မြက်ခြင်းလှျိုသော ထမ်းပိုးကို ဆွဲဖြုတ်၏။

ရွှေရသည် ခါးကိုဖိလျက်၊ စိန်ရမှာ မျက်နှာတစ်ခုလုံး ရွှံ့တွေပေလျက် အယုတ္တ အနတ္တ ဆဲဆိုကာ ထွက်ပြေးကြလေတော့သည်။ စိန်ရမျက်နှာ ပေကျံနေခြင်းမှာ လယ်ထဲ ကျသွားသောကြောင့်။ ရွှေရခါးကို အုပ်ပြေးခြင်းမှာ ထားအိက တံဇဥ်နှင့် ဆောင့်ထိုးသဖြင့်။ ဟုတ်၏။ တံဇဥ်ဖျားတွင် သွေးစွန်းနေချေသည်။

''ထားအိ····ထားအိ''

မောင်တောက်ထွန်းသည် ထားအိအား အထိတ်တလန့် လှည့်ကြည့်ကာ လက်ကို ကိုင်ထား၏။ ဆုပ်ထား၏။

''ဘယ်····ဘယ်····နာသွားလဲဟင်''

''ဟင့်အင်း····ထားအိကို မထိပါဘူး''

''ထားအိ တံဇဥ်နဲ့ထိုးလိုက်တယ် ထင်တယ်၊ ဟုတ်သလား''

''ဟုတ်တယ်''

''ဟင်''ခနဲ မောင်တောက်ထွန်းလန့်၍ အော်လိုက်ရာ၊ ထားအိသည် မျက်စိပျက် မျက်နှာပျက် မော့်ကြည့်သည်။

''သူတို့ သူကြီးကိုတိုင်တော့မှာပဲ''

''တိုင်ပေ့စေ''ထားအိ အော်သည်။

''ကိုတောက်ထွန်းကို နှစ်ယောက်ဝိုင်းလုပ်တာ၊ ဒီလိုပဲ ထိုင်ကြည့်နေရတော့မလား''

ထားအိသည် ဆောင့်ကြောင့်ထိုင်ကာ လက်ဝါးတွင် မျက်နှာသွင်း၍ ငိုလေ၏။ မောင်တောက်ထွန်းမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရပြန်ကာ ''ဟုတ်တယ်-ဟုတ်တယ်၊ ထားအိကယ်ပေလို့ပေါ့၊ ထားအိသာမကယ်ရင် ဘာဖြစ်မယ် မသိဘူး၊ အင်း····ကျေးဇူးတင်လိုက်တာဟာ''ဟု အလိုက်သင့် ဆိုရသည်။

''သူကြီးကိုတိုင်မှာ ကြောက်သလားဟင်''

''ငါတော့ မကြောက်ပါဘူး။ ထားအိအတွက်သာ စိုးရိမ်တာပါ၊ ကဲ ထသွားရအောင်၊ လူကြီးတွေ စိတ်ပူနေလိမ့်မယ်၊ ဒီကောင်တွေက မဟုတ်တရားတွေ လျှောက်ပြောနေရင် ခက်မယ်''

မောင်တောက်ထွန်းက ထားအိအား ယုယုယယ တွဲမတ်ပေးသည်။ နောက်မြက်တောင်းကို ပင့်ပေး၏။

သူတို့နှစ်ယောက်သည် လမ်းတစ်လျှောက်လုံး စကားမပြောနိုင်ကြပေ။ ရွာသို့အရောက်တွင် ကြုံတွေ့ရမည်များကို ကြိုတွေးစိတ်ကူးနေကြသည်။

ချစ်သူချင်း ပြောရသော စကားများမှာ စကားလုံးတိုင်းလှပ၏။ သာယာ၏။ စိန်ရသာ ဝင်ရောက်မနှောင့်ယှက်ခဲ့လျှင် အဘယ်မျှကောင်းမည်နည်း။ ယခု စိန်ရ ဝင်နှောင့်ယှက်၍ အကြည်သည် အနောက်ဖြစ်ရသည့်အတွက် သွေးထွက်သံယို ဖြစ်သွားရပြီ။

''အို-ဖြစ်ပစေ၊ ဖြစ်တာပဲ ကောင်းတယ်။ ထားအိ မှန်တယ်။ ထားအိကို ဒီကောင် မတရားပြောတယ်''

မောင်တောက်ထွန်း လက်သီးဆုပ်လိုက်လေသည်။

မျှော်မှန်းထားသည့်အတိုင်းပင် ထားအိညီမ လှသွယ်၊ မြခြယ်နှင့် အငယ်ဆုံးကောင် ဖိုးအေးတို့သည် ထားအိနောက်သို့ လိုက်လာကြရာ ရွာအထွက်တွင် ဆုံမိကြ၏။

''မမက ကိုရွှေရကို ဓားနဲ့ထိုးလိုက်လို့တဲ့၊ သူ့အမေက အိမ်လာတိုင်နေတယ်''

''မမက ဘာပြုလို့ထိုးရတာလဲဟင်''

"ထိုးချင်လို့ ထိုးတာပေါ့ဗျာ"

လှသွယ်–မြခြယ်တို့က တသီကြီးမေးရာတွင် ဖိုးအေးက ဝင်၍သူထင်ရာသူပြောသဖြင့် သူ့ကိုလှည့်ပြီး ခေါက်ထစ်နေရသည်က တစ်မှောင့်။

"အိုဟယ်–အစ်မဆီရောက်မှ ပြောနိုင်တော့မပေါ့၊ ညည်းတို့ကိုပြောလို့ပြီးမလား"

"အစ်ကိုတောက်ထွန်း ဘယ်လိုဖြစ်ကြတာလဲဟင်"

ထားအိကို မေးမရသောအခါ အငယ်မ မြခြယ်သည် မောင်တောက်ထွန်းဘက်လှည့်လာ၏။

"ထားအိကို တောပြောတောင်ပြော ပြောတော့၊ ငါနဲ့စိန်ရနဲ့ ရန်ဖြစ်တယ်ဟာ။ ရွှေရကပြေးလာပြီး သူ့အစ်ကိုဘက်ကကူတော့ ထားအိက တံဇဉ်နဲ့ထိုးတယ်ဟာ၊ ဘယ်ကတားပါရမလဲ"

ဖိုးအေးက "လည်ပင်းကိုလှီးလိုက်ရင် ဘယ်လောက်ကောင်းမလဲ မမရယ်" ဟုရေရွတ်သည်။

ရွာထဲတွင်ကား ကြွက်စီကြွက်စီ ဖြစ်နေသည်။ မောင်စိန်ရ၏ မိခင်နှင့်ဆွေမျိုးများသည် စုရုံးစုရုံး လုပ်နေကြသည်။

ထားအိ၏မိခင် ဒေါ်လှမြတ်သည် အိမ်ရှေ့တွင် ဣန္ဒြေမပျက်ထိုင်နေကာ သမီးကို အသာတကြည်လှမ်းခေါ်ပြီး အေးဆေးညင်သာစွာ မေး၏။ ထားအိသည် မောင်တောက်ထွန်းထံမှ လှသွယ်၊ မြခြယ်နှင့် ဖိုးအေးတို့ကြားပြီးသည့်အတိုင်း ပြောပြသည်။

"သွေးထွက်သံယိုဖြစ်အောင်တော့ မလုပ်သင့်ဘူးပေါ့ သမီးရယ်၊ ဒါဟာ သမီးမှားတယ်လို့ အပြစ်တင်တာ မဟုတ်ဘူး၊ သမီးမှန်တယ်"

"အစ်ကိုတောက်ထွန်းက ကြားကပါတာတော့ အားနာစရာ အမေရယ်"

"သူလည်း သူ့တာဝန်ကို သူထမ်းဆောင်တာပဲ သမီးရဲ့၊ အားနာစရာ မရှိပါဘူး။ သမီးကို သူမြတ်နိုးရင် သူပါရမယ်"

သို့စဉ်တွင် မောင်တောက်ထွန်းအမေ ဒေါ်ညိုသင်းသည်၄င်း၊ ညီမဟန်းယဉ်သည်၄င်း အိမ်ရှေ့သို့ ရောက်လာကြသည့်အတွက် ဒေါ်လှမြတ်က ဆီးကြိုခေါ်ငင်သည်။

"မလှမြတ်ရယ် ငါ့သားကြောင့် ညည်းသမီး လက်လွန်ခြေလွန်ဖြစ်ရတာ ငါစိတ်မကောင်းလိုက်တာဟယ်"

မထိုင်မိခင်ပင် ဒေါ်ညိုသင်းက စတင်တောင်းပန်၏။

"မဟုတ်ဘူး အစ်မသင်းရဲ့၊ ကျွန်မသမီးကို မောင်စိန်ရက ရိသဲ့သဲ့လုပ်လို့ မောင်တောက်ထွန်းနဲ့ ရန်ဖြစ်တာ အရင်းခံက ထားအိ"

''အို အေ ဒါကတော့''

''ဟော့ မလှမြတ်၊ ညည်းသမီး လုပ်ပုံကောင်းသေးရဲ့လားဟင်၊ ငါ့သားကို ရက်ရက်စက်စက် တံဇဉ်နဲ့ထိုးတာ ကောင်းသလား''

ပြောဆဲဆိုဆဲမှာပင် မောင်စိန်ရ၏မိခင် ဒေါ်သာယဉ်က အိမ်ရှေ့သို့ ရောက်လာပါတော့သည်။ တစ်ဖက်ကလည်း မောင်စိန်ရအား တရွတ်တိုက်ဆွဲခေါ်လာရာ၊ မောင်စိန်ရက ရှက်ကိုးရှက်ကန်းနှင့် ရှောင်ဖယ်ဖယ်လုပ်နေသည့်အတွက် သားကိုလည်း ရိုက်ပုတ်ဆဲဆိုနေပေသေး၏။

''အေးအေးဆေးဆေးပေါ့ မသာယဉ်ရယ်၊ အိမ်ပေါ်တက်ပါဦး''

''မတက်နိုင်ဘူးဟေ့၊ ကျုပ်သားကို မတရားလုပ်တာ ကျုပ်မခံနိုင်ဘူး''

ဒေါ်လှမြတ်က အိမ်ထဲမှလှမ်းခေါ်စေကာမူ ဒေါ်သာယဉ်ကတော့ လမ်းမှသာ ကုန်းအော်နေစဉ်၊ ဒေါ်သာယဉ်၏ညီမနှင့် တူမကအပြေးအလွှားရောက်လာပြီး ''ညည်းတို့က ဘယ်လောက်သတ္တိရှိလို့လဲ''ဟု အော်သူကအော် ''ကောင်မကိုက၊ အနံ့ကောင်မှို့ခံလာတာ၊ ငါ့လာပြီး စမ်းစေချင်တယ်''ဟု ကြုံးဝါးသူက ကြုံးဝါးလေတော့၏။

အိမ်ရှေ့သို့လူတွေ စုအုံလာကြသည်။ မောင်တောက်ထွန်း၏ညီ မိုးကောင်းသည် အိမ်တစ်အိမ်ရှေ့မှ ဝါးတံတားတွင်လာထိုင်၍ သူ့ဘေးတွင် ထွန်းကပ်ထိုင်ပြီး အကျိုးအကြောင်းကိုမေး၏။ မိုးကောင်းကလည်း ရည်ရည်လည်လည် မသိ။ သူတို့အနီးသို့ မိခင်သစ်က ရောင်လည်လည် ရောက်လာရင်း သူတို့ထံမှသတင်းကို နားစွင့်နေပြန်သည်။

ဒေါ်လှမြတ်က ပြေရာပြေကြောင်း အေးရာအေးကြောင်း ဖြစ်စေချင်၏။ အိမ်ပေါ်သို့ ကောင်းမွန်စွာ ဖိတ်ခေါ်နေပါလျက် ဒေါ်သာယဉ်၏ညီမနှင့်တူမက ထောင်ထလာသောအခါ လှသွယ်နှင့် မြခြယ်တို့က ခုနစ်မောင်းတင်သည်။ ဖိုးအေးက ဓားနှင့် ဆင်းခုတ်မည်တကဲကဲ လုပ်လေသည်။

ထားအိသည် ဖိုးအေးကိုသာ နိုင်အောင်ထိန်း၏။ ညီမနှစ်ယောက်ကိုကား လွှတ်ထားသည်။ ဒေါ်ညိုသင်းမှာ ဒေါ်လှမြတ်ကိုယ်စား မခံမရပ်နိုင်ဖြစ်လာသည့်အဆုံးတွင် ''ကြိုက်ရာကို သွားဟေ့''ဟုထအော်၏။

ထိုအချိန်ဝယ် တော်ဟဲ့ တန်ဟဲ့ပြောမည့် လူကြီးသူကြီးများ ရွာတွင်မရှိကြချေ။ ရှိနေသော လူကြီးသူမ များမှာလည်း တောင်ဝှေးသော်မျှ မဆွဲနိုင်၊ ဆွဲနိုင်ပြန်တော့လည်း အသံယဲ့ယဲ့သာ ထွက်နိုင်သူများဖြစ်ရာ၊ ဒေါ်သာယဉ်တို့တစ်သိုက် သူကြီးအိမ်ကို သွားသည်အထိ အခြေအနေဆိုးလာရသည်။

''သွားမှာပါပဲ၊ ဒါလောက် မောက်မာတဲ့ ကောင်မတွေ သိကြရောပေါ့အေ၊

ဟဲ့ကောင် လာခဲ့''

ဒေါ်သာယဉ်သည် မောင်စိန်ရကိုဆွဲကာ သူကြီးအိမ်သို့ လာ၏။ သို့သော် ထိုအချိန် ထိုအခါမျိုးတွင်မှ သူကြီးကမရှိ။

''အို သူကြီးမရှိရင် ဂါတ်သွားတိုင်မယ် ဒါမှပိုကောင်းတယ်''

ဒေါ်သာယဉ်၏ညီမသည် မီးတောက်ကို ကညင်ဆီလောင်းပေးသည့်နှယ် ရွှေရအား လှည်းပြင်ခိုင်းကာ ရွာထဲမှ ထွက်လာကြလေ၏။

ဒေါ်သာယဉ်တို့တစ်စုမှာ ဒေါသမွှန်နေသည့်အတွက် အခြေအနေကို မသုံးသပ်မိသော်လည်း၊ ရွာ၏အခြေအနေမှာ ထူးခြားနေသည်။ ရွာတံခါး၀၌ လူ၀င်လူထွက်မရှိ ခြောက်ကပ်နေ၏။

ရွာပြင်သို့ရောက်၍ ခဲတစ်ပစ်မျှမောင်းမိလျှင် လှည်းသည် ရပ်သွားရကာ၊ ဒေါ်သာယဉ်တို့ သားအမိတတွေမှာ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ဖြစ်သွားကြလေတော့သည်။

''ဘယ်သွားမလို့လဲ၊ ဘယ်ကလှည်းလဲ''

ဓားကိုင်ထားသူ လူနှစ်ယောက်သည် လှည်းအနီးသို့ ချဉ်းကပ်လာကြ၏။ သူတို့လက်ထဲမှ ဓားများသည် နေ့ရောင်တွင် တပြောင်ပြောင် လက်နေသည်။ ဓားရောင်ကို မြင်ကာမျှဖြင့် ဒေါ်သာယဉ် မူးဝေချင်လာ၏။

''ဘာတဲ့လဲဟေ့''

ပထမ ဓားကိုင်နှစ်ယောက်နှင့် စကားပြော၍မပြီးမီ လယ်ကွင်းထဲမှ တချို့၊ ချုံထဲမှတချို့၊ ဓားများတုတ်များ ကိုင်စွဲလျက်ထွက်လာကာ၊ နှစ်လုံးပြူးသေနတ်ထမ်းထားသူက ခက်ထန်စွာလှမ်းမေး၏။ ဒေါ်သာယဉ်တို့သည် ဤအခါကျမှ ခပ်လှမ်းလှမ်းသို့ ကြည့်မိကြသည်။ လူအုပ်ကြီး။ ဟုတ်ပါသည်၊ ကြီးမားသော လူအုပ်ကြီးသည် တုတ်ဓားလှံများကို ကိုင်စွဲလျက် ရွာကိုဝိုင်းထားကြ၏။

''ဂါတ်ကိုမသွားနဲ့ ဂါတ်မရှိတော့ဘူး။ ဂါတ်ကိုငါတို့ ဖျက်ပစ်လိုက်ပြီ''

သေနတ်ထမ်းထားသူက အသံဆိုးကြီးဖြင့် ပြောလိုက်လျှင် ဒေါ်သာယဉ်တို့၏ လှည်းသည် ရွာထဲသို့ဒုန်းစိုင်းကာ ဝင်လာခဲ့လေသည်။

လူအုပ်ကြီးသည် လှည်းနောက်မှ အပြေးလိုက်လာကြ၏။ နောက်လူတွေက ပြေးလေလေ၊ ဒေါ်သာယဉ်တို့လန့်ပြီး ဒလကြမ်း မောင်းလေလေနှင့် သူကြီးအိမ်ရှေ့ အရောက်တွင် လူအုပ်ကြီး သူကြီးအိမ်ကို ဝိုင်းထားသည်။

''သူကြီး အသက်ကိုချမ်းသာပေးမယ်၊ အေးအေးဆေးဆေး ထွက်ခဲ့ပါ''

သေနတ်ထမ်းထားသူက အော်ပြော၏။

''ထွက်မလာရင် တစ်အိမ်လုံး ပြာကျသွားမယ်နော်''

ဓားနှင့် လူတစ်ယောက် အော်သည်။

''အခုမှ ကြောက်နေသလား၊ ထွက်ခဲ့ပါ''

ရွာသူရွာသားများမှာ ကြောက်ကြောက်နှင့် ပြေးလွှားပုန်းအောင်း နေကြသည်။ အချို့သည် ကြောက်ကြောက်နှင့်ပင် ချောင်းကြည့်ကြ၏။

''သူပုန်တပ်မတော်ဟေ့၊ ဓားပြမဟုတ်ဘူး။ ဆင်းရဲသူ ဆင်းရဲသား ဘာမှ မလုပ်ဘူး''

သေနတ်နှင့်လူက အော်ပြောလိုက်ရာက ''ဟေ့ မထွက်ဘူးလား၊ မထွက်ရင် အိမ်ကို မီးတင်ရလိမ့်မယ်''ဟု ထပ်အော်သည်။

သူကြီးအိမ်ရှေ့မှ ကဲလားပေါက်သည် ညင်သာစွာပွင့်လာ၏။ သူပုန်များသည် တိတ်ဆိတ်စွာ စောင့်ကြည့်နေကြသည်။

ကဲလားပေါက်တွင် ထွက်ရပ်သူမှာ သူတို့လိုချင်သော သူကြီးမဟုတ်။ သူကြီး မယားသာဖြစ်၏။

''ဘာကိစ္စလဲ မောင်တို့ရယ်''

အသံတုန်နေစေကာမူ သူကြီးမယားဆိုသော မာနကိုကား ကြိုးစား၍ထူသေး၏။

''သူကြီးရယ်၊ အခွန်ရယ်၊ သေနတ်ရယ် လိုချင်လို့။ ဟေ့ သတိမလစ်ကြစေနဲ့''

သေနတ်နှင့်လူက အဖြေပေးရင်း မိမိလူများကို အမိန့်လှည့်ပေးသည်။

''သူကြီး နေ့လယ်ကပဲ သေနတ်နဲ့ငွေတွေယူပြီး မြို့ပေါ်တက်သွားပြီ''

''ကဲ လာကြဟေ့၊ မောင်ရွှင်နဲ့ လူငါးယောက်လိုက်ခဲ့ကြ''

သေနတ်ကိုင်ထားသူနှင့် သူပုန် ခြောက်ယောက်သည် သူကြီးအိမ်ပေါ်သို့ တက်ရောက်ရှာဖွေကြရာ၊ သူကြီးကတော် ပြောသည့်စကားမှာ မှန်နေပေ၏။ သူကြီးသည် လက်မတင်ကလေး လွတ်ထွက်သွားချေပြီ။

''ကျုပ် ပြောပြောချင်းသာ လာမိရင် မိတာပေါ့ဗျာ''

မောင်ရွှင်သည် မကျေမချမ်း ရေရွတ်ကာ တက်ခေါက်လိုက်လေ၏။

## လေး

ဧီးကုန်းမြို့ ပတ်ဝန်းကျင်မှ သူကြီးများသည် သေနတ်ကိုယ်စီထမ်းလျက် မြို့ထဲသို့ ဝင်လာကြသည်။ မြို့အုပ်ချုပ်သူများက အဘယ်မျှ ဟန်မပျက်နေထိုင် ဖုံးဖိထားချေငြား၊ ထိုမြင်ကွင်းသည် မြို့သူမြို့သားများ၏စိတ်တွင် သင်္ကာမကင်း ဖြစ်စေတော့၏။

သူကြီးများသည် ငွေအိတ်ကိုလွယ်လျက် သေနတ်ထမ်းလာကြသည်။ အချို့မှ ငွေသာပါ၏။ သေနတ်မပါပေ။ အချို့ကား နောက်ပါငယ်သား အဆောင်အယောင်များကို ပင် ခေါ်လာချေသေး၏။ သူတို့သည် ဂါတ်တဲဘက်သို့ ဦးတည်လာနေကြသည်။

ရာဇဝတ်ဝန်ကလေး မစ္စတာဟီးလ်မှာ ဂါတ်တဲထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

အင်စပက်တော်မင်း ဦးရွှေသောင်နှင့် အရာရှိတစ်ယောက်သည် စားပွဲတစ်လုံး၌ ထိုင်ကာ သေနတ်နှင့် ငွေများကို လက်ခံနေကြသည်။

သူကြီးတွေ သေနတ်တွေနှင့် အခွန်ငွေတွေ ရောက်လာပါ၏။ တစ်နာရီထက် တစ်နာရီ ကျေနပ်ဖွယ်ကောင်းအောင် ရောက်လာကြသော်ငြား၊ ရာဇဝတ်ဝန်ကလေးမှာ ဖင်မကျနိုင်၊ လည်ပင်း တရှည်ရှည်သာ ဖြစ်နေ၏။

"ဘော်လင်းဂါတ်ကိုသွားတဲ့လူ လမ်းမှာများ အသတ်ခံရပြီလား မောင်ရွှေသောင်"

"ဒီလို မဖြစ်နိုင်ဘူး ထင်ပါတယ် သခင်။ ကျွန်တော်လွှတ်လိုက်တဲ့ အမှု

ထမ်းက ရဲရင့်ဖျတ်လတ်ပြီး ပါးနပ်ပါတယ်။ ကောင်းမွန်စွာ ရောက်ပါလိမ့်မယ်''

သို့သော် မစ္စတာဟီးလ်မှာ လည်ပင်းရှည်မြဲ ရှည်နေသည်။ သူသည် ဂါတ်တဲဝင်းထဲသို့ ဝင်လာသော အရပ်ဝတ်နှင့် လူတစ်ယောက်ကို မြင်ကာမျှဖြင့် ပုလိပ်ဟုသိ၏။

''မောင်ရွှေသောင်၊ မောင်မင်းလွှတ်လိုက်တဲ့လူ မဟုတ်လားဟေ့၊ ဟိုမှာ လာနေတာ''

မစ္စတာဟီးလ်က ပြောစဉ်တွင် လူရွယ်တစ်ယောက်သည် ဦးရွှေသောင်ရှေ့သို့ ရောက်လာသည်။ မစ္စတာဟီးလ်ပြောသဖြင့် ထဆဲဖြစ်သော ဦးရွှေသောင်သည် လူရွယ်ကို မြင်သဖြင့် ပြန်ထိုင်၏။

''ဆိုစမ်းဟေ့''

''ကျွန်တော် ဘော်လင်းဂါတ်ကိုရောက်ခဲ့ပါတယ် ဆရာ။ အမိန့်စာကိုလည်း ဌာနာအုပ်လက်ထဲ ပေးခဲ့ပါတယ်ခင်ဗျာ''

''ဒါပဲလား''

''ဟောဒီစာကိုရေးနေလို့ ကျွန်တော် နည်းနည်းကြာနေရပါတယ် ဆရာ''

စာမှ ဘော်လင်းဌာနာအုပ်၏ အစီရင်ခံစာဖြစ်သည်။

ဘော်လင်းဂါတ်ကို ဇီးကုန်းသို့ ညနေ ၆ နာရီမတိုင်မီရောက်အောင် ပြောင်းရွှေ့ရန်မှာ အားလုံးသောအမှုထမ်းများ ဂါတ်တွင်အစုံအလင် ရှိမနေသဖြင့် မလွယ်ကူချေ။ အချို့သည် အမှုလိုက်လျက်ရှိ၏။ အချို့သည် တောရွာများသို့ ဆင်းလျက်ရှိကြ၏။ ထိုသူများကို ထားပစ်ခဲ့ပြီး ဂါတ်တွင်ရှိသမျှနှင့် ရွှေ့ပြောင်းလာခဲ့လျှင် မယောင်မလည် ကျန်ရစ်သူများအား သူပုန်တို့ထင်သလို လုပ်ခွင့်ပေးထားခဲ့ခြင်းနှင့် တူမည့်အပြင်၊ လက်နက်ပါသော ပုလိပ်ကို ချန်ထားခဲ့မိပါမူ ကြီးစွာသော အဆိပ်ပင် ရေလောင်းခြင်းဖြစ်တော့မည်။

ဘော်လင်းဂါတ်မှ ဌာနာအုပ်နှင့် အမှုထမ်းများသည် ခရီးလွန်နေသူများနောက်သို့ လူလွှတ်ကာ မမျှော်လင့်ဘဲ ပေါ်ပေါက်လာသော အခြေအနေဆိုးကို သတင်းပေး၍ ဂါတ်သို့ အမြန်ပြန်ခေါ်ထားသည်။ ထိုသူများစုံလင်မှ ဇီးကုန်းသို့လာကြလျှင် ည ၁၀နာရီထက်စော၍ မရောက်၊ မှောင်မိုက်သော လမ်းခရီးသည် အေးချမ်းသောသမယ၌ အကြောင်းမဟုတ်၊ လက်ရှိအခြေအနေတွင်မူ မကောင်းချေ။

ထို့ကြောင့် ဘော်လင်းဌာနာအုပ်သည် ဘော်လင်းဂါတ်ကို မရွှေ့ဘဲ သတိဝိရိယနှင့်နေမည်ဖြစ်ကြောင်း။ ဆိုးဝါးသောအခြေအနေ၏ အရိပ်အယောင်များကို မြင်တွေ့လျှင် ချက်ချင်းရွှေ့ခဲ့မည်ဖြစ်ကြောင်း ရှည်လျားစွာ အစီရင်ခံထား၏။

ဦးရွှေသောင်သည် အမှုထမ်းကို သွားခွင့်ပေးလိုက်ပြီးနောက် မစ္စတာဟီးလ်ထံ

အစီရင်ခံသည်။ ဝန်ကလေး မျက်နှာကြီးရဲသွားသည်။ မသဲမကွဲလည်း ညည်းတွားလိုက်သည်။

ဗိုးကုန်းဂါတ်တွင် ကုလား-မြန်မာ ပုလိပ်စုစုပေါင်း အစိတ်သာရှိ၏။ ထောင်ချီ၍ အင်အားကြီးသော သူပုန်ကိုနှိမ်နင်းရန် မဆိုထားဘိ၊ ခုခံရန်ပင် မလွယ်။ ဝန်ကလေးစိတ်ကူးနေသည်မှာ ဘော်လင်းဂါတ်ရွှေ့လာလျှင် အင်အားများလာမည်။ ထိုအခါဝယ် ခုခံကာကွယ်ရေးသာမက နှိမ်နင်းရေးကိုပါ စီစဉ်မည်။ ယခု ဘော်လင်းဂါတ်ကမလာ၊ မည်သို့လုပ်ရမည်နည်း။

သို့စဉ်တွင် သာယာဝတီမှ ကြေးနန်းရောက်လာသည်။ ရာဇဝတ်ဝန်ကြီး မစ္စတာ စနေဒင်ထံမှ ဖြစ်၏။

ဝန်ကလေးမှာ အတော်အားတက်သွားကာ ကြေးနန်းကိုဖတ်သည်။ ချက်ချင်း ခေါင်းငိုက်စိုက်ချကာ ဦးရွှေသောင်အား လှမ်းပေး၏။

ဟီးလ်

မင်းရူးနေသလား၊ မြန်မာတွေမှာ ဘာလက်နက်ရှိလို့ သူပုန်ထရမှာလဲ။ နေမကောင်းရင် အိပ်နေပါ။

စနေဒင်

ဦးရွှေသောင်သည် စာရွက်ကိုကိုင်လျက် ဝန်ကလေးအားမော့်ကြည့်သည်။ ဝန်ကလေးမှာ တိုင်ပင်ဖော် တိုင်ပင်ဖက်ဆို၍ ဦးရွှေသောင်သာရှိတော့သည့်အလား ပြန်ကြည့်နေ၏။

"သခင်ကြီးရဲ့အထင်ဟာလည်း မှန်တာပါပဲသခင်။ ဟော့ ဘာလဲဟော့"

စာသင်တစ်ယောက် ရောက်လာကာ ဆလံပေးသဖြင့် ဖြတ်မေးလိုက်သည်။

"မရင်းကိုင်းကို ဆရာလွှတ်ထားတဲ့ ချေစ်နဲ့ ထွေန်းတို့ ရောက်နေပါတယ်"

"အေး ခေါ်ခဲ့ကွာ"

စာသင်တင်မောင်သည် အမြန်ထွက်သွားကာ ဘိန်းစားနှစ်ယောက်အား ခေါ်သွင်းလာသည်။

"မင်းတို့ဘယ်မှာ အိပ်နေပြီး၊ အပြေးအလွှား ထလာတာလဲဟော့"

ဦးရွှေသောင်က ဘိန်းစားနှစ်ယောက် ခရီးသွားခဲ့ခြင်း ရှိမရှိ၊ စူးရှသော ပုလိပ်မျက်စိဖြင့်ကြည့်ရင်း ထန်လိုက်၏။ ထွန်းရီခေါ် ထွေန်းက

"ဘုရားစူးရပါစေရဲ့ ဆရာရယ်။ ကျွန်တော်တို့ မရင်းကိုင်းဘုန်းကြီးကျောင်းကို ရောက်ခဲ့ပြီး ဝါးရုံပင်အောက်က ချောင်းကြည့်ခဲ့ပါတယ်"

ငချစ်က

“ဒေါင်းလံကြီးထူပြီး လူတွေမှာ တုတ်တွေ ဓားတွေ လှံတွေ”

“လူဘယ်လောက်ရှိသလဲဟေ့”ဟု ဦးရွှေသောင်က ဖြတ်မေးသည်။

“တစ်ထောင်ကျော်လောက်ရှိပါတယ်”

“ဒီထဲက တချို့ကိုကော နာမည်လေးများ ဘာလေးများမသိခဲ့ဘူးလားကွ”

“ဘုန်းကြီးတစ်ပါးရယ်၊ သွားခေါခေါ ပုပုမည်းမည်း လူတစ်ယောက်ရယ် ရှည်ရှည်ထောင်ထောင်မောင်းမောင်း လူနှစ်ယောက်ရယ်”

ဦးရွှေသောင်က ဖြတ်မေးပြန်၏။

“ဘာတွေပြောပြီး၊ ဘာတွေ စီစဉ်ကြသလဲကွ”

“ညောင်ရမ်းမင်းကို ပြန်ပြီးနန်းတင်မယ်လို့ ပြောကြပါတယ် ဆရာ”

“ဒါပဲလားကွ၊ မင်းတို့ဟာက”

“သည့်ပြင်ဟာတွေကိုတော့ မကြားရလို့ မသိပါဘူးဆရာ”

“မင်းတို့ဟာကလည်းကွာ။ အေးလေ ကျေးဇူးတင်ပါတယ်ကွာ ကဲ ကဲရော့”

ဦးရွှေသောင်သည် သူကတိထားခဲ့သည့်အတိုင်း အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်ရာ၊ ဝန်ကလေးက “နေပါစေ မောင်ရွှေသောင်၊ ကျွန်ုပ်ပေးမယ်”ဆိုကာ အင်္ဂလိပ်ငွေ နှစ်ပြားကို ဘောင်းဘီအိတ်ထဲမှ ထုတ်ပေးသည်။ ဘိန်းစားနှစ်ယောက်သည် ဒူးတုပ် လက်ခံကာ ပျော်တပြုံးပြုံးဖြင့် ထွက်သွားကြလေ၏။

အလင်းရောင်သည် အားနည်းလာချေပြီ။ အိပ်တန်းတက်သော ကျေးငှက်တို့၏ အသံသည် သာယာကြည်နူးဖွယ်ကောင်းချင်ကောင်းမည်။ မစ္စတာဟဲးလ်၏နားထဲတွင်မူ အမှောင်ဖြစ်သော ရန်သူ၏ရှေ့ပြေးအဖြစ်မြင်ကာ မျက်နှာပျက်နေ၏။

“မောင်မင်းသဘောကို ပြောစမ်း မောင်ရွှေသောင်”

သူသည် သူအထင်သေးသော မြန်မာအမှုထမ်းကိုသာ အားကိုးရပေတော့မည်။

“သူတို့မှာ တုတ်ဓားနဲ့ လှံပဲရှိပါတယ် သခင်။ မြို့သူမြို့သားတွေ အထိတ်တလန့်ဖြစ်အောင် မလုပ်နိုင်ခင်မှာ၊ ကျွန်တော်သွားပြီး နှိပ်ကွပ်ပစ်ချင်ပါတယ်”

မစ္စတာဟဲးလ် ခေါင်းရမ်းချေသည်။

“အိုး မောင်ရွှေသောင် မင်းတယ်မိုက်ပါကလား။ မင်းက ဒီဘက်ကထွက်သွားတယ်။ သူတို့က ဟိုဘက်က ဝင်လာပြီး ရန်ပြုတော့ ဘယ့်နှယ်လုပ်မလဲ”

ဦးရွှေသောင်သည် အထက်လူကြီးမို့ မဆန့်ကျင်ရဲသောကြောင့်သာ နားထောင်နေရသည်။ စိတ်ထဲမှမူ မကျေနပ်။ “ကျုပ်တို့လူမျိုးအကြောင်းကို ကျုပ်သိပါတယ်ဗျာ”

ဟုပြောချင်စေကာမူ လူကြီးပြုငြင်မည်စိုး၍ နုတ်ဆိတ်နေရသည်။

"ငါတို့မှာရှိတဲ့အင်အားနဲ့ ဂါတ်ကိုကာကွယ်ရမယ်။ ငွေတိုက်ရှိသေးတယ်။ မြို့ထိုလည်း စောင့်ရှောက်ရဦးမယ်။ ကာကွယ်ဖို့တောင် မလုံလောက်ပါကလား"

"ဒီလိုဆိုရင် သခင်၊ သာယာဝတီကို ကြေးနန်းထပ်ရိုက်သင့်တယ်ထင်ပါတယ်။ သခင့်အစီအရင်ခံချက်ကို အရေးပိုင်မင်းနဲ့ ဝန်မင်းကအတည်ပြုမှ စစ်ကူလာနိုင်မယ် မဟုတ်လား"

ဦးရွှေသောင်က မကျေနပ်မှုကိုဖယ်ကာ အကြံပေး၏။ မစ္စတာဟီးလ်သည် ခထာရှာတွေ့နိုင်ပြီး "ကောင်းတယ် မောင်ရွှေသောင်"ဟုဆိုကာ၊ ပြာတာကိုခေါ်ပြီး ကြေးနန်းရိုက်ခိုင်းလိုက်လေ၏။

စီးတုန်းမြို့ကို အမှောင်သားက လွှားလာပေပြီ။ မြို့သူမြို့သားများမှာ ငချစ်နှင့် ထွန်းတို့ထံမှတစ်ဆင့် ပေါက်ကြားသောသတင်းကြောင့် ထိတ်လန့်လျက်ရှိကြ၏။ လမ်းသွားလမ်းလာများ ခြောက်ကပ်တိတ်ဆိတ်နေကာ ပုန်းလျှိုးကွယ်လျှိုးသာ တီးတိုး ပြောဆိုနေကြသည်။

မစ္စတာဟီးလ်သည် မစ္စတာစနေဒင်ထံ ထပ်မံကြေးနန်းရိုက်ရုံဖြင့် လုံလောက်သည်မထင်၊ မိမိ၏အစီရင်ခံချက်ကို ယုံကြည်ရန်မသေချာ။ မစ္စတာစနေဒင်ထံမှ မယုံစေကာမူ၊ အရေးပိုင်မစ္စတာတော့ဒ်က လက်ခံလျှင်ကား မစ္စတာစနေဒင်၏သံသယကို ချေဖျက်နိုင်ဖွယ်ရှိသည်ဟု မျှော်လင့်ပြီး နှစ်ဦးလုံးထံ ကြေးနန်းရိုက်ခြင်းဖြစ်၏။

အချိန်များသည် ကုန်ခဲလှ၏။ ရာဇဝတ်ဝန်ကလေးမှာ သာယာဝတီက မိမိအပေါ် အယုံအကြည်မဲ့ပြုံးမဲ့နေမည်ကို စိုးရိမ်သည်။ သာယာဝတီက "မင်းရူးသလား"ဟု ထပ်မံ ပေးနေလျှင် အကျိုးမဲ့ဖြစ်မည်။ ထို့ထက် မစ္စတာဟီးလ်စိုးရိမ်သော အချက်တစ်ခုမှာ မြန်မာများ၏စိတ်ဓာတ်ပင်။

မြန်မာများသည် လူ့ဆော်ဦးဆောင်သူကင်းမဲ့နေပါက ပကတိရေမြွေပေတည်း။ ဦးဆောင်သူ လှုံ့ဆော်သူရှိပါလျှင်ကား မြွေဟောက်ကဲ့သို့ မတွန့်မဆုတ် တိုက်ခိုက်တတ်သူများဖြစ်သည်။

မြန်မာသည်၎င်း၊ မြန်မာနှင့်အတူနေထိုင်သော အခြားတိုင်းရင်းသားများသည်၎င်း နူးညံ့သည်ရှိ၍ခက်ခဲလှန်း၏။ ခေတ်မီလက်နက်ကောင်းများကို ကိုင်စွဲထားသော အုပ်စိုးသူအား တုတ်ဓားလှံတန်နှင့် ဒူးလေး၊ လင်းလေးကိုကိုင်ကာ တိုက်ခိုက်တတ်၏။ အချို့က ရူးခြင်းဟု မှတ်ချက်ချသော်လည်း မြန်မာတိုင်းရင်းသားများကို ရူးသည်ဟုခေါ်ရန် ခက်သည်။

ထိုလူမျိုးများသည် အုပ်စိုးသူများအား ဘယ်သောအခါမျှ ကျေချမ်းသွေ့မရှိခြင်းမှာ မစ္စတာဟီးလ်တို့အတွက် စိတ်မအေးစရာ အချက်ကြီးဖြစ်သည်။ အမြဲတမ်းတအုံနွေးနွေး မုန်းတီးနေသောစိတ်ကို တိုင်းပြည်ချစ်စိတ်နှင့် ရောနှယ်၍ တပ်လှန့်ထေးလိုက်သောအခါတွင် မကြောက်မရွံ့ ထတိုက်ကြခြင်းမှာ ရှားခြင်းမဖြစ်နိုင်။ အခါမလပ် သတိထားနေရမည့် သူပုန်စိတ် သူပုန်သတ္တိသာဖြစ်၏။

မစ္စတာဟီးလ်ကို မြန်မာတိုင်းရင်းသားများ အကြောင်းခေ့စပ်သေချာစွာ ရှင်းပြသည်။ မစ္စတာဟီးလ်သဘောပေါက်သည်လည်းရှိ၏။ သဘောမပေါက်သည်လည်း ရှိ၏။ အုပ်စိုးသူ တိုင်းတစ်ပါးသားအား ဘယ်တော့မျှမကျေ၊ ဘယ်တော့မဆို ထတိုက်ရဲသောသတ္တိကိုကား နားလည်သည်နှင့်အမျှ ကြောက်သည်။

နှစ်ယောက်လုံးသည် ရရှိသောသတင်းများကို လက်ခံရင်း အခြေအနေတို့လေ့လာခန့်ခွဲနေကြရ၏။ မကြာမီ သူတို့ရှေ့သို့ လူနှစ်ယောက်ရောက်လာသည်။

ပထမတစ်ယောက်မှာ ရုံပိုင်မစ္စတာကန်တီထံမှဖြစ်၏။

''ကြေးနန်းအဆက်အသွယ် ပြတ်သွားပါပြီ သခင်''

မစ္စတာဟီးလ်မှာ ထိုင်၍ငိုချင်မတတ်ဖြစ်သွားသည်။ သာယာဝတီမှလာရည့်ကြေးနန်းကို အားကိုးတကြီး စောင့်စားနေခိုက် ကြေးနန်းပြတ်သွားပြီ။ မည်သို့လုပ်မည်နည်း။ ခြော်-

''သူက ဘာတဲ့လဲ မောင်ရွှေသောင်''

တစ်ယောက်ကျန်သေးသဖြင့် ဦးရွှေသောင်မှတစ်ဆင့် လှမ်းမေးရာ အမေးခံရသူက စာတစ်ရွက်ထုတ်ပေးသည်။ စာမှာ ကြေးနန်းစာဖြစ်ကာ၊ သာယာဝတီမှ ရိုက်လိုက်ခြင်းဖြစ်ကာ အဆက်အသွယ်မပြတ်မီကလေးတွင် ကပ်၍ရိုက်လိုက်ခြင်းဖြစ်၏။

ရန်ကုန်သို့အစီရင်ခံပြီးပြီ၊ သာယာဝတီမှ အကူအညီအမြန်ဆုံးလာမည်
တော့ဒ်

မစ္စတာဟီးလ်မှာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များလည်လာသည်။

''အို ဘုရားမတာပဲ။ ဘုရားမတာပဲ မောင်ရွှေသောင်''

ဦးရွှေသောင်သည် ကြေးနန်းစာကိုယူဖတ်ပြီး စိတ်အေးသွား၏။

သာယာဝတီက စစ်ကူမလာလျှင် အဘယ်မျှအစွမ်းထက်သော လက်နက်များတိုကိုင်စွဲထားသည်ဖြစ်စေ ၂၅ယောက်မျှသော ပုလိပ်အင်အားကလေးသည် တစ်ထောင်ကျော်သောသူပုန်များ၏လက်ထဲတွင် အမှုန့်ဖြစ်သွားမည်။ ယခုသော်၊ သာယာဝတီမှ စစ်ကူလာချေပြီ။ ငမိုက်သားသူပုန်ကို ကြောက်ရန်မလိုပြီ။

သို့သော် ဂါတ်တဲအပြင်သို့ လှမ်းကြည့်လိုက်သောအခါ အရိပ်မည်းကြီးများသည် လှုပ်ရှားခဲ့ပြီးတက်လာသော သူပုန်များဟု မြင်ရ၏။ ကာလသား လူငယ်တို့၏ လည်ပတ်ထေးဆိုသံများသည် ယခင်ကကဲ့သို့မည်း၊ တိတ်ဆိတ်နေ၏။ ကလေးငိုသံသဲ့သဲ့သော်မျှ မကြားရ။ ခွေးတွေလည်း သေကုန်ပြီလော၊ တစ်ချက်ကလေး ဟောင်ဖော် မရ။

ဟုတ်ပါသည်။

ဦးတုန်းမြို့အား တိတ်ဆိတ်ခြင်းက လွှမ်းနေပါသည်။ ကြီးမားသော အမှောင်ထုကြီးက ကြီးစိုးနေပါသည်။ မျက်စိသူငယ် ဖြစ်နေသော မစ္စတာဟီးလ်နှင့် ဦးရွှေသောင်သည် တစ်ယောက်ကိုတစ်ယောက် အားကိုးတကြီး ကြည့်လိုက်မိကြလေသည်။

## ငါး

''ဟဲ့ ဟဲ့ ဘယ်လို''

ဆရာတော်ဦးသူရိယသည် သာမဏေကလေး လျှောက်တင်သည့်စကားကို ကြားလိုက်ရသည့် ခဏဝယ်၊ ကေသီမကပ်ဘဲ ခါးဆန့်သွားလေ၏။ ဆရာတော်သည် သာမဏေကလေးထံမှ ထပ်မံပေါ်လာမည့် လျှောက်တင်စကားကို ဂရုတစိုက်နားစွင့်နေလေသည်။

''ကျောင်းဘေး ဝါးရုံတောထဲက လူနှစ်ယောက် ကုန်းကုန်း ကုန်းကုန်းနဲ့ ထွက်သွားပါတယ် ဘုရား''

''ဒီကလူတွေ တုတ်ခုတ်တာထင်ပါရဲ့ ကိုရင်ရယ်''

ကိုသာဒင်က သူပုန်ခေါင်းဆောင်များနှင့် တိုင်ပင်နေရာက လှည့်ပြောသည်။

''မဟုတ်ဘူးဗျ၊ ဒီလူနှစ်ယောက်ကို ဒီနယ်တစ်ပိုက်မှာ မမြင်ဖူးဘူး''

''ဟဲ့ ဟဲ့ လိုက်ကြစမ်း။ ရွှင်၊ မောင်မှင်၊ မောင်ကလေး၊ သာဒင် လိုက်ကြစမ်းဟ။ မတော်လို့ ပုလိပ်လူဆိုရင် အခက်''

ဆရာတော်သည် သူပုန်ဗိုလ်များအား အမိန့်ပေးရင်း သူကိုယ်တိုင်လည်း ဓားတစ်လက်ဆွဲကိုင်၍ ကျောင်းဝိုင်းအပြင်ဘက်သို့ ပြေးထွက်လာလေ၏။

''တစ်ယောက်ကို လူဆယ်ယောက်စီ ခေါ်သွားကြဟေ့၊ ရွှင်ကအရှေ့ဘက်၊ ကိုမှင်က အနောက်ဘက်၊ ကိုမောင်ကလေးနဲ့ သာဒင်က တောင်ဘက်နှင့် မြောက်ဘက်ကို

လိုက်စမ်း ခပ်သုတ်သုတ်၊ ငါက ဆရာတော်နဲ့လိုက်မယ်''

ကြေးထမ်းကြီးသည် ပြောပြောဆိုဆို ဆရာတော့်နောက်သို့ ဓားတစ်ချောင်းနှင့် ထလိုက်သွားလေ၏။

သူပုန်များသည် ကျောင်း၏လေးဘက်ဝန်းကျင်သို့ တပ်ဖြန့်၍ လိုက်ကြလေသည်။ လယ်ကွင်းများ၊ ရိုးများ၊ လှို့များနှင့် တောင်တန်းချုံပုတ်များအနှံ့ ရှာဖွေကြ၏။ မသင်္ကာဖွယ်လူများကို မတွေ့ကြရပေ။

သာမဏေကလေး မြင်လိုက်သော မသင်္ကာစရာ လူနှစ်ယောက်မှာ ဘိန်းစားချစ်နှင့် ထွန်းပင်ဖြစ်သည်။ သူပုန်များထ၍လိုက်ချိန်တွင် ဘိန်းစားနှစ်ယောက်မှာ မြင်သာသော အကွာအဝေးကို ကျော်လွန် ရောက်ရှိသွားကြချေပြီ။

ဆရာတော်နှင့် ကြေးထမ်းကြီးသည် ကျောင်းတစ်ပတ် ပတ်ပြီးနောက် ကျောင်းအောက်သို့ ပြန်လာခဲ့ကြ၏။ ဆရာတော်သည် သတင်းပေးလျှောက်ထားသော သာမဏေကလေးကို ခေါ်ယူစစ်မေးသည်။

''တပည့်တော် မသင်္ကာတာကလည်း ဝါးရုံထဲက ကုတ်ကုတ် ကုတ်ကုတ်နဲ့ ထွက်ပြီး ပြေးသွားကြလို့ပါပဲ ဘုရား''

''ကိုရင် မြင်လိုက်တဲ့အချိန်နဲ့ လာလျှောက်တဲ့အချိန် ဘယ်လောက်ကြာသလဲ''

သာမဏေငယ်သည် အနည်းငယ်စဉ်းစားပြီး ''ဦးဇင်းခိုင်းနေလို့ ရေခပ်ပေးနေရပါသေးတယ် ဘုရား''ဟုဖြေ၏။

''အင်း အနည်းဆုံး နာရီဝက်၊ အကြာဆုံး တစ်နာရီတော့ ကြာမှာပေါ့ကွာ။ ဦးဇင်းကိုကော အဲဒီအကြောင်း လျှောက်မိသေးသလား''

''မလျှောက်မိပါဘူး ဘုရား''

ဆရာတော်သည် သာမဏေကို ပြန်လွှတ်လိုက်သည်။ ကြေးထမ်းကြီးသည် တစ်စုံတစ်ရာကို စဉ်းစားနေ၏။ စဉ်းစားနေခြင်းမှာ နက်နက်နဲနဲ ရှိဟန်တူသည်။

တုတ်ဓားလုံ့ဆွဲ၍ ထွက်သွားသောသူပုန်များသည် တဖြည်းဖြည်း ပြန်ရောက်လာကြ၏။

''ဘာကောင်ပဲဖြစ်ဖြစ် အရေးပုပ်စရာ မရှိပါဘူး''ဆိုသူက ဆိုသည်။

''ဟာ အရေးလုပ်စရာပေါ့၊ ပုလိပ်လူဆိုရင် တို့အကြံကို ပုလိပ်က ကြိုတင်သိနိုင်တယ်''ပြောသူကပြောနှင့် တစ်ယောက်တစ်ခွန်း ပြောလာကြ၏။

ကျောင်းအောက်တွင် ကျန်နေခဲ့သော သူပုန်များသည်လည်း တီးတိုးဆွေးနွေးနေကြသည်။ ဦးမောင်ကလေးသည် ဆရာတော့်အပါးသို့ ရောက်လျှင်ရောက်ချင်း ''ဒီ

ကိစ္စကို တပည့်တော်မသင်္ကာဘူး ဘုရား''ဟုပြောလေသည်။

''ခင်ဗျားက ဘယ်လိုထင်လို့ မသင်္ကာတာလဲ''

ကြေးထမ်းကြီးက မေးသည်။

''ပုလိပ်သတင်းပေးတွေ လာနှားထောင်သွားတယ် ထင်တာပဲဗျ''

''ဒါဖြင့် ခင်ဗျားက သတင်းပေါက်ကြားပြီထင်လို့လား''

''ဟုတ်တယ်ဗျ။ ဒီကတစ်ယောက်ယောက်က သတင်းပေး၊ အဲဒီအခါမှာ ပုလိပ်က စုံထောက်ကိုလွှတ်''

''မဖြစ်နိုင်ပါဘူး ဒကာမောင်ကလေးရယ်။ ဒီနားကိုရောက်လာတဲ့ ရပ်ဝေးဧည့်သည် အာဂန္တုတွေ လူစုလူဝေးမြင်လို့ ကြောက်ပြီးထွက်ပြေးတာ ဖြစ်ပါလိမ့်မယ်''

ဆရာတော်က ပေါ့ပေါ့ဆဆကလေး အမိန့်ရှိသည်။

''တပည့်တော်တော့ လူစစ်ချင်တယ် ဘုရား''

''လာတဲ့လူစာရင်းကို ကောက်ထားသလား၊ သူတို့ဘာသာ သူတို့ စာရင်းပေးတာမဟုတ်လား''

''ရပါတယ်ဘုရား၊ သူတို့အချင်းချင်း ဖြေပါလိမ့်မယ်''

ဆရာတော်နှင့် ကြေးထမ်းကြီးသည် ဦးမောင်ကလေး၏ အကြံအစည်အတိုင်း သူပုန်များကို ရွာအလိုက် လူစုခွဲစေသည်။

ဦးမောင်ကလေးသည် မိမိ၏တာပွန်ရွာသားများကို ဦးစွာစစ်ဆေးသည်။ အစည်းအဝေးသို့ ထမင်းထုပ်ဖြင့် လာကြခြင်းဖြစ်ရာ ယခုထက်ထိ တစ်ယောက်မျှ မပြန်ကြသေးချေ။

ရေကင်းမင်းကြီး၊ ဘော်လင်း စသည်တို့ကိုလည်း ဆက်လက်စစ်ဆေးရာ လာရင်းလူအတိုင်းရှိနေ၏။ မရင်းကိုင်းမှ လူများလည်း ပြန်သူမရှိသေး။ သို့သော် ခေါင်းဆောင်မှာ ပျောက်နေ၏။

''ဟဲ့ သာဖဲကောဟ''

ဆရာတော်ကမေးမှ ရွာသားများသည် ဦးသာဖဲကို သတိရကြသည်။

''ကျောင်းအောက်မှာ လူစုမိပြီး မကြာခင်မှာပဲ ဟိုဘက်ထွက်သွားတယ်ဘုရာ့။ သူ့ကိုနောက်ထပ် မမြင်ရတော့ဘူး''

လယ်သမားကြီးတစ်ယောက်က အတိအကျလျှောက်ထားလျှင် အခြားလူများကလည်း ဦးသာဖဲကို မမြင်မိ မတွေ့မိကြောင်း လျှောက်ထားကြသည်။

''သာဖဲလာတာကတော့ အမှန်ပဲဟ။ ငါကတောင် ဒီကုလားစုတ်ကို ပုန်ကန်မှ

ဖြစ်တော့မယ်၊ မင်းလည်း ယောကျ်ားကောင်းပီပီ အစွမ်းပြရမယ်ပြောတော့၊ သူလည်း လက်သီးလက်မောင်းတန်းပြီး အခုလား ကောင်းတယ် ဘာညာပြောပြီး ငါလည်း သတိလစ်သွားတယ်''

ဦးမှင်သည် အော်ကြီးဟစ်ကျယ်ပြောနေသော ဆရာတော်၏အသံကိုကြားလျှင် အပြေးအလွှားဝင်လာသည်။

''နေ့လယ်တုန်းက တပည့်တော်လျှောက်မိတာကို အရှင်ဘုရား သတိထားမိသလား မထားမိဘူးလား မသိဘူး။ ကိုသာဖဲကို မြို့ပေါ်မှာ တွေ့ခဲ့တဲ့အကြောင်း လျှောက်မိပါတယ်''

''ဟေ ဟုတ်လား မောင်မှင်။ ငါ အမှတ်မဲ့ပဲကွ''

ဆရာတော်သည် ယခုမှ အထိတ်တလန့်ဖြစ်ကာ ''အေး၊ ငါကလည်း တခြားကိစ္စမှာ အာရုံရောက်နေလို့ သတိမထားမိတာ ငါ့အပြစ်ပဲဟေ့''ဟုဆိုရပြီ။

''ကြေးထမ်းကြီး မေးကြည့်ပါဘုရား''

ကြေးထမ်းကြီးက ''စနည်းနာဖို့ တပည့်တော်ပဲ ကိုမှင်ကို လွှတ်လိုက်ပါတယ်ဘုရား''ဟု ဦးမှင်ဖက်မှ ထောက်ခံသည်။

''ကြေးထမ်းကြီးက အဖော်နှစ်ယောက် ခေါ်သွားဆိုလို့ ဟောဒီ မောင်သာဒင်နဲ့ ရွှေင်ကို ခေါ်သွားတာ ဘုရား။ တပည့်တော် မသင်္ကာလို့ လိုက်ကြည့်တော့''

ဦးမှင်သည် မိမိမြင်ခဲ့ရသည့်အတိုင်း ဆက်လက်ပြောပြရာ ဆရာတော်မှာ မျက်နှာပျက်နေလေ၏။ ဤအတိုင်းဆိုပါက ပုလိပ်တို့ ကြိုတင်သိရှိရန်မှာ သေချာသလောက်နီးပါး ဖြစ်သွားပြီဟု ဆရာတော် နားလည်သည်။ ထိုအခြေအနေကို စိတ်ဓာတ်တက်ကြွသော သူပုန်တွေသိသွားပါမူ စီစဉ်ထားသမျှ ပျက်ပြားနိုင်ရာ-

ဆရာတော်သည် ကျောင်းတလင်းဆီသို့ငေးကြည့်ရင်း နည်းလမ်းရှာသည်။ ကျောင်းတလင်းသို့ လူတစ်ယောက် ကပိုကရို ဝင်လာ၏။

''မြတ်သာ မဟုတ်လားဟဲ့၊ မြန်မြန်လာခဲ့စမ်း''ဟု လှမ်းအော်သည်။

''မင်း ဘယ်ကလာတာလဲ''

ကိုသာဒင်က ဆီးမေး၏။

''မြို့ထဲက လာတာ''

ကိုမြတ်သာက လျှောက်လာရင်းဖြေသည်။

''ကိုသာဖဲ မတွေ့ခဲ့ဘူးလား''

''အခုလာတာ သူ့ကိစ္စပဲဟေ့''

"မြန်မြန်လာစမ်းကွာ၊ ကဲ ဘာများထူးသလဲဟေ့"

ဆရာတော်သည် စိတ်စောနေပြီမို့ ပူပူလောင်လောင်ဖြစ်နေပြီ။

"ကိုသာဖဲကို ဝန်ကလေးအိမ်မှာ တွေ့ခဲ့ပါတယ် ဘုရား။ ဝန်ကလေးရဲ့ လက်အောက်က အင်စပက်တော်မင်းကလည်း ဘိန်းစားနှစ်ယောက်ကို သတင်းအထောက် အလှမ်းနိုင်းလိုက်တယ်လို့ သိရပါတယ် ဘုရား"

ဆရာတော်ဦးသူရိယမှာ မျက်စိမျက်နှာ ပျက်သည်ထက် ပျက်သွားလေ၏။ သာမဏေကလေး မြင်ရသော လူနှစ်ယောက်သည် အင်စပက်တော် ဦးရွှေသောင် လွှတ် လိုက်သော ဘိန်းစားနှစ်ယောက်ဖြစ်ရမည် မဟုတ်ပါလော။ ဤသို့ဖြစ်ပါက ပုလိပ်ဘက်မှ မိမိတို့၏ အကြံအစည်ကို သိသွားပြီ။ သိသွားသော အတိုင်းအဆကား မည်မျှဖြစ်လေ မည်နည်း။

ဆရာတော်နှလုံးသွင်းသကဲ့သို့ ကြေးထမ်းကြီးလည်း နှလုံးသွင်းမည်သာ။ အခြားသူများလည်း ဤသဘောအတိုင်း ရှိချေမည်။

"အေး၊ ငါတို့အကြံကို ရန်သူက အရိပ်အငွေ့ သိသွားသော်လည်း နက္ခတ် မိတဲ့အတွက် ငါတို့ကို သိကြားဆင်းဖျက်ဦးတော့ ငါတို့အကြံဟာ အောင်ရမှာပဲ ကြေး ထမ်းကြီး"

"မှန်ပါဘုရား"

ဆရာတော်သည် ရုတ်ခနဲ ထရပ်လိုက်ကာ "နားထောင်ကြဟေ့"ဟု ပြော၏။

သူပုန်များသည် ဆရာတော်အား စိတ်အားထက်သန်စွာ ကြည့်ကြသည်။

"ဟေ့၊ ပါပ စနေဂြိုဟ် တန်ခိုးမှိန်ပြီး ငါတို့ကြာသပတေးဂြိုဟ် ဘုန်းတောက် နေတဲ့အချိန်မှာ ငါတို့အရေးတော်ပုံ အောင်ရမယ်ကွ။ ဒီအချိန်ဟာ ဓေယျနက္ခတ်ကြိမ်နေပြီ။ မင်းတို့စစ်ထွက်ရမယ်။ စစ်ထွက်ကာနီးမှာ အန္တရာယ်ကင်း စမတွေထိုးပေးလိုက်မယ်။ တပ်အလိုက် လူခွဲကြ"

ငြိမ်သက်နေရခြင်းသည် အောင်မြင်မှုသို့ သွားရာလမ်းကြောင်း၏ အဟန့်အတား များ ဝင်ရောက်လာစေနိုင်သည်။ ပယောဂများမှိလာလျှင် စစ်မရောက်ခင် မြားကုန်တတ်၏။ ဤဘေးရန်ကို တားရန်မှာ သွေးထိုးလှုံ့ဆော်၍ အာရုံရင်းသို့ရောက်အောင် ဆွဲခေါ်ခြင်းသာ ဖြစ်သည်။

ဆရာတော်သည် ကျောင်းရှိဦးပဉ္စင်းများကို ဆေးထိုးစုတ်နှင့် ဆေးများယူလာ ခိုင်း၏။ စာရင်းကြည့်ကာ ဗိုလ်များလူခွဲနေစဉ် ဆေးကို သိဒ္ဓိတင်သည်။ ဂါထာရွတ်သည်။

ဦးပဉ္စင်းများသည် စဇဗဝ စမလေးလုံးကို ကျောတွင်၄င်း၊ ရင်ဘတ်တွင်၄င်း

တက်သုတ်ရိုက်ကာထိုးပေးကြ၏။ လက်ဖွဲ့ကို အထင်ကြီးကာ သွေးကြွရင်းစွဲတွင် စမထိုးလိုက်သောအခါ တိုးဆင့် ကြွရန်းလာကြသည်။ ရန်သူကို မနေ့အမြန် ရှာဖွေ တိုက်ခိုက်ချင်လာကြသည်။

နေညိုပေပြီ။

ဆရာတော် ဦးသူရိယ၊ ကိုသာဒင့်နှင့် ဦးမောင်ကလေးတို့သည် သာလှတံတား ကို မီးရှို့၍ဖျက်ဆီးကာ ရထားကိုစီး၍ ငွေငါးသိန်းကိုလုယူရန် ရည်ရွယ်ချက်ဖြင့် ချီတက်သွားကြလေ၏။

ရွှင်ခေါင်းဆောင်သော သူပုန်တစ်ရာသည် ဦးသာဖဲကိုသတ်ရန်နှင့် ရာဇဝတ်ဝန် ကလေးအစရှိသော ပုလိပ်များကိုသုတ်သင်ရန် မြို့ဘက်သို့ချီတက်သွားကြသည်။ သူတို့ တပ်သည် တပ်ထွက်တော့မှ တောပုန်းသေနတ်တစ်လက်ကို ဝှက်ထားရာမှ ဖော်ယူကြ၏။ သူပုန်ဗိုလ်ရွှင်သည် သေနတ်ကိုလက်ခံရရှိသောအခါ တပည့်များနှင့် တိုင်ပင်သည်။

"သေနတ်တစ်လက်ဟာ သေနတ်မရှိတာထက် အများကြီးကောင်းတယ်။ သို့ပေသည့် တစ်လက်နဲ့စာရင် နှစ်လက်ကပိုကောင်းတယ်။ ဘယ်မှာများ သေနတ်ရနိုင် သေးသလဲ"

"ရေကောင်းမင်းကြီးက သူကြီးကို သွားဖမ်းပေါ့ဗျာ"

ဤသို့ဖြင့် ထိုတပ်သည် မြို့သို့မသွားမီ ထိုရွာဘက်သို့ချီတက်သွားကြရာ၊ ဂါတ်တိုင်ရန်ထွက်လာသော ဒေါ်သာယဉ်တို့နှင့် တိုးမိခြင်းဖြစ်၏။

နောက်ကျသောတပ်မှာ ဦးချစ်စု၏ လက်ရွေးစင်သူရဲကောင်း ၅၀ တပ်နှင့် ဦးမှင်ခေါင်းဆောင်သော လေးရာတပ်တို့ ဖြစ်ကြ၏။ သူတို့သည် ဘော်လင်းဂါတ်ကိုစီးရန် ဖြစ်၏။ မှောင်မှုကောင်းမည်မို့ အချိန်ကို စောင့်နေကြခြင်းဖြစ်သည်။

ဆရာတော်ဦးသူရိယနှင့် ဦးမောင်ကလေးတို့ဦးစီးသောတပ်တွင် ကိုသာဒင်မှာ ဦးမောင်ကလေး၏လက်ထောက်ဗိုလ် ဖြစ်၏။

ဆရာတော်သည် ကိုင်းတောတစ်ခုထဲတွင် အင်းချကာ အောင်မြေနင်းသည်။ ပြီးလျှင် သာလှတံတားသို့ ဆက်လက်ချီတက်သွားရာတွင် ကိုသာဒင်နှင့် လူငါးဆယ်ကို ချန်ပစ်ခဲ့၏။

ကိုသာဒင်ချန်နေခဲ့ခြင်းမှာ ရွှင်တို့တပ်နှင့် ဦးသာဖဲလွဲချော်ပြီး ဦးသာဖဲရွာသို့ ရောက်လာပါက ဖမ်းရန်ဖြစ်သည်။ ဦးသာဖဲရောက်လာလျှင် သာလှတံတားကို ခေါ်ခဲ့ရမည်။ ဦးသာဖဲမရောက်လာပါက ပြည်ရထား သာလှတံတားသို့ ရောက်ချိန်ကိုမှန်း၍ လာခဲ့ရမည် ဖြစ်သည်။

ထို့ကြောင့် ကိုသာဒင်သည် ရွာသို့ပြန်လာကာ မိမိ၏တပ်သားများကို ရွာပတ်လည်ဝိုင်းစေပြီး ရွာထဲသို့ဝင်ခဲ့သည်။ ကိုသာဒင်၏ တပ်သားငါးဆယ်မှာ ဤရွာသားများ မဟုတ်ကြသဖြင့် ရွာထဲဝင်ပြီး ရောနှောပေါက်ကြားရန်မရှိဟု ကိုသာဒင်ယုံကြည်၏။

ကိုသာဒင်သည် လူမမြင်အောင် ပုန်းလျှိုး၍ အိမ်ပေါ်တက်လာသည်။

အိမ်ပေါ်တွင် တိတ်ဆိတ်ငြိမ်သက်နေ၏။ သို့သော် မီးလင်းနေသည်။ လှေကားထိပ်မှ ခေါင်းငဲ့ကြည့်လိုက်ရာ ထမင်းပွဲဘေးတွင် အဝတ်စုတ်ချုပ်နေသော မညိုသင်းကို မြင်ရသည်။

ကိုသာဒင် ရပ်နေမိ၏။ မိမိသာခဏတဖြုတ် ပြန်မလာမိလျှင် ဤဇနီးသည်သည် အဘယ်မျှကြာအောင် ထမင်းပွဲကြီးနှင့် စောင့်ဆိုင်းနေမည်နည်း။

မိမိသည် ဤဇနီးကို နောက်ဆုံးတွေ့မြင်ရခြင်း ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် လူကောင်းကိုယ်အင်္ဂါကောင်းမွန်သူ၏ နောက်ဆုံးရောက်ရှိ တွေ့ဆုံခြင်း ဖြစ်ချင်ဖြစ်မည်။ သို့တည်းမဟုတ် အောင်ပွဲမရမီ ရောက်ရှိခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

သို့သော် စစ်ပွဲဆိုသည်မှာ ဇာတ်ပွဲမဟုတ်၊ စစ်ပွဲ၌ ဝင်ရောက်ဆင်နွှဲခြင်းသည် ဇာတ်ကခြင်းမဟုတ်၊ သေမည်ရှင်မည်ကို မည်သူ အတတ်ပြောနိုင်ပါ မည်နည်း။

အကယ်၍ မိမိကျဆုံးခဲ့သော် ဤလိမ္မာရေးခြားရှိသော ဇနီးကြီး အဘယ်သို့ ရှိရှာမည်နည်း။ သည်အခါတွင် သားကြီးမောင်တောက်ထွန်းသည် ကိုသာဒင်၏ အသိတရားသို့ ရောက်ရှိလာကာ ဖြေနိုင်စိတ် ပွားများလာ၏။

သားကြီးက အမိကိုစောင့်ရှောက်လိမ့်မည် ဆိုသည်ကိုထား။ ဖအေကိုခင်တွယ်လှသော သမီးနှစ်ယောက်၊ ဖအေကွယ်လွန်သည်ကြားလျှင် နှလုံးကြေကွဲ စိတ်ဆင်းရဲကြရတော့မည်။ ကိုသာဒင်၏ နှလုံးသား ပျော့ညံ့သွား၏။

မညိုသင်းသည် အလုပ်ကိုနားကာ အိမ်ရှေ့သို့ မျှော်ကြည့်သည်။ လှေကားထိပ်တွင်ရပ်နေသော ခင်ပွန်းကိုမြင်သောအခါ ချုပ်လက်စ အဝတ်များကို ဘေးသို့ချလိုက်သည်။

''မိုးချုပ်လှချည့်လား ကိုသာဒင်၊ ဆာလှပြီ၊ လာ စားရအောင်''

''နေပစေ မညိုသင်း ကျုပ်မစားတော့ဘူး။ စားချိန်လည်း မရှိဘူး''

မညိုသင်း၏ လက်များရပ်သွားကာ၊ ကိုသာဒင်အား ဖျတ်ခနဲလှည့်ကြည့်ရာ အသွင်ခြားနားနေသော ချစ်လင်၏မျက်နှာကို သတိပြုမိသည်။

''နေမကောင်းဘူး ထင်တယ်၊ မျက်နှာလည်း မကောင်းပါကလား''

''နေကောင်းပါတယ်ကွယ်၊ အိမ်ရောက်မှ ဝမ်းနည်းလို့ပါ''

''ရှင် ဘယ်လို''

မညိုသင်းသည် ကိုသာဒင်နှင့် မျက်နှာဆုံအောင် လှည့်လိုက်လေ၏။ ထူးခြားသော စကားကို ဆိုသည့်လူအား စေ့စေ့စပ်စပ် ကြည့်သည်။ ကိုသာဒင် ဝမ်းနည်းနေပါသည်။ စိတ်တက်ကြွနေသော သူပုန်တွေကြားတွင် ရဲရင့်ထက်သန်ခဲ့ရသမျှ၊ ခင်မင်ဖွယ်ဖြစ်သော၊ သနားစရာလည်းကောင်းသော၊ ချစ်မြတ်နိုးတွယ်တာစရာလည်းဖြစ်သော ရှိုးနှင့် အသိုက်အအုံအရိပ်သို့ နင်းဝင်မိသောအခါ စိတ်ဝေ၍ နှလုံးသား ပျော့နုလာရခြင်း ဖြစ်၏။

"ဘာပြောတာလဲ ကိုသာဒင်၊ ကျွန်မနားလည်အောင် ပြောပါဦး"

"ကျုပ်တို့ သူပုန်ထတော့မယ် မညိုသင်း။ သစ္စာဖောက်သာဖဲ ရှာကိုများ ရောက်လာလိုလာငြား ဆရာတော်က တာဝန်ပေးလို့ တစ်ခေါက်ပြန်ကြော့တာ၊ ပြည်ကို သွားမယ့် မီးရထားအမီ သာလှတံတားကို သွားရမယ်"

"သာလှတံတားကို"

မညိုသင်းသည် သာလှတံတားကို ဘာသွားလုပ်မှာလဲ မေးမိမည်ဖြစ်သွားသည်။ ချက်ချင်း သိနားလည်ခြင်း သဘောဖြစ်သော "မမေးအပ် မမေးထိုက်ခြင်း"အဖြစ်ကို သတိရကာ နှုတ်ဆိုင်းသွား၏။

ကိုသာဒင်သည် ထမင်းပွဲကိုငေးကြည့်နေကာ၊ လွင့်ပျံ့ခြင်း တွယ်တာခြင်းကို ဆောင်သောအသံဖြင့် ပြောသည်။

"မညိုသင်း မျှော်နေမှစိုးပြီး ကျုပ်ဝင်လာမိတာဟာ ကျုပ်ရဲ့အမှားပဲ။ မညိုသင်းကိုမြင်တော့ ကလေးတွေကို မြင်ချင်လာပြီး ဝမ်းနည်းလာတာပဲ"

မိန်းမသားကို မငိုချင် ငိုချင်အောင် လှုံ့ဆွရာရောက်သော စကား။ သည်စကားကြောင့် မညိုသင်း ရင်တွင်းကျင်၍ မျက်ရည်စို့လာစေကာမူ "ရန်သူ့ကို ဘယ်တော့မှ ဒူးမထောက်တဲ့ တို့အမျိုး၊ ရန်သူကို ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေတဲ့ တို့အမျိုး၊ အဲဒီအစဉ်အလာကို ထိန်းသိမ်းရစ်ပါ သမီးလေး"ဆိုသော ကျွန်းညွန့်မင်းသား အရေးတော်တွင် ရန်သူ့လက်ချက်ဖြင့် ကျဆုံးခဲ့ရသော အဘိုးသေအံ့မူးမူး၌ မှာသွားသော စကားများကို ဒက်ခနဲ ကြားလာသောအခါ မညိုသင်း မျက်ရည်သုတ်လိုက်သည်။ ကိုသာဒင့်ခြေရင်းတွင် ဝင်၍ ကိုသာဒင်၏ခြေဖျားများကို မိမိ၏ဆံပင်ဖြေ၍ ပွတ်တိုက်၏။

"မညိုသင်း ကျုပ်စိတ်မကောင်းအောင် လုပ်တာလားဟင်"

မညိုသင်းသည် ခါးမတ်လိုက်သည်။ ဆံပင်တွေကို ကျောပေါ်သို့ ပစ်တင်သည်။ လင်ကို စေ့စေ့ကြည့်၏။

"ကိုသာဒင် ကျွန်မဟာ တော့်မယားဖြစ်ရတာ ဝမ်းသာလွန်းလို့ပါ။ ကျွန်မ

အဘိုးရဲ့ရန်သူ၊ ကျွန်မတို့ရဲ့ ရန်သူကိုတိုက်မယ့် သူပုန်ကိုမှ လင်အဖြစ်ရွေးမိတဲ့ ကျွန်မ လင်အရွေးမှန်တာ တွေးတွေးပြီး ဝမ်းသာလွန်းလို့ပါ''

သည်အခါတွင် မညိုသင်း မတားဆီးနိုင်မီ ကြည်နူးသောမျက်ရည်တို့ ပါးပေါ် စီးဝေလာသည်။

''ကျွန်မ ဝမ်းမနည်းဘူး ဝမ်းသာတယ်။ သူပုန်ထတယ်ဆိုတာ ထချင်တိုင်း ထလို့ရတာ မဟုတ်ဘူး၊ အခွင့်ပေါ် အခါသင့်မှ ဖြစ်တာရှင့်၊ သေတစ်နေ့ မွေးတစ်နေ့ ကြောက်လွဲ ရဲမင်းဖြစ်၊ ကျွန်မပန်းသပြေနဲ့ ညောင်ရေလောင်းပြီး ဆုတောင်းမယ်။ ဒီသား သမီးတွေကို ကျွန်မတာဝန်ထား၊ ဘာမှ နောက်ဆံမတင်းနဲ့''

ကိုသာဒင် ရင်မှအပူသည် ပြေတန်သလောက် ပြေပြီ။ ထိုအခါ ဓားကိုဆုပ် ထားသော လက်ချောင်းများသည် အစာတော်၌ ခွေအိပ်နေသော မြွေဆိုးကြီး အစာဝင် သဖြင့် လှုပ်ကြွားထကြွလာသလို၊ အားနှင့်မာန်နှင့် တင်းကြပ်လာတော့၏။

''ဟုတ်တယ် မညိုသင်း။ တို့အဘိုးအတွက် ငါတို့လက်စားချေရမယ်။ အဘိုးရဲ့ သွေးသောက် ရောင်းရင်းတွေကိုယ်စား အင်္ဂလိပ်ကို ငါတို့လက်စားချေရမယ်။ မင်း၊ မင်း အာဇာနည်မိန်းမထူး၊ မိန်းမမြတ်ပါကလားကွ''

ကိုသာဒင်သည် မညိုသင်းကို တင်းကြပ်စွာပွေ့၍ တအားနမ်းလေသည်။ သို့သော် တဏှာရမက်ကင်းသော အနမ်း၊ မြတ်နိုးခြင်း လေးစားခြင်းနှင့် ဦးထိပ်ရွက်သော အနမ်းသာတည်း။

''ကျုပ်သွားမယ် မညိုသင်း''

ကိုသာဒင်သည် မညိုသင်းကို ညင်သာစွာဖြေလွှတ်၍ ပေါ့ပါးသွက်လက်စွာ ပြေး ဆင်းသွားလေ၏။

သည်အခါကျမှ မညိုသင်းသည် အားရပါးရ ငိုပစ်မိသည်။ အန္တရာယ်မကင်း သော အမှုတစ်ခုကို ဆောင်ရွက်ရတော့မည်ရှိသော ရိုးသားတည်ကြည်သည့် လင်သား၊ ကြင်နာတတ်သောလင်သားအတွက် မယားတစ်ယောက်ပီပီ ငိုကြွေးမိခြင်းဖြစ်၏။

သို့သော် မညိုသင်းသည် ကြာရှည်မငိုကြွေးနိုင်ပေ။ အိမ်တွင်းသို့ပြေးဝင်၍ ကျွန်းသေတ္တာကြီးကိုလှပ်၍ တရိုတသေသိမ်းသိုထားခဲ့သော ဓားကိုဆွဲ၍ အိမ်ပေါ်မှ ပြေးဆင်းလာသည်။

ရေကောင်းမင်းကြီးရွာသည် ငြိမ်သက်နေ၏။ ညနေက သူပုန်တစ်စု ရွာကို ဝိုင်းခဲ့စေကာမူ ကလေးသံများ၊ ရယ်ရွှင်သံများ စိုးစဉ်းကြားနေရသည်။ များသော မိန်းမ သားတို့မှာမူ အိမ်တံခါးကိုပိတ်၍ တော်ရာသင့်ရာသို့ ရှောင်နေကြပုံရသည်။ အိမ်အများ

မှောင်ပိန်းနေလေ၏။

မညိုသင်းသည် သားကိုရှာဖွေခြင်းဖြစ်သည်။ သားကြီးတောက်ထွန်း ရောက်နေလေ့ရှိသော ဒေါ်လှမြတ်တို့အိမ်သို့ ဝင်ခဲ့၏။ အိမ်ထဲတွင် မီးလက်နေသည်။ လူရိပ်လူယောင် ရှင်းသည်။

"မလှမြတ်ရေ၊ ကလေးတွေအသံ မကြားပါလား၊ ဘယ်သွားကြလဲ"

ဒေါ်လှမြတ်သည် အိမ်တိုင်အကွယ်မှ ခေါင်းပြူ၍ကြည့်ကာ "ငွေ့ရှင်တို့အိမ်ဘက်ကိုသွားကြတယ်၊ ထိုင်ပါဦး"ဟု အသံပေး၏။

"မထိုင်တော့ဘူး၊ လိုက်သွားဦးမယ်"

"ခဏလေးနေပါဦး"ဆိုကာ ဒေါ်လှမြတ် အိမ်ပေါ်မှ ဆင်းလာသည်။

"အိမ်ကလူတော့ သူပုန်မိုလ်လုပ်ပြီး ထွက်သွားပြီ။ ကိုသာဒင် ပါသွားတာရော သိရဲ့လား"

"သိပါတယ်။ လူကလေးကိုလည်း သူပုန်ထဲထည့်မလို့ လိုက်ရှာနေတာ"

"အို မတော်တာ မညိုသင်းရယ်"

"အဘိုးအတွက် လက်စားချေရမယ် မလှမြတ်ရေ့။ ကဲ လိုက်ရှာလိုက်ဦးမယ်"

မညိုသင်းသည် ငွေ့ရှင်တို့အိမ်ဘက်သို့ အပြေးထွက်ခဲ့သည်။

ငွေ့ရှင်တို့အိမ်မှာ မီးလင်းနေ၏။ ငွေ့ရှင်၏မိန်းမမှာ လင်သူပုန်ကို မီးခွက်ကြီးနှင့် မျှော်နေဟန်တူ၏။ မီးခွက်ဘေးတွင် မောင်တောက်ထွန်း၊ မိုးကောင်းနှင့် ပန်းယဉ်တို့ မောင်နှမတွေသည်ငှင်း၊ ထားအိ၊ လှသွယ်၊ မြခြယ်နှင့် ဖိုးအေးတို့ မောင်နှမတစ်စုသည် ငှင်း၊ ခင်သစ်သည်ငှင်း၊ ထွေန်းသည်ငှင်း၊ အပူအပင်မဲ့ ရယ်မောနောက်ပြောင်နေကြပေ၏။

ထွေန်းသည် ပန်းယဉ်အားခင်မင်၏။ မိုးကောင်းသည် ခင်သစ်အား ခင်မင်၏။ မောင်တောက်ထွန်းက ထားအိကို တွယ်တာသည်။ သူတို့သည် ဆုံမြဲတွေ့မြဲဖြစ်ကာ ကျန်လူများကား အဆွယ်အဖြစ် အရံအဖြစ် ကန့်လန့်ပါစမြဲပင်။

အဆွယ်အရံများသည် သူတို့ သူတို့အား အနှောင့်အယှက် မဖြစ်ပေ။ ဖြစ်သည်ဟု မမြင်ကြချေ။ ဤအစုကလေး ဤအသိုက်ကလေးကို ရွာမကြီးထဲမှ ရွာကလေးတစ်ရွာအဖြစ် မှတ်ပိုက်၍ သံယောဇဉ်ထားကြသည်။

ယခုပင်လျှင် ထွေန်း၏အင်္ကျီနှင့် ကျောပြင်ကြားသို့ မြခြယ်က နံကောင်တစ်ကောင် ဖမ်းထည့်ထားသောကြောင့် ထွေန်း တွန့်လိမ်ကောက်ကွေးနေ၏။

"လူကလေး မောင်တောက်ထွန်း ရှိလားဟေ့"

မောင်တောက်ထွန်းသည် ခေါင်းထောင်ကြည့်ကာ "အစ်မလား"ဟု မေးသည်။

''ဟုတ်တယ် သားရေ၊ လာဦး''

ထားအိပါ တစ်ပါတည်း လိုက်ပါလာ၏။

''ထားအိ နေခဲ့လေ၊ အစ်မက ဘာကိစ္စခေါ်မှန်း မသိတာ''

''လိုက်တော့ ဘာဖြစ်လဲ၊ ကိုတောက်ထွန်းမှာ ထားအိမသိစေချင်တဲ့ကိစ္စ မရှိပါဘူး''

မညိုသင်းသည် ဘာမပြော ညာမပြောနှင့် သား၏လက်ထဲသို့ ဓားအပ်လိုက်၏။

''အဘေးရဲ့ဓား ဘာလုပ်မလို့လဲ အစ်မ''

''မင်းအဘိုး ဘယ်သူ့လက်ချက်နဲ့ သေရသလဲသိလား''

''အင်္ဂလိပ်ကြောင့်ပဲ အစ်မရဲ့''

''အေး အခု အင်္ဂလိပ်ကို လက်စားချေဖို့ အခွင့်ကြုံပြီ၊ မင့်အဖေတို့ မင့်ဦးကြီး ဦးမှင်တို့ဟာ အင်္ဂလိပ်ကို သူပုန်ထကြပြီ အင်္ဂလိပ်ကို တိုက်မလို့တဲ့ ထွက်သွားကြပြီ''

''ထားအိလည်း လိုက်မယ်''

''သမီးက မိန်းကလေးပဲ လိုက်လို့မဖြစ်ဘူး သမီး။ မိန်းကလေးဆိုတာ အိမ်မှာနေပြီး ကိုယ့်တာဝန် ကျေပွန်ရမယ်''

ထားအိငြိမ်ကျသွားသည်။

''ငါ့သားဟာလည်း အဘိုးရဲ့သွေးမဟုတ်လား။ အဘိုးသေရွာက သာဓု ခေါ်အောင် အဖိုးရဲ့သွေးကိုပြဖို့ဟာ ဒီအချိန်ပဲ၊ အခွင့်အခါဆိုတာ ကြုံခဲတယ်ငါ့သား။ မင့်အဖေရဲ့ တပ်တော့သွားပြီ၊ မင့်ဦးကြီး ဦးမှင်ရဲ့တပ်တော့ နောက်ချန်နေလို့ မရင်းကိုင်း ဘုန်းကြီး ကျောင်းထဲမှာ ရှိဦးမယ်ထင်တယ်''

''တိုက်မယ်အမေ၊ ကျွန်တော်တို့ သာသနာကို စော်ကား၊ ကျွန်တော့်အဘေး ကိုသတ်တဲ့ အင်္ဂလိပ်ကို ကျွန်တော်လက်စားချေမယ်''

''ဒါမှ အမေ့သားကွ၊ ကဲ သွားပေတော့ ငါ့သား အောင်မြင်ပါစေတော်''

မောင်တောက်ထွန်းသည် အမိကို ကန်တော့၍ ထရပ်သည်။ မီးရောင်အောက် တွင် မြူးတူးကစားနေသော ညီ ညီမနှင့် အဖော်များကို စောင့်ကြည့်၏။

''နှုတ်ဆက်မနေနဲ့ သားရယ်၊ မသေရင် ပြန်တွေ့ရမှာပဲ''

''ဟုတ်ကဲ့ အစ်မ''

မောင်တောက်ထွန်းသည် မှောင်ထဲသို့ ပြေးဝင်ခဲ့သည်။

မောင်တောက်ထွန်းသည် မရင်းကိုင်းဘုန်းကြီးကျောင်းသို့ သွားသည့်လမ်း ဖြစ်သောတံခါးသို့ ဦးတည်ခဲ့ခြင်းဖြစ်၏။ ထားအိတို့ အိမ်ရှေ့သို့ရောက်သောအခါ ခြေတို့

သွားသေးသော်ငြား အားတင်း၍ ထွက်ခဲ့လေသည်။

မှောင်၏။ သို့သော် ကြယ်ရောင်တွေရှိ၏။ တစ်ခုမက နှစ်ခုမကသော ကြယ်များသည် မောင်တောက်ထွန်းကို လမ်းပြပေလိမ့်မည်။

ရွာတံခါးနှင့် နီးလာချိန်တွင် နောက်မှပြေးလိုက်လာသော တစ်စုံတစ်ယောက်၏ ခြေသံကိုကြားရသည်။ မောင်တောက်ထွန်းသည် ဓားကိုချွတ်ရန် လှုပ်ရှားကစားထား၏။

"ကိုတောက်ထွန်း ခဏနေပါဦး" .

ထားအိ၏ အသံပင်။ မောင်တောက်ထွန်း လှည့်ကြည့်စဉ် ထားအိက အနားသို့ ရောက်လာကာ မောပန်းသံဖြင့်ပြောသည်။

"အမေ အပေးခိုင်းလိုက်လို့။ တိုက်ပွဲမှာ အဲဒါကလေးကို ကိုယ်နဲ့မကွာ ဆောင်ထားပါတဲ့"

"ဘာလဲ ဟင်"

"ဝက်စွယ်ကင်းပိတ်ပါ"

ထားအိ၏ အကူအညီဖြင့် ဝက်စွယ်ကင်းပိတ်ကို လက်မောင်းတွင်ချည်သည်။ ထားအိကထပ်မံ၍ ပစ္စည်းတစ်ခု ပေးပြန်၏။ ကွမ်းယာ။

"ထားအိကိုလွမ်းမှ စားနော်။ ထားအိကို မလွမ်းရင် မစားနဲ့"

"ထားအိရယ် ဘယ်လိုပြောပါလိမ့်။ တစ်ရွာတည်းနေရတာတောင် မမြင်ရရင် လွမ်းတဲ့ဟာကို ဝေးဝေးလံလံသွားရင်တော့ အချိန်ရှိသမျှ လွမ်းနေမှာပဲ ကွမ်းတစ်ယာနဲ့ ဘယ်လောက်ပါ့မလဲ"

မောင်တောက်ထွန်းသည် ထားအိ၏ပုခုံးကို မကိုင်စဖူး ကိုင်လေသည်။ ထားအိသည် ငြိမ်နေမိပြီးမှ "ကဲကဲ သွားတော့ အဖေနဲ့တွေ့ရင်လည်း အိမ်ကို စိတ်ချဖို့ပြော လိုက်ပါ"ဆိုကာ ရုန်းထွက်သွားလေ၏။

မောင်တောက်ထွန်းရင်ထဲမှာ ဟာသွားသည်။ ထားအိနောက်သို့ပြေးလိုက်ကာ ထားအိကိုပိုက်ထွေးထားချင်၏။ အမိမညီသင်း၏ မျက်နှာသော ပေါ်မလာပါက စိတ်နောက်သို့ ကိုယ်ပါမိချေမည်။

မရင်းကိုင်းဘုန်းကြီးကျောင်းတွင် ရှိနေသေးသောတပ်ကို မီရန် မောင်တောက်ထွန်း အပြေးလာသည်။ လယ်ကန်သင်းများ၌ ခွေလျှေ့ရှိသော မြွေဆိုးများသည် ဤညဥ့်အဝေးသို့ရှုံကြဟန်တူ၏။ ကန်သင်းများသည် ချောမွေ့ဖြောင့်ဖြူး၏။

ရေစပ်စပ်သာရှိသော လယ်ကွင်းထဲမှ ဖားများက မောင်တောက်ထွန်းအား ကောင်းချီးသံ တညံညံပြုကြသည်။ ပိုးပင်ငယ်များသည် မောင်တောင်ထွန်းအား ဦးညွတ်

ကြ၏။ သွားရာခရီးရှေ့တွင် အခြားကြယ်များထက် ကြီးမားထွန်းလင်းသော ကြယ်ကြီး တစ်လုံးကလည်း မောင်တောက်ထွန်းကိုကူညီသည်။

ကျောင်းနှင့်နီးလာပြီ။

ကြီးမားသောသူပုန်တပ်ကြီးသည် ငြိမ်သက်တိတ်ဆိတ်စွာ ချီတက်လာ၏။ မောင်တောက်ထွန်းမှာ ကြက်သေသေသလို တုံ့ဆွံ့သွားသည်။ ''ဟေ့ ဘယ်သူလဲ''ဟု အမေးခံရမှ လှုပ်ရှားနိုင်၏။

''ကျွန်တော် ရေကင်းမင်းကြီးရွာက ဦးသာဒင်ရဲ့သားပါ''

မောင်တောက်ထွန်းအား မေးသူမှာ ဦးချစ်စုခေါင်းဆောင်သော လက်ရွေးစင် ၅၀ အစုမှ ကြေးထမ်းကြီး ဦးချစ်စုဖြစ်နေလေသည်။

''မင်းအဖေပါတဲ့တပ် စစ်ထွက်သွားပြီကွ''

''အဖေ့ကိုတွေ့ချင်လို့ မဟုတ်ပါဘူး။ သူပုန်တပ်ထဲ ဝင်မလို့ပါ။ ဦးကြီးမှင်ရဲ့ တပ် ချီသွားပြီလား ဦးကြီး''

''နောက်ကလာနေပြီ''

မောင်တောက်ထွန်းသည် သူပုန်များကို တိမ်းရှောင်ကာ နောက်တပ်သို့ အပြေး လာခဲ့သည်။ ဦးမှင်သည် တပ်ဦးမှ ချီတက်လာ၏။

''ဦးကြီး ကျွန်တော်လည်း လိုက်မယ်''

''ဟဲ့ ဘယ်သူလဲ မောင်တောက်ထွန်းလား။ ကောင်းတယ်ဟေ့''

ဦးမှင်သည် ဝမ်းသာအားရ လက်ခံ၏။

''ဟာ မင်းမှာ ဘာအဆောင်မှမပါဘူးကွ ဖြစ်ပါ့မလား''

''ဖြစ်ပါတယ် ဦးကြီးရဲ့။ ကျွန်တော့်မှာလည်း အဆောင်ပါပါတယ်။ နောက်ပိုင်း ကို. စိတ်ချလို့ ဦးကြီးသမီးကလည်း မှာလိုက်ပါတယ်''

''ဒါ အရေးမကြီးပါဘူးကွာ။ မိုလ်တွေပေးတဲ့အမိန့်ကို တသွေမသိမ်း နာခံ ရမယ်နော်''

''စိတ်ချပါ ဦးကြီး''

''အေးအေး၊ နောက်ပိုင်းမှာ သွားပြီ စာရင်းသွင်းချေ။ တိတ်တိတ်ဆိတ်ဆိတ် လည်း ရှိပစေ''

သူပုန်တပ်ကြီးသည် ညဉ့်အမှောင်ကို အကာအကွယ်ယူလျက် ဘော်လင်းဂါတ် သို့ ဦးတည်ချီတက်လာလေ၏။

## ခြောက်

"သူပုန်တပ်မတော် သာယာဝတီ ဒိစတြိတ်"သည် အမှောင်အောက်တွင် စစ်ကြောင်း သုံးသွယ် ခွဲ၍ ချီတက်လျက်ရှိသည်။

ပထမစစ်ကြောင်းသည် ဇီးကုန်းသို့ ဦးတည်လျက်ရှိသည်။ တပ်ခေါင်းဆောင်မှာ ရွှေပြစ်၍ ဂါတ်ကိုစီးနင်းရန်နှင့် ရာဇဝတ်ဝန်ကလေး အစရှိသည်တို့ကို သုတ်သင်ရန် ဖြစ်သည်။

ဒုတိယစစ်ကြောင်းကို ဆရာတော်ဦးသူရိယနှင့် တာပွန်ဦးမောင်ကလေးတို့ ခေါင်းဆောင်ကာ ကိုသာဒင်တပ်မှူးအဖြစ် ထိန်းသိမ်း၍ ဇီးကုန်းနှင့် သုံးမိုင်ကွာ သာလုတံတားသို့ ဦးတည်ချီတက်နေကြ၏။ ရည်ရွယ်ချက်မှာ မြန်မာပြည်တွင် မီးရထားလမ်းဟူ၍ သည်တစ်လမ်းသာ ရှိသေးသော ရန်ကုန် ပြည် ရထားလမ်းတံတားကို ဖျက်၍ ရထားကို မှောက်ပစ်ကာ ပြည်မြို့သို့ ပို့မည့်ငွေကို သိမ်းပိုက်ရန် ငွေစောင့်ပုလိပ်တို့ထံမှ လက်နက် ကို သိမ်းယူရန် ဖြစ်၏။

တပ်မှူးချုပ်ဖြစ်သော ဦးသူရိယသည် တံတားအနီး တောစပ်တွင် တပ်ကိုရပ်ရန် အချက်ပေးတော်မူလိုက်ကာ ကောင်းကင်သို့ မော့်ကြည့်သည်။ ကောင်းကင်၌ မိုးသားများ အုံ့မှိုင်းနေ၏။ ကြယ်ရောင်မလက်၊ လမထွက်။ စောင်မည်းကြီးသည် သူပုန်တို့အား လုံခြုံအောင် အုပ်ပေးထားသည်သို့ ရှိချေသည်။

ဆရာတော်သည် သူ၏တပ်သားများကို ကြည့်ပြန်၏။ အမှောင်အောက်ဝယ်

တီးတိုးသံများနှင့် ဆေးလိပ်မီးဖွား တရဲရဲကိုသာ မြင်ရစေကာမူ သူပုန်များသည် တက်ကြွနေပေလိမ့်မည်။ လှည်းပြိုင်ပွဲမှ တာလွှတ်ဆဲဆဲ နွားကောင်းများလို မာန်တပြင်းပြင်း အံတကြိတ်ကြိတ် ရှိနေကြမည်မှာ သေချာ၏။

''မောင်ကလေး''

''ဘုရား''

ဆရာတော်က ခေါ်သောကြောင့် ဦးမောင်ကလေးသည် အနားသို့ တိုးလာသည်။

''ဒီတံတားပေါ်မှာ ရထားမှောက်ပြီဆိုရင် တို့ဘယ်လိုတိုက်မလဲ''

''ရထားမှောက်ရင် ပုလိပ်တွေ ကိုးရိုးကားယား ဖြစ်ကုန်မယ် မဟုတ်လား ဘုရား။ သူတို့ နေရာတကျမဖြစ်ခင် အတင်းဝင်စီး အတင်းခုတ် အတင်းသတ်ပြီး ငွေသေတ္တာကို ဆွဲချမှာပေါ့ဘုရား''

''ဟုတ်ပြီ။ ရထားမမှောက်ဘဲ ရပ်ရုံ ရပ်သွားပြီ ဆိုပါတော့ကွာ''

ဦးမောင်ကလေး ဆုတ်ဆိုင်းသွားကာ ''ဟာ မှောက်ရမှာပေါ့ ဘုရား''ဟု ဆိုသည်။

''ဟေ့ကောင် စစ်တိုက်တယ်ဆိုတာ လယ်ထွန်တာမဟုတ်ဘူးကွ။ မင့်လယ်ထွန်တာကသာ ၆ စပ်ဆိုရင် သမန်းညက်တယ်။ နောက် ၄ စပ် သမန်းပြန်ပြီးစိုက် အဲဒီလို မူသေရှိတာကွ''

''မောင်သာဒင် လာပါဦးဟေ့''

ဦးမောင်ကလေးသည် မိမိတစ်ဦးခေါင်း တစ်ဉာဏ်တည်း မဖြေနိုင်သဖြင့် ဗိုလ်တစ်ဦးဖြစ်သော ကိုသာဒင် လှမ်းခေါ်သည်။

ကိုသာဒင်မှာ တပ်သားများအား လိုက်လံနှိုးဆော်နေရသဖြင့် ရုတ်တရက် ရောက်မလာနိုင်။ ဆရာတော်က ဆက်လက်အမိန့်ရှိ၏။

''စစ်တိုက်ရာမှာ မိမိက ဒီလိုတိုက်မယ်စီစဉ်ထားသော်လည်း ရန်သူက ဘယ်လို ခုခံမယ်ဆိုတာ သိရတာမဟုတ်ဘူး။ ရန်သူရဲ့ ခုခံမှုကိုကြည့်ပြီး မူလလျာထားချက်ကို ပြောင်းသင့်ရင် ပြောင်းရတာ''

''အို ကိုယ်တော်ပြောသလို ရထားရပ်ရုံပဲ ရပ်သွားရင် အတင်းဝင်စီးမယ်ဘုရား''

''အေး ဒါ သိချင်တာပဲကွ။ ကဲ မောင်သာဒင် ထိုင်စမ်းဟေ့''

ကိုသာဒင် အပြေးအလွှား ရောက်လာသဖြင့် ဆရာတော်က တစ်ဆက်တည်း ပြောရာက မေးလိုက်၏။

''ရထားမမှောက်ဘဲ ရပ်ရုံရပ်သွားရင် မင်းဘယ်လိုလုပ်မလဲ''

"ဟုတ်တယ်ဘုရား။ ဒါဟာ စဉ်းစားသင့်တဲ့ အချက်ပဲ"

"အေးလေ စဉ်းစားသင့်လို့ မင်းကိုခေါ်ပြီး မေးတာပေါ့"

"ဒီလိုဖြစ်ခဲ့သော် တပည့်တော်တို့ဘက်က အသင့်ဖြစ်အောင် တပ်သားတွေဟာ ရထားမလာခင်မှာ ကြိုတင်ပြီး တာဘေးမှာကပ်ဝပ်နေရမယ်ဘုရား။ ဒါမှသာ ရထားတွဲ ဘေးကိုချက်ချင်းရောက်နိုင်မယ်။ ဘွားခနဲရောက်သွားမှ ရန်သူက စောစောစီးစီး ကြို တင် မပစ်ခတ်နိုင်မှာ ဘုရား"

"အေးဟ မင်းက ဒီလိုတော့လည်း တော်သားပဲကွ"

ဆရာတော်သည် နှစ်ခြိုက်စွာ ရယ်မောနေလေ၏။ ဦးမောင်ကလေးသည်လည်း ကိုသာဒင်၏ပုခုံးကို ကျေနပ်စွာ ပုတ်နေလေသည်။

ဤအချိန်ဝယ် ရွှင်ခေါင်းဆောင်သော သူပုန်တပ်တစ်တပ်သည် ဇီးကုန်းမြို့ အခြေသို့ ကပ်မိကြချေပြီ။

ရွှင်နှင့် ပူးတွဲတာဝန်ပေးခံရသူမှာ ဦးစိန်တုံးဖြစ်သည်။ ရေကင်းမင်းကြီးရွာကို ဝိုင်းစဉ်က ဦးစိန်တုံးသည် ရွာနှင့် မလှမ်းမကမ်းတွင် တပ်သားအချို့နှင့် ကျန်နေခဲ့၏။ သူက သူကြီးနှင့် ရင်းနှီးသောကြောင့်ဆိုကာ ကျန်နေခဲ့ခြင်းဖြစ်သည်။

"ကဲ ဦးစိန်တုံး၊ ခင်ဗျားနဲ့ ခင်ဗျားလူတွေက ဟောဟိုဥယျာဉ်ထဲက ဖြတ်ဝင် နာရီဝက်အတွင်း ဝန်ကလေးရဲ့အိမ်နားကို ရောက်ပစေ"

"မင်းက ငါ့ကိုအမိန့်ပေးနေရအောင် မင်းကလူကြီးလား ငါကလူကြီးလား"

သူတို့၏နောက်ဘက်တွင် တပ်သားများသည် ထွေရာလေးပါး ပြောနေကြ၏။ ဆေးလိပ်မီးတရဲရဲနှင့် ချောင်းဆိုးသူ၊ တံတွေးထွေးသူ စသည်ဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။

"အရေးထဲမှာ အသက်ကြီးတာ ငယ်တာ ကြေးတိုက်နေပြန်ပါပြီဗျာ။ ဆရာ တော် ကိုယ်တိုင်က ကျုပ်ကိုခေါင်းဆောင်ခန့်လိုက်တာပဲ"

"ထားပါလေ ကဲကဲ ထားပါ။ ဥယျာဉ်ထဲဝင်တော့ သူ့ပိုင်ရှင်က သူခိုးထင်ပြီး လှံနဲ့ထိုးရင် ဘယ်နှယ့်လုပ်မလဲ"

"ဟာ ခက်တော့တာပဲဗျာ။ သူပုန်ထနေတာဗျ။ ရာဇဝတ်ဝန်ကိုသတ်ပြီး ဂါတ်ကိုစီးမည့်လူက လှံနဲ့ထိုးမှာ ကြောက်ရတယ်လို့ဗျာ။ မသိအောင်ဝင် မသိအောင် ထွက်ရမှာဗျ။ မရှောင်သာလို့ ပက်ပင်းတိုးတော့လည်း ကြိုးနဲ့တုတ်ပြီး ပါးစပ်ကို အဝတ် စည်းပစ်ခဲ့ဗျာ"

"ဟေ့ ဘာမှခက်အောင် လုပ်မနေနဲ့။ လမ်းရိုးရှိတာ လမ်းရိုးအတိုင်း သွား

လိုက်ရင် မလွယ်ပေဘူးလား''

''တယ်ခက်တာကိုးဗျ။ ဦးသာဖဲ ပျောက်သွားတာတို့၊ ကျောင်းနားကို လူစိမ်းနှစ်ယောက်ရောက်လာတာတို့ ခင်ဗျားထည့်မတွက်တော့ဘူးလား။ ရန်သူက ကျုပ်တို့ရဲ့အကြံအစည်ကို ကြိုတင်သိထားလို့ တိတ်တိတ်ကလေး စောင့်နေရင် ဘယ်ကစောင့်မလဲ၊ လမ်းရိုးကစောင့်မှာပဲ မဟုတ်လား၊ ဒါကြောင့် ခင်ဗျားက အဲဒီဘက်သွားပြီးကျုပ်က ဟောဟိုလမ်းကြားကလေးထဲက သွားပြီး ဝန်ကလေးရဲ့ အိမ်နားမှာ ဆုံမယ်ပြောတာ''

''အို့ကွာ ငါတော့ ဒီလမ်းကပဲ သွားမယ်။ ဘာမှလည်း စောင့်နေမှာမဟုတ်ဘူး။ စောင့်နေတာ့ကော၊ ကုလားများ အရေးလုပ်လို့''

''ဗျာ၊ ကုလားကို အရေးလုပ်လို့ ဟုတ်လား။ ဒီလိုဆိုရင်လည်း ခင်ဗျားတစ်ယောက်တည်း သွားချဗျာ။ ကျုပ်တို့ ဒီကထိုင်စောင့်နေပါ့မယ် မကောင်းဘူးလား''

''မင်းငါ့ကို ထော်လော်ကန့်လန့် မလုပ်နဲ့ ရွှင်။ မင်းဘာကောင်လဲ ငါဘာကောင်လဲဆိုတာ အရပ်ကသိတယ် နားလည်လား''

''သိပါတယ်ဗျာ။ အခု ပြောတာကလည်း ခင်ဗျားကို တမင်ကန့်လန့်ပြောတာမဟုတ်ပါဘူး။ ခင်ဗျားပြောလို့ ပြောရတာပါ။ ကဲ၊ ခင်ဗျားက ဥယျာဉ်ထဲက ဖြတ်ဝင်၊ကျုပ်က ဟောဟို လမ်းကြားထဲက ဝင်မယ်။ ဝန်ကလေးအိမ်နားက မြောင်းထဲမှာဆုံကြမယ်''

ရွှင်သည် သူဦးစီးမည့် တပ်ဘက်သို့ လှည့်ထွက်သွားလေ၏။

သူပုန်တို့၏ အခြားစစ်ကြောင်းတစ်ခုကား ဘော်လင်းဂါတ်သို့ ဦးတည်ချီတက်လာသော တပ်ဖြစ်၏။ တပ်မှူးမှာ ဦးချစ်စုနှင့် ဦးမှင်တို့ဖြစ်ကြသည်။

ကြေးထမ်းဦးချစ်စုသည် အခြားစစ်ကြောင်းများမှ သူပုန်ဗိုလ်များနှင့် စာလျှင်စစ်ဆင်စစ်တက် သဘောကိုနားလည်သူဟု ဆိုရမည်။ သူသည် ရွာနှင့် လှမ်းလှမ်းမှာတပ်နားသည်နှင့် တစ်ပြိုင်နက်၊ ဆေးလိပ်မသောက်ရ၊ ချောင်းမဆိုးရ၊ စကားမပြောရဟုအမိန့်ထုတ်ထား၏။

ဦးမှင်နှင့်တပ်သည် အမှောင်ရိပ်ကို အားပြုလျက် ဘော်လင်းဂါတ်ကို တိတ်ဆိတ်စွာ ဝိုင်းထားလိုက်သည်။ ကြေးထမ်းကြီးကား ကြိုတင်စီစဉ်ထားသော ဘော်လင်းရွာသားသူပုန်သုံးယောက်ကို ကြိုးနှင့်တုပ်ပြီး၊ လက်ရွေးစင်ငါးဆယ်နှင့်အတူ မီးတုတ်များထွန်း၍ဘော်လင်းဂါတ်ကို လာခဲ့လေ၏။

''ရပ်၊ ရှေ့မတိုးနဲ့''

နိုးကြားနေသောဂါတ်မှ စန္ဒလီက အော်၍တားဆီးသည်။

''ကျွန်တော်ပါခင်ဗျာ၊ ဒီရွာက သူကြီးဦးချစ်စုပါ။ တရားခံ လာပို့တာပါခင်ဗျာ''

မီးတုတ်များ၏ အလင်းရောင်အောက်သို့ထွက်၍ မျက်နှာပြရင်း ဦးချစ်စုက အော်ပြော၏။

''ရပ်နေဦး၊ ရှေ့မတိုးနဲ့''

စန္ဒလီက ဆက်လက်တားဆီးထားသည်။

ဘော်လင်းဂါတ်သည် ဇီးကုန်းသို့ အချိန်မီ မပြောင်းနိုင်သောကြောင့် ယနေ့ည ရှိနေခြင်းဖြစ်ရာ သူပုန်ထမည့်သတင်းကို ဇီးကုန်းမှတစ်ဆင့် ရရှိပြီးဖြစ်ကြောင်းမှာ သံသယ ဝင်စရာမလိုပေ။ သို့ကြောင့် အထူးနိုးကြားနေသည်။

စန္ဒလီ(အစောင့်)၏ အသံကိုကြားလျှင် ဌာနာအုပ်သည် အခန်းထဲမှ ပြေးထွက်လာပြီး ''ဦးချစ်စုလားဗျို့''ဟုမေး၏။

''ဟုတ်ပါတယ် ဌာနာအုပ်မင်း။ နွားသူခိုးသုံးယောက်မိလာလို့ လာပို့တာပါ။ ဝင်ခွင့်ပြုပါ''

''ဝင်ခွင့်မပေးနိုင်ဘူး ဦးချစ်စု။ ကနေ့ည သူပုန်ထလိမ့်မယ်လို့ သတင်းရထားတယ်။ မနက်မှပဲ လာခဲ့ပေတော့''

''ဒီတရားခံတွေကို ဘယ်မှာသွားထားရမလဲ ဌာနာအုပ်ကြီးရဲ့''

''ခင်ဗျားရဲ့အိမ်မှာ အချုပ်ခန်းရှိသားပဲ''

''ယောကျ်ားတွေ လယ်ထဲထွက်နေတဲ့အချိန်မှာ ကျွန်တော့်အိမ်က အချုပ်ခန်းကို စောင့်ရှောက်မယ့်လူမရှိဘူး ဌာနာအုပ်မင်းရဲ့''

ဦးချစ်စုမှာ ဆင်ထားသည့်အတိုင်း မဖြစ်လာသည့်အတွက် အကြံရကျပ်သွား၏။ အဆင်ပြေအောင်ပြောရင်း နည်းလမ်းသစ်ကို ရှာဖွေကြံဆနေသည်။

သူက ယင်းသို့ထွက်လမ်းရှာနေသလို ပုလိပ်များကလည်း ဂါတ်အပြင်သို့ ယှို့ဝှက်ထွက်ပြီး၊ ဂါတ်၏ပတ်ဝန်းကျင်အခြေအနေများကို လေ့လာအကဲခတ်လျက်ရှိကြသည်။ ဦးသာဖဲပေးသော သတင်းများထဲတွင် ဆရာတော်ဦးသုရိယနှင့် ဦးမောင်ကလေးတို့သာမက ဦးချစ်စုပါ အမည်နာမနှင့် ပါထားပြီးဖြစ်၏။ ဘော်လင်းဂါတ်ကတစ်ဆင့် သိပြီးပြီ။ သိသည်အလျောက် အဝင်မခံဘဲ သူ့အင်အားကို အမှောင်ရိပ်ခို၍ လေ့လာပြန်သောအခါ၊ ဓာတ်မာန်ပြင်းပြခြင်း၊ တိုင်းတစ်ပါးအုပ်စိုးသူကို မလိုလားခြင်းနှင့် သတ္တိရှိခြင်းတို့မှတစ်ပါး၊ စည်းကမ်းရှိခြင်း၊ အမိန့်ကိုနာခံခြင်း၊ သေဝပ်ခြင်း စသည်တို့၌ အခြေခံသော စစ်ပညာ စစ်သဘောလုံးဝမရှိသော အရပ်သားတို့၏ စည်းကမ်းမဲ့မှု၊ အမိန့်ကိုနာခံရမည်ကို

ဂုဏ်ငယ်သည်ထင်မှု၊ သေဝပ်ခြင်းမရှိမှုတို့ကြောင့် ဘော်လင်းဂါတ်ကို ဝိုင်းထားသော အင်အားနှင့် အနည်းကပ်ဆုံးအရေအတွက်ကို ပုလိပ်တို့ခန့်မှန်းသွားနိုင်လေသည်။

"တစ်ညတစ်လေတော့ ဒုက္ခခံလိုက်ပါဦး သူကြီးရယ်။ စိတ်မချလို့ပါ"

ဌာနာအုပ်က အချီသပ်၏။

"အရေးထဲ ဌာနာအုပ်မင်းက ကျွန်တော့်ကိုတောင် မယုံတော့ဘဲကိုးဗျ။ ရှိပါစေလေ၊ ဇီးကုန်းကိုပဲ သွားပို့ပါတော့မယ်။ ပုလိပ်သားတစ်ယောက်သာ ထည့်ပေးလိုက်ပါ"

"မဖြစ်ဘူးဗျ"

ဦးချစ်စု၏ နည်းလမ်းသစ်မှာ ကျောက်တုံးကြီးဖြင့် ဝိတ်ဆို့ခံရပြန်လေ၏။ ဌာနအုပ်က ဆက်ပြောသည်။

"ဇီးကုန်းကို သွားပို့ချင်လည်းပို့။ ဒီကတော့ မထည့်နိုင်ဘူးဗျ။ မသွားချင်လည်း လင်းအောင်စောင့်ပေါ့ဗျာ။ မကြာတော့ပါဘူး ဟဲဟဲ"

"ခက်တာပဲ ဌာနာအုပ်မင်းရယ်"

ဦးချစ်စုမှာ ထပ်မံ၍ အချက်ကောင်းလည်းဖြစ်၊ နည်းလမ်းကောင်းလည်း ဖြစ်သော အကြံသစ် ဉာဏ်သစ်ကို ဦးနှောက်ပျက်မတတ် ရှာဖွေနေမိပြန်လေ၏။

## ၃၄

''မီးရထား လာချိန်နီးနေပြီ ထင်တယ်ဟေ့၊ မောင်ကလေး ရှိပါတော့လားကွ၊ ဘာလုပ်နေတာလဲ''

ဆရာတော်သည် နားတစွင့်စွင့်ရှိရာမှ အော်၍အမိန့်ပေးလိုက်ရာ၊ ဦးမောင်ကလေးသည် တာပေါ်မှ ပြေးဆင်းလာ၏။

''မောင်သာဒင်ကိုယ်တိုင် ရှိနေပါတယ်ဘုရား။ အမှိုက်တွေက ကောင်းကောင်းမခြောက်တော့ မီးစွဲခက်နေလို့ပါ''

''အေး လုပ်ကွာ၊ မြန်မြန်လောင်မှဖြစ်မယ်''

ဆရာတော်က ဖုတ်ပူမီးတိုက် ဖြစ်လာသလောက် ဦးမောင်ကလေးကလည်း အော်ဟစ်၍ ထပ်ဆင့်အမိန့်ပေးသည်။ ကိုသာဒင်နှင့် တပ်သားများမှာလည်း တံတားပေါ်တွင် အမှိုက်ပုံကြီးကို အဖက်ဖက်မှ ဝိုင်းဝန်းမီးရှို့နေကြ၏။ စွဲပြီးကာမှ သေမလိုလိုဖြစ်သွားသောနေရာကို တဖူးဖူး ကုန်းမှုတ်သူကမှုတ်။

''ဟာ အရေးထဲမှာ ဒီမိုးကတစ်မျောင့်''

မိုးဖွဲကလေးများ ရွာကျလာသည်။ မီးရှို့နေသော သူပုန်များသည် မိုးကိုဆဲရေးကြ၏။

''ဟေ့၊ မီးတောက်လည်း မမြင်ရသေးပါကလားကွ၊ ဘယ်လိုဖြစ်ကြတာလဲ''

ဆရာတော်က အော်ဟစ်စဉ်တွင် မီးတောက်ကြီးတဟုန်းဟုန်း တက်လာလေသည်။ မီးရောင်သည် ဆရာတော်၏မျက်နှာကို လာဟပ်၏။ နီညိုသော သင်္ကန်းရောင်နှင့် နီရဲသောမီးရောင်တို့ ဟပ်သော မျက်နှာတော်သည် ခက်ထန်သော်လည်း အားရခြင်း

ဖြင့် ရှင်နေသည်။

ဤမီးသည် တံတားအခင်း ပျဉ်ချပ်များကို ဖျက်ဆီးပစ်မည်။ ဇလီဖာတုံးများကို ပြာဖြစ်စေမည်။ မြန်မာပြည်တွင် ဤတစ်လမ်းသာရှိသေးသော မီးရထားလမ်းသည် မြန်မာပြည်တွင် ပထဦးစွာဖျက်ဆီးခံရ၍ ငွေငါးသိန်းပါလာသော ရထားသည် မကြာမီ အချိန်ပိုင်းအတွင်း၌ ပထမဆုံးတိမ်းမှောက်တော့မည်။

ဆရာတော်နှင့် ဦးမောင်ကလေးတို့၏ မျက်စိထဲတွင် ခေါင်းပြတ်နေသော ကုလားအလောင်းများ၊ ဖွေးခနဲ ဖွေးခနဲနေကာ ချွင်ချွင်မြည်သော ငွေဒင်္ဂါးများကို မြင်ယောင်ကာ အားတက်လာသည်။ သူပုန်တပ်သားများ၏ အာရုံတွင်လည်း ဤနှယ်သာ ဖြစ်ချေ၏။ ထို့ကြောင့် မားကိုကျစ်ကျစ်ဆုပ်၍ ရထားလာမည့်ဘက်သို့ မျှော်ကြည့်မိကြလေသည်။

ဦးမောင်ကလေးသည် ရထားလမ်း တာခြေကို နားနှင့်ကပ်ထား၏။

"ရထားလာနေပြီ ဘုရား"

"ဟ၊ မီးကလည်း အခုမှအရှိန်ရတာ၊ တယ်ခက်ပါကလားဟေ့၊ နီးလာပြီလား"

"သိပ်တော့မနီးသေးဘူး ဘုရား"

ဆရာတော်သည် စိတ်သက်သာသွားသလိုရှိရာက "ဘယ်နှတုံး လောင်ပြီလဲဟေ့"ဟု အော်မေး၏။

"မလောင်သေးဘူး ဘုရား"

"ရထား လာနေပြီဟေ့၊ ဇလီဖာတုံးတွေကို မြန်မြန်မီးစွဲလောင်အောင် လုပ်ကြစမ်းပါ"

ကိုသာဒင်နှင့် သူပုန်များသည် မီးဟပ်၍ကျွမ်းနေသော အမှိုက်များကို ရွေးထုတ်ကာ ဇလီဖာတုံးများပေါ်တင်ပြီး အသစ်ရှို့၏။ အချို့က အောက်ကို မီးမြန်မြန်ရောက်စေရန် မီးတောက်ကို ဆွပေးကြ၏။ ဖြန့်ပေးကြ၏။

ဦးမောင်ကလေးသည် တာပေါ်သို့ပြေးတက်လာသည်။ သံလမ်းနှင့်နားနှင့် ကပ်ထား၏။ ရထားဘီးနှင့် သံလမ်းနှင့် ပွတ်ကြိတ်သံသည် နားထဲသို့ဝင်လာသည်။ ချက်ချင်း ရထားကို မျှော်ကြည့်သည်။ ရထားမီးရောင်ကိုမူ မမြင်ရသေးပေ။

မိုးဖွဲကလေး စဲမသွားသေးစေကာမူ မီးတောက်မှာ အရှိန်ရနေပေပြီ။

ဆရာတော်သည်၄င်း၊ ဦးမောင်ကလေးနှင့် ကိုသာဒင်သည်၄င်း၊ မီးမြန်မြန်လောင်၊ တံတားနှင့်လမ်း မြန်မြန်ပျက်ပြီး မီးငြိမ်းစေချင်လှပြီ။ ရထားလာနေချေပြီ

မဟုတ်လား။

ဦးမောင်ကလေးသည် လမ်းကွေ့ဆီသို့ သူ၏ရှည်သောအရပ်ကြီးနှင့် အားမရသေးဘဲ ခြေဖျားထောက်၍ ကြည့်နေသည်။ ဟော၊ ဝင်းခနဲမီးရောင်ပေါ်လာပြီ၊ ရထားစက်သံပါကလား။

''ရထားမီးရောင်ကို မြင်ရပြီဘုရား''

ပြေးဆင်းလာပြီး ဆရာတော်ကိုလျှောက်ထားသည်။

''အေးကွ၊ စက်သံလည်း ကြားရပြီ၊ ဒီမီးကိုမြင်သွားလို့ သတိထားပြီးမောင်းရင် ရထားမမှောက်ဘဲဖြစ်နေမယ်။ ဟေ့ မီးကိုသတ်ကြစမ်း၊ မြန်မြန်သတ်ကြစမ်းဟေ့''

ဆရာတော်သည် လည်တဆန့်ဆန့်နှင့် စိတ်လှုပ်ရှားစွာ အော်ပြီး အမိန့်ပေးသည်။

သူပုန်တွေ အပြေးအလွှား အလုပ်များသွား၏။ အမှိုက်ကို တံတားအောက်ကန်ချသူကချ၊ သစ်ကိုင်းတွေချိုးပြီး ဖိသူကဖိ၊ အုပ်သူကအုပ်၊ ရိုက်သူကရိုက်။

မီးရထားသည် တံတားပေါ်အရောက်၌ ကြုံဆုံရမည့်အဖြစ်မျိုးကို မရိပ်မိသည့်အလား မောင်းနှင်လာသည်။ မီးညွန့်ကျိုးသွားပြီး၊ သူပုန်များမှာမူ ပြေးလွှားမီးသတ်ဆဲ။

မီးရထားသည် နီးကပ်လာပြီ။

''ဘေးမှာ စောစောကအတိုင်း ဝပ်နေကြဟေ့''

ဆရာတော်သည် ကျယ်လောင်စွာ အမိန့်ပေးလိုက်၏။ သူပုန်များ ပြေးလွှားနေရာယူကြသည်။

တံတားပေါ်မှမီးသည် ငြိမ်းသွားပြီး ဇလီဖာတုံးအချို့သာ မီးတရဲရဲနှင့် ကျန်ခဲ့သည်။

''မောင်ကလေးနဲ့ သာဒင် အသင့်ရှိကြ၊ ကိုယ့်တပ်ကို နိုင်ပါစေ''

ဆရာတော်ကအော်၍ အမိန့်ပေးပြန်သည်။ သစ်ပင်ကွယ်တစ်ခုကို ကပ်လျက်မီးရထားကိုစောင့်ကြည့်နေ၏။

ရထားသည် နီးလာပြီ။ နီးသည်ထက်နီးလာပြီ။ ဆရာတော်၏စိတ်တွင် ဤရထားသည် ခါတိုင်းရထားများထက် တွဲဆက်ရှည်သည်ဟု အသက်မရှူဘဲထင်တွေးနေသည်။

ကပ်လာပြီ၊ ရထားကြီးကပ်လာပြီ။

မီးရောင်သည် တာခြေတွင်ဝပ်နေသော သူပုန်တို့၏ကျောပေါ်သို့ အချို့အဝက်ကျလာ၏။ သူပုန်များသည် အသက်မရှူရဲ။ ရထားကြီး တိမ်းမှောက်သံကို အသည်းတယားယားနှင့် နားစွင့်နေကြသည်။ ဆရာတော်မှာလည်း အမိန့်ပေးရန် အသင့်ပြင်

ထား၏။

"ဟင် ရထားက နှစ်စင်းပါကလား"

ဆရာတော်သည် တီးတိုးရေရွတ်မိသည်။ သို့သော် အကြောင်းမဟုတ်။ တံတားအောက်သို့ နှစ်စင်းစလုံး ထိုးကျပြီး ထပ်နေလိမ့်မည်။

ရှေ့က ရထားတိုတိုသည် တံတားပေါ်မရောက်မီ ထိုးရပ်လိုက်သောအခါတွင် ဆရာတော်မှာ ကြံရာမရ ဖြစ်သွားစဉ် ရထားသည် သူ့အလိုလိုလမ်းချော်ကာ စောင်းစောင်းကြီးဖြစ်သွားလေရာ-

"ချပါတော့လား၊ ကျားဘသား"

"ယောက်ျား....."

တစ်ခဲနက်အသံကြီး ပေါ်လာ၏။ သူပုန်များ တာပေါ်ပြေးတက်၏။ ရထားတွဲများဘက်မှ မီးပွင့်ကလေးများ ပေါ်လာသည်။ သူပုန်တွေ ထွေးခနဲကျ၏။ ခွေခနဲကျ၏။

လမ်းချော်သွားသောရထားမှာ စစ်ရထားဖြစ်သည်။ စစ်ပုလိပ်ငါးဆယ်လည်း ပါလာသည့်အပြင် သာယာဝတီအရေးပိုင်နှင့် ရာဇဝတ်ဝန်ကြီး၊ မြို့အုပ်တို့လည်း ပါလာချေသည်။ ယခုဤတွဲထဲမှ ကျည်ဆန်များအဆက်မပြတ် ထွက်ပျံလာကာ ဓားကိုင်၊ လှံကိုင်၊ ရဲတင်းကိုင်သူပုန်များကို အညှာအတာမဲ့စွာ ချေမှုန်းပြီ။

"တက်ပါတော့လား၊ ချပါတော့လား"

ဦးမောင်ကလေးသည် လူစီးရထားပေါ်သို့ခုန်တက်၏။ သူပုန်များ ရထားပေါ်ပြေးတက်လာကြသည်။ ငွေစောင့်ပုလိပ်များသည် ရထားတံခါးပေါက်သို့ ရောက်လာသောသူပုန်များကို တစ်ယောက်မကျန် ပစ်ချလိုက်သည်။

ဆရာတော်၏ သေနတ်မီးမကူးသော လက်ဖွဲ့နှင့် စဓဗဝ စမအင်းကို အယုံကြီး ယုံနေခဲ့သော သူပုန်များမှာ "သေနတ်မပြီးဘူးဟေ့"ဟုအော်ကာ ခြေဦးတည့်ရာ ထွက်ပြေးကြ၏။

"ဟေ့ကောင်တွေ၊ မရှက်ဘူးလား။ မဆုတ်ရဘူးတက်၊ ချ။ ယား အားကျား"

ကိုသာဒင်သည် မိမိ၏တပ်သားများ မပြေးအောင် အော်ဟစ်ဟန့်တားကာ၊ သူကိုင်တိုင် ရှေ့မှပြေးတက်လာရာ၊ တပ်သားတစ်ကျိပ်နှင့်အတူ ငွေတိုက်တွဲကို စီးမိကြသည်။ သို့သော် သေနတ်သည် သူပုန်ထင်သလိုမဟုတ်။ အနားကပ်လျှင် သေနတ်မှာ ဘာမျှမလုပ်နိုင်ဆိုသောစကား မှားသည်။

စစ်ပုလိပ်များသည် သူပုန်များကို လှံစွပ်နှင့် ထိုးသတ်၏။ အချို့သေ၏။

အချိုဒဏ်ရာရ၏။ ကိုသာဒင်နှင့် တပ်သားနှစ်ယောက်မှာ ငွေသေတ္တာကို ရဲတင်းဖြင့် တစ်ချက်ပေါက်ခွဲမိချိန်တွင် လှံစွပ်ဖြင့်ထိုးမွှေ အသတ်ခံလိုက်ရသည်။

"လက်ဖွဲ့မစွမ်းဘူး၊ စမ မပြီးဘူး ပြေးကြဟေ့၊ ပြေးကြ"

သူပုန်များသည် ကိုင်းတောကြီးကို လေပွေမွှေသလို ပရမ်းပတာ ဖြစ်ကြလေ၏။

"ဟေ့ကောင်တွေ မပြေးနဲ့"

ဦးမောင်ကလေးက အော်သည်။

"ခွေးမသားတွေ မရှက်ကြဘူးလား။ နင်တို့ ယောကျ်ားမဟုတ်လား။ ဟေ့ကောင်တွေ"

ဆရာတော်သည် သစ်ပင်အကွယ်မှ လှမ်းအော်၏။ သူပုန်တွေကား လှည့်မကြည့်တော့ပြီ။

"ဟေ့ မပြေးနဲ့ လာခဲ့၊ လာခဲ့"

ပါးစပ်နှင့်ပြော၍ မရမှန်းသိသောအခါ၊ ဆရာတော်နှင့် ဦးမောင်ကလေးတို့သည် အပြေးမသန်သော သူပုန်များကို ဓားမိုး၍ အထိုင်နိုင်းတော့သည်။

ရထားပေါ်မှ ကျည်ဆန်များသည် ခိုပျံသလို ပျံသန်းရောက်ရှိလာဆဲပင်။ ပြေးသောသူပုန်များမှာလည်း တစ်ဘုန်းဘုန်းလဲကျ သေဆုံးဆဲရှိသေး၏။ ဆရာတော်မှာလည်း စုရုံးရမိသမျှကို သစ်ပင်ကွယ်သို့ ခေါ်လာစဉ်၊ ပါးနားမှ ကျည်တစ်ထောင့် ဖြတ်သန်းသွားရာ သီသီကလေးလွတ်သွား၍ သစ်ပင်ကြီးကို ဖွဲ့ထုတ်သွားပြီး သူပုန်တစ်ယောက်၏ပေါင်ကို ပွတ်သပ် ကျီစယ်သွားသည်။

"အမယ်လေးဗျ"ဟု ထိုသူပုန် အော်လိုက်သဖြင့်၊ ဦးမောင်ကလေးက ပါးစပ်ကို ပြေးပိတ်လိုက်ရ၏။

ရထားပေါ်မှ စစ်ပုလိပ်များသည် ဆက်လက်မပစ်ခတ်တော့ချေ။ ပတ်ဝန်းကျင်မှာ ငြိမ်သက်သွားသည်။ သင်္ချိုင်းကုန်းတစ်ခု၏ တိတ်ဆိတ်ခြင်းမျိုး မဟုတ်ဘဲ၊ သေမင်း အော်သံ ရပ်စဲသော တိတ်ငြိမ်ခြင်းမျှဖြစ်ကာ၊ ခဏချင်းပင် အမယ်လေးအဘလေးတ၍ အော်ဟစ်သော၊ ညည်းတွားသော၊ ငိုကြွေးသောအသံများ ပေါ်ပေါက်လာလေ၏။

သာလှတံတားတိုက်ပွဲတွင်ကား ရန်သူကို တစ်ချက်မှမတုံ့ပြန်နိုင်ဘဲ ရှုံးနိမ့်ရပေပြီ။ မြို့တွင်းဝင်မည့် ငရွှင်၊ ဦးစိန်တုံးခေါင်းဆောင်သော တပ်ကိုကြည့်ကြဦးစို့။

ငရွှင်သည် ရန်သူအသင့်စောင့်နေမည်စိုး၍ နောက်ဖေးလမ်းကြားတစ်ခုအတိုင်း တပ်သား ၅၀ကိုဦးဆောင် ချီတက်လာခဲ့ရာ မလှမ်းမကမ်းမှ သေနတ်သံများကို ဆူညံစွာကြားရ၏။ တစ်တပ်လုံး တန့်ဆွဲသွားသည်။

''ကိုစိန်တုံးရဲ့ ကျုပ်ကိုကယ်ပါဦးဗျ''

ထိုအသံကြီးသည် သေနတ်သံများကို ဖောက်ထွက်လာခဲ့၏။

''ဟိုဘက်တပ်တော့ အတိုက်ခံရပြီထင်တယ်''

တပ်သားတစ်ယောက်က ရေရွတ်လိုက်ရာ၊ ငရွှင်က ''ဦးစိန်တုံးကို ကူတဲ့အနေနဲ့ ငါတို့ပုလိပ်တွေကို နောက်ကနေ ဝင်ချရအောင်''ဟုပြောခိုက်တွင်-

''ပြေးကြဟေ့ ပြေးကြ၊ သေနတ်မပြီးဘူး၊ သေကုန်ပြီ၊ သေကုန်ပြီ''

နွားအုပ်ကြီး လန့်ဖျပ်ပြေးသလို ပြေးလွှားသံများနှင့်အတူ တစ်စုံတစ်ယောက်၏အော်သံ ပေါ်လာ၏။

''ဟား…… သေနတ်မပြီးဘူး ဆိုပါကလား''

ငရွှင်၏တပ်မှာ လှုပ်လှုပ်ရွရွဖြစ်သွားကာ

''တို့မှာ ဓားနဲ့လှံပဲ ပါတာကွ''

''သေနတ်မပြီးရင် ဘယ်ဖြစ်မလဲ''စသောအသံများ ပွစိပွစိထွက်လာရာ၊ ငရွှင်ကပြောစရာစကား ရှာဖွေမိသည်။

''မင်းတို့ ယောက်ျားမဟုတ်လားကွ''

''ယောက်ျားပေမယ့်၊ သေမှာတော့ ကြောက်တာပေါ့''ဟူသောအသံ ပေါ်လာ၏။ မည်သူမျှ ကြိုတင်တိုင်ပင်ထားခြင်းမရှိဘဲ နောက်ကြောင်းပြန်လှည့်သွားကြသည်တွင် ငရွှင်မှာ ဘာမျှမတတ်နိုင်တော့ဘဲ တပ်သားများ၏နောက်မှ လိုက်လာခဲ့ရတော့၏။

အကြောင်းရင်းမှာ ခေါင်းဆောင်မှုကို တန်ဖိုးမထားခြင်း ဖြစ်သည်။ ထို့ကြောင့်သာ ဦးစိန်တုံးသည် ငရွှင်ပေးသောအမိန့်ကို မနာခံဘဲ လမ်းရိုးမှအသွားတွင် ပုလိပ်များနှင့်တွေ့ပြီး အမဲဖျက်ခံလိုက်ရခြင်းဖြစ်၏။ ငရွှင်ပါသော တပ်မှာလည်း သွေးတစ်ပေါက်မကျသေးပါဘဲနှင့် ခေါင်းဆောင်ကို ဆန့်ကျင်စွန့်ပစ်၍ ပြေးကြလေသည်။

တတိယစစ်ကြောင်းဖြစ်သော ဘော်လင်းဂါတ်ရှေ့တွင် ဦးချစ်စုမှာ ကြံရာမရဖြစ်နေသည်။

''ဟေ့ကောင်တွေ၊ ကိုမှင် မလာသေးဘူးလားကွ''

''လာနေပါပြီ၊ ကြေးထမ်းကြီး''

ဤစစ်ကြောင်းမှ လက်ရွေးစင်ငါးဆယ်ကား ခေါင်းဆောင်မှု၌ တန်းဖိုးထားကြ၏။ ဦးချစ်စုက မြန်မြန်သွားဆိုလျှင် ပြေး၍သွားသည်။ စကားမပြောနှင့်ဆိုလျှင် လုံး၀အသံမကြားရ။ ယခုပင်လျှင် ဦးချစ်စုကမေး၍ ပြောသူမှာ တစ်ယောက်သာဖြစ်၏။

''ကဲ ဘယ်လိုလုပ်ကြမလဲ ကိုမှင်။ ကြံစမ်းပါဦး''

ဦးမှင်ကို ရောက်မဆိုက်ပင် ဦးချစ်စုက ဆီးမေးပြီး၊ အခြေအနေကို ရှင်းပြသည်။

''လင်းအောင်စောင့်တာပေါ့ ကြေးထမ်းကြီးရယ်။ အခုပဲ လင်းတော့မှာပဲ''

''လင်းတော့မှ စကားပြောင်းပြီး အဝင်မခံရင် ဘယ်နှယ်လုပ်မလဲ''

''အတင်းဝင်စီးပြီး၊ မီးတုတ်တင်မယ်ဗျာ မကောင်းဘူးလား''

ကြေးထမ်းကြီးသည် ဦးမှင်၏ အကြံကို မအီမလည်နှင့် သဘောတူလိုက်ရသည်။ မောင်တောက်ထွန်းမှာ ဦးမှင်ခေါ်လာ၍ ဦးမှင်နှင့် ပါလာ၏။ ခေါင်းဆောင်နှစ်ယောက် အချီအချပြောနေသံကြားရသည်။

သည်အခါ သူ့ဦးနှောက်သေးသေးလေးနှင့် ''ဂါတ်တဲကို ခတ်ထားတာက သွပ်ကြိုးတွေပဲ။ မလင်းခင်ဝင်ဖြတ်၊ အကုန်လုံးဝင်ပြီး အားနဲ့ဖိတိုက်ရရင် မကောင်းဘူးလား''ဟုအကြံပေးချင်၏။ သို့ဖြစ်စေကာမူ သူမပြောရဲ မပြောဝံ့ချေ။

မိုးစင်စင်လင်းလာပြီ။

ဦးမှင်သည် သူ့တပ်ကို ကွယ်ရာထောင့်ရာသို့ အဆုတ်အပုန်း ခိုင်းထားရသည်။ သူကမူ ကြေးထမ်းကြီးနှင့် မလှမ်းမကမ်းမှရပ်လျက် အခြေအနေကို စောင့်ကြည့်နေ၏။

''ဌာနာအုပ်မင်းရဲ့၊ ကျုပ်လည်း အိပ်ချင်လှပါပြီဗျာ၊ မိုးလည်းလင်းနေပါပြီ''

ဦးချစ်စုက တကယ်အိပ်ချင်နေဟန်ဖြင့် ဂါတ်တဲသို့လှမ်းပြောသည်။

ပုလိပ်တစ်ယောက်က''ဟာ၊ အိပ်ရမှာပေါ့ သူကြီးရယ်။ မအိပ်ရမှာ မပူပါနဲ့''ဟု ရယ်မော၍ဖြေ၏။

မြင်သာထင်သာရှိလာချိန်တွင် ဌာနာအုပ်သည် အခန်းထဲမှ ထွက်လာပြီး၊ စန္ဒလီ အား တစ်စုံတစ်ရာ အမိန့်ပေးသည်။ သူ့နောက်မှပါလာသော ရာဇဝတ်အုပ်သည် ခြောက်လုံးပြူးကို အသင့်ပြင်ထား၏။ အခြားပုလိပ်များသည် အဆောက်အဦထဲ၌ အလုပ်များ နေကြသည်။

''သူကြီးရေ စောင့်ရတာ အားလည်းနာလှပါပြီဗျာ။ ခင်ဗျား တရားခံတွေကို ခေါ်ခဲ့ပါတော့''

ဌာနာအုပ်က ခေါ်လိုက်သောအခါတွင် ဦးချစ်စုရှေ့ဆောင်၍ ဂါတ်ဝင်းထဲဝင်လာကြ၏။ သူ့နောက်မှ တရားခံသုံးယောက်၊ ထို့နောက် တရားခံပို့သူများ ဟန်ဆောင်ထားသော လက်ရွေးစင် ငါးဆယ်။

သို့သော်။

''ခင်ဗျားကို ဖမ်းတယ်''

တံခါးဝတွင် ခြေချမိသည်နှင့်တစ်ပြိုက်နက် ရာဇဝတ်အုပ်က ဦးချစ်စု၏

အင်္ကျီရင်ဘတ်ကို ဖမ်းဆွဲပြီး ရင်ဝကိုသေနတ်နှင့် ထောက်ထားလိုက်သလို ကျန်လူများကိုလည်း စန္ဒလီနှင့် ပုလိပ်သုံးယောက်က သေနတ်နှင့် ထိုးချိန်ထားလိုက်၏။

"နည်းနည်းကလေးမှ မလှုပ်နဲ့"

ဦးချစ်စုမှာ လက်ထိပ်ခတ်ခံလိုက်ရသည်။ တရားခံသုံးယောက်မှာလည်း သေနတ်နှင့် ချိန်ထားကာ အထဲသို့သွင်းခံရ၏။ ကျန်လူများမှာ မောင်းနှင်ထုတ်ခံရရာ ခေါင်းဆောင်မဲ့သော လက်ရွေးဝင် ၅၀ မှာ ဘာလုပ်ရမည်မသိ ဖြစ်သွားကြလေ၏။

"ဟေ့ကောင်တွေ မင်းတို့မှာ ဘာအမှုမှ မရှိဘူး မဟုတ်လား"

ဌာနာအုပ်က ကြိုးတုပ်ခံနေရသော တရားခံတု သုံးယောက်ကို လိမ့်ကန်လိုက်ရာ တစ်ယောက်သောတရားခံမှာ "ဟုတ်ပါတယ်"ဟု ယောင်ယမ်းပြီး ဖြေမိ၏။

"ပြောစမ်း မင်းတို့ဂါတ်ကိုစီးပြီး၊ သူပုန်ထဖို့ကြံတာ မဟုတ်လား"

"ကြံကြံဖန်ဖန် ဌာနာအုပ်မင်းရယ်"

ဦးချစ်စု ဝင်ပြောသည်။ ဌာနာအုပ်က ဟန့်တားလိုက်ပြီး၊ ကျန်လူသုံးယောက်ကို နံပါတ်တုတ်ကျိုးအောင် တရကြမ်းရိုက်သည်။

ဂါတ်အပြင်တွင် ယောင်လည်လည်ဖြစ်သွားသော လူ ၅၀ ကို ဦးမှင်သည် ချက်ချင်းခေါ်ယူ စုစည်းလိုက်ကာ ပုန်းနေသောတပ်ကို အမိန့်ပေးလိုက်လေ၏။

"ချဟေ့၊ ချကြ၊ တက်ကြဟေ့"

"ကျားဘသား၊ ကျား"ဟူသောအသံကြီးသည် ပဲ့တင်ထပ်သွား၏။ သူပုန်လှိုင်းလုံးကြီးသည် ဂါတ်ဆီသို့ဦးတည်ကာ ပြင်းထန်စွာ လိမ့်တက်လာ၏။ သေနတ်သံများပေါ်လာသည်။ သူပုန်တွေ တစ်လောင်းပေါ်တစ်လောင်းဆင့်ပြီး ကျကုန်သည်။

"တက်၊ အပြေးတက်၊ ချပါတော့လား၊ သတ်ပါတော့လား"

ဦးမှင်သည် ဓားကြီးကို ဝှေ့ကာ ရမ်းကာ အော်ဟစ်အမိန့်ပေး၏။

"ကျား ကျား၊ ယောကျ်ားဘသား"

သူပုန်တွေသည် ဂါတ်ဝင်းထဲသို့ ခုန်ဝင်သည်။ အချို့အဆောက်အဦ တံခါးဝသို့ရောက်သွား၏။ သို့သော် တစ်ယောက်မကျန် သေနတ်မှန်ကာ လဲကျကုန်သည်။

"မြန်မာ့သတ္တိကို ပြကြပါတော့လား၊ တက်ဟ၊ ချဟ"

ဤအသံကြီးကို ကြားသွားသော ဌာနာအုပ်သည် ဦးမှင်ကိုပစ်ချရန် ပုလိပ်တစ်ယောက်အား အမိန့်ပေးလိုက်ရာ ကားခနဲလဲကျသွား၏။ သို့သော် ပေါင်ကိုမှန်ခြင်းဖြစ်သည့်အတွက် ဦးမှင်သည် ဓားကိုမချဘဲ ငုတ်တုတ်ထိုင်လျက် အမိန့်ပေးသည်။

"မဆုတ်နဲ့ တက်ကြ၊ ချကြ"

ဦးမှင်က တစ်ဖက်မှဓားကို ဆုပ်၏။ တစ်ဖက်က သစ်ပင်ကို အားပြုထရပ်၏။

“ချပါတော့လား၊ သတ်ပါတော့လား”

သူပုန်များသည် အလောင်းများကိုနင်း၍ တရကြမ်းတက်မြဲ တက်လာကြ၏။ သို့သော် သွပ်ကြိုး အတားအဆီးအတွင်းသို့ အသာကလေး ငုံ့ဝင်၍မျှ ဝင်နိုင်သူ မရှိသလောက် ဖြစ်သည်။ သို့စဉ် နောက်ထပ်ကျည်ဆန်တစ်တောင့်သည် ဦးမှင်၏ ပေါင်တစ်ဖက်ကို ထပ်မံချိုးဖောက်လိုက်ပြန်ရာ ဦးမှင်ခွေကျသွားလေ၏။

“ဗိုလ်ကျသွားပြီ၊ ဗိုလ်ကျသွားပြီဟေ့”

ထိုအသံနှင့်အတူ သူပုန်လှိုင်းလုံးကြီးသည် နောက်ကြောင်းသို့ တုံ့ကာ တရကြမ်း ဆုတ်ခွာကြလေသည်။ မောင်တောက်ထွန်းသည် ဓားကိုချွတ်လျက် အတင်း ပြေးတက်လာ၏။ သူ့ကို ဆန့်ကျင်ပြေးလာသူများက “ပြေးပြေး၊ သေကုန်ပြီ”ဟု အော်သည်။

“ခင်ဗျားတို့ သတ္တိမရှိဘူးလား၊ တက်ပါတော့လား”

မောင်တောက်ထွန်း၏အသံကို “ပြေးပြေး”ဟူသော အသံများ၊ “ဗိုလ်ကျသွားပြီ”ဆိုသောအသံများက ဖုံးသွား၏။

“ဗိုလ်ကျသွားပြီ ဟုတ်လား”

မောင်တောက်ထွန်းသည် ဦးမှင်အား သူလှမ်းမြင်ထားသော နေရာသို့ပြေးလာသည်။ သူပုန်တိုင်းသည် ဦးတည်ရာသို့ ဖွပ်ပြေးနေကြရာ မောင်တောက်ထွန်းမှာ ခရီး မတွင်ချေ။

ဦးမှင်မှာ ပေါင်နှစ်ဖက်လုံး သေနတ်မှန်ခံရကာ သွေးအိုင်ထဲတွင် လဲနေသည်။ သို့တစေ သူသည် သတိမလစ်၊ ဓားကို ဆုပ်ကာ အံကိုကြိတ်ကာ “တက်ပါတော့လား၊ ချပါတော့လား”ဟု အမိန့်ပေးနေသေး၏။

“ဦးကြီး ဟာ သွေးတွေနဲ့ပါကလား၊ နေ နေ ကျွန်တော်တွဲမယ်”

မောင်တောက်ထွန်းသည် ဦးမှင်အား တွဲ၍ထသည်။ ဦးမှင် ကြိုးစားထပါသော် ငြားလည်း ဓားရမ်းခံရသလို အိကနဲ ခွေကျသွား၏။

“ဟင် နှစ်ဖက်စလုံး ထိတာပါကလား”

“အေး ကိစ္စမရှိပါဘူး၊ မင်းသာ ဆက်ပြီးတိုက်ပါ”

“ကျွန်တော်တိုက်ပါ့မယ် ဦးကြီးရဲ့၊ အခုဦးကြီးကို တစ်နေရာမှာ ရွှေ့ထား မလို့ပါ”

ဦးမှင်အား မှောက်ကာ ပုခုံးပေါ်တင်၍ အခြေပျက်နေသော သူပုန်များနှင့်ရော

လျက် မောင်တောက်ထွန်းပြေးခဲ့သည်။

''လက်ဖွဲ့တွေစွမ်းတယ်ဆိုကွ''

''မစွမ်းလို့ သေကုန်တာပဲ၊ မသေချင်သေးရင် ပြေးဖို့ပဲရှိတယ်''

ပြေးပြေးလွှားလွှား သူပုန်များ၏ပါးစပ်မှ စိတ်ဓာတ်ကျဆင်းသောအသံများသာ ထွက်လာသည်။

အချို့လည်း အချင်းချင်း

''အခု၊ ငါတို့ ဘယ်ကိုပြေးကြမလဲ''

''ရွာကိုပြေးရအောင်၊ မြန်မြန်လာပါကွ''

''ရွာကိုပြေးလို့ ဖြစ်ပါ့မလား''ဟူ၍လည်းကောင်း။

''ဟာ ရွာကိုပြေးလို့ မဖြစ်ပါဘူးကွာ''

''ဒါဖြင့် ဘယ်ပြေးမလဲ''

''ဟင်း မသိဘူး။ ရွာကိုပြန်လို့ မဖြစ်တာတော့ အမှန်ပဲ''ဟူ၍လည်းကောင်း၊ ပြောကြတိုင်ပင်ကြသံများမှာ ဆောက်တည်ရာမရ ဖြစ်နေကြပြီဖြစ်ကြောင်းကို ဖော်ပြနေပါလေပြီ။

''ချပါတော့လား၊ ပုလိပ်တွေကို သတ်ပါတော့လား၊ တက်တက်''

ဦးမှင်သည် မောင်တောက်ထွန်း၏ ပုခုံးပေါ်မှ လိုက်ပါလာရင်း အော်ဟစ်နေသည်။ သူပုန်တစ်ယောက်က မောင်တောက်ထွန်းဘေးမှ ထိန်းကူရင်း လိုက်ပါလာ၏။ သူက ဦးမှင်၏မျက်နှာကိုကြည့်သည်။

''သတိလစ်နေတယ်ကွ။ ကယောင်ကတမ်း အော်နေတာပဲ''

မောင်တောက်ထွန်းသည် မည်သို့မျှမပြောဘဲ၊ အားစိုက်ပြီး ထမ်းသည်။ တစ်ကိုယ်လုံးတွင် ဦးမှင်၏သွေးများနှင့် ရွှဲနစ်နေ၏။ အမျှားနှင့်မီအောင် ဝန်လေးကြီးကိုထမ်းပြီး လိုက်ပါလာရရာ မောပန်းလှပြီ။ ပင်ပန်းလှပြီ။ သို့ပေသည့် မောင်တောက်ထွန်းသည် မည်သူ့ကိုမျှ ကူပါဦးမပြော။ မည်သူကမျှ ငါထမ်းဦးမည်မဆိုလာသည့်အတွက်လည်း စိတ်မခု။ ဦးမှင်သည် မိမိချစ်သူ၏ အဖေဖြစ်ရာ၊ သူ့သွေးကိုချစ်လျှင် သူ့ကိုပါလေးစားချစ်ခင်ရပေမည်။

သူပုန်တို့၏ဆုတ်ခွာခြင်းသည် ကစဥ့်ကလျားဖြစ်သည်။ အချို့မှာ နယ်ကုန်အောင်ပြေးရန် ရည်ရွယ်၍ တန်းပြီးပြေး၏။ အချို့လည်း ရွာသို့ဝင်၏။ အချို့လည်း ရွာမဝင်ရဲဘဲ ရွာနားမှာပုန်းခိုနေ၏။

ရွာသို့ မောင်တောက်ထွန်းနှင့် ဦးမှင်တို့မရောက်သေးစေကာမူ၊ ရှေ့ဆုံးမှ

ပြေးသူများမှတစ်ဆင့် ဦးမှင်၏သတင်းကို ရွာကသိနှင့်ပြီ။

သူပုန်ချင်းဖြစ်ပါလျက် စစ်မျက်နှာတစ်ခု၏သတင်းကို အခြားစစ်မျက်နှာတစ်ခုက မသိသော်လည်း ရွာမှာမူ သာလှတံတားတိုက်ပွဲ၊ ဇီးကုန်းတိုက်ပွဲသတင်းများကြောင့် တုန်လှုပ်နေကြပြီ။

"ချကွ၊ သတ်ကွ။ အဲ ဟုတ်ပြီ။ တက်ပါတော့လား၊ ကျားဘသား"

ဦးမှင်သတိလစ်လျက် အော်ဟစ်ရင်း လိုက်ပါလာသည်။ မောင်တောက်ထွန်းမှ တဖြည်းဖြည်းခြေလေးကာ အသွားနှေး၍ နောက်ကျန်ရစ်ခဲ့ရာ လူစလူနပင် မမြင်ရအောင် ကျန်နေခဲ့တော့သည်။

မောင်တောက်ထွန်းသည် ရွာကိုမျှော်ကြည့်၏။ အမြင့်ဆုံးဖြစ်သော သူကြီးအိမ်ခေါင်ဖျားကို မြင်ရသည်။

ရွာနှင့်နီးသည်က မှန်ပါသည်။ ဒဏ်ရာရှင်ကို မည်သို့ပြုမည်နည်း၊ အိမ်သို့သည်ပုံအတိုင်းခေါ်သွားတော့မည်လော။ ဤသို့လျှင် မောင်တောက်ထွန်း မဆုံးဖြတ်တတ်ဖြစ်ရ၏။ ကိစ္စမရှိပါ။ အဆုံးအဖြတ်ကို ထောက်ကူမည့် အကြောင်းတစ်ရပ်သည် ချက်ချင်းပေါ်ပေါက်လာသည်။ ရွာဆီမှ အပြင်းမောင်းလာသောလှည်း။

လှည်းကိုမြင်လျှင် မောင်တောက်ထွန်း ချုံထဲဝင်ပြေးရန် ကြံ၏။ နွားနှစ်ကောင်ကို မြင်ဖူးသည်ထင်ပြီး ထပ်မံကြည့်မိသောအခါ မောင်တောက်ထွန်း မပုန်းဖြစ်။

နွားတစ်ရှဉ်းသည် ထားအိတို့နွားဖြစ်သည်။ ဟုတ်၏။ နွားကို ရိုက်ပုတ်မောင်းလာသူမှာ ဖိုးအေးဖြစ်ချေ၏။ လှည်းသည် လျှင်မြန်စွာနီးလာသည်။ လှည်းပေါ်၌ ဒေါ်လှမြတ်နှင့် ထားအိ၊ လှသွယ်၊ မြခြယ်တို့အားလုံးပါလာ၏။ သူတို့သည် သတင်းကြားနှင့် အကြို့ထွက်လာခြင်းဖြစ်ချေ၏။

လှည်းထိုးရပ်လျှင် ထားအိသည် ရှေ့ဆုံးမှပြေးဆင်းလာသည်။

"အမယ်လေး အဖေရဲ့။ မြင်လို့မကောင်းပါကလား အဖေရဲ့"

"အဖေ၊ အဖေ"

"သမီးတို့ မကြည့်ရဲပါကလား အဖေရဲ့"

မြခြယ်နှင့် လှသွယ်လည်း ရှေ့ဆင့်နောက်ဆင့် ပြေးဆင်းလာကြ၏။ ဦးမှင်ကို ဝိုင်းဖက်ကြရာ၊ ဦးမှင်၏ကိုယ်မှရော မောင်တောက်ထွန်း၏ကိုယ်မှပါ သွေးစေးသွေးစိုများ လူးကျံကုန်တော့သည်။

"သမီးတို့ ဘယ်လိုလုပ်ရမလဲ အဖေရဲ့"

"အဖေ။ အမယ်လေး၊ အော်လို့ ခေါ်လို့လဲ မရတော့ပါကလား"

"အမေရေ၊ အမေ။ အဖေ့ကို ခေါ်လို့မရတော့ဘူး အမေရဲ့"

ဖိုးအေးသည် လှည်းပေါ်မှရပ်နေခဲ့ကာ တရှုံ့ရှုံ့ငိုနေသော်လည်း ဒေါ်လှမြတ်မှာမူ မျက်နှာထားတင်းမာစွာဖြင့် ချဉ်းကပ်လာပြီး ထိန်းချုပ်ထားသံဖြင့်မေးသည်။

"ဒဏ်ရာက ဘယ်မှာလဲ လူကလေး"

"ပေါင်မှာပါ"

"အသက်နေနဲ့ အဝေးသားပဲကွယ်။ လူလေးကော"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး"

"သမီးတို့အဖေ မသေနိုင်ပါဘူးကွယ်တို့ တိတ်ကြပါ။ ကဲ လူကလေးရေ၊ လယ်တဲကို ယူသွားရအောင်၊ လှည်းပေါ်ကို တင်ပေတော့"

လှည်းသည် ဦးမှင်၏လယ်တဲရှိရာဘက်သို့ ဦးတည်ခဲ့၏။ သူတို့သည် ဦးမှင်အား တဲတွင်ထားကာ ဆေးဝါးကုသကြမည်။ သည်အကြောင်းမှာ ထင်ရှားနေရာ၊ အထူးပြောစရာမလိုသော်လည်း ဒေါ်လှမြတ်သည် မောင်တောက်ထွန်းအား စိမ်းစိမ်းကြည့်ကာ တစ်စုံတစ်ရာပြောလိုဟန်ပြု၏။ သို့သော် ပြောမထွက်။

မောင်တောက်ထွန်းသည် လယ်တဲတွင် ဦးမှင်ရှိကြောင်း မည်သူ့အားမျှ မပြောရန် ဖိုးအေးနှင့် မြခြယ်ကို သတိပေးသည်။ အရေးအကြောင်းပေါ်လျှင် တဲထဲမှ တဲအနီးကိုင်းတောထဲသို့ ရွှေ့ရန်လည်း ဒေါ်လှမြတ်ကိုအကြံပေးပြီး၊ ဆေးဆရာပင့်လွှတ်ရန် ဖိုးအေးကိုခေါ်၍ ရွာသို့လာခဲ့၏။

လမ်းတစ်လျှောက်လုံး ဖိုးအေးထံမှ ကြားရသောသတင်းများမှာ တစ်ခုမျှ မကောင်းချေ။ ဘယ်သူဖြင့် လွယ်အိတ်ကလေးဖြင့် ထွက်သွားပြီ၊ ဘယ်သူတော့ သားမယားပါခေါ်ပြေးပြီ၊ မည်သူကား အိမ်ရှေ့အရောက်၌ ဘုန်းခနဲလဲကာ သေဆုံးသွားကြောင်း စသည်များတည်း။

မောင်တောက်ထွန်းသည် ရွာဖျားတွင်နေထိုင်သော ဆေးဆရာကြီးကို အကျိုးအကြောင်းဝင်ရောက်ပြောပြရာ ဆေးဆရာကြီးသည် ဘာမျှထပ်မမေးတော့ဘဲ ဆေးအိတ်ကို ကောက်ကိုင်သည်။ သို့ဖြင့် ဆရာကြီးကို ဖိုးအေးနောက်သို့ထည့်လိုက်ပြီး သူက အိမ်သို့လာ၏။ သူ့တစ်ကိုယ်လုံး၌ သွေးတွေမြင်မကောင်း၊ ပုခုံးမှခြေဖျားထိ ဖြစ်သည်။ ရွာထဲမှ သွားလျှင် မကောင်း၍ ရွာစည်းရိုးကိုဖောက်ကာ အိမ်သို့ဝင်၏။ အိမ်ထဲ၌တိတ်ဆိတ်နေသည်။ နွားများကို မမြင်ရခြင်းမှာ မိုးကောင်းနှင့် ပန်းယဉ်တို့ မောင်နှမ လယ်ထဲသို့ ဆင်းနေ၍ဖြစ်မည်။ မီးဖိုမှ မီးခိုးကား အမိရှိကြောင်း ပြသပေသည်။

အိမ်ပေါ်သို့ မောင်တောက်ထွန်း ညင်သာစွာ တက်လာ၏။ သူ့ခြေသံပေါ်လာ

သော်ငြား မီးဖိုထဲမှ မိခင်၏ လှုပ်ရှားသံကို မကြားရ။

မောင်တောက်ထွန်း မီးဖိုးဝမှာ ရပ်၏။ အမိကို မျက်လုံးဖြင့်ရှာဖွေသည်။ ဟော အမိ။

ဒေါ်ညိုသင်းသည် ငိုထားဟန်ရှိသည်။ သို့သော် အတော်ကြာမြင့်ခဲ့ချိန်က ငိုထားခြင်းဖြစ်ပေမည်။ သားကိုမြင်သောအခါ ဒေါ်ညိုသင်း၏မျက်လုံး တောက်၍ မျက်နှာ ကြည်လာသည်။ ဟင်းရွက်သင်နေသောလက်များ ရပ်ဆိုင်းသွား၏။

"သား"

မိခင်၏အသံက ခြောက်သွေ့သော်လည်း သား၏အသံက ကြည်လင်သည်။

"အစ်မ၊ သားပြန်ရောက်လာပြီလေ"

မောင်တောက်ထွန်းသည် မိခင်ဘေးသို့ပြေးထိုင်ကာ မိခင်၏လက်ကို ဆုပ်ကိုင်ထား၏။ မိခင်သည်သားကို ချမ်းမြေ့စွာ ပြန်ဆုပ်ထားသည်။ သားကို စေ့စေ့ကြည့်နေသည်။

"သား၊ သွေး သွေး အို"

"ဒါဟာ သူများကပေတာပါ အစ်မရဲ့၊ သား ဘာမှမဖြစ်ဘူး"

မောင်တောက်ထွန်းက အင်္ကျီချွတ်ပြရ၏။ ခါးတောင်းကျိုက်ပြ၏။ သား၌ ဒဏ်ရာမရခဲ့ကြောင်း ထင်ရှားပြီဖြစ်စေကာမူ ဒေါ်ညိုသင်းသည် လှုပ်လှုပ်ဆွေ့ဆွေ့ဖြစ်ခြင်း ရပ်ငြိမ်သွားသည်မှအပ ထူးထူးခြားခြား လန်းကြည်၍မလာခဲ့ချေ။

ဤသည်ကို မောင်တောက်ထွန်း သတိမထား၊ ပုဆိုး အင်္ကျီကိုရေချေးနှင့် ဆပ်ပြာကြမ်းနှင့် ရောစိမ်ပြီး ရေချိုးသည်။ မိခင်အသင့်ချထားသော ထမင်းကို ဆာဆာနှင့် အားရပါးရ စားသည်။ ထမင်းစားနေသော သားကိုကြည့်ကာ တစ်စုံတစ်ရာ ရင်တွင်း လောင်ဟန်ရှိသော ဒေါ်ညိုသင်းသည် မျက်နှာညှိုး၍သာနေ၏။

မောင်တောက်ထွန်းသည် မိခင့်မျက်နှာကို ကြာကြာ အမှုမဲ့မနေနိုင်။ လက်သုတ်ပြီးနောက် ရေထသောက်သောအခါ မေးဖြစ်လာတော့သည်။

"အစ်မ မျက်နှာမကောင်းဘူးထင်တယ်။ နေမကောင်းလို့လား၊ အဖေ့သတင်း ဘာကြားလို့လဲ"

"မင်းအဖေ"

ဒေါ်ညိုသင်း၏ ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်များ ပြေးဆင်းလာ၏။

"မင်းအဖေ သေ သေပြီ"

"ဟင်"မောင်တောက်ထွန်း၏ ဒူးနှစ်ဖက် အဆစ်ပြုတ်သလို ခွေကျသွားကာ မိခင်အားဖက်၍ "အမယ်လေး အဖေရဲ့"ဟု အော်ငိုလိုက်လေ၏။

## ရှစ်

ရှေ့နှစ်တွင် လယ်မြေအများစုမှာ တောဖုံးချေတော့မည်။

နွားငေါက်သံ နွားမောင်းသံမြိုင်နေကျ ဆိုတေးသံညံဝေနေကျ၊ ကန်သင်းပေါက်သူ မြက်ခုတ်သူတို့ လှုပ်ဖွေးနေကျ မြလယ်တောသည် သုသာန်ပမာ တိတ်ဆိတ်နေလေပြီ။ လူသူမတိတ် လူရိပ်ထင်သော လယ်ကွင်းများတွင်လည်း တံပြာကိုင်သူမှာ မိန်းမတွေသာ ဖြစ်နေ၏။

သို့သော် ထိုမိန်းမသားများသည်ပင် ပျိုးနုတ်ရင်း၊ ထွန်ရေးချရင်း ကျီးကန်း တောင်းမှောက်ဖြစ်နေကြရသည်။ အစာစားသော ချေသူငယ်ပမာ ချောက်ချားနေကြ ရခြင်းဖြစ်၏။ သူတို့သည် ဘယ်ကန်သင်းမှ စစ်ပုလိပ်များပေါ်လာမည်နည်း။ ဘယ်ရိုးထဲက ပုလိပ်တွေတက်လာမည်လဲဟူ၍ တလန့်လန့် တချောက်ချားချား ဖြစ်နေကြရလေသည်။

ဖြစ်ရခြင်းမှာ အကြောင်းရှိ၏။ အကြောင်းမှာလည်း ခိုင်လုံပြန်၏။

ခုနစ်ရက်မျှသာ ကြာပါသေးသည်။

ထိုခုနစ်ရက်မှာ စစ်မျက်နှာသုံးခုလုံးတွင် လယ်သမားသူပုန်များ ကျွမ်းသံနွှာလန် အောင် ရှုံးနိမ့်ခဲ့ရပြီး နောက်တစ်နေ့ဖြစ်၏။

ရေကင်းမင်းကြီးရွာတွင် ကျားကျားယားယား ယောကျ်ားဆို၍ တစ်ကျိပ် မပြည့်တော့ချေ။ ကျန်လူများမှာ သေသူသေ၊ ပြေးသူပြေးပြီး ပုန်းသူလည်းပုန်းနေရပြီ။

အရဏ်တက်တွင် လယ်နှင့်နီးသူများသည် လယ်ထဲဆင်းရန် ရွာမှထွက်ကြရာ

တစ်ယောက်မကျန် ပြန်ဝင်လာရသည်။

''ရွာကိုပုလိပ်တွေ ဝိုင်းထားပြီဟေ့''

တစ်ရွာလုံး လှုပ်ရှားပြေးလွှားကြ၏။ ပြေးပေမယ့် ပြေးပေါက်မရှိ၊ ယောကျ်ား မှန်သမျှကို အိုသည်ဖြစ်စေ၊ ပျိုသည်ဖြစ်စေ အကုန်အဖမ်းခံရသည်။ အဖမ်းခံရသူများနှင့် သက်ဆိုင်သော မိန်းမသားများ၏ ငိုကြွေးသံသည် ညံနေ၏။

ပုလိပ်များသည် ယောကျ်ားတွေကို ကြိုးနှင့်ချည်ကာ သူကြီးအိမ်ရှေ့တွင် ချထားသည်။ တစ်ယောက်ပြီးတစ်ယောက် အိမ်အောက်သို့သွင်းကာ အင်္ကျီချွတ်ခိုင်း၏။ ကျောနှင့် ရင်ဘတ်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။

အကြင်သူသည် ခါးကုန်း၍ သွားတစ်ချောင်းမျှမရှိသော အဘိုးကြီးပင် ဖြစ်ပါစေ၊ ကျောတွင်သို့မဟုတ် ရင်ဘတ်တွင် ''စဓဗဝ''စမလေးလုံးကိုတွေ့သည်နှင့် တစ်ပြိုင်နက် ဂျွမ်းပြန်အောင် အရိုက်ခံရလေ၏။ ထို့နောက် ရင်ဘတ်ကိုစစ်ဖိနပ်နှင့် တက်နင်းကာ ''မင်း သူပုန်မဟုတ်လား၊ ဒီရွာက ဘယ်သူတွေပါလဲ၊ ဘယ်သွားကုန်လဲ''ဟုမေးသည်။ မဖြေမချင်း နှိပ်စက်၏။ ဤနည်းဖြင့် ဘာမျှမသိသော အဘိုးအို မှည့်ပျော်သက်ကြီး သုံးယောက်မှာ ဖိနပ်အောက်တွင် အသက်ပျောက်ခဲ့ရသည်။

ရေကင်းတစ်ရွာလုံး ထောင်းလမောင်းကြေနေစဉ် လယ်ကွင်းများထဲသို့ စစ်ပုလိပ် များတပ်ဖြန့်ကာ ယောကျ်ားတွေကိုဖမ်း၏။ စိန်ရ၊ ရွှေရနှင့် မိုးကောင်း၊ မောင်တောက်ထွန်း တို့ပါ အဖမ်းခံရသည်။ ဖိုးအေးမှာ ငယ်သဖြင့်လွတ်၏။

စိန်ရနှင့် ရွှေရတို့မှာ အင်္ကျီချွတ်ပြလိုက်လျှင် မျက်နှာပိတ်ရိုက်ခံရသည်။ ခွေလဲ သွားလျှင် စစ်ဖိနပ်ဖြင့် မျက်နှာကို ဆောင့်ကန်၏။ ပက်လက်လဲသွားမှ ရင်ဘတ်ကို တက်နင်းသည်။

''မင်းဟာ သူပုန်ဖြစ်တယ်၊ တစ်ခြားသူပုန်တွေ ဘယ်သွားကုန်လဲ၊ ဘယ်သူ တွေလဲ''

စိန်ရတို့ညီအစ်ကိုမှာ သူပုန်ထဲတွင် မပါခဲ့ချေ။ သူပုန်နှင့် ရိုးမှားစရာမှာ ရင်ဘတ်၌ထိုးထားသော စဓဗဝဖြစ်သည်။ ဒေါ်သာယဉ်သည် သားနှစ်ယောက်နှိပ်စက် ခံရသည့်အတွက် ပုလိပ်ကို ကြောက်မနေနိုင်တော့ဘဲ အတင်းဝင်မေးသည်။

''ဗိုလ်ကြီးတို့ ကျွန်တော်မျိုးမရဲ့သားတွေမှာ ဘာအပြစ်ရှိပါသလဲ ဖုရား''

''မယ်မင်းရဲ့သားတွေရဲ့ ရင်ဘတ်ကိုကြည့်စမ်း၊ စဓဗဝတွေ တွေ့တယ်။ အဲဒါဟာ သူပုန်တွေရဲ့ အမှတ်အသားပဲ''

ပုလိပ်တစ်ယောက်က ရာဇသံဖြင့်ဖြေသည်။

"မြန်မာမှန်ရင် ထိုးကွင်းတို့၊ အိမ်မြှောင်၊ ပင့်ကူ၊ ကြောင်၊ စဓဗဝ့၊ နငယ်နကင်း ပိတ်ထိုးစမြဲပါပဲဖုရား၊ ကျွန်တော်မျိုးမရဲ့ သားနှစ်ယောက်မှာ အပြစ်မရှိပါဘူး၊ အပြစ်ရှိတာက"

ပုလိပ်၏မျက်နှာသည် ချိုသာသောအသွင်သို့ ချက်ချင်းပြောင်းသွားကာ "ပြောစမ်းမယ်မင်း၊ သူပုန်ထဲမှာ ဘယ်သူတွေပါတယ်ဆိုတာ ပြောနိုင်ရင် မယ်မင်းရဲ့ သားနှစ်ယောက်လွတ်မယ်"ဟုမြွက်၏။

"အပြစ်ရှိတာက သူတို့အဖေ ကိုစိန်တုံးပါဘုရား၊ သူဟာ သူပုန်ပါ"

"မယ်မင်းရဲ့ ယောကျ်ားလား"

"မှန်ပါဖုရား"

"သူအခု ဘယ်မှာလဲ"

"ဇီးကုန်းကိုဝင်စီးရင်း သေနတ်မှန်လို့ သေသွားပါပြီဖုရား"

"သေတဲ့လူကို လိုချင်တာမဟုတ်ဘူး အဘွားကြီး သွားစမ်း"

ပုလိပ်သည် ဒေါ်သာယဉ်အား ဆောင့်ကန်လိုက်ရာ ဒေါ်သာယဉ်မှာ နှစ်လိမ့်သုံးလိမ့် လိမ့်ထွက်သွားလေသည်။

"ဟေ့ကောင် ပြောစမ်း"

စိန်ရလည်ပင်းကို ပုလိပ်တစ်ယောက်က တက်နင်းသလို၊ ရွှေရ၏ခြေသလုံးကို ပုလိပ်နှစ်ယောက်က ထွန်သွားနှင့်ရိုက်သည်။ ရွှေရနှင့် စိန်ရတို့မှာ အောင်မယ်လေးအော်နေရ၏။ စကားလုံးဝ မပြောနိုင်။

"သားတို့ရဲ့ ပြောလိုက်ပါတော့လားဟဲ့၊ အမယ်လေး အမေ ရင်ကွဲရချေရဲ့"

ဒေါ်သာယဉ်သည် သားတွေ၏အနားသို့ ပြေးကပ်သွားပြန်သည်။

"ပြောစမ်းဟေ့"

ပုလိပ်က ခြေရုပ်ကာ စိန်ရအားမေး၏။

"ကိုရွှင်ဆိုတာ ပါတယ်ခင်ဗျ"

"သူဘယ်သွားလဲ"

"မသိပါဘူးဖုရာ့၊ အမယ်လေးဗျ"

မသိဘူးဆိုသဖြင့် ခြေသလုံးရိုးကို စစ်ဖိနပ်နှင့် တက်နင်းသည်။

စိန်ရနှင့် ရွှေရတို့ အလူးအလဲခံနေရစဉ် မောင်တောက်ထွန်းနှင့် မိုးကောင်းတို့အစစ်ဆေးခံရ၏။ မိုးကောင်းမှာ ဝဲပေါင်တွင် ကြက်ရုပ်ကလေးရှိသည်။ သည့်ပြင်ဘာစာ ဘာရုပ်မျှမရှိ။ မောင်တောက်ထွန်းမှု နဖူးတွင်ထိုးထားသော အရဟံမှတစ်ပါး

မည်သည့်စုတ်ချက်မျှမရှိ။

သည်နည်းဖြင့် ညီအစ်ကိုနှစ်ယောက် လွတ်သွားကာ ပြန်ခွင့်ရ၏။ စိန်ရနှင့်ရွှေရမှာ မောင်တောက်ထွန်းကို လုံးဝမေ့နေသည်။ သွေးအန်သည်အထိ နှိပ်စက်ခံရသော်လည်း မောင်တောက်ထွန်းကိုမေ့နေရာ ဒေါ်သာယဉ်လိုမ့်ဝိုလေ၏။

"အမယ်လေး အပြစ်မရှိတဲ့ သားကလေးတွေကို မချိမဆန့်နှိပ်စက်ပြီး၊ သူပုန်အစစ်ကျတော့ လွတ်ပစ်တယ်ရှင့်"

ပုလိပ်မျက်လုံးကျယ်သွားသည်။ ထ၍ ခါးထောက်လိုက်သည်။

"မယ်မင်း ဘာပြောသလဲ"

"ခုနက ပြန်သွားတဲ့နှစ်ယောက်မှာ အကြီးကောင်ဟာ သူပုန်ပါဖုရား"

"ဟင် ဟုတ်လား၊ ဟ လိုက်ကြပါဦးဟ၊ ဖမ်းကြစမ်း၊ ဖမ်းကြစမ်း၊ ခုခံရင်ပစ်သာပစ်"

ပုလိပ်ကြီးသည် ခေါင်းမွေးထောင်ကာ အမိန့်ပေးသည်။ ပုလိပ်များ မောင်တောက်ထွန်းနှင့် မိုးကောင်းထွက်သွားရာဘက်သို့ အပြေးအလွှားလိုက်ကြသည်။

မောင်တောက်ထွန်းတို့ ညီအစ်ကိုသည် လယ်ထဲသို့ပြန်ခဲ့ကြ၏။ အချိန်မီ ပျိုးနုတ်ရန် ထွန်ချပြီးရန်အရေးကြီးသဖြင့် လယ်ဘက်သို့သာ ဦးတည်ခဲ့ကြ၏။

သို့သော် မောင်တောက်ထွန်းသည် ပုလိပ်များထင်သလို မိုက်မဲခြင်းမရှိ၊ စဓဗဝ မပါကာမျှဖြင့် လွတ်လိုက်သည့်အတွက် လွတ်ပြီကျွတ်ပြီမယူဆ၊ လယ်ထဲမှာ အမိခံလိုက်ရခြင်းသည်ပင် ရွာကိုမွှေနေသည်ကြားပြီး သတိလစ်သွားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် တစ်ကြိမ်အမိခံရပြီးနောက် နောက်တစ်ကြိမ် အမိမခံရအောင် သတိမွေးထားပြီးဖြစ်သည်။

သူတို့ညီအစ်ကိုသည် နောက်သို့ လှည့်ကြည့် လှည့်ကြည့်လုပ်လာကြ၏။ လှည်းလမ်းကူးအရောက်၌ ပုလိပ်သုံးယောက် လိုက်လာတာ မိုးကောင်းမြင်သည်။

"အစ်ကို ရပ်ရပ်"

မိုးကောင်းသတိပေး၏။

"ဘာလဲ လိုက်လာသလား"

ချုံကွယ်မှမရွှေ့ဘဲ မောင်တောက်ထွန်းမေးသည်။

"ဟုတ်တယ် ပုလိပ်သုံးယောက်"

"မင်းကို သူတို့မြင်သလား"

"မြင်သွားပြီ အစ်ကို"

"အေး၊ ဒါဖြင့်ပြေးကွာ၊ သူတို့မျက်ခြေပြတ်တဲ့ နေရာကျမှ ဝင်ပုန်း"

ဤသို့ဖြင့် မိုးကောင်းသည် ပုလိပ်များမြင်သာသည့် နေရာမှ နောက်သို့လှည့်မကြည့်ဘဲ ပြေးလေ၏။ ပုလိပ်များကလည်း အသံမပေးဘဲ အပြေးလိုက်လာရာ မကြာမီ မိုးကောင်း ပျောက်သွားတော့သည်။

ပုလိပ်များသည် ရှေ့ဆက်လိုက်ရကောင်းမလား၊ နောက်ပြန်ဆုတ်ရကောင်းမလား ဝေခွဲ၍မရ၊ ရိုက်နှက်ပြီး မေးရစမ်းရမည့် လူရိပ်လူခြည်ကိုမမြင်၊ စင်စစ်သူတို့သည် မိုးကောင်းဝင်ပုန်းနေသောချုံကိုလွန်၍ တစ်ဖာလုံခန့်ရှေ့ရောက်နေပြီ။

ရှေ့တွင် လူတစ်ရပ်ထက်မနည်း နက်လိမ့်မည်ထင်ရသော ရိုးကြီး၊ ဘေးနှစ်ဖက်တွင် ထူထဲကြီးမားသော တောတန်းကြီးများ၊ နောက်တွင်ကား တစ်ယောက်သွားသာရုံ လမ်းကလေး။

"လမ်းပျောက်သွားပြီဟေ့၊ ပြန်မယ်"

ပုလိပ်တစ်ယောက်က ပြောလိုက်စဉ်တွင် ဘေးနှစ်ဖက်ချုံများထဲမှာ လူဆယ်ယောက် ဘွားခနဲ ခုန်ထွက်လာသည်။ သာလှတံတားတိုက်ပွဲတွင် အရေးနိမ့်ပြီးနောက် ပုန်းလျှိုးလူစုနေသော ဦးမောင်ကလေးနှင့် ရဲရဲတောက်တပ်သားအချို့ဖြစ်၏။

ကျားခုန်သလို ခုန်ထွက်လာသူများကို ပုလိပ်တို့ မတိုက်ခိုက်နိုင်၊ မခုခံနိုင်။ နောက်သို့ဆုတ်၍ ထိုးချိန်ချိန်တွင် သန်မာသောလက်ကြီးများက ပုလိပ်တို့၏လည်ပင်းကို ဖမ်းညှစ်လိုက်သည်။

"ဆွဲသွင်း ဆွဲသွင်း"

ဦးမောင်ကလေး၏ အမိန့်အဆုံးတွင် ပုလိပ်ရော သူပုန်များပါ ပျောက်ကွယ်သွားကြလေ၏။

ရွာကိုလည်းကောင်း၊ လယ်ကွင်းကိုလည်းကောင်း စစ်ပုလိပ်များ မွှေသည့်အချိန်မှစ၍ ဦးမှင်သည် မိမိတဲနောက်ဖေးရှိ ကိုင်းတောထဲသို့ ရောက်နေသည်။ အသင့်စီမံထားသည့်အတွက် နေသာထိုင်သာရှိ၏။ ထိုနေရာသို့ ရွှေပြောင်းချိန်တွင် ရောက်ရှိနေသော ဆေးဆရာကြီးမှာလည်း မိမိ၏ကိစ္စများ မပြီးပြတ်သေးသဖြင့် ဦးမှင်ပုန်းအောင်းရာသို့ လိုက်ပါလာရသည်။

ကိုင်းတောအဝင်ဝတွင်မူ ဖိုးအေးသည် ရွှံ့ရုပ်လုပ်၍ ကစားနေ၏။ သူ၏အရုပ်များမှာ စစ်ပုလိပ်တို့ကိုင်ဆောင်သော သေနတ်ပုံဖြစ်သည်။ တဲထဲတွင်မူ ဒေါ်လှမြတ်က ဦးမှင်၏ ခြေရာလက်ရာများကို ဖျောက်ပြီး အေးဆေးစွာ ချက်ပြုတ်နေပြီး လယ်ကွင်းထဲတွင်ကား ထားအိတို့ညီအစ်မသုံးယောက် ပျိုးနုတ်နေသည်။ မျက်လုံးအစုံတို့သည် ပတ်ဝန်း

ကျင်ကို အလစ်မပေးဘဲ ကင်းထောက်နေ၏။

ဆေးဆရာကြီးသည် ဦးမှင်၏ပေါင်းရင်းကို ဆေးလိမ်းပေးနေသည်။

"ဒီဆေးတယ်ခွမ်းတာပဲ ဆရာကြီးရဲ့။ အစညမှာ ဆရာကြီးဘာမှလိမ်းမပေးခဲ့လို့ သိပ်ကိုက်တာပဲ၊ ဆေးလည်းလိမ်းလိုက်ရော။ မကိုက်တော့ဘူး"

"ဟုတ်တယ် မောင်မှင်။ ငါလည်း အပြေးအလွှား ကျပ်စည်းပေးခဲ့ရလို့ သတိလစ်သွားတယ်"

ဆေးဆရာကြီးသည် ပေနေသောလက်ကို ကိုင်းပင်များနှင့် သုတ်၏။ နောက် ပုဆိုးနှင့် သုတ်နေ၏။

"ဆရာကြီးရေ၊ မသက်ဆိုင် မပတ်သက်တဲ့လူ၊ ဘယ်လောက်များ ကံဆိုးမိုးမှောင်ကျကုန်ပြီ မသိဘူး"

ဦးမှင်သည် မည်းမည်းမြင်သမျှ ဖမ်းပြီးနှိပ်စက်နေသော အခင်းနှင့် ပတ်သက်၍ ညည်းသည်။

"မတော်သူ့ထိပ် တော်သူ့ထိပ်ပေါ့ကွာ။ ယောက်ျားလည်းဖြစ်မယ် စဓဗဝလည်း ပါမယ်ဆိုရင် သူပုန်လို့သတ်မှတ်တဲ့နောက်တော့ ယောက်ျားတိုင်း အဖမ်းခံရ၊ အသတ်ခံရဖို့ပဲ ရှိတော့တာပဲ။ ငါ့တစ်ကိုယ်လုံးမှာဆိုရင် စဓဗဝ ဆယ်နေရာထက် မနည်းဘူး"

"ဒါဖြင့်၊ ဆရာကြီးကိုမိသွားရင် ဘယ်နှယ့်လုပ်မလဲ"

"ဟ မောင်မှင်ရ"

ဆေးဆရာကြီးသည် ထိုးကွင်းများမည်းခနဲ ပေါ်လာအောင် ပေါင်ကိုလှန်၍ နေရာပြင်ထိုင်လိုက်ကာ

"ဘာများအထွေအထူး စဉ်းစားနေစရာ လိုသေးသလဲ။ သူတို့ နှိပ်စက်မယ်။ ကျုပ်သူပုန်ပါလို့ ဝန်မခံမချင်း၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ဘယ်သူဘယ်ဝါဟာ သူပုန်ပါလို့ မပြောမချင်း သူတို့နှိပ်စက်မှာပေါ့ကွာ။ ငါ့အသက် ၇၀ ဆိုကော့ နှိပ်စက်တာနဲ့ပဲ သေမှာပါပဲကွာ"

ဦးမှင်သည် အံကိုကြိတ်လိုက်သည်။ တက်ခေါက်ကာ ကိုယ်နှင့်မဝေးသော ဓားကို လှမ်းဆွဲလိုက်သည်။

"မင်း ဘာမှမတတ်နိုင်တာကို အချည်းနှီး မစွန့်စားပါနဲ့ မောင်မှင်။ ပေါင်နှစ်ဖက်လုံးကျိုးနေတဲ့လူကိုလည်း သူတို့ကတော့ မိရင်သတ်မှာပဲ။ ရန်သူကတော့ မင်းကို နည်းနည်းမှ သက်ညှာနေမှာ မဟုတ်ဘူး။ ငါတို့မြန်မာပြည်မှာ ယောက်ျားဆိုလို့ တစ်ယောက်မှမရှိလေ သူတို့ကြိုက်လေပဲ မောင်မှင်"

"ဒါဟုတ်တယ် ဆရာကြီး။ အခုပဲကြည့်ပါလား။ မြန်မာယောကျ်ားမှန်ရင် ထိုးကွင်းမှင်ကြောင်နဲ့ စမဟာရှိစမြဲ ထိုးစမြဲကို စမပါရင် သူပုန်ဆိုပြီး လျှောက်ဖမ်းနေတာဟာ၊ ယောကျ်ားမျိုးဖြုတ်ချင်တဲ့ ရည်ရွယ်ချက်ပဲ"

"ကုလားဟာ မိစ္ဆာဒိဋ္ဌိ သူခိုးဓားပြပဲကွ။ ဘုရားကခေါင်းလောင်းတွေ ယူတယ်။ ဌာပနာတိုက်တွေ ဖောက်တယ်။ ဒါဟာ ဒီကောင်တွေ ဘယ်လောက်ယုတ်မာ ယုတ်ညံ့တယ်ဆိုတာ မပေါ်ပေဘူးလား။ နောက်တစ်ခုရှိသေးတယ်ကွ၊ သူတို့အထင်က သီပေါမင်းကိုဖမ်းထားရင် ငါတို့နိုင်ငံကို အေးအေးကလေး အုပ်လို့ရလိမ့်မယ်ထင်တယ်၊ အရင်တုန်းကတော့ အောက်မြန်မာပြည်ကို အုပ်နေရပေမယ့် သူပုန်က ပြတ်မှမပြတ်ဘဲကလား။ ဒီလို ဖြစ်ရတာဟာ သီပေါမင်းရှိနေလို့သာလို့ သူတို့ထင်မှာပဲ"

"အခုလည်း သူပုန်ထနေတာပါပဲ ဆရာကြီး"

"အေးလေ၊ ကုလားရဲ့အထင်နဲ့အမြင် လွဲတာကိုပြောတာပါကွ။ သီပေါမင်း ပါသွားပေမယ့်လည်း မြန်မာရော၊ ရှမ်းရော၊ ချင်း၊ ကရင်ရော ရှိရှိသမျှ ငါတို့လူမျိုးတွေဟာ ကုလားကို ဝက်ဝက်ကွဲအောင် ပုန်ကန်တိုက်ခိုက်နေကြတော့ ကုလားက ဘယ်လိုထင်မလဲ။ ဒါလောက် ရဲစွမ်းသတ္တိရှိတဲ့လူမျိုးကို ယောကျ်ားဆိုလို့ တစ်ယောက်မှမကျန်အောင် သတ်ပစ်မယ်ဆိုတဲ့ အကြံပေါ်ချင်ပေါ်လာနိုင်တာပဲကွ"

"မှန်ပါတယ် ဆရာကြီး။ အခု စမထိုးထားတဲ့ လူတိုင်းကို သူပုန်သတ်မှတ်တာဟာလည်း မြန်မာတစ်မျိုးလုံးရဲ့ အစဉ်အလာ အလေ့ထတစ်ခုကို လုံးလုံးကွယ်ပျောက်သွားအောင် တမင်လုပ်တာ ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် မြန်မာမှန်ရင် ထိုးကွင်းမှင်ကြောင်နဲ့ စမ ရှိစမြဲ မဟုတ်လား"

"အေးလေ၊ မိန်းမတွေတောင် လက်မှာ စားခွက်နှိုက်ဆေး၊ ခြေမှာ မြွေဆေးတော့အနည်းဆုံး ထိုးထားကြသေးတာပဲကွ။ သူတစ်ပါးနိုင်ငံကို ကျူးကျော်တိုက်ခိုက်နေရင် ဒါလောက်တော့ အင်္ဂလိပ်ဟာသိပါတယ်။ သိလျက်နဲ့ မျိုးပြုတ်အောင်လုပ်နေတာပါ"

"ဟာ ဆရာကြီးနှယ်၊ သူတို့လုပ်တိုင်း ကျွန်တော်တို့ ခံနေရမလား။ ဘယ်ခံမလဲ၊ သေကာမှသေရော၊ ရှုံးကာမှရှုံးရော၊ ချမှာပဲ တိုက်မှာပဲ"

"ကောင်းပါတယ်ကွာ။ ငါလည်း အသက်ကြီးသွားလို့ ကျန်နေခဲ့တာပါ။ ကဲကဲ ငါ့ကိုဘာမှ အားမနာနဲ့ မပျောက်မချင်း ကုပေးမယ်"

ဆေးဆရာကြီးသည် ဆေးလွယ်အိတ်ကိုဆွဲယူကာ ကုန်းထလိုက်စဉ် "အဖေရေ ပုလိပ်တွေလာနေပြီ" ဟူသော ဖိုးအေး၏အသံကို ကြားရသည်။

"ဟော ပုလိပ်ဆိုပါကလား"

ဆေးဆရာကြီး ပြန်ထိုင်၏။ "ဘာမှမစိုးရိမ်နဲ့ မောင်မှင်၊ ငါရှိတယ်"ဟု အားပေးကာ ကိုင်းပင်ကြီးကျဲဖုံးနေသော အဝင်လမ်းဆီသို့ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေလေ၏။

စစ်ပုလိပ်များကိုမြင်၍ သတိပေးပြီးသည်နှင့် တစ်ပြိုင်နက်၊ ဖိုးအေးသည် ချုံထဲသို့ ဝင်ပြေးလေသည်။ ပုလိပ်များက တဲကိုဝိုင်းထား၏။ တဲထဲသို့ဝင်ကာ ဒေါ်လှမြတ်ကို ဆွဲထုတ်လာသည်။

"နင့်လင်သူပုန် ဘယ်မှာလဲ"

ပုလိပ်ကြီးတစ်ယောက်က ဒေါ်လှမြတ်အား စစ်ဖိနပ်ဖြင့်ကန်၏။ ဒေါ်လှမြတ် အလဲတွင် တဲတံစက်မြိတ်တွင် ထိုးထားသော တံပြာကိုဆွဲ၍ လှိမ့်ရိုက်၏။

"ဟဲ့ကောင်မ ပြောစမ်း"

ပုလိပ်ကြီးသည် တံပြာကိုချထားလိုက်ကာ၊ ဒေါ်လှမြတ်အား ဆံပင်မှစုဆွဲကိုင်ထားပြီးမေးသည်။

"သေသွားချင်သလား၊ နင့်လင်ဘယ်မှာလဲ"

"မသိဘူး"

"ကဲ မသိနဲ့ဦး၊ မသိနဲ့ဦး"

ပြတ်သွားသော အဖြေအဆုံးတွင် ပုလိပ်သည် ဒေါ်လှမြတ်၏ ဆံပင်ကို လက်တွင်ရစ်လျက် မြေပေါ်တွင် အဝတ်ဖွတ်သလို ကိုင်ရိုက်သည်။ ဒေါ်လှမြတ်၏ ပါးစပ်မှ သွေးခဲများ ယိုကျလာ၏။ နဖူးမျက်နှာနှင့် ကိုယ်ခန္ဓာအနှံ့ မြေကြီးနှင့်တိုက်မိ၍ ပွန်းပဲ့ကာ သွေးချင်းချင်းနီလာ၏။

"ပြောဟ ဟဲ့ကောင်မ ပြောဟဲ့"

ထားအိနှင့်လှသွယ်၊ မြခြယ်တို့သည် ပျိုးနုတ်နေရာမှ ပြေးလာကြသည်။

"အမေရေ အမေရေ"အော်ကာ ရှေ့ဆုံးမှပြေးလာသူ မြခြယ်ကို ပုလိပ်တစ်ယောက်က လက်ပြန်ဆီးကြိုရိုက်ချလိုက်၏။ ညီမအားပြေးပွေ့သူ ထားအိမှာ ဆံပင်ကိုဆွဲ၍ လွှင့်ပစ်ခံရသည်။ လှသွယ်မှ ဒေါ်လှမြတ်အားပြေးဖက်ရာ ဘီလူးစီးနေသော ပုလိပ်ကြီးက မျက်နှာကို ဆောင့်ကန်လိုက်လေသည်။

ဤနေရာသို့ စစ်ပုလိပ်များရောက်လာခြင်းမှာ မောင်စိန်ရနှင့် ရွှေရတို့၏အမိ ဒေါ်သာယဉ်၏လက်ချက် ဖြစ်၏။ မောင်တောက်ထွန်းသူပုန်ဖြစ်ကြောင်း ဖော်သော်လည်း မောင်စိန်ရတို့ညီအစ်ကို ခဏတဖြုတ်သာ သက်သာသည်။ နောက်ထပ်ပေါ်လိုပေါ်ငြား

ဈေးဆစ်သည့်သဘောဖြင့် ထပ်မံညှင်းပန်းသည့်အတွက် ဦးမှင်တစ်ယောက် လယ်တဲတွင် ဆေးကုနေကြောင်း ထပ်မံသိရကာ ရောက်လာကြခြင်းဖြစ်သည်။

သည်ကိုရောက်ချိန်တွင် ဦးမှင်ကိုမတွေ့။ ဒေါ်လှမြတ်မှာ ခေါင်းမာလွန်း၏။ မိန်းကလေးတွေကလည်း နှုတ်လုံလွန်း၏။ သို့ကြောင့် ပုလိပ်ကြီးအား သူကြီးကအကြံပေး၏။

''လူအင်အားလည်း ကောင်းသားပဲဖုရား၊ ကိုင်းတောထဲ နင်းရှာကြပါဦးဖုရား''

ပုလိပ်များက ကိုင်းတောဆီသို့ ရင်ဘောင်တန်း ချီတက်လာသည်။ ဖိုးအေးသည် ကိုင်းတောထဲသို့ လေးဖက်တွားဝင်ကာ သတင်းပေး၏။ ပုလိပ်တွေ ကိုင်းတောကို နင်းနေပြီ။

''မောင်မှင် လာဟေ့၊ အားမတန်ရင် မာန်ဆိုတာ လျှော့ရစမြဲပဲကွ''

ဆေးဆရာကြီးသည် ဦးမှင်အား ကုန်းပိုးကာ ကိုင်းတောအတွင်းသို့ ဝင်သည်။ ကိုင်းငုတ်များ၊ ကိုင်းရွက်များကြောင့် ဇရာအိုဆရာကြီးမှာ ခရီးမတွင်ပေမည့် လမ်းကြောင်းရေးရေးကလေးကို တွေ့သွားသောပုလိပ်များ၏ ခြေလှမ်းကားသွက်၏။ လမ်းကြောင်းအတိုင်း စွပ်လိုက်လာသူများသည် ဦးမှင်ကိုလှမ်းမြင်သည်။

''ဟေ့ ရပ်လိုက်၊ ရပ်ရပ်''

ဦးမှင်သည် ဆေးဆရာကြီး၏ ကျောပေါ်မှ ဖွတ်လူးလွန့်ဆင်းကာ ဓားကို ဆုတ်ကိုင်ထားလေ၏။ သို့သော် လူကတော့ မတ်တတ်ပင်မရပ်နိုင်။

''ဟေ့၊ လက်နက်ချ''

ဦးမှင်သည် ဓားကိုကျစ်ကျစ်ဆုပ်ထားကာ ပုလိပ်များကို စူးရှစွာကြည့်နေသည်။

''လက်နက်ချဟေ့''

သေနတ်ပြောင်းဝများသည် ဦးမှင်ဘက်သို့ ချိန်ရွယ်လျက် နီးကပ်လာ၏။ ဦးမှင်သည် လက်ထောက်၍ ခုန်ထသည်။ အချည်းနှီးသော ကြိုးပမ်းချက်ဖြစ်ကာ မြေပေါ်သို့ မရှုမလှကျသွား၏။

''ဓား မချဘူးလား''

သေနတ်ကိုကိုင်သော ပုလိပ်တစ်ယောက်သည် မေးမေးပစ်ပစ် ပစ်ချလိုက်သည်။ ဦးမှင်သည် ရင်ဘတ်ကိုဖိကာ လဲကျသွားသည်။

''အလကားခွေး''

ထိုပုလိပ်ကြီးသည် ဦးမှင်အား ခြေနှင့်များပင် ကန်လိုက်သေး၏။ ဆေးဆရာကြီး

မှာ ခြေနှစ်ဖက်ကျိုးနေသူအား ရက်စက်စွာသတ်ပစ်ခြင်း၊ ရိုင်းစိုင်းစွာ ကန်ကျောက်ခြင်းတို့အတွက် တဆတ်ဆတ်တုန်အောင် ဒေါသဖြစ်နေသည်။ သို့ကြောင့်လည်း "ခြေနှစ်ဖက်ကျိုးနေသူကို သတ်ပစ်ရလားဟ" ဟုအော်ကာ ဦးမှင်၏ဓားကို ပြေးကောက်၏။

သေနတ်သံတစ်ချက် ပေါ်လာ၏။ သို့သော် သေနတ်ကျည်ဆန်သည် လျင်မြန်သောဆေးဆရာကြီး၏အဟုန်ကို မတားနိုင်။ ဦးမှင်အား ခြေနှင့်ကန်သူ ပုလိပ်ကြီးခမျာ လက်မောင်းတစ်ဖက် ပြတ်ထွက်သွား၏။ ဆေးဆရာကြီးမှာ နီးရာ တစ်ယောက်အား ခုတ်ပြီးချိန်တွင် ပက်လက်လန်ကျသွားတော့သည်။

စိမ်းစိုသော ကိုင်းတောအတွင်း၌ ယမ်းနံ့လွှမ်း၍ သွေးညှီဖုံးသွားခဲ့၏။

ဒေါ်လှမြတ်သည် အားကိုးရာလင်ယောကျ်ား ကွယ်လွန်သည်နှင့် ရွာထဲသို့ ပြန်ပြောင်းခဲ့သည်။ သမီးပျိုကလေး သုံးယောက်နှင့် မိန်းမမှာ လင်ယောကျ်ားရှိနေလျှင် အားတက်၏။ အိပ်ရာထဲမှာ လဲနေစေဦး၊ ယောကျ်ားရှိသည်ဆိုခြင်းကိုက တစ်အား။

ဖိုးအေးသည် ထိုအချိန်မှစ၍ ပုံပြောင်းခဲ့လေသည်။ လူရာမဝင်သေးသော ဤကလေးငယ်သည် အဖမတရား အသတ်ခံရခြင်းကို မျက်ဝါးထင်ထင်မြင်၏။ သူသည် မျက်မှောက်ကြုတ်၍ တစ်စုံတစ်ရာကို စဉ်းစားနေဟန်၊ တွေးတောနေဟန်သို့ ပြောင်းသွားသည်။ ရှေးကလောက် ကစားခုန်စား မြူးတူးခြင်း မရှိတော့သည်ကို ဒေါ်လှမြတ် သတိထားမိ၏။ ဒေါ်လှမြတ်မှတစ်ဆင့် အစ်မများပါ သိလာကြလေသည်။

ထားအိမှာမူ သူတကာထက် အပူကြီးမား၏။ ဖအေဆုံးရှုံးရသည်နှင့် မပြီးငြိမ်းသေးဘဲ၊ ချစ်သူမောင်တောက်ထွန်း အဖမ်းခံရ၊ အသတ်ခံရမည်ကို အချိန်ရှိသရွေ့ စိုးရိမ်နားစွင့်နေရရှာ၏။ စင်စစ်သူတို့မောင်နှမတွေ၊ သားအမိတွေမှာ ပျော်ရွှင်ခြင်းတို့ မျှော်လင့်ခြင်းတို့ ပျောက်ဆုံးခဲ့ရပြီ။ ကိုယ့်လယ်ကိုယ့်စိုက်ခင်းသည် ဝတ်ကြေဝတ်ကုန်ဖြစ်ရကာ ကိုယ့်ထမင်း ကိုယ်စားခြင်းသည်ပင် ဟက်ဟက်ပက်ပက်မရှိချေ။

ဒေါ်ညိုသင်း၌ ရင်နှင့်မကွာ ကျန်ရစ်သော မိုးကောင်းသည် ဖိုးအေးလောက် မငယ်သဖြင့် တော်သေး၏။ သို့သော် သူ့အပူ သူ့ဒုက္ခသည် ထားအိထက်ကြီးမားလှသည်။ လင်ဆုံးပြီးနောက် သားအတွက်ကြောင့်ကြရခြင်းသည် ဘယ်အပူနှင့်မျှ မတူသော အပူဖြစ်၏။ သူသည် သားကြီးအဝင်အထွက်လွယ်စေရန် အိမ်မပြောင်းချေ။ လယ်တဲမှာပင် သားငယ်ကို အဖော်ပြုနေထိုင်သည်။

သူ့တဲကို သူကြီးနှင့် သူကြီး၏ကျေးကျွန်များက မပြတ် ကြည့်နေ၏။ ဒေါ်ညိုသင်းက အရေးမစိုက်ပေ။ မောင်တောက်ထွန်းရောက်လာလျှင် အသင့်ဖြစ်စေရန် ထမင်းကို မပြတ်ထားသည်။ အစောင့်အနေထူထပ်လွန်းပါက မောင်တောက်ထွန်း ရောက်

လေ့ရှိသော နေရာများသို့ ညအချိန်အရောက်သွားပြီး ထမင်းပို့သည်။ လူကိုမတွေ့က ထမင်းထုပ်ကို ချိတ်ဆွဲပစ်ခဲ့၏။

တစ်နေ့တွင် ဒေါ်ညိုသင်း၏တဲကို သူကြီးနှင့် နောက်လိုက်များက ရုတ်တရက် ဝိုင်းလေသည်။ သူကြီးနှင့် ဆယ်အိမ်ခေါင်းနှစ်ယောက်သည် တဲထဲသို့ဝင်လာ၏။

"တောက်ထွန်းရှိလား"

ဒေါ်ညိုသင်းတို့သားအမိသည် ထမင်းစားပင် မပျက်ချေ။

"ကျွန်မသား မောင်တောက်ထွန်းကိုမေးတာလား ရှိပါတယ် ဒီမှာကြည့်ပါလား"

ဒေါ်ညိုသင်းက ထမင်းပွဲကိုမေးထိုးပြ၏။ ထမင်းပွဲတွင် လူနှစ်ယောက်သာ စားနေသည်။ ပြင်ထားသော ပန်းကန်များမှာ သုံးယောက်စာဖြစ်၏။

"ဒါဖြင့် ဘယ်သွားလဲ"

"ဘယ်များထသွားပါလိမ့်၊ ကျွန်မလည်း အမှတ်တမဲ့ပဲ"

သူကြီးသည် ဒေါ်ညိုသင်း၏စကားကို ယုံကာ နောက်လိုက်များအား တဲအနှံ့ ရှာဖွေစေသည်။ မောင်တောက်ထွန်းကိုတွေ့ရန် မဆိုထားနှင့် မောင်တောက်ထွန်း၏ ခြေရာကိုသော်မှ မမြင်ရချေ။ တစ်နာရီကျော်မျှ ရှာဖွေလှန်လှောပြီးမှ ဆယ်အိမ်ခေါင်း တစ်ယောက်က အခြေအနေမှန်ကို သတိထားမိကာ၊ သူကြီး၏နားဝသို့ ကပ်ပြီး ပြောလေသည်။

"တောက်ထွန်းမလာပါဘူး သူကြီးရဲ့၊ ထမင်းပန်းကန်ကို ကြည့်ပါလား"

ထမင်းသုံးပန်းကန်ဖြစ်စေကာမူ ပန်းကန်တစ်ခုမှ ထမင်းမှာ အရာမယွင်းပေ။ တစ်စုံတစ်ဦးရောက်လာလျှင် အသင့်စားရန် သို့မဟုတ် တစ်စုံတစ်ဦးအား ရည်မှန်းတည် ခင်းထားခြင်းသာဖြစ်၏။

သူကြီးသည် သဘောပေါက်သွားကာ "ဟဲ့ ညိုသင်း လင်သေလို့ လင်တရူး စကားတွေလျှောက်ပြောနေတာလား။ လင်မရှိရင် ငါ့ကိုယူပေါ့ဟာ"ဟုပြောလေသည်။

မိုးကောင်းရော၊ ဒေါ်ညိုသင်းပါ သူကြီး၏ စော်ကားသောစကားကို နားလည် ရာ၊ မိုးကောင်းကဓားဆွဲပြီး ထသည်။ ဒေါ်ညိုသင်းက သား၏ဓားကို လုယူကာ ထလာ ချေ၏။

"သူကြီး ဘာပြောလဲ၊ လူကြီးစကား မပြောဘဲ ခွေးစကားပြောရင် ဒီမှာဓား ရှိတယ်"

သူကြီးသည် ဒေါ်ညိုသင်းအား သေနတ်ဖြင့်ချိန်ကာ ဟန့်တားထားရပေမယ့်

အတော်တုန်လှုပ် သွားပေသည်။ သို့သော် ဟန်လုပ်ကာ ကြုံးဝါးလိုက်ပေသေး၏။

"ကိုရိုးကားယားမလုပ်နဲ့နော် အကုန်လုံးထောင်ထဲ ရောက်သွားမယ်"

"ကြိုးစင်ပဲတက်ရ တက်ရပေါ့ရှင် အကြောင်းမဟုတ်ပါဘူး"

သူကြီးသည် ဒေါ်ညိုသင်းအား ခက်ထန်စွာ တစ်ချက်ကြည့်ပြီး တဲထဲမှ ထွက်သွားလေသည်။

ဒေါ်ညိုသင်းက တဲပေါက်ဝထိ ခါးကိုင်ပြီးလိုက်လာသည်။ တဖြည်း ဖြည်း ဝေးသွားသောသူကြီးနှင့် နောက်လိုက်များကို တက်တခေါက်ခေါက်နှင့် ကြည့်နေ၏။

ဒေါ်ညိုသင်းသည် အတန်ကြာရပ်ကြည့်နေရာက ပန်းကန်ဆွတ်ခမ်းပေါ် ဇွန်း ကျသံ ကြားသဖြင့် လှည့်ကြည့်လိုက်ရာ–

"ဟင် လူကလေး မောင်တောက်ထွန်း"

ထမင်းပွဲတွင် အကျအနထိုင်စားနေသူမှာ သားကြီးမောင်တောက်ထွန်းဖြစ်သည်။

မီးသည်ရှဲခနဲ ငြိမ်းသွားဘိသို့၊ လေမုန်တိုင်းသည် ရုတ်ခြည်းပျောက်သွားဘိသို့။ ပြင်းထန်ပူလောင်သော ဒေါသသည် ခဏချင်းငြိမ်းအေးသွားကာ သားရေစင်ချမ်းမြကို မြင်လိုက်ရသော ဒေါ်ညိုသင်းမှာ ခါးကိုချ၍ သားကိုပြေးဖက်၏။ သို့သော် ဖက်ရုံသာဖက်ပြီး ချက်ချင်းထပြေး၏။ တဲ၏လေးဖက်လေးတန်ကို ခေါင်းငုံ့အကဲခတ်ရာ မိုးကောင်းက "ကျွန်တော်ကြည့်နေပါတယ် အစ်မရဲ့"ဟုပြောမှ တဲထဲသို့ ပြန်ဝင်ပြေး လာ၏။

သားကြီးကို စေ့စေ့စပ်စပ်ကြည့်သည်။ ချစ်မဝသော သား၊ ရှုမဝသော သားကို ကြည့်ရင်းကြည့်ရင်း ရင်ထဲမှာ အေးငြိမ်းလာသည်။

"သား နေကောင်းတယ်နော်"

"ဟုတ်ကဲ့ အစ်မ"

"စားလို့ကောင်းလား"

"ကောင်းပါတယ် အစ်မရဲ့"

"ငါးခြောက်ဟင်းတွေစားလေ သားရဲ့"

"စားပါတယ် အစ်မရဲ့"

"စားကောင်းရင် အကုန်စားလေ အစ်မတို့ဖို့မကျန်ရင် နေပေစေ။ အို နေဦး နေဦး ငါးပိရည်ကလေးရှိသေးတယ်"

ဒေါ်ညိုသင်းသည် ရှိသမျှဟင်းကို အကုန်ထုတ်ပေး၏။ သားကြီးဘေးတွင် ထိုင်ကာ တစိမ့်စိမ့်ကြည့်နေသည်။

"ညညမှာ အိပ်ရရဲ့လား သား"

''မိုးမရွာရင် အိပ်ရပါတယ် အစ်မရဲ့''

''ချုံထဲမှာအိပ်ရတော့ ကျွတ်တွေ မျှော့တွေ တွယ်မှာပေါ့ သားရယ်''

''ကျွတ်နဲ့မျှော့တော့ အစ်မရယ်။ လယ်ထွန်ရင်း သွားရင်းလာရင်းလည်း အတွယ် ခံရတာပါပဲ''

''စောင်မပါဘာမပါနဲ့၊ ကောင်းကောင်း မအိပ်ရပါ့ကလား သားရယ်''

အမိ၏အသံကို ကြားကာမျှဖြင့် မောင်တောက်ထွန်းသည် အမိကိုလှည့်မကြည့်ရန် သတိထား၏။ ဒေါ်ညိုသင်းမှာ သားကိုငေးကြည့်ရင်းက မျက်ရည်ကျလာသည်။ မောင်တောက်ထွန်းကား ထမင်းကို အပြေးအလွှားစားလျက်ရှိ၏။

''ထားအိတို့အိမ်ကိုများ ယောင်ပြီး မသွားနဲ့နော်၊ တစ်ခါတည်း ဝိုင်းဖမ်းလိမ့်မယ်''

''စိတ်ချပါ အစ်မရယ်''ဟု မောင်တောက်ထွန်းက ပန်းကန်ဆေးနေရာမှ ဖြေသည်။

''ဪ ဆေးလိပ်တောင် တစ်လိပ်ပဲရှိတယ် သားရေ ဝရဲ့လား''

''ဝပါတယ် အစ်မရဲ့။ ဆေးလိပ်ကို နေ့မှာ မသောက်ရဲဘူး။ ဆေးလိပ်မီးခိုး ထွက်မှာစိုးလို့။ ညကျမှ သောက်ရဲတာ အစ်မရ။ ပေးပါ၊ တစ်လိပ်ဆိုရင် လောက်ပါတယ်''

မောင်တောက်ထွန်းသည် ဆေးလိပ်ညှိပြီးလျှင် အားရပါးရ ဖွာရှိုက်သည်။

''အစ်မ၊ ထမင်းချက်ဦးမယ်''

''ကျွန်တော်ဝပါတယ်၊ ထပ်မချက်ပါနဲ့တော့။ ဒါထက် အစ်မ နှမညီလေးနဲ့ နှစ်ယောက်တည်းအလုပ်လုပ်ရတာ နိုင်ရဲ့လား''

'နိုင်သလောက်ပေါ့သားရယ်။ ကဲ ထမင်းချက်ဦးမယ်''

ဒေါ်ညိုသင်းက ပေါ့ပါးစွာဖြင့် မီးဖိုရှိရာသို့ လျှောက်သွားရာ၊ မောင်တောက်ထွန်းက ထရပ်ကာ တားဆီး၏။

''ဒါလောက် စိမ့်ပြေနပြေမနေရဲဘူး အစ်မရဲ့။ သွားတော့မယ်''

ပြောပြောဆိုဆို ထွက်သွားလေသည်တွင် ဒေါ်ညိုသင်း၏ သွက်လက်ပေါ့ပါးခြင်းတို့ ကွယ်ချေသည်။ သားဦးမှီသောအားမြခြင်းသည် သားနှင့်အတူပါသွားချေသလော။

ရေကင်းရွာမှ သူကြီးသည် ဒေါ်ညိုသင်းတို့တဲမှ ပြန်သွားပြီးနောက် ဒေါ်လှမြတ်တို့ အိမ်ကိုလာခဲ့သည်။ အိမ်သို့ တန်းတန်းမတ်မတ် မဝင်သေးမူ၍ အချိန်အတန်ကြာအောင် ချောင်းမြောင်းကြည့်နေ၏။

ဒေါ်လှမြတ်သည် အိမ်မှုဆောင်တာများကို ဆောင်ရွက်လျက်ရှိသည်။ ထားအိသည် နွားများအတွက် မီးဖိုနေ၏။ လှသွယ်နှင့် မြခြယ်သည် မီးဖိုထဲ၌ အမေကို ကူညီနေကြသည်။

ဖိုးအေးသည် ခြင်မီးဖိုဘေးတွင် ထိုင်နေရာက ထားအိအား မော့ကြည့်၏။

“မအိ။ အဘကို ပုလိပ်တွေက ဘာဖြစ်လို့ သတ်ပစ်တာလဲဟင်”

ထားအိသည် အမျက်များကိုမွေ့လျက် ရပ်ငေးသွားသည်။ ဖိုးအေးကို အကဲခတ်ကြည့်၏။

“အဘကိုကော ဆရာကြီးကိုလည်း သူတို့သတ်ပစ်ကြတယ်”

“အဘကိုသတ်ပစ်တာကတော့၊ အဘဟာ သူပုန်မို့”

“သူပုန်ဆိုတာ ဘာလဲဟင်”

“အင်္ဂလိပ်တွေ ငါတို့မြန်မာပြည်ထဲမှာ မနေနိုင်အောင် မောင်းထုတ်မယ်ဆိုပြီး ပုလိပ်တွေ ကုလားတွေကို တိုက်ခိုက်သူပုန်ထတာကိုခေါ်တာ မောင်လေးရဲ့”

“အင်္ဂလိပ်ဆိုတာ ဘာလဲ မအိရဲ့”

မြခြယ်က ဝင်မေးလေသည်။ မြခြယ်သည် အိမ်ပေါ်မှ ဆင်းလာကာ၊ နွားတင်းကုပ်ထဲဝင်လာ၏။

“အင်္ဂလိပ်ဆိုတာ ကုလားတစ်မျိုးပါပဲ။ သူတို့နေတော့ ဟိုအဝေးကြီးမှာ နေတာပါ။ ငါတို့ပြည်မှာ ရွှေတွေငွေတွေ သိပ်ပေါတော့ အဲဒါတွေလိုချင်လို့ ငါတို့တွေကို တိုက်ခိုက်သတ်ဖြတ်ပြီး ငါတို့ကို အတင်းအုပ်ချုပ်နေတာ”

“အဘက အင်္ဂလိပ်ကို သဘောမကျဘူး ထင်တယ် မအိရဲ့”

“ဘယ်သဘောကျမလဲကွယ်၊ ဟိုလူမျိုး ကိုယ့်ဘုရင်မဟုတ်ဘူး”

“အဘ ဘာဖြစ်လို့ မနိုင်တာလဲ”

“ဟာ ဘယ်နိုင်မလဲ မောင်လေးရဲ့။ အဘတို့မှာ ဓားနဲ့တုတ်ပဲရှိတာ၊ ကုလားမှာ အဝေးကပစ်လို့ရတဲ့ သေနတ်ကြီးတွေနဲ့ဟ။ ဒီတော့ အဘတို့ရှုံးရော”

မြခြယ်ရှင်းပြလိုက်ရာ ဖိုးအေးမှာ ခေါင်းငုံ့သွားလေ၏။ မြခြယ်သည် နွားကို [illegible] ပေးခြင်းဖြင့် ထားအိအား ကူညီသည်။

“[illegible] ငါကူရမလား မအိ”

[illegible] မှ အော်ဟစ်သံ ကြားလိုက်ရ၏။ ဖိုးအေးသည် [illegible] ကြည့်ပြီး မြေကြီးကို တုတ်ဖြင့်ခြစ်နေ၏။

“ဩော် ပင်ပန်းလိုက်တာနော်။ ငါ့ကိုခေါ်ခိုင်းပါလား [illegible]”

မောင်စိန်ရပါးစပ်မှ အရက်နံ့သင်းပျံ့လာသည်။ မြခြယ်က မျက်စောင်းတစ်ချက်ခဲလိုက်၏။ မောင်စိန်ရနောက်မှ ဆယ်အိမ်ခေါင်းဝင်လိုက်လာပြန်ကာ "တောက်ထွန်းမလာဘူးလားဟေ့"ဟု အာလေးလျှာလေးကြီးဖြင့်မေးသည်။

"ဘယ်က တောက်ထွန်းလဲ။ ဒါကိုတောက်ထွန်းရဲ့ အိမ်လားရှင့်"

မြခြယ်က စွာကျယ်ကျယ်အသံဖြင့်မေး၏။

"ဟေ့ လူပါးမဝနဲ့။ အကုန်လုံးထောင်ထဲ ရောက်ချင်သလား"

မောင်စိန်ရသည် ဆယ်အိမ်ခေါင်းအား လှမ်းဖက်လိုက်ပြီး၊ "အစ်ကိုရယ် ကျုပ်မျက်နှာကို ထောက်ပါဦးဗျာ။ သိပ်ပြီး မမာန်ပါနဲ့"ဟုပြောသည်။ နှစ်ယောက်စလုံး မူးနေပြီမို့ အားလွန်ပြီး ပုံလဲသွားကြ၏။

ဒေါ်လှမြတ်သည် အမူးသမားနှစ်ယောက်အသံကိုကြားလျှင် ပြေးဆင်းလာသည်။ လဲပြိုနေသူနှစ်ယောက်ကို ခါးထောက်လျက်ကြည့်၏။

"ဘာလာလုပ်ကြတာလဲဟေ့"

မောင်စိန်ရ လေးဘက်ထောက်ထရာက မော့ကြည့်ရင်းဖြေသည်။

"ထားအိ ပင်ပင်ပန်းပန်းလုပ်နေတာ မကြည့်ရက်လို့ ဝင်ကူတာပါ အဒေါ်ရဲ့"

"ငါ့လင်ကို သေရာသေကြောင်း သတင်းပေးတဲ့ခွေး။ အခုထွက်သွား"

"ဟားဟားဟား၊ သိပ်ပြီးဒေါသမကြီးပါနဲ့ ကျောင်းအစ်မရယ်"

ဤရယ်မောသံမှာ သေနတ်ကြီးထမ်းကာ နောက်လိုက်များ ခြံရံရောက်ရှိလာသော သူကြီးမင်း၏အသံဖြစ်သည်။

ဒေါ်လှမြတ်သည် သူကြီးအား လှည့်ကြည့်သည်။ အကြည့်ကား ဘယ်လိုလူပါလိမ့်ဟု ကြည့်ခြင်းမဟုတ်။ မုန်းတီးရွံရှာခြင်းကို ဖော်ပြရန်ကြည့်ခြင်းဖြစ်၏။

"ငါတို့ဗြိတိသျှအစိုးရမင်းရဲ့ အာဏာစက်တည်တံ့ရေးအတွက် သတင်းပေးတဲ့လူကို ခွေးလို့ဆိုတာဟာ မင်းပြစ်မင်းဒဏ် သင့်နိုင်တယ် နားလည်လား။ နင်တို့ ဒီအိမ်၊ ဒီနွား၊ ဒီလယ်နဲ့ နေနိုင်တာ ငါ့ကြောင့်ဟေ့။ အစိုးရမင်းများက သူပုန်ပစ္စည်းဆိုပြီး သိမ်းမယ်အလုပ်မှာ ငါအလျှောက်ကောင်းလို့ ချမ်းသာတာ ဟဲဟဲ။ အင်စပက်တော်မင်းကလည်း နင့်သမီး အချောအလှတွေကို သဘောလည်းကျ၊ သနားလည်းသနား ဟားဟားဟား"

ဒေါ်လှမြတ်မှာ အသားဆတ်ဆတ် တုန်ရုံမှအပ၊ မည်သို့မျှ မတတ်နိုင်ချေ။ သူကြီး၏စကားများကို ဟုတ်လောက်သည် မဟုတ်လောက်သည် ခွဲခြားဝေဖန်နိုင်စွမ်းမရှိသောကြောင့်လည်း ဟုတ်သော် ခက်ချေရဲ့အတွေးပေါ်လာသောအခါ ကြောက်စိတ်

ဝင်လာ၏။

မောင်စိန်ရက သူကြီးကို ရှိခိုးသည်။

"သူကြီးမင်းရယ်။ အင်စပက်တော်မင်းကို လျှောက်ထားပေးပါ။ ဟောဒီ ထားအိကလေးကိုသာ တော်ကောက်သွားရင်တော့ ကျွန်တော်မျိုးစိန်ရမှာ ရူးရချေရဲ့လို့"

"ဟားဟားဟား။ မင်းတယ်ပြီးတော့လည်း ပူတတ်သကိုးကွ။ ငါလျှောက် ထားပေးပါ့မယ်ကွာ၊ စိတ်မပူပါနဲ့ ဟားဟားဟား"

သူကြီးသည် ကျယ်လောင်စွာ ရယ်မောကာ လှည့်ထွက်သွားသည်တွင် နောက် လိုက်များလည်း တစ်သီကြီးပါသွားလေ၏။ သူကြီးတို့လူစုသည် ခြံဝ၌ မိန်းကလေး နှစ်ယောက်နှင့် ယောကျာ်းကလေးတစ်ယောက်ကိုတွေ့သည်။

"ဟားဟားဟား၊ သူပုန်သမီးနဲ့ နမပါကလား။ ဟဲ့ နင်ထိုသူ့ကိုပေါင်းရင် နင်တို့ပါ သူပုန်ဖြစ်သွားမယ်နော်၊ သတိထား"

သူကြီးပါးစပ်သရမ်းသွားခြင်း ခံရသူများမှာ မောင်တောက်ထွန်း မောင်မိုးကောင်း တို့နှမလည်းဖြစ်၊ ကျဆုံးသူကိုသာဒင်၏ သမီးထွေးလည်းဖြစ်သော ပန်းယဉ်နှင့် သူငယ် ချင်းများဖြစ်သော ခင်သစ်နှင့် ထွေန်းတို့ပင်။

"အလကား အရူးကြီးပါအေ၊ လာပါ"

ခင်သစ်သည် အကြီးပီပီ သွက်သွက်လက်လက် အားပေးကာ ပန်းယဉ်၏လက် ကိုဆွဲ၍ဝင်လာရာ၊ ထွေန်းက "ငါတို့ကြီးလာရင် ဒီလူကြီးကို သူကြီးအရာက ဖြုတ် ပစ်မယ်"ဟု ဘေးမှလိုက်ပါလာရင်း ကြုံးဝါး၏။

"ဟဲ့ ပန်းယဉ်ပါကလား"ဟု ထားအိကဆီးကြိုသည်။

ပန်းယဉ်က "အစ်မသစ်တို့ဆီ ဆေးရွက်လာတောင်းတာပါ။ အဲ့ကိုတောက် လည်း နေကောင်းပါတယ် အစ်မအိ၊ မိုးချုပ်တော့မယ် သွားတော့မယ်"ဟုပြော၏။

"အစ်မအိ၊ သူ့ဖို့လိပ်ထားတဲ့ ဆေးလိပ်ကလေးတွေ ယူသွားပါဦးကွယ်" ပြောကာ လှသွယ်အား ဆေးလိပ်အယူခိုင်းသည်။

"အစ်မအိတို့လည်း အားလုံးနေကောင်းကြတယ်ဟော့။ သတိနဲ့သွား ထွေန်းနဲ့ ဖိုးအေးတို့ လိုက်ပို့လိုက်စမ်း"

ပန်းယဉ်သည် ဒေါ်လှမြတ်ကိုလှမ်းနှုတ်ဆက်ပြီး၊ အပို့ဖော်နှစ်ယောက်နှင့်အတူ ပြန်သွားလေ၏။

## ကိုး

''သူပုန်တပ်မတော်၊ သာယာဝတီဒီစတြိတ်''၏ပုန်ကန်မှုမှာ ကျွမ်းသန္တာလန်အောင် ရှုံးနိမ့်သွားခဲ့သည်။ ခေါင်းဆောင်အချို့သေသည်။ အချို့ထွက်ပြေးသည်။ အချို့အဖမ်းခံရသည်။ ဆက်လက်၍လည်း ပိုက်စိပ်တိုက်၍ဖမ်းဆဲပင်။

သူပုန်တို့ ရပ်တည်မရအောင် ရှုံးနိမ့်ပြေးလွှားရစေကာမူ၊ ဇီးကုန်းမြို့မှာ ညစဉ်လန့်လျက်ရှိသည်။ လယ်သမားသူပုန်တပ်ကြီးသည် ညောင်ရမ်းမင်းကို ဆင်နှင့်တင်လျက် ဆင်နှာမောင်းတောင်မှ ချီတက်လာပြီဟူ၍လည်းကောင်း၊ တာပွန်တွင် ညောင်ရမ်းကိုယ်တော်ကြီး ဗိုလ်ဝင်ခံအပြီး၌ ဇီးကုန်သို့ချီတက်လာပြီဟူ၍လည်းကောင်း ကောလာဟလသတင်းများ ဖြစ်ပွားနေသည်။

ယင်းဖြစ်သည့်အတွက် ပုလိပ်များသည် သာယာဝတီဒီစတြိတ်ကို မွှေနှောက်နေ၏။ အထူးသဖြင့် မရင်းကိုင်းဆရာတော်ဦးသူရိယနှင့် တာပွန်ဦးမောင်ကလေးတို့ကို အသေရရ အရှင်ရရ အလိုရှိသည်။ ထိုသူနှစ်ယောက်ကို မမိမချင်း ဤအရေးအေးပြီမဆိုသာ။ သူပုန်တွေလာလိမ့်မည်ဟု သတင်းလွှင့်သူက လွှင့်နေဦးမည်သာ။

ပုလိပ်များသည် ပေရွက် ထမ်းရွက်တွင် အမိန့်ရေးသား၍ သူပုန်တပ်မတော်တံဆိပ် ခတ်နှိပ်ထားသော ပေများကို ဖမ်းဆီးရမိသဖြင့် သူပုန်အင်အားကို အထင်မသေးချေ။ သူပုန်စာရင်းပုရပိုဒ်မှာမူ ဆရာတော်ဦးသူရိယကိုယ်နှင့်မကွာ ရှိနေသေး၏။ ထိုစာရင်းရှိကြောင်း သိသောပုလိပ်များသည် အပူတပြင်းရှာဖွေကြသည်။ သို့သော်မတွေ့။

ဆရာတော်ဦးသူရိယသည် တပ်သားစာရင်းကို မီးရှူပစ်ကာ ဆက်လက် လူစုနေသည်။ တာပွန်ဦးမောင်ကလေးကလည်း စိတ်တက်ကြွမြဲရှိနေကာ သေနတ်သုံးလက်နှင့် ကျည်ဆန်များရလိုက်သောအခါ ပိုမိုတက်ကြွလာ၏။ သူတို့သည် လူစုရာ၌ လူသစ်များ စုဆောင်းခြင်းမဟုတ်ဘဲ၊ ထွက်ပြေးပုန်းအောင်းနေသော သူပုန်ဟောင်းများကိုသာ လိုက်လံကောက်သင်းကောက်ခြင်းဖြစ်သည်။

မိုးလယ်လ၏မှောင်မိုက်သော ညတစ်ညတွင် သူပုန်များသည် ဇီးကုန်းမြို့သို့ ချီတက်လာကြ၏။ မြို့ခြေသို့ သူတို့ချဉ်းကပ်မိချိန်တွင် ညဆယ်နာရီထိုးပြီ။ သူတို့၌ လူအင်အား ၅၀ကျော်ရှိ၍ သေနတ်ငါးလက်နှင့် မြန်မာဖြစ်ယမ်းမှုန့်များ ပါလာ၏။

သူပုန်များသည် ၂၀ တပ်တစ်တပ်နှင့် ၃၀ တပ်တစ်တပ်အဖြစ်ခွဲကာ ချီတက်ကြ၏။ ၂၀ တပ်ကို ဆရာတော်ဦးသူရိယခေါင်းဆောင်ကာ ရာဇဝတ်ဝန်ကလေး မစ္စတာဟီးလ်၏အိမ်သို့၊ ၃၀ တပ်ကို ဦးမောင်ကလေးခန့်ခွဲ၍ ဂါတ်သို့ အသီးသီးချဉ်းကပ်လာသည်။

မှောင်မိုက်ခြင်းသည် သူပုန်တို့ကို ကူညီလျက်ရှိ၏။ မိုးသက်လေကလေး ဆင်လာပြန်သောအခါ သူပုန်များသည် တိုး၍အားတက်လာသည်။ ရှုံးနိမ့်ခဲ့ရသမျှကို ပြန်လည်ကြွေးဆပ်မည် လက်စားချေမည်ဟု တေးလာကြ၏။

မောင်တောက်ထွန်းသည် အဖအတွက် ယောက္ခမလောင်းအတွက် လက်စားချေရလျှင် သေပါစေတော့၊ သေပျော်ပြီဟု စိတ်မှတ်ထားပြီးလျှင် ခက်ခဲ၍အသက်အန္တရာယ်နီးသော တာဝန်ကိုလက်ခံထားသည်။ လက်စားချေလိုက်မည်၊ သတ်လိုက်မည်ဟု အံကိုကြိတ်ထား၏။

ဆရာတော်ဦးသူရိယကား မိမိတို့ သူပုန်တပ်မတော်၏ ဂုဏ်သိက္ခာကို အဖတ်ဆည်နိုင်မည့်ပွဲဟု ယူဆသည်။ လူ ၅၀တည်းဖြစ်ပေမယ့် စိတ်ဓါတ်အရာတွင် ကောင်းမွန်သူချည်းဖြစ်၍ အရာရောက်လိမ့်မည်ဟု ခန့်မှန်း၏။

သူတို့သည် မစ္စတာဟီးလ်၏ အိမ်အနီးသို့ရောက်လာကြသည်။ ဆရာတော်က ''ဒီတံခါးဟာ ဝန်ကလေးရဲ့အိပ်ရာဘေးက တံခါးပေါက်ပဲ''ဟု ယခုထက်တိုင် သစ္စာရှိနေသေးသော ကိုမြတ်သာလက်ထောက်ချထားသည့်အတိုင်း မောင်တောက်ထွန်းကို ညွှန်ပြ၏။ ထိုနေရာသို့ မောင်တောက်ထွန်းချဉ်းကပ်သွားချိန်တွင် ဆရာတော်သည် ကောက်ရိုးပုံကို မီးလျက်ကျန်ခဲ့သည်။ ကောက်ရိုးပုံကား အိမ်ဝင်းအနီးတွင် ကပ်လျက် ကိုက် ၅၀မျှသာ ဝေးကွာ၏။

''ကဲ သေနတ်ပေးဟေ့''

ဆရာတော်သည် မှောင်မည်းမည်းတွင် ရေးရေးသာမြင်ရသော ပြူတင်းပေါက်

ကို သေနတ်ဖြင့်ချိန်ထားသည်။ မောင်တောက်ထွန်းက ပြူတင်းပေါက်ဘောင်သို့ ဝါးလုံးတစ်လုံးနှင့် ထောင်တက်၏။ သူ့အသင့်ဖြစ်နေလျှင် သူပုန်တစ်ယောက်က ပြန်ပြေးလာသည်။

''အသင့်ဖြစ်ပြီ ဘုရား''

ဆရာတော်သည် ''ရှိဟေ့''ဟု အမိန့်ပေး၏။ ကောက်ရိုးပုံထဲထည့်ထားသော ယမ်းမှုန့်များကို မီးတို့လိုက်ရာ အသံကြီးမြည်ဟီးလျက် မီးထတောက်သည်။ ကောက်ရိုးပုံသည် ချက်ချင်းမီးတောက်ကြီး ဖြစ်သွားလေ၏။

မောင်တောက်ထွန်းမှာ ''ဘုရားသိကြားမလို့ ဝန်ကလေးနိုးလာပါစေဗျာ၊ ထွက်ပြီးကြည့်ပါစေဗျာ''ဟု ဆုတောင်းနေသည်။ ရင်တထိတ်ထိတ် ခုန်နေသည်။ ဓားကိုတင်းစွာ ဆုပ်၍ ပြူတင်းပေါက်ကိုချိန်ထား၏။

အုတ်အုတ်ကျက်ကျက် အသံများကို ကြားရသည်။ မြို့ထဲကဖြစ်သည်။

မောင်တာက်ထွန်းနှင့် ထရံသာခြားသော အခန်းထဲမှာ တစ်စုံတစ်ဦး၏ လှုပ်ရှားသံကို ကြားရသည်။ ဝန်ကလေးဖြစ်ပေမည်။

''ထွက်ကြည့်ပါစေဗျာ။ ကြာကြာဆိုင်းနေရင် ငါ့ကိုမြင်သွားမယ်။ တံခါးဖွင့်ဖွင့်ချင်း ခုတ်မယ်''

တံခါးမင်းတုံး ပွင့်ပြီ။ တံခါးရွက်ကြွလာပြီ။ မောင်တောက်ထွန်းသည် တံခါးရွက်မြန်မြန်ပွင့်အောင် ဖမ်းဆွဲကာ လူတစ်ယောက်၏လည်ပင်းကို ပိုင်းချလိုက်လေ၏။

''ကောက်ရိုးပုံကို လောင်တာပါ သခင်ရဲ့''

''ဟုယ့်''

မောင်တောက်ထွန်းဓားသည် လူ၏ဇက်ကို ပိုင်းပြီးပြီ။ သို့သော် မစ္စတာဟီးလ် မဟုတ်။ ဓားကို ချက်ချင်းရုတ်၍ သွေးမှုပါလာသော ဟီးလ်ကို ဆက်ခုတ်လိုက်စဉ်တွင် သေနတ်သံပေါ်လာ၏။ ဟီးလ်ခေါင်းငုံ့ထိုင်ချလိုက်ရာ တံခါးဘောင်ကိုသာ ခုတ်မိသည်။ ခေါင်းပြတ်သွားသူမှာ အပျော်မယား မစောလှိုင်တည်း။

မောင်တောက်ထွန်း၏ ဝါးလုံးလဲသွား၏။ ခရာမှုတ်သံများ ကြားရသည်။ စစ်ဖိနပ်နှင့် ပြေးလာသံများ ကြားရသည်။

ရာဇဝတ်ဝန်ကလေးမှာ မောင်တောက်ထွန်း၏ ဓားချက်မမိသည်မှာ အမှန်ဖြစ်၏။ ဆရာတော်၏ သေနတ်ချက်ကို ထိမှထိကား မသိပေ။ ဆရာတော်သည် မိမိတို့ဘက်သို့ ဦးတည်လာသော စစ်ပုလိပ်များကို သေနတ်ဖြင့် လှမ်းပစ်သည်။

အင်းအားချင်းမှတူဘဲနှင့် ပစ်ခြင်းသည် ဆရာတော်၏အမှားပင်။ စစ်ပုလိပ်များ

သည် သေနတ်သံလာရာသို့ တုံ့ပြန်ပစ်ခတ်ကြ၏။ ကျည်များ ပလူပျံနေ၏။ တိတ်ဆိတ်ငြိမ်သက်နေခဲ့သောမြို့ကလေးမှာ သေနတ်သံများဖြင့် ညံနေလေပြီ။

မောင်တောက်ထွန်းသည် ကောက်ရိုးပုံဆီပြေးခဲ့၏။

''နှစ်စုခွဲ၊ မှောင်ရိပ်ခိုပြီးတက်။ ငါကဒီကနေပြီး သေနတ်သံပေးနေခဲ့မယ်။ အနားရောက်ရင် ဓားနဲ့အတင်းဝင်ခုတ်''

စစ်ပုလိပ်များအား ဆရာတော်တစ်လှည့်၊ ရှေ့ငတစ်လှည့် လှမ်းပစ်နေကြစဉ် မောင်တောက်ထွန်းသည် အစုတစ်စုတွင် ပါဝင်ကာ မှောင်ရိပ်ခို၍ ကုန်းကွပြီး ပန်းတက်လာသည်။

ဂါတ်ဘက်မှလည်း သေနတ်သံများ အဆက်မပြတ် ပေါ်လာပြန်သည်။ ဦးမောင်ကလေးတို့ ဂါတ်ကိုဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်၏။ မြို့သူမြို့သားများသည် လန့်ဖျပ်ပြေးကြသည်။ အော်ဟစ်ငိုယိုသံများနှင့် သေနတ်သံများ၊ သူပုန်တို့၏ အော်ဟစ်ဆဲရေးသံများ ဆူပွက်လျက်ရှိစဉ်-

စနစ်တကျနေရာယူပြီး ရှေ့တိုးပစ်ခတ်နေသော ပုလိပ်များအနီးသို့ မောင်တောက်ထွန်းတို့ရောက်လာ၏။ သည်အခါပြဿနာပေါ်သည်။ ခေါင်းဆောင်မပါခြင်းပင်။ ခေါင်းဆောင်မပါသည့်အတွက် ဆက်လက်၍ပုန်းလျှိုးကွယ်လျှိုး ချဉ်းကပ်သင့်မကပ်သင့်နှင့် မည်သည့်အချိန်တွင် ဖွတ်ဝင်ခုတ်မည်ဆိုသည်ကို အငြင်းပွားနေကြသည်။

''ဝေးသေးတယ်''ဆိုသူကဆို၏။

''ဝေးပေမယ့်၊ အတင်းပြေးခုတ်မယ်''ဟု ပြောသူက ပြောသည်။

မပြေမလည်နှင့် ဆက်လက်တက်လာကြရာ၊ စစ်ပုလိပ်တွေနှင့် ကိုက် ၃၀ အရောက်တွင် မအောင့်နိုင်သူအချို့က ခုန်ထပြီးပြေးခုတ်ကြရာ ကျန်လူများလည်း ရောယောင်လိုက်၏။ မည်သူမျှ ခုတ်ခွင့်မရဘဲ၊ ဓားထက်ထက်နှင့် အတွက်ခံရသော ငှက်ပျောတောလို လုံးထွေးကျကုန်သည်။

အဖော်တွေ သေကုန်တာမြင်တော့ မောင်တောက်ထွန်းပြေးသည်။ စွပ်မိစွပ်ရာပြေးသည်။ သေနတ်သံများ ဖြိုးဖြိုးဖျောက်ဖျောက်သာကြားရပြီး၊ သူပုန်တို့၏ ပြေးလွှားသံကိုငှင်း၊ စစ်ပုလိပ်တို့၏ အော်ဟစ်အမိန့်ပေးသံကိုငှင်း ကြားရသည်မှာ အားငယ်စရာကောင်းလှ၏။

သူပုန်အချို့ ရွာဆီသွားသောထွက်လမ်းအတိုင်း ပြေးလာကြရာ၊ စစ်ပုလိပ်များကဆီးကြိုပစ်သတ်သည်။ မောင်တောက်ထွန်းမှာ ကျည်ဆန်ဘေးမှ ပွတ်ကာသီကာ လွတ်သွားပြီး တာပွန်လမ်းအနီး လှည်းလမ်းသို့ပြေးလာ၏။ ဤလမ်းတွင် အဖော်မရှိ၊ သူတစ်

ယောက်တည်း။

မလှမ်းမကမ်းမှ ပေါ်ထွက်လာသော သေနတ်သံများသည် မောင်တောက်ထွန်းအား စိမ့်၍ကြောက်စေသည်။ တိတ်ဆိတ်နေခြင်းက အားငယ်စေသည်။ စစ်ပုလိပ်သည် မည်သည့်နေရာမှ ချောင်းမြောင်းနေသနည်း၊ မိမိအား လက်ရဖမ်းမိမည်လော ပစ်သတ်မည်လော။

မောင်တောက်ထွန်းသည် ဓားကိုနှာနှာဆုပ်လျက် သစ်ပင်ရိပ်များခိုလျက် ချဉ်းကပ်လာသည်။ သည်အခိုက် သူ့နောက်ဘက်မှ တဖုတ်ဖုတ်နှင့် ပြေးလာသော ခြေသံများကိုကြားရ၏။ အသာကလေး ကုပ်နေလိုက်ရာ သူ့ကိုလွန်သွားသည်။ လမ်းဆုံသို့ရောက်သွားချိန်၌ ကုလားစကားဖြင့် အော်သံကြားရ၏။ ရိုက်နှက်သံကြားရသည်။ ပြေးလွှားသံနှင့်အတူ သေနတ်သံ၊ ညည်းတွားသံများ ပေါ်လာသည်။

မောင်တောက်ထွန်း မနေရဲတော့ချေ။ နောက်ကြောင်းသို့ တစ်ချိုးတည်း ပြန်ပြေးခဲ့ရသည်။ တစ်မြို့လုံး၏ ဝင်ပေါက်ထွက်ပေါက်များကို ပိတ်ဆို့ပြီး သူပုန်များကို အသာကလေး သတ်ပစ်နေပေပြီ။ မောင်တောက်ထွန်း ဘယ်သို့ပြေးမည်နည်း။

တစ်ပြိုင်နက်ပင် ပုလိပ်များသည် တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်လံစစ်ဆေးလျက်ရှိသည်။ မောင်တောက်ထွန်း နားနှင့်မျက်စိ ပြိုင်တူဖွင့်လျက် ဟိုနိုသည်ကပ်ဖြင့် ကိုမြတ်သာ၏အိမ်သို့ လာခဲ့သည်။ ကိုမြတ်သာအား သူပုန်သူလျှိုအဖြစ်သိခြင်းမဟုတ်ဘဲ၊ ရပ်ဆွေရပ်မျိုးအဖြစ်သာ သိ၏။

ကိုမြတ်သာအိမ်ထဲမှာ စကားပြောသံတွေ ကြားရသည်။ မီးရောင်လည်းထွက်နေ၏။ အခြေအနေကို မောင်တောက်ထွန်း အကဲခတ်နေစဉ် ပုလိပ်များဆင်းလာသည်။ ပုလိပ်များ၏ကြားတွင် ကိုမြတ်သာနှင့် သူပုန်တစ်ယောက်ကို လှမ်းမြင်ရ၏။ မောင်တောက်ထွန်းမှာ အသက်ပင်မရှူရဲဘဲ ဝပ်နေလိုက်ရသည်။

မကြာမီ မိုးလင်းတော့မည်။ မိုးလင်းလာလျှင် သူပုန်များအတွက် မျှော်လင့်ချက်မရှိတော့ပြီ။ မောင်တောက်ထွန်းမှာ ''ငါတော့၊ ဒီတစ်ပွဲမှာသွားပြီ'' ဟု တွက်မိသည်အထိ အားငယ်မိ၏။

သို့သော် ''ဟယ် ယောကျ်ားကပဲ၊ ကြောက်လွဲ ရဲ မင်းဖြစ်တဲ့။ သေမြေကြီးရှင်ရွှေထီးတဲ့။ ဘာကြောက်ရမှာလဲ၊ မကြောက်ဘူး''

အားတင်းကာ ဘုတာရုံဘက်သို့ ချဉ်းကပ်လာခဲ့သည်။ ဘုတာရုံတွင် စစ်ပုလိပ်အချို့ရှိ၏။ အခြားလှုပ်ရှားမှုမရှိဘဲ တိတ်ဆိတ်နေသည်။ မောင်တောက်ထွန်းမှာ ချုံတစ်ခုထဲဝင်ကာ ဓားကိုဂုက်ပြီး အခြေအနေကို ဆက်လက်အကဲခတ်နေ၏။

တဖြည်းဖြည်း အလင်းရောင် ဝင်လာသည်။ ဘူတာရုံကား အသက်ကင်းမဲ့မြဲပင်။ တစ်မြို့လုံးမှာလည်း ညကာလနှင့် ဘာမျှမထူး။ တိတ်ဆိတ်ခြောက်ကပ်နေမြဲသာ။

မောင်တောက်ထွန်းသည် ဤချုံထဲတွင် အဘယ်မျှကြာအောင် နေနိုင်မည်နည်းဟု ခန့်မှန်းကြည့်၏။ ကြာရှည်ကြာမြဲ ခိုအောင်း၍ဖြစ်အောင် မကျယ်ဝန်းပေ။ တစ်စုံတစ်ယောက်တွေ့မြင်သွားရန်လည်း လွယ်ကူကြောင်း စဉ်းစားမိသောအခါ ဓားကိုပြန်ဖော်၍ ချုံထဲမှထွက်လိုက်သည်တွင် မိမိဘက်သို့လာနေသော စစ်ပုလိပ်နှစ်ယောက်ကို မြင်ရသည်။ တစ်ကိုယ်လုံးပူထူသွားကာ ချုံထဲသို့ပြန်ဝင်လိုက်ရ၏။

စစ်ပုလိပ်တွေ မြင်သွား လျှင်ကား ခွေးသေသေရတော့မည်ဟု တွက်ထားပြီး မျက်စိလျှင်လျှင်နှင့် ဓားကိုနာနာ ဆုပ်ထားသည်။

ပုလိပ်တွေ လွန်သွားသည်။ မိုးလည်းစင်စင် လင်းနေပြီ။ မောင်တောက်ထွန်းမှာ မလှုပ်မလဲ ချုံကလေးထဲတွင် ဆက်၍နေရတော့မည်။ ဘူတာရုံအခြေအနေနှင့် မြို့၏အခြေအနေမှာ မည်သို့မျှ ထူးခြားမလာပေ။ တိတ်ဆိတ်မြဲသာ၊ ခြောက်သွေ့မြဲသာ။ လူတွေမှနေထိုင်ကြသေးရဲ့လားဟု ထင်ရ၏။

ဤမျှလောက် တိတ်ဆိတ်ရှင်းလင်းနေချိန်တွင် အရဲစွန့်ပြီး၊ ထွက်လိုက်ပါက ထင်းခနဲ ကွင်းခနဲ မောင်တောက်ထွန်းအား မြင်ကြတော့မည်မှာ သေချာသည်။ ထို့ကြောင့် မောင်တောက်ထွန်းသည် မိုးဒဏ်၊ ဆာလောင်ခြင်း၊ ရေငတ်ခြင်းဒဏ်ကို တစ်နေ့လုံး ကြိတ်မှိတ်ခံကာ ညနေ နေဝင်ရီတရောတွင် မီးရထားလမ်း အရှေ့ဘက်သို့ ပြေးထွက်လာသည်။ အခန့်သင့်ပင် မိုးသည် အော်သွန်၍ ရွာချလာ၏။ သို့ရာတွင် ဘူတာရုံထဲက စစ်ပုလိပ်က သူ့ကိုမြင်သွားကာ လှမ်း၍ပစ်ခတ်သည်။ မောင်တောက်ထွန်းစွပ်၍ ပြေးခဲ့သည်။ ဘူတာရုံနှင့် သုံးလေးမိုင်ဝေးမှ အပြေးရပ်တော့သည်။

သူလည်းမိုးထဲလေထဲတွင် လျှောက်လာရာ ပထမဆုံးတွေ့ရသော ရွာတစ်ရွာကိုဝင်၏။ ပထမဆုံး တွေ့သောအိမ်တွင် ထမင်းတောင်းစားသည်။ သူ့ တစ်ကိုယ်လုံးပြာနေသဖြင့် အိမ်ရှင်က မီးဖိုပေးကာ ကောင်းကောင်းအိပ်ရလေ၏။

နံနက်လင်းသောအခါ မောင်တောက်ထွန်း ဖျားနေပြီ။ သို့သော်သူသည် ဖျားမနေနိုင်၊ ရွာကိုပုလိပ်တွေဝိုင်းကာ တစ်အိမ်တက်ဆင်း ဖမ်းဆီးနေပြီ။ ထို့ကြောင့် ကောက်ရိုးပုံထဲ ဝင်ပုန်းပြီး ပုလိပ်များအရှင်း၌ ရွာသို့ပြေးလာခဲ့လေသည်။

ပုလိပ်များသည် ဤဘက်၌လည်း စမ ပါသူများကို ဦးစားပေးဖမ်းဆီး၏။ နှိပ်စက်၏။ သို့သော် လုပ်ရန်မလိုတော့သော အခြေသို့ ဆိုက်ရောက်နေကြောင်းကို မသိသောကြောင့် လုပ်ကြခြင်းသာဖြစ်သည်။ ခေါင်းဆောင်ဆရာတော် ဦးသူရိယနှင့်

တာပွန်ဦးမောင်ကလေးတို့မှာ ဆင်နှာမောင်းတောင်ဘက်သို့ ဖြတ်ချကာ တောင်ငူမှတစ်ဆင့် ကယားပြည်နယ်၊ ရှမ်းပြည်နယ်များသို့ ထွက်ပြေးသွားကြပေပြီ။ ထိုခေါင်းဆောင်နှစ်ဦး ထွက်ပြေးချိန်မှစ၍ သူပုန်မီးငြိမ်းခဲ့သည်။ ခေါင်းဆောင်နှစ်ဦးကို ပုလိပ်တို့ ဖမ်းဆီး၍မမိ၊ သူတို့၏သတင်းကိုလည်း သူပုန်များနောက်ထပ် မကြားရတော့ချေ။

ခေါင်းဆောင်များထွက်ပြေးကုန်ပြီ ဖြစ်စေကာမူ ယင်း၏ဂယက်သည် ပြင်းထန်စွာ ရိုက်ခတ်နေဆဲသာရှိသေး၏။ မောင်တောက်ထွန်း ချဉ်းကပ်မိသော ရွာတိုင်းမှာ ထောင်လမောင်းကျနေသည်။ စမ ပါသော ယောကျ်ားဆိုလျှင် အဘိုးအိုပင်ဖြစ်စေ ဖမ်းဆီး နှိပ်စက်နေ၏။

တစ်ရွာဝင် တစ်ရွာထွက် လှည့်ပြေးနေရသည်ကတစ်ကြောင်း၊ ပုလိပ်တွေ ခြေချင်းထပ်နေသည်ကတစ်တန်တို့ကြောင့် ဇီးကုန်းတွင် တိုက်ခိုက်ပြီးနောက် ခုနစ်ရက် ကြာမှသာ မောင်တောက်ထွန်းသည် ရွာခြေသို့ချဉ်းကပ်နိုင်တော့သည်။

လယ်ထဲတွင် ငြိမ်သက်တိတ်ဆိတ်နေလေ၏။ မိမိတို့ လယ်တဲသာမက၊ မြင်သာမျှော်သာသော နေရာမှန်သမျှ လှုပ်ရှားမှုကင်းနေသည်။ အသက်မဲ့နေသည်။ တဲသို့ မျှော်ပြန်တော့ မီးခိုးမထွက်၊ တဲဝန်းကျင်ကို အကဲခတ်ပြန်သောအခါ လှုရိပ်လှုခြည်မရှိ။

''ဘာဖြစ်ကုန်ကြပြီလဲ၊ ဘယ်ရောက်ကုန်ကြပြီလဲ''

မည်သို့မျှ မောင်တောက်ထွန်း မတွေးတတ်။ ကန်သင်းများဘေးတွင် စပါးပင်ရိပ်ခိုကာ၊ တောအုပ်ကိုခိုကာဖြင့် တဲသို့လာခဲ့သည်။ တဲနှင့်နီးလာလေလေ မောင်တောက်ထွန်းရင်လေးရလေလေ ဖြစ်ကာ တဲထဲသို့ပြေးဝင်မိသည်နှင့် ခြေပစ်လက်ပစ်ပုံကျသွားလေ၏။

မောင်တောက်ထွန်း၏ရင်ထဲတွင် ဟာသွားသည်။ လှုမမယ် ညီမငယ်ကို မမြင်၊ ညီငယ်ကိုမတွေ့၊ အေးရိပ်သာကြီးဖြစ်၍ ခိုင်ခန့်သော တံတိုင်းကြီးဖြစ်သော မိခင်ကိုပါ မမြင်ရပြီ။

အမေတို့သည် ရသမျှကိုဆွဲကာ တစ်စုံတစ်ရာသော အန္တရာယ်ကြောင့် အလောသုံးဆယ်ထွက်ခွာ သွားကြရဟန်တူသည်။ တဲအတွင်း၌ ဖရိုဖရဲဖြစ်နေ၏။ ထွန်တုံးထွန်တံများ ယိမ်းယိုင်ပြိုလဲနေ၏။ အိုးခွက်များ မှောက်လန်နေ၏။

မောင်တောက်ထွန်းသည် ဘယ်သွား၍ ဘယ်လုပ်ရမည်မသိဖြစ်လျက် တဲတွင်းရှိ အိုးခွက်အမှိုက်သရိုက်များကို ငေးမောကြည့်နေစဉ် တဂျောက်ဂျောက်နှင့် အသံကြားသည်။ တဲပြင်သို့ခေါင်းပြူကာ အကဲခတ်၏။ လယ်ကွင်းထဲတွင်ရှင်းလင်း တိတ်ဆိတ်နေ၏။ တဲတွင်းပြန်ဝင်ကာ အသံကိုနားစွင့်သည်။

တကျောက်ကျောက်အသံသည် တဲထောင့်မှ ပေါ်လာ၏။ တဲထောင့်တွင် ထင်းတွေကို ပုံထားသည်။ ထင်းပုံကို မလိုက်သောအခါ ကြွက်နှစ်ကောင်ထွက်ပြေးသွားသည်။ အိုးသစ်ကလေး တစ်လုံးကိုအဖုံးနှင့် တွေ့ရ၏။ စလောင်းဖုံးကို ကြွက်ထိုးလှန်နေသောအသံ ဖြစ်ပေမည်။

အိုးသစ်ထဲတွင် ထမင်းနှင့် ငါးခြောက်ဖုတ်များ ရှိသည်။ သိုးနေပြီလား၊ နံနေပြီလားဟု မောင်တောက်ထွန်း မစဉ်းစားအားပါ။ အားရပါးရ လည်မျိုခိုက်အောင် စားပစ်လိုက်တော့သည်။

ဝမ်းဝလျှင် မိခင်နှင့် ညီငယ်၊ ညီမငယ်များကို စုံစမ်းရမည်။ ရွာထဲသို့ ပြောင်းရွှေ့ခြင်းကား မဖြစ်တန်ရာ။ မည်သို့ပင်ဖြစ်စေကာမူ မိခင်နှင့်ညီငယ်၊ ညီမငယ်တို့သတင်းကို ထားအိတို့ ပြောပြနိုင်မည်ကား ဧကန်။ ထို့ကြောင့် သတိထားကာ တဲထဲတွင်ထွက်ခွာခဲ့၏။ ရွာထဲတွင်လည်း တိတ်ဆိတ်နေသည်။ ရွာ၏ ညဉ့်ဦးသည် သာယာခြင်း မရှိတော့။ သုဿန်တစ်ခုနှင့် မည်သို့မျှ မခြားနားတော့ချေ။

မောင်တောက်ထွန်းသည် အိမ်သို့ဝင်လာ၏။ အိမ်တွင်လည်း လူမရှိချေ။ နေရာချင်း ကပ်နေသော ထားအိတို့အိမ်ဘေးသို့ ကပ်လာသောအခါ ထားအိမ်တို့အိမ်ပေါ်မှ ရယ်မောသံများ ကြားရသည်။ မောင်တောက်ထွန်း တုံ့ရပ်သွားလေ၏။

"သူပုန်မှန်ရင် ငါ့မယားကွ၊ ဟားဟားဟား ဟားဟားဟား"

"သူပုန်သမီးဆိုရင်ကော သူကြီးရဲ့ ဟီးဟီးဟီး"

မောင်စိန်ရ၏ အသံပါပေ။

"သူပုန်သမီးလည်း ငါ့မယားပဲကွ၊ ဟားဟားဟား"

"ဒါပေမယ့် သူကြီးရယ် ဘယ်မှာရလိုက်လို့တုန်း၊ အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပါရောလား"

အခြားလူတစ်ယောက်၏ အသံဖြစ်၏။ ထိုအခါ မောင်စိန်ရ၏ အသံဖြင့် "သူပုန်မယား သူပုန်သမီးတွေကို မရလိုက်ပေမယ့် သူတို့ရဲ့လယ်တွေ အိမ်တွေကိုရလိုက်သားပဲ သူကြီးမင်းရဲ့ ဟဲဟဲဟဲ"ဟုဆို၏။

"ဟေ့ မင်းအမေလည်း သူပုန်မယားပဲကွ"

"အစ်မတော့ ချမ်းသာပေးပါ သူကြီးမင်းရယ်၊ ကိုယ့်တပည့်သားမြေးရဲ့အမေကို ခွင့်လွှတ်ပါ"

မောင်စိန်ရ၏တောင်းပန်သံနှင့်အတူ သူကြီး၏ ကျယ်လောင်သော ရယ်မောသံသည် တစ်ရွာလုံးကို လွှမ်းခြုံသွားလေတော့သည်။

ဤအိမ်တွင်လည်း ထားအိတို့မရှိတော့သည်မှာ ထင်ရှား၏။ ထားအိတို့ မိသားစုနှင့် မိမိ၏မိသားစုသည် တစ်ကွဲတစ်ပြားစီ ပြေးကြသလော၊ အတူတကွ ပြေးကြသလော၊ သို့သော် ဤသည်ကိုထားပါ။ ဘယ်ကိုပြေးကြသနည်း။

မောင်တောက်ထွန်းသည် လယ်တဲသို့ပြန်ခဲ့သည်။ ယနေ့တစ်ည သည်တဲတွင် အိပ်မည်။ နက်ဖြန်နံနက်မှစ၍ မိသားစုနှစ်စု၏သတင်းကို စုံစမ်းရမည်။

ဒေါ်လှမြတ်၏ဆွေမျိုးများ ကြို့ပင်ကောက်တွင်ရှိသည်ဟု ကြားဖူး၏။ သို့ဖြစ်လျှင် ကြို့ပင်ကောက်သို့ ပြေးကြခြင်းပေလော။

မြန်အောင်တွင် ဦးမှင်၏သားချင်းများရှိသည်။ ကြံခင်းတွင်လည်း မိမိတို့ဆွေမျိုးများရှိ၏။ ထိုဒေသများသို့ ပြေးရန်မှာ မလွယ်ကူ။ ကြို့ပင်ကောက်သို့ ပြေးကြမည်မှာ သေချာသည်ဟု မောင်တောက်ထွန်းယုံကြည်သည့်အလျောက် နောက်တစ်နေ့တွင် ကြို့ပင်ကောက်သို့လာခဲ့၏။ ကြို့ပင်ကောက်တွင်လည်း ဇီးကုန်းကအရှိန်သည် ရိုက်လျက်ရှိ၏။ ရွာတွေဖွတ်ဖွတ်ကျေနေသည်။ လူစိမ်းမြင်လျှင် စုံထောက်လား၊ ပုလိပ်လားဟု ပြေးကြပုန်းကြသည့်အတွက် ဒေါ်လှမြတ်၏ သားချင်းများကို မနည်းရှာဖွေ စုံစမ်းရ၏။ ဒေါ်လှမြတ်တို့ သားအမိတတွေသည် ကြို့ပင်ကောက်သို့ ရောက်လာကြခြင်း မရှိပေ။

မောင်တောက်ထွန်းမှာ အသိမိတ်ဆွေမရှိသော အရပ်တွင် ကြာကြာမနေရဲပေ၊ မတော်တဆ အဖမ်းခံရမည်ကိုလည်း စိုးရသည်။ ရွာသို့ပြန်ပြီး အမိနှင့်ထားအိတို့၏ ခရီးစဉ်ကို သိသူ ရှိလိုရှိငြား စုံစမ်းရန် ဇီးကုန်းသို့လှည့်ခဲ့ပြန်သည်။

ဇီးကုန်းမှာ ပြန်လည်စည်ကားစ ပြုလာပြီ။ စည်ကားသည့်အလျောက် မောင်တောက်ထွန်းအတွက် သွားရလာရလွယ်ကူ၏။ စည်သည်ဆိုရာ၌လည်း လယ်သမားကောသူတောင်သားများဖြင့် ရှုပ်ထွေးနေခြင်းမဟုတ်၊ မြို့သူမြို့သားများ သွားလာလှုပ်ရှားနေခြင်းသာလျှင် ဖြစ်ချေသည်။

ဗိုလ်ရုံဆီတွင် လူတွေ စုစုလှုပ်လှုပ်မြင်ရ၏။ လူများများစားစား ကြားတွင်ကား ပိုးစိုးပက်စက် မဖြစ်နိုင်တန်ရာတွေးကာ မောင်တောက်ထွန်းသည် ဗိုလ်ရုံဘက်သို့ လာခဲ့သည်။ ရပ်ကြည့်နေသောလူများထဲ ဝင်ရောရင်း ''ဘာလုပ်တာလဲဗျ''ဟုမေး၏။

''သူပုန်တွေကို ကြိုးပေးသတ်မလို့ ဟိုဥစ္စာကို ကြိုးစင်ခေါ်တယ်''

ကြိုးစင်ဘေးတွင် ပုလိပ်များ၊ အရာရှိများ ရောက်ရှိနေကြသည်။ ကြိုးတုပ်ထားသော သူပုန်များလည်း ရောက်ရှိလာ၏။ အိုမင်းမစွမ်း စမ ထိုးထားကာမျှဖြင့် သူပုန်အထင်ခံရသော အဘိုးအိုများလည်း ပါသည်။ ကြီးကောင်မဝင်သေး၊ ကလေးသာရှိသေးသူများလည်းပါသည်။

ဦးစွာ ကြိုးကွင်းစွပ်ခံရသူမှာ ငွေ၌ဖြစ်၏။ ငွေ၌သည် အေးဆေးစွာပင် အသတ်ခံသွား၏။

"ဟင် သူက သူပုန်မဟုတ်ပါဘဲကလား"

ဒုတိယမြောက် ဆွဲထုတ်လာသူကို မောင်တောက်ထွန်းသိပါ၏။ သူတို့ရွာမှ မောင်ချစ်ဆိုသူဖြစ်၍ အင်္ဂလိပ်အစိုးရမင်းအား များစွာချီးကျူးလေ့ရှိသော်လည်း သူကြီးနှင့်ကား ပဋာမစားချေ။ သို့ကြောင့် သူပုန်အဖြစ် အတွန်းခံရဟန်တူ၏။

မောင်ချစ်သည် "အမယ်လေးဗျ၊ ကျွန်တော် ဘာမှမလုပ်ပါဘူးဗျ၊ သူကြီးက မုန်းလို့တွန်းတာပါဗျ" ဟု ရုန်းကန်အော်ဟစ်ရင်း ကြိုးကွင်းတင်းကာ ငြိမ်သက်သွားလေသည်။

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် မောင်တောက်ထွန်းသိသူရော၊ မသိသူပါ၊ ဘုန်းကြီးနှင့် သာမဏေများပင် မလွတ်ချေ။ ဘုန်းကြီးတွေ ရက်စက်စွာကြိုးကွင်းစွပ် အသတ်ခံရသည့်အတွက် မောင်တောက်ထွန်းမှာ ကြည့်ရင်းကြည့်ရင်း ဝမ်းနည်းလာ၏။ မျက်ရည်တွေတွေကျလျက် မောင်တောက်ထွန်း ငေးမောနေစဉ် တစ်စုံတစ်ယောက်က သူ့လက်ကိုလာဆွဲ၏။

"ဟောဒီမှာဗျို့ သူပုန်ဟ"

မောင်တောက်ထွန်းသည် ထိုသူ၏ပါးစပ်ကို အထိတ်တလန့်ပိတ်ရိုက်ပြီး ထွက်ပြေးလာခဲ့လေသည်။ လူစည်ကားသော နေရာရောက်မှ နောက်သို့ပြန်ကြည့်သောအခါ မည်သူတစ်စုံတစ်ဦး တစ်ယောက်မျှ လိုက်မလာပေ။ မောင်တောက်ထွန်းသည် မြို့ပေါ်မှာ ဆက်လက်နေထိုင်ရန်မသင့်၊ မိမိကိုသူပုန်ဟု သိသူရှိနေပြီ။

မိမိ၏လက်ကိုလာဆွဲသူမှာ ဦးသာဖဲတော့မဟုတ်၊ မည်သူဟူ၍လည်း စဉ်းစားမရ။ ထိုသို့ မိမိမသိသူက မိမိအား သိနေခြင်းမှာ ပို၍ကြောက်စရာကောင်း၏။ ထို့ကြောင့် ရွာသို့ အမြန်ပြေးခဲ့ရာ မြို့သို့တက်လာသော ရွာသားတစ်ယောက်နှင့် လမ်းတွင် ဝင်တိုးသည်။ ထိုသူမှာ မောင်တောက်ထွန်းကိုမြင်လျှင် ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေသေးသည်။ ထိုသူထံမှ ဒေါ်လှမြတ်တို့ ကြို့ပင်ကောက်ဘက်အပြေးတွင် သူကြီးက တားဆီးနှောင့်ယှက်သဖြင့် တာပွန်ဘက်သို့ပြေးကြကြောင်း၊ ပြေးခြင်းမှာ သူကြီး၏ရန်ကိုကြောက်၍ ဖြစ်ကြောင်းသိရပေသည်။

မောင်တောက်ထွန်းသည် တာပွန်သို့တန်းလာခဲ့၏။ တာပွန်တွင် အသိအကျွမ်း အနည်းငယ်ရှိရာ မိတ်ဆွေတစ်ယောက်၏ အိမ်တွင် မိမိတို့နွားများနှင့် ထားအိတို့နွားကို တွေ့ရသည်။ မောင်တောက်ထွန်း အတော်အားတက်သွားသည်။ သို့တစေ ဤရွာမှာ

ခေါင်းဆောင်ဦးမောင်ကလေး၏ရွာဖြစ်ရာ မိခင်နှင့် ထားအိတို့မလုံခြုံသဖြင့် ဆက်ပြေးကြကြောင်းသာသိရသည်။ ဘယ်သို့ပြေးကြောင်း မသိရ၊ သည်မှာလည်း ပုလိပ်တို့သောင်းကျန်းဆဲသာရှိသေး၏။

ရွာပြင်တွင်နေထိုင်သော မိတ်ဆွေတစ်ယောက်နှင့် တွေ့သောအခါတွင်မှ ဒေါ်လှမြတ်တို့ လေ့တစ်စင်းငှားသွားကြောင်း သိရသည်။ သူတို့ဝက်ပုတ်ချောင်းအတိုင်းစုန်သွားလျှင် ကနောင်နှင့်တော့ နီးနိုင်၏။ ကနောင်တွင် အသိမရှိ၊ ကနောင်မှ မြန်အောင်သို့ ခရီးဆက်ကြတန်ရာ၏။

မောင်တောက်ထွန်းသည် မိုးကိုလည်းမမှု၊ ငတ်ခြင်းကိုလည်း ဂရုမထား၊ အမိနှင့် ချစ်သူနောက်သို့ တစ်ရွာဝင် တစ်ရွာထွက် တစ်နေကုန်ကုန် တစ်ရက်ခန်းခန်း စုံစမ်း၍ လိုက်လာလေသည်။

## တစ်ဆယ်

ဦးမှင်၏ဆွေမျိုးတစ်ယောက်ရှိသော မြန်အောင်သို့ရောက်လျှင် မောင်တောက်ထွန်း၏ အပူမှာ တစ်ဝက်ငြိမ်း၏။ ဒေါ်ညိုသင်း စိတ်တိုင်းကျဖြစ်စေရန် ကြံခင်းသို့ သူပင်လိုက်ပို့ လိုက်ရကြောင်းနှင့်တကွ၊ နေရာအတိအကျပါ ညွှန်လိုက်ရာ မောင်တောက်ထွန်းသည် ရေလမ်းဆိုလျှင် ကြာမည်စိုး၍၄င်း၊ စိတ်ကနေးသည်ထင်၍၄င်း ကုန်းလမ်းပင်လာခဲ့သည်။

ကြံခင်းဘက်တွင် ဓါးကုန်းဆီမှ သတင်း၊ သာယာဝတီမှ အရှိန်သည် ရိုက်ထိခြင်းမရှိချေ။ အေးဆေးနေချေသည်။ ကြံခင်းမြေသို့ မောင်တောက်ထွန်းသည် အရဏ်တက်တွင်နှင်းမိ၍ အမေတို့တဲသို့ လင်းရောင်လာစတွင် ရောက်ရှိလေ၏။

မောင်တောက်ထွန်းအား လိုက်ပို့သူမှာ စောစောစီးစီးထပြီး ရေခပ်သော ဦးလှိုင်ဘွားဆိုသူဖြစ်သည်။ ဦးလှိုင်ဘွားသည် မိမိတို့မိသားစုနှ်ဲ များစွာအရေးပါသော လူတစ်ယောက်ဖြစ်လာလိမ့်မည်ဟု မမျှော်မှန်းခဲ့။ ကျေးဇူးတင်စကားကို သာမန်မျှသာ ဆိုခဲ့သည်။

တဲဝ၌ မောင်တောက်ထွန်းရပ်ချိန်တွင် တဲထဲ၌မှောင်နေဆဲ ဖြစ်၏။ အမေနှင့် ထားအိသည် ရေနံချေးမီးခွက်တစ်ခုကို ဘေးတွင်ချကာ တစ်စုံတစ်ရာကို တိတ်ဆိတ်စွာ လုပ်ကိုင်နေကြသည်။ သူတို့သည် တဲဝမှာရပ်လာသော လူတစ်ယောက်ကို သတိမထား မိသည်အထိ အပြင်အပကို လျစ်လျူရှုဟန်ရှိ၏။

''အစ်မ ထားအိ''

ဒေါ်ညိုသင်းနှင့် ထားအိသည် ပြိုင်တူမော့ကြည့်၍ မျက်လုံးပြူးသွားကြသည်။

''သား''

''ကိုထွန်း''ဆိုကာ ထားအိက ပြေးလာပြီးဖက်၏။ မောင်တောက်ထွန်း၏ လက်ထဲရောက်ချိန်တွင် ထားအိမှာ ပျော့ခွေလျက် သတိလစ်သွားလေ၏။

''အစ်မ လုပ်ပါဦး လုပ်ပါဦး။ ထားအိ ဘာဖြစ်သွားတယ် မသိဘူး''

မောင်တောက်ထွန်းသည် ထားအိကို ပွေ့၍ ဒေါ်ညိုသင်းလက်ထဲ ထည့်သည်။ တစ်တဲလုံးမှာ လှုပ်ရှားသွား၏။ ထားအိထံပြေးလာသူမှာ ဒေါ်လှမြတ်တစ်ယောက်သာ ရှိသည်။ ကျန်သောလှသွယ်၊ မြခြယ်၊ ဖိုးအေးနှင့် မိုးကောင်းတို့ ပန်းယဉ်တို့သည် မောင်တောက်ထွန်းထံသို့သာ ပြေးလာဝိုင်းအုံကြ၏။

''အစ်ကိုထွန်း နေကောင်းတယ်နော်''

''အေးဟ''

''အစ်ကိုထွန်း ဘယ်လိုလုပ် လိုက်လာတာလဲ''

''ဒီလိုပဲ မေးစမ်းလာရတာပဲဟေ့''

''လှသွယ်တို့ကတော့ အစ်ကိုထွန်း သေပြီထင်နေတာ''

''ဟယ် နင့်ပါးစပ်ပုပ်ကြီးကလည်း''

''အစ်ကိုထွန်း၊ ထင်းပုံအောက်က ထမင်းအိုးတွေ့လား''

''အေး တွေ့တယ်''

''အဲဒီအောက်မှာ ဒင်္ဂါးတစ်ပြားနဲ့ စာတစ်စောင် မြှုပ်ထားတယ်။ အစ်ကိုထွန်း လိုက်လာစရာခရီးစရိတ် မရှိမှာစိုးလို့''

''ဟေ မတွေ့ခဲ့ဘူးဟ။ ဒီလိုဆိုရင် ဒီငွေတစ်ကျပ် ပြန်ယူဦးမှပဲဟေ့။ ဟာ ဖယ်ကြစမ်းပါဦး။ ဟိုမှာ ထားအိဘာဖြစ်နေလဲ သိလား''

''ဟင် ဘာဖြစ်လို့လဲ''

ကလေးများမှာ ထိုအခါကျမှ ထားအိ၏အဖြစ်ကိုသိကြကာ မောင်တောက်ထွန်းနှင့်အတူ ထားအိဘေးသို့ စုပြုံလာကြသည်။

ထားအိမှာ အိပ်ရာထဲသို့ ရောက်နေပေပြီ။ သတိလည်းရနေပေပြီ။ ထားအိသည် မောင်တောက်ထွန်းအား မျက်တောက်မခတ်စိုက်ကြည့်ကာ ''ကိုထွန်းပြန်လာပြီနော်''ဟု ပြောသည်။

''ပြန်လာလို့မြင်ရတာပေါ့ဟာ၊ မအိတို့ကလည်း သဲကိုသဲတယ်''

ဖိုးအေးဝင်ပြောလိုက်ရာ၊ လှသွယ်က ခေါက်ခနဲ ခေါက်လိုက်၏။

"ကဲ တွေ့ကရာပြောဦး"

မြခြယ်က "အစ်ကိုထွန်းအရောက်မြန်ပေလို့နော်။ အမအိ ထမင်းမစားတာ ကြာပြီ၊ မှိုင်မှိုင်နေတာပဲ၊ အမေပြောတော့ အစ်ကိုထွန်းကို လွမ်းနေတာဖြစ်မှာပဲတဲ့"ဟု ပြောချင်ရာစွပ်ပြောသောအခါ ထားအိမည်သို့နေမည် မသိပေမယ့်၊ မောင်တောက်ထွန်း အနေရအထိုင်ရ အတော်ခက်သွားကာ ဒေါ်လှမြတ်ကို ကြည့်ရမှာပင် အားနာသလိုလို ဖြစ်နေ၏။

ဒေါ်လှမြတ်ကပင် အလိုက်သိစွာပြော၏။

"သမီးမိန်းကလေး မွေးရင် ဒီလိုအဖြစ်မျိုး ကြုံရမှာပဲဟေ့။ ကဲ မောင်တောက် ထွန်း ရှက်မနေနဲ့၊ မင်းအမေကို သွားကူလိုက်ပါဦးမယ်၊ စကားပြောနေခဲ့ကြ"

မောင်တောက်ထွန်းသည် ထားအိလက်ကို ဆုပ်ထားသည်။ တကယ့်အရိုးပေါ် အရေတင်သော လက်ဖြစ်၏။

"ကိုထွန်း၊ ထားအိကို ပစ်မသွားပါနဲ့နော်"

ထားအိက လေသံကလေးဖြင့်ပြောရာ၊ မောင်တောက်ထွန်းက "ပစ်ပါဘူး ကွယ်"ဟု နှစ်ကိုယ်ကြားပြန်ပြောရာက၊ ဒေါ်ညိုသင်းကို လှမ်းမြင်သဖြင့် အရှိန်သတ် လိုက်ရကာ အမိဘက်သို့ မျက်နှာမူလိုက်ရလေ၏။

မိခင်သည် ရှေးနည်းတူ ကြံ့ခိုင်မြဲ မာကြောမြဲပင်။ မျက်နှာထားမှာမူ ပျော့ပျောင်း ကြည်လင်မှုမရှိတော့၊ ခက်ထန်နေသည်ထင်ရ၏။ သူသည် သားကြီးအား စိုက်ကြည့်ကာ "မသေလို့ တွေ့ရတာ သားရယ်"ဟုပြောသည်။

"ဟုတ်တယ်အစ်မရေ၊ ဝန်ကလေးအိမ်ကို စီးတဲ့ညကတစ်ခါ၊ ဗိုလ်ရုံဝင်းထဲမှာ သူပုန်တွေကြိုးပေးသတ်တာ သွားကြည့်မိတုန်းကတစ်ခါ၊ ပြေးလိုက်ရတာအစ်မရယ်၊ သေရော အောက်မေ့တာ"

"သား ပိန်သွားတယ်နော်"

မိခင်သည် မျက်ရည်တွေကျလာ၏။ မောင်တောက်ထွန်းလည်း မိခင်ကိုကြည့် ကာ ဝမ်းနည်းလာသည်။

"ဝမ်းနည်းမနေပါနဲ့ အစ်မရယ်။ သားပြန်ရောက်လာပြီပဲ"

"အစ်မ မငိုခဲ့ပါဘူးသားရယ်။ ကျန်တဲ့လူတွေ ဝမ်းနည်းမှာစိုးလို့ တင်းထား ခဲ့တာ။ သားကိုလည်း သေပြီထင်နေတုန်းမှာ ဖြစ်လေရာဘဝမှာ ခွေးဖြစ်မယ့်သူကြီးက တစ်မှောင့်မို့ နောက်ဆံတင်းတင်းနဲ့ ပြေးလာရတာ၊ ကနောင်လည်းရောက်ရော၊ ထားအိက အိပ်ရာထဲ လဲတာပဲ"

မိုးစင်စင်လင်းလာပြီမို့၊ ကလေးတွေသည် ဇန်းကလေးတွေကိုယ်စီနှင့် မုန့်ရောင်းရန် ထွက်သွားကြရာ၊ မိုးကောင်းတစ်ယောက်သာ ကျန်ခဲ့၏။

"ဖြစ်သလိုပဲပေါ့ သားရယ်။ မုန့်စိမ်းပေါင်းတစ်လှည့် မုန့်လုံးရေပေါ်တစ်လှည့် လုပ်ရောင်းနေရတာပဲ။ ဒါနဲ့ ပထမတော့ နေထိုင်မကောင်းတာ ရိုးရိုးပဲထင်တယ်။ နောက်တော့မှ လွမ်းဖျား လွမ်းနာကျတာမှန်းသိတော့ အစ်မတော်တော် စိတ်ထိခိုက်တယ်။ သားအတွက်ပူတာကတစ်မျိုး၊ သားကိုယ်စားသူ့ကို သနားတာကတစ်မျိုးနဲ့၊ မရှုအောင် မနည်းသတိထားရတယ်။ ပဋ္ဌာစာရီလင်သေ သားဆုံးတာက သားနှစ်ယောက်။ ငါ့မှာက သားတစ်ယောက်၊ သမီးတစ်ယောက် ရှိပါသေးလားလို့ ဖြေရတယ်သားရယ်"

မောင်တောက်ထွန်းမှာ မိခင်ကိုကြည့်ရင်းကြည့်ရင်း တိုး၍ လေးစားလာရသည်။

ဤအမိသည် မိခင်တကာတို့ပြုနိုင်ခဲသော အမှုကိုပြုကာ ရင်၌ဖြစ်သောသားကို သူပုန်တပ်ထဲထည့်၏။ ဤအမိသည် ထိုသားသူပုန်အတွက် ကျလာသည့် ရန်သူဟူသမျှကို ယောကျ်ားတစ်ယောက်သဖွယ် ရင်ဆိုင်သည်။ ဤအမိသည် ထန်းလဲလျှင် ပေပင်ကို တွယ်သော နွယ်ပင်တို့၏ ထုံးကိုဆန့်ကျင်ကာ လင့်ဂုဏ်သားဂုဏ်မပျက်အောင် သူကြီးအာဏာစက်မှ တော်လှန်ထွက်ခဲ့သည်။

ဤအမိကား၊ အိုလေလေခက်လက်ဝေ စည်ဝေဝေဖြစ်သော ပညောင်ပင်ကြီး နှယ်ပါတကား။ဤအမိကား၊ အိုလေလေ မာကြောလေလေ ဖြစ်သော ကျောက်ဖြစ်အင်ကြင်း ပင်နှယ်ပါတကား။

မောင်တောက်ထွန်းသည် အမိအား ဦးနှိမ်ရှိခိုး၏။ အမိ၏ ထမီနှင့် မိမိနဖူးကို ထိသည်။

"ကနေ့ကစပြီး၊ အပူငြိမ်းပါပြီ အစ်မရယ်။ အစ်မအေးအေးဘဲ နေပါတော့"

"ဟုတ်ပါတယ်၊ အစ်မကလည်း ငါ့သားမျက်နှာကိုမြင်လိုက်တာနဲ့ ငါ့အပူတော့ ငြိမ်းပြီလို့ တွက်လိုက်ပြီးသားပါ။ ဒါထက်သား၊ သားကိုအမေပါးလိုက်တဲ့ဓား ပြန်ပါလာသေးရဲ့လား"

"ပါပါတယ် အစ်မ"

"သာဓုသားရယ် သာဓုသာဓု၊ ဒီဓားဟာ အဘိုးကိုင်သွားတဲ့ ဓားမို့ မပျောက်ပျက်ပါစေနဲ့ သားရယ်"

ထိုနေ့ ညနေချမ်းတွင် ဦးလှိုင်ဘွားသည် ကွမ်းတမြုံ့မြုံ့ဝါးလျက် မိသားစုနှစ်စု နေထိုင်ရာ တဲရှေ့ကွပ်ပျစ်သို့ ရောက်လာလေ၏။ မိမိအား အိမ်တိုင်ယာရောက်လိုက်ပို့ခဲ့သော လူကြီးဟု မောင်တောက်ထွန်းမသိချေ။ သူ့အာရုံတွင် ကြီးစွာသော အပြောင်းအလဲဖြစ်

နေသည်မို့ မေ့ဟန်ရှိသည်။

"မောင့်ကို မနက်က လိုက်ပို့လိုက်တာ ကျုပ်ပဲ၊ မမှတ်မိတော့ဘူးလား"

ဦးလှိုင်ဘွားက ရယ်ကာမောကာ မေး၏။ ဒေါ်လှမြတ်ကဝင်၍ "ဒီမြို့မှာတော့၊ မင်းအဖေရဲ့သူငယ်ချင်း ကိုပေအုန်းကလွဲရင် အားကိုးရမယ့်လူဆိုလို့ ဦးလှိုင်ဘွားပဲရှိတယ် မောင်တောက်ထွန်း၊ ဦးလှိုင်ဘွားကိုလည်း ကိုပေအုန်းကစပ်ပြီး သိတာပါ"ဟုရှင်းပြသည်။

"ဟုတ်တယ် သားရေ့၊ ကိုပေအုန်းက အိမ်နေရာရှာပေး၊ အိမ်ဆောက်ဖို့ရှာပေးနိုင်ပေမယ့် အိမ်ဖြစ်အောင်တော့ ဆောက်မပေးနိုင်ဘူး၊ ခမြာမှာလည်း မအားလပ်ဘူးလေ။ အဲဒီလို မျက်စိသူငယ် နားသူငယ်ဖြစ်နေချိန်မှာ ဦးလှိုင်ဘွားက ကူညီရှာပါတယ်"

မိခင်ဒေါ်ညိုသင်းကပါ ရှင်းပြသောအခါ မောင်တောက်ထွန်းမှာ ဦးလှိုင်ဘွားအား ခင်မင်လာရလေသည်။

ဦးလှိုင်ဘွားသည် "သူတို့အစ်ကို ပြန်ရောက်လာလို့ ငါ့တောင်နှုတ်မဆက်တော့ဘူး"ဟု ပန်းယဉ်အား စသလို "ရွှေထုပ်ကောက်ရတာ ဒီမျက်နှာမျိုးထင်ပါရဲ့"ဟူ၍လည်း လှသွယ်ကိုစသည်။

ပါးစပ်ပြဲပြဲ အသားညိုညိုနှင့် အင်္ကျီမပါသော ထိုလူကြီးသည် ခင်မင်စရာဖြစ်သည်ဟု မောင်တောက်ထွန်းကောက်ချက်ချ၏။ သို့သော် မကြာမီ မိုးကောင်းနှင့်အတူ လှေဆိပ်သို့ရောက်သောအခါ မိုးကောင်းက ဘေးဘီအကဲခတ်၍ ဦးလှိုင်ဘွားနှင့် ပက်သက်သောစကားကို ဆိုလာသည်။

"ဒီလူကြီးက မရိုးဘူးအစ်ကိုကြီးရဲ့ သူက ချိတ်တိတ်တိတ်နဲ့"

ငါ့အစ်မကိုလားဟု မောင်တောက်ထွန်းတွေးကာ ထိတ်လန့်ရင်း "ဘယ်သူ့ကိုလဲ"ဟု ဘုရားတကာ မေးတုံ့ရ၏။

"ဒေါ်လှမြတ်ကို ချိတ်နေတာ"

မောင်တောက်ထွန်း "ဩော်"ဟုသာဆိုနိုင်၏။

ဒေါ်လှမြတ်မှာ များမကြာမီအတွင်း မောင်တောက်ထွန်းနှင့် ပက်သက်လာတော့မည်မို့ ဒေါ်လှမြတ်အကြောင်းကို မိုးကောင်းကအသိပေးခြင်းဖြစ်သည်။ မောင်တောက်ထွန်းမှာ သည်ကိစ္စအတွက် ဦးလှိုင်ဘွားအား ရုတ်ခြည်းအပြစ်မဆိုရန် သတိထားရ၏။ ဦးလှိုင်ဘွားက ချိတ်ခြင်းမှာ ချိတ်စရာ ရေလာမြောင်းပေးမရှိဘဲနှင့် မဖြစ်ဟု သဘောရသည်။

တစ်ဖက်လူ ချိတ်ချင်အောင် ရေလာမြောင်းပေးလုပ်သည်ဆိုတော့ ဒေါ်လှမြတ်အား လော်မာသည်ဟု စွပ်စွဲရာရောက်၏။ ဒေါ်လှမြတ်သည်လည်း ခိုင်မာသော စိတ်ဓာတ်ရှိသူပင်ဖြစ်သည်။ အသက်မှာမူ ၄၀မျှသာရှိသေးရာ အိမ်ထောင်သစ်ထူလိုက ထူနိုင်သေး

သဖြင့် ရေလာမြောင်းပေးလုပ်သည်မဆိုသာ၊ နောက်တော့ သူ့သဘောပဲဟု မောင်တောက်ထွန်း အာရုံပြောင်းပစ်လိုက်သည်။

မောင်တောက်ထွန်းသည် ထားအိတို့အား သည်တိုင်းနေစေချင်၏။ မိသားစုနှစ်စု တစ်စိတ်တစ်ဝမ်းတည်းနေရသည်မှာ စိတ်ချမ်းသာသည်။ ပတ်ဝန်းကျင် အမြင်တင့်စေရန် သူက ဦးလှိုင်ဘွား၏ အိမ်သို့ညတွင် ပြောင်းရွှေ့အိပ်၏။

ဦးလှိုင်ဘွားအိမ်သို့ ညတိုင်းသွားအိပ်ရသောအခါ ဦးလှိုင်ဘွားကို ပို၍သိရသည်။ ဦးလှိုင်ဘွားသည် ၁၂ပွဲဈေးသည်ဖြစ်ကာ ဈေးမလှည့်လျှင် ရေခပ်၍ရောင်း၏။ ၁၂ပွဲဈေးသည်ပီပီ အတွေ့အကြုံများသည်။ စုံလည်းစုံသည်။

သူနှင့် စကားပြောတိုင်း ဒေါ်လှမြတ်၏အကြောင်းကို သတိထားရှောင်ကြဉ်သည်ထင်ရ၏။ သူသည် ရတနာပုံနေပြည်တော်၏အကြောင်းကို မမောမပန်းပြောတတ်သည်။ ကနောင်ကိုယ်တော်ကြီးအကြောင်းကို မိုးထိနီးပါး အမွှန်းတင်သည်။ ရွှေနန်းတော်ကြီးတွင် အမှုထမ်းဖူးသလားထင်ရ၏။

ထို့အတူ သူ့အသက်က ငါးဆယ်ဖြစ်စေကာမူ လွန်ခဲ့သော နှစ်ပေါင်း ၆၀က အင်္ဂလိပ်ကိုတိုက်ခိုက်ခဲ့သော မြစ်ဝကျွန်းပေါ်မှ ကရင်သူပုန်များဖြစ်သည့် ရွှေလုံဗိုလ်နှင့် မန်းကျားကြီးတို့အကြောင်းကို အပ်ချမတ်ချပြောနိုင်သည်။ သူပင်ပါဝင်တိုက်ခိုက်ခဲ့ရှာလား ထင်ရသည်။ တစ်ဖန် လွန်ခဲ့သောနှစ်ပေါင်း ၄၀ခန့်က ကရင်-မြန်မာ မျိုးချစ်များ အင်္ဂလိပ်ကိုခုခံတော်လှန်ကြရာတွင် တလကွမ်းဒေးနှင့် ကျုံကဇင်းခံတပ်များ၌ ဦးမြတ်ထွန်းနှင့် ဦးရွှေသန်းတို့ခေါင်းဆောင် တိုက်ခိုက်ပုံကို မျိုးချစ်စိတ်ဟုန်းဟုန်းထရုံမက သူပင်ပါဝင် ကွပ်ကဲခဲ့ဖူးရှာသလား ထင်ယူရအောင် ပြောပြလေသည်။ ဤလူကြီးသည် ဒေါ်လှမြတ်အား ချိတ်နေခြင်းကလွဲလျှင် မောင်တောက်ထွန်း အလုပ်အကိုင်မပြတ်ရေးအတွက် ရောမအထောက်အကူကြီး ဖြစ်လေသည်။

ဦးလှိုင်ဘွားနှင့် ပက်သက်ခြင်းသည် တစ်နေ့မဟုတ် တစ်နေ့တော့ မိမိထံလာလိမ့်မည်ဟု မောင်တောက်ထွန်းမျှော်သည်။ မိခင်ဒေါ်ညိုသင်းအား ပြော်ဆိုတိုင်ပင်သောအခါ ဒေါ်ညိုသင်းက ''တစ်ပင်လဲလို့ တစ်ပင်ထူတာ အပြစ်ဆိုစရာမရှိပါဘူး သားရယ်''ဟုဆို၏။

''မဟုတ်ဘူး အစ်မရဲ့၊ သူ့မှာ သမီးပျိုကလေးတွေရှိနေတာလည်း ကြည့်ဦးမှာပေါ့''

''ဒါကို မလှမြတ်သိပါတယ် သားရယ်၊ မိန်းမဆိုတာမျိုးဟာ အင်မတန်အားငယ်တတ်တဲ့အမျိုး သားရဲ့၊ တို့ရွာက ကိုစိန်အုံး ဘာများလုပ်လို့လဲ၊ အရက်သောက်

ဖဲရိုက်ပြီး မသာယဉ်ကို နှိပ်စက်နေတာပဲ၊ ဘာများအားကိုးရလဲ။ အေး မိန်းမများဟာ အဲဒီအားမကိုးရတာကိုပဲ အားကိုးကြီးလို့ထင်ပြီး အားကိုးရမှ အားရှိတာ''

မိန်းမချင်းမို့ မိန်းမကြောသိကာ စာစာနာနာပြောသော မိခင်စကားကို မောင်တောက်ထွန်း ပယ်ရှားရန်မလွယ်ပေ။ မိခင်သည် မိမိထက် အသက်ကြီးကာမျှမဟုတ်၊ အတွေ့အကြုံများသည်၊ ကြားဖူးနားဝပေါသည်။ မျှော်မြင်တိုင်းထွာတတ်သည်၊ ရဲစွမ်းသတ္တိလည်းရှိသည်။ သည်အမေမျိုး၏ စကားသည် မမှားသောစကား ဖြစ်ရပေမည်ဟု မောင်တောက်ထွန်းယုံသည်။

ထားအိထံမှ မိခင်ဒေါ်လှမြတ်ကို မကျေနပ်သောစကားဆိုလာသောအခါ၊ မောင်တောက်ထွန်းသည် မိခင်ဒေါ်ညိုသင်း၏စကားကို တစ်ဆင့်ဖောက်သည်ချ၏။ သူ၏ကိုယ်ပိုင်စကားကို မဆိုခြင်းမှာ သားအမိတတွေ၏ကြားတွင် သူ့ပယောဂ မပါစေချင်သောကြောင့်ဖြစ်၏။

ထားအိသည် မောင်တောက်ထွန်းကို မျက်သွားရုံမက၊ ထိုညတွင် သားအမိနှစ်ယောက် တဲရှေ့ကွပ်ပျစ်သို့ထွက်၍ တစ်စုံတစ်ရာကိုကျိတ်၍ စကားများနေကြသည်ဟု နံနက်တွင် ပန်းယဉ်ကဖောက်သည်ချသည်။ ထားအိကိုလည်းကောင်း၊ ဒေါ်လှမြတ်ကိုလည်းကောင်း အကဲခတ်လိုက်သောအခါ သားအမိနှစ်ယောက်လုံး ငိုထားသည်မှာ ထင်ရှား၏။ ရှင်ရှင်သွက်သွက်လည်းမရှိ။ ဟိုအကြောင်းပင် ဖြစ်ရမည်ဟုတွေးကာ မောင်တောက်ထွန်း စိတ်မကောင်းရပေ။

သားအမိတတွေ စိတ်ဝမ်းကွဲကုန်ကြပြီဟု ဦးလှိုင်ဘွားအား ပြောင်ဖွင့်ပြောရန် တစ်ကြိမ်နှစ်ကြိမ် မောင်တောက်ထွန်း ကြံဖူးသည်။ ပြောမည်ပြုသောအခါ မပြောဖြစ်ပေ။ ထိုလူကြီးသည် လူကောင်းဖြစ်၏။ စိတ်မဆင်းရဲစေသင့်ဟု အကြံပေါ်ကာ မောင်တောက်ထွန်းအကြံကို လက်လျှော့ခဲ့လေသည်။

တပို့တွဲလတွင် တစ်အိမ်ကို နှစ်အိမ်ခွဲလိုက်ကြသည်။ ခွဲထွက်သူမှာ ဒေါ်ညိုသင်းဖြစ်သော်လည်း အရင်းအနှီးမှာမူ မိသားစုနှစ်ခုလုံးက ပါဝင်မြဲပါဝင်လျက်ရှိ၏။ ခွဲထွက်ခြင်း၏ရည်ရွယ်ချက်မှာ မောင်တောက်ထွန်းနှင့် ထားအိအား နေရာချထားပေးရန် ဖြစ်သည်။ ဒေါ်ညိုသင်းအနေနှင့်မူ တစ်ယောက်အိမ်ထောင်ကျသွားလျှင် တာဝန်ပေါ့သွားသည်ဟုဆို၏။ ဒေါ်လှမြတ်ကား ဤသို့မဟုတ်၊ တစ်ယောက်အိမ်ထောင်ကျသွားခြင်းသည် မိမိ၏မျက်လုံးတစ်ဖက် ကွယ်သွားခြင်းဟုဆိုသည်။ မောင်တောက်ထွန်းနှင့် ထားအိကမူ အဖီကလေးထိုး၍ ကိုယ်ပိုင်အာဝါသတစ်ခုကို ရရှိပျော်ရွှင်လာကြသည်။ မိသားစုနှစ်စုမှာ အခင်အမင်မပျက် စည်းလုံးမှုမပျက် ရှိမြဲရှိနေလေ၏။

ထားအိ အိမ်ထောင်ကျသွားပြီးနောက်တွင် ဒေါ်လှမြတ်အလေးမူရမည့်သူ တစ်ယောက်၊ ဒေါ်လှမြတ်အိမ်ထောင်တွင် လျော့သွားသော်ငြား၊ ဦးလှိုင်ဘွားဧ၏ခြေလှမ်းကား သွက်မလာ၊ ရဲတင်းမလာပေ။ မောင်တောက်ထွန်းတို့ လင်မယားပိုင် ခန်းဝါသို့တစ်လှည့်၊ ဒေါ်ညိုသင်းတို့အိမ်တစ်လှည့် ဝင်ထွက်သွားလာသလို ဒေါ်လှမြတ်အိမ်သို့လည်း ကလေး တွေစုံညီအရှိတွင် ရောက်တတ်သည်။ သို့အတွက် ထားအိမှာ ကိုယ့်သံသယကို အယုံအကြည်မဲ့ရမလိုလို၊ ဦးလှိုင်ဘွားကို အားနာရမလိုလို ဖြစ်နေရ၏။

ရက်များ လများကြာညောင်းလာသည်နှင့် အမျှ၊ ဗီးကုန်းကို မေ့လာကြသည်။ အနာများသည် ပျောက်ကင်း၍ အသားသစ်ဖြစ်နေပြီ။ မိမိတို့နှစ်အိမ်ထောင်၏ လည်ဆွဲတန်ဆာကလေးတစ်လုံး ရရှိတော့မည်ဖြစ်ကြောင်း သတင်းကောင်းကြားသောအခါ အားလုံးဝမ်းသာကြသည်။ ထိုအခါ ထားအိကိုယ်တိုင်ပင် ဘေးဒုက္ခဟူသရွေ့ကို မေ့ပျောက်လေတော့၏။

တစ်နေ့တွင် မိုးကောင်းသည် အိမ်သို့လှေဆိပ်မှ ပြေးလွှားရောက်ရှိလာပြီး၊ မောင်တောက်ထွန်းအား တိုင်ပင်လေသည်။

"အစ်ကိုကြီး ဗီးကုန်းကိုသွားမယ့်လူတစ်ယောက်ကို လှေဆိပ်မှာ တွေ့ခဲ့တယ်၊ စာပေးလိုက်ရရင် ကောင်းမလား"

မောင်တောက်ထွန်းသည် ညီငယ်ကိုအကဲခတ်ကြည့်သည်။ ညီမှာ စိတ်အားထက်သန်ဟန်ရှိ၏။ "ဘယ်သူ့ဆီကို စာပေးမလို့လဲ ညီလေး"

"ဘယ်သူ့ဆီရှိရမလဲ ကိုထွန်းရယ်၊ ခင်သစ်ဆီရှိမှာပေါ့"ဟု ထားအိက ဝင်ပြောသောအခါ မိုးကောင်းမှာ ရယ်ကျဲကျဲလုပ်နေသည်။

ထားအိကပင်"ဒီလိုဆိုရင်၊ ပန်းယဉ်ကလည်း ထွေန်းဆီကို စာပါးချင်မှာပဲ၊ မေးကြည့်ပါဦးလား"ဟု ဆက်ပြောသည်။

"အစ်ကိုကြီးတော့ သိပ်ပြီးသဘောမကျဘူး ညီလေး၊ ဘာကြောင့်လဲဆိုရင် ဒို့ဟာ ဟိုရွာက အေးအေးချမ်းချမ်းပြောင်းလာတာ မဟုတ်ဘူး၊ မနေနိုင်လို့ ပြေးလာရတာ။ ညီလေးဆီက စာကိုရရင်၊ အစ်ကိုကြီးတို့ ဘယ်မှာဆိုတာ သိသွားကြမယ်။ သူကြီးပါ သိသွားရင် အစ်ကိုကြီးဟာ အခုလို"

မောင်တောက်ထွန်းသည် စကားမဆက်ဘဲ ညီကိုမော့ကြည့်သည်။ ညီနှင့်ခင်သစ်၏အချစ်၊ ညီမနှင့် ထွေန်းတို့၏အချစ်မှာ ကလေးချစ်သာဖြစ်သည်ဟု နားလည်ခဲ့၏။ ကလေးချစ်များသည် ခိုင်မြဲတတ်သည်။ ခိုင်မြဲသောကလေးချစ်သည် ရင့်မာလာသည်နှင့်အမျှ ပြောင်းလွဲတတ်သည်များကိုလည်း သူအသိ၊ တခြားမကြည့်နှင့်။ သူနှင့်ထားအိ

တို့ကိုကြည့်။

ထို့ကြောင့် ညီဘယ်လိုများ ထိခိုက်လှုပ်ရှားသနည်းဟု မော့ကြည့်သော်လည်း၊ ညီသည် ဤသို့ကြံစည်ပြောဆိုမိခြင်းကြောင့် မောင်တောက်ထွန်းကိုပင် အားနာနေဟန်ရှိသည်။

''ကျွန်တော် သတိလစ်သွားတယ် အစ်ကိုကြီး''

မိုးကောင်းသည် မရီးဖြစ်သူတည်ခင်းလာသော ထမင်းကြမ်းကို ဝင်လွေးရင်း တောင်းပန်၏။

''ညီလေးကို အစ်ကိုကြီး အပြစ်မတင်ပါဘူးကွာ။ ငယ်ကချစ် အနှစ်တစ်ရာ ဆိုမဟုတ်လား။ သို့ပေသည့် ဒီကိစ္စနဲ့ပက်သက်ရင်တော့ သတိလစ်လို့မကောင်းဘူး''

''ကျွန်တော် နောက်ကိုသတိထားပါမယ် အစ်ကိုကြီးရယ်''

ထိုစဉ်တွင် ''မိုးကောင်း တစ်ယောက်များ မရှိဘူးလား''ဟူသောအမေးနှင့် အဖီတံစက်မြိတ်အောက်သို့ ပုလိပ်တစ်ယောက် လာရပ်သည်။ ပုလိပ်ဆိုလျှင် မောင်တောက်ထွန်းက လန့်စမြဲ၊ ထားအိမျက်နှာပျက်စမြဲ၊ ခေါင်းတပ်ခံရသူ မိုးကောင်းကတော့ မျက်နှာမပျက်။

''ဟာ ဆရာပါလား၊ ကြွပါဆရာ၊ ကြွပါ''ဟု ပျာပျာသလဲ ကြိုဆိုသည်။

မောင်တောက်ထွန်းနှင့် သက်တူရွယ်တူ ချောမောသောရုပ်ရည်ရှိသည့် ပုလိပ်သည် တဲပေါ်သို့ ရဲရင့်စွာတက်လာ၏။ သူ ပထမတွေ့မြင်သူမှာ ထားအိဖြစ်ချေသည်။

''ရေနွေးသုံးဆောင်ပါဆရာ။ ကျွန်တော် ကမ်းနားကိုရောက်ပြီးမှ ထမင်းဆာလို့ ခဏပြန်လာတာဆရာရဲ့''

ထိုသူသည် စာသင်ဝင်းမောင်ဖြစ်ကြောင်းကို ထိုအချိန်မှစ၍ မောင်တောက်ထွန်းနှင့် ထားအိတို့သိကြရလေသည်။ ပုလိပ်ဆိုလျှင် ဆေးရေးထားသောအရုပ်ကိုပင် မမြင်ချင် မကြည့်ချင်ပေမယ့်၊ ညီ၏မိတ်ဆွေဆိုကာ မတ်တော်မောင်၏မိတ်ဆွေဆိုကာ အိမ်ပေါ်သို့ရောက်လာသောအခါ သူတို့လင်မယားသည် အလိုက်အထိုက်မဆက်ဆံချင်ဘဲ ဆက်ဆံရသည်ကတစ်ကြောင်း၊ ထော်လော်ကန့်လန့်လုပ်မိသော် မင်းမျက်ကအသက်သေ သည်ဆိုသောစကားလည်း ရှိထားသည့်အတွက် ဆက်ဆံရသည်လည်းတဝ။

စာသင်ဝင်းမောင်သည် မိုးကောင်းထမင်းစားပြီးသွားလျှင် နှစ်ယောက်အတူ ထွက်သွားသည်။ မောင်တောက်ထွန်းနှင့် ထားအိမှာ ပုလိပ်နှင့်မှမိတ်ဆွေဖြစ်သော မိုးကောင်းကို မကျေနပ်ကြချေ။ သူတို့လင်မယား စွဲမြဲယုံကြည်ထားသည်မှာ ပုလိပ်ဟူသည် မကောင်း၊ ပုလိပ်မည်သည်မကောင်း။

သည်အတွက် မိုးကောင်းလေ့ဆိပ်မှ အလုပ်သိမ်း၍ပြန်လာချိန်တွင် မောင်တောက်ထွန်းကလိုက်လံရှာဖွေ၍ အပြစ်တင်သည်။ မိုးကောင်းမှာလည်း ခိုင်လုံအဆင်ပြေသော အကြောင်းပြချက်နှင့်။

''ဆရာကိုဝင်းမောင်က လှေဆိပ်ကို ကြည့်ရှုအုပ်ချုပ်ရတာ အစ်ကိုကြီးရဲ့။ အသိမိတ်ဆွေရှားပါးနေတုန်းကများ ကျွန်တော့်မှာ သူနဲ့ပဲအဖော်လုပ်ရတာ''

''ဖြစ်မှဖြစ်ရလေ ညီလေးရယ်။ ဘာပြုလို့ စောစောက မပြောသလဲ''

''သူ့ကို ညီလေးရဲ့စိတ်ထဲက တစ်ကယ်တန်းမှ မခင်မင်တာ၊ အစ်ကိုကြီးတို့ကို မပြောမိဘူး။ တကယ်ခင်တဲ့ ခင်သစ်တို့ကျတော့ ကျွန်တော်တဖွဖွပြောသားပဲ အစ်ကိုကြီးရဲ့''

မောင်တောက်ထွန်းသည် ညီငယ်ကိုစိုက်ကြည့်နေမိလေ၏။ ဤသူငယ် မချစ်မနှစ်သက်သောသူနှင့် ဖက်လဲတကင်းပြုသော အတတ်ကို ဘယ်မှရရှိထားလေသနည်း။

''သူက ပုလိပ်ပဲကွာ၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ပေါင်းမှာပဲ။ ဒါမှ ဟိုသတင်း ဒီသတင်းကို ရမှာမဟုတ်လားကွ''

''တခြားလူဆိုတော့ သူရချင်ရမှာပေါ့ အစ်ကိုကြီးရယ်။ ညီလေးဆီကတော့ မရပါဘူး။ ညီလေးတို့က ကနောင် မြန်အောင်ကပါလို့ မရေမရာပြောထားတာကိုး''

''ဟာ အဲဒီဥစ္စာ ကိုကြီးတို့ကို ကြိုကြိုတင်တင်ပြောထားရတယ်ကွ။ တစ်ယောက်တစ်ပေါက်ဖြစ်နေမှ ဒုက္ခရောက် ဟာတယ်ခက်တဲ့ကောင်လေးဘဲ''

မောင်တောက်ထွန်းက ပူပင်တပြင်း မြည်တွန်သော်လည်း မိုးကောင်းက ရယ်မောမပျက်။ ''သိပ်လည်းမကြောက်စမ်းပါနဲ့ ကိုကြီးရယ်''

''ကြောက်တာမဟုတ်ဘူးဟေ့၊ ရွံ့တာသိရဲ့လား။ မပေါင်းဘဲနေနိုင်ရင် သာပြီးကောင်းသေးတယ်''

''မပေါင်းလို့တော့မဖြစ်ဘူး အစ်ကိုကြီးရဲ့''

''ဘာဖြစ်လို့''

''သူတို့နဲ့ နီးစပ်ပေါင်းသင်းမှ အရေးရှိရင် သေနတ်တွေဘာတွေ ရပေါက်ရလမ်းတွေမှာ အစ်ကိုကြီးရဲ့''

''ဟော ဘာဘာ၊ ညီလေး မင်းဘာပြောလိုက်တယ်''

မောင်တောက်ထွန်းသည် ထိတ်လန့်စွာ မေးမိသည်။

''ဖိုးအေးကို ထားအိကပြောဖူးတယ်တဲ့။ အဲဒါ ဖိုးအေးကပြောတာ။ အဖေတို့ ဦးကြီးမှင်တို့ စစ်ရှုံးပြီး ကုလားသတ်လို့သေရတာဟာတဲ့၊ ကုလားမှာရှိတဲ့ သေနတ်မျိုး

မရှိလို့တဲ့။ ကုလားမှာရှိတဲ့ လက်နက်မျိုးနဲ့သာချရရင် အင်္ဂလိပ်တွေ ပြေးရမှာတဲ့။ အဲဒါကြောင့် အရေးကြုံရင် သေနတ်အလွယ်တကူ ရနိုင်တဲ့ ပုလိပ်ကိုပေါင်းနေတာ''

မောင်တောက်ထွန်း ဘာမျှမပြောနိုင်တော့ချေ။ သူသည် ပါးစပ်ဟလျက် ညီငယ်အား မျက်လုံးပြူး၍ ကြည့်နေမိတော့သည်။ စိတ်ထဲကတော့ ''လက်စသတ်တော့ တကယ့်အကြံကြီးသမားပါကလား''ဟု ဆိုမိသလောက် နှုတ်မှဘာပြောရမည်မသိ။ ချီးကျူးရမည်လား၊ ပိတ်ပင်ရမည်လား၊ ဝမ်းသာရမည်လား မောင်တောက်ထွန်း မဝေခွဲနိုင်သော ဝေဒနာကိုခံစားရလေ၏။

''ကဲ ရှင်းပြီလား အစ်ကိုကြီး''

''ညီလေး မင်း မင်း''

မောင်တောက်ထွန်းသည် ညီငယ်၏ပခုံးကို ကိုင်လှုပ်နေမိသည်။

''မပူပါနဲ့ အစ်ကိုကြီးရယ်။ ကျွန်တော် ရိုးရိုးသားသားပဲ အလုပ်လုပ်နေပါတယ်။ အရေးမပေါ်မချင်း ဘာမှမလုပ်ဘူး စိတ်ချပါ''

မောင်တောက်ထွန်းသည် ယောက်ဖတော်ဖိုးအေးကို အပူတပြင်းရှာဖွေရတော့သည်။ မိုးကောင်းနှင့် ဖိုးအေးသည်ပူးပေါင်းခြင်း ရှိမရှိသိလိုလှ၏။ ကျစ်ကျစ်လစ်လစ်မရှိ၍ အဖမ်းခံရသော် မီးခိုးကြွက်လျှောက်လိုက်ကာ အားလုံးဒုက္ခဖြစ်မည်။ ဖိုးအေးမှာ မိုးကောင်းထက်ငယ်သဖြင့် ပို၍စိုးရိမ်သည်။

ဖိုးအေးကိုတွေ့မည့်တွေ့တော့ စာသင်ဝင်းမောင်နှင့် တွဲလျက် လှသွယ်၊ မြခြယ်တို့ ရှေ့တွင် ခုံခုံကြီးထိုင်နေသည်ကို တွေ့ရ၏။

သည်တော့ မူရင်းအပူသာမက ခယ်မချောတွေအတွက်ပါ မောင်တောက်ထွန်း ပူရသည်။ ''အစ်ကိုထွန်းလာဖို့''ဟု ဖိုးအေးခေါ်သဖြင့် အိမ်ပေါ်တက်သွားစဉ် အိမ်ထဲမှ ထွက်လာသော ညီမပန်းယဉ်ကိုမြင်ရပြန်သည်တွင် နေလှန်းခံရသော ပုဇွန်လိုအခံရခက်ရပြန်လေ၏။ မိမိ၏ညီမပဲ ဖြစ်စေ၊ ခယ်မတွေပဲ ဖြစ်စေ၊ သည်ပုလိပ်ဆိုသောအကောင်တွေနှင့် မရောနှောစေချင်။ ခယ်မတစ်ယောက်နှင့် ငြိစွန်းသွားလျှင် ယင်းခယ်မကို မောင်တောက်ထွန်းဆက်ဆံ၍ ရမည်မဟုတ်။ ညီမနှင့် ဖြစ်ပျက်လျှင်ကား

မောင်တောက်ထွန်းရင်ဦ ပူပန်သည်။ ပုလိပ်ကို ညီကလည်းပေါင်း၊ ယောက်ဖကလည်း မျက်နှာချိုသွေး၊ ခယ်မ၊ ညီမကလည်းရောနှောနှင့် မည်သို့ပြော၍ မည်သို့မည်ပုံ တားမြစ်ရမည်မသိ ဖြစ်နေ၏။

သို့သော် ထားအိကပင် မောင်တောက်ထွန်းကိုယ်စား ကြားသိစေသည်။ ပုလိပ်နှင့် အရောမဝင် စေချင်ကြောင်း လိမ်လိမ်မာမာနှင့် ဖျောင့်ဖျ၏။ စာသင်ဝင်းမောင်ကား

လာမြဲ ဝင်ထွက်မြဲ မပျက်ချေ။

သားဦးကလေး ထိန်ဝင်းကို မွေးဖွားလာသောအခါတွင် မောင်တောက်ထွန်းမှာ ပူပန်ကြောင့်ကြမှုများ ပျောက်ကွယ်သွားသည်။ ပူပန်ရခြင်း၊ ကြောင့်ကြရခြင်းများကို မေ့လျော့ကာ စိတ်အာရုံကို သားထံမှာသာ စုပုံထားချေ၏။ ထိန်ဝင်းကား အိမ်ထောင်သုံးခု၏ လည်ဆွဲတန်ဆာပေတည်း။

မောင်တောက်ထွန်းသည် သားမရခင်က ရှေ့ရေးကို မျှော်မြင်ခဲ့သည်ထက် သားရလာမှပို၍မြင်လာကာ တိုး၍ အလုပ်လုပ်၏။ တိုး၍ကြိုးစား၏။ သည်သားကို လူလားမြောက်အောင် မွေးရမည်။ သည်သား ပညာတတ်အောင် ပြုစုရမည်၊ သည်သား မျက်နှာမငယ်အောင် ပြည့်စုံရမည်စသော တံပြာသုံးချောင်းသည် မောင်တောက်ထွန်းအား မနားမအား တို့နှင်ကြသည်။

မောမောပန်းပန်းနှင့် အလုပ်မှပြန်လာသော တစ်ညနေတွင် ရက်ပေါင်းများစွာ အာရုံထဲမှ လွတ်မြောက်နေခဲ့သော စာသင်ဝင်းမောင်ကို အိမ်ရှေ့တွင် တွေ့ရ၏။ ဝင်းမောင်က အထွက် မောင်တောက်ထွန်းက အဝင်။ ဝင်းမောင်သည် မောင်တောက်ထွန်းအား ခက်ထန်စွာတစ်ချက်ကြည့်ပြီး ထွက်သွား၏။

ထားအိမျက်နှာ နီနေသည်။ ငိုထားသည်ဟု မောင်တောက်ထွန်း ထင်၏။ ရင်ထဲတွင် ပြင်းထန်စွာဆောင့်တွန်းသော ဝေဒနာဖြစ်လာသည်။

''ထားအိ ဘာဖြစ်လို့လဲဟင်။ ဟိုပုလိပ်က ဘာလုပ်သွားသလဲ''

ထိုင်ပင်မထိုင်နိုင်ဘဲ မောင်တောက်ထွန်း မေးလေသည်။ ထိုအခါ ထားအိ ငိုသည်။

''ပြောစမ်းပါကွာ၊ မေးနေတာကို''

''ထားအိကို မတော်မတည့်စကားတွေလာပြောတယ်''

''ဘယ်လိုစကားတွေလဲ၊ ရှင်းရှင်းပြောစမ်းပါကွ''

သူ့အသံကျယ်လောင်သွားသည်။ အိမ်မကြီးပေါ်က အမိတို့ကြားလေမည်လားဟု ခေါင်းငုံ့အကဲခတ်စဉ် ထားအိက ငိုရှိုက်ရင်းပြော၏။

''သူ ဒီအိမ်ကို ပထမဆုံးရောက်တုန်းက ထားအိတို့လင်မယား မျက်နှာပျက်နေတာတွေ့ရတယ်တဲ့။ ဒါကြောင့် ထားအိတို့ဟာ ပြစ်မှုကျူးလွန်နေတဲ့လူတွေဖြစ်ရမယ်တဲ့။ အဖမ်းမခံချင်ရင် သူ့ကိုထားအိက ချစ်ရမယ် ကြိုက်ရမယ်တဲ့''

''စော်ကားလိုက်တဲ့ အကောင့်နှယ်ကွာ''

ပြောပြောဆိုဆို ကြွက်လှျောက်ပေါ်မှ ဓားမြှောင်ကို မောင်တောက်ထွန်းယူပြီး

ပေပြီ။ အင်္ကျီထဲထည့်ပြီးသည်နှင့် အိမ်အောက်ခုန်ဆင်းသည်။ ဝမ်းမောင်သွားလာတတ်သော နေရာဘက်သို့ ခြေသွက်သွက်နှင့် လိုက်ခဲ့၏။

ဝင်းမောင် ဂါတ်သို့ပြန်သွားပြီဟု အသေအချာသိလျှင် ဂါတ်သို့လိုက်လာသည်။ ဂါတ်တဲကို မောင်တောက်ထွန်းမှန်းသည်။ ရွံသည်၊ ကြောက်သည်။ ဒေါသကြီးနေသဖြင့် ဂါတ်တဲမှန်းမသိ၊ ဝင်းမောင်ကိုသာသိသည်။

ဝင်းမောင်သည် သိမြင်ဖူးသော လူတစ်ယောက်အဖြစ် နှုတ်မဆက်ရုံသာမက "ဒီကောင့်ကိုရှာကြစမ်းဟေ့"ဟု ပုလိပ်တွေကို အမိန့်ပေးရာ မောင်တောက်ထွန်းအရှာခံရပြီး၊ အချုပ်ခန်းထဲသို့ ရောက်ရလေ၏။

မောင်တောက်ထွန်းမှာ တက်ခေါက်ရုံမှအပ ဘာမျှမတတ်နိုင်။ စာသင်ဝင်းမောင် ကတော့ စကားလုံးရေထောင်ပြောခြင်းထက် အဓိပ္ပာယ်ပြည့်ဝသောအကြည့်ဖြင့် မထီတရီ ကြည့်သည်။ ပန်းယဉ်တောင်းပန်၍မရ၊ လှသွယ်နှင့် မြခြယ်တို့ရှိခိုးလည်း အချည်းနှီး။ အဘွားကြီးနှစ်ယောက် မေတ္တာရပ်ခံ၍လည်း အလဟဿ။

သို့သော် ဂါတ်တဲသို့ ဦးလှိုင်ဘွားဝင်လာသောအခါ ဌာနာအုပ်ပါမကျန် ရှိသမျှ ပုလိပ်အားလုံး တုန်လှုပ်ရသည်။ ဦးလှိုင်ဘွားသည် ဌာနာအုပ်စားပွဲတွင် ဝင်ထိုင်ကာ အတန်ကြာမျှ စကားပြောသည်တွင် မောင်တောက်ထွန်း အချုပ်ခန်းမှလွတ်လာရသည်။

"ဦးလေးက ဘာပြောလိုက်လို့လဲ"ဟု မောင်တောက်ထွန်းက မေးကြည့်ရာ ဦးလှိုင်ဘွားက မရေမရာသော ငွေထိုးသလိုလို တောင်းပန်သလိုလို ဟိုလိုလို သည်လိုလို သာဖြေ၏။

စာသင်ဝင်းမောင်သည် မိုးကောင်း၊ ဖိုးအေးတို့နှင့်ပါ ခပ်တန်းတန်းလုပ်လာသည်။ ဦးလှိုင်ဘွားနှင့် မောင်တောက်ထွန်းကိုလည်း အတိအလင်း ကြုံးဝါးခြိမ်းခြောက်လာသည်။ သာယာအေးချမ်းသော မိသားစုကြီးမှာ ဤသို့ဖြင့် ငရဲအိပ်မက်ကို စတင်မြင်မက်ကြရတော့၏။

ဤထိတ်ထိတ်ပျာပျာကာလတွင် ဒေါ်လှမြတ်သည် ဆိုင်းမဆင့်ဗုံမပါဘဲ ဦးလှိုင် ဘွားကို ယူလိုက်ပြန်ရာ အားလုံးပွက်ပွက်ထသွားလေ၏။ ဒေါ်ညိုသင်းနှင့် လှသွယ်၊ မြခြယ်တို့က ခတ်မဆိတ်ရှိစေကာမူ၊ ဖိုးအေးနှင့် ထားအိတို့မှာ လုံးဝမကျေနပ်ပေ။

ဖိုးအေးက "ဒီလူကြီးနဲ့ ပုလိပ်နဲ့ပေါင်းပြီး၊ အစ်ကို့ကိုဖမ်းပြီး၊ အမေ့ကို ဒီလူကြီး အရချူတာပဲ"ဟု စွပ်စွဲလေသည်။

ဦးလှိုင်ဘွားအား စာသင်ဝင်းမောင်က ချက်တဖြုတ်ဖမ်းချုပ်သည့်တိုင်အောင် ဖိုးအေး၏စွပ်စွဲချက်မှာ မပြေပျောက်ပေ။

စာသင်ဝင်းမောင်သည် ဦးလှိုင်ဘွားအား မုန်းရမ်းနေသည်ဆိုသော စွပ်စွဲချက်ဖြင့် ဖမ်းချုပ်သည်။ ဦးလှိုင်ဘွားမှာ ဌာနာအုပ်ရောက်မလာမချင်း အချုပ်ခံခဲ့ရ၏။ ဌာနာအုပ်က ထပ်ကာတလဲလဲ တောင်းပန်သော်လည်း ဦးလှိုင်ဘွား မကျေနပ်ခဲ့ချေ။

ဌာနာအုပ်ပင်လျှင် လေးစားရသော ဦးလှိုင်ဘွားကိုဖမ်းချုပ်ရဲသော စာသင်ဝင်းမောင်၏သတ္တိကို ပုလိပ်အများက အထင်ကြီးလာသလို ထိုသတ္တိ၏အကွယ်တွင် မည်ကဲ့သို့သော အားကိုးရှိသနည်းဟု မောင်တောက်ထွန်းတွေးတောကာ ကြောက်လာလေသည်။

ဦးလှိုင်ဘွားသည် မင်းကြီးနှင့် အရေးပိုင်ကို လှမ်းတိုင်သေး၏။ စာသင်ဝင်းမောင်ကား ဘာမျှမဖြစ်။ ဌာနာအုပ်သာလျှင် နယ်ပြောင်းသွားသောအခါ မောင်တောက်ထွန်းတို့ သည်မှာနေ၍ မဖြစ်တော့။ ဦးလှိုင်ဘွား ဦးဆောင်မှုဖြင့် ဦးလှိုင်ဘွား၏ဇာတိဖြစ်သော ဆင်တဲသို့ ရွှေ့ပြောင်း ပြေးခဲ့ကြရလေ၏။

## ဒုတိယပိုင်း

### တစ်

''ကိုထွန်း ကလေးတွေကော''

ထားအိ၏အသံကိုကြားမှ ကိုတောက်ထွန်း ခေါင်းဖော်မိသည်။ ခေါင်းဖော်မိမှ စာရင်းစာရွက်တွင် အာရုံပြတ်၍ ကလေးတွေကိုသတိရ၏။

''ဘာငေးနေတာလဲ ကိုထွန်းရဲ့။ ဒီမှာလာပြီး ရေအိုးချပေးပါဦး''

ကိုတောက်ထွန်းသည် ကပြင်သို့ပြေးလာရင်း ''ဘယ်များသွားကုန်ပါလိမ့်။ သူ့အဒေါ်တွေများ လာခေါ်သွားသလား''ရေရွတ်သည်။

''ကိုထွန်း ရှိတယ်ဆိုပြီး ရေတစ်ခေါက် သွားခပ်ပါတယ်။ ကလေးတွေက သူ့ကိုပြန်ပြီး မထိန်းရတာတော်လှပြီ''

ထားအိကမြည်တွန်ကာ အိမ်ပေါ်တက်လာ၏။ ကိုတောက်ထွန်းက စာရင်းစာရွက်ကိုသိမ်းရာက ''ကလေးတွေ မကြည့်မိတာကို ဖိပြောမနေနဲ့၊ မပေါ့မပါးမို့ ရေမခပ်ပါနဲ့ဆိုတာ သွားခပ်တာတော့ ဘာပြောမလဲ''ဟု အေးဆေးစွာပြောသည်။

''အိုးသေးသေးလေးပဲ ကိုထွန်းရယ်''

''ကဲကဲ ထပ်ခပ်မနေနဲ့၊ ကောင်မလေးတွေဖြစ်ဖြစ် ပန်းယဉ်ဖြစ်ဖြစ် လွှတ်လိုက်မယ်''

ကိုတောက်ထွန်း ဆင်းလာခဲ့၏။ သူသည် ဒေါ်ညိုသင်းအိမ်သို့ ရောက်သည်။ ကလေးတွေကိုမမြင်၊ မိခင်နှင့် ပန်းယဉ်ကိုသာတွေ့သဖြင့် အိမ်ပေါ်ပင်မတက်ဘဲ ဒေါ်

လှမြတ်တို့ အိမ်ဘက်သို့လာ၏။

ကလေးတွေအသံကို လှမ်းလှမ်းမှပင်ကြားရသည်။ လူကြီးတွေ၏ ညာသံပေးသံလည်းပါဝင်၏။ မောင်တောက်ထွန်း ပြုံးမိသည်။

"ထိန်ဝင်းကွ၊ အဲဟုတ်ပြီ"

"ထိန်လင်းတဲ့ကွ ချပေးဟေ့"

ဦးလှိုင်ဘွားနှင့် လှသွယ်၊ မြခြယ်တို့က ကလေးတွေကိုမြှောက်ပေး၏။ ဒေါ်လှမြတ်၏အသံညှင်းညှင်းကိုလည်း မသဲမကွဲကြားရသည်။

အကြီးကောင်ထိန်ဝင်းနှင့် အလတ်ကောင်ထိန်လင်းတို့သည် လူကြီးတွေ၏အလယ်တွင် ဝါးခြမ်းဓားကိုယ်စီဖြင့် ခုတ်ထစ်တိုက်ခိုက်နေကြ၏။

"သားကြီးက ဘယ်ခြေကိုဆုတ်ပြီး ဓားကိုစင်းထား၊ ဟုတ်တယ်ဟုတ်တယ်။ အဲအဲ ညာခြေရှေ့ကိုနှစ်လှမ်းခုန်တက်"

ဦးလှိုင်ဘွားသည် သိုင်းကွက်ကိုလည်း တစ်ဖက်ကသင်ပေး၍ တစ်ဖက်က "သားလေးကွ၊ ထိန်လင်းတဲ့ကွ"စသည်ဖြင့် မြှောက်ပေးသည်။

"ဟေ့သားတွေ၊ ထမင်းစားကြမယ်ကွ။ မင်းတို့ဟာက ဘယ်သွားမယ် ဘယ်လာမယ်လဲ ပြောမသွားဘဲကိုးကွ"

ဖခင်အသံကြားရာ ထိန်ဝင်းကလှည့်ကြည့်၏။ ဤသည်ကိုအကွက်ယူ၍ ထိန်လင်းက ပြေးဝင်ခုတ်ရာ "ကာပြီးခေါင်းငုံ့ပေးလိုက်"ဟု ဦးလှိုင်ဘွားကအော်သည်။ ထိန်ဝင်းသည်ညီ၏အကွက်ကိုမသိဘဲ ခေါင်းငုံ့၍ မျက်နှာကိုဓားနှင့်ယှက်ကာ ကာပေးလိုက်ရာ ထိန်လင်း၏ဓား လျှောကျသွားသည်။

"ကဲ တော်ကြာ တော်ကြ"ကိုတောက်ထွန်းသည် ပွဲအရပ်ခိုင်းကာ ကလေးတွေကိုဝင်ဖက်ရင်း "ကလေးတွေကို တိတ်တိတ်ခေါ်သွားတာ နင်တို့မဟုတ်လား။ အလကား၊ ဟိုမှာကိုယ့်အစ်မ မနိုင်မနင်း ရေခပ်နေတာတော့ ကူညီဖော်မရဘူး" တစ်ဆက်တည်း မာန်မဲနေချေ၏။

"လာမလို့ဘဲ အစ်ကိုရဲ့။ ကလေးတွေ ရောက်လာတာနဲ့"ဟု မြခြယ်က ဖြေလိုက်သည်တွင် ဦးလှိုင်ဘွားက တဟားဟားရယ်သည်။

"လာတုန်းကတော့ မင်းဆီလာတာပဲကွ။ ကလေးတွေကို အိမ်နောက်မှာ တွေ့တာနဲ့၊ အသာကလေး ခေါ်လာတာ"ဟု ပြော၏။

"ရှင်က ဘာဖြစ်လို့ တိတ်တိတ်ခေါ်လာရတာလဲ၊ ရှင့်မြေးတွေက အိမ်တကာလှူတကာရဲ့ လက်ကိုပါနေတာ၊ လူကြီးမှာ ဘယ်လိုက်ရမှန်းမသိဘူး"

ဒေါ်လှမြတ်ကပြုံး၍ အပြစ်တင်သည်။ ဦးလှိုင်ဘွားက တဟဲဟဲရယ်ရင်း "မလှမြတ်ရဲ့ မြေးတွေကတော့ကွာ၊ တကယ့်အာဇာနည်တွေပဲဟေ့။ မင်းတို့လင်မယား အသင်အကြားကောင်းရင် အဖိုးတန်လာမှာ မောင်တောက်ထွန်းရေ့"ဟုဆို၏။

ကိုတောက်ထွန်းသည် သားနှစ်ယောက်ကို တစ်လှည့်စီကြည့်ကာပြုံး၏။ မြခြယ်က ထိန်လင်း၏ပါးကိုလှမ်းဆွဲလိမ်ရာ ထိန်လင်းက ဝါးခြမ်းစားဖြင့်ခုတ်သည်။

"ကြည့်စမ်း ခွေးကလေး၊ အရမ်းလုပ်တာပဲ"

"မြေးလေးကတော့ သူ့အဘိုးလို လာမှာပဲ ထင်ပါရဲ့ကွယ်"

ဒေါ်လှမြတ်က ဆွေးလွမ်းဟန်ဖြင့် ရေရွတ်ရာ၊ လှသွယ်က "အဖေတို့ခေတ်က ဓားခေတ်။ သူတို့ခေတ်က သေနတ်ခေတ်ပဲ အမေရဲ့"ဟုဆို၏။

"သမီးရယ် ဓားပဲဖြစ်ဖြစ်၊ သေနတ်ပဲဖြစ်ဖြစ် စိတ်ဓာတ်ဟာအဓိကပါကွယ်"

"ကိုမှင်တော်တော်ထက်သလား မလှမြတ်"ဟုဦးလှိုင်ဘွားက ဝင်မေးသည်။

"ထက်သမှ သူ့အဖေရော၊ သူ့အဘိုးရော လူထက်ချည်းပဲ။ ဦးဂေါင်းကြီးတို့ ထတုန်းကဆိုရင်"

ဦးဂေါင်းကြီးဆိုသည်မှာ ဗြိတိသျှနယ်ချဲ့သမားတို့ သေမတတ်ကြောက်ကာ ဆုငွေနှစ်သောင်းအထိ ထုတ်ခဲ့ရသော နယ်ချဲ့ဆန့်ကျင်ရေးသမား၊ မျိုးချစ်တိုင်းချစ် ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။

အချိန်ကာလကို တွက်စစ်လျှင် နှစ်ပေါင်း ၄၀ကျော်ခဲ့ပြီဖြစ်၏။ သာယာဝတီ တစ်လွှားနှင့် အောက်မြန်မာပြည်တွင်ကား ဦးဂေါင်းကြီး၏ ဂုဏ်သတင်းသည် ယနေ့ ထက်တိုင် ပျံ့မွှေးလှိုင်လျက်ရှိသည်။

ဦးဂေါင်းကြီးတပ်တွင် မောင်မှင်သည်၄င်း၊ မလှမြတ်၏အဖေနှင့် မောင်သည် ၄င်း၊ ပါဝင်အမှုထမ်းခဲ့၏။ မောင်သည် နှမဖြစ်သူအား မောင်မှင်နှင့် သဘောမျှသည့် အတွက်၊ ကြုံရာဆုံရာတွင် ဓားရေးပြရန် စိမ်ခေါ်လေ့ရှိသည်။ မလှမြတ်၏ ဖခင်သည် မသင့်တင့်သူနှစ်ယောက်ကို တစ်တပ်တည်းမထားရဲ။ သားဖြစ်သူကို အခြားမိုလ် တစ်ယောက်ထံပို့ကာ မောင်မှင်ကိုသာ မိမိလက်အောက်တွင် ထားမြဲထားသည်။

ထိုအချိန်က ခနေဖြူဘက်တွင် ကရင်နှင့် မြန်မာများသည် ဦးရွှေဘန်းနှင့် ဦးမြတ်ထွန်းတို့ကို ခေါင်းဆောင်တင်ကာ၊ အင်္ဂလိပ်တို့အား ကြည်းကြောင်း၊ ရေကြောင်းမှ အပြင်းအထန်တိုက်ခိုက်နေ၏။ လက်နက်ညံ့စေကာမူ၊ ဒေသကျွမ်းကျင်ခြင်း၊ အမျိုးကို ချစ်ခြင်းနှင့် စည်းလုံးခြင်း၊ ကိုယ့်တိုင်းကိုယ့်ပြည်ကို မြတ်နိုးခြင်းစသော သာလွန်သည့် အရည်အချင်းများကြောင့် အင်္ဂလိပ်တို့ အထိနာနေ၏။

ဤအချိန်တွင် ကုလားကိုသစ္စာမခံလိုသော တာပွန်မှ ကြေးထမ်းကြီးဦးဂေါင်းကြီးသည် လက်နက်လူသူစုဆောင်း၍ မိုးညိုကို ဝင်ရောက်စီးနင်းလေ၏။ ကုလားစစ်သားများနှင့် ပုလိပ်များ အကျအဆုံးများစွာဖြင့် ထွက်ပြေးကြရ၏။ ဦးဂေါင်းကြီးသည် မိမိ၏နယ်မြေကို တဖြည်းဖြည်းချဲ့ထွင်လာရာ၊ တစ်လအတွင်း အရှေ့ပဲခူးမြစ်၊ အနောက်လားသော် ထူးကြီးကွင်းကောက်အထိ ကျယ်ပြန့်လာလေသည်။

မလှမြတ်၏မောင် ကိုဟန်ကောင်းနှင့် ကရင်-မြန်မာလယ်သမားတပ်ကြီးက နတ္တလင်းကိုသိမ်းချိန်တွင်၊ ကိုဟန်ကောင်း၏ဖခင်နှင့် ကိုမှင်တို့တပ်က သာယာဝတီကို စီးနင်းအောင်မြင်ကြသည်။ ဦးဂေါင်းကြီး၏ ကရင်-မြန်မာ လယ်သမားတပ်ကြီးသည် ဦးရွှေဘန်း၊ ဦးမြတ်ထွန်း၊ ဖူးကံလေးတို့၏တပ်များနှင့် ပူးမိသွားပြန်ရာ၊ အင်္ဂလိပ်တို့မှာ စစ်တောင်းမြစ်အရှေ့ဘက်သို့လည်းကောင်း၊ ပဲခူးဘက်သို့လည်းကောင်း တိုက်ထုတ်ခံရသည့်အပြင် မြစ်ဝကျွန်းပေါ်တစ်ခုလုံးကိုပါ လက်လွှတ်ရတော့မည့်အခြေသို့ ဆိုက်ရောက်ခဲ့၏။

အကယ်၍ ထိုအချိန်ကသာ၊ မြန်မာဘုရင်မင်းမြတ်သည် အလျှင်အမြန်အင်အားစု၍ အောက်မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ရန် ကြိုးစားခဲ့ပါက၊ အလွယ်တကူနှင့် အလိုတော်ပြည့်ချေမည်။

အင်္ဂလိပ်တပ်များသည် ဘင်္ဂလားမှစစ်ကူများ အမြန်ခေါ်ယူဖြည့်တင်း၍ ပြန်လည်ထိုးစစ်ဆင်ရာ ဟင်္သာတတိုက်ပွဲတွင် ဗိုလ်ချုပ်ဖူးကံလေးနှင့် ဦးမြတ်ထွန်းတို့ ကျဆုံးသွားလေသည်။

ဦးမြတ်ထွန်းကျဆုံးပြီးနောက်၊ တစ်နှစ်အတွင်း ဦးဂေါင်းကြီးတို့ ကရင်-မြန်မာလယ်သမားတပ်များမှာ ရောဝတီအနောက်ဘက်ခြမ်းကို လက်လွှတ်လိုက်ရတော့သည်။ အင်္ဂလိပ်တပ်များမှာ အင်အားတိုးပွားလာသလောက်၊ ကရင်-မြန်မာလယ်သမားတပ်များမှာကား အင်အားတစ်စတစ်စ ဆုတ်ယုတ်လာသောကြောင့်ဖြစ်၏။

ဦးဂေါင်းကြီးသည် ရဲနွယ်ချောင်းဖျားတွင် တပ်ကြီးတပ်ခိုင်စွဲကာ၊ ရောဝတီနှင့် စစ်တောင်းကြားနယ်မြေကို ဆက်လက်ထိန်းသိမ်းရင်း အင်အားဖြည့်သည်။ ကရင်-မြန်မာများသည် ရဲဇာတိ ရဲစိတ်အရင်းတည်၍ ဦးဂေါင်းကြီးတပ်သို့ ဝင်ရောက်အားဖြည့်ကြသည်။ ဦးဂေါင်းကြီးသည် ပဲခူးကိုခြိမ်းခြောက်နိုင်သည်အထိ ထပ်မံအင်အားဖြည့်တင်းလာခဲ့ရာ၊ အင်္ဂလိပ်တို့သည် ဦးဂေါင်းကြီးအား အသေရရ အရှင်မိမိ ဆုငွေနှစ်သောင်းဟု နှစ်ထောင်မှ ခုန်တက်၍ အမိန့်ထုတ်လေသည်။

တစ်ညတွင် သစ္စာဖောက်အချို့ခေါင်းဆောင်သော ကုလားတပ်တစ်တပ်သည်

ဦးဂေါင်းကြီး၏ ကင်းများကို ရှောင်တိမ်းကာ ရဲနွယ်ချောင်းဖျားရှိ တပ်မကြီးကို လာရောက်လုပ်ကြံကြ၏။

အရင်းလဲလျှင် အဖျားထင်းဖြစ်ရမည်ဟူသော အစဉ်အလာဖြင့် ပင်ရင်းကိုဝင်တိုက်ခြင်းဖြစ်ရာ၊ အနီးသို့ရန်သူရောက်မှ သိကြသည်။ ကရင်-မြန်မာတပ်သား တပ်မိုလ်များသည် တောင်ပုံကဲသင်း အလောင်းထပ်အောင် ခုခံတိုက်ခိုက်ကြ၏။ အရဲစွန့်ပြီး ခေါင်းဆောင်ကို အမိဖမ်းရန်လာသော အင်္ဂလိပ်တပ်မှာ အကြံမအောင်သောအခါ တပ်လုံးပြုတ်သွားသည်။ ထိုပွဲ၌ မလှမြတ်၏ဖခင်မှာ ရင်ဝ၌ ရန်သူ့ကျည်သင့်ခဲ့၏။ သူသည်၊ ကိုမှင်၏လက်ပေါ်၌ အသက်ပျောက်သွားကာ၊ သမီးထံသို့ အမှာစကားတစ်ရပ်နှင့် လက်ဆောင်ပစ္စည်းတစ်ခုကို ကိုမှင်မှတစ်ဆင့် ပေးသွားသည်။

ဦးဂေါင်းကြီးသည် အင်္ဂလိပ်တို့၏ မသမာလုပ်ကြံမှုကို လက်တုံ့ပြန်သောအားဖြင့်၊ ကျယ်ပြန့်သော ထိုးစစ် စစ်ကြောင်းများကို ချက်ချင်းစီမံကာ၊ ပေါင်းတည်ကို စစ်တစ်ကြောင်း၊ ကြံခင်းကိုစစ်တစ်ကြောင်းနှင့် တောင်ငူ ပဲခူးကို စစ်နှစ်ကြောင်း တစ်ပြိုင်နက်စေလွှတ်တိုက်ခိုက်လေတော့၏။ ဤစစ်ကြောင်းများတစ်ပြိုင်နက် ထိုးစစ်ဆင်ခြင်းမှာ တိုက်ဆိုင်မှုဟု အင်္ဂလိပ်တို့ထင်မှတ်သည်။ သို့သော် ယင်းထိုးစစ်များအနက် တောင်ငူစစ်ကြောင်းမှအချို့ကို ဖမ်းမိသောအခါကျမှသာ ဦးဂေါင်းကြီးတစ်ဦးတည်း ကိုင်တွယ်သောတပ်များဟုသိကာ အထိတ်တလန့်ဖြစ်ကုန်လေ၏။

အင်္ဂလိပ်တို့သည် အေးအေးနေချင်သူများကို နှိပ်စက်၏။ သစ္စာဖောက်သူများကို အထူးမြှောက်စား၏။ ဤနည်းဖြင့် ဦးဂေါင်းကြီး၏ ကရင်-မြန်မာ လယ်သမားတပ်ကြီးကို ဖြိုခွဲရာ၊ ဦးဂေါင်းကြီး၏အင်အားမှာ တဖြည်းဖြည်းချင်း ချိနဲ့သွားလေသည်။

သို့ရာတွင် ဦးဂေါင်းကြီးကိုကား အင်္ဂလိပ်တို့ မရရှိကြချေ။ မောင်မှင်သည် ပဲခူးမြစ်ဖျားစခန်းတစ်ခုတွင် ခေါင်းဆောင်ကြီးငှက်ဖျားရောဂါဖြင့် ကွယ်လွန်သည်အထိ၊ သစ္စာစောင့်သိခဲ့ကာ ဦးဂေါင်းကြီးနှင့်အတူတကွ ရှိနေခဲ့၏။

ဦးဂေါင်းကြီးကွယ်လွန်သောအခါ၊ ခေါင်းဆောင်သစ်တက်မလာနိုင်ပေ။ အားကလည်းဆုတ်၊ ခေါင်းဆောင်လည်း မျက်ကွယ်ပြုသောအခါ ကျန်ရှိသော ကရင်-မြန်မာတပ်မိုလ်တပ်သားများသည် သစ္စာရေသောက်၍ တပ်ဖျက်ပြီး လူစုခွဲလိုက်ကြသည်။ မောင်မှင်သည် ထိုအခါကျမှ ရွာသို့ပြန်ကာ မလှမြတ်ထံ ဖခင်၏ပစ္စည်းကို ပေးအပ်နိုင်သည်။

မောင်မှင်နှင့် မလှမြတ်သည်၊ အစ်ကို ကိုဟန်ကောင်းအား စောင့်ကြ၏။ သေပြီဆိုသူကဆို ဆင်ပေါင်ဝဲ၌ အိမ်ထောင်ကျနေပြီပြောသူက ပြောပေမယ့်၊ သုံးနှစ်ကြာ

သည်အထိ ကိုဟန်ကောင်း ပေါက်မလာတော့မှ လက်ထပ်မင်္ဂလာပြုလိုက်ကြ၏။

ကိုဟန်ကောင်းသည် သစ္စာဖောက်သွားခြင်းလော၊ သွေးကြောင်သွားခြင်းလော ဟု မည်သူမျှအတတ်မသိကြချေ။

*

ဒေါ်လှမြတ်သည် ခင်ပွန်းသည်ဦးမှင်နှင့်လည်းကောင်း၊ ဖခင်နှင့်လည်းကောင်း၊ ရုပ်ရည် စိတ်သဘောချင်း ထပ်တူထပ်မျှဖြစ်သော နို့ညှာမြေးငယ်အား တစိမ့်စိမ့်ကြည့်ရင်း မျက်ရည်ဝဲလာ၏။

''ဒါဖြင့် ဘကြီးသေတယ် ရှင်တယ် အမေမသိရဘူးပေါ့နော်''

လှသွယ်ကမေးသည်။

''တလောတုန်းကတော့ ပြည်က ပွဲစားကလေး တစ်ယောက်နဲ့ စကားစပ်မိလို့ ရေနံချောင်းမှာ ကြီးပွားနေတယ်တဲ့။ ပွဲစားကြီးဦးဟန်ကောင်း။ သားကိုမြသိန်းဆိုရင် ရေနံချောင်းနယ်မှာ မသိသူရှားပါတယ်တဲ့။ ဇနီးက ရေနံချောင်းသူတဲ့၊ ပွဲစားသမီးဆိုပဲ''

''အမေ့ကိုများ စိတ်နာရော့လား''

''မသိပါဘူး သမီးရယ်။ သူ့နောက်ကြောင်းတွေပေါ်မှာ စိုးလို့လား၊ ကိုမှင့် ကိုမုန်းလို့လား။ အေးလေ ဟောဒီမြေးကြီးရှိနေရင် မပူပါဘူး''

ဒေါ်လှမြတ်သည် ချက်ချင်းစိတ်ပြောင်းကာ ထိန်လင်း၏ခြေသလုံး ဝဝအစ်အစ် ကလေးကို ဖမ်းဆုပ်၏။

ဦးလှိုင်ဘွားက ''ဒီကောင်က နေတက်ရေတက်မှာ ဖွားတာဗျ။ တော်တော် ထက်မယ့် အကောင်။ မျိုးရိုးဇာတိကလည်း ကောင်းဆိုတော့''

''မျိုးရိုးဇာတိ ကောင်းတာကတော့ ဦးလေးရေ၊ နှစ်ဖက်''

ကိုတောက်ထွန်းသည် ဒေါ်လှမြတ်ပြောစကားတွေ မျက်လုံးတဝင်းဝင်း နား ထောင်နေရာက တစ်စုံတစ်ရာပြောမည်အပြုတွင် ''ကလေးတွေ လိုက်ခေါ်တဲ့ ဖအေ၊ ကလေးဖြစ်နေပြီလား''ဟု အိမ်ရှေ့သို့ ရောက်လာကာ လှမ်းအော်သော မထားအိ၏ အသံကြောင့် စကားပြတ်သွားပြီး-

''ဟောဒီမှာ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေလို့ဟေ့''

ကိုတောက်ထွန်းက ပြန်ပြောရင်း သားတစ်ယောက်ကို ကုန်းပိုး၊ သားတစ် ယောက်ကိုပွေ့လျက် ထသည်။

''ကလေးတွေကို ဦးလေးလှိုင် နိုးသွားတာမဟုတ်လား''

''အေးလေဟ၊ ဒီမှာ ဓားသိုင်းသင်ပေးနေတယ်''

မထားအိအမေးကိုပြုံး၍ ဖြေလိုက်ပြီးနောက် ဦးလှိုင်ဘွားသည် ''ဘာတွေများ လုပ်စရာရှိသေးသလဲ၊ လိုက်သွားပါဦး လှသွယ်ရယ်။ မောင်တောက်ထွန်းခမြာ လွှသမား တွေဆီပြေးရ၊ သစ်ကုန်သည်တွေဆီသွားရနဲ့ တစ်နေ့လုံး ပင်ပန်းရှာပါတယ်''ဟု လှသွယ် အားပြော၏။

လှသွယ်က ပြေးလိုက်လာပြီး ထိန်လင်းအား ခေါ်ချီလာသည်။ ကိုတောက် ထွန်းနှင့် မထားအိတို့က ရှေ့မှသွား၍ လှသွယ်ကနောက်မှ လိုက်လာ၏။

''အစ်ကိုထွန်းရေ၊ ဟောဟိုမှာ ကိုမိုးကောင်းကိုတွေ့လား''

လှသွယ်က လှမ်းပြောသည်။ ကိုတောက်ထွန်းလှမ်းကြည့်ချိန်တွင် မောင်မိုး ကောင်းသည် သစ်ပင်ကြီးတစ်ပင်ကို ကွယ်နေ၏။

လှသွယ်က

''အစ်ကိုထွန်းညီကို ကြည့်ပြောနော်။ ဖမ်းအချုပ်ခံနေရမယ်''

''ဘာဖြစ်လို့လဲဟ''

''အဲဒီနားအိမ်က ဌာနာအုပ်အိမ်။ သူက ဌာနာအုပ်သမီးကို ပိုးနေတာ''

ကိုတောက်ထွန်းမှာ ''ဟေ''တစ်ခွန်းသာအော်ပြီး တိတ်သွား၏။

အရွယ်ရောက်နေသော ကာလသားတစ်ယောက်က မိန်းမပျိုလေးတစ်ယောက် အိမ်ရှေ့တွင် လူယောင်ပြနေခြင်းမှာ ''ဟေ''ဟု အော်စရာအကြောင်းမဟုတ်ပါ။ ယင်း မိန်းကလေးမှာ ဌာနာအုပ်သမီးဆိုသဖြင့် ကိုတောက်ထွန်း ''ဟေ''ရခြင်းဖြစ်သည်။

မောင်မိုးကောင်းသည် ဌာနာအုပ်သမီးကိုမှ ရွေးချယ်ခြင်းမှာ အခြားရည်ရွယ်ချက် ရှိလေသလားဟု ''အရေးအကြောင်းရှိရင် သူတို့နဲ့နီးစပ်မှ သေနတ်ကို အလွယ်တကူ ရနိုင်တာ''ဟု ဆိုဖူးသောစကားကို အမှတ်ရကာ တွေးမိသည်။

''အေး မိုးကောင်းကိုတော့ နင်မြင်လိုက်လို့သိပြီ။ ဖိုးအေးကော အဲဒီသစ်ပင် အကွယ်မှာမရှိဘူးလို့ နင်ထင်သလား''

ကိုတောက်ထွန်း၏သတင်းက လှသွယ်အား အံ့ဩစေပြန်သည်။

''ဌာနာအုပ်မှာ သမီးနှစ်ယောက်ရှိတာတော့သိတယ်။ ကိုမိုးကောင်းနဲ့ ဖိုးအေး တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဆိုတော့မသိဘူး အစ်ကိုထွန်း''

''ငါတော့ထင်တာပဲ။ ဒီသစ်ပင်နားမှာ ဖိုးအေးပါရှိလိမ့်မယ် ထင်တယ်''

မထားအိသည် သူတို့နှစ်ယောက်ကြားသို့ လုံးဝ ဝင်မပြောဘဲ ရှေ့မှသုတ်သုတ် သွားနှင့်၏။ အိမ်ရှေ့တွင် ရပ်စောင့်နေသော တစ်စုံတစ်ယောက်အား အိမ်ထဲခေါ်သွင်း

သွားသည်။ ကိုတောက်ထွန်းသည် လှသွယ်ကိုချန်ထားခဲ့ကာ အိမ်သို့သုတ်ခြေတင်၏။

ဧည့်သည်မှာ ပွဲစားကြီးဦးမြတ်သာဒွန်းဖြစ်လေသည်။

"ရပ်စောင့်နေရတယ် ကိုထွန်းရေ၊ အားနာစရာ ကောင်းလိုက်တာ"

မထားအိက မောင်တောက်ထွန်းအား ဆီးကြိုပြောသည်။

"ကျွန်တော်လည်းခဏဆိုပြီး ထွက်သွားတာ ဦးလေးရယ်။ စောင့်နေရတာ ကြာပြီလား"

"အားနာဖို့မလိုပါဘူးကွယ်။ ကျုပ်လည်းရောက်ရော၊ မောင်ရင်တို့လည်း ရောက်တာပါပဲ"

ဦးမြတ်သာဒွန်းက ဖော်ရွေရင်းနှီးစွာပြော၏။

လှသွယ်ကအိမ်ရှေ့ခန်းတွင် ရပ်မနေဘဲ ကလေးတွေကို မီးဖိုချောင်သို့ ခေါ်သွင်းလာသည်။ မထားအိမှာ ဧည့်သည်အတွက် ကြေးလင်ပန်းတစ်ချပ်နှင့် အလုပ်များချေ၏။

"ကျုပ် ပန်းတောင်းကိုသွားစရာရှိလို့ မောင်တောက်ထွန်းရဲ့။ အဲဒါ ပေါင်းတလည်ဘက်ကို သွားပေးစမ်းပါ။ သစ်နဲ့ ပက်သက်လာရင် ကျုပ်ကလွဲလို့ ကျုပ်မှာ နားလည်တဲ့ ကိုယ်ခွဲမရှိလို့ပါ"

ဦးမြတ်သာဒွန်းက လာရင်းကိစ္စကို စတင်ပြောသည်။

"ကျွန်တော်လည်း ပန်းတောင်းဘက်ကို သွားစရာရှိတယ် ပွဲစားကြီးရဲ့။ ပန်းတောင်းဘက်ကိစ္စကို ကျွန်တော်နဲ့မှာလိုက်ပါလား"

"ပန်းတောင်းတော့ မောင်နဲ့မဖြစ်ဘူးလေ။ တွေ့ရမယ့်လူတွေက တောင်ကုတ်က လာမှာဆိုတော့ မောင့်ကို သိကြမှာမဟုတ်ဘူး။ ပေါင်းတလည်ကိုသာ ဒီမှာသိပ်အရေးမကြီးရင် ခဏသွားပေးစမ်းပါ"

မထားအိသည် ရေနွေးကြမ်းနှင့် သွားရည်စာများကို ကြေးလင်ပန်းဖြင့် လာချပေးရာက "ငြင်းရမယ့်လူတွေမှ မဟုတ်တာကိုထွန်းရယ်။ ဖြစ်မယ်ဆိုရင် သွားပေးလိုက်ပါ"ဟု ဝင်ပြော၏။

သူတို့သည် ဦးမြတ်သာဒွန်းအား ဦးလိုင်ဘွားမှတစ်ဆင့် သိကျွမ်းခဲ့ရသည်။ လက်ရှိသစ်အလုပ်မှာ ဦးမြတ်သာဒွန်း၏ မစကူညီမှုကြောင့် အခြေအနေကောင်းသို့ ရောက်လာရခြင်းဖြစ်သည်။ ဤသည်ကိုရည်၍ ငြင်းရမည့်လူမဟုတ်ဟု မထားအိက သတိပေးဟန်တူ၏။

ဦးမြတ်သာဒွန်းသည် ကိုတောက်ထွန်းအား မျှော်လင့်ချက်ထားဟန် ကြည့်နေသည်။ ကိုတောက်ထွန်းသည် အတန်ကြာအောင် စိတ်ထဲမှ အစီအစဉ်ချပြီးနောက်၊

ပေါင်းတလည်ဘက်သို့ သွားပေးပါမည်ဟု ဝန်ခံသည်တွင် ဦးမြတ်သာဒွန်းက ငွေနှင့် စာများပေးပြီး ပြန်သွားလေ၏။

ကိုတောက်ထွန်းသည် ပေါင်းတလည်ဘက်သို့ နောက်တစ်နေ့ နံနက်စောစော ထွက်ခဲ့သည်။ ပေါင်းတလည်တွင် လုပ်ငန်းနှင့် ဆက်စပ်သော မိတ်ဆွေအနည်းငယ်သာ ရှိသည့်အနက် ကိုဘဂျမ်းမှာ ရင်းနှီးသောမိတ်ဆွေဖြစ်၏။ ကိုတောက်ထွန်းသည် ဦးမြတ်သာဒွန်း၏ကိစ္စများကို ဆောင်ရွက်ပြီးနောက် ကိုဘဂျမ်းအိမ်တွင် ညအိပ်လေသည်။

သူသည် နောက်တစ်နေ့နံနက် စောစောထနိုင်ရန် စောစောအိပ်ရာဝင်ခဲ့ရာ ညတစ်နာရီခန့်တွင် တစ်ရေးနိုး၏။ ပြန်အိပ်သော်လည်း အိမ်ရှေ့မှ တီးတိုးသံများကြားသဖြင့် လူဆိုးသူခိုးထင်ကာ ထကြည့်၏။ မိမိအမည်ကို ပြောသံကြား၍ ကိုတောက်ထွန်း တန့်သွားသည်။

"ကြည့်စမ်းကွာ။ ဒီကိုလာမှာ ငါ့ကိုဘာမှ အသိမပေးဘူး။ တော်တော်နှုတ်လုံတဲ့ကောင်"

ထိုအသံကိုကြားရသောအခါ ကိုတောက်ထွန်း အံ့သြသွားရပြန်၏။

အသံရှင်မှာ ဦးလှိုင်ဘွားဖြစ်သည်။ ဦးလှိုင်ဘွားသည်လည်း ပေါင်းတလည်ဘက် သွားစရာရှိသည်ဟု လေသံမဟခဲ့။ ညကြီးသန်းကောင်ရောက်လာခြင်းအတွက် ကိုတောက်ထွန်း အံ့သြရခြင်းဖြစ်၏။

"သူလည်း ဦးမြတ်သာဒွန်းရဲ့ ကိစ္စနဲ့ လာတယ်ဆို ထင်ပါရဲ့ ဆရာရယ်"

"ဟုတ်ချင်မှဟုတ်မှာပါကွာ၊ ဒီကောင်လည်း ငါတို့နဲ့ အကြံတူများလား မသိဘူး"

"ဆရာက သူနဲ့အနီးကပ် နေတဲ့လူပဲ၊ ကိုတောက်ထွန်းအကြောင်း အခုထိ ဘာမှမသိဘူးလား"

"မသိဘူး ဘဂျမ်းရေ၊ သူ့ယောက္ခမ တစ်မျိုးလုံးဟာ နှုတ်အင်မတန်လုံတယ်ဟေ့၊ နောက်ကြောင်းကို ဘာမှ မယ်မယ်ရရ မပြောကြဘူး"

"သို့သော်လည်း ကိုတောက်ထွန်းက မညံ့ဘူးထင်တယ်။ ကျွန်တော်တို့ ဒီထက်ပိုပြီးစုံစမ်းပြီး ဟန်ပုံပေါ်ရင် သိမ်းသွင်းဖို့ကောင်းတယ်"

"ကောင်းတာကတော့ဟေ့၊ မောင်တောက်ထွန်းသာမဟုတ်ဘူး တစ်နယ်လုံးအိုကွာ တစ်ပြည်လုံး သိမ်းသွင်းလို့ရရင် သာပြီးကောင်းတယ်။ အေး ခက်တာက"

"ဟုတ်ကဲ့ဆရာ၊ ဘာများပါလိမ့်"

"ခက်တာက အများကြီးပဲဟေ့၊ ငါတို့မြန်မာတွေဟာ ဇာတိမာန်ညံ့ကုန်ပြီ၊

ကုလားကို ဒူးထောက်ပြီး စားလုံးစားပေါက် ကောက်နေကြပြီ။ ဒါဟာ ကုလားကို အထင်ကြီးတဲ့ သဘောပဲ၊ မကောင်းပါဘူးကွာ''

ကိုဘဂျမ်းမဟုတ်သော အသံတစ်ခုက ''လူတိုင်းလည်း မဟုတ်ပါဘူးဆရာ ရယ်''ဟု ဝင်ပြောသည်။

''မင်းပြောတာလည်း ဟုတ်တယ် မောင်ဆိုင်၊ ဟုတ်လို့လည်း မင်းတို့လို ရဲစွမ်းသတ္တိရှိတဲ့ယောကျ်ား အာဇာနည်တွေကို လိုက်စုနေတာပဲကွ။ အေး မင်းတို့ သတိ ထားရမှာက သူ့လူ ကိုယ့်ဖက်သားဘဲ''

''သတိထားပါတယ် ဆရာ''

''ဒီလိုဘာဖြစ်လို့ သတိပေးရသလဲဆိုရင်၊ ကိုယ့်လူမျိုးကို အထင်သေးပြီး ကုလားကို အထင်ကြီးတဲ့ သစ္စာဖောက်မျိုးမစစ်ကောင်ရဲ့နားကို ပေါက်ကြားသွားရင် ကိုယ်မပါရင် အသာနေတာမဟုတ်ဘူး၊ မျက်နှာလို မျက်နှာရ သွားပြီး သံတော်ဦးတင်လို့၊ တစ်ခါတည်း''

''စိတ်ချပါဆရာ၊ အတွင်းလူဖြစ်ပြီးမှ သစ္စာဖောက်မယ်ဆိုရင် လက်မနေးတမ်း ဖမ်းချုပ်ပါ့မယ်၊ ဆရာလာမှ စီရင်ပါ''

သူတို့တိုင်ပင်ပြောဆိုသံသည် ကျယ်ကျယ်လောင်လောင်ကြီးမဟုတ်၊ ထရံတစ် ချပ်ခြားရုံသာ ခြား၍ နီးကပ်နေသောကြောင့် ကိုတောက်ထွန်း ကြားရခြင်းဖြစ်သည်။ ကိုတောက်ထွန်းသည် ခြေဖော့၍ အိပ်ရာထဲသို့ ပြန်လာ၏။

သူတို့ပြောဆိုတိုင်ပင်နေပုံမှာ၊ စားမြဂိုဏ်းတစ်ခု၏ ဆွေးနွေးတိုင်ပင်နေသံမျိုး မဟုတ်။ တိုက်ရေးခိုက်ရေး လုယက်ရေးမပါ။ ကုလားစသည် သစ္စာဖောက်စသည်၊ မျိုးမစစ်စသည် စကားလုံးတို့ကို ထောင့်ချင်၍ သူပုန်ထရန်များ ဖြစ်လေမလားဟု မရဲ တရဲနှင့် ကိုတောက်ထွန်း တွေးကြည့်မိလေသည်။

နံနက် ကိုတောက်ထွန်းအိပ်ရာမှထသောအခါ ဦးလှိုင်ဘွား၏ အရိပ်အယောင် သော်မျှ မတွေ့ရတော့ချေ။ ကိုဘဂျမ်းကလည်း ယောင်၍မျှ စကားမဟပေ။ ကိုတောက် ထွန်း အိမ်ပြန်ရောက်၍ လှသွယ်၊ မြခြယ်တို့ထံ ဖိုးအေးထံ စုံစမ်းကြည့်၏။ ဦးလှိုင်ဘွား သည် ကိုတောက်ထွန်း ပေါင်းတလည်သို့ ထွက်သွားသောနေ့လယ်က အိမ်မှပျောက် သွားသည်ဟု သိရ၏။

ကိုတောက်ထွန်းသည် ဤကိစ္စကို မထားအိအား ထုတ်မပြောပေ။ မိန်းမသား ဆိုသည်မှာ ပူပန်တတ်လွန်းသဖြင့် တော်ရုံကိစ္စကို မပြောချင်။ သို့သော် ဦးလှိုင်ဘွားကို မသင်္ကာသောစိတ်က တစ်အုံ့နွေးနွေး ဖြစ်နေသည်။

ဦးမြတ်သာဒွန်း ပန်းတောင်းဘက်မှ ပြန်ရောက်ပြီကြားလျှင် သူ့ကိစ္စမည်သို့ ဆောင်ရွက်ခဲ့ကြောင်း အကျိုးအကြောင်း သွားရောက်ပြောရာ ဦးမြတ်သာဒွန်းမှာ ကျေးဇူးတင်၍မဆုံးချေ။ ထမင်းအတင်းကျွေးသည်၊ ဇွတ်ငြင်း၍ လက်ဆောင်ပစ္စည်းများကိုယူပြန်လာရာ ဖိုးအေးကိုလမ်းတွင် တွေ့သည်။

ကိုတောက်ထွန်းက ''ဘယ်ကိုလဲကွ''ဟုမေးပြီး ဆက်လျှောက်လာသည်။ ဖိုးအေးက ''အစ်ကို့ဆီ လိုက်လာတာ''ဖြေပြီး ကပ်လာ၏။

''အစ်မအိကိုတောင် မပြောခဲ့ဘူး၊ ဦးလေးလှိုင်က ကျွန်တော့်ကို အရက်တိုက်တယ်''

''ဘာကွ''

ကိုတောက်ထွန်းသည် ပထွေးပီပီ မဟုတ်တာလုပ်ပြီဟု ထင်မိ၏။

''မင်း သောက်သလား''

''ချော့တိုက်တာကိုး အစ်ကိုရဲ့၊ ကြက်သားဟင်းနဲ့ သိပ်လိုက်တာပဲဆိုပြီး မြည်းကြည့်တာ''

''မူးရောလား''

''မူးသလား၊ မမူးသလားဆိုတာ ဘာဆိုဘာမှ မသိတော့ပါဘူး အစ်ကိုရယ်''

''ဘယ်တုန်းကလဲ''

''မနေ့ညနေကပါ အစ်ကို''

''မင်းကို ဘာတွေမေးသလဲ''

''မင်းတို့ ကနောင်က မဟုတ်ပါဘူး၊ သာယာဝတီကပါတဲ့။ ဒီတော့ ကျွန်တော်ကလည်း မဟုတ်ဘူး၊ ဇီးကုန်းကလို့ပြန်ဖြေတယ်''

''ကောင်းရောပေါ့ကွာ''

''ဇီးကုန်းက ဘာဖြစ်လို့ ပြောင်းလာတာလဲတဲ့။ ဘယ်လိုလုပ်ပြီး လာတာလဲကဲ့။ နောက်ပြီး အများကြီးပဲအစ်ကို၊ မေးတာစုံလို့''

''သူမေးသမျှ မင်းက ဖြေတာပဲလား''

''ဖြေသလား မဖြေသလား ကျွန်တော်မသိဘူးအစ်ကို၊ ညက ဘယ်မှာအိပ်မိတယ်တောင် မသိဘူး''

''ထားအိကိုမပြောနဲ့နော်၊ မင်းအစ်မတွေရော အမေရော မသိပေစေနဲ့ကြားလား။ အချိန်တန်မှ ငါပြောမယ်''

''စိတ်ချပါ အစ်ကို''

"အေး၊ သွားတော့"

ကိုတောက်ထွန်းသည် ဦးမြတ်သာဒွန်းပေးလိုက်သော ပစ္စည်းများကို ဖိုးအေး လက်ထဲသို့ ထည့်လိုက်သည်။ သူကမူ မိခင်၏အိမ်သို့လာခဲ့သည်။ ကိစ္စမှာ မိုးကောင်းနှင့် တွေ့ရန်ဖြစ်၏။

မိုးကောင်းကို အိမ်မှာမတွေ့။ ပန်းယဉ်က ညက ဖိုးအေးပြန်မလာ၍ ဒေါ်လှမြတ် သားအမိသုံးယောက်ဆူနေကြောင်း ဆီးကြိုသတင်းပေးသည်။ ဖိုးအေးနှင့် မတွေ့မီက ဆိုလျှင် စိတ်ဝင်စားဖွယ်သတင်းတည်း။

ကိုတောက်ထွန်းသည် ဤအချိန်၌ မောင်မိုးကောင်း ရှိလေ့ရှိထရှိသောနေရာသို့ လာသည်။ ဌာနာအုပ်၏အိမ်ရှေ့ သစ်ပင်ကြီးသို့ဖြစ်၏။ ယနေ့မူ မောင်မိုးကောင်းကို သစ်ပင်ကြီးအောက်တွင်မတွေ့ရဘဲ ဌာနာအုပ်အိမ်ဝင်းထဲရောက်နေသည်ကို တွေ့ရသည်။ သို့သော် မောင်မိုးကောင်း၏ ရောက်ခြင်းကား ကောင်းသောရောက်ခြင်းနှင့် မတူ။

တံခါးအလွန့်တွင် ဗိုက်ပူပူပုကွကွ ထိပ်ပြောင်ပြောင်နှင့် ဌာနာအုပ်မင်းသည် မောင်မိုးကောင်းအား မျက်နှာဆိုးကြီးနှင့် ကြည့်နေ၏။ ကိုတောက်ထွန်းသည် ဌာနာအုပ်၏အသံကို သစ်ပင်အောက်မှ ကြားရလေသည်။

"မင်းဘာမှ ဆင်ခြေတက်မနေနဲ့။ မင်းကို ဒီသစ်ပင်အောက်မှာ နောက်တစ်ကြိမ် တွေ့ရင် ထောင်ချမယ်"

"ကျွန်တော့်မှာ ဘာအပြစ်မှမရှိပါကလား ခင်ဗျာ"

မောင်မိုးကောင်း ပြန်ပြော၏။

"ရှိရှိ၊ မရှိရှိ၊ ငါချချင်ရင် ချနိုင်တယ်ကွာ၊ သွားတော့"

မောင်မိုးကောင်းသည် မျက်နှာငယ်လေးဖြင့် ထွက်လာသည်။ ကိုတောက်ထွန်း ကိုမမြင်။ ကိုတောက်ထွန်းက နောက်မှ အသာကလေး လိုက်သွားကာ လူရှင်းသောနေရာ ရောက်မှ အသံပြုသည်။

"အစ်ကိုကြီး"

သူသည် ကလေးမဟုတ်တော့ပေမယ့် မျက်ရည်ဝဲနေ၏။

"အေး၊ အစ်ကိုကြီး မင်းကိုလိုက်ရှာနေတာ"

"ကျွန်တော့်ကို ပုလိပ်စုတ်က သူ့သမီးနဲ့ မတန်ဘူးလို့ပြောတယ် ကိုကြီးရဲ့"

"အေးပါကွာ၊ ကိုကြီးကြားပြီးပါပြီ။ သူ့သမီးက မြန်မာတော့မြန်မာပဲကွ။ သို့ပေသည့် မြန်မာယောကျာ်းလေးနဲ့ မတန်ဘူးလေ၊ ကုလားနဲ့မှတန်တယ်။ ဖြူဖြူမည်းမည်း ကုလားဖြစ်ရင်ပြီးရော"

''ကျွန်တော် ဝမ်းနည်းတယ်ဗျာ။ သေနတ်တစ်လက်သာရရင်''

''လာပါကွယ်။ တစ်မျိုးကြံပေးပါ့မယ်။ အခုကိုကြီး သိချင်တာက မင်းကို ဦးလေးလှိုင်က အရက်တိုက်သလား ဆိုတာသိချင်တယ်''

''ဗျာ''မောင်မိုးကောင်း မျက်နှာပျက်သွားကာ သူ့အစ်ကိုကြီးအား ကြောက်ရွံ့စွာ ကြည့်လေ၏။

''မင်းကို ရိုက်မလို့နှက်မလို့ မေးနေတာ မဟုတ်ဘူး၊ သိချင်လို့ မေးနေတာပါကွာ''

''ဟုတ်တယ်ကိုကြီး''

''မင်းသောက်သလား၊ သူက ဘာမေးသလဲ၊ မင်းက ဘာတွေဖြေသလဲ၊ မူးပြီးလဲသလား၊ ဟင်ညီလေး''

ကိုတောက်ထွန်းက ချိုသာနိုင်သမျှချိုသာအောင် ကြိုးစားပြီးမေးသဖြင့် မောင်မိုးကောင်းနေသာထိုင်သာ ရှိသွားကာ ''ကျွန်တော် မသောက်ဘူးကိုကြီး။ သူကဇွတ်တိုက်တော့ ရေထသောက်ချင်ယောင်ဆောင်ပြီး ထွက်ပြေးလာခဲ့တယ်''ဟုဖြေသည်။ ကိုတောက်ထွန်းက ညီငယ်၏ မျက်လုံးများကို စိုက်ကြည့်နေ၏။ ညီငယ်သည် အမှန်အတိုင်း ပြောဟန်ရှိ၏။

''ဟုတ်ပြီ။ အိမ်ကိုပြန်နှင့်ကွာ။ ကိုကြီးအခုပဲ လာခဲ့မယ်''

ကိုတောက်ထွန်းသည် ဒေါ်လှမြတ်တို့အိမ်ဘက်သို့ ထွက်လာသည်။ ဦးလှိုင်ဘွားကိုမမြင်သဖြင့် အသံမပေးဘဲလှည့်ထွက်ခဲ့၏။ သို့သော်၊ လေးအိမ်ကျော်တွင် အိမ်ရှင်ယောကျ်ားနှင့် စကားကောင်းနေသော ဦးလှိုင်ဘွားကိုမြင်သဖြင့် ဝင်းပြင်ကရပ်၍ လှမ်းကြည့်နေ၏။

''မောင်တောက်ထွန်း ဝင်ထိုင်ပါဦးလားကွ''ဟု အိမ်ရှင်က ဖိတ်ခေါ်သည်။

''ထမင်းမစားခဲ့ရသေးလို့ဗျာ၊ နောက်မှလာမယ်။ ဦးလေးကို အရေးတကြီး ပြောစရာရှိလို့ လှည့်ဝင်လာတာ''

''ဟုတ်လားဟ၊ ဘာများပါလိမ့်''ဆိုကာ ဦးလှိုင်ဘွားက ထလိုက်လာသည်။

တစ်အောင့်မျှ လျှောက်လာပြီးမှ ကိုတောက်ထွန်းက ရပ်၍ ဦးလှိုင်ဘွားအား ကြည့်လိုက်၏။ ဦးလှိုင်ဘွားက ညဥ့်ဦးအလှကို ငေးနေသည်။

''ဦးလေးဟာ စုံထောက်တော့ မဟုတ်ဘူးထင်ပါတယ်နော်''

ဦးလှိုင်ဘွားမှာ မြွေကိုတက်နင်းမိသူပမာ အထိတ်တလန့်ဖြင့် ''ဟေ ဟ မောင်တောက်ထွန်း၊ မင်းဘယ်လိုမေးလိုက်တာလဲ''ဟုဆို၏။

''ဦးလေးဟာ၊ ကျွန်တော့် ယောက်ဖနဲ့ ကျွန်တော့်ညီကို အရက်တိုက်ပြီး၊ ကျွန်တော်တို့အကြောင်းကို မေးတာ ဘာအဓိပ္ပာယ်လဲ ဦးလေး''

''ဒီအကြောင်းလား''ဦးလှိုင်ဘွားက ယဲ့ယဲ့ပြုံးလိုက်ကာ။ ''အကြောင်းရှိလို့ပါ မောင်တောက်ထွန်း၊ ဦးလေးဟာ မင်းအကြောင်းကို သိချင်လွန်းလို့ ကြံရတာပါကွာ''ဟု တည်ငြိမ်စွာပြောသည်။

''ကျွန်တော်ရဲ့နောက်ကြောင်းကိုသိလို့ ကျွန်တော်ထောင်ကျသွားရင် ဦးလေး ဆုတော်ငွေဘယ်လောက်ရမှာလဲဟင်''

''ဟ မောင်တောက်ထွန်း''

ဦးလှိုင်ဘွားမှာ အံ့အားသင့်သွားဟန်ရှိသည်။ စိတ်ကိုထိခိုက်သွားဟန်လည်းရှိ၏။ သူသည် ခေါင်းကို လေးလေးတွဲ့တွဲ့ရမ်းလိုက်သည်။

''ပုလိပ်လက်က ငါကိုယ်တိုင်နုတ်ထားတဲ့ငါ့တူကို ဦးလေးက ပုလိပ်လက်ထဲ ထည့်ရမယ်လို့ ငါ့တူရယ်။ မင်းမှားပြီ''

''မမှားပါဘူးဦးလေးရယ်။ လူသတ်မှုနဲ့ ထောင်မကျမှာစိုးလို့ ကြိမ်ဒဏ်အရိုက် ခံရတဲ့ နွားခိုးမှုက ကယ်ထားတာပါ ဦးလေးရယ်''

ဦးလှိုင်ဘွား ခေါင်းခါပြန်သည်။

''ငါ့တူ မှားနေပြီကွယ်။ ဦးလေးဟာ မင်းတို့လို လူရိုးလူကောင်းတွေအပေါ်မှာ ဘယ်တော့မှ မကောင်းတဲ့စိတ် မထားပါဘူးကွယ်။ ဘုရားစူးရစေရဲ့ ငါ့တူရယ်။ ဦးလေး ကို တစ်လွဲမထင်ပါနဲ့ကွယ်''

''ကျွန်တော် ဦးလေးကို ကျေးဇူးလည်းတင်ပါတယ်၊ အားလည်းကိုးပါတယ်။ ကနေ့၊ ဒီအခြေဆိုက်ရောက်လာတာ ဦးလေးရဲ့ ကျေးဇူးပါ။ ဦးလေးရဲ့ကျေးဇူးဟာ အင်မတန်ကြီးပါတယ်။ အခုလိုလုပ်တဲ့ ကိစ္စမှာတော့ ကျွန်တော်ဟာ ဦးလေးကို ဆက်ပြီး''

''ကိုကြီးရေ ကိုကြီး''

လမ်းကွေ့မှ အော်သံပေါ်လာကာ လူတစ်ယောက် ဦးလှိုင်ဘွားတို့ကို ဝင်တိုးသည်။ ကိုတောက်ထွန်း ဖမ်းထားလိုက်ရာ မောနေသော မိုးကောင်းဖြစ်၏။

''ညီလေး ဘာလဲဘာလဲ''

''မအိမိုက်နာလို့ ကိုကြီးကိုလိုက်ရှာတာ၊ သွားသွားအိမ်ကို''

ကိုတောက်ထွန်းသည် အိမ်သို့ပြန်ပြေးလာသည်။ ဦးလှိုင်ဘွားကား ကိုတောက်ထွန်းနောက်သို့ပြေး၍ လိုက်လာပြီးမှ ခေါင်းရမ်း၍ ကျန်ခဲ့သည်။ ခေါင်းငိုက်စိုက်ကျ၍ အိမ်ဘက်သို့ပြန်လာရာ အိမ်ထဲမှ ဒေါ်လှမြတ်နှင့် သမီးနှစ်ယောက်ပြေးထွက်လာ၏။

''သမီးဗိုက်နာလို့ ကိုလှိုင်ဘွားရေ့''

''အေးအေး၊ သွားကြ ငါသိခဲ့ပြီ''

ခပ်သုတ်သုတ် ထွက်သွားသူများ ကြားသာအောင် ဦးလှိုင်ဘွားက အော်ပြော၏။

မိုးကောင်းသည် ဒေါ်လှမြတ်အိမ်မှတစ်ဆင့် မိခင်ထံပြေးသည်။ ဒေါ်ညိုသင်းတို့ သားအမိနှစ်ယောက်နှင့် ဒေါ်လှမြတ်တို့သားအမိ သုံးယောက်သည် မီးနေအိမ်သို့ ရှေ့ဆင့်နောက်ဆင့် ရောက်ကြ၏။ ဤတတိသားကား စိန်မင်းသားဟူသတည်း။

စိန်မင်းသား သူ့အဘိုးဦးသာခင်ကဲ့သို့ သွယ်သွယ်နွဲ့နွဲ့ လှချောတစ်ဦးဖြစ်သည်။ မင်းသားဟန်ပေါက်သဖြင့် ဒေါ်ညိုသင်းက မင်းသားဟုခေါ်၏။ ယင်းအမည်တွင် အတိတ်ကောင်းနိမိတ်ကောင်း၍ စိန်ရွှေရတနာပေါစေရန်ဆိုကာ ဒေါ်လှမြတ်က စိန်တစ်လုံးဖြည့်ပေးသည်။ ဤသို့ဖြင့် စိန်မင်းသားဖြစ်လာ၏။

စိန်မင်းသားမွေး၍ မထားအိမ်မီးနေခြင်းနှင့် ကိုတောက်ထွန်းအလုပ်ပိုလာသဖြင့် မိုးကောင်း၏အချစ်ရေးမှာ ခဏတိမ်မြုပ်နေသည့်နည်းတူ ဦးလှိုင်ဘွားမှာလည်း ပြောစရာစကားကိုဆိုင်းထားရသည်။

ကိုတောက်ထွန်းမှာ တစ်လမျှ အလုပ်နှင့်လက်မလည်အောင် ဖြစ်နေပြီးမှ ညီငယ်ကိုအောင်သွယ်ရှာပေးကာ ချစ်သူနှင့် မကြာခဏတွေ့စေ၏။ ယင်းအားလပ်ခြင်းကို အခွင့်ကောင်းယူ၍ ဦးလှိုင်ဘွားက ကိုတောက်ထွန်း အားချိန်ကိုမှန်း၍ အိမ်သို့လာခဲ့၏။

ကိုတောက်ထွန်းသည် ပြီးပြီးသားကို ပြီးစေသဘောထားဟန်ဖြင့် ပျာပျာသလဲ ဆီးကြိုသည်။ ဦးလှိုင်ဘွားသည် အလ္လာပသလ္လာပဆိုပြီးနောက် နှစ်ကိုယ်ကြားစကားကို စ၏။

''မောင်တောက်ထွန်းနဲ့ ဦးလေးနဲ့၊ စကားမပြတ်သေးဘူးကွယ့်''

''ဘာစကားပါလိမ့် ဦးလေး''

ကိုတောက်ထွန်းက လုံးဝသတိမရဟန်ဖြင့်ဆို၏။

''စိန်မင်းသား ဗိုက်နာတဲ့ညကလေ''

''ဩော်''ကိုတောက်ထွန်း မျက်နှာပျက်သွားကာ။ ''ထားလိုက်ပါတော့ ဦးလေးရယ်''ဟုပြောသည်။ သူက စိတ်မကောင်းစရာနှင့် အခင်အမင် ပျက်ပြားစေမည့် စကားကို မဆိုချင်သလို ယင်းနှင့် ဆက်စပ်ပက်သက်သမျှကိုလည်း ထပ်မံမလှုပ်နှေးလိုဟန်ရှိ၏။

''မင်းကို ဦးလေးယုံတယ် မောင်တောက်ထွန်း။ မင်းကမယုံရင်တော့လည်း ငါ့ကံပဲလေ။ မောင့်အကြောင်းကို ဦးလေးသိတော့ ပိုပြီးယုံကြည်လာလို့ ပြောရဲတာလည်း

တစ်ကြောင်းပေါ့ကွာ။ ဒီမယ် ဦးလေးဟာ သူပုန်ထဖို့ လူစုနေတာကွ''

မောင်တောက်ထွန်း အံ့ဩခြင်း၊ အံ့အားသင့်ခြင်း မဖြစ်ပေ။ ယင်းသို့ ယိုးစွပ်ဖွယ်ရာစကားများကို ပေါင်းတလည် ဦးဘဂျမ်းအိမ်တွင် တစ်ညချမ်းလူခြေတိတ်ချိန်၌ ကိုတောက်ထွန်း ကြားခဲ့ရပေပြီ။ သို့သော် ဤသည်ကား နားကြားသာဖြစ်၏။

ဤသည်နှင့် ဆန့်ကျင်ခြားနားသော ယိုးစွပ်စရာမှာမူ ကိုယ်တွေ့ဖြစ်သည်။ မသင်္ကာစရာကောင်းအောင် ကြိုးစားနိုက်ထုတ်ထားသည်။ မသိစေချင်တာကိုမှ အရနိုက်သောအခါ မသင်္ကာသည်မှာ ဓမ္မတာပင်။

ထိုနှစ်ပက္ခတွင် ညပ်ပိတ်နေသည့်အတွက် ကိုတောက်ထွန်းမလှုပ်ရှားခြင်းဖြစ်သည်။ သူက ဦးလှိုင်ဘွားအား အေးစက်စက်ပြန်ကြည့်ကာ ''ကျွန်တော် ဒါကြောင့် ပြီးပြီးသားကို ပြီးပါစေပြောတာပါ ဦးလေး''ဟုပြော၏။

''ဒါဖြင့်မင်း၊ ဒီဘက်မှာ စိတ်ကုန်သွားပြီလို့ ပြောချင်တာလား မောင်တောက်ထွန်း''

''ကျွန်တော့်မှာ ကလေးသုံးယောက်ရှိနေပြီ ဦးလေး။ ထားအိဟာလည်း သေကာနီးဆဲဆဲ သေမင်းပါးစပ်ထဲက လွတ်လာရတာ''

''ဟော့ မောင်တောက်ထွန်းရဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခုကို မမယ်ကြဲရင် နိုင်သလား မနိုင်သလားဆိုတာ ဆကြည့်စမြဲဘဲ။ လူဟာ သေရမှာကြောက်တဲ့ အကောင်ချည်းပဲ။ ဘယ်သူမှ ရှူးရှူးမိုက်မိုက်နဲ့ ကိုယ့်သေတွင်းကို မတူးဘူး။ အခုငါတို့ကလည်း''

ဦးလှိုင်ဘွားသည် အခန်းဝဆီမှ လူလာသည်ထင်သဖြင့် လှည့်ကြည့်လိုက်သဖြင့် ''ဟော့ မြေးကြီးလာစမ်းပါဦးကွ''ဆို၍ စိန်မင်းသားကို လှမ်းချီလိုက်လေ၏။ မထားအိသည် အထဲပြန်ဝင်သွား၏။ ဦးလှိုင်ဘွားသည် အထဲသို့ လှည့်ကြည့်ရင်း စကားဆက်ရန် ကြိုးစားသေးသည်။ မကြာမီ မထားအိပြန်ထွက်လာပြီး စကားဝိုင်းဖွဲ့လိုက်သည့်အတွက် အခွင့်မသာတော့ချေ။

ထိုနေ့ညတွင် ကိုတောက်ထွန်း အိပ်မပျော်၊ ဦးလှိုင်ဘွား ဆွေးနွေးသွားသောကိစ္စက သူ့ကိုဖမ်းစားနေ၏။

သူသည် ''မဖြစ်ပါဘူး၊ ငါ့မှာ သားနဲ့မယားနဲ့ ဖြစ်နေပြီ။ သူတို့တတွေ လူလားမြောက်အောင် စောင့်ရှောက်ရဦးမယ်။ သူကလေးတွေ လူချင်းတူတူ သူချင်းမျှမျှ နေနိုင်အောင် ကြိုးစားရဦးမယ်''ဟု လျစ်လျူရှုသောစိတ်ကို မွေးကြည့်သည်။

သို့သော် သူပုန်ထခြင်းသည် မယုံကြည်သူများထပြီး ကမျင်းကြောဆွဲသော အလုပ်မဟုတ်ပေ။ သွေးထဲ၊ ရိုးတွင်းချဉ်ဆီထဲက နိုင်စွဲမြဲမြံသော အသိအယုံကိုမှုတည်၍

ပြင်းထန်သော ဇာတိမာန် လှုံ့ဆော်မှုမှ ပေါက်ဖွားလာသော မွန်မြတ်သည့် တာဝန်တစ်ရပ် ဖြစ်သည်။

တကယ်ယုံကြည်လေးမြတ်သူအတွက် ထောင်တွင်းမှာရောက်နေနေ၊ စက်တိုင်ပေါ်ရောက်ရောက်၊ ရွှေပုံပေါ်မှာစံစံ၊ မအောင်မြင် မထမြောက်မချင်း အပြီးအပြတ်စွန့်လွှတ်နိုင်ရန် မလွယ်ချေ။

ယခု သည်သဘောအတိုင်း ကိုတောက်ထွန်း ဖြစ်နေ၏။

မယားသံယောဇဉ်၊ သားသံယောဇဉ် ကြိုးလေးချောင်းက ဆောင့်ကာဆောင့်ကာဆွဲသည်။ ယုံကြည်ချက်နှင့် အမျိုးသားမာန် ပြင်းပြခြင်းစိတ်က ခိုင်မာစွာချုပ်ဖမ်းလာသည်။

ဆန့်ကျင်ဖက်နှစ်ရပ်မှာ အားကောင်းသည်ချည်းဖြစ်ရာ ကိုတောက်ထွန်းမှာ အလယ်တွင်ရပ်၍ တွေဝေနေရလေ၏။ သည်ဘက်လိုက်ရ ကောင်းမလား၊ ဟိုဘက်ပါရကောင်းမလား ချီတုံချတုံဖြင့် မပြတ်သားဘဲ တစ်ညမိုးစင်စင်လင်းရလေ၏။

ဦးလှိုင်ဘွားသည် မကြာခဏရောက်လာသည်။ မထားအိလစ်လျှင် သူ၏ရည်ရွယ်ချက်နှင့် အစီအစဉ်ကို ထုတ်ဖော်၏။ ဆင်ကန်းတောတိုးမလုပ်၊ မပိုင်ဘဲနှင့် မထကြွဟု အာမခံသည်။

ထို့ပြင် မြန်မာတစ်မျိုးသားလုံး၏ ဆင်ချေး မြင့်ချေးကျုံးဘဝသို့ သက်ဆင်းစီးပွားရေး အခြေအနေကို ထောက်ပြ၏။ ဘင်္ဂလားမှ ကုလားများလိမ့်ဝင်လာကာ မြို့ကြီးပြကြီးမှ တောကြိုအုံကြားထိ တွင်ကျယ်နေပုံ၊ မကြာမီ လူမျိုးနှင့် ဘာသာသာသနာပါ ကွယ်ပျောက်နိုင်ပုံတို့ကို ဆွဲထုတ်ပြသည်။ အလယ်မှာ ရပ်နေသူသည် ဦးလှိုင်ဘွားဘက်သို့ တဖြည်းဖြည်းပါလာလေ၏။

ကိုတောက်ထွန်းသည် အလုပ်တာဝန်ကိစ္စကို မောင်မိုးကောင်းနှင့် မှာကြားလွှဲထားခဲ့ပြီး ပြည်သို့ကူးခဲ့သည်။ ပြည်မှတစ်ဆင့် ဝက်ထီးကန် ဘုန်းကြီးပျံသို့ လာသည်။ ဘုန်းကြီးပျံကို အကြောင်းပြု၍ လာရသွားရအဆင်ပြေသည့်အတွက် မောင်ဆိုင်စီစဉ်ထားသော ဥယျာဉ်တစ်ခုတွင် နယ်စုံမှ ဘက်တော်သားများ စုဝေးကြ၏။

အစည်းအဝေး စလျှင်စချင်း မိမိတို့ယုံကြည် စိတ်ချရသည်ထင်ခဲ့သော ဘက်တော်သားသောင်းတင်မှာ ပုလိပ်အား သတင်းအချို့တဝက်ပေးနေစဉ် လက်ပူးလက်ကြပ်မိသဖြင့် ချော့ခေါ်ကာ ချုပ်နှောင်ထားကြောင်းဖြင့် ကိုဘဂျမ်းကို အစီရင်ခံသည်။ ကိုတောက်ထွန်းမှာ မိမိမထင်မှတ်သော မိတ်ဆွေများကို တွေ့မြင်နေရသဖြင့် အံ့သြ၏။ ဝမ်းလည်းသာ၏။ နယ်စုံမှ ကိုယ်စားလှယ်အင်အားကို မြင်ရသဖြင့် တက်ကြွသည်။

ဦးလှိုင်ဘွားက သတင်းတစ်ခုလျှင် တစ်ဆယ်နှုန်းဖြင့် ကောင်းစားနေသော သစ္စာဖောက်သောင်းတင်ကို မည်သို့လုပ်သင့်သနည်းဟု အကြံတောင်း၏။ အကြံတောင်းစကား မဆုံးသေး။ အပေါက်စောင့်သည် ''ပုလိပ် ပုလိပ်''ဟုအော်ကာ ပြေးဝင်လာ၏။

''မောင်ဆိုင် ဘဂျမ်း သေနတ်တွေ ထုတ်ပေတော့ဟေ့''

ဦးလှိုင်ဘွားသည် ခုန်ထကာ အမိန့်ပေးရင်း ''သစ္စာဖောက်ကတော့ ထင်တာထက်ပိုပြီးရှိနေပြီ။ ပြေးချင်တဲ့လူပြေး၊ ခုခံချင်တဲ့လူ သေနတ်ယူကြ''ဟု ခွင့်ပြုသည်။

ဘက်တော်သားများသည် သေနတ်ကိုယ်စီဆွဲ၍ ဦးလှိုင်ဘွားစီစဉ်သည့်နေရာများမှ အသင့်စောင့်နေကြ၏။ ကိုတောက်ထွန်းမှာ သေနတ်မရသဖြင့် ဓားနှင့်ခုခံရန်ပြင်ထားသည်။

ရောက်လာသူများမှာ ပုလိပ်ရိုးရိုးမဟုတ်၊ စစ်ပုလိပ်များ ဖြစ်၏။

''ငလှိုင်ဘွား။ မောင်မင်းရဲ့လူတွေကို ဖမ်းမိထားပြီ။ မောင်မင်းတို့ကိုလည်း ဝိုင်းထားပြီးပြီ။ လက်နက်ချရင် သက်ညှာစွာစဉ်းစားမယ်။ လက်နက်ချပါ''

ရာဇဝတ်ဝန်၏ ရာဇသံကို ဦးလှိုင်ဘွားက ကျည်ဖြင့်အဖြေပေးသည်။ သေနတ်သံများသည် ဘုန်းကြီးပျံပွဲတော်ဘက်သို့ လွင့်ပျံ၏။ ပွဲလည်းပျက်ချေ၏။ အစည်းအဝေးလုပ်သောတဲကို စစ်ပုလိပ်များ နှစ်ဖက်ညှပ်၍ တိုက်ခိုက်ကြရာ နာရီဝက်မပြည့်မီ မီးလောင်သည်။

သေသူနာသူများနှင့် ခုခံအားလျော့လာ၏။ တစ်နာရီမျှအကြာတွင် ကျည်ဆန်ကုန်သဖြင့် မီးထဲမှ လက်မြှောက်ထွက်လာကာ လက်နက်ချလိုက်ကြရသည်။ လက်နက်စွဲကိုင်ခုခံသူ ဘက်တော်သား ၂၀အနက် ၁၅ယောက်သေ၏။ ထိုအထဲတွင် ထိပ်သီးများဖြစ်သော ဦးလှိုင်ဘွားနှင့် ကိုဘဂျမ်း၊ မောင်ဆိုင်တို့ ပါသွားသည်။ ဒဏ်ရာရသူ ၄ယောက်ရှိ၍ စစ်ပုလိပ်များသည် လူကောင်းဟူ၍ တစ်ယောက်တည်းသာ ဖမ်းဆီးရမိကြရာ ယင်းတစ်ယောက်မှာ ကိုတောက်ထွန်းဖြစ်၏။

မထားအိနှင့် ဆွေမျိုးများသည် ကိုတောက်ထွန်းလွတ်ရေးအတွက် ငွေတိုးသည်။ ရှေ့နေရှေ့ရပ် ငှားသည်။ ကိုတောက်ထွန်း ကိုယ်တိုင်ကလည်း ဘုန်းကြီးပျံလာခြင်းသာဖြစ်၍ ဦးလှိုင်ဘွားမှာ မိမိဦးလေးဖြစ်သည့်အတွက် ဘုမသိဘမသိ လိုက်လာရစဉ် ဤသို့ဖြစ်ရကြောင်း။ သေနတ်ကိုင်ခုခံသူများထဲတွင် မိမိမပါကြောင်းဖြင့် ခုခံထွက်ဆိုသည်။ ဒဏ်ရာဖြင့် အဖမ်းခံရသူများကလည်း ကိုတောက်ထွန်းမခုခံကြောင်း ထွက်ဆိုကြသည်။

ထိုအခါ အစိုးရရှေ့နေက မေး၏။

''မောင်မင်းသိလည်းမသိ၊ အလိုလည်း မတူဘဲပါသွားပြီး၊ သူပုန်တွေဆွေးနွေး

တိုင်ပင်တာ ကြားခဲ့သိခဲ့ပြီးတဲ့နောက် အစည်းအဝေးအပြီးမှာ အနီးဆုံးပုလိပ်ဌာနကို တိုင်တမ်းဖို့ စိတ်မကူးဘူးလား''

''ခေါင်းဆောင် ဦးလှိုင်ဘွားဟာ ကျွန်တော့်ဦးလေး၊ ကျွန်တော့်ကျေးဇူးရှင် ဖြစ်တဲ့အတွက် ဒီလိုမကြံစည်ပါဘူးခင်ဗျာ''

ဤသို့ဖြင့် ကိုတောက်ထွန်းသည် သူ့ပုန်အားပေး အလိုတူအလိုပါအဖြစ်၊ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံသွားရလေ၏။

## နှစ်

"မိုးကောင်းရှိလား အဘွားကြီး"

ပုလိပ်တော်မင်း၏ ပြင်းထန်သောအသံကိုကြားလျှင် ဒေါ်ညိုသင်းသည် လက်ထဲမှပုတီးကို လည်ပင်းမှာ စွပ်လိုက်လေ၏။

လှေကားထိပ်၌ စာသင်တစ်ယောက်နှင့် ပုလိပ်သားသုံးယောက်သည် သေနတ်တပြင်ပြင်နှင့် ရပ်နေကြသည်။

"ကြွကြပါ ကြွကြပါ။ ဘာကိစ္စရှိပါလိမ့်"

ဒေါ်ညိုသင်းက သင်ဖျူးဖျာတစ်ချပ်ဆွဲ၍ ခင်းပေး၏။

"မိုးကောင်းရှိလားမေးနေတာ ဖြေပါအဘွားကြီး။ မဆိုင်တာတွေ လုပ်မနေပါနဲ့"

"မိုးကောင်းကို ဘာလုပ်မလို့ပါလိမ့် အရှင်မင်းကြီးရယ်"

"ဖမ်းမလို့ဗျ"

"အလိုလေး၊ ကျွန်တော်မျိုးမရဲ့သားလေးမှာ ဘာအပြစ်မှမရှိပါဘူး ဖုရား"

"သူပုန်ရဲ့ညီဟာသူပုန်ပဲ။ ဟေ့၊ အိမ်ထဲဝင်ရှာကြ"

ပုလိပ်တော်မင်းများသည် ပြင်းထန်သော ဖိနပ်သံတဂေါက်ဂေါက်ပေးလျက် အိမ်တွင်းအနှံ့ ရှာဖွေကြ၏။ မောင်မိုးကောင်းကို မတွေ့ချေ။

ဒေါ်ညိုသင်း၏အိမ်ပေါ်မှ ပုလိပ်များ ဆင်းမသွားမီပင် လှသွယ်နှင့် မြခြယ်တို့ အပြေးအလွှားရောက်လာသည်။ မထားအိနှင့် ပန်းယဉ်တို့လည်း ရောက်လာကြ၏။

ဖိုးအေးမှာ ပုလိပ်များ၏ ရန်ရှာခြင်းခံရမည်စိုး၍ ဒေါ်လှမြတ်အပါးမှ ခွာခွင့်မရပေ။

"တစ်အိမ်လုံးမှာ ခွေးခြေရာတွေ ပွနေတာပဲ"ဟု ပုလိပ်တွေဆင်းသွားလျှင် ဆင်းသွားချင်း ပန်းယဉ်က ရေရွတ်ကာ အိမ်အနှံ့တံမြက်စည်း လှဲသည်။ တံမြက်စည်း လှဲရင်းက "ဒီပုလိပ်သမီးကို တန်းတန်းစွဲဖြစ်လို့ အခုလိုဖြစ်ရတာ"ဟု မြည်တွန်၏။

"သူ့သမီးကို နောက်နောင် မဆက်သွယ်စေရပါဘူးလို့ အစ်မ သွားပြောပါလား ဟင်"

မထားအိက ဒေါ်ညိုသင်းအားပြော၏။ သူသည် သူ့ခင်ပွန်းပြောသည့်လေသံ အတိုင်း ယောက္ခမကို အစ်မဟုခေါ်သည်။

"မပြောနိုင်ပါဘူးအေ။ သူ့သမီးကို လုံအောင်မထိန်းနိုင်တိုင်း ငါ့သားကို လာပြီးရန်ရှာတာ"

"ရန်ရှာတာတော့ ဟုတ်ပါတယ် အဒေါ်ရယ်၊ သူမင်းဆိုတော့ သူထင်ရာလုပ် နိုင်တယ် မဟုတ်လား"

လှသွယ်က ဒေါသသံဖြင့်ပြော၏။ သူတို့အနေနှင့် ဖိုးအေးရယ် မောင်မိုးကောင်း ရယ်ဆိုသော အသိစိတ်မရှိချေ။ အတူတူစိတ်သာရှိနေသည်။

မြခြယ်ကလည်း "ဒီ ပုလိပ်သမီးထက် လှတာတွေ တစ်ပုံကြီး ရှိပါတယ်။ သူ မနေနိုင်ရင် ကျွန်မတို့ရှာပေးပါ့မယ်"ဟုပြော၏။

ပန်းယဉ်သည် တံမြက်စည်းကိုင်လျက် အနားရောက်လာပြီး မတ်တတ်က ပြောသည်။

"အစ်မအိပြောတဲ့အတိုင်း လုပ်တာပဲကောင်းပါတယ် အစ်မရယ်၊ သူ့လက် အောက်မှာနေတာ သူ့ကို ကလန်ကဆန်လုပ်လို့ အလကားပါပဲ"

ဒေါ်ညိုသင်းသည် အင်းမလှုပ် အဲမလှုပ်နှင့် ငြိမ်နေသည်။ ပန်းယဉ်ကပင် ဆက်လက်၍

"အစ်ကို့ကိုရန်ရှာသလို ကိုဖိုးအေးကိုလည်း ရန်ရှာလိမ့်မယ်နော် သတိထား။ သူကလည်း အဲဒီဌာနာအုပ်သမီး အငယ်မနဲ့ ကြိုက်နေတာ"

လှသွယ်နှင့် မြခြယ်တို့လည်း ဖိုးအေး၏ကိစ္စကိုသိပြီး ဖြစ်သည်။ အစ်မကြီး ဖြစ်သူ၏ သဘောထားကို သိချင်သဖြင့် မော့ကြည့်ကြ၏။

"ဖိုးအေးကိုတော့ ပုလိပ်သမီးကို ဖြတ်လိုက်ဖို့ ပြောရတော့မှာပဲ၊ ဒါလောက် ရန်များရအောင် ဒီကောင်မတွေက ဘာမက်စရာရှိလို့လဲ"

"ရုပ်တော့လည်း အလှကြီးမဟုတ်ပါဘူး အစ်မအိရယ်"

မြခြယ်က သူ့အမြင်ကိုပြော၏။

"ခေတ်ဆန်တာကို ဖိုးအေးရော ကိုမိုးကောင်းရော မက်နေကြတာရှင့် ဒါပဲ"

ပန်းယဉ်ကလည်း အမြင်တစ်မျိုး။

"ကောင်မတွေက ပျံလည်းပျံပါတယ်။ အဲဒီပျံတာ နန့်တာကို သဘောကျနေကြတာပါ" လှသွယ်၏အမြင်ကလည်း တစ်မျိုးပင်။

ဒေါ်ညိုသင်းသည် "တော်ကြစမ်းပါဟယ် စိတ်ရှုပ်ရတဲ့အထဲမှာ နင်တို့က တစ်မျိုး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး"ဟု မာန်မဲ ညည်းညူရာက "သမီးကြီး အိမ်ရောင်းပြီး အစ်မနဲ့အတူလာနေပေတော့"ဟု ပြောလေသည်။

"အိမ်ကိုလိုချင်တဲ့လူတော့ ရှိတယ်။ အစ်မမြေးတွေနဲ့ အစ်မနဲ့ ဖြစ်ပါ့မလားလို့"

"မဖြစ်တော့ ကျွန်မတို့လာခေါ်မယ်"ဟု မြခြယ်က ပြောသောအခါ ဒေါ်ညိုသင်းက အလိုမကျဟန်ဖြင့် လှည့်ပြီးမျက်စောင်းခဲ၏။

"ညည်းတို့က ဘယ်လောက်များ သည်းညည်းခံနိုင်လို့လဲ၊ ငါ့မြေးတွေ ငါ့ခေါင်းပေါ်တက် သေးမပေါက်ပါဘူး၊ ကဲ သမီး မြန်မြန်သာ စီစဉ်ပေတော့"

"ကျွန်မတို့ ကြံခင်းရောက်စတုန်းကလိုပဲ အားလုံးပြန်စုပြီး နေကြရရင် မကောင်းဘူးလားအစ်မ"

မထားအိက ညီမများကို အကဲခတ်ရင်းမေးသည်။

"ကောင်းတော့ကောင်းပါတယ်၊ လူကောင်တွေကကြီးလာကြတော့ အိမ်ငယ်ကလေးနဲ့ နေလို့မရတော့ဘူး၊ အိုအေ နောက်မှရောက်ရားပေါ့"

ထို့နောက် အိမ်ကိုရောင်းချရမည့် အဖိုးသားနားကို သမီးယောက္ခမ ဆွေးနွေးကြ၏။ မထားအိပြန်ခါနီးမှ မောင်မိုးကောင်း မောမောပန်းပန်း ရောက်လာသည်။ သူ့ကို မည်သူမျှ မကြည့်အား။ လမ်းနှင့် အိမ်နီးဝန်းကျင်သို့သာ ပုလိပ်နှင့် ပုလိပ်ခွေး ရှိ မရှိ ကြည့်မိကြ၏။

"အစ်မ အစ်မ၊ အိမ်ကို ပုလိပ်တွေတက်ပြီးရှာလို့ဆိုဗျ၊ ဘာရှာတာလဲဟင်၊ ဘာတွေတွေ့သွားလဲ"

"မင်းကိုရှာတာ၊ ဘာမှတွေ့မသွားဘူး။ အဲဒါ ဌာနာအုပ်က သူ့သမီးနဲ့သဘောမတူလို့ သက်သက်အပြစ်ရှာတာ သိပြီလား"

မထားအိက မျက်နှာညိုညိုထား၍ သံပြတ်ဖြင့်ဖြေသည်။

"ဟာ အစ်မအိကလည်းဗျာ၊ ကျွန်တော်တို့ချင်း ချစ်နေတာဟာ အပြစ်လားဗျ၊ သူအပြစ်ရှာပေမယ့် အပြစ်မရှိတဲ့လူမှာ ဘာမှမဖြစ်နိုင်ပါဘူး"

ဒေါ်ညိုသင်းသည် မဝင်လျှင်မဖြစ်တော့ဟု ထင်သဖြင့် အေးဆေးစွာပြော၏။

"သူတို့မင်း၊ သူတို့လုပ်ချင်သလို ဖြစ်တယ်ဆိုတာ နားလည်စမ်းပါသားရယ်။ သားဒုက္ခရောက်အောင် သက်သေလိုက်မယ့်လူတွေလည်း သူတို့မှာ တစ်လှေကြီးရှိပါတယ်။ ဒါကြောင့် ဒီမိန်းကလေးကို ဖြတ်လိုက်ပါတော့။ သူ့အဖေကိုလည်း အဲဒီအတိုင်း အစ်မသွားပြောမယ်"

"ဟာ အစ်မကလည်းဗျာ"

"သားစဉ်းစားပါ၊ မင်းတစ်ခုခုဖြစ်သွားရင် ဒီအမေအိုကြီးနဲ့ ညီမလေးကို ဘယ်သူစောင့်ရှောက်မှာလဲလို့။ အစ်မနဲ့ညီမ ဒုက္ခရောက်တာ မင်းမြင်ချင်သလား"

မောင်မိုးကောင်းသည် ခေါင်းငုံ၍ တွေတွေကြီးစဉ်းစားနေ၏။ သူသည် နှုတ်ခမ်းကိုကိုက်လိုက်၏။ တစ်ဖန် အံကြိတ်လိုက်၏။ လက်သီးဆုပ်ပြန်ချေသေး၏။

အဖြူသည် မောင်မိုးကောင်း၏နှလုံးသားထဲ၌ ပေါ်လာသည်။ ချစ်စဖွယ်အဖြူ၊ ကြင်နာဖွယ်အဖြူ၊ သူဘယ်လို မုန်းရပါမည်နည်း။ မြတ်နိုးစဖွယ်ရှိသည်နှင့်အမျှ စိတ်သဘောထားလည်းကောင်းသူ အဖြူကို မောင်မိုးကောင်းအသို့လျှင် မေ့နိုင်ပါမည်နည်း။

သူသည် ဒေါ်ညိုသင်းတစ်လှည့်၊ မရီးတစ်လှည့်၊ ညီမနှင့် လှသွယ်၊ မြခြယ်တို့ တစ်ခွန်းစ နှစ်ခွန်းစတစ်လှည့် ပြောဆိုနားချကြသည်ကို အံကြိတ်၍ နားထောင်နေခဲ့သည်။ ဌာနာအုပ်သမီးနှင့် အဆက်အသွယ်မရှိလျှင် ပုလိပ်ရန်ကကင်းမည်ဟု တစ်ညီတစ်ညွတ်တည်း ပြောကြ၏။ ကာယကံရှင်၏ရင်၌ မည်သို့နေမည် ကိုယ်ချင်းမစာကြ။

မောင်မိုးကောင်းသည် ကိုတောက်ထွန်း ဖန်တီးပေးထားသော ပုလိပ်လူထွက်အိမ်၌ ထိုနေ့ညပင် အဖြူနှင့် ချိန်းတွေ့ကြသည်။ မောင်မိုးကောင်းက ရှည်ရှည်ဝေးဝေးမပြော လက်ရှိအဖြစ်အပျက်များကို အကျဉ်းရုံးပြောပြပြီးလျှင် ခိုးရာလိုက်ခဲ့ရန်ဆို၏။

အဖြူသည် မျက်တောင်ကော့ကြီးများကို ပုတ်ခတ်လှုပ်ရှားလျက် မောင်မိုးကောင်းအား စူးစိုက်ကြည့်နေချေ၏။ သူသည် မောင်မိုးကောင်း၏ပါးစပ်ငြိမ်သွားမှ ခေါင်းကိုငုံ့လိုက်သည်။

"အဖြူပြောကွာ လိုက်မှာလား မလိုက်ဘူးလား။ အဖြူမလိုက်လည်း ကိုမိုးကောင်းကတော့ ပြေးရတော့မှာပဲ၊ အဖြူလိုက်ရင်တော့ ကိုမိုးကောင်းဝမ်းသာမယ်၊ အဖြူရဲ့ အဖေရန်က ကြီးလာပြီအဖြူ ကဲပြောကွာ"

အဖြူသည် မောင်မိုးကောင်းအား မော့ကြည့်၏။

"အချိန်မရှိတော့ဘူး အဖြူ"

"လိုက်မယ်"

"ဟင် အမယ်လေးဝမ်းသာလိုက်တာ အဖြူရယ်။ အချစ်စစ်အချစ်မှန်ဆိုတာ ဒါပဲကွာ"

မောင်မိုးကောင်းသည် အဖြူအား သိမ်းကျုံးပွေ့လိုက်ရာ အဖြူကရုန်းကန်သည်။

"အချိန်မရှိဘူးဆို၊ သွားကြမယ်"

"အား ဟုတ်တယ်၊ ဟုတ်တယ်"

မောင်မိုးကောင်းသည် အဖြူကိုလက်ဆွဲကာ အိမ်ရှေ့သို့ထွက်လာသည်တွင် ဝင်းတံခါး၌ပိတ်ရပ်နေသော ပုလိပ်တစ်ယောက်ကို မြင်သည့်အတွက် တုန်လှုပ်သွားကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိ၏။

"ဘယ်နှယ့်လုပ်မလဲ ကိုမိုးရဲ့"

အဖြူက ငိုသံကလေးဖြင့်မေးသောအခါ "လာစမ်းပါအဖြူရယ်၊ မကြောက်စမ်းပါနဲ့"ဆို၍ နောက်ဖေးဘက်သို့ ပြေးထွက်ခဲ့ကြသည်။

သူတို့သည် ဝင်းထဲသို့ပြေးဆင်းလာကြ၏။ သစ်ပင် ကျိုးကဲ့များကြားမှ ခိုကပ်လာကာ ဘေးမှဖောက်ထွက်လာသည်။ လမ်းပေါ်ရောက်လျှင် မောင်းသွားနေသော နွားလှည်းတစ်စီးနောက် အပြေးလိုက်ကြ၏။

"ဟေ့ဟေ့ 'ရပ်လိုက်ကြစမ်း"

အိမ်ရှေ့မှာ စောင့်နေသောပုလိပ်များ ပြေးလိုက်လာကြခြင်းဖြစ်သည်။

"အဖြူလာ၊ ပြေးကြစို့"

မောင်မိုးကောင်းသည် အဖြူအား လက်ဆွဲ၍ပြေး၏။

"ဟေ့ မပြေးနဲ့ ပစ်လိုက်မယ်"

သို့သော် မောင်မိုးကောင်းနှင့်အဖြူသည် အပြေးမရပ်၊ ပုလိပ်များသည် အဖြူ့ကို မှန်မည်ကြောက်၍ မပစ်ရဲ။ အပေါ်ကျော်၍ ခြောက်လှန့်ပစ်ဖောက်ကြသည်။ ဌာနာအုပ်သမီး လင်နောက်လိုက်ပြေးခန်းကား ဆင်တဲတစ်ရွာလုံး သေနတ်သံညံသွား၏။

"အဖြူရပ်နေခဲ့ ဟဲ့ အဖြူ"

အဖြူနှင့် မောင်မိုးကောင်းသည် အိမ်ကြိုအိမ်ကြားသို့ ကွေ့ဝင်ပြေးသည်။ သူတို့သည် လှေဆိပ်သို့ ဦးတည်ပြေးကြခြင်းဖြစ်၏။

"အမယ်လေး ကိုမိုးရဲ့"

အိမ်ကြားတစ်ခုမှထွက်ကာ လမ်းပေါ်ပြေးအတက်တွင် မှောင်ခိုနေသော သစ်ငုတ်တစ်ခုကို နှစ်ယောက်လုံး ဝင်တိုက်သည်။ ကျွမ်းထိုးမှောက်ခုန် လိမ့်ပျံသွား၏။

"အဖြူ ဘယ်နာသွားသလဲဟင် ထထ"

မောင်မိုးကောင်းသည် အဖြူအား တွဲထူသည်။ အဖြူက ထော့နင်းထော့နင်းနှင့် ထလျှောက်ပြီး ပုံကျသွားသည်။

‘‘နာတယ်ကိုမိုး၊ အဖြူကိုထားခဲ့ပြီး ကိုမိုးလွတ်အောင်ပြေးပါတော့’’

‘‘ဘယ်ဖြစ်မလဲအဖြူရယ်၊ ကိုမိုးထမ်းမယ်၊ ကဲထ’’

မောင်မိုးကောင်းသည် အဖြူအား ပခုံးပေါ်ထမ်း၍ပြေး၏။ ‘‘အဖြူရေ၊ ဟဲ့ သမီး ပြန်လာခဲ့’’ဟူ၍ ရမ်းမှန်းပြီးအော်နေသော ဌာနာအုပ်မင်း၏အသံသည် နီးသည်ထက် နီးလာသည်။ မောင်မိုးကောင်းမှာ အဖြူကို ထမ်းထားရသဖြင့် ပြေးအားမရှိ။

‘‘နီးလာပြီကိုမိုးရဲ့။ မိတော့မှာ’’

‘‘အဖြူကိုထားခဲ့ပါတော့ ကိုမိုးရယ်’’

အဖြူက သနားစဖွယ်ပြော၏။ မောင်မိုးကောင်းကား အပြေးမလျှော့။

‘‘ကိုမိုး၊ အဖြူပြောတာ ကြားလားဟင်၊ ခြေနာပျောက်ချိန်ကျမှ လာခိုးလှည့်ပါ’’

‘‘အို မဖြစ်ဘူး မဖြစ်ဘူး’’

သူတို့သည် လှေဆိပ်သို့နီးကပ်လာ၏။ သို့သော် လှေပေါ်မရောက်မီ တစ်ခေါ် လောက်ကျယ်သော သောင်ပြင်ကို ကျော်ဖြတ်ရဦးမည်။ သည်နှုန်းအတိုင်းပြေးနေလျှင် သဲသောင်ပြင်၏ သုံးပုံတစ်ပုံအရောက်တွင် မိချေတော့မည်။

‘‘ကိုမိုး၊ ချချ၊ အဖြူ မလိုက်နိုင်တော့ဘူး၊ ခြေထောက် နာလာပြီ။ ကိုမိုး ချပါတော့’’

မောင်မိုးကောင်းသည် အဖြူ့ကို သဲပေါ်သို့ သက်ညှာစွာချလိုက်၏။

‘‘သိပ်နာသလားအဖြူ’’

‘‘မေးမနေနဲ့ ကိုမိုး၊ အဖြူ့ မလိုက်တော့ဘူး၊ ခြေထောက်အနာကို ကုဖို့မပြောနဲ့ လူတောင်ဘယ်လိုနေရမယ်မသိဘူး၊ အဖြူ့ကိုသာ ထားခဲ့တော့’’

‘‘သမီးရေ၊ ဟဲ့ သမီး’’

ပုလိပ်များနီးလာပြီ၊ ပြေးလာပြီ။

မောင်မိုးကောင်းသည် အဖြူအား ထပ်မပြောတော့ဘဲ လှေများရှိသည့်ဘက်သို့ ပြေးထွက်သွားလေ၏။ မှောင်သည်၊ အဖြူပါသွားပြီထင်သည်။ ထို့ကြောင့် ပုလိပ်များရမ်း၍ မပစ်ခတ်ရဲ။

အဖြူ၊ မောင်မိုးကောင်းနောက်သို့ လိုက်ပြေးသည့် သတင်းသည်တစ်ရွာလုံး အုတ်အော်သောင်းနင်းဖြစ်သွား၏။ ပြေးရင်းလွှားရင်း ခြေကျိုးသွားသော အဖြူ့သတင်းကို

ကြားရသောအခါ လူအများက စုတ်တသတ်သတ်သနားကြသည်။ မောင်မိုးကောင်း လွတ်မြောက်သွားသည့်သတင်းကြောင့် ဝမ်းသာကြ၏။

အဖြူမှာ လူငယ်လူရွယ်တို့၏ ချီးကျူးခြင်း ခံရသလောက် ဌာနာအုပ်မှာ အရုက်ကြီးရုက်နေကာ ဒေါ်ညိုသင်းမိသားစုကိုသာဖိ၍ သေနတ်ကြိမ်း ကြိမ်းနေတော့သည်။ ဌာနာအုပ်ကြီးတစ်ယောက်လုံး၏ ရန်ပြုခံရသောအိမ်သို့ ဝင်ထွက်ရဲသူမှာ လှသွယ်၊ မြခြယ်တို့ သားအမိတတွေသာဖြစ်သည်။ သို့သော် ထိုအထဲ၌ ဖိုးအေးတစ်ယောက် မပါဝင်ချေ။

ဒေါ်ညိုသင်းသည် အစ၌သားငယ်ကို စိတ်ဆိုးသေး၏။ လူကြီးက အဖြတ်ခိုင်းကာမှ ခိုးပြေးရလေသလားဟု မျက်သည်။ ဌာနာအုပ်က ကြိမ်းလားဝါးလား ခြိမ်းချောက်လားလုပ်သည့်အခါတွင် ဒေါ်ညိုသင်းမှာ မာလာသည်။

"တော်တယ်၊ ငါ့သားဟာ သိပ်တော်တဲ့ သားပဲဟေ့"ဟု ခုနစ်အိမ်ကြား ရှစ်အိမ်ကြားအော်ဟစ်၍ အရွဲ့တိုက်တော့၏။

သူ့အိမ်သို့ ဝင်ထွက်ရဲသူ ပါးလာသည့်အပြင် အိမ်ရှေ့တွင်လည်း ပုလိပ်တစ်ယောက်က အမြဲရှိနေပြန်သည့်အတွက် ပို၍ဒေါသဖြစ်သည်။ မထားအိကသာ မဖျောင်းဖျလျှင် ဒေါ်ညိုသင်းသည် ပုလိပ်ကို ဓားနှင့်ဆင်းခုတ်ကောင်းခုတ်ဖြစ်မည်။

ဝင်ထွက်ရဲသူ ရှားနေချိန်၌ ပွဲစားကြီးဦးမြတ်သာဒွန်းသည် လက်ဆောင်ပစ္စည်းများ ယူဆောင်လျက် ရောက်လာသည်။ ဒေါ်ညိုသင်းရော မထားအိပါ ဝမ်းမြောက်ကျေးဇူးတင်ရ၏။

"ဘာမှအားမငယ်နဲ့ ငါ့တူမကြီး၊ ဦးလေးရှိတယ်။ စောစောက မရောက်တာကတော့ အလုပ်များနေလို့ပဲ၊ စိတ်မရှိနဲ့နော်"

"ကိစ္စမရှိပါဘူး ဦးလေးရယ်။ ကျေးဇူးတင်လှပါတယ်"

ဒေါ်ညိုသင်းကလည်း "မလာနိုင်လို့ဆိုပြီး စနောင့်စနင်း မဖြစ်ပါနဲ့ ပွဲစားကြီးရယ်"ဟုဆို၏။

"အကူအညီလိုတာကို ပြောပါအစ်မကြီး အားမနာပါနဲ့။ အစ်မကြီးရဲ့သား မောင်မိုးကောင်းဆီကို ပို့ချင်တာများရှိရင်လည်း ကျွန်တော်တပည့်တွေကို အပို့ခိုင်းပေးမယ်။ နေရာကိုသာ ညွှန်လိုက်"

ဒေါ်ညိုသင်းတို့ သမီးယောက္ခမမှာ မြို့မျက်နှာဖုံးပွဲစားကြီး လာရောက်အားပေးသည့်အတွက် အားတက်ရသလို၊ ထိုကဲ့သို့သောစကားမျိုးကို ပြောဖော်ရသည့်အတွက်လည်း ကျေးဇူးအထပ်ထပ်တင်ကာ ဝမ်းမြောက်ကြရသည်။

ဦးမြတ်သာဒွန်းသည် ဤသို့ဖြင့် မထားအိတို့အိမ်သို့ ၂ရက်ခြား ၃ရက်ခြား လာရောက် လည်ပတ်လေ့ရှိ၏။ လက်ဆောင်ပါလာတာချည်းပင်။ သူလာသောအခါများ၌ တစ်ခါတစ်ရံ ဒေါ်ညိုသင်းအပြင်ထွက်နေသည့်အခါနှင့်လည်း ဆုံတတ်၏။

ပုလိပ်ဘက်၌လည်းဝင်ဆံ့၊ အုပ်ချုပ်ရေးပိုင်း၌လည်း အပေါင်းအသင်းဆံ့သော ပွဲစားကြီးက စတင်ဝင်ထွက်သည့်အတွက် များမကြာမီပင် ဒေါ်ညိုသင်းအိမ်သို့ မိတ်ဟောင်း ဆွေဟောင်းများ ရှေးနည်းတူ ဝင်ထွက်သွားလာကြလေသည်။ ဦးမြတ်သာဒွန်း၏ ကျေးဇူး ကား ကြီးမားလှပါပေသည်။

''ဘွားဘွား အစ်မငိုနေတယ်''

ထိန်လင်းသည် ပန်းယဉ်က တစ်စုံတစ်ရာ လှမ်းပြောနေသည့်ကြားက လာပြော သဖြင့် ပန်းယဉ်၏ မျက်စောင်းထိုးခံရသည်။ ဒေါ်ညိုသင်းက အခန်းထဲသို့ဝင်လာ၏။ မထားအိသည် ဟန်မပျက် အဝတ်ချုပ်နေသည်။ မည်သို့ ဟန်ဆောင်စေကာမူ ယခုကလေး တွင် ငိုထားသည့်မျက်နှာမှာမူ ဖုံးကွယ်မရ။

''သမီးထားအိ ဘာဖြစ်သလဲ။ မောင်တောက်ထွန်းကို အမှတ်ရလို့လား''

ဒေါ်ညိုသင်းက အေးဆေးစွာ ဝင်ထိုင်လိုက်၏။

''သေသူများကိုတောင် ဆရာစုံ သမားစုံနဲ့ စိတ်ရှိလက်ရှိပြုစု ကုသလိုက်ရပြီးမှ သေရင် ကျန်တဲ့လူက ကျေနပ်စမြဲပဲ။ သမီးလည်း ငါ့သားကို ရေကုန်ရေခမ်း ကြိုးစား ခုခံနိုင်အောင် လုပ်ခဲ့တာပဲ။ ငါ့သားအပေါ် အငြိုးကြီးလွန်းလို့ တမင် တစ်ကျွန်းချတာ ဘာတတ်နိုင်မလဲ။ ကြိုးစားပြီးသာဖြေပါတော့ကွယ်''

မထားအိသည် ယောက္ခမကိုကြည့်ကာ မျက်ရည်များသွန်လွှတ်နေသည်။ တစ်စုံ တစ်ရာစကားကို မဆိုစေကာမူ နှုတ်ခမ်းတုန်ယင်နေသဖြင့် ပြောစရာရှိကြောင်း သိသင့်၏။

''သားကလေးတွေကို ကြည့်ပြီးတော့သာ အလွမ်းဖြေပါတော့ကွယ်''

စင်စစ် ဒေါ်ညိုသင်းပြောနေသော စကား ယခုစကားလုံးများသည် ဒေါ်ညိုသင်း ၏ကိုယ်ပိုင်စကားများမဟုတ်ပေ။ မကြာမြင့်သေးမီ၊ သို့မဟုတ် ကိုတောက်ထွန်း တစ်ကျွန်း ကျသွားစက မထားအိရွတ်ဆိုဖြေသိမ့်ခဲ့သော စကားစုဖြစ်၏။ ဤသို့ တင်းနိုင်ပါလျက်နှင့် အဘယ်ကြောင့် ငိုရပါသနည်း၊ ဒေါ်ညိုသင်း မတွေးမိ။

နောက်ထက်သုံးကြိမ်မှလေးကြိမ်။ ငါးကြိမ်မှခြောက်ကြိမ်အထိ မထားအိ ကြိတ်ကြိတ်ငိုနေသည်များကို ဒေါ်ညိုသင်းသိမြင်လာရပြန်သည်။ သည်တော့ ဒေါ်ညိုသင်း သံသယဝင်လာသည်။ ဘာကြောင့်ငိုသနည်း။

နောက်ဆုံးတစ်ကြိမ်တွင် ဒေါ်ညိုသင်းမတွေးတော့ချေ။ အတိအလင်း ထုတ်ဖော်

မေးသည်။

''သမီး ဟိုတွေးဒီတွေး တွေးမိပြီး စိတ်မကောင်းလို့ပါ အစ်မရယ်''ဟု မထားအိကဖြေ၏။ ဒေါ်ညိုသင်း မကျေနပ်။ ဆက်၍ကား မမေး။

ကလေးကြီးနှစ်ယောက် ကျောင်းသွား၍ ပန်းယဉ်ဈေးရောင်းထွက်နေသော တစ်နေ့လည်တွင် ဒေါ်ညိုသင်းသည် ထမင်းစားပြီးနောက် မပြောဆိုမမှာကြားဘဲ ပျောက်သွား၏။ တစ်အိမ်လုံးတွင် စိန်မင်းသားနှင့် မိမိချည်း ကျန်ခဲ့ကြောင်းသိလျှင် မထားအိ ချောက်ချားသည်။ တစ်စုံတစ်ရာကို စိုးရိမ်ကြောက်ရွံ့ခြင်းဖြစ်၏။

''ဘယ်သွားကြပါလိမ့်''ဆိုသောအသံကြား၍ မထားအိသည် စိန်မင်းသားကို ပုခက်ထဲထည့်ပစ်ခဲ့ပြီး အိမ်ရှေ့သို့ထွက်လာ၏။ ပွဲစားကြီးဦးမြတ်သာဒွန်းဖြစ်ပါသည်။

''အစ်မကြီးဘယ်သွားပါလိမ့် တူမကြီး''

''အပြင် ထွက်သွားတယ်ထင်ပါရဲ့ ဦးလေးရယ်။ ထိုင်ပါ ဦးလေး''

မထားအိက ရိုသေစွာဖြင့် သင်ဖျူးခင်းပေး၏။

''အို နေပါစေ ထိုင်ဖို့မလိုပါဘူး''

ပွဲစားကြီးသည် သွားဖြဲလျက် မထားအိအား ရီရွှန်းသောမျက်လုံးဖြင့် ကြည့်နေသည်။ မထားအိသည် ခေါင်းငုံ့ထား၏။

''ဟဲဟဲ၊ အဆင်သင့်လိုက်တာ။ ကဲ ပြောပါဦး၊ ဦးလေးရဲ့ အလိုကိုလိုက်မှာလား''

''မတော်ပါဘူး ဦးလေးရယ်''

''ဘယ်နှယ့်ကြောင့် မတော်ရမှာလဲလို့။ မထားအိ၊ မင့်ကိုယ်ကို ပြန်ကြည့်စမ်း။ ငယ်ငယ်ကလေးရယ်။ မထားအိ သဘောတူရင်၊ မယားကြီးကို ကွာပစ်မယ်။ ဟော ရွှေမရှား ငွေမရှားတဲ့ ပွဲကတော်ကြီး မထားအိဖြစ်ရောမဟုတ်လားဟင် ဟားဟား''

ပွဲစားကြီး၏မျက်လုံးများသည် မထားအိကိုယ်ပေါ်မှာ ပြေးလွှားကြသည်။ မျက်လုံးများ ဝင်းပြောင်လာသည်။

မထားအိက အိမ်ထဲဝင်ပြေးမည်ပြု၏။ အိမ်ထဲပြေးလျှင် ကျားအိမ်ထဲဝင်သော သားကောင်ဖြစ်မည်။ အိမ်ရှေ့သို့ အပြေးတွင် ပွဲစားကြီးကဆွဲဖမ်း၍ ရုန်းကန်နေသော ခြေများ၊ ပုတ်ခတ်ကုတ်ခြစ်နေသော လက်များကို ငြိမ်အောင် ချုပ်ပွေ့၍ တဟားဟား ရယ်ကာ အခန်းထဲဝင်လာ၏။

''ဦးလေး ဦးလေး မတော်ပါဘူး ဦးလေးရယ်။ ထားအိ ရှိခိုးပါတယ်''

မထားအိက အသက်မရှူဘဲ အသနားခံသော်ငြား ပွဲစားကြီးက အရယ်မပျက်။

အသနားဖက်ရန်မှ ဝေးစွ။

မထားအိရန်းကန်သည်။ ငိုသည်။ တတ်နိုင်သ၍ဖျောက်ထားပါမည်ဟု ပိုင်းဖြတ်ထားသော ကိုတောက်ထွန်းကို တ၍ငိုသည်။

"ဟဲ့ ခွေးသားကြီး"

ဒေါ်ညိုသင်းသည် ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်၏။ ပွဲစားကြီးမှာ တုန်တုန်ရင်ရင်ဖြင့် ထိုင်ရှိခိုးလေသည်။

ဒေါ်ညိုသင်းမှာ တစ်မျက်နှာလုံး ကြပ်ခိုးမှိုင်းများ ပေရေနေကာ လက်ထဲ၌ ဓားတစ်ချောင်းကိုင်ထား၏။ သူသည် ပွဲစားကြီးအား စက်ဆုပ်ရွံ့ရှာစွာကြည့်နေသည်။

"ငါ့ချွေးမလေး ငိုငိုနေတာ မသင်္ကာလို့ ငါချောင်းနေတာ၊ ဟင် ကြောင်သူတော် ခွေးသူခိုး။ အခုနင် ဘာပြောချင်သေးသလဲ"

"ကျွန်တော် ကျွန်တော် မှားပါတယ်အစ်မကြီးရယ်။ ရှိခိုးပါတယ်"

"ငါ့သားဟာ၊ နင့်အကျိုးကို ဘယ်လောက်ဆောင်ခဲ့သလဲဟင်၊ အခုတော့ မစောင့်ရှောက်တဲ့အပြင်၊ ခွေးကျင့်ခွေးကြံ"

"အမယ်လေး၊ မခုတ်လိုက်ပါနဲ့ အစ်မကြီးရယ်၊ ကျွန်တော်နောက်ကို မမိုက်တော့ပါဘူး။ ငွေတစ်ထောင် လျှော်ကြေးပေးပါ့မယ် ခင်ဗျာ"

"ငွေတစ်ထောင်။ အောဟော ငွေတစ်ထောင်။ ဟင်း လူတစ်ဖက်သားကို စော်ကားပြီး ငွေလေးပေးလိုက်ရင် ကျေနပ်ရအောင် ငါ့ချွေးမကို ဖာသည်ထင်နေသလားဟင် ခွေးသား၊ အမျိုးယုတ်"

ဒေါ်ညိုသင်းသည် တစ်ခွန်းဆဲတစ်ချက်ခုတ်နှုန်းဖြင့် ပွဲစားကြီးအား နင်းခုတ်တော့သည်။ ခေါင်းတွင်တစ်ချက်။ လက်ကောက်ဝတ်တွင် တစ်ချက်အခုတ်ခံရပြီး နီးရာပြူတင်းပေါက်မှ ခုန်ချပြေးလေ၏။

"အေး ပြေးပေလို့ပေါ့၊ မပြေးရင် အသေပဲ အသေခုတ်တာ၊ ဟင်းဟင်း" ယင်းသို့ နတ်ပူးသလို အံကြိတ်၍ တုန်တုန်ရင်ရင် အော်လိုက်ရာ ဓားကိုပစ်ချပြီး "အမယ်လေး သားတို့ရေ သားတို့ရဲ့"ဟု အော်ငိုလေ၏။

ပွဲစားကြီး ဦးမြတ်သာဒွန်း ဓားခုတ်ခံရသော သတင်းကို လူအများမသိကြစေကာမူ အိမ်နီးနားချင်းများက ရိုးတိုးရိပ်တိတ်သိ၏။ မိသားစုနှစ်စုအတွင်းတွင်မူ ခေါင်းချင်းရိုက်နေရသည်။

ပွဲစားကြီးသည် ဂါတ်သို့ကားတိုင်ရဲမည်မဟုတ်။ ဒေါ်ညိုသင်းတို့တတွေကိုလည်း အခဲကျေမည်မဟုတ်။ သူသည် ပုလိပ်များအပေါ်၌ သြဇာရှိသင့်သလောက်ရှိရာ၊

တစ်နည်း နည်းဖြင့် လက်စားချေမည်ကို ပန်းယဉ်ရော၊ ဒေါ်လှမြတ်တို့ပါ စိုးရိမ်လျက်ရှိ၏။

ဒေါ်လှမြတ်မှာ သမီးပျိုလေးနှစ်ယောက်ရှိရာ ပို၍စိုးရိမ်သည်။ ထိုစိုးရိမ်မှုက ပန်းယဉ်ကို ကူးစက်လာ၏။ ပန်းယဉ်မှာ ဈေးသော်မှုမထွက်ရဲတော့။ သည်အခါတွင် မထားအိမ်မှာလည်း သားကြီးနှစ်ယောက်ကို ကြွက်မနိုင်ကျီမီးရှို့လေမည်လားဟု ကြံဖန် ကြောက်၏။ အကြောက် လွမ်းမိုးနေချိန်တွင် ဝင်ရောက်အဆိပ်ဖြေပေးမည့် မိတ်ကောင်း ဆွေကောင်းများလည်း မရောက်လာ။

နောက်ဆုံး၌ ဒေါ်လှမြတ်က အစီအစဉ်တစ်ခုတင်လာရာ၊ ဒေါ်ညိုသင်းကလက်ခံ လိုက်လေ၏။

ယင်းမှာ ဒေါ်လှမြတ်၏အစ်ကို ဦးဟန်ကောင်းသည် ရေနံချောင်းမြို့၌ အိမ်ထောင်ရက်သားကျကာ ကြီးပွားလျက်ရှိသည်။ သူ့နှင့်သက်ခံစိုးရန်မဟုတ်သော်လည်း၊ သူ့ကို အကြောင်းပြုကာ ရေနံချောင်းသို့ ရွှေ့ပြောင်းကြရန်ဖြစ်၏။ အစီအစဉ်ကို အားလုံးသဘော တူသဖြင့် အိမ်နှစ်လုံးကို ရသလောက်ဖြင့် ရောင်းချကာ "ကြံခင်းကို ပြန်ကြမည်" သတင်းလွှင့်ပြီး၊ တစ်ခုသော နံနက်၌ ဒဘာကြီးတစ်စင်းငှားကာ ဆန်တက် ခဲ့ကြလေသည်။

ရောဝတီမြစ်၏အလှအပသည် ကြောင့်ကြမှု၌ မနစ်မကျွံသူများအတွက် လှပ၏။ ပန်းယဉ်နှင့် လှသွယ်၊ မြခြယ်တို့မှာ စားကာ အိပ်ကာ၊ ဒေးမောကာ ရယ်စရာပြောကာဖြင့် ပျော်ရွှင်နေကြသည်။ ဖိုးအေးသည်လည်း တက်မ ဝင်ကိုင်လိုက်၊ ကမ်းပေါ်တက် ကြိုးဆွဲ လိုက်၊ အိပ်လိုက်စားလိုက်နှင့် လွတ်လပ်စွာ ပျော်ရွှင်နိုင်၏။

ကျန်လူသုံးယောက်ကား မပျော်နိုင်ကြပေ။ ရှေ့နေရေး၊ စားရေးအတွက် တွေး တောပူပန်နေကြသည်။ တောင်တွေ့လျှင် ဘုရားတည်သော ရှေးမြန်မာကြီးတို့၏ ကောင်းမှု ကြောင့် မြစ်စဉ် ဝဲယာအနီးအဝေး အနိမ့်အမြင့်တည်ရှိသော စေတီဖြူဖြူကလေးများသည် လည်း ဗျာပါရှင်များအား မအေးချမ်းစေနိုင်။

မထားအိသည် ဘာဆိုဘာမှုမသိတတ်သေးသော သားသုံးယောက်ကို ငေးနေ လေ့ရှိ၏။ ဤသားတွေကို မွေးမှမွေးနိုင်ပါဦးမည်လား၊ ကျွေးမှကျွေးနိုင်ပါဦးမည်လား၊ ခွေးတိုးဝက်ဝင်ဖြစ်ကုန်တော့မည်လား စသည်ဖြင့် အမျှင်တစ်စဆွဲထုတ် တွေးတောလိုက် တိုင်း မပြီးနိုင် မစီးနိုင် ပူပန်ရတော့သည်။

လေရလျှင် ရွက်တိုက်လိုက်၊ လေမရလျှင် ခြေခင်းလက်ခင်းနှင့် ရေစီးရေလာ သာသောဘက်သို့ကပ်ကာ ကြိုးဖြင့်ဆွဲလိုက်နှင့် ဆန်တက်လာရာ ဒေါ်လှမြတ်တို့လှေကြီး သည် ဖြရက်မြောက် ညနေ၌ ဆင်ပေါင်ဝဲကို လှမ်းမြင်ကြရလေ၏။

နေမဝင်မီ ဆင်ပေါင်ဝဲကို ရောက်မည်ဟု လှေသူကြီးက ပြောကာမှ လေပြတ်သွားသည်။ လှေကိုခြေခင်းသာသည့် ကမ်းဘက်သို့ မျှောကပ်လိုက်ရာ ကျားပါးစပ်ထဲ ဝင်လိုက်မိသည်နှင့် တူတော့၏။

"ဟော့၊ မသေချင်ရင် အကုန်လုံး ကမ်းပေါ်ကိုတက်ကြ။ လှေပေါ်မှာကျန်နေရင် အသေပဲ"

ကျောက်တုံးများ ကလိုင်များထဲမှာ သေနတ်တစ်လက်နှင့် ဓား၊ လှံ၊ ဒူးလေးများကိုင်ဆောင်ထားသော တစ်ကျိပ်ခန့်ရှိသည့် ဓားပြများထွက်ပေါ်လာကာ လှေကိုသေနတ်နှင့် ချိန်ထားကြလေသည်။

"မစမ်းနဲ့နော်၊ နည်းနည်းကလေးမှ လှုပ်စမ်းပြမယ်မကြံနဲ့၊ ဒီမှာ သေနတ်ပါတယ်"

"မပြေးပါဘူး ခင်ဗျာ၊ မပြေးပါဘူး"

လှေသူကြီးသည် ဓားပြများကြားအောင် အော်ပြီးတက်မစင်မှ ဆင်းလာရင်း "အကုန်ဆင်းပေးကြ၊ အကုန်ဆင်းပေးကြ"ဟု ပြောသည်။

"အစ်မအိရေ တစ်ခါဖြင့် ခက်ကြပေါ့"ဟုဆိုကာ လှသွယ်နှင့် မြခြယ်က မထားအိအား ဖက်၍ငိုကြ၏။ ပန်းယဉ်မှာလည်း ဒူးဆတ်ဆတ်တုန်နေသဖြင့် မတ်တတ်မရပ်နိုင်။

"ဟော့၊ ဟိုမိန်းကလေးတွေ ဘာလုပ်နေကြတာလဲဟင်"

"ဆင်းပါ့မယ်ရှင်၊ ကျွန်မညီမလေးမှာ ကြောက်ဒူးတုန်နေပါတယ်။ ဒါကြောင့် မဆင်းနိုင်တာပါ။ ကဲ ထညီမ၊ အစ်မအိကို ကိုင်"

မထားအိက အော်ပြောပြီးနောက် ပန်းယဉ်အားဆွဲမကာ လှသွယ်နှင့် မြခြယ်တွဲ၍ဆင်းလာစဉ် လှေပေါ်မှ ကမ်းသို့ခုန်မချရဲ ဖြစ်နေခိုက်ဝယ် "အစ်မအိတို့၊ ပန်းယဉ်တို့ မဆင်းနဲ့တော့"ဟူသော ကြားဖူးကျက်ဖူးသောအသံတစ်သံကို ကြားလိုက်ရလေ၏။

မြခြယ်သည် အသံလာရာသို့လှမ်းကြည့်ရာက "ဟယ် ကိုမိုးကောင်း"ဟု အော်သည်။

မှန်ပေသည်။ မောင်မိုးကောင်းဖြစ်၏။ မောင်မိုးကောင်းအား သူ့အမေသည်လည်းကောင်း၊ ဖိုးအေးနှင့် ဒေါ်လှမြတ်သည်လည်းကောင်း၊ ကြက်သေသေငေးကြည့်နေကြ၏။

"အစ်မ"

ဒေါ်ညိုသင်းသည် သားငယ်အား စိုက်ကြည့်နေသည်။ မျက်ရည်ဥကြီးများ တသွင်သွင်စီးလိမ့်လာ၏။

"အစ်မ"

မောင်မိုးကောင်းက ပုခုံးကိုကိုင်လှုပ်သောအခါ ဒေါ်ညိုသင်းသည် "သား"ဟု ကျယ်လောင်စွာအော်၍ ဒူးထောက်လျက် ကျသွားလေသည်။

"ဘယ်လိုဖြစ်လာတာလဲ အစ်မရယ်"

သို့စဉ် ဒေါ်လှမြတ်က ရွာမှပြေးခဲ့ရပုံကို အတိုချုပ်၍ ရှင်းပြ၏။

"ကျွန်တော်လည်း သွားစရာနေရာမရှိလို့ သူတို့နဲ့အတူနေရတာ။ အခုတော့ အစ်မတို့နဲ့ပြန်ဆုံချင်လို့ ခုလိုဖြစ်ရတာ၊ ခဏစောင့်ဦး၊ ကျွန်တော်ခွင့်တောင်ပြီး လိုက်ခဲ့မယ်"

မောင်မိုးကောင်းက မိခင်အားပြော၍ ထရပ်စဉ်၊ ဓါးပြဗိုလ်နှင့်တူသူသည် သူတို့အနားသို့လျှောက်လာ၏။ ချောင်တစ်စောင်းတွင် ပုဝါနီပတ်လျက် ဆေးပေါ့လိပ်ကြီးကိုက်ထားကာ သေနတ်လွယ်ထားသော ဓါးပြအားမြင်လျှင် ဒေါ်လှမြတ်တို့မှာ ကိုလှိုင်ဘွားဟုအော်မိလုလု ပါးစပ်ဟလိုက်မိကြသည်။ ဓါးပြဗိုလ်ကလည်း ဒေါ်လှမြတ်အားအတန်ကြာကြည့်ပြီးမှ မောင်မိုးကောင်းဘက်သို့ မျက်နှာလွှဲသွား၏။

"လူလေး၊ ဒါတွေဟာ မင်းဆွေမျိုးတွေထင်တယ်ဟုတ်လား"

"ဟောဒါက ကျွန်တော့်အမေ။ ဟောဒါက ကျွန်တော့်အစ်ကိုရဲ့ ယောက္ခမနဲ့ ယောက်ဖ။ ဟိုလှေပေါ်မှာက ကျွန်တော်နှမနဲ့ မရီးနဲ့ အစ်ကို့ခယ်မတွေ ဦးလေးရေ့။ ဆင်တဲမှာမနေရဲလို့ ရေနံချောင်းကို ပြေးလာကြတာ"

မောင်မိုးကောင်း ပြောပြသဖြင့် ဓားပြဗိုလ်၏အမည်မှာ ဦးခိုင်ဝါးဟူ၏။

ဦးခိုင်ဝါးက

"ကျုပ်လည်း ဓားပြတိုက်ပေမယ့် ဒီကလေးကိုတော့ ဓားပြထဲမသွင်းဘဲ စောင့်ရှောက်ထားပါတယ်။ အခုလည်း၊ ထမင်းဟင်းချက်ပြီး စခန်းချနေတုန်းမှာ ခင်ဗျားတို့ လှေကကပ်လာလို့ ထအတိုက်မှာ သားအမိတွေ ဆုံမိကြတာပဲ။ ကဲ ငါ့တူလိုက်သွားပေတော့။ ဦးလေးဝမ်းသာပါတယ်ကွာ"

"ဟုတ်ကဲ့ ဦးလေး"

မောင်မိုးကောင်းသည် ဓားပြဗိုလ်ဦးခိုင်ဝါးအား ကန်တော့ပြီးနောက် ကျန်ဓားပြများအား လိုက်လံနှုတ်ဆက်သည်။ ဦးခိုင်ဝါးက ဒင်္ဂါးတစ်ရာထုတ်ပေးရာ ဒေါ်ညိုသင်းက ငြင်း၏။ ငါးပိတစ်ပုံးနှင့် ငံပြာရည်တစ်ပုံးကိုကား မကောင်းတတ်သဖြင့် လက်ခံခဲ့ရစေကာမူ၊ ဆင်ပေါင်ဝဲအရောက်တွင် လှေပေါ်မှကန်ချပစ်လိုက်လေ၏။

ခရီးတစ်လျှောက်လုံးတွင် မောင်မိုးကောင်း လွတ်မြောက်ထွက်ပြေးပြီးနောက် ထမင်းတော်ပုံ၊ ပုလိပ်နှင့်တိုးပုံ၊ ရွာကင်းသမားများက မသင်္ကာ၍ ဝိုင်းလိုက်ခံရပုံစသည်

များကို နားထောင်ကြရသည်။ ဝမ်းနည်းရသည်လည်းကြုံ၊ ရယ်ရသည်လည်းရှိ၊ စိတ်ဆိုးစရာလည်းပါသော အဖြစ်အပျက်များပါပေ။

သူတို့အိမ်ထောင်နှစ်ခုမှာ ယောက်ျားသနားဆို၍ ဖိုးအေးတစ်ယောက်သာ မျက်စိသူငယ်နှင့် ရှိခဲ့ရာမှ နှစ်ယောက်ပြန်ဖြစ်လာသောအခါ အဆိုးမှအကောင်းသို့ ပြောင်းလာပြီဆိုရမည်။ ဒေါ်ညိုသင်းမှာလည်း သားငယ်ကိုမျှော်လင့်ချက် မထားတော့ရာမှ ပြန်တွေ့ရသဖြင့် အတော်ပင်အားတက် လန်းဆန်းနေ၏။

ပြောစရာမေးစရာများကုန်သွားလျှင် ဓားပြဗိုလ်ဦးနိုင်ဝါးကို စိတ်ဝင်စားလာကြသည်။

"ကိုမိုးကောင်း ဒီဓားပြဗိုလ်ဘယ်ကလဲ၊ သူ့ဆွေမျိုးသားချင်း ဘယ်သူ ဘယ်ဝါဆိုတာသိခဲ့လား"

စတင်စပ်စုသူမှာ မြခြယ်ဖြစ်၏။ ဒေါ်လှမြတ်သည်လည်း စိတ်ဝင်စားဟန်ပြ၏။

"ငါတော့ မမေးမိဘူးဟ။ ဦးလေး ဦးလှိုင်ဘွားနဲ့ ရုပ်ချင်းတူပါတယ်လို့တော့ အထင်သား။ အဒေါ်ကကော ဦးလေးမှာ ဦးနိုင်ဝါးဆိုတဲ့ ညီရှိတယ်လို့ တစ်ခါမှ မပြောဖူးဘူးလား"

မောင်မိုးကောင်းက ဒေါ်လှမြတ်အားလှည့်၍ မေးသည်။ ဒေါ်လှမြတ်ကလည်း စဉ်းစဉ်းစားစားဖြေပေသည်။

"တောင်ကုပ်မှာတချို့၊ ဝက်ထီးကန်မှာတချို့ရှိတယ်လို့ ပြောဖူးပေမယ့် ဦးနိုင်ဝါးဆိုတာတော့ တစ်ခါမှမကြားဖူးပါဘူးကွယ်"

သို့စဉ်တွင် ဖိုးအေးကလည်း သူ့ကိစ္စနှင့်သူ ဝင်၍မှောင့်၏။

"ဟေ့ကောင်။ အဲဒီလူကြီးရဲ့ သေနတ်ကို မင်းဘယ်နခါကိုင်ခဲ့ရသလဲ"

"ဒီကောင်ကလေး အလကားဝင်ရှုပ်နေ"ဟု လှသွယ်ကမာန်၏။

မောင်မိုးကောင်းကတော့ အကြောင်းသိချင်းမို့ ပြုံး၍ဖြေသည်။

"ကိုင်တာကတော့ ခဏခဏပဲကွ"

"ဘယ်နခါပစ်ခဲ့သလဲ"

"တစ်ခါမှမပစ်ခဲ့ရဘူးကွ။ သူက သေနတ်ဆိုတာ အရမ်းမပစ်ရဘူးတဲ့။ အရေးကြီးတဲ့ အခါများမှသာ ပစ်ရမယ်တဲ့။ ဟော့ ဒါထက် သူ့သေနတ်က ချိုးလို့ရတယ်ကွ"

"ဟေ၊ အပျက်ကြီးလားမှမသိတာ"

"ဒီလိုတော့မဟုတ်ဘူးကွ။ အဲဒီလိုချိုးမှ ယမ်းတောင့်ထည့်လို့ရတယ်။ ပစ်ပြီးသား အခွံတွေကိုလည်း အဲဒီလိုချိုးပြီးထုတ်ရတယ်တဲ့"

"သိပ်ဆန်းတာပဲနော်"

"ပစ်ရင် ပုခုံးကိုတအားကပ်ထားရတယ်တဲ့"

"ဘာဖြစ်လို့"

"သေနတ်က သိပ်ဆောင့်လို့၊ ပက်လက်လန်သွားမှာစိုးရတယ်တဲ့"

ဖိုးအေးသည် ပါးစပ်ဟကာ၊ မောင်မိုးကောင်းအား အထင်ကြီးသောမျက်လုံးများဖြင့် ကြည့်နေပြီးမှ ထပ်ပြော၏။

"သူတို့မှာ ဒီတစ်ခုပဲရှိ"

"ရေနံချောင်းကို မြင်ရပြီဗျို့"

လှေဦးမှရေစမ်းသော လှေသမားတစ်ယောက်က အော်လိုက်ရာ စကားဝိုင်းပျက်သွားပြီး ပေါင်းမိုးထဲမှ ခေါင်းပြူသူပြူ၊ လှေဦးသို့ထွက်သူထွက် ထွက်သွားကြလေ၏။

ထိုနေ့ည သူငယ်အိပ်ချိန်တွင် ရေနံချောင်းဆိပ်ကမ်းသို့ ဒေါ်လှမြတ်တို့၏ လှေကြီးဆိုက်ကပ်မိသည်။ နံနက်တွင် ဒေါ်လှမြတ်နှင့် မိုးကောင်းတို့ ပွဲရုံများသို့ တစ်ရုံဝင်တစ်ရုံထွက်ဖြင့် ပွဲစားကြီးဦးဟန်ကောင်း၊ သားကိုမြသိန်းတို့ကို စုံစမ်းသည်။ ပွဲရုံအားလုံး၏အဖြေမှာ တစ်ညီတည်းဖြစ်သဖြင့် ဒေါ်လှမြတ်အမောဆို့ရလေ၏။

ပွဲရုံများမှအဖြေမှာ ဦးဟန်ကောင်းတို့သားအဖ ပခုက္ကူသို့ ရွှေ့သွားသည်မှာ တစ်နှစ်ခန့်ကြာပြီ ဟူ၍ဖြစ်သည်။

ဒေါ်လှမြတ်သည် လှေသို့ပြန်လာကာ ဒေါ်ညိုသင်းနှင့် တိုင်ပင်၏။ ဒေါ်ညိုသင်းက

"ဆန်သာဆန်ပါ၊ ပခုက္ကူမှာ အဆင်မပြေလည်း ကျွန်မတို့အရပ်ကိုရောက်အောင်သွားကြမယ်။ ဘာမှစိုးရိမ်မနေနဲ့"ဟု အားတက်သရောပြောသည်။ သို့ဖြင့် လှေခထပ်မံဈေးဆစ်ပြီးနောက်၊ တစ်ရက်နှစ်ရက်နားနေကာ ပခုက္ကူသို့ခရီးဆက်ခဲ့ကြလေ၏။

## သုံး

ပျံလွှားငှက်များသည် မတ်စောက်သော မြစ်ကမ်းပါးယံ တွင်းများမှထွက်၍ မြနန္ဒီထက်တွင် ပျံသန်းမြူးတူးနေကြသည်။ မတ်စောက်သော ကမ်းပါးများသည် တစ်ခါတစ်ရံနီ၏။ နီမောင်းသည်လည်းရှိ၏။ တစ်ခါတစ်ရံ အရစ်အရစ် အခွေအခွေထ၍ အဖြူရောင်အဆင်းကို ဆောင်သည်လည်း ရှိချေသည်။

ကမ်းပါးမတ်များ ပြေသွားသည်နှင့်အမျှ ပခုက္ကူမြို့သည် နီးကပ်လာ၏။ ကြက်တောင်စိုက် ဆိုက်ကပ်ထားသော လှေတန်းလှေစုကြီးများမှာလည်း ပိုမိုပီသလာသည်။ ဖြတ်သန်းသွားသော ဘေးစက်တပ်မီးသင်္ဘောကြီးများပေါ်မှ ခရီးသည်များသည် ဖိုးအေးတို့အား နှောက်ပြောင်သွားကြ၏။

မောင်မိုးကောင်းနှင့် ဖိုးအေးတို့ကလည်း ပြန်လှန်နှောက်ပြောင်သည်။ ပျံလွှားငှက်ငယ်တို့သည် ရုတ်ရုတ်သဲသဲ မြူးကြသည်။

ဒေါ်လှမြတ်သည် ပီသသည်ထက် ပီသလာသော ပခုက္ကူကို မမိုတ်မသုန် စိုက်ကြည့်နေ၏။ ဤခရီးကိုဦးဆောင်သူမှာ သူဖြစ်သဖြင့် အစစအရာရာအဆင်မပြေမှု မှန်သမျှ သူ့တာဝန်ဖြစ်သည့်အတွက် မည်သို့ဖြစ်မည် ကြံမည်မသိတိုင်း ရင်လေးနေဟန် ရှိသည်။ ဒေါ်ညိုသင်းသည် ဒေါ်လှမြတ်ကို ကိုယ်ချင်းစာဟန်ဖြင့် အနားမှ တီးတိုးပြော နေ၏။

"ဘာမှမပူပါနဲ့ မလှမြတ်။ အေးအတူပူအမျှ သဘောထားပါ။ မသကာ

ကျွန်မတို့ဘိုးဘွားများရဲ့ ရွာကို ရောက်ရုံထက်မပိုနိုင်ပါဘူး''

ဒေါ်လှမြတ်သည် မောင်မိုးကောင်းကိုပင် အဖော်ခေါ်၍ ညနေတွင်းချင်းပင် ဦးဟန်ကောင်းပွဲရုံကို လိုက်လံစုံစမ်းရာ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရှိသည်။ သို့သော် ပွဲစားကြီးဦးဟန်ကောင်းမှာ လွန်ခဲ့သော ဖလခန့်က ကွယ်လွန်ခဲ့သည်ဟူသော သတင်းက ဒေါ်လှမြတ်၏ရင်ကို ဆီးကန်လိုက်လေ၏။

ကျန်ရစ်ခဲ့သောကိုမြသိန်းမှာ အိမ်ထောင်နှင့်ဖြစ်ကာ မခင်ခင်ဟူ၏။ သူတို့မှာ ခင်မအေးအမည်ရှိ သမီးတစ်ယောက်ထွန်းကားရာ အပျိုကြီးဖားဖားဖြစ်နေပေပြီ။ ယင်းသို့ ပွဲရုံအလုပ်သမားများက ပြောသည်။

မောင်မိုးကောင်းနှင့် ဒေါ်လှမြတ်သည် ပွဲရုံမှညွှန်လိုက်သည့်အတိုင်း တစ်လမ်းဝင်တစ်လမ်းထွက်မေးမြန်းကာ ကိုမြသိန်း-မခင်ခင်တို့အိမ်သို့ လာခဲ့ရာ ကြီးမားခံ့ငြားသော အိမ်ကြီးတစ်လုံးကို ကိုမြသိန်း-မခင်ခင်၏အိမ်ဟု သိရ၏။ သူတို့သည် အိမ်ဝိုင်းထဲသို့ ဝင်ခွင့်မရ။ အစေခံများက တားဆီးထားကြသည်။

''ကျုပ်ဟာ သူ့အဒေါ်ပါကွယ်''ဟုပြောပေမယ့်၊ ဝင်ထွက်သွားသည်ကိုတစ်ကြိမ်မျှ မမြင်ဘူးသောကြောင့် ''ပွဲစားကြီးနှင့် ပွဲကတော်တို့သားအမိ သားအဖသုံးယောက်လုံး ဝန်ထောက်မင်းအိမ်ကို သွားနေကြတယ်။ မနက်ကျမှလာခဲ့ပါ''ဟု ပြောသဖြင့် လှေဆိပ်သို့ပြန်ခဲ့ကြရလေ၏။

အစ်ကိုဟန်ကောင်းနှင့် ဒေါ်လှမြတ်တို့ နှစ်ပေါင်း ၄၀ကျော် ကွဲကွာခဲ့သည်။ တစ်ဖက်တွင် ပြန်လည်မဆုံရတော့ပြီဟု စိတ်နှလုံးဒုံးဒုံးချထားခဲ့ရာ မထင်မှတ်ဘဲတွေ့ဆုံခွင့်ရရန်အကြောင်းပေါ်လာတော့မှ အစ်ကို။ အဖေပြီးလျှင် သူသာလျှင် အဖေဖြစ်တော့သော ဦးဟန်ကောင်းက ကွယ်လွန်ခဲ့ပြီ။

အစ်ကိုသေပြီကြားလျှင် ဒေါ်လှမြတ်ရင်မှာ ဆို့ရုံသာဆို့သည်။ ငိုရန်သတိမရ။ ငိုနိုင်စွမ်းကို ကြောင့်ကြခြင်းက လွှမ်းထား၏။ ယင်းကြောင့်ကြခြင်းမှာ အံခြေပျက် အနေပျက်ပြောင်းလာပြီးမှ အဆင်မပြေလျှင် ခက်ချေရဲ့ဟူသည်ပင်ဖြစ်သည်။

ကိုမြသိန်း-မခင်ခင်တို့အိမ်ကို တွေ့မြင်ပြီးမှ ပြန်လာချိန်တွင် ဝမ်းနည်းစိတ်သည် ဒေါ်လှမြတ်ကို လွှမ်းမိုးလာလေ၏။ သွေးသားချင်းဖြစ်စေကာမူ၊ အဆင့်ချင်းကွာချေပြီဟု ဝမ်းနည်းခြင်းပေလော၊ အားကိုးပြုလာသော အစ်ကိုကြီးကြောင့် ဝမ်းနည်းခြင်းလား။ ဒေါ်လှမြတ်သည် လမ်းတစ်လျှောက်လုံး ငိုကြွေးလာ၏။

''မလှမြတ် ဘာဖြစ်လာတာလဲဟင်။ ဘယ်သူနဲ့ ဘာဖြစ်ပြီး၊ ဘာပြောလိုက်လို့လဲ''

ဒေါ်ညိုသင်းမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားသည်။ မထားအိသည့်၄င်း၊ ဖိုးအေသည်၄င်း၊ လှသွယ်ညီအစ်မသည်၄င်း ဒေါ်လှမြတ်အား မျက်ရုံးအပြူးသားဖြင့် ဝိုင်းအုံဖက်တွယ်ကြ၏။ ဒေါ်လှမြတ်အပြန်ကိုသာ မျှော်စောင့်နေကြသူများဖြစ်ရာ၊ ငိုလာ တာမြင်လျှင် မျက်စိမျက်နှာပျက်၊ ရင်တဒိန်းဒိန်းခုန်လျက် သူ့ထက်ငါ လုယက်မေးကြ တော့သည်။

"ပြောပါဦး မလှမြတ်ရယ်။ ဘယ်လိုဖြစ်လာတာရှင်"

ဒေါ်လှမြတ်ကား မြေးလတ်ကိုသာကြည့်၍ ရှိုက်ငိုနေ၏။ ဒေါ်လှမြတ်ကို မေးမရသောအခါ "ဘာဖြစ်လာတာလဲ လူကလေး"ဟု မောင်မိုးကောင်းအား မေးရ လေသည်။

မောင်မိုးကောင်းမှာလည်း ပြူးတူးပြဲတဲဖြစ်နေရာက "ဘာမှမဖြစ်ပါဘူး အစ်မရဲ့" ဟုဖြေ၏။

"ဦးဟန်ကောင်း တွေ့ခဲ့လား"

"ဦးဟန်ကောင်းရဲ့သား ကိုမြသိန်း-မခင်ခင်တို့အိမ်ကို ရောက်ခဲ့တယ်။ အိမ်ကြီး အကြီးကြီးပဲ။ အပြင်သွားနေကြလို့ မနက်ဖြန်မှ လာပါတဲ့"

"ဟဲ့ ဦးဟန်ကောင်းကိုမေးနေတာ၊ ဘာမဟုတ်တာတွေ လျှောက်ပြောနေ တာလဲ"

မထားအိက စိတ်မရှည်တော့သဖြင့် ငေါက်ငန်းလေ၏။

"ဦးဟန်ကောင်းဆုံးပြီ"

"ဩော် ဒါကြောင့်ကိုး"

အကြောင်းရင်းကိုသိမှ ဒေါ်ညိုသင်းမှာ သက်မ ချနိုင်အားတော့သည်။ ထိုအခါ ဒေါ်လှမြတ်မှာ အငိုရပ်သွားကာ "အစ်ကိုကြီးအတွက် ဝမ်းနည်းလို့ငိုတာမဟုတ်ဘူး မညိုသင်း"ဟု ပြောသည်။

"ဟင်"ခနဲ အားလုံးအံ့သြရေရွတ်ကြ၏။

"အမေ့ဟာကလည်းဗျာ"ဟု ဖိုးအေးရေရွတ်သည်။

"မောင်မြသိန်းနဲ့ ဇနီးခင်ခင်တို့ရဲ့ အိမ်ဆိုတာကို ရောက်သွားတော့၊ သူ့အဒေါ် လို့ပြောပေမယ့် အိမ်ဝိုင်းထဲဝင်ခွင့် မရခဲ့ဘူး။ ကျုပ်တို့ဆင်းရဲသားဆိုရင် ဒီလိုဘယ်ဟုတ် မလဲ။ ကြွပါ၊ လာပါ၊ ထိုင်ပါ၊ ဘယ်အချိန် လာပါလိမ့်မယ်၊ စောင့်ပါဦး ပြောမှာ၊ အခု တော့ ဂုဏ်ကြီးဒြပ်ကြီးရှင်ကြီးဖြစ်ပြီး ဟန်ကြီးပန်ကြီးနိုင်လွန်းတာတွေ့လို့ ဝမ်းနည်း တာပါ။ တွေးရင်း တွေးရင်း ငိုချင်တာနဲ့ ငိုမိတာပဲ"

"ဖြစ်မှဖြစ်ရလေ မလှမြတ်ရယ်"ဒေါ်ညိုသင်းက အားပါးတရရယ်မောပြီး၊ "ကဲ ကနေ့တစ်ညတော့ ဇရပ်ပေါ်မှာပဲအိပ်ကြရအောင် မကောင်းဘူးလား။ မနက်ကျမှပဲ ပစ္စည်းပစ္စယတွေ တစ်ခါတည်း လှည်းနဲ့တင်ပြီးသွားကြမယ် ဟုတ်လား"ဟုဆက်ပြော သည်။

လှေသမားများမှာ အခန့်သင့်ပင် သူတို့လိုချင်သောအပြန်ကုန်ကို တွေ့ရှိဝယ်ယူပြီးကြပြီ။ သူတို့သည် မနားတော့ဘဲ ပြန်စုန်ကြရန် ပြင်ဆင်လျက်ရှိကြသည်။

လှသွယ်နှင့် မြခြယ်တို့မှာ ရေမှတက်၍ ကုန်းသို့ရောက်ရှိလာရကာ ကျယ်ကျယ်ဝန်းဝန်းနေရသည့်အတွက် လွတ်လပ်ပျော်ရွှင်နေကြ၏။ မောင်မိုးကောင်းနှင့် ဖိုးအေးသည် လှေပေါ်တက်ကာ စကားကောင်းနေကြသည်။ အချို့လှေများပေါ်မှာ ဘာဂျာသံ၊ ပုလွေသံ၊ နှဲသံများ သာသာယာယာပျံ့မြူးနေ၏။

ဒေါ်လှမြတ်နှင့် ဒေါ်ညိုသင်းတို့သည် အသင့်ရှိနေသော အငှားနွားလှည်းများကို တစ်စီးပြီးတစ်စီး လိုက်လံဈေးဆစ်ငှာရမ်းလျက်ရှိသည်။ ထိန်ဝင်း၊ ထိန်လင်းနှင့် စိန်မင်းသားတို့မှာ အော်ဟစ်ပြေးလွှားနေ၏။ အဘွားကြီးနှစ်ယောက် ပြန်ရောက်လာချိန်တွင် အိပ်ကြရန်သတိပေးသဖြင့် မိသားစုနှစ်စုသည် ဇရပ်ပေါ်သို့ ပြန့်လည်စုရုံးကာ မကြာမီ တိတ်ဆိတ်ငြိမ်သက်သွား၏။ သို့သော် ဒေါ်လှမြတ်ကား ကြီးမားခံ့ငြားသော ကျွန်းအိမ်ကြီးကို မြင်ယောင်ကာ ချောက်ချားလျက်ရှိသဖြင့် မျက်စိကြောင်နေတော့သည်။

သူတို့အိပ်ရာကနိုးချိန်တွင် သူတို့စီးခဲ့သောလှေ မရှိတော့ချေ။ သူတို့လည်း ပြင်ဆင်သိမ်းဆည်းကာ နွားလှည်းပေါ်သို့ ပစ္စည်းများတင်၍ ရွက်သူရွက်၊ ဆွဲသူဆွဲဖြင့် နောက်မှ လိုက်ပါလာကြ၏။ အစေခံများသည် ဒေါ်လှမြတ်နှင့် မောင်မိုးကောင်းကို မှတ်မိသဖြင့် တံခါးဖွင့်ကာ ဝင်ခွင့်ပြုသည်။

"ပွဲစားကြီးနဲ့ ပွဲကတော်တို့ အိပ်ရာကမနိုးသေးလို့ ဒီမှာပဲ စောင့်ကြပါဦး"

အသက်အရွယ် ထောက်နေပြီဖြစ်သော အစေခံတစ်ယောက်က ကောင်းမွန်စွာ ပြော၏။ သူတို့သည် အိမ်ရှေ့မြေပြင်တွင်ထိုင်ကာ အိမ်ကြီးကို တအံ့တသြကြည့်ကြသည်။ ကြီးမားသောတိုင်ကြီးတွေနှင့် ဆောက်လုပ်ထားသော အိမ်ကြီးမှာ ခံ့လည်းခံ့၏။ ကြီးလည်း ကြီး၏။

မောင်မိုးကောင်းသည် ခေါင်းရင်းဘက်ပြူတင်းပေါက်မှ ပြူထွက်လာသော မျက်နှာကလေးတစ်ခုကို တန်းတန်းကြီးမြင်လိုက်ရသည်တွင် ကြည်ရွှန်းသန့်စင်သော မျက်နှာကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေမိလေ၏။ လသော်တာလား၊ သူဇာလား ဟုထင်မှားရသော မိန်းမပျိုသည် မောင်မိုးကောင်းအား စိုက်ကြည့်ရာက သူတို့တစ်စုလုံး

အား တစ်ချက်ဝေ့ကြည့်ရင်း ပျောက်ကွယ်သွားလေတော့၏။

"လှလိုက်တာကွာ"ဟု မောင်မိုးကောင်းသည် အသက်ရှူရင်း တိုးတိုးပြောရာ၊ ဖိုးအေးက "ငါ့အမျိုးကွ"ဟု မာန်သည်။

မကြာလှချေ။

မောင်မိုးကောင်းမြင်လိုက်ရသော လှနတ်ကညာသည် လှေကားမှ သိမ်မွေ့စွာ ဆင်းလာ၏။ သူတို့အားလုံးမှာ ကိုမြသိန်း၏ သမီးဖြစ်တန်ရာ၏တွေးကာ အသက်မရှူဘဲ ငေးမောကြည့်နေကြသည်။ မိန်းမပျိုသည် သူတို့ထံသို့ ဖြည်းညှင်းစွာလျှောက်လာ၏။

"ဖေဖေ့ကိုတွေ့ချင်လို့ မနေ့ညနေတုန်းက လာသွားတာ ဘယ်သူပါလိမ့်ရှင်။ ကျွန်မက ဖေဖေဦးမြသိန်းရဲ့ သမီးပါရှင်"

သူတို့သည် မိန်းမပျိုအသံသာယာကြည်အေးခြင်းကို အမှတ်ထင်ထင် ရှိလိုက်ကြသည်။ ဒေါ်လှမြတ်က

"အဒေါ်ပါတူမရယ်။ အဒေါ်တို့က ဇီးကုန်းကပါ။ နေမဖြစ်လို့ ပြောင်းရွှေ့လာရတာတော့၊ အစ်ကိုကြီးကိုဟန်ကောင်း ရေနံချောင်းမှာ ရှိတယ်ဆိုပြီး ရေနံချောင်းကို ရောက်ခဲ့ပါတယ်"

"သြော် ဘဘ ဆုံးရှာပါပြီရှင်"

"အဲဒါနဲ့ ပခုက္ကူပြောင်းသွားပြီဆိုလို့ လိုက်လာတာ၊ ပွဲရုံရောက်မှ အစ်ကိုဟန်ကောင်းဆုံးတာ သိပါတယ်။ အဒေါ်ဟာ ကိုဟန်ကောင်းရဲ့နှမအရင်းပါကွယ်။ အစ်ကို့သားနဲ့ အိမ်ထောင်ကိုတော့ တစ်ခါမှမမြင်ဖူးပါဘူး ကလေးရယ်"

"သြော် ဒါလိုဆိုရင်၊ ခင်မအေးက ဘွားဘွားရဲ့ မြေးပေါ့နော်"

ခင်မအေး၏ ပင်ကိုလှသောမျက်လုံးများသည် တိုးဆင့်ကြည်လင်လာလေသည်။ ကြည်လင်ရွှန်းပသော မျက်လုံးအစုံနှင့် ညီသောအပြုံး၏ ပုလဲသွယ်သွားကလေးများ ကလည်း တောက်ပပေ၏။

ဒေါ်လှမြတ်သည် မြေးတော်စပ်မှန်းသိလျှင် နှလုံးသွေးများ တစ်ကိုယ်လုံး လှည့်ပတ်ပြေးနေသည်ကို သတိတရ ခံစားလိုက်ရသည်။ ကြည်နူးခြင်းဖြစ်ဟန်တူသည်။

"ခုမှသိရပေမယ့်၊ ဝမ်းသာလို့မဆုံးပါဘူး မြေးကလေးရယ်။ သူတို့လေးယောက်က ဘွားဘွားရဲ့သမီးတွေနဲ့သား၊ သူကဘွားဘွားရဲ့ခမက် မညိုသင်း။ သူတို့က မညိုသင်းရဲ့ သမီးနဲ့သား။ ဟောဒါကလေးတွေကတော့ ဘွားဘွားရဲ့မြေးတွေပါပဲကွယ်"

"ခင်မအေးနဲ့ မောင်နှမတော်တာပေါ့နော်။ ဟော့ မောင်လေး မမဆီလာပါဦးကွ"

ထိန်ဝင်းသည် ခင်မအေးထံသို့ သွက်လက်စွာချဉ်းကပ်လာသည်။ စိန်မင်းသား

ကလည်း မအေ့ရင်ခွင်ထဲမှ လျှောဆင်းကာ ခင်မအေးဆီ ကယိမ်းကယိုင် လျှောက်လာ၏။ ထိန်လင်းကား ခင်မအေး၏အင်္ကျီမှ တောက်ပြောင်သောကြယ်သီးများကို စိုက်ကြည့်နေသည်။

ဒေါ်လှမြတ်သည် မြေးမကြီးနှင့် မြေးကလေးတွေကိုကြည့်၍ မျက်ရည်စမ်းစမ်းနှင့် ဖြစ်နေရှာ၏။

"အခြေအနေမကောင်းလို့ ပြေးလာရပေမယ့်၊ ဆွေတွေမျိုးတွေ ပြန်တွေ့ရတာပဲ ဝမ်းသာစရာကောင်းလှပါပြီ။ အိမ်ပေါ်ကိုကြွပါ ဘွားဘွား။ ကြွကြပါ"

"သာဓုကွယ်၊ သာဓုသာဓု။ ငါ့မြေးကြီးဘုန်းကြီးလို့ သက်ရှည်ပါစေကွယ်"

ဒေါ်လှမြတ်က ကြည်နူးဝမ်းမြောက်စွာရေရွတ်ရင်း၊ အိမ်ပေါ်သို့ ရှေ့ဆောင်တက်လာသည်။ ဒေါ်ညိုသင်းတို့မှာလည်း ခင်မအေး၏ ဖော်ရွေယဉ်ကျေးသော ဆက်ဆံမှုကြောင့် ကျေနပ်နေကြ၏။

ခင်မအေးခင်းပေးသော ဖျာများပေါ်တွင် ဒေါ်လှမြတ်တို့ မထိုင်ရဲ။ ကြံခင်းတွင် နေထိုင်ခဲ့ဖူးသဖြင့် သင်ဖျူးကိုမြင်ဖူးပါ၏။ တက်နင်း တက်ထိုင်ဖူးပါ၏။ ဤသင်ဖျူးများကား ချောမွေ့၍ အရုပ်များဖော်ထားသည့်အပြင် ဖဲပြားကြီးများဖြင့် အနားကွပ်ထားခြင်းက မထိုင်ရဲစရာဖြစ်နေ၏။

"ထိုင်ပါ ဒေါ်ဒေါ်။ မောင်လေးတို့ မမတို့ ထိုင်ကြပါရှင်"

ခင်မအေးကိုယ်တိုင်က အရေးပေးဖိတ်ခေါ်လာသောအခါ အစေခံများမှာလည်း ကွမ်းအစ်တည်သူ၊ ဆေးလိပ်တည်သူ၊ ထွေးအင်ချသူဖြင့် ရှုပ်နေကြလေသည်။ အစေခံများ ထွက်သွားလျှင် အိမ်ကြီးမှာ တိတ်ဆိတ်သွားလေသည်။

တိတ်ဆိတ်၍ ကြီးမားကျယ်ဝန်းသော ဘိုစတိုင်ကုလားထိုင်ကြီးတွေလည်းရှိသော အိမ်ကြီးထဲတွင် မိမိတို့ချည်းရှိပါကလားဆိုသောအသိက ဒေါ်လှမြတ်တို့ လူစုအား ချောက်လှန့်လာလေ၏။ သည်အခါ အသက်ကို အောင့်ရှူမိကြသည်။ ကလေးမြေးငယ်များကို ဆွဲထားမိကြသည်။ တစ်ယောက်နှင့်တစ်ယောက် ကြည့်မိ ကြသည်။

ခင်မအေးသည် အစေခံနှစ်ယောက်ခြံရံလျက် ပြန်ထွက်လာ၏။ သူတို့စိတ်တွင် ပြန်လည်ချောင်ချိ၍ နေသာထိုင်သာရှိရပြန်သည်။ အစေခံများသည် အဖန်အိုးကိုသယ်လာကြ၏။ ငါးပေါင်းကြော်များ၊ ယိုးမှားကြော်များကို တည်ခင်းကြ၏။

"သုံးဆောင်ပါ ဘွားဘွားရှင့်။ ဒေါ်ဒေါ်တို့ မမတို့အားလုံး သုံးဆောင်ကြပါရှင်"

ခင်မအေးသည် ကလေးတွေနှင့် ရောနှောထိုင်ကာ စိန်မင်းသားကို ပေါင်ပေါ်တင်သည်။ ထိန်လင်းမှာလည်း မှုန်ကုပ်မနေတော့ဘဲ၊ ခင်မအေးပေးသောမုန့်တို့ကို ယူပြီး

စား၏။

"သုံးဆောင်ပါရှင်။ မောင့်နာမည် ဘယ်သူပါလိမ့်"

"ကိုမိုးကောင်းတဲ့ကွယ် မြေးရဲ့"

"ကိုမိုးကောင်း သုံးဆောင်ပါရှင်"

ဤတွင် ဒေါ်လှမြတ်သည် မိမိ၏သမီးများ၏ အမည်ကို တစ်ဦးချင်းထုတ်ဖော်သလို ဒေါ်ညိုသင်း၏ တစ်မိပေါက်ကိုလည်း တစ်ယောက်ချင်း နာမည်ထုတ်ပြောပြ၏။ ခင်မအေးသည် နာမည်အပြောခံရသူတိုင်းအား ချစ်စဖွယ်အပြုံးကလေးဖြင့် ခင်မင်စွာကြည့်သည်။ ဒေါ်လှမြတ်ပြောပြီးသောအခါ "နာမည်တွေအများကြီးကို ဖြုန်းခနဲသိရတော့ ရုတ်တရက်မမှတ်မိရင် စိတ်မရှိကြပါနဲ့ ညီမ အစ်မများရှင့်။ စားကြ သုံးဆောင်ကြပါဦးရှင့်"ဟု အားနာအောင် ထပ်ကာတလဲလဲ ပြောလေသည်။

"သခင်မကြီး နိုးပါပြီမမ"

အစေခံတစ်ယောက်လာပြော၏။ ခင်မအေးသည် ဒေါ်လှမြတ်နှင့် ဒေါ်ညိုသင်းထံ ခွင့်တောင်းပြီး ထလိုက်သွားလေသည်။

သူတို့သည် ငါးပေါင်းကြော်၊ ယိုးမှားကြော်များကို ဆာဆာနှင့် ပြောင်စင်အောင် စားပစ်ကြ၏။ ထိန်လင်းက "ခွေးယက်သထက် ပြောင်သေးသဗျ"ဟုမှတ်ချက်ချရာက ခပ်အုပ်အုပ်ကလေး ရယ်မောကြသည်။

ခဏကြာလျှင် ခင်မအေးနှင့် မိခင် မခင်ခင်တို့ရောက်လာ၏။ မခင်ခင်သည်လည်း ခင်မအေးနည်းတူ ခင်မင်ကြင်နာတတ်ပုံရသည်။ သူက သမီးနှင့်ယှဉ်၍ ရင်းနှီးစွာဝင်ထိုင်၏။

"သမီးပြောလို့ ဖေဖေကြီးရဲ့နှမအရင်းဆိုတာ သိရပါပြီဒေါ်ဒေါ်ရှင့်။ ဖေဖေကြီးကိုယောက္ခမပေမယ့် အဖေလိုအားကိုးရှိသေခဲ့ပါတယ်။ ဒေါ်ဒေါ့်ကိုလည်း ခင်ပွန်းကစပ်မှတော်ရပေမယ့်၊ အဒေါ်အရင်း အမေအရင်းလိုပဲ ရှိသေအားကိုးပါတယ်ရှင်။ ခင်ခင့်ကိုလည်း သမီးရင်း သူတို့က ဘယ်သူ"

"ဟောဒါက မထားအိ၊ သူက မလှသွယ်၊ သူက မမြခြယ်၊ သူကလေးက ဖိုးအေးပါတဲ့ မေမေ"

"ထားအိတို့နဲ့ တစ်တန်းတည်း သမီးရင်းလိုပဲ သဘောထားပါ ဒေါ်ဒေါ်ရှင့်"

ဤတဒင်္ဂအတွင်း၌ ဒေါ်လှမြတ်၏အိုစာသော မျက်နှာကြီးမှာ အနှစ် ၂၀ခန့်ဆုတ်၍ နုပျိုလာသည်ထင်ရ၏။ သူသည် ကြည်နူးဝမ်းမြောက်စွာဖြင့် မခင်ခင်ကိုကြည့်နေရာက "သာဓုပါ သမီးရယ် သာဓုပါ။ အဒေါ့်မှာ ခင်ပွန်းလည်းဆုံး သားမက်လည်းဆုံး

လို့ အစ်ကိုကြီး အဖရာဆိုပြီး အားကိုးတကြီး ပြေးလာတော့၊ အစ်ကိုကြီးဆုံးပြီဆိုလို့ အတော်အားငယ်ခဲ့ရပေမယ့်၊ မြေးလိမ္မာ၊ သမီးလိမ္မာကို ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် တွေ့ရတဲ့အတွက် အားတက်လှပါတယ်သမီးရယ်''ဟုရင်ဓာတ်နှင့်သံဖြင့် ပြောသည်။

''ဘာမှ အားမငယ်ပါနဲ့တော့ ဒေါ်ဒေါ်ရယ်။ ခင်ခင်တို့နဲ့တွေ့မှတော့ သောက အားလုံး ပျောက်ပြီသာ မှတ်ပါတော့ရှင်''

''သာဓုကွယ် သာဓု။ အဒေါ်တို့လည်း ကိုယ့်အလုပ်အကိုင်၊ ကိုယ့်စီးပွားနဲ့ သင့်တော်မယ့်နေရာကို ရှာဖွေနေထိုင်မှာပါ။ သမီးတို့ မျက်နှာနဲ့ဆိုရင် လူသူလေးပါး မစော်ကားရဲပါဘူး။ ဟုတ်တယ်မဟုတ်လား မညိုသင်း''

ဒေါ်ညိုသင်းအား လှည့်ပြီးအဖော်ညှိသဖြင့် ဒေါ်ညိုသင်းက ခေါင်းညိတ် လိုက်ကာ ''ဟုတ်ပါတယ် ဟုတ်ပါတယ်၊ တူမတို့ချမ်းသာတယ်ဆိုပြီး အဒေါ်တို့က တက်စားနေလို့ ဘယ်မှာတော်ပါ့မလဲ။ ကိုယ့်အလုပ်အကိုင်ကလေးနဲ့၊ အခြေချနေထိုင်မှ ကောင်းပါတယ်''ဟု တစ်ဖက်လူမတင်မကျဖြစ်လေ့ရှိသော ပြဿနာကိုကိုယ်ကပင် စတင်ရှင်းပြ၏။

''ဒီအရပ်မှာတော့ ကိုင်းနဲ့ယာနဲ့ ရှိပါတယ် ဒေါ်ဒေါ်။ အရောင်းအဝယ်လည်း လုပ်လို့ ရပါတယ်ရှင့်''

''မိန်းကလေးတွေက ကိုင်းဖြစ်ဖြစ်၊ ယာဖြစ်ဖြစ်လုပ်ပြီး၊ ယောက်ျားလေးတွေကို အရောင်းအဝယ်လုပ်ခိုင်းရရင် မကောင်းဘူးလား၊ ဟင် မညိုသင်း''

ဒေါ်လှမြတ်က ဒေါ်ညိုသင်းအား ညှိပြန်သည်။

''ကောင်းပါတယ် ကောင်းပါတယ်။ ကိုင်းဖြစ်ဖြစ်၊ ယာဖြစ်ဖြစ်အခြေတည်ပြီး အခြေအနေကို ကြည့်လုပ်ရမှာပဲလေ''

''ဒေါ်ဒေါ်တို့ကို ခင်ခင်တို့နဲ့မခြား စောင့်ရှောက်မယ့် လူရိုးလူကောင်းတစ် ယောက်နဲ့ နီးတဲ့နေရာမှာ ခင်ခင် ကိုင်းတစ်ကွက်ဝယ်ပေးပါရစေ ဒေါ်ဒေါ်''

သည်အခါတွင် ဒေါ်လှမြတ်က မဆိုင်းမဆွ ငြင်းဆန်သည်။

''ဒေါ်ဒေါ်တို့ငွေနဲ့ပဲ ဝယ်ပါရစေသမီးရယ်။ သမီးတို့ကူညီ ဆက်သွယ်ပေးတာ ကိုပဲ ကျေးဇူးတင်လို့မဆုံးပါဘူးကွယ်''

''အိုးသစ်အိမ်သစ်ထူထောင်တဲ့အခါမှာ ငွေကုန်ကြေးကျများလွန်းလို့ပါ ဘွားဘွားရှင့်။ ခင်မအေးတို့ ကန်တော့တာကို လက်ခံပါဘွားဘွားရယ်''

ခင်မအေးက ဝင်ရောက်တောင်းပန်သဖြင့် ဒေါ်လှမြတ်က ပြန်လှန်ရှင်းပြနေစဉ်၊ မခင်ခင်သည် ယောက်ျားအစေခံတစ်ယောက်ကိုခေါ်ကာ တစ်စုံတစ်ယောက်အား သွား

ရောက် ခေါ်ငင်ခဲ့ရန် စေလွှတ်လိုက်သည်။

''ကိုင်းလုပ်ရင်ကောင်းမလား၊ ယာပဲလုပ်ရင် ကောင်းမလား မညိုသင်းရယ်''

မခင်ခင်တို့သားအမိ စကားမပြတ်ဘဲ ခွင့်တောင်းကာ ထသွားလျှင် ဒေါ်လှမြတ်က ဒေါ်ညိုသင်းအား တိုင်ပင်ပြန်၏။

''သိပ်တော့ခက်မယ်မထင်ပါဘူး မလှမြတ်ရယ်။ အားလုံးဟာ ကျွဲနွားနဲ့ ထွန်ယက်ရမှာ ချည်းပါပဲ။ သူတို့နဲ့တိုင်ပင်ပြီး၊ အဆင်ပြေတာကို လုပ်ကြရအောင်''

သို့ပြောဆိုတိုင်ပင်နေစဉ် အသက် ၄၀အရွယ်လူတစ်ယောက်သည် မခင်ခင်နှင့် ခင်မအေးတို့ကို နောက်ထား၍ လျှောက်လာသည်။ ဒေါ်လှမြတ်ကတော့ သူကား မိမိ၏ တူတော်စပ်သူ မောင်မြသိန်းပင်ဖြစ်သည်ဟုသိ၏။ ကိုမြသိန်းသည် ကုလားထိုင်တစ်လုံး တွင်ထိုင်လိုက်ကာ ဒေါ်လှမြတ်တို့အား လှမ်းကြည့်သည်။

အရင်းဖြစ်သော တူတော်မောင်က ဤသို့လုပ်လိုက်သည့်အတွက် ဒေါ်လှမြတ်မှာ အတော်အားယုတ်သွားဟန်ရှိသည်။ ကိုမြသိန်းကိုကျော်လွန်၍ မခင်ခင်နှင့် ခင်မအေးတို့ကိုသာ အားကိုးတကြီးကြည့်နေမိ၏။ မခင်ခင်သည် အလိုက်သိစွာဖြင့် စကားစပေးသည်။

''ဖေဖေကြီးရဲ့နှမ၊ ဒေါ်ဒေါ် ဒေါ်လှမြတ်လေ ကိုကို။ မနေ့ညနေက အိမ်ကို လာသွားသေးတယ်တဲ့''

''ဖေဖေ့မှာ နှမတစ်ယောက်ရှိတဲ့အကြောင်း တစ်ကြိမ်လားမသိဘူး ပြောဖူးပါတယ်။ အခုဒီရောက်တော့ ဘာများလုပ်ကိုင်စားသောက်ကြမယ် စိတ်ကူးသလဲ''

''ဆင်းရဲသားဘာဝ လုပ်ကိုင်စားသောက်မှာပေါ့ကွယ်''

ဒေါ်လှမြတ်မှာ ဖြေသာဖြေရ၊ အားက မရှိ။

''အခုဇီးကုန်းက လာကြတာပဲလား။ နည်းတဲ့ခရီးမဟုတ်ပါပဲလား။ ဒီကို လာရတဲ့ခရီးစရိတ်နဲ့ အရင်းအနှီးလုပ်ပြီး ရောင်းဝယ်စားသောက်နေကြရင် ဘယ်လောက် ကောင်းလိုက်မလဲ''

''ဒေါ်ဒေါ်တို့လည်း ဒီလိုသဘောနဲ့ နေထိုင်ခဲ့ကြတာပဲ မောင်မြသိန်း၊ သို့ပေသည့်''

ဒေါ်လှမြတ်သည် ဇီးကုန်းမှ စတင်ထွက်ခွာလာ၍ ပခုက္ကူအထိ ရောက်လာပုံများကို လောလောဆယ် အသိမပေးသင့်သေးထင်သော အကြောင်းအရာများချန်လှပ်၍ အကျဉ်းချုံးပြောပြသည်။

''ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့လေ။ ခင်ရေ၊ ကြည့်ရှု စီမံပေး

လိုက်ပါကွယ်။ သမီးရေ ဖေဖေပွဲရုံကို သွားရဦးမယ်''

ကိုမြသိန်းသည် ဤနည်းတွေ့ဆုံကာ ဤနည်းအတိုင်းထွက်ခွာသွား၏။ ဒေါ်လှမြတ်၏ အားတက်ဝမ်းသာနေခဲ့သော မျက်နှာမှာ ခဏချင်း အနှစ် ၄၀လောက် အိုစာသွားသည် ထင်ရ၏။ သူသည် သက်မကို အခါခါချနေမိလေ၏။

ဒေါ်လှမြတ်အားငယ်သောအခါ ဒေါ်ညိုသင်းမှာလည်း ညှိုးငယ်သည်။ ဤမိသားစုခေါင်းဆောင်နှစ်ယောက်၏ နောက်လိုက်ငယ်သား မြေးများလည်း ခေါင်းငုံ့သွားကြ၏။ လူကြီးတွေမရွှင်လျှင် ထိန်လင်း ထိန်ဝင်းတို့ အနေကျုံ့တော့သည်။

မခင်ခင်သည် ခင်ပွန်းသည်အား ရထားပေါ်အထိ လိုက်ပို့ပြီးနောက် ဒေါ်လှမြတ်ထံ ပျာပျာသလဲ ရောက်လာ၏။

''ဒေါ်ဒေါ်တို့အတွက် ထမင်းချက်ထားပါတယ်ရှင့်။ လူတစ်ယောက်ခေါ်ထားတာလည်း မလာသေးတဲ့အတွက် ဘုရားထွက်ဖူးပါဦးရှင့်။ ကိုကိုပွဲရုံရောက်ရင် ရထားပြန်လာပါလိမ့်မယ်ရှင့်''

သူစိမ်းကဖော်ရွေပြီး လူရင်းကား စိမ်းကားသည့်အတွက် ဒေါ်လှမြတ်စိတ်မကောင်း။ သို့သော် မခင်ခင်မရိပ်မိစေရန် ''ခရီးပန်းလာလို့ပါ သမီးရယ် ဒုက္ခမရှာပါနဲ့'' ဟု တိုတိုသာဖြေ၏။

သို့ရာတွင် ဒေါ်လှမြတ်ညှိုးငယ်ခြင်းမှာ ခဏသာတည်သည်။ ချစ်သနားဖွယ်ရာ ခင်မအေး၏ ပျူငှာမှု၊ မခင်ခင်၏ လိုလိုလားလား ရှိမှုတို့ကြောင့် မကြာမီ ပပျောက်သွားကာ ကြီးမားသော ထမင်းပွဲကြီးဘေးတွင်ထိုင်၍ မနိုက်တတ် မစားတတ်နှင့် ပီတိဖြာဝေရပြန်လေ၏။ သူတို့သားအမိသည် အစေခံတွေကိုအသာထား၍ ထမင်းပွဲရှိလူစုံကို ရင်းရင်းနှီးနှီးပြောဆို ဆက်ဆံကာ ထမင်းဟင်းထည့်ပေးသည်။ ဒေါ်လှမြတ်မှာ သာစုအကြိမ်ကြိမ်ခေါ်နေရသည်။ ထမင်းစားပြီးနောက် အချို့ပွဲဟူ၍ ရောက်လာပြန်သေး၏။ အချို့ပွဲကို မည်သူမျှ မတို့ထိနိုင်ကြတော့ချေ။

မကြာမီ ယောကျ်ားအစေခံနှင့်အတူ လူတစ်ယောက် ရောက်လာလေသည်။ မခင်ခင်သည် ဒေါ်လှမြတ်တို့နှင့် မျက်နှာစုံညီပြောဆိုမေးမြန်း၏။

''ဦးစံလှဘော်၊ ဟောဒါက ခင်ခင့်မေမေ၊ ဟောဒါက ခင်ခင်အဒေါ်ဘဲ။ ကျန်တာကတော့ ခင်ခင့်ညီမတွေ မောင်တွေပဲ''ဟု စတင်ထုတ်ဖော်ပြီး။

''အဲဒါ ဦးစံလှဘော်နဲ့ နီးနီးနားနား ကိုင်းနှစ်ကွက်လိုချင်တယ်။ အမေနဲ့ ဒေါ်ဒေါ်တို့ကို ဦးစံလှဘော်ပဲ လုပ်ရေးကိုင်ရေး နေရေးထိုင်ရေး နေသားတကျဖြစ်အောင် ကူညီပါ။ အစစစိတ်ချပါရစေရှင်''

"ဟာ ဆရာကတော့အမျိုးဆိုရင် ကျွန်တော့်အမျိုးပေါ့။ အစစအရာရာ စိတ်ချပါ"

ကိုင်းသမားကြီးဖြစ်ဟန်တူသော ဦးစံလှဘော်က စိတ်ပါလက်ပါဖြေသည်။

"ကျွဲနွား ထွန်တုံး ထွန်တံကအစ အိမ်ဆောက်တာအထိ ပါရမှာနော်"

"စိတ်ချပါ ဆရာကတော်၊ အားလုံး အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်၊ မြေကိုလည်း ရောက်ရောက်ချင်း ဆိုင်းပေးပါ့မယ်"

"မြေကိုလည်း သဘောကျ အဖိုးစားနာကိုက်တဲ့ အချိန်မှာ ခင်ခင့်ဆီငွေလာယူပါရှင်"

ထိုအခါ ဒေါ်လှမြတ်လှုပ်ရှားလေသည်။

"ခင်ခင် ဒါတစ်ခုကိုတော့ အမေတောင်းပန်ပါရစေ သမီးရယ် မလုပ်ပါနဲ့"

သို့စဉ် ဧည့်သည်တစ်ယောက် ရောက်လာ၏။ ခင်မအေးသည် ဧည့်သည်ကို ထ၍ ကြိုဆိုသည်။ ဧည့်သည်မှာ ပုလိပ်တစ်ယောက်ဖြစ်၏။

"မောင်မောင်ကျော့ ရေစကြိုကိုသွားရမယ်ဆို ဘယ်တော့သွားမှာလဲကွယ်"

မခင်ခင်က ဦးစံလှဘော်၊ ဒေါ်လှမြတ်နှင့် စကားပြောနေရာက လှမ်းမေးသည်။

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ အခုလာပြီးနှုတ်ဆက်တာပါ၊ မှာချင်တာရှိရင် မှာလိုက်ပါ"

"ကျေးဇူးတင်ပါတယ်ကွယ်၊ မှာစရာမရှိပါဘူး။ သြော် မောင်မောင်ကျော့ရေ ဟောဒီမှာ ဒေါ်ဒေါ့်အမေများ အဒေါ်များ လက်ပံချိုပေါ်မှာ နေထိုင်ကြလိမ့်မယ်။ မှတ်ထားပါဦး။ ကိုကို့အဒေါ်ရင်းပေါ့"

"ဟုတ်ကဲ့ခင်ဗျာ"

ဟုတ်ကဲ့ဆိုပေမယ့်၊ မောင်မောင်ကျော့၏ မျက်လုံးများမှာမူ ဒေါ်ညိုသင်းတို့ ဒေါ်လှမြတ်တို့အား မသင်္ကာသော အကြည့်သာဆောင်သည်။ မခင်ခင်က ရာဇဝတ်အုပ် မောင်မောင်ကျော့ဆိုသူဖြစ်ကြောင်း၊ သမီးခင်မအေးနှင့် ရင်းနှီးခင်မင်နေကြောင်းဖြင့် ဒေါ်လှမြတ်တို့အား ဆက်လက်ပြောပြ၏။ မောင်မိုးကောင်းနှင့် ဖိုးအေးတို့သည် မောင်မောင်ကျော့အား ခင်မင်နှစ်လိုစွာကြည့်ကြသော်လည်း မောင်မောင်ကျော့၏ စူးဝါးသောအကြည့်ကို မခံနိုင်သည့်အတွက် ခေါင်းငုံ့သွားကြလေသည်။

ဦးစံလှဘော်၏အိမ်နှင့် မလှမ်းမကမ်းတွင် မြေနေရာလွတ်ရှိ၏။ ဒေါ်လှမြတ်တို့မိသားစုနှစ်စုအတွက် အိမ်တစ်လုံးကို ထိုနေရာတွင် ဆောက်လုပ်၏။ လက်ပံချိုပေါ် ရွာသားများသည် မသိမကျွမ်းသော လူသစ်များ၏အိမ်ဖြစ်စေကာမူ ကိုယ့်ရွာသို့ရောက်လာလျှင် ကိုယ့်ရွာသားဟုနားလည်ကာ အားတက်သရောရောက်လာစုရုံးကြသည်။ တစ်

ယောက်တစ်လက် ဝိုင်းဝန်းဆောက်လုပ်ပေးကြသည်။

''အစ်မကြီးများက ငါ့အိမ်မှာနေရတာ အားနာလိုက်တာလည်းလွန်ပါရောကွာ၊ ဒါနဲ့ပဲ မဖြစ်ချေဘူးဆိုပြီး၊ ကပျာကယာရရာသစ်ဝါးနဲ့ အဖြစ်ပဲ ဆောက်လိုက်ရတော့တာပဲ သာကျော်ရေ့'' မီးဖိုဘေးသို့ ဆေးလိပ်ညှိရန်ရောက်လာသော လူတစ်ယောက်အား ဦးစံလှဘော်က ဆီးပြောသည်။

''ဒါပေါ့အဘရာ။ နောက်များမှ အခြေအနေကိုကြည့်ပြီး ဆောက်ကြသေးတာပေါ့။ လောလောဆယ်မှာ နေလို့ရရင် ပြီးတာပဲ''

''ကျေးဇူးကြီးလှပါတယ် မောင်တို့ရယ်။ နေဖို့ရရင်ပြီးတာပဲကွယ်။ အဒေါ်တို့မှာတော့ ဦးစံလှဘော်ကလွဲရင် မောင်တို့ပဲ အားကိုးစရာရှိပါတယ်ကွယ်''

ဒေါ်လှမြတ်သည် ဘာမျှဝင်မလုပ်နိုင်။ မထားအိ၊ မောင်မိုးကောင်း စသည့်ကလေးများ ဝင်ရောက်လုပ်ကိုင်နေသည်ကိုသာ ဒေါ်ညိုသင်းနှင့်အတူ ထိုင်ကြည့်နေကာ၊ အနီးသို့ ရောက်လာသူတိုင်းအား ကွမ်းဆေး၊ လက်ဖက်၊ ရေနွေးသုံးဆောင်ရန် တိုက်တွန်းကျေးဇူးတင်စကား အဖန်ဖန်ဆိုနေရ၏။

''ဒါပေါ့ အဒေါ်ရယ်။ ကျုပ်တို့ကိုလည်း သားသမီးလို သဘောထားပါ။ ဟဲ့ သိုင်းခြုံ၊ ဘာတွေချက်နေတာလဲ ဆာလှပြီဟ''

ကိုသာကျော်နှုတ်ဆက်သူမှာ ဦးစံလှဘော်၏မြေး မမြစ် ဖြစ်ပေသည်။ မသိုင်းခြုံက မီးဖိုမှမီးခိုးကို လက်ဝါးဖြင့် ကာခါရှောင်တိမ်းရင်း၊ ''ဆာရင်၊ ကိုယ့်အိမ်ကိုယ်ပြန်စားဟေ့၊ ဒီမှာတော့ ရေတ်သီးပဲချက်တယ်''ဟု ဖြေသည်။ မသိုင်းခြုံအနီးတွင် လှသွယ်နှင့် မြခြယ်၊ ပန်းယဉ်တို့ ချွေးတစ်လုံးလုံးနှင့် ချက်ပြုတ်နေကြ၏။

''နင့်မေကလွှား ရေတ်သီးလားဟ''ဟု ကိုသာကျော်က အော်လိုက်စဉ်၊ လှသွယ်က ''ကြက်သားနဲ့ ဝက်သားချက်နေပါတယ် ဦးလေးရဲ့''ဟု လှမ်းပြောသည်။

ကိုသာကျော်သည် ''ဒါမှပေါ့ တူမရဲ့''ဟုဆိုရာက ''ကန်တော့နော် အဒေါ်၊ ကျုပ်တို့ဆီကဒီလိုပဲ ဝသီပါနေလို့ပါ''ဟု ဒေါ်ညိုသင်းအား တောင်းပန်ပြီး ထသွားသည်တွင်-

''ကိုပေါ်လာကို မေးလိုက်ပါဦးဟယ်။ ရွာမထဲက ဝါးတစ်ရာသွားမယူသေးဘူးလား၊ နေပူနေလိမ့်မယ်''ဟု မသိုင်းခြုံက လှမ်းပြောရာ ''နင့်ယောက်ျား ရွာမက ဝါးတစ်ရာလှည်းနဲ့တိုက်လာတာ မမြင်လိုက်ဘူးလားဟ''ဟု လှည့်ပြီးမေး၏။

''အေးလေ၊ ဒါဖြင့်ပြီးရော''

လက်ပံချီပေါ် တစ်ရွာလုံးက ဤသို့ဖြင့် တစ်ယောက်တစ်လက် ဝိုင်းဝန်းလုပ်

လိုက်ကြရာ နေထိုင်စရာအိမ်တစ်လုံးသည် နေမဝင်မီ ပြီးစီးသွားလေ၏။ အိမ်တစ်ဆောင်ဖြစ်မြောက်ရေးအတွက် ဒေါ်လှမြတ်နှင့် ဒေါ်ညိုသင်းတို့မှာ တိုင်ဖိုးနှင့် ဝါးဖိုး၊ သက်ကယ်ဖိုးသာ ကုန်ကျရသည်။ လက်သမားအလုပ်ဖြင့် အသက်မွေးသော ဦးဖိုးထင်ကလည်း တသီးတသန့်ပေးသော ငွေကြေးကို လက်မခံပေ။

ဦးဖိုးထင်က လက်သမားအဖြစ် စေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးသည်မဟုတ်၊ သမီးထွေးကလည်း အိမ်ဆောက်သူများစားရန်ဆိုကာ လက်ဖက်တစ်အုပ် ကမ်းလှာသေး၏။ သူ့အမည်မှာ ကြမ်းတောမ။

သည်အမည်ကို ကြားရသောအခါ ဖိုးအေးက ဟက်ဟက်ပက်ပက် ရယ်သည်။

''နာမည်ကလည်းဗျာ ကြောက်စရာကြီး၊ ကြမ်းတောမလို့ ဟားဟားဟား''

ကြမ်းတောမသည် မျက်စောင်းတစ်ချက်ထိုးကာ ''အောက်သား''ဟုဆိုသွား၏။

လက်ပံချိုပေါ် ရွာသူရွာသားများ၏ မေတ္တာစောင်ကိုခြုံမိသော ဒေါ်လှမြတ်တို့မှာ ချမ်းမြရိပ်ကို ရောက်စပြုလာကြပေပြီ။

## လေး

''အစ်မ''ဟု အိမ်ပေါ်သို့ရောက်မဆိုက် ခေါ်ရင်း ခေါင်းပေါ်မှပေါင်းဖူးတွဲကြီးကို ပစ်ချလိုက်သော မထားအိအား ဒေါ်ညိုသင်းက စောင်းငဲ့ကြည့်သည်။ အမေဟုခေါ်လျှင် ဒေါ်လှမြတ်အားခေါ်ကြောင်း နားလည်၏။

''ဘာလဲထားအိ၊ ဘာဖြစ်လာလို့လဲ''

''စိန်ခင်တို့ စိန်ယဉ်တို့ကို အစ်မသိလား''

''ဘယ်သူ၊ စိန်ခင်ဟုတ်လား''

ဒေါ်ညိုသင်းသည် မျက်မှောင်ကြုံ၍ စဉ်းစားနေလေသည်။

''ဟိုဒင်း အစ်မရယ်။ သူတို့မှာ ညီအစ်မသုံးယောက်ရှိတယ်။ စိန်ခင်၊ စိန်ယဉ်၊ စိန်ရှင်တဲ့''

''ကာလနာမည်တွေက ရှုပ်ပါတယ်ဟယ်။ သို့ပေသည့်၊ သိပါပြီ''

''သူတို့အဖေက ဦးဖေကြည်လေ၊ အမေကတော့ မပဲသာတဲ့''

''အေးသိတယ်၊ ဘာပြုလို့လဲ''

''နေ့လယ်ဖြစ်ဖြစ်၊ ညဖြစ်ဖြစ် အားမှလာခဲ့ဦးမယ်တဲ့။ သားလေးလည်း အိပ်တုန်းပဲလားအစ်မ''

''မထသေးဘူးဟဲ့၊ ငါလည်းနှိုးတာပဲ''

''နေမှကောင်းရဲ့လား''

"ကောင်းပါတယ်။ ငါစမ်းကြည့်ပြီးပါပြီ"

ထိုသူမှာ အငယ်ဆုံးကောင် စိန်မင်းသားဖြစ်၏။ တစ်အိမ်လုံးတွင် အဘွားကြီး နှစ်ယောက်ပါမကျန် ကျရာထောင့်မှ အားသွန်ခွန်စိုက် အလုပ်လုပ်နေချိန်တွင် နေမြင့်အောင် အိပ်နိုင်သူမှာ စိန်မင်းသားတစ်ယောက်သာရှိ၏။ ယခုထားအိပင်လျှင် မောင်ညီမများနှင့် ကိုင်းထဲသို့ ဝေလီဝေလင်းက လိုက်သွားရာ ဆွမ်းခံပြန်ချိန်ကျမှ ချက်ရေးပြုတ်ရေး ကြောင့် ပြန်လာခြင်းဖြစ်သည်။

သူတို့သည် ကျွဲတစ်ရှဉ်း၊ လှည်းတစ်စီးစီ ကိုင်းတစ်ကွက်စီ ဝယ်ယူထူထောင် ထားကြ၏။ လှည်းများမှာ ဦးဖိုးထင်၏လက်ရာဖြစ်သည်။ စီးပွားရေးမှာ အစမှပြန်တည်ရ သောကြောင့် တစ်ဦးနှင့်တစ်ဦးတွက်ချိန်မရ၊ ခိုကပ်ချိန်မရ၊ မိုးလင်းမှသည်မိုးချုပ်အထိ အားသွန်ခွန်စိုက်လုပ်ကြ၏။ သို့မှသာ ယခင်ရှိခဲ့သော အခြေအနေကို အမြန်ဆုံးထေမိမည် မဟုတ်လား။

မထားအိမှာ ဒေါ်ညိုသင်း၏ကိုင်းကို အသင့်အတင့်သာ ကူနိုင်ကာမိသားစု နှစ်စုအတွက် စားရေးသောက်ရေးကို တာဝန်ယူချက်ပြုတ်နေရသူဖြစ်ရာ ဒေါ်ညိုသင်း၏ အခင်းတွင် မောင်မိုးကောင်းနှင့် ပန်းယဉ်သာရှိသည်။ သည်အတွက် မောင်မိုးကောင်းမှာ အလုပ်ပြီးစီးရေးကိုသာ အာရုံစိုက်နေမိသည်။

နေသည်ပူလာပြီ။

အတိုင်ဘက်မှ ကျွဲကြီးသည် ကျောကော့လျက် မောင်မိုးကောင်းအား မျက် ထောင့်တနီနီ လည်ပြန်ကြည့်နေလေ၏။

"ဟ ဒီကောင်ကြီး ဘာဖြစ်နေတာလဲ"

မြေပဲခင်းကို ယနေ့နံနက်အပြီး မှုန်းနိုင်မှသာ ညနေနှင့် နောက်တစ်နေ့တွင် ပဲကြီးခင်းနှင့် ငရုတ်ခင်းသို့ ဝင်နိုင်မည်မို့ မောင်မိုးကောင်းမှာ ကျွဲကြီးကိုသတိမထားမိချေ။

ထို့ကြောင့် နှင်တံနှင့် အသာကလေးတို့လိုက်ရာ အတိုင်ကျွဲကြီးသည် ထွန်ကို ပေါင်နှင့် ကပ်ထားရာက ထမ်းပိုးနှင့် မျဉ်းပြိုင်ဖြစ်အောင် ဘေးတိုက်လှည့်ထွက်လိုက်၏။ ထမ်းပိုးကျစ်များ ဖြောင်းခနဲ ကျိုးသွားသည်။

"တောက်၊ ဒီကောင်ကြီး"

မောင်မိုးကောင်း ဒေါသဖြစ်မိ၏။ ရိုက်တော့မည်လက်မြှောက်ပြီးမှ နှင်တံကို ပစ်ချလိုက်ကာ နေကိုမော့ကြည့်ရင်း "ဟုတ်သားပဲ ဆွမ်းခံပြန်ချိန်တောင် ရောက်နေပါ ပေါ့လား"ဆို၍ ကျွဲနှစ်ကောင်ကို ထမ်းပိုးတုံးမှ ဖြုတ်ပေးလိုက်လေ၏။

မောင်မိုးကောင်းသည် တဲရိပ်ဝင်ပြီး ရေသောက်ကာ ငရုတ်ခင်းဘက်သို့ လျှောက်

လာ၏။ အခင်းချင်းစပ်နေသော တစ်ဖက်အခင်းမှ မိန်းကလေးသည် တောင်းတစ်လုံးကို ခါးစောင်းတင်လျက် ပြုံးကြည့်နေသည်။

''ချိုထောင်ကြီး ထမ်းပိုးကျစ်နှစ်ချောင်း ဖြုန်းသွားပြီဆိုပါတော့''

''အေးဟာ၊ ငါကလည်း အလုပ်ကိုမဲနေမိတော့၊ နေပူလာတာ မသိဘူး''

''ကိုမိုးကောင်းရယ်၊ ကြာကြာဝါးမယ့် သွားဟာ အရိုးကိုကြည့်ရှောင်ရသတဲ့။ ဒီအကွက်ကြီးက တစ်နေ့တည်း တစ်မနက်တည်းနဲ့ မပြီးဘူးနော်''

''မိမွေးကလည်းဟာ တစ်ခါလာလဲ ဒါပဲပြောနေတာပဲ။ ငါတို့အခက်အခဲကို နင်ဘာသိလဲ''

မောင်မိုးကောင်းက ရှုံ့ရှုံ့မဲ့မဲ့ညည်းလိုက်ရာ၊ မိမွေးကပြုံးလိုက်သည်။

''ကိုမိုးကောင်းကကော၊ ပြောနေတဲ့ကြားက နားထောင်လို့လား''

''ဘာ နားထောင်ရအောင်၊ ငါကနင့်သားလား၊ နင့်ကကော''

မောင်မိုးကောင်းသည် အခင်းနှစ်ခုကြားတွင် ထိုင်ချလိုက်ရင်း ခပ်ဆတ်ဆတ် ပြောသည်။ သို့သော်ဆက်မပြောဘဲ မိမွေးအား ငေးကြည့်နေ၏။

''ပြောလေ၊ ဘာကြည့်နေတာလဲ''

''ငါပြောတာ လွန်သွားသလားလို့ပါ''

''မလွန်ပါဘူးတော်။ မကျေနပ်သေးရင် ရိုက်သွားပါဦး''

မိမွေးက အပြုံးမပျက်ပြောသည်။ သူ၏အပြုံးသည် မောင်မိုးကောင်းအား ကူးစက်လာ၏။ သူသည် ဤသူငယ်မအား ခင်သစ်လေလားဟု တစ်ခါတစ်ခါ သံသယ ဖြစ်မိသည်။ ခင်သစ်နှင့် ရုပ်ရည်မတူသော်လည်း စိတ်သဘောထားကောင်းမွန်ခြင်းနှင့် မောင်မိုးကောင်းအပေါ် တွယ်တာခြင်းမှာ ခင်သစ်နှင့်တစ်ထပ်တည်း။

မိမွေးနှင့်တွေ့လိုက်တိုင်း ခင်သစ်အမှတ်ရသည့်နည်းတူ အဖြူကိုလည်း ဖြုံးခနဲ ဖျတ်ခနဲ အာရုံတွင်ထင်မိ၏။ မောင်မိုးကောင်းသည် မိမိ၏ကြည်လင်သော အာရုံထဲမှ အဖြူကို ရက်စက်စွာမောင်းထုတ်သည်။

အဖြူကိုမတမ်းတလိုပေမယ့်၊ ခင်သစ်ကိုကား တမ်းတ၏။ နေထိုင်၍မှ ကောင်း ကြပါစ၊ အပျိုဘဝနှင့်ကော ရှိသေးပါစဟုတွေးလေ့ရှိ၏။ အတွေးပြန့်လွင့်စဉ်သာ ခင်သစ်ကို တမ်းတမိသည်။ အတွေးငြိမ်သွားသောအခါတွင်ကား တစ်သက်တွင် ဆုံလမ်းမရှိတော့ပြီဟု မောလျစွာ နားလည်လိုက်ရသည်မှာ အခါခါဖြစ်ပေ၏။

''မိန်းကလေးရေ ပြန်ကြစို့ဟေ့''ဆိုသော မဖဲအသံကြားသဖြင့် မောင်မိုးကောင်း က ထရပ်ပြီး၊ နေကိုမော့ကြည့်သည်။

"အစောကြီး ရှိပါသေးတယ်ဟ"

ရေတံခင်းအလယ်မှ မဖဲက မိမွေးနည်းတူ တောင်းတစ်တောင်းခါးစောင်းတင်၍ လျှောက်လာ၏။

"အမေရေ၊ ဟောဒီမှာ အစောကြီးရှိသေးတယ်တဲ့တော့်ရေ့"

မဖဲက သူတို့ထံမလာဘဲ တစ်ဖက်သို့ ထွက်သွားရင်း အော်သွား၏။

"စောရင်နေခဲ့ပစေဟေ့။ ဒါလောက်လောဘနားရွက်တက်တဲ့ကောင်၊ အပူတွေ တစ်နေ့နေ့မှာ စုကိုင်ပြီး သေလိမ့်မယ်"

မိမွေးက "ဒါကြောင့် မိမွေးကပြောတော့ အကောင်းမထင်ဘူး၊ ကိုမိုးကောင်း လည်းပြန်တော့၊ ကျုပ်လည်းသွားတော့မယ်"ဆိုကာ မိခင်နောက်သို့လိုက်သွားသည်။

မောင်မိုးကောင်းသည် ရေတံခင်းကိုကြည့်ရင်း လျှောက်လာရာ၊ တစ်ဖက်အစပ် သို့ရောက်မှ ညီမငယ် ပန်းယဉ်ကိုမြင်သည်။ ပန်းယဉ်၏အနီးတွင် ကိုသာကျော် မဝက်တို့ ၏သား တိုင်းကျော်သည် ရေတံသီး ကူဆွတ်ပေးနေ၏။

"သွားစမ်းဟ၊ ဒါတွေ ငါနားမလည်ပါဘူး"ဆိုသော ပန်းယဉ်၏အသံကို မောင်မိုးကောင်း မကြားပေ။ သူ့အသံနှင့် ရောသွားဟန်ရှိသည်။ သူက

"မပြီးသေးရင် ညနေမှဆက်ဆွတ်ရအောင်ဟေ့၊ ပြန်ကြစို့"ဟု ပန်းယဉ်ကို ပြောရာက "တိုင်းကျော်ရေ၊ ငါ့ကျွဲတွေ တဆိတ်ကြည့်လိုက်ပါကွာ"ဟုလှမ်းမှာသည်။

ထိုနေ့နေ့လည်တွင် ကိုဖေကြည် မပဲသာနှင့် သမီးသုံးယောက်သည် ဒေါ်လှ မြတ်၊ ဒေါ်ညိုသင်းတို့၏အိမ်သို့ ရောက်လာကြ၏။ တစ်ရွာတည်း နေထိုင်ကြသူများဖြစ်ရာ သိပြီးကျွမ်းပြီးသူများဖြစ်သည်။ သူသေငါပို့၊ တစ်ယောက်အရေးရှိလျှင် တစ်ရွာလုံးက ဝိုင်းစမြဲ၊ ဆုံလျှင်မေးမြန်း နှုတ်ဆက်ကြစမြဲ။ သည်ထုံးစံထက်တော့ မပို။

တကူးတက လာရောက်လည်ပတ်ခြင်းနှင့် လာမည့်အကြောင်းကို ကြိုတင် အသိပေးခြင်းမှာမူ၊ အကြောင်းထူးမရှိဘဲနှင့် မဟုတ်တန်ရာဟု ဒေါ်ညိုသင်းယူဆ၏။ နေရာထိုင်ခင်းပေးပြီး၊ ကွမ်းဆေး၊ လက်ဖက်တည်ပြီးနောက် ကိုဖေကြည်၏ထံမှထွက် လာမည့်စကားကို နားစွင့်နေကြသည်။

"အဒေါ်သားမိုးကောင်းနဲ့ တစ်နေ့ကရိုးထဲမှာ ရေချိုးရင်း စကားစပ်မိကြတယ် အဒေါ်ရဲ့။ သူ့အဖေနာမည် ဦးသာဒင်၊ သူတို့ဇီးကုန်းကလို့ပြောတော့ ကျွန်တော်လည်း ဇီးကုန်းမှာ ဆွေမျိုးတစ်ချို့ရှိသေးတယ်ဆိုတဲ့အကြောင်း အဖေ့စကားကို အမှတ်ရတာနဲ့ မေးမိတာခင်ဗျာ"

"မောင့်အမေက ဘယ်သူတဲ့လဲ"

"ဦးသောင်းဒီတဲ့ခင်ဗျာ"

"ဦးသောင်းဒီရဲ့ အဖေကကော"

"အဖေနဲ့တော်စပ်တာ မဟုတ်ဘူးခင်ဗျာ၊ အမေ့ဘက်ကတော်စပ်တာ။ ဦးသောင်းဒီရဲ့အမေ ဒေါ်ရွှေရောက်က မောင်မိုးကောင်းတို့အဖေ ဦးသာဒင်နဲ့ တူဝရီးတော်တာပေါ့ခင်ဗျာ။ ဘာကြောင့်လဲဆိုရင်၊ ဦးသာဒင်ရဲ့အဖေ ဦးမိုးက ဒေါ်ရွှေရောက်နဲ့ မောင်နှမအရင်းခေါက်ခေါက်ကြီးခင်ဗျာ"

ဒေါ်ညိုသင်းသည် မျက်ရည်တဝေ့ဝေ့နှင့် ခေါင်းညိတ်လိုက်ကာ "ဟုတ်ပါတယ်ကွယ်၊ ရေစက်မကုန်သေးလို့ ဆုံကြရတာ ဝမ်းသာလို့မဆုံးပါဘူးကွယ်"ဟုဆိုသည်။

"မိုးကောင်းနဲ့ကျွန်တော်ဆိုရင် ညီအစ်ကို နှစ်ဝမ်းကွဲပေါ့ခင်ဗျာ၊ နှစ်ဝမ်းကွဲပေမယ့် အရင်းလိုပဲစိတ်ထဲက ခင်ပါတယ်ခင်ဗျာ"

"အေးကွယ်၊ ဒီလိုကြားရတာ ဝမ်းသာလိုက်တာ။ ဒါတွေက သမီးတွေလား"

သမီးသုံးယောက်အား ကြည့်ကာမေးသည်။

"သူတို့နှစ်ယောက်က အမွှာခင်ဗျာ၊ စိန်ခင် စိန်ယဉ်တဲ့။ ဟောဒီအငယ်ဆုံးကတော့ စိန်ရှင်"

"သားတို့ သမီးတို့ရေ။ အဲဒါမင်းတို့ရဲ့ နှမ ညီမတွေနော်။ ခင်ခင်မင်မင် ကြင်ကြင်နာနာ ဆက်ဆံကြဟုတ်လား"ဟု သားနှင့် သမီးအားပြောရာက၊ "အင်း ဒေါ်ရွှေရောက်က အကြီးဆုံး၊ ဦးမိုးကအလတ်၊ ဦးတိုးကအငယ်။ မောင်နှမ ညီအစ်ကို သုံးယောက်ရှိကြရာမှာ၊ အိမ်ထောင်ရက်သားကျပေမယ့် ဥမကွဲသိုက်မပျက် နေချင်တာနဲ့ပဲ၊ စစ်ကိုင်းက ဘယ်မှမခွာကြဘူး"ဟု ရှေးအတိတ်ကို မြင်ယောင်ရင်း၊ ပြောလိုက်လေ၏။

"သို့ပေသည့် အဒေါ်ကလည်းအဒေါ့်ဆွေမျိုးသားချင်းတွေရှိတဲ့အရပ်ကို လွမ်းလွမ်းရှိတာနဲ့၊ ကလေးတွေရော သူတို့အဖေပါခေါ်ပြီး အလည်အပတ်သွားခဲ့တယ်။ အဲဒီအချိန်ဟာ ကုလားမင်းမတက်ခင် ၂နှစ်အလိုလောက်ဆိုပါတော့။ သီပေါမင်းကို ကုလားဖမ်းမသွားခင် ၁၂၄၆ခုမှာ အင်းဟုတ်ပါတယ်"

နှစ်ပေါင်း နှစ်ဆယ်အစိတ်ကြာမှ တစ်ခေါက်သာရောက်လာသည့်အတွက်၊ ဟိုဆွေမျိုးကဆွဲ၊ သည်ဆွေမျိုးကဆွဲ၊ ဟိုရွာဆွေမျိုးကတား၊ သည်ရွာဆွေမျိုးကတားနှင့် ကိုသာဒင် မညိုသင်းတို့မှာ၊ လများကြာရုံမက နှစ်ပြည့်ရန် ရက်ပိုင်းသာလိုတော့သည်။

တိုင်းရေးပြည်ရေးကလည်း ရှုပ်ထွေးလှုပ်ရှားလာသည်။ ကိုသာဒင်သည် ဇနီးနှင့်သားသမီးများကို ရောက်ရာ ဆွေမျိုးထံခဏထားခဲ့ပြီး၊ နန်းတွင်းအခြေအနေများကို စုံစမ်းရန် စစ်ကိုင်းသို့တက်သွားလေ၏။

ကိုသာဒင်သည် သုံးလကြာသည့်တိုင်အောင် ပြန်ရောက်မလာပေ။ လူမဆိုထားဘိ၊ လူကြုံနှင့် စာသော်မျှမပါး။ ခြောက်လအကြာတွင် မညိုသင်းသည် ခင်ပွန်းသည်လာအခေါ်ကိုမစောင့်တော့ဘဲ၊ စစ်ကိုင်းသို့ ပြန်ရန် ပြင်ဆင်လေတော့သည်။

ဆွေမျိုးများက ဤခရီးကို မိန်းမသားတစ်ယောက်တည်း မလွှတ်လိုကြ။ မညိုသင်းက ဇွတ်ထွက်လာရာ၊ ရေကင်းမင်းကြီးအရောက်တွင် ရှေ့သို့မဆက်နိုင်တော့ချေ။ အကြောင်းမူ ကုလားပိုင် အောက်ပြည်တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကာ မြေထဲအလွန်တွင် မြန်မာတပ်များနှင့် ကုလားတပ်များ တိုက်ခိုက်နေကြသည် ကြားရ၍ဖြစ်၏။

ရေကင်းမင်းကြီးရွာတွင် ဆွေမျိုးမရှိပေမယ့်၊ ညီမရင်းချာပမာ ခင်မင်သော မလှမြတ်ရှိသည့်အတွက်၊ မညိုသင်းသည် ဆွေမျိုးများရှိရာ ရွာများသို့မပြန်ဘဲ၊ ကိုသာဒင်အား ရေကင်းမင်းကြီးမှ စောင့်သည်။ ကိုသာဒင် ပြန်တော့ပြန်လာပါ၏။ အဖျားကြီးအနာကြီးကျကာ ပိန်ချုံးလျက်၊ အညာမပြန်သော ပြန်ခြင်းဖြင့် ၂နှစ်ကျော်ကြာမှ ပြန်ရောက်လာခဲ့လေသည်။

''သူက စစ်ကိုင်းကိုဘယ်ပြန်တော့မလဲကွယ်။ စစ်ကိုင်းမှာ အခြေချနေထိုင်တဲ့ အဖေရော ဘဒွေးရော၊ ဒွေးကြီးပါ ကစဥ့်ကလျားပြေးကုန်ပြီ ကိုးကွယ့်''

ဒေါ်ညိုသင်းသည် ဘာကြောင့် စစ်ကိုင်းသို့မပြန်တော့ကြောင်း ဇာတ်လှန်နေသော၊ နာလန်ထစ ခင်ပွန်းသည်၏စကားကို ကြားသစ်လာရ၏။

ကိုသာဒင်ရောက်သွားချိန်တွင် မန္တလေးနန်းတွင်းရေး ရှုပ်ထွေးနေသည်။ နိုင်ငံခြားသားများလည်း အသွားအလာ အလှုပ်အရှားများသည်။ အရေးပေါ်စရာရှိသည်ဆိုကာ၊ အဖေဦးမိုးကဆွဲထားသဖြင့် ငံ့နေရ၏။ မကြာမီ ကုလားတပ်များတက်လာကာ နိုင်ငံဦးခိုင်ဘုရင်နှင့် မိဖုရားကို နွားလှည်းပေါ်တင်၍ ဖမ်းဆီးဆောင်ကြဉ်းသွားလေသည်။

တစ်တိုင်းတစ်နိုင်ငံလုံး မီးဟုန်းဟုန်းတောက်၏။ အာဏာဆိုသည် နိုင်ငံဆိုသည်မှာ၊ ဘုရင်နှင့် မိဖုရားမဟုတ်ကြောင်း၊ ရရာလက်နက်စွဲကိုင်၍ ပြသခုခံကြ၏။ နိုင်ငံအဝှမ်း နယ်ချဲ့သမားကုလားသွားလေရာအရပ်တွင် ရဲရင့်သော မြန်မာတိုင်းရင်းသားတို့က တိုက်ခိုက်ကြသည့်အထဲတွင် ၁၂၄၈ခုနှစ်၌ ကျွန်းညွန့်မင်းသား၏ လုပ်ကြံမှုလည်း တစ်ခုပါဝင်လေသည်။

ကျွန်းညွန့်မင်းသားမှာ ရွှေကြီးမြင့်မင်းသားပင်ဖြစ်၏။

ကြီးမြင့်မြို့စားမင်းသားသည်၊ ခမည်းတော်အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးလုပ်ကြံခံရချိန်တွင် ၉နှစ်သားအရွယ်ဖြင့် သာမဏေဘောင်သို့ ရောက်ရှိသည်မှာ၊ ၂နှစ်မျှသာရှိသေးသည်။ သူသည် အင်္ဂလိပ်အား လုပ်ကြံတွန်းလှန်ခါနီးမှသာ ရဟန်းဘဝမှ

လူ့ဝတ်လဲခဲ့ခြင်းဖြစ်၏။

မင်းတရားကြီး၏ ဥယျာဉ်တော်သို့ ကုလားဖြူကုလားမည်းတပ်များ တက်ရောက်ဝိုင်းချိန်တွင် မင်းသား၏မယ်တော်သည် နိုင်တန်သမျှရတနာများကို သည်ပိုး၍ သားဦးပဋ္ဌင်းရှိရာ မစိုးရိမ်တိုက်သို့ ရောက်လာပုန်းအောင်းနေခဲ့သည်။ မယ်တော်သည် ကြင်ယာကွယ်လွန်ချိန်မှစ၍ ခဲအိုတော်၏အထောက်အပံ့လစာ ဒင်္ဂါးလေးရာမျှဖြင့် မထင်မရှားနေခဲ့ရစေကာမူ၊ စိတ်ထက်လှ၏။ သားဦးပဋ္ဌင်း ဦးကဝိန္ဒအား လူ့ဝတ်လဲ၍ ရန်သူကုလားများအား တိုက်ခိုက်ရန် အခွင့်သင့်တိုင်းတိုက်တွန်းခဲ့သည်။ သားတော် ဦးပဋ္ဌင်းသည် လစ်လျူရှုခဲ့၏။

၁၂၄၈ခုနှစ်၊ တန်ခူးလ၏ ဦးပဋ္ဌင်းမွေးနေ့ကြုံသော တနင်္လာနေ့တစ်နေ့တွင်၊ ကျောင်းဆောက်ထားသော ကျွန်းတိုင်ကြီးမှအညွန့်များ ထွက်ပြူဝေဆာနေသည်ကို မြင်ကြရသည်။ မစိုးရိမ်ဆရာတော်သည် ဦးပဋ္ဌင်း ဦးကဝိန္ဒ၏ ဇာတာကိုစစ်ဆေးကြည့်ရာ၊ များစွာရွှင်လန်းသွားသည်။

"အတိတ်ထူး နိမိတ်ထူးထွက်ပေါ်ရတဲ့ အကြောင်းကတော့ မောင်ပဋ္ဌင်းမင်းရဲ့ ဇာတာကြောင့်ပဲ။ မင်းဖြစ်မယ့် ဇာတာပဲ"

"သားတော်က၊ သာသနာတော်မှာပဲ ပျော်ပိုက်နေတာ ခက်လှတယ်ဘုရား" ဟု မယ်တော်ကညည်းတွားသည်။ ဆရာတော်က အကျိုးသင့်အကြောင်းသင့် ခေါ်ပြော၏။ ဦးပဋ္ဌင်းကား ရှိသေစွာငြင်းဆန်မြဲပင်။

မယ်တော်သည် လက်လျှော့လိုက်ကာ၊ စစ်ကိုင်းမိုးဇာရပ်တွင်နေထိုင်သော မောင်တော်ဦးခွန်စံထံ လူလွှတ်၍ အကူအညီတောင်းရာ၊ ဦးခွန်စံလိုက်ပါလာသည်။ ဦးရီးတော် အတန်တန်အကြောင်းပြ နားချလွန်းမှ၊ မောင်ပဋ္ဌင်းသည် စဉ်းစားခွင့်ခုနှစ်ရက်ပေးပါဆိုလာ၏။

လုံးဝငြင်းပယ်နေရာက သည်မျှပြောဖော်ရလျှင် တစ်ဝက်အောင်ပြီ သဘောထားကာ၊ ဆရာတော်ထံခွင့်ပန်ပြီး မောင်ပဋ္ဌင်းအား စစ်ကိုင်းဘက်သို့ပင့်ခဲ့ပြီး၊ ယိုင်တန်ကျောင်းတွင်ခဏတဖြုတ်သီတင်းသုံးစေ၍ အရပ်ရပ်အခြေအနေများကို အကျိုးသင့်အကြောင်းသင့် လျှောက်ထားကြသည်။ တစ်ရက်ပြီးတစ်ရက် တစ်ယောက်ပြီးတစ်ယောက် အနည်းနည်းသိမ်းသွင်းကြသောအခါ ဦးကဝိန္ဒသည် သိက္ခာချ၍ လူ့ဝတ်လဲလိုက်တော့၏။

ကြီးမြင့်မြို့စားမင်းသားသည် ကောင်းမှုတော်စေတီတော်၌ ညတွင်းချင်း မိုလ်ဝင်ခံရာ မိုလ်ခြေ ၅၀ ရသည်။ ကျွန်းညွန့်မင်းအမည်ခံကာ ခိုဝင်လာသူများအား သစ္စာခံစေကာ မြို့ဝန်၊ မင်းကြီးသက်တော်ရှည်၊ စားတော်ကဲ၊ စစ်သေနာပတိစသည်ဖြင့် ရာထူး

ဌာနန္တရများ ခွဲဝေချီးမြှင့်၏။ ချက်ချင်းလက်ငင်း ဝင်ရောက်သစ္စာခံသူ ငါးဆယ်အနက် ထင်ရှားသူများမှာ-

ဘွဲ့ဖြူလက်နက်ဆက်သသော မောင်ရွှေဘို။

ခင်ဦးစားလက်ျာပုံချီဘွဲ့ရ မောင်ချစ်ညို၏ညီ မောင်ချစ်ဝ၏သွေးထဲမှဖြစ်၍ လှေသင်းအတွင်းဝန်၏တပ်တွင် လက်ရွေးစင်မိုလ်အဖြစ် အမှုတော်ထမ်းခဲ့သော မိုလ်ညိုဦး၊ မိုလ်ညိုဖူးညီအစ်ကို။'

မြဲတရော် မိုလ်ထပ်။

မူးဝမှ ဦးလူဖေ၊ ဦးလူငွေညီအစ်ကို။

ရွာထောင်မှ စံခ၊ စံဘညီအစ်ကို။

လယ်ကြီးရွာမှတပ်ထောင်တာနှင့်လူစု၍ အင်္ဂလိပ်ကိုတိုက်နေသော မိုလ်ကျားနှင့် ဦးမိုး ဦးတိုးတို့ဖြစ်၏။

ကျွန်းညွန့်မင်းသည် ကောင်းမှုတော်စေတီ၏ အရှေ့မုခ်မှ တစ်ဖန်ဝင်၍ မိုလ်ဝင်ခံပြန်သည်။ အရဏ်မကျင်းမီ တပ်မိုလ်တပ်သားတစ်ထောင် ပြည့်သွားလေ၏။

နောက်တစ်နေ့ညတွင် စစ်ကိုင်းမြို့တွင်းဝင်၍ စနည်းနာရန် မိုလ်ထပ်အား တာဝန်ပေးလိုက်လေသည်။ မိုလ်ထပ်သည် မြို့တွင်းအခြေအနေကိုသိ၍ သန်းခေါင်တွင် နန္ဒဝန်ဥယျာဉ်ကိုဖြတ်၍ ပြန်လာရာ ကုလားမည်းစစ်သားတစ်ယောက်ကိုတွေ့ရ၏။ ကုလားသည် မိုလ်ထပ်အားပစ်ခတ်ရန် ကြိုးစားစဉ်တွင် ခေါင်းဖြတ်ခံရ၍ ကိုယ်ကိုရေကန်အနီးရှိ ရေတွင်းထဲသို့ တွန်းချခံရသည်။

ကုလားခေါင်းနှင့် သေနတ်ကို ကျွန်းညွန့်မင်းအားဆက်သရာ ပုဏ္ဏားများ နိမိတ်ကောင်းသည်ဟု လျှောက်ထားကာ ကုလားဖြူကုလားမည်းကို အောင်မည့်နိမိတ်ဟု နိမိတ်ဖတ်ကြ၏။

ထိုအခါ မှူးမတ်များက အစေခံရပ်ရှိ ကုလားဖြူခံတပ်ကို တစ်လက်စတည်း ချေမှုန်းသုတ်သင်ရန် လျှောက်ထားကြသည်။ ကျွန်းညွန့်မင်း သဘောမတူသဖြင့် ရိက္ခာဖြည့်တင်းရေးအတွက်၊ မိုလ်ကျားအား လူ ၅၀ပေး၍ မြို့တွင်းသို့လွှတ်လိုက်၏။ ကိုသာဒင်သည် ဖခင်ဦးမိုးနှင့်အတူပါလာကာ စစ်ကိုင်းမြို့ထဲသို့ ရောက်ရှိလာသည်။

မိုလ်ကျား၏တပ်သည် စားရေးရိက္ခာ ရှာဖွေသယ်ယူရန်ဖြစ်စေကာမူ၊ မမျှော်လင့်ဘဲ ကုလားတပ်တစ်တပ်နှင့် ပက်ပင်းတိုးသည့်အတွက် လျှပ်တစ်ပြက်ဝင်ခုတ်ကာ လျှပ်တစ်ပြက်ပြန်ဆုတ်၍ ဘုရားကြီးဘုရားကြားမှ ပြန်လှန်ပစ်ခတ်၏။ လူ ၄၀ကျော်သော ကုလားတပ်မှာ သုံးဦးသာကျဆုံး၍ အများအပြားဒဏ်ရာရသည်။ မိုလ်ကျားတပ်မှ တစ်စုံ

တစ်ယောက်မျှမကျခဲ့ချေ။ ထိုပွဲတွင် ကုလားတစ်ယောက်ကို ခေါင်းဖြတ်နိုင်သဖြင့် ကိုသာဒင်မှာ ကျွန်းညွန့်မင်း၏လက်စွပ်တစ်ကွင်း အသနားခံရ၏။

ကျွန်းညွန့်မင်း၏သတင်းသည် တစ်ဟုန်ချင်း တောက်လျှမ်းလာသည်။ အစေခံ ရပ် ခံတပ်တွင်းရှိ ကုလားများမှာ သတိနှင့်နေ၍ မြစ်ဆိပ်တွင်လည်း သင်္ဘောကိုအသင့် လုပ်ထားသည်။ သို့ရာတွင် ကျွန်းညွန့်မင်း၏တပ်များသည် မကြာမတင်မှာပင် ခံတပ်ကို ဝင်စီးကြလေ၏။

လူအင်းအား ၅၀၀ကိုဗိုလ်ညိုဦးနှင့် ဗိုလ်ညိုဖူးတို့ ကွပ်ကဲသည်။ ဗိုလ်ညို ဦးစီးသော နန်းကြော့အမည်ရှိမြင်းမှာ အလျားအနံကောင်းကာ သန်လျက်ဗွေနှစ်လုံးပါသော ဖောင်းဝတ်ရောင်မြင်းဖြစ်၏။ ကုလားဖြူကုလားမည်းများသည် သတိနှင့်နေသည့်အတွက် စိန်ပြောင်းသေနတ်ကျည်များ မိုးလိုသွန်၍ ခုခံနိုင်ကြသော်လည်း အကျအဆုံးကို အမှု မထားဘဲ တိုက်ခိုက်ကြသော မြန်မာရဲမက်များ၏ သားရဲမင်းရဲစီးမှုကြောင့် ခံတပ်ကိုစွန့် လွှတ်၍ သင်္ဘောရှိရာပြေးကြသည်။ ကျောက်ကြိုးကိုမသိမ်းနိုင်ဘဲ ဓားဖြင့်ဖြတ်ပြီး ကမ်းမှ သင်္ဘောအခွာတွင် ဗိုလ်ညိုဦးသည် သင်္ဘောပေါ်သို့ မြင်းနှင့် ခုန်တက်၍ လိုက်လံထိုးခုတ် ရာ ကုလားဖြူတစ်ယောက်သေပြီး အများအပြားဒဏ်ရာရလေသည်။

ကျွန်းညွန့်မင်းသည် စစ်ကိုင်းကိုအတန်ကြာ သိမ်းပိုက်ထားနိုင်စေကာမူ ရန်သူ၏ ပြန်လည်တိုက်ခိုက်မှုကို ဟန့်တားနိုင်ခြင်းမရှိချေ။ သို့ကြောင့် မန္တလေးဘက်မှ အင်ကြီး အားကြီးနှင့် တန်ပြန်ထိုးစစ်ဆင်သောအခါ စစ်ကိုင်းကို အကျအဆုံးများစွာဖြင့် လက်လွှတ် ၍ မူးဝရွာအထိ ဆုတ်ခွာခဲ့ရလေသည်။

စစ်ကိုင်းမြို့မှ ဆုတ်ခွာခဲ့ပြီးနောက် စစ်ကိုင်းကို ဝန်းရံထားခိုက်တွင် ကျွန်းညွန့် မင်းသည် လက်နက်လူသူ ထပ်မံအားဖြည့်သည်။ ဗိုလ်ညိုဦး ဗိုလ်ညိုဖူးတို့သည် ရွှေဘို နယ်ဘက်မှ လူအများကို သိမ်းသွင်းနိုင်ခဲ့ရာ စုစုပေါင်းအင်အား ငါးထောင်မျှရှိ၏။ သို့သော် သူတို့ညီအစ်ကို တပ်စခန်းသို့ ရောက်သောအခါ တပ်တွင်း၌ ဖရိုဖရဲဖြစ်နေကြောင်း တွေ့ကြရသည်။

အထူးသဖြင့် လူဖေနှင့်လူငွေ၊ စံခတို့တွင် မသင်္ကာစရာများ တွေ့ရှိရ၏။ သူတို့သည် ရန်သူနှင့် လျှို့ဝှက်ဆက်သွယ်ဟန်ရှိသည်။ ဗိုလ်ညိုဖူးသည် ဤရန်ကို အမြန်ရှင်းစေရန် မူးဝရွာရှိ ကျွန်းညွန့်မင်းထံသွားရောက် လျှောက်ထား၏။ ဦးရိုးတော် ဦးခွန်စံနှင့် ဗိုလ်ကျားတို့က တားသည်။ ကျွန်းညွန့်မင်းသည် နောက်ပါအနည်းသာယူ၍ စံခနှင့် လူဖေ လူငွေတို့၏တပ်သို့ ကြွရောက်ချေ၏။

"အရှင်မင်းသား၊ လူဖေ လူငွေတို့ မကောင်းကြံနေပါတယ် ဘုရား၊ **အမြန်**

ပြန်ကြွတော်မူပါ''

ဗိုလ်ညိုဦးက ဆီးကြိုတားမြစ်သည်။

''ဘာဖြစ်လို့လဲမောင်မင်း၊ စံခနှင့် လူဖေ လူငွေကို စစ်ဆေးအပြစ်ပေးရမယ်''

''မှန်လှပါ၊ အရှင့်အပေါ် သစ္စာရှိတဲ့ တပ်သားတွေဆီက လက်နက်ကိုလူဖေ လူငွေ့လူတွေက စီးမိထားပါတယ် ဖုရား၊ ဟောဒီမြင်းကို စီးသွားပါဖုရား''

ဗိုလ်ညိုဦးက မြင်းမနန်းကြော့ကို ကကြိုးတန်ဆာ ပြင်လျက် ပေးသည်။ မင်းသားသည် မြင်းပေါ်ခုန်တက်၍ ဒုန်းစိုင်းထွက်ခွာသွားရာ နောက်ပါနှစ်ယောက်က ထက်ကြပ်မကွာအပြေး လိုက်ပါလာကြ၏။

မင်းသားသည် မူးဝဘုန်းကြီးကျောင်းသို့ ပြန်လာခြင်းဖြစ်သည်။ သို့သော် လမ်းတစ်ဝက်တွင် မသင်္ကာဖွယ်လူများကို တွေ့ရ၏။ မင်းသားသည် ဓားကိုဆွဲထုတ်၍ ''ဟဲ့ ဘယ်သူတွေလဲ''ဟု မေးသည်။

''ကျွန်တော်မျိုးတို့ပါ ဖုရား၊ ဦးရီးခွန်စံက လွှတ်လိုက်ကြောင်းပါ''

မင်းသားသည် ဓားကိုပြန်သွင်းကာ ရှေ့ဆက်၍ မြင်းကိုနှင်၏။ ဦးရီးတော်၏ တပ်သားများသည် သေနတ်ကိုယ်စီဖြင့် ဖြစ်သည်။ မင်းသားအား ခေါင်းငုံ့လက်ယှက်၍ အရိုအသေပြုကြသော်ငြား မင်းသားလွန်သွားသည်နှင့်တစ်ပြိုင်နက် သေနတ်ဖြင့်ဝိုင်းချိန် လိုက်သည်တွင်

''အရှင့်သား ရန်သူ ရန်သူ''

နောက်ပါ ကျွန်ယုံနှစ်ယောက် အော်၏။ သေနတ်သံများတရစပ် ပေါ်လာသည်။ မင်းသား၏ဘေးမှ ကျည်ဆန်များ ဖြတ်သန်းသွား၏။ မင်းသားက မြင်းကိုဒုန်းစိုင်းလွှတ် မြောက်သွားသော်လည်း နောက်ပါနှစ်ယောက်မှာ စံခတို့၏ လက်ချက်ဖြင့် ကျဆုံးကြရရှာ သည်။

မင်းသားသည် မြင်းကိုစိုင်းနှင်လာရင်း စံခနှင့် လူဖေ လူငွေတို့ မိမိအား အဘယ်ကြောင့် လုပ်ကြံရပါသနည်းဟု အကြောင်းကို ဖွေမိ၏။

သိပါပြီ။

ကျွန်းညွန့်မင်းအမည်ဖြင့် တစ်ရှိန်ထိုး ဘုန်းဝှန်တော်ဇာကဲဖြာနေစဉ်တွင် ကျွန်းညွန့်မင်း၏ ကျေးကျွန်ဟူသောဂုဏ်ဖြင့် တိုင်းသူပြည်သားများအပေါ် မောက်မော် စော်ကားကြသည်။ လုယက်မှုများ ကျူးလွန်၏။ မသင်္ကာဖွယ် ဓားပြမှုများ ကျူးလွန်၏။ နောက်ဆုံး စံခနှင့် လူဖေ လူငွေတို့ မုဒိန်းမှုတစ်ခု ကျူးလွန်ရာ ဗိုလ်ညိုဦးကဖမ်း၍ ဆက်သလျှောက်ထား၏။

မင်းသားသည် ဤလူယုတ်မာ လူရမ်းကားသုံးယောက်အား ကွပ်မျက်ပစ်ရန် အမိန့်ချမှတ်ခဲ့သည်။ ဦးရိုးတော် ဦးခွန်စံနှင့် မယ်တော်တို့က လက်ဦးသစ္စာခံသော အိမ်တော်ပါကျွန်များ တစ်ကြိမ်တစ်ခါ မှားယွင်းခြင်းကို ခွင့်လွှတ်ပါရန် အယူခံသဖြင့် သေဒဏ်ပယ်ဖျက်၍ တပ်သားအရာချကာ ကြိမ်ဒဏ်အနည်းငယ် ပေးခဲ့ဖူးသည်။

လက်ရှိကြိုးပမ်းနေမှုကို မယုံကြည်တော့လျှင် အသာကလေး တပ်ကိုစွန့်ခွာရန်ပင်ရှိ၏။ ဤသို့မဟုတ်မူ၊ အတွင်းလူမွေး၍ လျှို့ဝှက်မကောင်းကြံနေခြင်းကား ဤရန်ငြိုးကြောင့်သာ ဖြစ်ချေသည်။

မင်းသားစံမြန်းရာ ဘုန်းကြီးကျောင်း ပရဝုဏ်ဝသို့ ရောက်သောအခါ တစ်ကျောင်းလုံးမှာ မှောင်မည်းနေသည်။ ထွက်မျှော်နေကျ ဦးရိုးကိုဖြစ်စေ၊ မယ်တော်ကိုဖြစ်စေ မမြင်၊ မတွေ့။ မင်းသား မသင်္ကာဖြစ်ကာ ဓားကိုဆွဲထုတ်၏။ ကျောင်းအောက်မှ လှုပ်ရှားဟန်များမြင်ရသဖြင့် ''ဟဲ့ ဘယ်သူလဲ ထွက်ခဲ့စမ်း''ဟု ရာဇသံဖြင့်ခေါ်၏။

''မှန်လှပါ၊ ကျွန်တော်မျိုးတို့ ဗိုလ်ညိုဦးတပ်ကပါ ဖုရား၊ ဦးရိုးတော်နှင့် မယ်တော်တို့အရှင့်သားကို စိတ်မချလို့ လိုက်သွားကြပါတယ်ဘုရား၊ အခုလူဖေ လူငွေ တို့ စံခတို့ကို နှိပ်ကွပ်အောင် မြင်ပြီးသွားပါသဖြင့် ကြွရောက်ရှုစားတော်မူပါ ဖုရား''

''ကောင်းပြီ မောင်မင်းများ''ဆိုကာ မင်းသားသည်မြင်းကို ပြန်လှည့်လိုက်စဉ် ကျောင်းအောက်မှ လူတစ်ယောက်ပြေးထွက်လာ၏။ ''မင်းသား ပြေးပြေး အဲဒါ ရန်သူ ရန်သူ''ဟု အော်ပြေးလာသည်။ ဦးရိုး၏အသံ။

သေနတ်သံတစ်ချက်ပေါ်လာကာ ဦးခွန်စံခွေကျသွားသည်။ မင်းသားသည် မြင်းကိုဇက်တို့ပေးလိုက်စဉ် မြင်းပေါ်မှ ထိုးကျသွား၏။

မြင်းခွာသံများ ပေါ်လာကာ ''ဝိုင်းဟ၊ သတ်ဟ၊ ခုတ်ဟ၊ သစ္စာဖောက်တွေကို အလွတ်မပေးနဲ့၊ အကုန်သတ်ဟ''ဟူသော ဗိုလ်ညိုဦး၏အသံနှင့်အတူ မြင်းတပ်သည် ကျောင်းကိုဝိုင်း၍တရကြမ်း တိုက်ခိုက်လေ၏။ သစ္စာဖောက်များအနက် တစ်ယောက် လွတ်ထွက်သွားသည်။ ထိုသူမှာ လူဖေ။

ဗိုလ်ညိုဦးနှင့် တပ်သားများသည် ကျောင်းတွင်း၌ ရှာဖွေကြသည်တွင် အသတ်ခံရသော အစောင့်တပ်သားများကိုတွေ့ရသည်။ ကြိုးတုပ်ဖမ်းဆီးထားသော ရဟန်းသာမဏေများနှင့် မယ်တော်ကိုလည်း ထပ်မံတွေ့ရ၏။

မသေကျန်ရစ်သူများ၏ ပြေပြချက်အရ၊ လူဖေနှင့်နောက်လိုက်အနည်းငယ်သည် ကျောင်းကို အလစ်ဝင်စီးကာ ဦးရိုးနှင့် မယ်တော်ကို ချုပ်နှောင်ထားကာ မင်းသားပြန် အလာကို ပုန်းအောင်းစောင့်ဆိုင်းနေခဲ့ကြစဉ် မင်းသားရောက်လာရာ ဦးရိုးတော်က

ရန်းထွက်အော်ဟစ်ပြေးခြင်းဖြစ်သည်။

မိုလ်ညိုဦး မိုလ်ညိုဖူး မိုလ်ကျားစသော တပ်မိုလ်တပ်သားများမှာ မင်းသား အလောင်းကို ဖက်၍ငိုယိုကြ၏။ မင်းသားကိုကောင်းစွာ သင်္ဂြိုဟ်ပြီးနောက်၊ စံခနှင့် လူဖေ လူငွေကိုလိုက်လံတိုက်ခိုက်သည်။ သစ္စာဖောက်များသည် ကုလားထံပြေးဝင် ခိုလှုံရာ ကုလားက မယုံကြည်သဖြင့် သတ်ပစ်လိုက်လေ၏။

သည့်နောက်တွင် မိုလ်ညိုဦး မိုလ်ညိုဖူးကတစ်တပ်၊ မိုလ်ကျားကတစ်တပ် ဆက်လက်လှုပ်ရှားနေသော်လည်း၊ အယူသီးသော တပ်သားအများ တပ်ကိုစွန့်ခွာသွား ကြ၏။ သူတို့သည် အမျိုးသားရေးထက်၊ ဘုရင့်သားတော်၏ ပုဂ္ဂိုလ်ရေးခေါင်းဆောင်မှု ကိုသာ ယုံကြည်သည့်အတွက် ဖြစ်ပေသည်။

ဘုရင့်သားတော်က ခေါင်းဆောင်မှသာ၊ ဘုရင်စားတင်နိုင်မည်ဟူသည့် အချက် မှတစ်ပါး ဘာကိုမျှ မသိမမြင်တတ်သေး၍ နေရပ်သို့ပြန်လာသူများထဲတွင် ဦးတိုး၊ ကိုသောင်းဒီနှင့် ဦးမိုးသားအဖလည်းပါဝင်၏။ သို့ရာတွင် သူတို့သည် ရပ်ရွာ၌အေးချမ်းစွာ မနေရချေ။ ကုလားများသည် မီးခိုးကြွက်လျှောက်လိုက်လာကာ ဖမ်းဆီးသတ်ဖြတ်သဖြင့် ဦးမိုးနှင့် ဦးတိုးသည် မြင်းမူဘက်သို့ရှောင်တိမ်းသွားကြ၍ ကိုသောင်းဒီမှာ မိခင်နှင့် သားမယားကိုခေါ်ပြီး ပခုက္ကူဘက်သို့ စုန်ပြေးကြသည်။

''မျက်ရည်တစမ်းစမ်းနဲ့ ပြောရှာတယ်။ ငါ့မှာလည်း ဘုမသိဘမသိ ငိုရတာ ပဲကွယ်။ ကြီးမြင့်မြို့စားမင်းသားရဲ့အဖြစ်ကို အသည်းနာလွန်းလို့တဲ့''

ဒေါ်ညိုသင်းသည် ဇီးကုန်းတွင် သောင်တင်ရခြင်းနှင့် ယောက္ခမမျိုး လင်မျိုး ပြိုကွဲရပုံကို မောပန်းစွာ အဆုံးသတ်လျှင် မောင်မိုးကောင်းက မှတ်ချက်ချ၏။

''သူ့ဘာသာသူ ရဟန်းဝတ်နေတာ အကောင်းသား၊ ဆရာတော် ဗေဒင် အတွက်ကောင်းလို့ အသေဆိုးသေရရှာတာ''

''ဘွားဘွား၊ ဘွားဘွား''

မြေးကြီးထိန်ဝင်းက ဘွားအေ၏ပုခုံးကို ခုန်ဆွခုန်ဆွပုတ်သည်။ ''ဘဘတို့ ကိုင်ခဲ့တဲ့ ဓားကြီးရှိသေးသလားဟင်''ဟုမေး၏။

''ရှိတယ်မြေးရဲ့။ ကြီးရင်ကိုင်ရမယ်''

''ကျွန်တော် ကြီးပါပြီ ဘွားဘွားရဲ့''

ထိန်ဝင်းက ရင်ကော့ကာ ခြေဖျားထောက်ပြရာ၊ မထားအိရင်ခွင်ထဲသို့ ပက် လက်လန် လဲကျ၏။ ဝိုင်းဝန်းရယ်မောသော်လည်း ထိန်ဝင်းသည် ရှက်မနေဘဲ ''အဲဒီ ဘိုးဘိုးတို့ဆီကိုလည်း သွားချင်တယ် ဘွားဘွားရယ်''ဟု ဆက်လက်ပူဆာနေလေ၏။

## ငါး

"မိုးကောင်းရေ၊ ထမင်းမစားရသေးရင် ဝင်စားသွားဟေ့။ ဟင်းကောင်းတယ်"

"ဘာဟင်းလဲဗျ"

"ကြက်သားကွ"

"ကြက်သားဆိုရင် စားမယ်ဗျို့"

မောင်မိုးကောင်းသည် ခက်ရင်းခွကိုအိမ်ရှေ့တွင် ထောင်ပစ်ခဲ့ပြီး အိမ်ပေါ်သို့ တက်လာလေ၏။ ကိုဖေကြည်သည် "လာကွ၊ လာဟေ့။ မင်းပြန်ရင် ဒီလမ်းကပြန်မယ် ဆိုတာသိလို့ မျှော်နေတာကွ"ဆိုရင်း နေရာချဲ့ပေးသည်။

"ဘယ်လိုဗျ၊ ဒီလမ်းကလာမယ်။ အစ်ကိုဖေကြည် ဘယ်လိုလုပ်သိသလဲ"

မောင်မိုးကောင်းက ထမင်းစေ့တွေကို ဆုပ်လုံးရင်း၊ စုံစမ်းသည့်အကြည့်၊ စစ်ဆေးသည့်အကြည့်ဖြင့် ကြည့်ကာမေး၏။

"အခင်းထဲကပြန်ရင်၊ မိမွေးနဲ့ အတူပြန်တယ်ကွာ။ မိမွေးတို့အိမ်ရောက်မှ အိမ်ဘက်လာရတော့ ဒီလမ်းကသွားရမှာပေါ့ကွာ"

"ဒီလိုတော့လည်း ဟုတ်သားပဲဗျ"

"ဟုတ်ပါတယ်ကွာ၊ ကိုင်း စားဟေ့၊ ကမြင်းမကြက်မ စပါးပုတ်တက်ယက် လို့ ထသွားနဲ့ ပစ်လိုက်တာ စင်းစင်းကို သေရော။ ဆူလိုက်တာ မပြောနဲ့တော့ကွာ၊ သမီး **ထမင်းပေးပါဦးဟ**။ ဟဲ့ ပဲသာ ဟင်းထည့်ပါဦး။ ဒီအလုံးအရပ်နဲ့ ဒီဟင်းလေးနဲ့

လောက်မလားလို့ နင်ပဲစဉ်းစားကြည့်ပါဦး''

ကိုဖေကြည်သည် ထမင်းကိုလည်းမဝါးဘဲ မျိုချ၏။ စကားကိုလည်း အဆက်မပြတ်ပြော၏။ သမီးနှင့် မယားကိုလည်းနိုင်း၏။

သူ့ဘာသာသူလည်း တဟားဟား ရယ်သေးသည်။

မပဲသာက ဟင်းထပ်ဖြည့်ပေးရင်း ''အခုကတည်းက ဒီကောင်ကိုနည်းနည်းကျွေးပြီး အကျင့်နိုင်းထားမှ တန်ကာကျမယ်နော် မောင်ကြီး၊ တော်တော်ကြာရင် အူလိန်နေလိမ့်မယ်''ဟု မပြုံးတပြုံးဖြင့်ဆို၏။

ကိုဖေကြည်က မောင်မိုးကောင်းအား စွေကြည့်လိုက်ရာက ''ဟ ပြောရင်တည့်တည့်ပြောစမ်းပါ။ သူက ဘယ်ကပ်စေးနည်းရဲ့ သမီးနဲ့ ဘာဖြစ်နေလို့လဲ''ဟု မေးသည်။

''ဘယ်သူရမလဲအဖေရဲ့ မမွေးပေါ့''

သမီးကြီး စိန်ခင်က မဆုတ်မဆိုင်းဝင်ပြောရာ မောင်မိုးကောင်းကမော့ကြည့်ပြီး ''ဟာ ဒီကောင်မလေး ဟာ''ဟု အော်၏။

မပဲသာက မောင်မိုးကောင်းနှင့် မျက်နှာချင်းဆိုင်တွင် ကျုံ့ကျုံ့ဝင်ထိုင်ကာ ''တစ်ရပ်လုံး တစ်ရွာလုံး သိနေတာပဲ ငါ့မောင်ရယ်၊ အဆန်းမဟုတ်တော့ပါဘူး။ အချိန်တန် အရွယ်ရောက်လို့ အိုးအိမ်ထူထောင်တာဟာလည်း ဓမ္မတာပါပဲ။ သို့သော်လည်း ငါ့မောင်ဟာက လုပ်ပုံမဟုတ်သေးဘူး''ဟု တစ်စုံတစ်ခု ရှည်လျားစွာပြောလိုဟန်မျိုးဖြင့် အစချီလာသည်။

''ဘာမဟုတ်တာလဲ အစ်မပဲသာ''

''ဟုတ်သားပဲကွ ပြောစရာရှိရင် ရှင်းရှင်းလင်းလင်း သဘောပေါက်သွားအောင်ပြောစမ်းပါ၊ ရော့ပါကွ၊ စားစမ်းပါ''

ပြောရင်းဆိုရင်း တောင်ပံတစ်ဖတ်ကို မောင်မိုးကောင်းပန်းကန်ထဲ ထည့်ပေး၏။

''မိဘွေးမိဘများ ကပ်စီးနည်းတာကို ရယ်စရာပြောတာပါ။ ဒါဟာ၊ သူ့သမီးနဲ့ သူ့သမီးယူတဲ့လူ ကောင်းစားဖို့ပါ။ အစ်မပဲသာပြောချင်တာက၊ မိမွေးခမြာလည်း မင်းကို စောင့်ရှောက်ရင်းနဲ့ ဟိုင်းလာပြီ။ ငါ့မောင်မှာလည်း တဖြည်းဖြည်းသိုးလာပြီ။ တူကလေးတွေတောင် လူပျိုပေါက်ကလေးတွေ ဖြစ်လာပြီ၊ ငါ့မောင်မှာတော့''

''အမယ်၊ ဘယ်မှာ ကျွန်တော်သိုးသေးလို့လဲ၊ အခုမှ ၁၃နှစ်ပဲရှိသေး''

မောင်မိုးကောင်းက ပြုံး၍ပြောရာ ကိုဖေကြည်မှာ ခေါင်းတဆတ်ဆတ်နှင့် ရယ်မောနေ၏။ မပဲသာမှာလည်း စကားမဆက်နိုင်သေးဘဲ ရယ်မောနေရသေး၏။

''လူပျိုကာလသားဘဝဟာ လွတ်လွတ်လပ်လပ်နဲ့ အင်မတန် ပျော်စရာကောင်းပါတယ်။ အိုပြီးမှ ပျိုချင်လို့လည်း မရဘူးဆိုတာ ဟုတ်ပါတယ်။ သို့သော်လည်း ဘယ်သူမှတစ်သက်လုံး ဒီလိုနေသွားမှာမဟုတ်တော့ ငါ့မောင်အရွယ်ရှိတုန်းမှာ စဉ်းစားပါ''

''ခက်တယ်ဗျာ''

မောင်မိုးကောင်းသည် လက်ဆေး လက်သုတ်ပြီးနောက်၊ တင်ပလ္လင်ခွေပြင်ထိုင်ရင်း လေးလေးနက်နက် စဉ်းစားဟန်ဖြင့်

''ဘာခက်တာလဲ ငါ့မောင်''

''ကျွန်တော်တို့အိမ်ထောင်ရဲ့ စီးပွားကလည်း အစ်မပဲသာတို့အမြင်ပဲ အစကပြန်ပြီးထူထောင်နေရတော့၊ ကျွန်တော် အိမ်ထောင်ပြုသွားရင်၊ အမတို့မှာ ဘယ်သူလုပ်ကိုင်မယ့်လူရှိမလဲ။ နောက်တစ်ကြောင်းက၊ အစ်ကိုကြီးမရှိသခိုက်မှာ မရီးနဲ့ ကလေးတွေမျက်နှာမငယ်ရအောင် ကသီကလင်မဖြစ်ရအောင် စောင့်ရှောက်ဖို့က ကျွန်တော့်တာဝန်ကျနေတယ် အစ်မပဲသာရဲ့''

မောင်မိုးကောင်းက ''အင်း''ဟု ဆွဲဆွဲငင်ငင် တစ်ချက်ညည်းလိုက်ကာ သူ့စကားကိုဆက်သည်။

''မိမွေးကိုလည်း သနားလှပါပြီ။ မရေမရာကောင်ကို ခင်တွယ်မနေနဲ့လို့ ပြောမယ်ကြံတိုင်း၊ ပြောမထွက်ခဲ့ပါဘူးဗျာ''

''ငါ့ညီရာ။ ထိန်ဝင်းတို့ ထိန်လင်းတို့လည်း လုပ်ကိုင်ကိုင်နိုင်ပြီကွ။ ဒါလောက် သံယောဇဉ်ကြီးမနေပါနဲ့ကွာ၊ ယူလိုက်ကြပါတော့''

ကိုဖေကြည်က တိုက်တွန်းသလို၊ စိန်ခင်ကလည်း

''ဘဒွေးကလက်နေ့းနေရင်၊ သူကြီးသား ကိုဘအောင်လက်ထဲကို ပါသွားမယ်နော်''

မောင်မိုးကောင်းက မျက်လုံးကျယ်သွားသလို၊ မပဲသာမှာ ''ဒီကောင်ကလည်း တစ်မျောင့်ပဲ''ဟုညည်းသည်။

မိမိကအသာတကြည်ခွင့်ပေး၍၊ မိမိစွန့်ပစ်၍ သူတစ်ပါးနှင့် ယူသွားခြင်းကိုသာ မောင်မိုးကောင်းလိုချင်သည်။ ငွေအားဂုဏ်အား အာဏာအားနှင့် လုယက်ယူငင်၍ ပါသွားခြင်းကိုကား လက်မခံနိုင်။ မိမိအား စော်ကားသည်။ မိမိဂုဏ်ငယ်သည်ဟု မောင်မိုးကောင်း နားလည်၏။

မိမိတို့ ဤရွာသို့ရောက်စက တစ်ရွာလုံး ဝိုင်းဝန်းကူညီကြသည်။ သည်အထဲ၌ သူကြီးဦးချစ်ပိုလည်းပါဝင်၏။ သားဘအောင်လည်းပါဝင်၏။

ကိုလုံး၊ မဖဲနှင့် မိမွေး၊ စံပယ်တို့သည်၄င်း၊ ကိုသာကျော်၊ မဝက်နှင့် တိုင်းကျော်၊ ရွှေမ တို့သည်၄င်း၊ လက်သမားဆရာ ဦးဖိုးထင်နှင့် ကြမ်းတောမသည်၄င်း၊ ကိုဖေကြည် မိသားစုသည်၄င်း၊ ဦးစံလှဘော်နှင့် သားမက် ကိုပေါ်လာ မသိုင်းခြုံတို့သည်၄င်း၊ ခင်မင် သည်ထက်ခင်မင်၊ ရင်းနှီးသည်ထက်ရင်းနှီးလာရာ၊ အတွင်းရေး အပြင်ရေးပါမကျန် သိရှိကူညီသော ဆွေမျိုးရင်းချာပမာ ဘဝသို့သာ တိုးဆင့်ခိုင်မြဲလာ၏။

သူကြီးမှ လူကြီးမို့ အရှိန်ခပ်ချုပ်ချုပ် ဆက်ဆံရသည်မို့ ထားတော့။ ဘအောင် ကား လူငယ်ချင်းဖြစ်ပါလျက်နှင့် ဆက်ဆံခြင်း၊ ဖော်ရွေခြင်းတို့ တစ်နှစ်ထက်တစ်နှစ် ဆုတ်ယုတ်ခဲ့ရာ ယနေ့မူ မခေါ်မပြောသည့်ဘဝသို့ ရောက်နေပြီ။ မောင်မိုးကောင်းက ခေါ်သည်ကိုပင် မကြားယောင်ပြုသည်အထိ ကြိတ်ခဲခြင်းရှိနေသည်။

မောင်မိုးကောင်းက သက်ပြင်းချ၏။

''အစ်ကိုကြီးသာရှိရင်တော့ ကျွန်တော်လည်း ဒီရွာရောက်ပြီး၊ မကြာခင်မှာပဲ အိမ်ထောင်ပြုဖြစ်မှာပါ အစ်ကိုဖေကြည်ရယ်''

''ကွာ အရောက်ရောက် ဖြစ်လာမှာပေါ့ကွ။ ပြုသာပြုပါ။ ဘယ်တော့လောက် သွားပြောရမလဲ။ အချိန်မရွေးလာခေါ်ဟော့''

''မဖြစ်သေးပါဘူးဗျာ။ အစ်ကြီးရဲ့ရင်သွေးလေးတွေ ရှိသေးတယ်ဗျ''

''မင်းကသာ သူတို့ကို ကလေးထင်နေတာ၊ သူတို့ကမကြာခင် အိမ်ထောင်ပြု လိမ့်မယ် ငါ့မောင်''

''အစ်မပဲသာကလည်းဗျာ၊ မဟုတ်တာတွေ ပြောရော့မယ်''

''စောင့်ကြည့်ပါလေ။ မယုံရင် ငါ့မောင်ကြည့်သာနေ ဟင်း''

''ဦးဖေကြည်တို့ ဒေါ်ပဲသာတို့ နေကောင်းကြလားဗျို့''

ဖုံတစ်ထောင်းထောင်းနှင့် ဝန်ပေါ့နွားလှည်းတစ်စီးသည် အိမ်ရှေ့သို့ရောက်လာ ကာ နှုတ်ဆက်သဖြင့် လည်ရှည်၍ကြည့်လိုက်ကြစဉ် ''ဟာ ကိုမိုးကောင်းကြီးပါလား၊ နေကောင်းတယ်နော်''ဟု ထပ်ဆင့်နှုတ်ဆက်သွား၏။ သူတို့သည် အလိုက်သင့် ဖြေရင်း ကျန်ခဲ့ကြသည်။

''ကိုင်း ပြောရင်းဆိုရင်း တစ်ယောက်တောင် သွားပါပေါ့လား''လှည်းကို မျှော်ကြည့်ရင်း ကျန်ခဲ့သော မပဲသာကရေရွတ်၏။

လှည်းပေါ်တွင် ပါသွားသူမှာ ပခုက္ကူသားမဟုတ်ချေ။ ပခန်းကြီးမှ လှေသူကြီး ဦးပိုး၊ ဒေါ်ရွှေသာတို့၏သား မောင်သာအောင်ဖြစ်သည်။ ဒေါ်လှမြတ်၏အိမ်သို့ မကြာခဏ ရောက်လာလေ့ရှိသူ နှစ်ယောက်အနက် တစ်ယောက်ဖြစ်သောကြောင့်၊ ဤသည်ကိုရည်၍

မပဲသာက ပြောဆိုလိုက်ခြင်းဖြစ်ချေသည်။

''ထမင်းကတော့ စားလို့ကောင်းပါ့ဗျာ။ သို့ပေသည့် မစားရသေးဘူးထင်ပြီး အစ်မ မျှော်နေလိမ့်မယ်''ဆိုကာ မောင်မိုးကောင်း ခက်ရင်းခွထမ်း၍ ထွက်လာ၏။

''အေးပါ၊ အစ်မသံယောဇဉ်ကြီးရတာနဲ့၊ မရီးသနားရတာနဲ့ တူကလေးတွေ စိတ်မချရတာနဲ့ ငါ့မောင်ကတော့ အိုသေမှာပဲ''

မပဲသာ၏ ထေ့လုံးငေါ့လုံးကို မောင်မိုးကောင်းမချေပနိုင်။ ဟုတ်မှန်နေသည့် အတွက် ပြုံးရယ်ကာအိမ်ဘက်သို့ သုတ်ခြေတင်လာသည်။

ကိုလုံး မဖဲတို့၏ အိမ်ရှေ့တွင် ပြောင်းဖူးပင်များ ပုံထား၏။ နောက်ဆုံးကျန် သော အဖူးများကိုသိမ်း၍ ဖက်အုပ်ရန်ဖြစ်သည်။ ကိုလုံး မဖဲတို့၏သမီး မစံပယ်သည် ပြောင်းဖူးပင်များကို နေရိပ်ထဲသို့ ဆွဲသယ်နေ၏။ နေရိပ်ထဲတွင် မစံပယ်တစ်ယောက်တည်း ပြောင်းဖူးများကို ချိုးယူနေသည်မဟုတ်။ မောင်မိုးကောင်း၏တူတော် မောင်ထိန်ဝင်းပါ ဝင်ရောက်ကူညီနေ၏။ သူတို့သည် အဖူးများကို နေပူတလင်းပြင်သို့ ပစ်ထုတ်နေလေသည်။

နောက်နှစ်အိမ်ကျော်မှာ ကိုသာကျော် မဝက်တို့၏ အိမ်ဖြစ်သည်။ ပြောင်းဖူး ပင်များကို ခြံစည်း၌လျှောက်ထောင်ကာ တလင်းပြင်ကျယ်အောင် လုပ်ထား၏။ တလင်း ပြင်တွင် ထမ်းပိုးမှဖြုတ်ချထားသော ''ဂျုတ်''ကိုမြင်ရသည်။

''ဟေ့ကောင် နေမြင့်လှချည်လား''ဟု ကိုသာကျော်က လှမ်းမေး၏။

''အစ်ကိုဖေကြည်တို့အိမ် ဝင်နေလို့ပါဗျာ။ တလင်းလုပ်နေပြီလားဗျ''

''အေးကွ၊ မိုးနဲ့လေနဲ့မို့ဟေ့။ ဝီရိယဆိုတာ ပိုတယ်မရှိဘူးကွ''

''ဦးလေး မလာနိုင်လို့ ဘွားဘွားတောင် မေမေကြီးတို့အိမ်သွားပြီ''

နောက်ဆုံးပြောသူကား ထိန်လင်းဖြစ်၏။ အိမ်အောက်တွင် ဖက်လှီးသူ နှစ်ယောက် အလုပ်လုပ်နေသည်။ ထိန်လင်းက ဘေးတွင်ထိုင်ကြည့်နေ၏။ ကိုသာကျော် မဝက်တို့၏သမီး ရွှေမသည် ဖက်လှီးနေသူများအတွက် ရေနွေးမပြတ်အောင် ပဲကြော် အလျှံပယ်ဖြစ်အောင် ဖြည့်တင်းပေးနေသည်။

ဒေါ်လှမြတ်တို့အိမ်တွင်ကား ညှော်သည်ရောက်နေ၏။ ခေါင်းရင်းခန်းတွင် ထိုင် နေသူကို ခပ်လှမ်းလှမ်းကပင် မြင်ရသလို၊ သူဆောင်ကြဉ်းလာသော ရေချိုကုန်များကိုလည်း ထိုးထိုးထောင်ထောင်မြင်ရသည်။ ထိုသူမှာ သာအောင်ဖြစ်ပေ၏။

သာအောင်နှင့် စကားပြောနေသူမှာ ဒေါ်ညိုသင်းဖြစ်၍ ဒေါ်ညိုသင်းဘေးတွင် မြခြယ်သည် ပုံ့ပုံ့ရုံ့ရုံ့ကလေး ထိုင်နေသည်။

''ဟဲ့ လူလေး၊ နေမြင့်လှပါပကောကွယ်''

ဒေါ်ညိုသင်းသည် အိမ်ရှေ့သို့ရောက်လာသော မောင်မိုးကောင်းအား လှမ်းပြော၏။

"အစ်ကိုဖေကြည်တို့အိမ်ကို ဝင်နေလို့ပါ အစ်မရ"

"ထားအိက တမျှော်မျှော်နဲ့သားရယ်။ ထမင်းပွဲလည်း မသိမ်းရသေးဘူး"

"စားခဲ့ပြီးပြီ အစ်မရဲ့"

"စားပြီးရင်လည်း ပြီးခဲ့ပြီပြောချေဦး။ မင်းသူငယ်ချင်းနဲ့ စကားပြောချင်ရင် ပြီးတော့မှလာခဲ့"

"ခင်ဗျားကတော့ တစ်နေ့တစ်ခြား ဝလာတာပဲဗျို့"ဟုသားအမိစကားအပြတ်၌ ညှိသည် မောင်သာအောင်က ပြောသည်။

"အေးကွ။ မင်းလည်းဝလာတာပဲ။ အသားတော့မည်းလာတယ်"

"လှေလိုက်တဲ့ လူတိုင်းအသားမည်းတာပဲဗျ။ နေကပူ လေကတိုက်ကိုး"

"သွားဦးမယ်ကွာ၊ တော်ကြာမှလာခဲ့မယ်"

မောင်မိုးကောင်းသည် နေပူကိုအမှုမထားဘဲ တဖြည်းဖြည်းချင်း ထွက်ခွာသွားလေသည်။

ဒေါ်လှမြတ်၏အိမ်ပေါ်၌ တစ်အောင့်တစ်နားတိတ်ဆိတ်ကျန်ခဲ့သည်။ တိတ်ဆိတ်နေစေကာမူ မြခြယ်နှင့် သာအောင်တို့သည် မကြာခဏ မျက်လုံးချင်းဆုံမိကြ၏။ အနားမှာ ဒေါ်ညိုသင်းမရှိလျှင် မျှော်လိုက်ရတာဟု မြခြယ်ကပြောမည်လား၊ မည်သို့ပြောမည်နည်း။

ဒေါ်ညိုသင်းက မေးသည် ပြောသည်များကို သာအောင်သည် အလိုက်သင့်ဖြေနေ၏။ မျက်လုံးကမူ မြခြယ်ကိုသာ ခိုးကြည့်နေသည်။ စိတ်မဆိုးပါနဲ့ကွယ်ဟူ၍ မျက်လုံးများက တောင်းပန်နေဟန်ရှိ၏။

မြခြယ်သည် သာအောင်အား ခိုးခိုးကြည့်နေရင်း လွန်ခဲ့သောတစ်နှစ်က ပခုက္ကူဈေးထဲတွင် သာအောင်နှင့် စတင်တွေ့ဆုံခဲ့ပုံကို စားမြုံ့ပြန်ကောင်းပြန်နေပေမည်။ ထိုအချိန်က ညီအစ်မနှစ်ယောက် ဈေးအတူလာကြရာ လိုချင်သောပစ္စည်းကို လူချင်းခွဲထွက်ပြီး တစ်နေရာတွင်ဆုံရန် ချိန်းထားကြသည်။ အထည်တန်းတွင် ကြိတ်ကြိတ်တိုးနေရာ၊ ရွယ်တူလူတစ်ယောက်က မြခြယ်၏ခြေကို တက်နင်းသည်မှစ၍ မြခြယ်သည် ကက်ကက်လန်အောင်ရန်တွေ့၏။ ထိုသူမှာ သာအောင်ဖြစ်ချေသည်။

ထိုစဉ်က သာအောင်၏နောက်တွင် ပြုံးပြုံးပြုံးပြုံးနှင့် စကားပြောတတ်သော ဦးဖိုးသာမပါခဲ့လျှင်၊ ချိုအေးဖွဲ့နွဲ့စွာပြောလေ့ရှိသော ဒေါ်ရွှေညှာသာမပါလျှင် သာအောင်

တစ်ယောက် ပါးရိုက်ခံရကောင်း ခံရပေမည်။ ဤသည်ကိုတွေးမိ၍ မြခြယ်ပြုံးလေသည်။

"ဘာရယ်တာလဲ"

မောင်သာအောင်က ကွမ်းသီးစိပ်ကို စိတ်မပါဘဲ ပါးစပ်ထဲသွင်းကာ ဒေါင်လိုက်ဝါးနေရာက လှမ်းမေးသည်။

"ဘယ်သူလဲ"

မြခြယ်က မျက်လုံးပင့်၍မေးပြီးနောက် မျက်လွှာချသွား၏။

"ဘယ်သူရမလဲ၊ မြခြယ်ပေါ့။ ကိုယ်ရယ်တာ ကိုယ်မသိဘူးလား"

"မရယ်ပါဘူး"

"ဟုတ်ပါတယ် မရယ်ပါဘူး၊ ပြုံးတာပါ၊ ဘာပြုံးတာလဲ"

"ဒီလိုပဲ ပြုံးစရာရှိလို့"

"အဲဒါကို မသိရဘူးလား"

မြခြယ်ကပြုံးရုံသာပြုံးနေလေသည်။ အိမ်ပေါ်သို့လူတစ်ယောက် တက်လာ၏။ မြခြယ်အပြုံးရပ်သွားသည်။

"ဖိုးအေးပါလားဟေ့။ ကိုင်းထဲက ပြန်လာသလားကွ"

"ဟုတ်တယ်ဗျ။ ပြောင်းပင်တွေခုတ်နေရတယ်"

ဖိုးအေးသည် ခမောက်ကို ရေအိုးစင်တွင် ချိတ်ထားခဲ့ကာ သာအောင်၏ရှေ့သို့ရောက်ပြီး၊ ရေနွေးတစ်ခွက်ငှဲ့သည်။

"ငွှန်ဘက်ရောက်မလားဗျ၊ ဟင်"

"အရင်လထဲကပဲ ပြန်ခဲ့တယ်ကွ။ နောက်တစ်ခါက်သွားကာနီးရင် ငါလာခဲ့မယ်။ မင်းလိုက်ချင်လို့လား"

"အင်း"

ဖိုးအေးသည် အိမ်ရှေ့သို့ လှမ်းကြည့်ပြီးမှ "ဒါတောင်၊ အလုပ်တွေ လက်စသိမ်းမှ လိုက်နိုင်မှာပါဗျာ"ဟု ညည်းညည်းညူညူ ဆိုသည်။

"နင့်ငွှန်ကလည်း သွားရလှချည့်လားဟ။ အရင်လထဲကမှ ပြန်လာတယ်"

လှသွယ်က အိမ်ရှေ့ထွက်လာရင်း ပြောလိုက်သည်။

"ဘယ်က အရင်လထဲကလဲ၊ ဝါဆိုလက သွားတာပါကော။ အခုတန်ခူးလ၊ ဘယ်လောက်ကြာပြီလဲ။ ဒါလား အရင်လ"

"ထားပါတော့လေ၊ ဒါလေးပြောမိတာနဲ့ ဒေါသကြီးဖို့မလိုပါဘူး။ ကဲလာကြ၊ ထမင်းပြင်ပြီးပြီ။ ကိုသာအောင်၊ ထလေ"

ဌွန်သို့သွားရေးနှင့် ပက်သက်လာလျှင် ဒေါသကြီးတတ်သော မောင်ငယ်၏ အကျင့်ကို သိသည့်အလျောက် လှသွယ်က ထပ်မံမပြောဘဲ ထမင်းစားရန်သာပြောသည်။

ဖိုးအေးနှင့် ဧည့်သည်ထမင်းစားနေချိန်တွင် ဒေါ်လှမြတ်သည် ဒေါ်ညိုသင်း ဘေးသို့ ရောက်လာသည်။ အဘွားကြီးနှစ်ယောက်သည် သာအောင်ထိုင်ခဲ့သော နေရာမှ ခြေရင်းတံခါးပေါက်နားရွှေ့လာပြီး ဆေးခံခွက်ကိုယ်စီနှင့် ပြောင်းဖူးဖက်ဆေးလိပ်ကြီးတွေ အငွေ့သားဖွာကာ တစ်ဦးနှင့်တစ်ဦး ကြားရုံကာမျှပြောကြ၏။

"ကုန်စရာတွေကတော့ တစ်သီတစ်သန်းကြီးပဲ မညိုသင်းရေ့"

ဒေါ်လှမြတ်က အညည်းကလေးဖြင့်စလိုက်ရာ

"ညည်းမနေစမ်းပါနဲ့ မလှမြတ်ရယ်။ ကုန်ဖို့အကြောင်းပေါ်လာတဲ့အခါမှာ ကုန်စရာ အသင့်ရှိနေရင်ပဲ တော်လှပါပြီ"

"လှသွယ်ကလည်း၊ ကိုသာဖန် မမိကြီးတို့ ရွှေ့လာမယ့်အပေးဖိတ်မှာ ရောက်လာလိမ့်မယ် ပြောထားတယ်။ ဧည့်ခံဖို့ ဘာဖို့ကရှိသေးတယ်"

"ပွဲစားဆိုတော့လည်း၊ ပွဲစားနဲ့တူအောင် ဧည့်ဝတ်ပြုရမှာပေါ့ မလှမြတ်ရယ်။ ကလေးရဲ့နာမည်က ဘယ်သူ၊ စံအေးဟုတ်လား"

ဒေါ်လှမြတ်လည်း မမှတ်မိပေ။ အိမ်ထဲသို့လှမ်းမေးမှ ကိုသာဖန် မမိကြီး၏သား စံသာ ဖြစ်ကြောင်းသိရသည်။

"အဲ စံသာတဲ့။ ရိုးပုံရိုးပန်းပါပဲ။ မညိုသင်းမြင်ဖူးသားဘဲ"

"မြင်ဖူးပါတယ်"

"လှသွယ်ပြီးရင်၊ အလတ်မကလည်း အခုရောက်နေတဲ့ သူငယ်နဲ့နေရာချပေး ရမယ်။ သူကလည်း သူ့မိဘကို လွှတ်ချင်လှပြီ"

"လွှတ်ချင်လည်း လွှတ်ပါစေတော့လား မလှမြတ်ရယ်။ သူတို့ကျေနပ်အောင် ပြောလိုက်ပါ။ လွှတ်သာလွှတ်လိုက်လို့"

"ဟုတ်ပါတယ်၊ ဒီအတိုင်းပြောရမှာပဲ၊ ကိုယ်က မိန်းကလေးရှင်မို့ သိပ်ပြီး ကုန်ရကျရမှာ မဟုတ်ပါဘူး၊ အငယ်ကောင်ကျမှ အချီကြီးကုန်ရမှာ ရင်လေးလိုက်ပါဘိ မညိုသင်းရယ်"

ဒေါ်လှမြတ်၏ အညည်းမှာ ခြူသံပါလှလေသည်။

"ဒီသူငယ်နှယ် ဝေးဝေးလံလံ ဌွန်သူကိုမှ သွားကြိုက်ရတယ်လို့"

"ဘုရားကြီးဘုရားပွဲမှာ တွေ့တာတဲ့ မညိုသင်းရဲ့၊ အပြောအဆိုသွားရမှာက တစ်ခေါက်၊ အပြန်တစ်ခေါက်၊ အတောင်းအရမ်းသွားရမှာက တစ်ခေါက်၊ ပြန်လာပြန်တော့

တစ်ခေါက်''

''ပွဲချိန်တန် ပွဲမှာပေါ့ မလှမြတ်ရယ် ညည်းမနေစမ်းပါနဲ့၊ ကိုယ်ကဘာပြုလို့မွေးထားလဲ''

ဒေါ်ညိုသင်းက ဝေါက်ဆတ်ဆတ်ပြောသောအခါ ဒေါ်လှမြတ်က ပြုံးရယ်လိုက်ပြီး

''မညိုသင်းလည်း မွေးတာပါပဲရှင်၊ ကျွန်မလိုမဖြစ်ပါဘူး''

''အမယ်လေး၊ သူတို့ကလည်း သူတို့အပူနဲ့တစ်ဒုက္ခ။ မိုးကောင်းဆိုရင် ဇီးကုန်းမှာကျန်ခဲ့တဲ့ ခင်သစ်ကိုလည်းမပြတ်၊ ဒီက မိမွေးလေးနဲ့လည်းခင်နဲ့ တငေးငေး တငိုင်ငိုင်''

ထိုအခါ ဒေါ်လှမြတ်မှာ ကြားထဲမှ သက်ပြင်းရှိုက်မိလေသည်။ ဒေါ်ညိုသင်းမှာ မပြီးသေး။

''သူ့ဒုက္ခကလည်း ဒါနဲ့မပြီးသေးဘူး မလှမြတ်ရေ့၊ မိမွေးလေးကိုယူမယ်ဆိုရင်ဖြစ်တယ်၊ မိမွေးကလည်း ခင်တယ်။ ခက်တာက တူကလေးတွေနဲ့ မရီးကိုငဲ့နေတာဘဲ မလှမြတ်ရဲ့''

''နို့၊ သားပြုချင်ပြု၊ ကလေးတွေလည်း ကြီးလာပြီ ပြောပါတော့လား မညိုသင်းရဲ့''

''ပြောပါတယ် သုံးခါလားမသိဘူး။ တော်ကြာ ငါ့ကိုအိမ်ထောင်အပြုခိုင်းနေတာဟာ အဘွားကြီးသေကာနီးမှ လင်ယူချင်လို့လားနဲ့ မကောင်းထင်မှာ ကြောက်ရသေးတယ်''

''ဟုတ်သားပဲ ကိုဖိုးထင်ကလည်း မုဆိုးဖို၊ ဦးစံလှဘော်ကလည်း အိမ်ထောင်မရှိ''

''ကိုယ်ယူပါလား''

ဒေါ်ညိုသင်းက ပြုံးပြုံးကြီးတွန်းလိုက်ရာ ပြုံးပြုံးကြီးဖြစ်လျက် ဒေါ်လှမြတ်ဖင်ထိုင်ကျသွား၏။

''ကိုယ့်သမီးလေးကကော''

ဒေါ်လှမြတ်က ဣန္ဒြေဆယ်ရင်း ဆက်မေးသည်။

''ပန်းယဉ်လား၊ အင်းသူကလည်း မအေကိုငဲ့၊ ယောက်မနဲ့ တူလေးတွေကိုငဲ့နေရှာတယ် ထင်ပါရဲ့။ ကိုသာကျော် မဝက်တို့ရဲ့သားနဲ့ ခင်မင်နေကြတယ်လို့ ထားအိကတော့ ပြောတာပဲ''

"သမီးမိန်းကလေးဆိုတော့ မပေါ့နဲ့ မညှိသင်းရေ့၊ အလိုက်တသိနဲ့သာ နေရာ ချပေးလိုက်"

မိသားစုနှစ်စုမှာ သားရေးသမီးရေးနှင့် ခေါင်းပူရသလောက် ယင်းပြဿနာအတွက် လှုပ်ရှားအလုပ်များနေကြသည်။ တစ်ရွာလုံးမှာလည်း လှသွယ်၏ မင်္ဂလာသတင်းကို တီးတိုးပြောစပြုနေပြီ။

မောင်မိုးကောင်းမှာ မရီးနှင့် ကလေးများအပေါ် တွယ်တာလွန်းသည်ဟု လူကြီးများ ပြောလျှင်လည်း ပြောလောက်၏။ မိခင်ရင်း မထားအိက မပူသော်လည်း သူကမူ မြို့ပေါ် လောကဓာတ်ကျောင်းမှ ပြန်လာမည့် အငယ်ဆုံးတူ စိန်မင်းသားကို ကိုင်းကြားလှည်းလမ်းမှ ညနေတိုင်း စောင့်ကြိုရသည်မှာ အမော။

သူတို့ရွာမှာ ထိုအချိန်ကမြို့နှင့် တစ်ဆက်တည်းရှိသည်။ ရေကြီးသည့်အခါနှင့် ရေကျစတွင်သာ လှေကိုအသုံးပြုရ၏။

နေလုံးသည် ရွာမ၏အနောက်ဘက်သို့ ဆင်းသွားလေပြီ။ အနောက်မိုးကုတ်စက်ဝိုင်းခြမ်းသည် နီမြန်းလာ၏။ တစ်ပြင်တည်းပိန်းနေသော အရောက်ပျော့သွားသည်နှင့်အမျှ တိမ်ကျွန်းကလေးများ၊ တိမ်ကွက်တိမ်မျှင်များ ပေါ်လာသည်။

စိန်မင်းသားနှင့် ကြမ်းတောမတို့သည် ဤလမ်းအတိုင်း၊ ဤအချိန်တွင် ရောက်လာလေ့ရှိ၏။ ယနေ့သော် မရောက်လာသေးသည့်အတွက် မောင်မိုးကောင်း လည်ပင်းရှည်နေသည်။ လွယ်အိတ်ကလေးတွေကိုယ်စီနှင့် ကလေးနှစ်ယောက်အစား လှည်းယဉ်တစ်စီးသာ ဖုံတစ်လုံးလုံးနှင့် ဒုန်းချလာ၏။

မောင်မိုးကောင်းသည် လှည်းပေါ်သို့ စိတ်စောစွာ မျှော်ကြည့်သည်။ လှည်းကြုံနှင့် ကလေးတွေ ပါလာလေမလားဟု။ လှည်းပေါ်တွင် ကလေးများ ပါမလာ။ ကျပ်ကျပ်တည်းတည်းနှင့် ယောကျ်ားသုံးယောက်သာ ပါလာသည်။

"ဟ၊ သားကြီးရ ကြိတ်လိုက်ပါလားကွ"

လှည်းသမားကား သူကြီးသားဘအောင်ဖြစ်ချေ၏။ ခေါင်းပေါင်းများ ဖရိုဖရဲ ပြေကျနေကြသည်။ မူး၍ပဲလား၊ လှည်းဆောင့်၍ပဲလား။

"အောင်မာ၊ ဒီအောက်သားက ဘာရပ်လုပ်နေတာလဲ"

လှည်းယာဉ်သည် မောင်မိုးကောင်းဘေးမှ ဖြတ်သွားစဉ်၊ မောင်ဘအောင်က နှင်တံနှင့် လှမ်းရိုက်လိုက်ရာ၊ မောင်မိုးကောင်းက ငုံ့ရှောင်ပေးလိုက်ရသည်။

မောင်မိုးကောင်း၏ မျက်လုံးမှာ မီးဝင်းဝင်းတောက်လာရတော့သည်။ သို့သော် သူသည် လှည်းနောက်သို့လည်း ပြေးမလိုက်နိုင်ချေ။ ဖုံလုံးကြီးကိုသာ အံကြိတ်၍ကြည့်

နေမိလေ၏။

ဖုံလုံးကြီးတဖြည်းဖြည်းကျသွားလျှင် ''ဟ ဟဲ့''ဟူသော အသံနှင့်အတူ ခလောက်သံပေးလျက် လှည်းယာဉ်တစ်စီး ဖုံလုံးထဲမှ ထွက်လာပြန်သည်။ မောင်ဘအောင်၏ လှည်းယာဉ်ပင်ဖြစ်၏။ မောင်မိုးကောင်းက သည်တစ်ခါနှင်တံနှင့်စလျှင် မိအောင် ဖမ်းရန်ဟန်ပြင်ထားသည်။ လှည်းယာဉ်က သူ့ရှေ့တွင် ထိုးရပ်လာကာ

''ဟေ့အောက်သား ငါ့ကိုဆဲသလား''

လှည်းပေါ်မှ မောင်ဘအောင် ဆင်းလာ၏။ အဖော်နှစ်ယောက်လည်း ဆင်းလာသည်။ အားလုံး ယိုင်တိယိုင်ထိုးနှင့်၊ သိုင်းကွက်နင်းလျှက်။

''မင်း ငါ့ကိုဆဲသလား''

''မဆဲပါလားကွ''

''အေး ဟဲဟဲ၊ ငါက ဆဲတယ်ထင်လို့''

မောင်ဘအောင်က ဖုံလုံးများထလာအောင် ကသောင်းကနင်းလုပ်လျက်၊ မောင်မိုးကောင်းရှေ့သို့ ရောက်လာရာ၊ မောင်မိုးကောင်းသည် ထိုသူ၏မေးကိုမှန်း၍ ဒူးနှင့် ခုန်တိုက်လိုက်လေ၏။

''အမယ်လေးဗျ''

''အဲဒါ ငါ့ကို နှင်တံနဲ့ရိုက်သွားတဲ့အတွက်ပဲဟေ့''

မောင်ဘအောင် ပက်လက်ကြီး လဲကျသွားလျှင်၊ မောင်ဘအောင်၏အဖော်နှစ်ယောက်မှာ မောင်ဘအောင်ကို ထူရမလို၊ မောင်မိုးကောင်းအား ရန်ပြုရမလိုဖြစ်နေသည်။

''မဆိုင်တဲ့လူ မရှုပ်နဲ့။ ငါ့ကိုမထိရင် ဘယ်သူနဲ့မှ ရန်မဖြစ်ချင်ဘူး''

သူတို့မှာလည်း လဲလုလု မူးနေကြရာ၊ အဖော်ကို ကောက်ယူသွားခြင်းက သာကောင်းသည်ဟု အမူးသမားများသဘောပေါက်သွားကြသည်။

မောင်မိုးကောင်းမှာ မောင်ဘအောင်၏ လှည်းကွယ်သွားသည့်တိုင်အောင် ဒေါသမပြယ်ဘဲရှိနေသေး၏။ ဒေါသလျှော့ပါးစတွင်၊ ငါလုပ်တာ မှားများမှားသလားဟု တွေးစပြုသည်။ ထိုစဉ်တွင် လွယ်အိတ်ကိုယ်စီလွယ်ထားသော ကလေးနှစ်ယောက်ကို တစ်ခုသော အခင်းကွေ့တွင် လှမ်းမြင်ရ၏။ မုန်တိုင်းငြိမ်၍ မီးငြိမ်းချေတော့၏။

## ခြောက်

ပေါင်ကတောင့်တင်း၍၊ ခြေသလုံးကိုက်လာ၏။ မောင်မိုးကောင်းသည် တစ်ချက်မညည်းညူဘဲ ထိပ်တုံးကိုသာ အသဲအမဲစိုက်ကြည့်နေသည်။ မောင်ဘအောင်သည် သူ့ရှေ့မှ အခေါက်ခေါက်အခါခါ ဖြတ်သန်းသွားနေသော်လည်း၊ မောင်မိုးကောင်း မမြင်ချေ။ သူသည်မည်သူ့ကိုမျှ မမြင်သည့်နည်းတူ၊ မြင်လည်းမမြင်လိုပေ။

“နိုင်တုန်းမှာ လုပ်ကြဦးပေါ့”ဟုစိတ်ထဲမှာ တေးထားမိသည်။

မိခင်ဒေါ်ညိုသင်း၏ အသံသည် နားထဲသို့ ဝင်လာ၏။

“သူကြီးမင်းရယ်၊ ရပ်ခွေရပ်မျိုးချင်းပါရှင်။ ကျွန်မတို့ဒီရွာကို ရောက်ကတည်းက မလိမ်မမှာရင် တူလို သားလိုဆုံးမပါလို့ အပ်ထားပါတယ်”

ဒေါ်ညိုသင်းသည် မြေပြင်ပေါ်၌ ပြားပြားချထိုင်ကာ၊ သူကြီးအား အသနားခံသော မျက်လုံးများဖြင့် ကြည့်နေသည်။ မထားအိမှာလည်း ပြောစရာစကား ရှာမတွေ့ဘိသို့ရှိ၏။

သူကြီးသည် ကုလားထိုင်ပေါ်၌ နေရာပြင်ထိုင်သည်။ ကုလားထိုင်က ကျိုးကျိုးကျွဲကျွဲမြည်ကာ လှုပ်နှဲ့သွား၏။ သူတစ်ကြိမ်လှုပ်ရှားခြင်းကို ဒေါ်ညိုသင်းနှင့် မထားအိတို့က ကြာသည်ထင်၏။ သူကြီးနှုတ်မှ ထွက်လာမည့် စကားသံကို ကြားချင်အားကြီးနေသည်။

“ဆုံးမတယ်ဆိုတာ၊ ရပ်ထဲရွာထဲမှာ ဟော့ဟော့ရမ်းရမ်းလုပ်နေမှ ခေါ်ခက်ပြီး

ဟဲ့မတော်ဘူး မပြဘူး၊ တူလိုသားလို ဆုံးမလို့ရမှာပေါ့ဗျ''

''ယခုဥစ္စာလည်း ဆုံးမရင်ရပါတယ်ရှင်''

''တော်စမ်းပါဗျာ''

သူကြီးက ခပ်ထန်ထန် ငေါက်လေသည်။

''ပြည်ပိုင်အစိုးရမင်းများက ဇီးကပ်ကို ထုတစ်ထောင်ရှိအောင် ကပ်ရမယ် အမိန့်ထုတ်ထားတာကို မလိုက်နာတာဟာ ပြည်ပိုင်အစိုးရမင်းကို ပုန်ကန်တာ သူပုန်မှုဗျ''

ဒေါ်ညိုသင်းမှာ အမယ်လေးအော်မိမတတ် ဖြစ်သွားကာ၊ မထားအိအား မျက်စိမျက်နှာပျက်လျက် လှည့်ကြည့်မိသည်။ သူပုန်ဆိုသောစကားလုံးကို ကြားရသောအခါ မထားအိ ရင်တထိတ်ထိတ်ခုန်လာလေ၏။ သူတို့သည် အတန်ကြာအောင် အာစေးထည့်ခံရသူလိုဖြစ်နေပြီးမှ ဒေါ်ညိုသင်းက ခြောက်ကပ်စွာပြောသည်။

''နောင်ကို ဒီလိုမဖြစ်အောင် ကျွန်မတာဝန်ယူပါတယ် သူကြီးမင်းရယ်။ အခုလည်း သားလေးလွတ်လွတ်ချင်း ဇီးကပ်ကို အပြင်ခိုင်းပါ့မယ်''

''ဟုတ်ပါတယ် သူကြီးမင်းရယ်။ ကျွန်မ ဦးခိုက်ရှိခိုးပါတယ်။ ကျွန်မ မောင်ကလေး မသိနားမလည်လို့ ဖြစ်ရတာကို တောင်းပန်ပါတယ်''

''မင်းမျက်ရင်၊ ရှေးတုန်းကဆိုရင် အသက်တောင်သေသတဲ့ဟ။ နင်တို့က ပေါ့ပေါ့ကလေးမှတ်နေသလား''

သူကြီးမင်း ဦးချစ်ပိုသည် စကားကိုဖြတ်၍ အိမ်ဝိုင်းဝမှ ဝင်လာသော လူတစ်အုပ်ကို လှမ်းကြည့်လိုက်လေသည်။

ဝင်လာသူများအနက် ဦးစံလှဘော်က ထိပ်ဆုံးမှဖြစ်၏။ ထိုသည့်နောက်တွင် ကား ကိုဖေကြည် မပဲသာနှင့် ကလေးသုံးယောက်၊ ကိုသာကျော် ဦးဖိုးထင် ဒေါ်လှမြတ်နှင့် သမီးနှစ်ယောက်တို့ဖြစ်ကာ ကိုဖေကြည်က ''သူကြီးရဲ့ ဇီးကပ်ကို တစ်ထောင့်ထွာ တိတိထုအောင် ကျွန်တော်ကပ်ခဲ့ပြီးပြီ၊ မယုံရင်သွားကြည့်''ဟု မာရေကြောရေပြောသည်။

''ဒါသူကြီးအိမ်ဟေ့ မောင်ဖေကြည် စကားကောင်းကောင်းပြောကွာ''

သူကြီးက ခပ်ဆတ်ဆတ်စကားပြန်လိုက်ရာ''ငါ့လခွေးတဲ့မှပဲ''ဟု ဦးစံလှဘော်က စကားချီလာလေတော့၏။

''မင်း၊ သူကြီးမှန်းသိပါတယ်ကွ ချစ်ပိုရ၊ ငါ့လခွေးတဲ့မှပဲ၊ သူကြီးဆိုတာ ရွာမိရွာဖမှန်းလည်း သိကြပါတယ်ကွ။ မင်းဇီးကပ်ဟာ ကပ်တုန်းကတော့ တစ်ထောင်ပဲ ပေါ့ကွ။ စိုရာကခြောက်သွားတော့ ကျုံ့ပြီးပြားကပ်သွားတာပေါ့ကွ။ မင့်ဟာက အခုတော့''

''တော်ပါတော့ ဦးစံလှဘော်ရယ်''

ဒေါ်လှမြတ်က ဇွတ်တောင်းပန်ပြီး ပါးစပ်ပိတ်ခိုင်းကာ၊ သူကြီးအား ပြောသည်။

"မလိမ္မာလို့ ဆုံးမတယ်ပဲသဘောထားပါတယ် သူကြီးရယ်။ မလိမ္မာတစ်ခါ မိုက်စမြဲမို့၊ ဒီတစ်ခါတော့ ချမ်းသာပေးပါရှင်။ တောင်းပန်ပါတယ်"

"ကိုင်း တစ်ယောက်လာစမ်းဟေ့။ ထိပ်တုံးက သော့ကိုဖြုတ်ပေးစမ်း"

သူကြီးက အိမ်ပေါ်သို့ လှမ်းအော်လိုက်သည်တွင် ဦးစံလှဘော်က

"ဟေ့မောင်ချစ်ပိုရ။ ရွာမိရွာဖနဲ့ အလားတူတဲ့သူကြီးဆိုတာမျိုးဟာ၊ ကြီးတဲ့အမှုကို ငယ်အောင်၊ ငယ်တဲ့အမှုကို ပပျောက်ကျေအေးအောင် လုပ်ရတာကွ။ ငယ်တဲ့အမှုကိုကြီးအောင်၊ ကြီးတဲ့အမှုကို သောက်ကျိုးနည်းအောင်လုပ်တာဟာ"ဟု မပြီးနိုင်မစီးနိုင်ပြောနေတော့ရာ

"လာပါအဘရာ"ဆိုကာ ကိုဖေကြည်က ဆွဲခေါ်လာခဲ့ရလေသည်။ မောင်မိုးကောင်းကား အံကြိတ်လျက် ခေါင်းငုံ့လိုက်ပါလာချေ၏။

ဦးစံလှဘော်သည် လူငယ်များက တောင်းပန်ဆွဲခေါ်၍ လိုက်ပါလာရပေမယ့် တက်တခေါက်ခေါက်ရှိသည်။ "ငါ့မျက်စိအောက်တွင်ကြီးလာတဲ့ နခိုးကများ"စသည် "ဘယ်သူနဲ့ရမှန်းမသိတဲ့ကောင်က၊ သူ့အမေသူကြီးမယားငယ်ဖြစ်လို့ သူကြီးဖြစ်လာရတာ"စသည် မကျေမချမ်းမြည်တွန်လာရာ၊ သူ့အိမ်ပေါ်တွင်ရောက်နေသော ဧည့်သည်တစ်ယောက်ကိုလှမ်းမြင်သောအခါ ဒေါသစဲသွားပြီး၊ ရေးကြီးသုတ်ပျာပြော၏။

"ဟဲ့ဘယ်က ဧည့်သည်လဲကွ၊ နင်တို့မြင်ဖူးသလား ကြည့်ကြစမ်းပါဦး"

"ပွဲစားကြီးအိမ်က လာနေကျ ဧည့်သည်ပါ အဘရဲ့"ဟု စိန်ခင်က ပြောသည်။

"ဟေ ဘာများအရေးကြီးပါလိမ့်"ဆိုကာ ခွဲထွက်သွားလေ၏။

ပွဲစားကြီးဆိုသည်မှာ ဒေါ်လှမြတ်တို့အမျိုး ဦးမြသိန်းဖြစ်ပေ၏။ ပွဲစားကြီးအိမ်တွင် ဘုရားကိုးဆူဆွမ်းကပ်ရာတွင် ဦးစံလှဘော်သည် ခြေသည်းလက်သည်းအဖြစ် ပါရမည်။ ဝိတ်ဒင်္ဂါးလုပ်သင့်လည်းလုပ်ရမည်။

ဦးစံလှဘော်ထံ သတင်းရောက်လျှင် ဒေါ်ညိုသင်း ဒေါ်လှမြတ်တို့ထံ ထိုသတင်းရောက်ပြီးဖြစ်တော့သည်။

ထို့ကြောင့် နောက်တစ်နေ့နံနက်တွင် ဆီပုံးများ၊ မြေပဲဆန်၊ ပဲကြီးစသည်များလှည်းနှင့်တင်၍ ဦးစံလှဘော်ခေါင်းဆောင်ကာ ပန်းယဉ်၊ မောင်မိုး ကောင်း၊ လှသွယ်၊ မြခြယ်တို့ မြို့ပေါ်တက်သွားကြလေ၏။

မောင်မိုးကောင်းတို့ပြန်မရောက်မီ ညတွင် မောင်ဘအောင်ရွာထဲရမ်းကားသည်။

"ဟေ့၊ ကိုယ့်ရွာသားချင်း မတူဘူး မတန်ဘူးထင်တဲ့ကောင်မတွေ၊ မင်္ဂလာ

ကြေး တစ်ထောင်ဟေ့။ တစ်ထောင်ဆို တစ်ထောင်ပဲ၊ ဒင်္ဂါးအ အပါရင်လက်မခံဘူး။ ဟင်း ကြိုက်စရာလင် ရှားလို့ဗျာ''

ဤသို့လျှင် မောင်ဘအောင် ရှာရှီးလျှောက်အော်သည်။

''တစ်ထောင်မပေးနိုင်ရင်၊ ငှက်ပျောတုံး ဖက်ပြီးသေကြ။ ကြွားက ဖြတ်စား လျှပ်စားလုပ်ရင်၊ အိမ်အပြိုပဲ။ ဘအောင်တဲ့ဟေ့''

လယ်လုပ်လက်စား ဆင်းရဲသားကို မင်္ဂလာကြေးတစ်ထောင်ပေးရမည် ဟိန်းခြင်းသည်လည်းကောင်း၊ အခြားစကားလုံးများသည်လည်းကောင်း၊ ကျေနပ်သည်းခံဖွယ်ရာစကားမဟုတ်ပါ။

ဒေါ်လှမြတ်သည် မောင်ဘအောင်အား တစ်ခွန်းမျှထွက်၍ မဟာန့်တားနိုင်။ သားဖြစ်သူ ဖိုးအေးအား ဆွဲထားရ၊ မာန်မဲဆဲဆိုနေရသည်နှင့် ချွေးတစ်လုံးလုံး ကျနေတော့၏။ မထားအိသည်လည်း ကလေးနှစ်ယောက်နှင့် ယောက္ခမကိုထားခဲ့ကာ၊ ထိန်ဝင်းကိုအဖော်ခေါ်၍ ပြေးလာသည်။

''သားနော်၊ ဘာမှဝင်မပြောနဲ့။ အစ်မတို့ ပြောမယ်ဟုတ်လား''

လမ်းတစ်လျှောက်လုံးလည်း သားဖြစ်သူကို ကြိုတင်ထိန်းသိမ်းလာရ၏။

ဒေါ်လှမြတ်၏အိမ်ပေါ်တွင် ဖိုးအေးသည် ငှက်ကြီးတောင်ဓားကို ကိုင်လျက် မိခင်၏လက်မှ ရုန်းကန်နေသည်။ ဒေါ်လှမြတ်ကလည်း ဆဲဆို၍တစ်ဖုံ တောင်းပန်၍ တစ်နည်း တားဆီးနေ၏။

''လွှတ်စမ်းပါအမေရာ၊ သူသေကိုယ်သေ၊ သေစမ်းပါစေ''

''မောင်လေး၊ အစ်မအိပြောမယ်။ ဓားချလိုက်စမ်း၊ အစ်မအိစကားကို အမြဲတန်းနားထောင်ခဲ့လို့ ငါ့မောင်ကလေးလိမ္မာတယ်ထင်လို့ လူတစ်ကာကို ပြောရတယ်။ ပေးစမ်း၊ အစ်မအိကိုဓားပေး''

မထားအိသည် ဖိုးအေး၏လက်ထဲမှ ဓားကိုအရယူလိုက်သည်။

''ချွေးလေးခုန်လို့ ဖုံထရီးမရှိဘူး မောင်ရဲ့။ အရေးလုပ်လို့ကွယ်''

''ချွေးလေးမဟုတ်ဘူးအစ်မအိရဲ့၊ ချွေးချွေး အိမ်ရှေ့လာဟောင်တဲ့ ချွေးကိုဓားနဲ့ ထွက်ခုတ်ရမယ်''

''ဘာဖြစ်ကြတာလဲ၊ ဘာလဲ''ဟူ၍ ဒရောသောပါး မေးသံများဖြင့် ကိုပေါ်လာ၊ ကိုဖေကြည်တို့ အိမ်ပေါ်သို့ပြေးတက်လာ၏။

''သက်သက်အိမ်ရှေ့လာပြီး စော်ကားသွားတာဗျ။ သေတစ်နေ့မွေးတစ်နေ့၊ သူလည်းအသက်တစ်ချောင်းပါဗျာ ဟင်း''

"အေးကွ။ ငါလည်း မင်္ဂလာကြေးတစ်ထောင်ပေးရမယ်ဆိုတာတော့ ကြား လိုက်တယ်"ဟူသော အသံနှင့် ကိုလုံးလည်း ပြေးတက်လာပြန်သည်။ ဒေါ်လှမြတ်က မောင်ဘအောင်အော်ဟစ်သွားပုံများကို ပြန်လည်ပြောပြ၏။

"မိုးကောင်းမြို့ထဲသွားနေလို့သာပေါ့၊ နို့မို့ရင် ဒီကောင်သေပြီ။ မိုးကောင်းက တော့လျှင်တယ်၊ တစ်လောကပဲ သုံးယောက်နဲ့တစ်ယောက်ချတာ၊ ဘအောင်နှာနုပ် ယူရပါကလား"

ကိုဖေကြည်က အားပါးတရပြောသည်။ မထားအိက "ကျွန်မတို့ မသိပေါင်" ဟုဆိုရာ

"နင် ဘယ်သိမလဲဟ။ ထိပ်တုံးကလွတ်လာတဲ့ နေ့တုန်းကလည်း ငါ့ညီ ရန်ကို ရန်ချင်းမတွေ့နှင်းနဲ့။ သူတို့က အာဏာရှိတယ်ပြောနေတဲ့ကြားထဲက ရိုးဆိပ်မှာ ရေထမ်း ထမ်းပိုးနဲ့ ဆွဲရိုက်တာ ဘအောင်ရေထဲမှာ ကားကားကြီး၊ ဝိုင်းဆွဲလို့ပေါ့ မဆွဲရင်သေတယ်"

"မိုးကောင်းကတော့ မြန်လွန်းပါတယ် ဖေကြည်ရာ"

ကိုပေါ်လာက ညည်း၍ မထားအိကပင်မေး၏။

"ဘအောင်က ဘာလုပ်လို့လဲ"

"ရေခပ်ဆိပ်မှာ လူစည်နေတုန်းကြီးမှာလေ ဆောင့်ကြွားကြွားမလုပ်နဲ့ဟေ့၊ ထိပ်တုံးစာမိသွားမယ်၊ ထိပ်တုံးထဲကလွတ်စလူများ သတိကြပ်ကြပ်ထားပါဆိုတော့ ဝုန်းခနဲ ထရိုက်တာပေါ့လဟ"

"ဆွဲပြုထားလိုက်ပါလားဟယ်"ဟု ဒေါ်လှမြတ်က ညည်းသည်။ "သဘော ကျလိုက်တာဗျာ"ဟု ထိန်ဝင်းက ချီးကျူးသည်။

"ဘယ်လိုလုပ်ပြီး ကျုပ်ကဆွဲရမှာလဲဗျ၊ သမီးတွေပြောလို့ သိတာ၊ သမီးတွေ ကလည်း ဘာကြောင့်ပြောသလဲဆိုရင် ရေမှုတ်ကွဲလာလို့၊ ဘာကြောင့်ကွဲသလဲစစ်ရာက ပေါ်လာတာ၊ သူတို့ညီအစ်မသုံးယောက်နဲ့ မိမွေးက ရေမှုတ်နဲ့ ဝိုင်းရိုက်ကြသတဲ့ဗျ"

"ကိုင်း ကိုင်း ပြီးတာ ပြီးပါစေတော့။ အခုဥစ္စာတော့ သည်းခံနေလို့မဖြစ်ဘူး၊ ကိုယ့်ဘက်ကတာဝန်မရှိအောင် သူ့အဖေကို သွားတိုင်ထားမှ"

ကိုလုံးက အကြံပေးသည်။

"ကြိုက်စရာလင်ရှားလို့ ဆိုတာတို့၊ ငှက်ပျောတုံးဖက်အိပ်ရမယ်တို့ဆိုတာဟာ စော်ကားတာပဲ။ ကောင်းတယ် ကိုလုံးပြောတာကောင်းတယ်"

သူတို့သည် ညတွင်းချင်း သူကြီးထံ တိုင်ကြားကြ၏။ ရွာသူကြီးအနေနှင့်ရော၊ မောင်ဘအောင်၏အဖေအဖြစ်နှင့်ပါ တိုင်တန်းကြခြင်းဖြစ်သည်။ သူကြီးထံမှ အဖြေသည်

ကျေနပ်စရာမရှိ။

သူကြီးဦးချစ်ပိုသည် သားဘက်မှ ခပ်ပင်းပင်း ပြောသည်။ ပုဂ္ဂိုလ်ရေး အာဃာတကို ထုံးခလေ့နှင့် ရောပစ်၏။

မည်သို့ပင်ဖြစ်စေကာမူ၊ သွားရောက် တိုင်ကြားသူများကမူ မိမိတို့ဖက်မှ တာဝန်ကျေပြီဟုယူဆကာ မကျေမချမ်းဖြင့်ပင် ပြန်လာကြလေသည်။

ဤသတင်းကို မောင်မိုးကောင်းမသိအောင် ဖုံးဖိထားကြ၏။ မိမွေးကိုလည်း အသေအချာမှာထားကြသည်။ သို့သော် သုံးရက်အကြာတွင် အခြားရွာသားတစ်ယောက်ထံမှ ပေါက်ကြား၍ မောင်မိုးကောင်းသိသွား၏။

ထိုရွာသား၏ ပဲမှော်များကို သူကြီးနွားက ဝင်စားရာတွင် ရွာသားကခဲဖြင့် ပစ်၍ ခြောက်လှန့်ရာ ချိုကြားကို ထိသွား၏။ ယင်းသည်ကို တမင်သေအောင်ပစ်ပါသည်ဟု မောင်ဘအောင်က စွပ်စွဲကာ ဆဲရေးရာမှ ခိုက်ရန်ဖြစ်ပွားသည်။

ထိုရွာသားမှာ မောင်ဘအောင်ကိုကြောက်သည့်အတွက် "မိုးကောင်းလိုအကောင်မျိုးကျတော့ ချီးချမ်းအောင် ကြောက်တယ်မဟုတ်လား။ ရွာထဲဝင်ရမ်းတာတောင် မိုးကောင်းမရှိတုန်းမှ ရမ်းရဲတဲ့ကောင်" စသည်ဖြင့် မခံချည့်မခံသာမျှပြောရဲ၏။

ဤစကားစုကို စုံစမ်းသောအခါ တစ်ဆွေလုံးတစ်မျိုးလုံး ဖုံးထားသောကိစ္စကို မောင်မိုးကောင်းသိလေ၏။ သို့သော်ငြား မောင်မိုးကောင်းက မသိဟန်ဆောင်နေခဲ့သည်။

သည်အတောအတွင်း၌ လှသွယ်၏မင်္ဂလာဆောင်ကိစ္စမှာ ရွှေ့ဆိုင်း၍မရတော့ချေ။ စံသာ၏မိဘများက မင်္ဂလာကြေးတစ်ထောင်ပဲပေးရပေးရ ပေးမည်။ မင်္ဂလာကြေးတစ်ထောင်ပေးရသော မိမိတို့ချွေးမသည် မင်္ဂလာကြေးတစ်ထောင် တောင်းသင့်သော မိန်းကလေးဖြစ်သည်ဆိုကာ ဂုဏ်ပင်ယူဦးမည်ဟု အတိုက်အခိုက်မရှိသော စကားလုံးကို ဆို၍ စီမံစိုင်းပြင်းလေ၏။

ဤသို့သော လိုက်လျောမှုမျိုးကို မောင်ဘအောင်တို့အလိုမရှိချေ။ မင်္ဂလာကြေးအတွက် ပြောကြဆိုကြသောအခါ မောင်ဘအောင် မလာသည့်အတွက် သင့်တင့်လျောက်ပတ်သော နှုန်းအဖြစ် ၂၀၀သာသတ်မှတ်ကျေနပ်ကြလေ၏။

ဤအခါကျမှ မောင်ဘအောင် တစ်စခန်းထ၍ တိုးတိုးတိတ်တိတ် လှုပ်ရှားစတော့သည်။ ဤမျှနည်းပါးသော မင်္ဂလာကြေးကို လက်ခံခြင်းကြောင့် ရွာ၏ဂုဏ်ကိုသိမ်ငယ်စေသည်။ သူတို့သမီးအိမ် ခဲမိုးရွာ၍ ဖြိုပြစ်မှသာ ဂုဏ်ရှိတော့မည်ဟုဆို၏။

မောင်မိုးကောင်းသည် မောင်ဘအောင်၏အစီအစဉ်များကို တစ်ခုမကျန်သိထားသည်။ လှသွယ်၏မင်္ဂလာဆောင်နေ့၌ သူသည် မောင်ဘအောင်၏အကြံကိုဖျက်လိမ့်မည်။

သို့သော် မောင်မိုးကောင်းမှာ ထိုညတွင် သူကြီးကင်းကျသည်။ သူကြီးအိမ်ကို တစ်ညလုံး လှည့်ပတ်စောင့်ရှောက်ရ၍ သူကြီးကိစ္စပေါ်လာလျှင် ညကြီးမင်းကြီး မရှောင် ဆောင်ရွက်သွားရသည်ကို သူကြီးကင်းခေါ်၏။ ယနေ့ည သူကြီးကင်းစောင့်ရန် မောင် မိုးကောင်း၏အလှည့်မဟုတ်ပေမယ့်၊ မောင်မိုးကောင်း စောဒကမတက်ချေ။

မောင်ဘအောင်နှင့် အဖော်တစ်စုသည် ခဲမပေါက်မီ၊ ငပြိုင်၏ ကိုင်းတဲတွင် အရက်သောက်ကြသည်။ ဝဖီးနေသော ကြက်မကြီးနှစ်ကောင်ကို ချက်ထား၏။ အဝအပြဲ စားသောက်ပြီး ခဲပေါက်ကာခဲဖမ်းသူလာလျှင် ထွက်မပြေးဘဲ ဓားနှင့် ဆီးခုတ်ရန်ပါ စီစဉ်ကြသော်လည်း သတို့သမီးအိမ်ပေါ်သို့ ထိုညတွင်ခဲတစ်လုံးမျှမကျချေ။

မောင်ဘအောင် နပ်ပစ်ခံရရုံမက အရက်လုံးလုံး ကွဲရချေသည်။ သူသည် ဆေးခြောက်အခပ်ခံရ၏။ အရက်အမူးလွန်သွား၏။ နောက်တစ်နေ့ နံနက်တွင် တစ်ရွာလုံး ရေခပ်သောရိုးဆိပ်၌ မောင်ဘအောင်တစ်ယောက် အဝတ်မပါဘဲ အိပ်ပျော်နေသည်ကို ရေခပ်သူများတွေ့ကြရသည်။ သည်မျှသာဆိုလျှင် တော်သေး၏။ မောင်ဘအောင်မှာ ရဟန်းမဝတ်ဘဲ သျှောင်တစ်လုံးအဆုံးခံလိုက်ရသည့်အပြင် ခြေဆုံးခေါင်းဆုံး မစင်ထူထူ လိမ်းကျံထားခြင်း ခံလိုက်ရချေသေးသည်။

အပေါင်းပါ မူးအိပ်နေသူများမှာ ရွာမှပျောက်နေကြ၏။ အစသော် အပေါင်းပါ များကို မောင်ဘအောင် အထင်လွဲကာ ဓားကြိမ်းကြိမ်းသည်။ သုံးရက်ကြာမှ အရေလည်၏။

အပေါင်းများမှာ မစင်အလိမ်းမခံရစေကာမူ ခေါင်းတုံးအတုံးခံရသည်။ အာဂန္တု လှေတစ်စင်းဖြင့် မျှောချခံရရာ မြစ်ခြေကျမှသိရ၏။ သူတို့လည်း အဝတ်ချွတ်မခံကြရချေ။

မောင်ဘအောင် တက်တခေါက်ခေါက်ရှိတော့သည်။ မစင်နံ့မှာ သုံးရက်နှင့် မပျောက်၊ လေးရက်နှင့်မပျောက်။ အနံ့နံတိုင်း ရေချည်းချိုးနေရာ အပူဝင်ပြီး အိပ်ရာထဲ လဲရပြန်တော့သည်။

သူကြီးမှာလည်း မိမိသားကို ကျိုးယုတ်ရက်တကွဲဖြစ်အောင် လုပ်သူအား ရာဇမာန်ရှနေ၏။ လက်သည်ကိုတွေးကြည့်ရာ မောင်မိုးကောင်းကို ဦးစွာမြင်ရပေသည်။ မောင်မိုးကောင်းမှာ တစ်ညလုံး ဝတ္တရားကျေပွန်စွာ ကင်းစောင့်နေသည်မှာ သူကြီးအမြင် ဖြစ်၏။ မောင်မိုးကောင်းကို မစွပ်စွဲသာချေ။

နှစ်လမျှအကြာတွင် မောင်ဘအောင်၏ကိုယ်မှာ မိမွေးတိုင်း ဖမွေးတိုင်းရနံ့ ပြန်လည်ရရှိကာ ဆံတိုငုတ်စိနှင့် ရွာထဲထွက်နိုင်လာသည်။ မြခြယ်၏ မင်္ဂလာဆောင်အတွက် မင်္ဂလာကိစ္စပြောသောနေ့လည်းကြုံ၏။ မောင်မိုးကောင်းနှင့် ဖိုးအေးသည် တစ်စုံတစ်ရာ ဝင်မပြောဘဲ လူကြီးတွေပြောစကား ကြားနာနေရာ၊ ၂၀၀ နှင့်ပင် ပြီးပြေကြတော့မှ

"၂၀၀မရဘူး၊ မကျေနပ်ဘူး။ တစ်ထောင်ဆိုရင် တစ်ထောင်ပဲ"ဟုအော်လျက် မောင်ဘအောင်လျှောက်လာတော့သည်။

မစင်လူးခံရခြင်း၊ ခေါင်းတုံးပြောင်ရခြင်းကို တစ်ရွာလုံးသိထားပြီးဖြစ်သည့်အလျောက် သူ့ကိုမြင်လျှင် ဝေါခနဲရယ်ကြလေ၏။

"ဘာရယ်တာလဲ၊ ကျုပ်ကိုရယ်တာဟုတ်လား။ ဘအောင်ကို ဘာမှတ်သလဲ"

မောင်ဘအောင်က ချိုင့်ဓား(ဓားမြှောင်)ကြီးကို မြှောက်ပြလေတော့သည်။

"ဘအောင်၊ သူငယ်ချင်း။ အေးအေးဆေးဆေး ပြောပြီး၊ ငါးထောင်ပဲတောင်းတောင်း၊ တောင်းပါ။ ဒီလိုမလုပ်ပါနဲ့"ဟု ကာလသားခေါင်းက တောင်းပန်၏။

"ငါ့နာမည် ဘအောင်ကွ။ မျိုးရိုးဇာတိဘယ်ကမှန်းမသိ ပြေးလာတဲ့ အုတ်ကြားမြက်ပေါက်မဟုတ်ဘူး၊ ဟိုကောင်လိုပေါ့ကွာ"

မောင်မိုးကောင်းမှာ လက်ညှိုးငေါက်ငေါက် အထိုးခံရသောအခါ ထရပ်လာတော့သည်။ ကာလသားခေါင်းနှင့် လူကြီးများက ဝိုင်းဝန်းတောင်းပန်ကာ မောင်မိုးကောင်းအား အပြန်ခိုင်း၏။ မောင်မိုးကောင်း လှည့်အဆင်းတွင် ဓားဖြင့်အပစ်ခံရသောအခါတွင်မူကား၊ မောင်မိုးကောင်းသည် လွှားခနဲ မောင်ဘအောင်၏ဘေးသို့ ရောက်လာပြီး လည်ချောင်းရိုးကို ကုတ်ညှစ်ထားပြီး ဖြစ်သွားလေသည်။

သို့ရာတွင် မောင်မိုးကောင်းမှာ သည့်ထက်တိုး၍လုပ်ချိန်မရ။ အများက ဝိုင်းဝန်းဖျင်ကြ၏။ တစ်ဖက်သတ်ကျမှန်း သိသော်လည်း မောင်မိုးကောင်းကိုသာ ပြောဆိုဆုံးမ၍ ရမှန်းသိသဖြင့် ပြောကြရခြင်းဖြစ်သည်။

သည်တစ်ချီလည်း ခမိုးရွာရန် မောင်ဘအောင်လျှို့ဝှက်ကြံစည်ပြန်သည်။ သည်တစ်ချီတွင်လည်း မောင်ဘအောင်အကြံ မအောင်ချေ။ အကြောင်းမူ မြခြယ်မင်္ဂလာဆောင်ရန် တစ်ရက်အလိုတွင် မြစ်ခြေတွင် ဖဲဝိုင်းကောင်းသည်ဆိုကာ သူငယ်ချင်းများက ခေါ်သွားသောကြောင့်ဖြစ်၏။ ပြန်လာပြီးနောက် ညကျမှ ခဲပေါက်ရန်ကလည်း သတို့သမီးသည် သျှောင်နောက်သို့ဆံထုံးပါသွားခဲ့လေပြီ။

နှစ်ကြိမ်လုံး အကြံပျက်ရသည့်အတွက် မောင်ဘအောင်သည် သူငယ်ချင်းများကို အထင်လွဲသည်။ ကြက်သားထဲသို့ဆေးခြောက် အလွန်အကျွံခတ်ခြင်းမှာ အတွင်းလူဖြစ်၍ ထိုသူ မည်သူဟုမသိတိုင်း ဟိုလူစွပ်စွဲ သည်လူရန်ရှာနှင့် အခင်အမင်ပျက်၏။

မြစ်ခြေမှလာခေါ်သော ဖဲသမားကိုလည်း မကောင်းထင်သည်။ မောင်မိုးကောင်း ဤမျှအပေါင်းအသင်းဆံ့ရသလောဟု မနာလို။ မနာလိုစိတ်သည် မောင်ဘအောင်အား ဒုက္ခမပေးသေးမီ မောင်မိုးကောင်းအား ဒုက္ခပေး၏။

သူကြီးသည် မောင်မိုးကောင်းအား သုံးလအတွင်း သုံးကြိမ်ဒဏ်တပ်၍ မောင်ဘအောင်က ချောင်းရိုက်ရန် နှစ်ကြိမ်ကြံစည်သည်။ ဒေါ်ညိုသင်းသည် သားအတွက် စိုးရိမ်လာ၏။ ရွာသူရွာသားအများစုသည် သူကြီးသားအဖကို မုန်းတီးလာ၏။ မုန်းတီးသူ တစ်နေ့ထက်တစ်နေ့ တိုးပွားလာသည်။

သို့တစေ မင်းပေါက်စိုးပေါက် သူကြီးအား တစ်ရွာလုံးကမတုရဲသည့်အတွက် ဒေါ်ညိုသင်းသည် သားဖြစ်သူအား မြင်းမူဘက်သို့ ဆွေရှာမျိုးရှာနှင့် အလည်အပတ်သဘောသွားရန်တိုက်တွန်းရတော့၏။ ဖိုးအေးမင်္ဂလာဆောင်အပြီး တစ်ဥပုသ်အကြာတွင် မောင်မိုးကောင်းသည် ရွာကိုခွာ၏။

သူသည်ဦးစွာ ဖိုးစံလှဘော်ကို သွားရောက်ကန်တော့သည်။ ဖိုးစံလှဘော်သည် မျက်ရည်စက်လက်ဖြင့် ဆုပေး၏။

"ငါ့မြေး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေကွယ်။ ဒီလူယုတ်မာ သူကြီးသားအဖကြောင့် ငါ့မြေးဟာ ကိုယ့်ရပ်ကိုယ့်ရွာကို ခွာသွားရတာ အဘစိတ်မကောင်းပါဘူး။ အဘ နည်းနည်းကြီးသွားတယ်ကွယ်။ အခုထက် နှစ်ဆယ်လောက်ငယ်ရင် ဒီသားအဖ သေတာကြာပြီ။ အဘရဲ့သွေးဟာ နီပါတယ်မြေးရယ်။ ဒီသူကြီးရှိခိုးနေတဲ့ ကုလားဖြူကောင် ကုလားမည်းကောင်တွေရဲ့ ခေါင်းကို ဖြတ်လာတာပါ"

မောင်မိုးကောင်းသည် ပြောရင်းဆိုရင်း တောင့်တင်းတက်ကြွသောအဘိုးအိုကို တအံ့တသြကြည့်နေမိသည်။ အဘိုးသည် မျက်ရည်ဝဲနေပေမယ့် လက်သီးလက်မောင်းတန်း၍ အံကြိတ်ထားသည်။

"မင်းအမေက ပြောချင်လိမ့်မယ်မထင်လို့ အဘကစပြီး မမေးခဲ့ပေမယ့်၊ စကားစပ်မိတဲ့တစ်နေ့မှာတော့ မင်းတို့အဖေရဲ့အကြောင်း၊ မင်းအစ်ကိုရဲ့အကြောင်းကို ပြောရာတယ်။ အစကလည်း မင်းတို့ဟာ မျိုးရိုးဇာတိမညံ့ဘူးလို့ အကဲခတ်ခဲ့မိပါတယ်။ ဒီလိုမျိုးရိုးဇာတိကဆင်းသက်လာပြီး၊ သူကြီးယုတ် လူယုတ်မာကိုရှောင်ပေးရမယ်ဆိုတာ ရာဇဝင်ရိုင်းသကွာ"

"တစ်နေ့တော့ ကိုယ့်အလှည့်ရောက်လာမှာပဲ အဘရယ်"

"အေးဟုတ်တယ်။ တို့အလှည့်ကို တစ်နေ့ရောက်ဦးမှာပါကွ။ ဒီသူကြီးစုတ်ဆိုတာက ကုလားအားကိုးနဲ့ ဟောင်နေတဲ့ခွေးပါ။ အဘတို့တုန်းကဆိုရင် ဒီခွေးတွေကို ဓားအသနခံပြီး မသတ်ဘူး၊ ရေထဲကန်ချလိုက်တာပဲ။ ဒင်းတို့ရဲ့သခင် ကုလားကျမှ ဓားနဲ့သတ်တာ၊ အဘလေ အဘဟာလေ"

အဘိုးအိုသည် ဒေါင်းကနေဟန် ယက်လုပ်ထားသောထရံကို ညွှန်ပြ၏။

ထရံတွင် အိမ်နီနှင့် ဓါးတစ်လက်ချိတ်ထားသည်။ နီရဲသောပန်းပွားများသည် ရှည်လျားသောနှစ်ကာလကို ဖြတ်သန်းလာခဲ့ရသဖြင့် ညိုမောင်းနေချေပြီ။

"အဘလေ၊ အဲဒီဓားနဲ့ တိုက်ခဲ့တာပေါ့ မြေးရဲ့။ ပဒိန်းမင်းသားရဲ့ ကျေးကျွန်တွေနှိပ်စက်လို့ မြန်မာချင်းပေမယ့်၊ ကောက်ဆွ၊ ခက်ရင်းခွ၊ ဒူးလေးနဲ့ ဓားကိုင်ပြီး တိုက်ခဲ့သလို ကုလားတက်လာတော့လည်း၊ မင်းတို့ဘကြီး မောင်သောင်းဒီ၊ မင်းတို့ဘထွေးမောင်ညို၊ မင်းတို့အဘိုးကိုမိုး၊ ကိုတိုးတို့နဲ့အတူ ကုလားကိုတိုက်ခဲ့တာကွ"

"လက်စသတ်တော့ အဘဟာ အဖေတို့နဲ့ သွေးသောက်ပါလား"

ဖိုးစံလှဘော်က ရှင်လန်းစွာခေါင်းညိတ်ပြလိုက်ပြီး

"ဟုတ်တာပေါ့မြေးရယ်။ ကြီးမြင့်မြို့စား ကိုယ်တော်ကြီးကျဆုံးတော်မူလို့ မင့်အဘိုး၊ မင်းဘကြီး၊ ဘထွေးတို့ အားယုတ်ပြီး ရွာကိုပြန်သွားကြပေမယ့်၊ အဘကတော့ ဗိုလ်ကျားတပ်မှာနေပြီး၊ ဗိုလ်ကျားမကျမချင်း ကုလားကို ဆက်တိုက်ခဲ့တယ်မြေးရဲ့"

"အဘ ဘယ်လို၊ ဒီကိုရောက်လာရတာလဲ အဘရယ်"

"ငါတို့ဗိုလ်ကျားကျသွားတော့ လူအားနည်းနေပြီ။ ထပ်စုလို့ရပြန်တော့လည်း ကုလားကိုမတိုက်ရဲတိုင်း ဓားပြချည်းတိုက်နေတာနဲ့၊ မောင်သောင်းဒီတို့ ဖေကြည်တို့ရှိတဲ့ အရပ်ကို ထွက်လာခဲ့တာဘဲ၊ ပွဲစားကြီးအဖေနဲ့ကတော့ နောက်မှစကားစပ်မိပြီး သွေးသောက် ဖြစ်သွားကြတာပါပဲ မြေးရယ်"

"ကျွန်တော် သွားတော့မယ်အဘ"

မောင်မိုးကောင်းသည် ထပ်မံကန်တော့၍ လှည်းရပ်ထားရာသို့ ပြန်လာသည်။ ဖိုးအေးသည် အံကြိတ်လျက် နွားကန်ကြိုးကိုကိုင်ထား၏။

"မြေးလေး ခဏနေဦးဟေ့"

အဘိုးအို၏အသံကြောင့် မောင်မိုးကောင်းရပ်ပြီး လှည့်ကြည့်သည်။ အဘိုးအိုသည် အိမ်နီနှင့်ဓားကြီးကို တယုတယယူလာ၏။

"ငါ့မြေးယူသွားပေတော့။ အဘဟာ ဒီဓားကိုမသုံးနိုင်တော့ဘူး။ ငါ့မြေးဆက်ပြီး၊ မင့်အဘိုး၊ မင့်အဖ၊ ဘကြီး၊ ဘထွေးတို့ရဲ့ ကြွေးကိုဆပ်ပေတော့။ အခွင့်သာရင်လည်း ဒီဘက်ကိုပြန်လာပြီး မင်းမြှောင် မင်းကပ်နဲ့ ကုလားလျော့ ကုလားမွှားတွေကိုရှင်း။ ကိုင်းကိုင်း သွားပေတော့ ငါ့မြေးကြီး၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်လို့ ဘေးမသီ ရန်မခပါစေနဲ့ကွယ်"

## တတိယပိုင်း

### တစ်

အချိန်အခါမဟုတ်ဘဲ မိုးရွာလျှင်သော်မှ ယခုလောက်ပျာပျာသလဲ ဖြစ်ချင်မှဖြစ်မည်။ မိမိတစ်သက်လုံး သုံးလာသော တူရွင်းကို သေက်ာနီးမှ ရွှေတူရွင်းမှန်း သိလျှင်သော်မှ ယခုလောက်အံ့သြကောင်းမှ အံ့သြမည်။

ယခုသော်ကား

''ဖိုးမောင်ရေ၊ မင့်အစ်မကို သွားခေါ်ချေစမ်းပါဟ''ဟူ၍ ကိုပန်းအေးကစတင်လိုက်ရာ။

''ကိုသာဆန်းရေ၊ အစ်မသင်ကို သွားခေါ်စမ်း''ဟူသောအသံ။

''မယ်လှိုင်ရေ မယ်သိုက်ကိုခေါ်ပေးစမ်းပါဟ''ဆိုသောအသံ။

''မယ်သင်၊ မယ်မျှင်တို့ရဲ့မောင် အောက်က ရောက်လာလို့တဲ့ ဟေ့''စသည့် အသံများသည် ပဲဟူ ရွာထဲတွင် ယောင်ယက်ခတ်ဆူညံသွားကာ၊ မိုးကောင်း၏အစ်မဝမ်းကွဲဖြစ်သော မယ်မျှင်သည် မျက်ခမ်းတရွှဲရွှဲနှင့် အပြေးရောက်လာသလို အစ်မဝမ်းကွဲကြီးဖြစ်သော မမယ်သင်သည်လည်း ခင်ပွန်းသည်ကိုသာဆန်းနှင့် အပြေးရောက်လာ၏။ အစ်ကိုဝမ်းကွဲဖြစ်သော ဖိုးမောင်၏ဇနီး မယ်သိုက်သည်လည်း ညီမဖြစ်သူ မယ်လှိုင်နှင့် အတူအပြေးရောက်လာ၍၊ ရွာသူရွာသားများမှာလည်း အိမ်တစ်အိမ်မှာ ညှော်သည်ရောက်လျှင် အကြည့်အရှုလာသော ထုံးစံအတိုင်း တပြုံတမကြီး ဝိုင်းအုံလာကြလေ၏။

ကိုသာဆန်း မမယ်သင်၊ ကိုပန်းအေး မမယ်မျှင်နှင့် မောင်ဖိုးမောင် မယ်သိုက်

တို့မှာ ဖျာခင်းပါဟ၊ ရေနွေးတည်ပါဟ၊ အမဲသားသည်သွားပြီလား လိုက်ကြပါဦးစသည် ဖြင့် ပျာပျာသလဲဖြစ်နေကြသလို ဝမ်းသာအံ့သြနေသဖြင့် ဘာစကား ပြောရမည်မသိ ဖြစ်နေကြတော့သည်။

စုရုံးဝိုင်းအုံနေသူများ၏ အသံသည် ကြွက်စီကြွက်စီ နိုင်၏။ ခိုးခိုးခွိခွိရှိ၏။ တီးတိုးတီးတိုးလုပ်၏။ မမယ်သင်၊ မမယ်မျှင်၊ မောင်ဖိုးမောင်တို့ မောင်နှမသုံးယောက်မှာ ဝမ်းသာလွန်း၊ အံ့အားသင့်လွန်းသဖြင့် စကားမပြောနိုင်ကြ။ လူရည်လူသွေးတောက်ပြောင် သော သန့်ပြန့်သော မောင်ဖွားကို ခြေဆုံးခေါင်းဆုံးကြည့်နေမိသည့်အတွက် စကားစရန် မေ့နေကြသည်။ သူတို့လင် သူတို့သားမယားမှာလည်း ထိုနည်းတူဖြစ်နေရာ တိတ်ငြိမ် နေ၏။

ထိုအခါ မောင်မိုးကောင်းကပင် ကြိုးစား၍ စကားစရသည်။

"အဟမ်း ကျွန်တော်က"

"ဟီဟီ ကျွန်တော်တဲ့"လူအုပ်ထဲမှ သရော်သံထွက်လာ၏။ မောင်မိုးကောင်း မျက်နှာကြီးထူကာ ဘာဆက်ရမှန်းမသိတော့။

မမယ်သင်က "ညည်းမလဲတခိခိနဲ့၊ ကျုပ်မောင်သူပြောတတ်သလိုပြောသာ ဘာဖြစ်သလဲ၊ အခုတော့ဘာမှန်းမသိဘူး"ဟုပရိသတ်အား လှည့်မာန်သည်။

မောင်မိုးကောင်းမှာ ပရိသတ်ကိုအားနာသွားကာ "အဟင်း၊ အားနာစရာဗျာ။ ကျွန်တော်က ဦးသာဒင် ဒေါ်ညိုသင်းတို့ရဲ့သား မိုးကောင်းပါ။ ဦးသာဒင်ဟာ ဦးမိုးရဲ့ သား ဖြစ်ပါတယ်။ ဒီက အစ်မများကတော့ ဦးမိုးရဲ့ညီ ဦးတိုးကမွေးတဲ့ ဦးညိုရဲ့သားသမီး များဖြစ်တယ်လို့ သိရလို့ ပခုက္ကူကနေပြီး လာခဲ့တာပါပဲ"

"ဟုတ်တာပေါ့။ အဘေး ဒေါ်ရွှေရောက်ရယ်၊ ဘကြီးဦးသောင်းဒီရယ်၊ ကို ဖေကြည်ရယ်၊ အဘေးဦးမိုးရယ်၊ ဘလတ်ဦးသာဒင်တို့ရယ် အောက်ပြေးကြမဟုတ်လား။ အဘိုးဦးတိုးနဲ့ တို့အဖေကသာ ဒီဘက်ရောက်လာတာ။ ဟုတ်သယ် ဟုတ်သယ်"

မမယ်မျှင်က ဆွေစဉ်မျိုးဆက်ကိုရွတ်ပြကာ အားရပါးရထောက်ခံသည်တွင် မမယ်သင်က

"ငါ့မောင်ရဲ့အမေက စစ်ကိုင်းမှာ နေဖူးသေးသယ် မဟုတ်လား။ အရင်ကြား တော့ သာယာဝတီဇီးကုန်းမှာ ရောက်နေဆိုသမှတ်လား"

"မှန်ပါတယ်ခင်ဗျာ။ အဖေဆုံးပြီးတော့ သားအမိသားအဖတွေ ကြံခင်းကို ပြောင်းလာပါတယ်။ နောက် ကျွန်တော့်အစ်ကို ဇနီးရဲ့ အမေရဲ့ယောက်ျား"

"ယောက္ခမပေါ့ကွယ်"

''ယောကျ္ာမဆိုပါတော့ခင်ဗျာ။ နောက်အိမ်ထောင်ကိုး။ အဲဒီသူ့ဇာတိ ပြည်မြို့တစ်ဘက်ကမ်းက ဆင်တဲဆိုတဲ့ရွာကို ပြောင်းကြပါတယ်။ ဆင်တဲကမှ ပခုက္ကူ ရောက်လာတာ ဆယ်နှစ်လောက်ရှိသွားပါပြီ''

''အေးအေး ရောက်သခိုက် ပျော်သလောက်နေ ငါ့မောင်ရေ့။ အစ်မနာမည်က မမယ်သင်တဲ့၊ အစ်မယောက်ျားက ကိုသာဆန်းတဲ့ သူပဲ''

''လူချောကြီးပေါ့''ဟု ပရိသတ်ကနောက်၏။

''သူက အစ်မရဲ့ညီမ မမယ်မျှင်တဲ့။ ခင်ပွန်းက ကိုပန်းအေးတဲ့ ဟိုမှာ။ ဟောဒါက မောင်အငယ်ဆုံး ဖိုးမောင်တဲ့၊ သူ့မယားက မယ်သိုက်တဲ့၊ ဟိုကောင်မပေါ့''

မမယ်သင်ကဆက်လက်၍ဆွေအားမျိုးအား ထုတ်ပြလိုက်ပြီးနောက် ''အစ်မတို့ အရပ်ကတော့ ငါ့မောင်တို့ အရပ်လို မဟုတ်ဘူး။ လယ်လည်းပေါပေါများများမရှိဘူး။ ယာလည်း မိုးမကောင်းတစ်စလောင်း၊ မိုးကောင်းလည်းတစ်စလောင်း လုပ်ကိုင်စားရတာ'' ဟုပြောသည်။

မမယ်မျှင်က

''အစ်မကလည်းအေ။ ငါတို့မောင်စိတ်ပျက်ပြီး ပြန်ပြေးပါဦးမယ်''ဟု ပျာပျာ သလဲကန့်ကွက်၏။

''သိအောင် ပြောထားရတာကိုးအေ့။ ကိုယ့်ဆွေ ကိုယ့်မျိုးကို တွေ့ချင်လွန်းလို့၊ ခက်ခက်ခဲခဲ လာခဲ့တဲ့ဟာပဲ။ ပျော်တယ် ပျင်းတယ် ဘယ်ဟုတ်မလဲ''

''ဟုတ်ပါတယ်၊ ပျော်တယ်ပျင်းတယ် သဘောမထားပါဘူး အစ်မသင်။ တော်ရာမှာနေကြရတာဆိုတော့၊ အားလုံးသိုက်သိုက်ဝန်းဝန်းတွေ့ရတာကိုပဲ ဝမ်းသာလှ ပါပြီ''ဟု မောင်မိုးကောင်း အလိုက်သင့်ပြော၏။

ဆင်းရဲခြင်း၊ ကျပ်တည်းခြင်းကို မမယ်သင်၏အပြောဖြင့်သာ ကြားရသည် မဟုတ်ပါ။ ရွာထဲသို့ ဝင်မိသည်နှင့် စုတ်ချာသောတဲများကို မောင်မိုးကောင်း မြင်ပြီးပါပြီ။ မျက်မွေးတိုတို၊ မျက်ကြောသေသေ၊ မျက်ခမ်းစပ်စပ်နှင့် လူများကိုလည်း မြင်ရပါ၏။ အသားအရည်ညစ်မွဲသလို အဝတ်အစားကလည်း စုတ်ပြတ်လှပါ၏။ ပခုက္ကူတွင် အတန် အသင့်မြင်ဖူးပြီမို့၊ မောင်မိုးကောင်းအဖို့ မဆန်းတော့ပါ။

ထိုညထမင်းစားရာတွင် မောင်မိုးကောင်း မျိုမကျချေ။

သည်မျှကြမ်းတမ်းသောဆန် ဘာဆန်ပါလိမ့်ဟု မောင်မိုးကောင်း အသေအချာ ကြည့်မိ၏။ ဆန်နီများဖြစ်သည်။ သူတို့မှာတော့ မြိန်ရည်ရှက်ရည်ပါကလားဟုတွေးကာ လှမ်းကြည့်သောအခါ ဆန်မဟုတ်။

"ဟင် အစ်မသင်တို့စားတာက ဘာပါလိမ့်"

မောင်မိုးကောင်းက မျိုသိပ်မနေဘဲ မေးကြည့်သည်။

"ဆတ်ခေါတယ် ငါ့မောင်ရဲ့။ ငါ့မောင် မစားနိုင်မှာစိုးလို့ ငါ့မောင်ကို ဆန်ကို တမင်ရှာပြီး ချက်ကျွေးသာ၊ စားကွ၊ အားမနာနဲ့"

မောင်မိုးကောင်းလန့်သွား၏။ တစ်သီးတစ်သန့် အကောင်းထားပြီး ကျွေးသော ဆန်ထမင်းပင် သည့်မျှကြမ်းလျှင် လူးဆတ်ဆိုသောအရာသည် အဘယ်မျှဆိုးဝါးပေမည် နည်း။

သူက လူးတစ်ဆုပ်စာကို ယူဝါးကြည့်၏။ ဝါး၍မရ၊ ပြောင်းဖူးစေ့ပြုတ်လောက် မျှ အရသာမရှိ။ ဝါးမရသဖြင့် ဟင်းချိုနှင့် မျှောချလိုက်ရသည်။ သို့သော် သူကအားတင်း ၍ဆို၏။

"ကြမ်းတာကတော့အမှန်ပဲ အစ်မသင်။ သို့ပေသည့် ကလေးတွေတောင်စား နေသေးတာပဲ၊ ကျွန်တော်လည်း စားနိုင်အောင် စားပါ့မယ်။ ကျွန်တော်လည်း ညွှဲ့သည် အဖြစ်နဲ့ တစ်ရက်နှစ်ရက်နေပြီး ပြန်မှာလည်းမဟုတ်ဘူး၊ ပျော်သလောက်နေမယ် စိတ်ကူး ထားတော့၊ အခုလို သီးခြားချက်ရတာ တာဝန်လည်းကြီးပါတယ်"

"ဒါပေါ့ကွာ၊ ဟုတ်သာပေါ့"ဟု ကိုသာဆန်းကပြောသည်။ "နေတာကတော့ ငါ့ညီပျော်သလောက်သာနေ၊ အစ်ကိုတို့စားသလို စားရမယ်။ အခုပဲကြည့်၊ အစ်ကိုတို့ လူးစားပြီး ငါ့ညီကို ဆန်ထမင်းကျွေးသယ်"

"ဟုတ်ကဲ့။ လူးထမင်းကိုကျွန်တော် မစားနိုင်ရင် ၂ နပ်ထက်မပိုပါဘူး။ နောက်ရက်တွေမှာ စားနိုင်လာမှာပဲ"

ပြောသာပြောရပေမယ့်၊ မောင်မိုးကောင်းမှာ ဆန်ထမင်းကိုပင် မနည်းမိုတ်စား နေသည်။ စိတ်အားသာ မတင်းမိလျှင်၊ လက်ဆေးပြီး ထမိမည်မှာ သေချာ၏။

ထမင်းစားပြီးချိန်တွင်၊ မမယ်မျှင်တို့ အိမ်ထောင်သည်လည်းကောင်း၊ မောင် ဖိုးမောင်တို့အိမ်ထောင်သည်လည်းကောင်း၊ ရွာသူရွာသားများသည်လည်းကောင်း ရောက်လာ ပြန်၏။ မမယ်သင်တို့က အောက်ပြည်အောက်ရွာသတင်းကိုမေး၍ မောင်မိုးကောင်းကို သည့်ဒေသအကြောင်းကို ပြောပြကြ၏။

မမယ်သင်၏ အိမ်ထောင်ဖြစ်သော ကိုသာဆန်းနှင့် မမယ်မျှင်၏အိမ်ထောင် ကိုပန်းအေးတို့မှာ ဤရွာမှသူကြီးနှင့် ဆွေနီးမျိုးစပ်တော်သည်ဟု မောင်မိုးကောင်းသိရ၏။ သူကြီးနှင့် ဆွေမျိုးတော်စပ်လျှင် သူကြီး၏ နှောင့်ယှက်နှိပ်စက်မှုမှ သက်သာနိုင်၏ဟု တွေးတောမိသည်။

အိမ်ကပြင် လှုံအောင်ရောက်လာသော ဧည့်သည်များမှာ အများအားဖြင့် ညစ်ထေးထေးနိုင်၍ ထူးထူးခြားခြားကြည်လင်ဝင်းပသော မိန်းကလေးနှစ်ယောက်ကြားညပ်ပါလာ၏။ မောင်မိုးကောင်းသည် သူတို့ကို ညနေကလည်း သတိထားမိသည်။ ကြယ်ရောင်မလက်တလက်၊ ရေနံချေးမီးမလင်းတလင်းတွင်လည်း ထိုနှစ်ယောက်မှာ ထူးခြားဝင်းပနေကြသည်။ မောင်မိုးကောင်းမှာ တစ်ချက်တစ်ချက်၌ ထိုမိန်းကလေးနှစ်ယောက်၏ ထူးခြားချက်ကို အာရုံထဲသွင်းမိကာ၊ သူတို့ထံသို့ မျက်လုံးရောက်သွားမိ၏။

''ငါ့ညီကလည်း ပျော်သလောက် နေမယ်ဆိုတော့၊ ဒီရွာမှာ ရယ်စရာတစ်ခုရှိတာကို သိထားရအောင်၊ ပြောထားဦးမှ ဟေ့ ဟားဟားဟား''

ကိုသာဆန်းက ပိုးလိုးပက်လန်အောင် ရယ်မောကာ စကားခံလိုက်သည်။ မောင်မိုးကောင်းမှာ ဘာများပါလိမ့်ဟု နားစွင့်၏။ အကြောင်းသိများကမူ ပြုံးစေ့ပြုံးစေ့ဖြစ်သွားကြသည်။ မောင်မိုးကောင်းသည် သူ့ဘေးရှိ ညီအစ်ကိုဝမ်းကွဲ မောင်ဖိုးမောင်ကို လှမ်းကြည့်လိုက်ရာ၊ မျက်နှာမသာမယာရှိနေ၏။

''ဟားဟားဟား၊ လွန်ခဲ့တဲ့နှစ် ဆောင်းတွင်းကပေါ့ကွာ၊ တို့ရွာမှာ မင်းလောင်းပေါ်လို့ ဟားဟားဟား။ မင်းလောင်းရဲ့ ဥပဓိရုပ်ကို ကြည့်ပါဦးကွာ၊ ကုပ်ချောင်းချောင်းပိန်ညှော်ညှော်၊ မျက်ခမ်းစပ်တရွှဲရွှဲနဲ့ ဘယ့်လောက်များ ကျက်သရေရှိသလဲလို့''

ကိုသာဆန်းသည် ခွက်ထိုးခွက်လန် ရယ်မောနေပြပါသည်။

''နင့်မလဲဟယ်၊ ဟိုဒင်းဟတ္တာပြုသလို၊ နင့်ဘာသာ နင်ပြောပြီး၊ နင့်ဘာသာနင့်ရယ်နေတယ်လေ၊ ငါပြောလိုက်ရ မကောင်းတော့ဘူး''

ဒေါ်ပြားဆိုသောအဒေါ်ကြီးက ဝင်ပြောမှ ကိုသာဆန်းဆက်ပြော၏။

''နတ်တော်လကလည်း နတ်တော်လ။ နတ်တော် ပြာသို ချီးမတ်တတ်ယိုဆိုသာလည်း မင်းကြားဖူးမှာပေါ့ ငါ့ညီရာ။ တို့အရပ်က မင်းတို့အရပ်ထက်ချမ်းသာကလား။ ဒီတော့၊ ချမ်းချမ်းနဲ့ မီးလှုံနေတုန်း၊ ချမ်းချမ်းနဲ့ကွေးနေတုန်းမှာ မီးပွားများကျရင်၊ နေလို့တောင်ကောင်းသေးဗျာ၊ ဘယ်မှာ ရုတ်တရက်သိမလဲ''

''သူကြီးစာရင်းငှား သေနဲ့အကြောင်း ပြောမှာများကွာ၊ ဇာရာဏာသီချဲ့နေလိုက်သာ၊ မင်းမေကလွှားတဲ့မှပဲ''

ဆယ်အိမ်ခေါင်းကိုထွားက တစ်ထောင့်တစ်နားမှ ထဆဲသည်။

''အဲဒီသေနဲ့ပေါ့ကွာ။ ငါးစပ်စောင်ကြီးခြုံပြီး ပြောင်းရိုးစင်းသာကိုးကွ။ မနက်ကလည်းအစောကြီး၊ ပါးစပ်မှာလည်း ပြောင်းဖူးဖက်ဆေးလိပ်ကြီးက အငေါ့သားကိုက်ထားသေး။ အဲဒါနဲ့ ဆေးလိပ်မီးပွားကကျမိကျရာ ရင်ဘတ်ပေါ်ကျရောဟေ့။ စောင်ကို

မီးပေါက်တော့သာပေါ့။ ဒါပေသည့် ဘယ်သိမလဲကွ၊ မီးဆိုတာပူမှသိတာ၊ အခုတော့ နေလို့တောင် ကောင်းသေးသကိုးကွ''

''ဟုတ်ပါတယ်၊ ချမ်းလေလေ နေလို့ကောင်းလေလေပါပဲခင်ဗျာ''

''သေနဲ့ကလည်း ဘယ်သိမလဲကွ၊ ပြောင်းရိုးဘဲငုံ့စင်းနေတာ၊ မီးပေါက်ကြီးက ကျယ်ကျယ်လာပြီး၊ လေကလည်း မထိတထိ တိုက်ပေးလိုက်ပါရော။ တစ်ခါတည်းစောင်ကြီး မီးထတောက်တော့သာကိုးကွ။ စောင်ကြီး ခွာရတာတစ်မျိုး၊ ဆံပင်ကိုလောင်တာ တစ်မျိုးနဲ့၊ သာဦးနဲ့ဖိုးထူးတို့ ဝိုင်းကူလို့သာပေါ့။ ဟာ လာဗျို့ ကိုသာလှိုင်၊ အဲသူလည်း သိပါ့မောင်''

လူတစ်ယောက်ကိုလှမ်းမြင်သဖြင့် ကိုသာဆန်းက ခေါ်ရင်း၊ နေရာချဲ့ပေးရာ၊ ထိုသူက ''နေပါစေကွာ၊ ဒီမှာပဲ ထိုင်ပါ့မယ်''ဆိုကာ၊ နောက်လူက ကပျင်စွန်း မှောင်ရိပ်တွင်ဝင်ထိုင်၏။

''သူက သူကြီးသားကွ၊ သူလည်းသိတာပေါ့ ငါ့ညီရ။ အဲဒီတော့ သာဦးက ဗလွတ်ရွတ်တ အင်မတန်ပြောတတ်တဲ့ကောင်လားကွ။ ဒီတော့ ဟ သေနဲ့ မင့်လက်ရုံးက မီးဟုန်းဟုန်းတောက်ပါပေါ့လား၊ မင်းဖြစ်မယ့်လူမို့သာ လက်ရုံးကမီးတောက်တာ၊ စာရင်းငှား လုပ်မနေနဲ့ သူတောင်းစားလုပ်စားပေတော့ ဘာညာနဲ့၊ ပေါက်ကရေလေးဆယ်တွေ လျှောက် ပြောလို့၊ သူကြီးတောင် နားကြားပြင်းကပ်တာနဲ့ ထဆဲလိုက်ရသေးတယ်''

''ဒါပေါ့ကွာ။ သာဦး ပါးစပ်ဒုက္ခပေးတာပေါ့''ဟု ကိုပန်းအေးက မှတ်ချက် ချသည်။

''သာဦးကလည်း ရွာရိုးလျှောက်ပြီး သေနဲ့တစ်ယောက်၊ လက်ရုံးက မီးဟုန်း ဟုန်းတောက်လို့၊ ဘုန်းလက်ရုံးအရောင်ထတယ်ဆိုပြီး စာရင်းငှားဘဝက ထွက်သွားပြီ ဘာညာနဲ့ လျှောက်ပြောတော့ ဟား တစ်ရွာလုံး ရှုစ်ရှုစ်ဖြစ်ကုန်ပြီး၊ တစ်နယ်လုံးအုတ်အော် သောင်းနင်း ဖြစ်သွားပါရောဟေ့''

ဆယ်အိမ်ခေါင်းကိုထွားက ''အဲသည်တုန်းကများ ငါတို့တောင် အစစ်အမေးခံရ ပါသေး မောင်ရာ''ဟုပြော၏။

''မင်းလောင်းပေါ်လို့ မင်းလောင်းပေါ်လို့ ဘုန်းလက်ရုံးက မီးတောက်သတဲ့နဲ့ ဖြစ်တဲ့သတင်းက မြို့ပေါ်ထိရောက်သွားတော့သာပေါ့ကွာ၊ အစိုးရမင်းများကလည်း ချက် ချင်း ဌာနာပိုင်ကြီးဆီ ထုချေလွှာတောင်းသာပေါ့ကွာ၊ မောင်မင်းဟာ ဘာပြုလို့အစီရင် မခံသလဲဆိုတော့ ဌာနာပိုင်ဦးဖိုးငြိမ်း ကိုယ်တိုင်ကိုယ်ကျကိုလာပြီး စစ်ဆေးသာဘဲဟေ့။ သေနဲ့ဆို မျက်နှာကလေး အငယ်သားနဲ့ ငါ့ကြည့်လိုက်၊ ကိုသာလှိုင်ကိုကြည့်လိုက်၊

သူကြီးကိုကြည့်လိုက်နဲ့။ ကယ်တော်မူကြပါဦးဆိုတဲ့သဘောပေါ့ကွာ''

ထိုအခါ သူကြီးသား ကိုသာလှိုင်က မှောင်ရိပ်ကပြော၏။

''ငါသာမကယ်ရင်၊ သေနံ့အဖမ်းခံရမှာ သေချာပါတယ်လေ။ ငါလည်းနောက်မှ ဉာဏ်ရပြီး၊ ဌာနာပိုင်ကြီးရယ် စောင်ကိုမီးလောင်တာပါ၊ ဟောဒီမှာ ဆံပင်ကိုတောင် မြိုက်သွားပါသေးတယ်ဆိုပြီးသက်သေ ပြရတာပေါ့ကွာ။ သာတောင် သာဦးကို နှောင်ဒီလို မဟုတ်မဟတ်တွေမပြောနဲ့ ပြောရင်ထောင်ချမယ်လို့ ကြိမ်းသွားသေး''

''အေး၊ အဲသာပါပဲ ငါ့ညီရာ။ မျက်ခမ်းစပ်ဘိန်းစားကို မင်းလောင်းထင်နေကြ တာတော့ တို့ရွာမှာ ရယ်စရာအလုပ်ပဲဟေ့''

ထို့နောက် အခြားရောက်တတ်ရာရာများ ပြောရင်းဆိုရင်းနှင့် လူစုကွဲသွားကြ လေသည်။ မောင်မိုးကောင်းမှာ မင်းလောင်းမောင်သန့်အကြောင်း ရယ်စရာကလေးကို ကြားယောင်ကာ နေလေသည်။

မိုးသံလေသံကြားသဖြင့် ထွန်ကြယက်ကြပေပြီ။ ထွန်မည့်သာထွန်သည်၊ ယာမြေလယ်မြေများ၏ ဝန်းကျင်တွင်ကား စိုပြေလန်းဆန်းမှုကင်းဝေးလှ၏။ ရေလွှယ်၍ မြေကောင်းသော ကိုင်းထဲတွင်နေခဲ့ရသော မောင်မိုးကောင်းမှာ၊ မောင်ဖိုးမောင်တို့၏ လယ်မြေယာမြေများကို အားရခြင်းမရှိချေ။

နေ့လယ်နေ့ခင်း အလုပ်သိမ်းပြီးနောက်တွင်၊ မောင်ဖိုးမောင်နှင့် မောင်မိုးကောင်း တို့ ညီအစ်ကိုသည် ရွာအနီးချုပ်စပ်များသို့ လျှောက်လည်ကြသည်။ အနောက်ရွာမှ မောင်ဖိုးမောင်၏ သူငယ်ချင်းတစ်ယောက်အိမ်သို့ ဝင်ကြ၏။

''ဟေ့၊ ဟိုဟာဆယ်အိမ်ခေါင်းအိမ် မဟုတ်လားဟေ့၊ လူတွေစုစုနဲ့ ဘာလုပ် ကြတာလဲ''

''အစိုးရဟွေရောက်နေတယ်ကွ။ အဖေလည်း အဲဒီကိုသွားနေတယ်''

''လူသတ်မှုလား၊ ဓါးပြတိုက်မှုလား''

''လူခွန်တော်တွေ မပေးကြသေးလို့ဟေ့။ ကိုင်း သောက်ကြကွာ''

သူငယ်ချင်းသည် မြေကရားနှင့် ရေနွေးတစ်အိုး၊ ထန်းလျက်တစ်ပန်းကန် ချပေးသည်။

''ထန်းဖိုဦးထန်းလျက်ကလေးကွ''

မောင်ဖိုးမောင်သည် ထန်းဖိုဦးထန်းလျက်ရှုရှုဆီသို့ မျက်စိမရောက်။ ဆယ်အိမ် ခေါင်း၏အိမ်ဆီသို့သာ ရောက်ကာ၊ သက်ပြင်းချလေ၏။

အိမ်ချင်းများစွာ မလှမ်းသည့်အတွက် သေချာစွာကြားရ၏။ ကောင်းကောင်း

လည်း မြင်ရ၏။ ရွာသားများသည် မြေပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်နေရကာ၊ ကုလား ထိုင်တစ်လုံးပေါ်တွင် ရာဇဝတ်အုပ်တစ်ယောက်ထိုင်နေကာ၊ ခုံတန်းလျားတစ်ခုပေါ်တွင် ပုလိပ်သား ၅ ယောက်သေနတ်ကိုယ်စီနှင့် ရှိကြသည်။

''မောင်မင်းတို့ အခွန်တော်ကို သုံးရက်အတွင်း ပေးဆောင်ပါ။ မြို့ပိုင်သခင် မင်း ကိုယ်တော်တိုင်ကြွလာရင်၊ မောင်မင်းတို့ မသက်သာဘူးမှတ်ပါ''

''ကျွန်တော်မျိုးတစ်ခု လျှောက်ထားခွင့်ပြုစေချင်ပါသယ်''

နံရိုးကျဲကျဲ အသားဖြူယော်ယော်နှင့် လူတစ်ယောက်သည် ထရပ်၍ ရှိခိုး၏။

''ဘာလဲမောင်မင်း။ မောင်မင်းနာမည်''

''ဦးညိုပါဖုရား''

''ညိုဘာများ လျှောက်ထားစရာရှိသလဲ''

''ကျွန်တော်မျိုးဟာ၊ ဒုက္ခိတပါဖုရား''

''ဒုက္ခိတ ထမင်းမစားဘူးလား''

''စားပါသယ် ဖုရား''

''ဆက်လျှောက်စမ်းမောင်မင်း''

''မကြာခဏ ရောဂါဝေဒနာဖိစီးတဲ့အတွက်၊ အလုပ်မလုပ်နိုင်လို့ အရပ်က ကျွေးထားရပါသယ်ဘုရား။ သာကြောင့် အခွန်ဆောင်ခြင်းမှ ကင်းလွတ်ခွင့်သနားဖို့''

''ရောဂါပျောက်အောင် အမြန်ဆုံးဆေးကုပြီး၊ အလုပ်လုပ်ပါ မောင်မင်း။ အလုပ်လုပ်လို့ ပိုက်ဆံစုပြီး အမြန်ဆုံးအခွန်ဆောင်ပါညို။ ထိုင်ပါ''

ရာဇဝတ်အုပ်မင်းသည် ဆယ်အိမ်ခေါင်းဘက်သို့ လှည့်ကာ''ပဲဟူးရွာကို သွားမယ် မောင်မင်း။ လှည်းနဲ့ပို့ပါ။ မောင်မင်း လိုက်ခဲ့ရမယ်''ဟု အမိန့်ရှိ၏။

''ဘာခွန်လဲကွ ဖိုးမောင်''ဟု မောင်မိုးကောင်းကမေးသည်။

''တစ်ချို့ မြေခွန်မကျေသေးတဲ့လူတွေနဲ့၊ လူခွန်မချိန်ရသေးတဲ့ လူတွေပေါ့ကွာ''

''လူခွန်များကတော့ကွာ၊ နင့်ခနဲနေပါပေ့ကွာ''

မောင်ဖိုးမောင်၏ သူငယ်ချင်းက ညည်း၏။ မောင်ဖိုးမောင်က ''မနှစ်တုန်းက မိုးနှောင်းဖျက်လို့ ယာတွေ မရကြတာသူတို့လည်း အသိပါကွာ။ လူစားဖို့တောင် အနိုင် နိုင်ဟာကို''ဟု ဆက်ညည်းသည်။

''သူကြီးတော့ ရုံးတော်ကိုဦးတိုက်ပြီး လျှောက်ပေးမယ်ပြောတာပဲကွ''

''သူကြီးလည်း လျှောက်ရုံဘဲ လျှောက်နိုင်မှာပေါ့ကွာ။ ဟာ ငါတို့ရွာသွား မယ်ဆိုရင်၊ ငါလည်းပြန်မှဖြစ်မယ်ဟေ့။ ငါလည်း မြေခွန်မချိန်ရသေးဘူးလဟ။ လာဟေ့

မိုးကောင်း''

မောင်ဖိုးမောင်သည် သူငယ်ချင်းကိုပင် နှုတ်မဆက်နိုင်ဘဲ၊ မောင်မိုးကောင်းကို ခေါ်ကာ ပြန်ပြေးလာခဲ့လေ၏။ လမ်းတွင် သူတို့သည် စကားမပြောနိုင်ကြချေ။ မောင်ဖိုးမောင်ရွာသို့ အမြန်ရောက်ချင်ဇောသန်နေသည်။

ရွာနှစ်ရွာကြားခရီးတစ်ဝက်တွင် မောင်မိုးကောင်းက ရေငတ်သည်ဆိုသဖြင့် ယာတဲတစ်တဲသို့ ဝင်ကြ၏။ တဲတွင် လူအချို့ရှိနေကြကာ ''ဧည့်သည်ကို တို့ဒေသရဲ့ အနိဋ္ဌာရုံတွေ လျှောက်ပြနေထင်ပ့၊ ဟုတ်လားဖိုးမောင်''ဟု တစ်ယောက်က ဆီးကြို နှုတ်ဆက်၏။

''ဒီလိုတော့လည်း မဟုတ်ပါဘူး စာရေးကြီးရယ်။ အခုတော့လည်း သည် သဘောခပ်ဆင်ဆင်ပါပဲ။ ကျုပ်တို့ရွာကို အခွန်တောင်းဖို့ ပုလိပ်တွေသွားသယ်ဗျ။ ကိုဖိုးကြူးနဲ့ ဖိုးကတုံးတို့ အခွန်မချိန်ကြရသေးဘူး မဟုတ်လား''

''သွားသွားပေါ့ကွာ။ အခွန်ချိန်စရာတင်ထား စားစရာမှမရှိသာကို''

ဖိုးကတုံးက မတုန်မလှုပ်ဖြေသည်။

''လယ်က လူစာတင်ထား နွားစာတောင် အနိုင်နိုင်ရယ်။ ဘာသွားချိန်မလဲဖိုးမောင်။ အဲသာကို ရာဖွေ ချိန်လိုက်တော့ကော အေးမလား၊ နောက်ထပ်လူခွန်တဲ့။ သည်တော့ မချိန်သာဘဲအေးပါတယ်ကွာ''

ကိုဖိုးကြူးက ညည်းညူသံဖြင့်ဆို၏။

''ကွာ ဆင်းရဲသားတွေမှာတော့ ပေးစရာလည်းငွေမရှိ၊ စားစရာလည်း ဆန်မရှိ ဖြစ်ကုန်ပြီ ဖိုးမောင်ရ။ အစိုးရမင်းများ ထောင်ချလည်း ကျရုံပဲ၊ သတ်လည်းသေရုံပဲ ရှိတော့တယ်ဟေ့''

စာရေးကြီးဆိုသူကလည်း ဝင်ညည်းသည်။

''ကိုင်း သွားဦးမယ်ဗျာ''ဆိုကာ ဖိုးမောင်တို့ထွက်သွားလျှင် ဖိုးကတုံးက တဲထဲမှချောင်းကြည့်ကာ ''သွားကြပါပြီ''ဟု ဆိုသည်။

စာရေးကြီးကစတင်၍ ''ဧည့်သည်ပါလာလို့သာကွ။ ဖိုးမောင်ကိုပါ တိုင်ပင်ရရင် ပိုပြီးကောင်းမှာ''ဟုပြော၏။

''နောက်တော့ စကားစကြည့်ကြသာပေါ့ဗျာ။ ကိုင်း အခုနတုန်းက စာရေးကြီး ပြောသယ်မဟုတ်လား။ မျောက်ပြဆန်တောင်းရမယ်ဆိုသာ''

ပြတ်သွားသောစကားကို ကိုဖိုးကြူးက ဆက်ပေးသည်။

''ဒီလိုဗျ။ မောင်သန့်ရဲ့စောင်ကို မီးစွဲရာက ပခုံးကိုမီးလောင်သာ အမှန်ပဲထား။

သို့သော် လူတွေကတော့ မောင်သန့်လက်ရုံးက မီးတောက်သယ်လို့ ထင်နေကြတယ်။ ဒီတော့ လူတွေထင်နေတာ တကယ်ပါပဲ၊ မင်းလောင်းက ကိုယ့်ဂုဏ်ပုဒ်ကို မဖော်ချင်လို့ ကြောင်လက်သည်းဝှက် လုပ်လိုက်သာပါဆိုရင်၊ လူတွေတာသီကြီးပါလာမယ်၊ ဟုတ်လား''

''ဟုတ်လိုက်လေ စာရေးကြီးရာ''

ဖိုးကတုံးက အပြင်သို့ချောင်းကြည့်ရင်း ထောက်ခံသည်။

''သစ်ပင်တောင်မှ သူ့ကိုမိုးထားရင် မကြိုက်ဘူးဗျ၊ နေရောင်ရှိတဲ့ဘက်ကို လုတာပဲ။ ကျုပ်တို့လူတွေဟာလည်း၊ ကိုယ့်အရှင်သခင်နဲ့တူတဲ့ နေရောင်ကိုသစ်ပင်ထက် ပိုပြီး တောင့်တမိတယ်ဗျ။ သို့သော်လည်း ခေါင်းဆောင်မယ့်လူမရှိလို့ ငြိမ်နေရသာ''

''ဟုတ်တယ်စာရေးကြီး။ အခုလို စားစရာမရှိတဲ့အထဲ လူခွန်ကပူ မြေခွန်က ဆူနဲ့၊ မကြာခင် အနိပ်စက် အရိုက်နှက်ခံရတော့မယ့် အချိန်မှာ လူတွေဟာဦးဆောင်ပြီး ထမယ့်လူကို ပိုပြီးတောင့်တကြမှာပဲ''

ကိုဖိုးကြူး၏စကားကို စာရေးကြီးက ခေါင်းညိတ်ရင်း ထောက်ခံကာ ''ဒါပေါ့ဗျ'' ဟုဆိုပြီးလျှင်

''သည်လိုအချိန်ကောင်း အခါကောင်းမှာ မောင်သန့်ကိုဟန်ပြဘုရင်တင်ပြီး၊ ဆင်းရဲသူ ဆင်းရဲသားတွေကို ကျုပ်တို့ခေါင်းဆောင်ပြီး ချလိုက်ရရင်၊ ဒင်းအင်္ဂလိပ်အစိုးရ ဘာခံနိုင်မလဲ။ ခင်ဗျားတို့ကျုပ်တို့မှာ သည်နည်းကလွဲလို့ ဘာရှိသေးတုန်း''

''ဟုတ်ပါတယ် စာရေးကြီး''

''အဲသာကြောင့်၊ မောင်သန့်ကို ကိုဖိုးလုံးက နားချပါ။ မင်းက ဟန်ပြအဖြစ်နဲ့ အပူဇော်ခံ အရှိခိုးခံဖို့ သက်သက်ပါလို့၊ ဘာမှ မလုပ်ရပါဘူးလို့''

''စိတ်ချပါ စာရေးကြီး။ ရွှေပင်နားရင် ရွှေကျေး၊ ဘုရင်ဖြစ်သွားရင် လူတွေ ရှိသေလာမှာပဲ၊ ဥပမိရုပ်လည်း ခန့်လာမှာပဲ။ စိတ်ချပါ ကျုပ်ပြောပါ့မယ်။ ကြောက်တတ် သာကလည်း အလွန်ပဲစာရေးကြီးရေ့''

''ကြောက်တတ်လို့ သာလောက်ပြောရသာပေါ့ ဖိုးကတုံးရာ။ နို့မို့ရင် မြင်းမူတို့ စစ်ကိုင်းတို့ဟာ ကျုပ်တို့လက်ထဲရောက်နေသာ ကြာပြီပေါ့။ မိဖုရားဆက်မယ့်လူတွေ အဆင်သင့်ရှိတဲ့အကြောင်းလည်း မက်လောင်အောင်ပြောပေါ့ဗျာ၊ တစ်ခါ ဆင်းရဲသူ ဆင်းရဲသားတွေမှာလည်း ကယ်မယ့်သူဝေးလို့ ဒုက္ခရောက်နေကြပါပြီ။ မောင်သန့်မှသာ ဟာဒီလိုမပြောနဲ့၊ အရှင်းမင်းကြီးမှမကယ်ရင် သေကုန်ကြပါလိမ့်မယ်။ နိပ်ဗျာ၊ ခင်ဗျား တတ်သလောက်မှတ်သလောက် နိပ်စမ်းပါ။ မောင်သန့် ပါလာဖို့ပဲ အရေးကြီးတယ်''

မြေတိုင်းအကူစာရေး ကိုဖေယျတို့က မောင်သန့်အရေးဆွေးနွေးနေကြသလို၊

သူတို့ရှိသောတဲထဲမှထွက်လာသည့် မောင်ဖိုးမောင်မှာလည်း မောင်မိုးကောင်းအား ကိုသာဆန်းနှင့် ကိုပန်းအေး၊ ကိုသာလှိုင်တို့မှာ သူကြီးမျိုးဖြစ်၍ သူတို့ပြောစကားမယုံသင့်။ မောင်သန့်ကို မည်သို့ပင်ဖြစ်စေ လူတွေက ယုံကြည်အားထားနေပြီဖြစ်ကြောင်းများကို လမ်းတစ်လျှောက်လုံး အရိပ်အမြွက်ပြောသွားလေသည်။

## နှစ်

''ညည်းသည်တော့ ပျင်းနေပြီထင်ပါရဲ့''

တိတ်ဆိတ်ခြင်း၌ အာရုံဝင်စားနေသောကြောင့် မောင်မိုးကောင်းမှာ ဖျတ်ခနဲ လန့်သလိုဖြစ်သွားကာ လှည့်ကြည့်သည်။

''သြော် အင်း ပျင်းတယ်လည်းမဟုတ်ပါဘူး''

နှုတ်ဆက်သူမှာ မယ်လှိုင်ဖြစ်၏။ မယ်လှိုင်သည် ညစ်နွမ်းသောလုံချည်ကို ဝတ်ထားကာ အညိုကွက်အင်္ကျီရိကလေးကို ဝတ်ထားစေကာမူ၊ ဤအညာသူမမှာ အလှသားဟု မောင်မိုးကောင်းမှတ်ချက်ချယူရအောင် တင့်တယ်သည်။ ထင်းစည်းအောက်မှ ပန်းပွင့်ကလေးမှာ မောင်မိုးကောင်းအား မရဲတရဲချောင်းကြည့်နေ၏သို့။

''ကျုပ်တို့အရပ်ကတော့၊ တော်တို့အရပ်လို ပျော်စရာရွှင်စရာ ရှိမှာမဟုတ်ဘူး''

''ပျော်စရာမကောင်းပေမယ့်၊ လှုတွေကခင်မင်စရာကောင်းသားပဲ။ ဒါကြောင့် မပျင်းပါဘူး''

''ပျင်းရင်လည်း ဟိုဘက်ယာတစ်ကွေ့မှာ အစ်ကိုဖိုးမောင်တို့ ခါတည်နေကြတယ်။ လိုက်သွားပါလား''

''မလိုက်တော့ပါဘူး မမယ်လှိုင်ရယ်''

မယ်လှိုင်သည် တစ်စုံတစ်ရာ ဆက်ပြောချင်ဟန်ပြပြီးမှ နှုတ်မဆက်ဘဲခွာသွားလေသည်။ အတော်ဝေးသွားသလောက်ရှိလျှင်၊ မောင်မိုးကောင်းက လှည့်ကြည့်ရာ

မမယ်လှိုင်ကလည်း လှည့်ကြည့်နေ၏။

ဇီးကုန်းဘက်ကလယ်များနှင့်လည်းမတူ၊ လက်ပံချိုပေါ်ဘက်မှ ကိုင်းများနှင့်လည်း ခြားနား၍ ကျယ်ပြန့်သော ယာခင်းယာကွက်များ မိုးကုတ်စက်ဝိုင်း အဖက်ဖက်သို့ ပြေးသွားကာ ဝေးလံသောကောင်းကင်ပြာ အစဉ်ပျောက်ဆုံးသွားသော သွေ့သွေ့မွဲမွဲရှုခင်းသည် တည်ငြိမ်ပါဘိသည်။ ဤနေရာတွင် မောင်မိုးကောင်းထိုင်စက တိမ်တစ်လိပ်သည် တောင်မှ ပျံတက်လာရာ၊ ယခုမူယင်းတိမ်စုသည် ဘယ်သို့ရောက်ပြီမသိ။ တိမ်လိပ်ကို မြင်စဉ်က မိုးရွာလျှင်ဟု တွေးမိရာ၊ ထိုအတွေးသည် လက်ရှိကြည်စင်ပြာလဲ့နေသော အခြေအနေနှင့် ယှဉ်သော် ရယ်စရာဖြစ်နေတော့သည်။

''ဒီမိုးတွင်းက ဘယ်လိုမိုးတွင်းပါလိမ့်၊ မိုးမရွာပါပဲလား''

မောင်မိုးကောင်းသည် အိမ်သို့မပြန်ချင်သေး။ ထိုင်နေရမှာလည်း ပျင်းလာသည်။ အိမ်သို့ပြန်သော် မိမိတစ်ယောက်တည်းသာရှိ၍ ကလေးတွေမှာမူ ရွာရိုးကိုးပေါက်သို့ ချက်ပြဲချက်လန် နပ်တွဲတွဲနှင့် သွားနေကြရာ၊ အပျင်းပြေစကားပြောချင် စချင်လို့မှ အဖော်မရှိအောင် ခြောက်သွေ့နေမည့်အတူတူ၊ အချိန်မှကုန်စေတော့ဟု သည်မှာထိုင်တော့လည်း မြင်ရသည်မှာ အစိုအပြေဆိုသည်မှာ အဘယ်အရာနည်းဟုမေးရတော့မည်လောက် ဖြစ်ကာ စိုပြေစိမ်းလန်းသည့်ဒေသတွင် နေစဉ်တုန်းကအစိမ်း၏ အလှကိုနားမလည်ခဲ့သည်ကို အပြစ်ဆိုရတော့မည်သို့ ငြီးငွေ့ပျင်းရိခြင်းက လွှမ်းမိုးလာသောအခါ၊ မောင်မိုးကောင်းသည် အလိုလို ထရပ်ပြီးသားဖြစ်သည်။

ခါတိုက်သည်ဆိုသော စကားကို ယခင်က တစ်ကြိမ်တစ်ခါမျှသာကြားဖူး၏။ ခါတည်သည်ဆိုခြင်းကိုလည်း ကြားဖူး၏။

ကြုံခိုက်ကြုံဆဲ ခါတည်သည်ကို မြင်ဖူးအောင် သွားကြည့်ရကောင်းသားဟု တွေးသည်။ သို့ကြောင့်၊ မယ်လှိုင်မေးငေါ့ခဲ့သည့် လှည်းလမ်း ကြောင်းအတိုင်း လျှောက်လိုက်လာမိချေ၏။

မယ်လှိုင်ပြောသွားသော ယာတစ်ကွေ့ကား ကျယ်လှ၏။ ဝဲဘက်က ယာခင်းသည်လည်းကောင်း၊ ယာဘက်က ယာကွက်သည်လည်းကောင်း တော်တော်နှင့်မကွေ့၊ တော်တော်ကြာသည့်တိုင်အောင် ကွေ့သည်မရှိ။ ယာတစ်ကွေ့ကား ကြာလှရှည်လျားလှချေသည်။

ယာခင်းများထဲတွင် ထန်းပင်ကလေးများကို တန်းစီစိုက်ထား၏။ နေရာအနှံ့စိုက်ထားခြင်းမဟုတ်။ ရှားစောင်းမြင်းနားပင်များ၊ ရှားစောင်းလက်ညှိုးပင်များကိုလည်း တန်းစီ စိုက်ထားလျက်တွေ့ရသည်။ သို့သော် **နေရာအနှံ့ကား** မဟုတ်။ တန်းစီ

စိုက်ထားသော သစ်ပင်တစ်မျိုးကို တစ်ကြိမ်တွေ့ရန် မနည်းကြာသည်။ တန်းစီထားသော အပင်များကို ကန့်လန့်ဖြတ် တစ်ကြိမ်တွေ့ခြင်းသည် တစ်ဦးပိုင်ယာကွက်သာဖြစ်ပါမူ ကျယ်ဝန်းကြီးမားသလောက်သာ မိုးလေဝသ ကောင်းပါက၊ ဤယာသမားတို့၏ အိမ်စုတ်တဲကုတ်ကလေးများတွင် ယာထွက်သီးနှံတို့ ထားစရာရှိမည်မဟုတ်။

မောင်မိုးကောင်းက ထိုသို့တွေးမိသည်။ မိမိတို့ရွာက လူများအား ဤဒေသသားတို့၏ ဆင်းရဲပုံကို ပြောပြလျှင် ယုံမှယုံကြပါမည်လားဟူ၍လည်း မောင်မိုးကောင်း ဆက်တွေး၏။

မောင်မိုးကောင်းတို့ ရွာတွင် အဆင်းရဲဆုံးဆိုသောပြောသည် ဆင်းရဲသည့်မွဲသည် ဆိုပေမယ့် ငါး၊ ပုဇွန်တော့ အလျှံပယ်စားနိုင်သေးသည်။ ငါးပိတော့ ငန်ငန်လျှက်၍၊ ပုဇွန်ပျစ်ပျစ်ဖျော်သော ငါးပိရည်ကို လက်မလောက်တုပ်သော ကန်စွန်းရွက်နှင့် တို့စားနိုင်သေး၏။ ဤဒေသမှလူများကား မွဲပြီဟေ့ဆိုမှဖြင့် ငါးပိကလေး လက်မလောက်မျှမရှိ။ ငါးဝေး၍ ငါးကိုပင် မမြင်ဖူး။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဟု စဉ်းစားသော်လည်း မောင်မိုးကောင်း၏ အသိဉာဏ်တွင်အရာမထလာချေ။

ယာတစ်ကွေ့ကား မတွေ့သေးချေ။ သည်နေ့မှ ရွာတစ်ကွေ့ကို တွေ့ပါဦးမည်လား သံသယဖြစ်ရ၏။ မောင်မိုးကောင်းပြန်လှည့်မည်ကြံစဉ်၊ ရှေ့မှ လူတစ်ယောက် ခါအုံကို တုတ်လျှို၍ ထမ်းလာသည်ကိုမြင်ရသည်။ မောင်ဖိုးမောင်နှင့်ပင်တူသည်။

''ဟေ ဘယ်ကိုလဲကွ တစ်ယောက်တည်းပါကလား''

မောင်ဖိုးမောင်က လှမ်းလှမ်းမှ အော်၍မေး၏။

''မင်းဆီလိုက်တာ''

''ဒါလောက် အဝေးကြီးများကွာ၊ မင်းမို့လိုက်ချင်ရသယ်လို့ကွာ။ ငါသည်ဘက်မှာရှိသယ်လို့ ဘယ်သူပြောလဲ''

''မင်းခယ်မက ပြောသာပဲကွ။ ယာတစ်ကွေ့ပဲဝေးတယ်၊ ဒီနားတွင်တဲ့''

''အမယ်လေးကွာ။ အခုမင်းလျှောက်လာခဲ့တာရဲ့ နှစ်ပြန်ဝေးသေးသယ်၊ ငါခါတည်တဲ့နေရာနဲ့''

''မသိပါဘူးကွာ၊ ဟိုနားဆိုတော့''

''ဟိုနားပေါ့ကွာ၊ သည်နားမှမဟုတ်သာဘဲ။ အနို့၊ ဘာလုပ်မလို့လဲ''

''ခါတည်တာ ကြည့်ချင်လို့ပါကွာ''

''အမယ်လေးကွာ၊ ခါလာတတ်တဲ့နေရာမှာ သည်တည်ခါပါတဲ့အုံကို သွားချထားတော့တွန်သာပေါ့ကွာ။ သည်တော့ ငါ့နယ်ပယ် ကျူးကျော်လာတဲ့အကောင် ဆော်

မပဟဲ့ဆိုပြီးရောက်လာပြီး အတင်းဝင်တိုးသာ တစ်ခါတည်းမိတော့သာပေါ့ကွာ''

မောင်မိုးကောင်းသည် ခေါင်းတညိတ်ညိတ်နှင့် ဘေးချင်းယှဉ်လျှောက်လိုက်ပါလာသည်။ တောင်ဆီမှ မိုးရိပ်တိမ်တောင်များ တက်လာပြန်၏။

''ဟော့၊ ဒီရွာမှာတော့ မင့်ခယ်မနဲ့ သူကြီးမြေး အလှဆုံးပဲထင်တယ်''

မောင်ဖိုးမောင်က စကားမဆိုဘဲ၊ ပါးစပ်ဟလျက် ခေါင်းငုံ့ကြည့်သည်။ မောင်မိုးကောင်းကထပ်၍ ''ဟုတ်သလားကွ၊ သူတို့ထက်လှတာရှိသေးလား''ဟုမေး၏။

''သူကြီးမြေးက သုံးယောက်တောင်ရှိသာကွ''

''အကြီးဆုံးကောင်မလေးကွာ။ သူ့နာမည်က ဝွမ်းပုံတဲ့''

''ဟင် နာမည်တွေဘာတွေတောင် သိနေပါကလား။ ဘယ်တုန်းကမြင်တာလဲ။ ရွာထဲ ရှာ့ပြင်အထွက်နည်းတယ်မောင်ရ''

''အိမ်ကိုလာတာပါကွာ။ အင်း သူတို့များတော့လည်း ဘိုးအေက သူကြီး၊ မြေးကရုပ်ချော။ သိပ်ပြီးအဆင်ပြေပါကလား။ ကျန်တဲ့လူတွေမှာတော့လည်း တစ်နေ့လုပ်လို့မှ တစ်နေ့ မစားရပါဘဲကလားကွ''

မောင်ဖိုးမောင်သည် မောင်မိုးကောင်းအား အံ့သြသလိုကြည့်နေလေ၏။ တစ်ဆက်တည်း အကဲခတ်သည့်အကြည့်လည်း ပါဝင်နေပေသည်။

''သူ့ကုသိုလ်နဲ့သူဖြစ်လာသာပဲကွ။ မင်းက ဘာမနာလိုစရာရှိလဲ''

''မနာလိုမဖြစ်ပါဘူးကွာ။ သို့ပေသည့် ရတနာရှိရာ ရတနာစုတာပဲကွ။ ငွေကြေးတောင့်တင်း ပြည့်စုံပြီဆိုရင်၊ ပဲပေး ပေးစရာပိုက်ဆံ၊ ဖက်ပေး ပေးစရာပိုက်ဆံ အပိုအလျှံများကလည်းရှိနေပေသကိုးဟ။ ဆင်တဲမှာလည်း ဒါမျိုးတွေ့တာပဲ၊ ပခုက္ကူရောက်တော့လည်းတွေ့တာပဲ၊ ဒီမှာလည်း တွေ့တာပဲ။ နေရာသာကွဲတယ်၊ ရတနာရှိရာ ရတနာစုတဲ့သဘောတော့ မကွဲဘူးကွ''

''အေး မင်းကငါ့ထက်နယ်စုံတော့ ငါ့ထက်အမြင်ကျယ်သာပေါ့ကွာ''

သူတို့သည် ယာခင်းများကို တစ်ကွက်ပြီးတစ်ကွက် ဖြတ်ချန်ခဲ့ကြသည်။ ခါတွန်သံများသည် ဆွတ်နူးစဖွယ် ပျံ့လွင့်လာ၏။ ခါအိမ်ထဲကခါနှင့် ခါပိုနှစ်ကောင်သည် အပြန်အလှန် အသံပေးကြသည်။

''ဗျို့ ကိုဖိုးတုပ် ဘယ်လဲဗျို့''

ယာကွေ့တစ်ခုအရောက်တွင် မိမိတို့နှင့် မျက်နှာချင်းဆိုင်မှလာသော လူတစ်ယောက်ကိုတွေ့ရသဖြင့် မောင်ဖိုးမောင်က နှုတ်ဆက်သည်။

''နမ်းသွားစောင့်မလို့ကွ။ ငါ့နမ်းတွေ ညတုန်းက လူခါသွားသယ်ကွ''

“ဘယ်လောက်ပါသွားသလဲ”

“တစ်စိပ်လောက်တော့ ရှိမယ်ထင်သယ်။ သာလည်း ငါကမလိုလည်းလိုလည်း မခါရသေးတာတွေကို ခါပြီးသားတွေနဲ့ အထူကြီးအုပ်ထားသာကိုးကွ”

“နေပါဦး။ သူများတွေ ခါလို့ပြုလို့ပြီးသာကြာပြီ၊ ခင်ဗျားမှာ ဘာတွေလုပ်နေရလို့ သာလောက်နောက်ကျ နေရသာလဲ”

ကိုဖိုးတုပ်သည် မောင်ဖိုးမောင်အမေးကိုမဖြေဘဲ၊ မောင်မိုးကောင်းအား ကွက်ကြည့်ကွက်ကြည့် လုပ်နေချေသည်။

“ကိုဖိုးထူး၊ ကိုဖိုးကြူးညီအစ်ကိုနဲ့ ခင်ဗျားတို့သိပ်ပြီး အလုပ်များနေပြီထင်တယ်။ ကိုဖိုးတုပ် ခင်ဗျား ကျူပ်မညာနဲ့”

“ထင်လို့ပါကွာ။ သွားရင်းလာရင်း ဆုံတဲ့အခါမှာ ဆုံတာပေါ့။ မနက်ဖြန်နေ့လယ် အားရင် ဖိုးထူးတဲကိုလာခဲ့ပါဦးကွ၊ စကားစမြည်လေးပြောရအောင်”

“အင်းပါ၊ လာဟေ့မိုးကောင်း”

မောင်ဖိုးမောင်သည် မကျေမနပ်နှင့် ပြန်ခဲ့ရသည်။ သူ့စိတ်ထဲတွင်ကား ကိုဖိုးတုပ်သည် တစ်စုံတစ်ရာလျှို့ဝှက် ကြံစည်နေသည်ထင်၏။ မိမိအားမယုံကြည်သောကြောင့်လား၊ မောင်မိုးကောင်းပါသောကြောင့်လား၊ ကိုဖိုးတုပ်သည် မြုံစေ့စေ့ လုပ်နေသည်။

သူတို့သည် ရိုးတစ်ခုကိုဖြတ်တက်၏။ ရိုးထိပ် မန်ကျည်းပင်ရိပ်တွင် ထင်းခွေပြန်၊ ခါမှုတ်ပြန်သူ ငါးယောက်ကိုတွေ့ကြရ၏။ ဆေးလိပ်ကိုယ်စီဖွာ၍ တစ်စုံတစ်ရာသို့ တခွေးတနွေးပြောဆိုနေကြဟန်ရှိသည်။ အားလုံးသည် ပဲဟူးရွာသားများချည်းသာ ဖြစ်ကာ မျက်လုံးစွေစွေ သွားခေါခေါနှင့် ဒေါ်လှ စကားစကိုဆက်ပြော၏။ သူ့အသံက ကျယ်ကျယ်လောင်လောင်ရှိသည်။

“အင်းကို ဟသ်ာဆင်းမယ်တဲ့။ အဲဒီဟသ်ာကို မုဆိုးကလေးနဲ့ပစ်မယ်တဲ့။ အဲဒီမုဆိုးက ထီးရိုးရိုက်ပြီး ထီးရိုးကိုမိုးကြိုးပစ်မယ်တဲ့တော့”

“ဒါပဲလား အဓိပ္ပာယ်ရှင်းပါဦး”

မောင်ဖိုးမောင်က ပြုံးစေ့စေ့နှင့် အနားကပ်သွားကာမေး၏။

“ဒါကလေးတောင် မသိတော့ဘူးလားဟ ဖိုးမောင်ရ။ မုဆိုးဆက် ၁၅ဆက်ကို ထူထောင်ခဲ့တဲ့ အလောင်းဘုရား ဦးအောင်ဇေယျဟာ မုဆိုးပေါ့ကွ”

ခေါင်းတုံးပြောင်ပြောင်နှင့် လူရွယ်တစ်ယောက်က ဝင်ပြောခြင်းဖြစ်သည်။

“အေးဟယ် နင့်ပဲရှင်းပြလိုက်စမ်းပါ ပြောရယ်။ နင်က ပြောတတ်ပါသယ်”

ထိုသူသည် မျက်ခမ်းစပ်ကို လက်နှင့်ပွတ်သပ်နေပြီးမှ ပြော၏။

''အဲဒီမုဆိုးဟာ ၁၅ဆက်မပြည့်သေးခင်၊ မုဆိုးကိုထီးရိုးရိုက်လို့ ၁၁ဆက်မှာ ကုလားလက်ကို ပါသွားသာတဲ့ကွ။ သည်တော့ နောက်ထပ် ၄ဆက်ကျန်သေးတယ်တဲ့။ ထီးရိုးကိုမိုးကြိုးပစ်ချိန်တန်ပြီတဲ့ဟေ့''

''ဩော် အင်းအင်း''

''ဘာအခုမှ အင်းအင်းလဲ''ဆံပင်နီကျင်ကျင် မျက်ကြောသေသေနှင့် မဝဲက ဝေါက်ငန်းလိုက်ကာ၊ ''တို့မောင်သန့်ဟာ ကျန်တဲ့မုဆိုး ၄ဆက်ကိုပြန်ပြီး ထူထောင်မယ့် လူတဲ့ဟဲ့ သိရဲ့လား၊ သူကိုယ်တိုင်တော့ မင်းမဖြစ်ဘူးတဲ့။ သူကဘုရင်ရဲ့ ရှေ့တော်ပြေးတဲ့။ အင်္ဂလိပ်ကို သူကတိုက်ခိုက် နှိမ်နင်းပစ်လိုက်ပြီးမှ စကြာမင်းနဲ့ မြစိမ်းရောင်မင်းသမီးဟာ ဝိဇ္ဇာရှစ်သောင်းခြံရံပြီး ဆင်ဖြူတော်လေးစီးနဲ့ ရောက်လာမှာတဲ့''ဟု။

မောင်မိုးကောင်းမှာ နားထောင်သူသာဖြစ်သည်။ မောင်ဖိုးမောင်ကား မသင်္ကာ ဖြစ်မည်စိုးရိမ်သူမဟုတ်၊ ပြောချင်ရာဆက်ပြော၏။

''ခင်ဗျားတို့က သာကိုယုံလို့လား။ မောင်သန့်မှာ ဘာလက်နက်ရှိလို့ အင်္ဂလိပ်ကို တိုက်နိုင်မှာလဲ''

ထိုအခါ လူရွယ်တစ်ယောက်သည် ရှူးရှူးရဲရဲဖြစ်လာသည်။

''မင်းဘာနားလည်လို့လဲ၊ လူမင်းဘုန်းကြီးရင် နတ်မင်းမနေနိုင်ဘူးတဲ့ သိလား။ မင်း အင်္ဂလိပ်ဟာ လက်နက်ဘယ်လောက်ကောင်းကောင်း၊ စကြာမင်းရဲ့ ရှေ့တော်ပြေး မောင်သန့်ဘုန်းကို အံ့တုနိုင်မလား၊ စကြာမင်းရဲ့ အာနုဘော်တော်ကြောင့် သေနတ်တွေ အမြောက်တွေဟာ တုတ်ချောင်းဖြစ်သွားမယ်ကွ၊ နားလည်လား''

မောင်ဖိုးမောင်က ပြုံး၏။

''သူငယ်ချင်းရာ ဒေါသမကြီးပါနဲ့ဟ။ ငါကလည်း မသိလို့မေးတာပါကွ။ သူကြီးမျိုးနဲ့ ငါနဲ့လည်း ဘာမှမပက်သက်ပါဘူးကွ''

''ယုံပါတယ်ဖိုးမောင်။ မင်းနဲ့သာဆန်း၊ ပန်းအေးတို့ မတူတာ သိပါတယ်''

သျှောင်ထန်းစေ့မှတ်ကလေးနှင့် မည်းမည်းကြုတ်ကြုတ် ကိုသာခုတ်ဆိုသူက မောင်ဖိုးမောင်အား စေ့စေ့ကြည့်ကာ ပြော၏။

''အနှာပေမယ့်၊ စကားကိုရမ်းရမ်းမပြောနဲ့။ စကြာမင်းဟာ သာသနာပြု မင်း ကောင်းမင်းမြတ်မို့ ဘာမှလုပ်မှာမဟုတ်ဘူး။ အနှာပေမယ့်၊ မြတ်စွာဘုရားကို ရိုးတီးယားတား သွားလုပ်တဲ့ သစ္စကပုရိုဇ်ဟာ သိကြားမင်းဆင်းပြီး ဝရဇိန်လက်နက်နဲ့ ခြိမ်းခြောက်ခံရသမှတ်လား။ အောင်ခြင်းရှစ်ပါးထဲမှာ ပါသားပဲ။ အဲသလိုပေါ့ နတ်ကောင်း နတ်မြတ်များက ကြည့်နေမှာမဟုတ်ဘူး''

"သာသနာပြုမင်းကြွလာရင်၊ မောင်သန့်ဘာဖြစ်မလဲ ကြီးဒေါ်"

"သာသနာပြုမင်းကြွလာတဲ့အခါမှာ မောင်သန့်ကိုမြှောက်စားမှာပေါ့ဟယ်။ တို့အရပ် တို့မြေလည်း သာသနာပြုမင်းရဲ့ သီလသမာဓိ အာနုဘော်ကြောင့် မိုးလေဝသ ကောင်းပြီး၊ ရွှေမရှား ငွေမရှားနဲ့ ဘုရားတွေတည်၊ ကျောင်းတွေဆောက်လို့ ထမင်းရည် ချောင်းစီး အလှူတော်ကြီး ပေးနိုင်ကြတော့မှာပေါ့ဟဲ့"

"ကောင်းတာပဲနော်။ အဲသည်တော့မှ ကြီးတော်တို့စိန်လက်စွပ်ကြီး တစ်ဝင်း ဝင်းနဲ့ ဟီးဟီး"

"ဟဲဟဲ အဲဒီသည်လို စိန်လက်စွပ်ကြီးတဝင်းဝင်း ဆေးလိပ်ကြီးတငေါ့ငေါ့နဲ့ မျက်နှာကြီး မော့သွားတော့မှ ခလုတ်တိုက်လဲမှာ ဟားဟား"

"သေနာယုတ်တွေ"

မောင်မိုးကောင်းတို့ ညီအစ်ကိုသည် ထိုပျော်စရာကောင်းသောလူငါးယောက်နှင့် ဝိုင်းဖွဲ့ကာ၊ ရွာသို့တပျော်တပါးပြန်လာခဲ့ကြသည်။ မောင်ဖိုးမောင်သည် မောင်မိုးကောင်း အနားသို့တိုးကပ်၍ "အဲဒီစကားက သည်တစ်ရွာတည်းမဟုတ်ဘူး၊ တစ်နယ်လုံးပြောနေ ကြပြီ"ဟုပြော၏။ မောင်မိုးကောင်းကား ခေါင်းကိုသာညိတ်နေရသည်။

မကြာမီ မြို့အုပ်မင်းကိုယ်တိုင် ပဲဟူရွာကို ရောက်ရှိလာလေ၏။ သူကြွလာ ခြင်းအကြောင်းမှာ မောင်သန့်နှင့်မဆိုင်ချေ။ မပြေကျန်သေးသော မြေခွန်နှင့် လောလောဆယ် လူခွန်မဆောင်ကြသည့် ကိစ္စပင်ဖြစ်၏။

မြို့အုပ်မင်းသည် တစ်နေ့သွားတစ်နေ့ပြန်အဖြစ် ရောက်လာခြင်းဟုတ်ဟန်မတူ။ ပစ္စည်းပစ္စယ အပြည့်အစုံလည်းပါသည်။ ခြွေရံသင်းပင်းနှင့် လက်နက်ကိုင်ပုလိပ်များလည်း များပြား၏။ ရွာစဉ် လှောက်လိမ့်မည်ထင်ရသည်။

တစ်နယ်လုံးရှိ မြေခွန်မပြေသေးသူများ၊ လူခွန်မချိန်ရသေးသူများသည် သူကြီး အိမ်ရှေ့သို့ ရောက်လာ စုရုံးကြရ၏။

မြို့အုပ်မင်းသည် ကုလားထိုင်ပေါ်တွင်ထိုင်လျက်၊ မွဲခြောက်ခြောက်လူအုပ်ကြီး အား မျက်လုံးဝေ့ကာကြည့်ရှုသည်။ သူသည် အခွန်တော် မဆောင်မပြေသေးသူများ၏ အမည်ရေးထားသော စာရွက်ကြီးတစ်လှည့်၊ လူတွေကိုတစ်လှည့်ကြည့်ကာ မျက်နှာကြီးနီ နေ၏။ "လူစုံပါပြီဖုရား"ဟူသော လျှောက်တင်ချက်ကိုရလျှင် စတင်မိန့်ခွန်းမြွက်ကြား သည်။

"အားလုံးကောင်းကောင်း နားထောင်ကြပါ။ မောင်မင်းတို့ဟာ မြေခွန်မချိန် ရသေးတဲ့လူတွေရှိတယ်။ ဗြိတိသျှအစိုးရမင်းရဲ့ မြေကိုလုပ်ကိုင်ပြီးတော့၊ မြေပေါ်ကရတဲ့

အသီးအနှံကို စားသောက်ကြတယ်။ မပြောပလောက်သော မြေခွန်တော်ကိုတော့ မချိန် ချင်ကြဘူး။ အခု ကျွန်ုပ် အချိန်ပေးမယ်၊ တစ်နာရီအတွင်း ပြေလည်အောင် ပေးဆောင် ကြပါ''

မြို့အုပ်မင်းသည် အာခြောက်သွား၏။ လက်လှမ်းလိုက်၏။ သူ့အပါး၌ ကုန်း ကုန်းကွကွ ရပ်နေသော သူကြီးမှာ ရေပေးရမည်လား အရက်ပေးရမည်လားမသိ၊ ယောင်နနဖြစ်နေ၏။

လူအုပ်ထဲမှ မြေခွန်မပေးဆောင်ရသေးသူများမှာ တီးတိုးတီးတိုးဖြစ်နေသည်။ ခေါင်းဆိုင်ကာ ရှုစိရှုစိဖြစ်နေသည်။ အချို့ကား မြို့အုပ်မင်းအား မရဲတရဲလှမ်းကြည့်ကြ သည်။ အချို့ထသွား၍ အချို့ခေါင်းကုတ်လျက်ကျန်ခဲ့၏။

မြို့အုပ်မင်းသည် သူကြီးမင်းအား ဆဲဆိုရေရွတ်ကာ အရက်ရရှိသောက်မျို ပြီးနောက် ဆက်လက်အမိန့်ရှိသည်။

''သူကြီး၊ အခုထသွားတဲ့လူတွေဟာ မြေခွန်တော်မဆောင်ရသေးတဲ့လူတွေ ဟုတ်ရဲ့လား''

''မှန်ပါ့ဖုရား''

''ဘာမှန်ပါ့လဲ၊ ရှင်းအောင်ပြောပါ''

''မြေခွန်တော် မထမ်းဆောင်ရသေးသူများဖြစ်ကြောင်းပါ ဖုရား''

''မောင်မင်းတို့တတွေဟာ၊ လူခွန်တော်ပေးဆောင်ချိန်ရောက်ပါလျက်နဲ့ မပေး ဆောင်ခြင်းအတွက် ကြီးလေးသော အပြစ်ရှိတယ်။ ဗြိတိသျှအစိုးရမင်းတို့ရဲ့ အရှင်ကေရာဇ် မင်းတရားကြီးဟာ ဆင်းရဲသား ကျွန်တော်မျိုးဖြစ်တဲ့ မောင်မင်းတို့ရွာ အေးချမ်းသာယာစွာ လုပ်ကိုင်နေထိုင် စားသောက်ခြင်းကို မြင်တော်မူလိုတယ်။ ဤသည်အတွက် ကျွန်ုပ်ဟာ မောင်မင်းတို့ကို တစ်ကြိမ်တစ်ခါ အပြစ်မှ ခွင့်လွှတ်တော်မူမည်။ သို့ရာတွင် ယခုအချိန် မှစပြီး တစ်နာရီအတွင်း လူခွန်တော်များ ပေးဆောင်ကြရမည်''

မြို့အုပ်မင်း၏နောက်ပါး၌ စားပွဲတစ်လုံးတွင် ဝိုင်းထိုင်နေသော စာရေးများ သည် နာရီတကြည့်ကြည့်ဖြစ်နေကြ၏။

ရာဇဝတ်အုပ်မင်းသည် မွဲပြာပြာလူအုပ်ကြီးအား မျက်ထောင့်နီနှင့် ကြည့်နေ သည်။ ပုလိပ်များကား သေနတ်တပြင်ပြင် တုတ်တဝင့်ဝင့်။

တီးတိုးတီးတိုးအသံများကို ဖောက်ထွင်း၍ စာရေး၏အသံထွက်လာ၏။

''ဒေါ်လှ။ ဦးပိုင်နံပါတ် ၄၂ အီး။ မြေဧရိယာ ၂၅ ဒသမ ၉၂''

မျက်လုံးစွေစွေ သွားခေါခေါနှင့် ဒေါ်လှသည် လက်အုပ်ချီလျက်၊ ချဉ်းကပ်

လာသည်။

''မယ်မင်း အမည် မယ်လှမဟုတ်လား''

''မှန်ပါကြောင်းပါဖုရား''

''အဖေအမည်''

''ဦးသိုက်ပါဖုရား''

''အစိုးရမင်းမြေပေါ် လုပ်ကိုင်စားသောက်ပြီး အစိုးရမင်းထံ ပေးဆောင်ရမယ့် မြေခွန်တော်ကိုဘာကြောင့် မပေးဆောင်တာလဲ''

''မရှိလို့ပါဖုရား''

''ဘာကြောင့်မရှိသလဲ''

''မနှစ်က လုပ်ခင်းဆောင်တာများပျက်စီးကုန်လို့ပါဖုရား''

''သူကြီး သည်အတိုင်းမှန်သလား''ဟုသူကြီးအား လှမ်းမေးရာသူကြီးက ခေါင်းလှဘက်မှ ထောက်ခံ၏။

သို့သော်

''မယ်မင်း အခုချက်ချင်း ပေးဆောင်စရာပါသလား''

''မပါကြောင်းပါဖုရား။ အိမ်မှာရှိတဲ့ လူးကလေးတစ်ပြည်ကုန်ရင်၊ ဘာစားရမယ်တောင်''

''ဖမ်းချုပ်ထားလိုက်စမ်း၊ နောက်တစ်ယောက်''

မြို့အုပ်မင်း အမိန့်ရှိလျှင်၊ စာရေးက အမည်တစ်ခုကို ဖတ်ကြားအော်ဟစ်သည်။

ထိုအချိန်တွင် မောင်မိုးကောင်းသည် ကိုသာလှိုင်တို့ အိမ်အဖီကလေးအစပ်သို့ ရောက်နေ၏။ သူသည် မြို့အုပ်မင်းရှေ့၌ ရောက်နေသောလူများကို တစ်လှည့် ပုလိပ်များကို တစ်လှည့် ကြည့်နေမိသည်။ မြေခွန်တော် မဆောင်နိုင်သူတိုင်း ထိပ်တုံးထဲသို့ချည်း မြန်းကြရသည်ကို ကြည့်လျက် ဝမ်းနည်းနေ၏။

ပဲဟူးရွာသို့ သူရောက်သည်မှာ တစ်လပြည့်ခဲ့ပြီ၊ ထိုအတောအတွင်း၌ မောင်မိုးကောင်းသည် အလုပ်မလုပ်ဘဲ ထိုင်နေသော ရွာသားတစ်ယောက်ကိုသော်၎င်း၊ ရွာသူတစ်ယောက်ကို၎င်း မတွေ့ရချေ။ သွားရင်းလာရင်း နားရင်းနေရင်း စကားဝိုင်းဖွဲ့မိခြင်းမှအပ၊ အလုပ်မလုပ်သူကိုမတွေ့ရချေ။ နေထွက်မှမွန်းတည့်၊ မွန်းတိမ်းမှ မိုးစုတ်စုတ်ဖမ်းသည်အထိ မအားမနား လုပ်ကိုင်သွားလာနေကြသည်ကိုသာမြင်ရ၏။

သို့ပါလျက်နှင့် မြေခွန်မချိန်နိုင်ကြ။ မိုးလေဝသ မမှန်ကန်သောကြောင့်၊ မျိုးပင်ဆုံးသည်အထိ ပျက်စီးကြရာ အစိုးရမင်းများသည် သနားသင့် ညှာတာသင့်သည်ဟု

မောင်မိုးကောင်းတွေးနေလေ၏။

"ကိုရင် အမဲခြောက်မီးအုံးကလေး စားပါဦး"

ကိုသာလှိုင်၏ သမီးငွမ်းပုံသည် မောင်မိုးကောင်းအား အတွေးပျက်စေသည်။ ထို့ပြင် အနိဋ္ဌာရုံမြင်ကွင်းမှ ဣဋ္ဌာရုံမြင်ကွင်းသို့လည်း ပြောင်းစေသည်။

"စားပါကိုရင်ရဲ့"

"စားပါတယ်"

"ကိုရင် သည်မှာနေရသာ မပျင်းဘူးလား" ငွမ်းပုံသည်မနီးမဝေး၌ သိမ်သိမ်မွေ့မွေ့ကလေး ထိုင်ကာမေး၏။

"မပျင်းပါဘူးဗျာ"

"မပျင်းဘူးသာဆိုသယ်၊ ထိုင်ထိုင်မှိုင်နေသာပဲ" ဟု ငွမ်းပုံ၏ညီမ ဝါကြိတ်နေသော မိဖွေးကပြောသည်။ ကိုသာလှိုင် မမင်းယာတို့မှာ ဖခင်ကိုဝင်ရောက်ကူညီသည့်အနေဖြင့် ပုလိပ်များလိုသမျှ စာရေးများတောင်းသမျှ ရှာဖွေ ဖြည့်တင်းနေရသည့်အတွက် မအားကြ။ သို့ကြောင့် မောင်မိုးကောင်းကို ငွမ်းပုံတို့ ညီအစ်မသုံးယောက်က ဧည့်ခံနေကြခြင်းဖြစ်၏။

ငွမ်းပုံသည်ပင် မောင်မိုးကောင်းအား အေးအေးလူလူ ဧည့်မခံရ။ မြို့အုပ်မင်း၏ ဘောစားပွဲပေါ်သို့ ရေချိုးခ ရေဖြည့်ရခြင်း၊ အရက်နှင့် မြည်းရန်အစာများသွားပို့ရခြင်းကြောင့် မကြာခဏထပြေးနေရ၏။ သူ့အမေက မြို့အုပ်မင်းရှေ့သို့သွားရမည့်ကိစ္စဆိုလျှင် သူ့ကိုသာခိုင်းသည်။

"မှိုင်တာမဟုတ်ဘူး ညီမရဲ့။ ဒီဆီကအပင်တွေ ယာခင်းတွေကြည့်နေတာပါ"

"ကြည့်သာမဟုတ်ပါဘူး၊ ငေးသာပါကိုရင်ရဲ၊ ငေးရာကမှိုင်ရော"

မိဖွေး၏ ညီမ မိအေးက ဗိုင်းငင့်ရာမှလှမ်းပြောပြန်ရာ၊ မောင်မိုးကောင်းပြုံးရယ်နေသည်။ သို့သော် "သာဦး" ဆိုသောခေါ်သံကြားရသောအခါ မောင်မိုးကောင်း မပြုံးနိုင်တော့ချေ။ သာဦးဆိုသည်မှာ ဤရွာ၌ ကျော်ကြားသောလူတစ်ယောက်ပေတည်း။

"မောင်မင်းဟာ လူရှုပ်ဖြစ်တယ်။ မောင်မင်းဟာ သူတစ်ပါးထက်နှစ်ဆ ဆောင်သင့်ပါလျက်၊ အခုလုံးဝ မဆောင်တာဟာ၊ ဗြိတိသျှအစိုးရမင်းကို မခန့်မညား မလေးမစားလုပ်ရာ ရောက်တယ်။ သွားပြီးအချုပ်ခံချေ"

"မဟုတ်ပါဘူးဖုရား၊ ကျွန်တော်မျိုးပိုက်ဆံ မပြည့်သေးလို့ပါဖုရား။ တစ်ဆယ်ပြည့်ရင်ပြည့်ချင်း အခွန်ချိန်မှာပါ ဖုရား"

"အခုဘယ်လောက်ရပြီလဲ"

''ခြောက်မူးတော့ရပြီဖုရား''

''သွား သွား''

ထို့နောက်တစ်ယောက်၊ ထို့နောက်တစ်ယောက် တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြသည်။ လုံးဝမပေး မဆောင်နိုင်ကြသူများချည်းဖြစ်၏။ လာလာသမျှ အားလုံး ထိပ်တုံးနှင့် လက်ထိပ်ကိုသာ မိတ်ဖွဲ့ကြရသည်။

ထိုအခါ မြို့အုပ်မင်း၏အမိန့်အရ ရာဇဝတ်အုပ်မင်းကမေး၏။

''မြို့အုပ်မင်းကိုယ်တော်မြတ်ရဲ့ အမိန့်တော်အရ နောက်ဆုံးအနေနဲ့ အခွင့်အရေး ပေးသနားမယ်။ မောင်မင်းတို့ဟာ အခွန်တော်တစ်ရပ်ဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ၊ ပေး ဆောင်ကြလော့''

အဖြေပေးသူ မပေါ်လာချေ။

စာရေးများ ပုလိပ်များသည် သူကြီးနှင့် ခေါင်းများကိုခေါ်၍ တစ်အိမ်တက်ဆင်း ပစ္စည်းများကို သိမ်းဆည်းတော့သည်။ နွားရှိလျှင်နွား၊ နွားမရှိလျှင် အိမ်တွင်းရှိ အိုးခွက်၊ ပန်းကန်၊ ဆန်စပါး၊ ပဲ၊ လူး၊ ပြောင်း၊ ဆတ်။ ဤသည်များသော်မျှမရှိလျှင် စောင်စုတ် ဂုံအိတ်စုတ်ပါမကျန် သိမ်းယူကြလေတော့သည်။

တစ်ရွာလုံးမှာ ငိုကြွေးသံ၊ အသနားခံသံ၊ ကြိတ်၍ကျိန်ဆဲသံများလျှံ၍ ဘဝင် ညံတော့၏။ ဤငရဲမြင်ကွင်းကိုမြင်နေရသော မောင်မိုးကောင်းသည် မိမိအပါးသို့ ရှင် ကြည်စွာရောက်လာသော ဝွမ်းပုံကိုမမြင်ချေ။

## သုံး

မြို့ပိုင်မင်း မြို့ပေါ်သို့ပြန်ရောက်ချိန်တွင် မြင်းမူတစ်နယ်လုံးမှာ ကျီးနှင့်ဖုတ်ဖုတ်ကျန်ခဲ့သည်။ ဆိုးဝါးသော လေဘေးကြီးကျရောက်အပြီး၌ ကြီးကျယ်သောရေဘေးကြီးကြုံအပြီး၌ ပြင်းထန်သောမီးကြီး လောင်အပြီး၌ ခံစားရသော အတိဒုက္ခမျိုးသည် မြင်းမူတစ်နယ်လုံး၌ ဖြစ်ပေါ်ကျန်ရှိခဲ့တော့၏။

ရှားစောင်းပွင့်ကို ပြုတ်စားမယ့်ကြံတော့ အိုးမရှိ။ ကြွေးဥကိုဖွတ်မည်ပြုသော် ဂုံအိတ်စုတ်မတွေ့။ တစ်ပြားပင်မတန်သော ပစ္စည်းကလေးတွေကိုပါ သိမ်းသွားခြင်းအတွက် နာကြည်းသည်။

သာဦးသည် ဟောင်းလောင်းကျန်နေခဲ့သော အိမ်ကလေးကိုကြည့်ကာ ငါ့နှင့်ချည်း ကိုင်ဆဲ၏။ ဒေါ်လှသည်အသက်မဲ့သော နွားချည်တိုင်ကိုကြည့်ပြီး ငိုသည်။ ငိုရင်းဆဲ၍ ဆဲရင်းငိုသည်။ ကျိန်စာကျွေးသည်။

အစိုးရမင်း၏ လူများဖြစ်သော ခေါင်းနှင့်သူကြီးများသည် ရွာလုံးကျွတ်မေတ္တာပို့သံကို မကြားဟန်ပြုနေကြရ၏။ မင်းမာန်မင်းသံဖြင့် ဟန့်ခြိမ်းသော်၊ သွေးပူခိုက်တွင် မဆင်မခြင် ထလုပ်ကြမည်စိုးရ၏။

"ငါ့မောင်ပခုက္ကူကိုပြန်ရင် ကောင်းများကောင်းမလားမသိဘူး"

တစ်တိုက်နယ်လုံး ငိုကြွေးသံများ ကျိန်ဆဲသံများ ညံစာလာသော နေ့တစ်နေ့တွင် မမယ်မျှင်သည် မောင်မိုးကောင်းအား မျက်စိပျက်မျက်နှာပျက်ဖြင့် ပြောတော့သည်။

"ဘာဖြစ်လို့လဲ အစ်မမျှင်ရဲ့"

"မောင်သန့်ကသာ၊ သူကြီးအိမ်မှာ သူလုပ်စရာရှိသာ လုပ်နေသာ။ တစ်နယ်လုံးမှာတော့ မောင်သန့်ထတော့မယ်၊ အစိုးရပြေးရတော့မယ်ချည်း ပြောနေကြပြီ။ မိုးမပြိုဘူးပြိုမယ်မပြောနိုင်ဘူး။ မတော်လို့ ထကြပြကြနဲ့ဆိုရင် ဒွေးကြီးတို့ စိတ်ပူမှာစိုးလို့"

"မယ်မျှင်ကလည်းဟာ၊ ကြံကြောက်ရင်လှဲအောက်မှာတောင် မအိပ်နဲ့၊ ဝင်ရိုးကျိုးမှာစိုးရတယ်။ အလကား ပါးစပ်အားတိုင်းပြောနေကြတာကို ယုံနေ။ ဗြိတိသျှအစိုးရမင်းကို ပုန်ကန်ရအောင် ဘယ်မလဲ အချင်းလိုးတဲ့ဟား"

ကိုပန်းအေးသည် ခေါင်းတရမ်းရမ်း၊ ပါးစပ်တမဲ့မဲ့ဖြင့် ကန့်ကွက်ကာ "ငါ့ညီနေချင်သေးရင် နေစမ်းပါစေကွာ"ဟုဆိုပြီးနောက် "မမယ်သင်ရေ၊ ခင်ဗျား ညီမကြည့်ပြောစမ်းပါဦးဗျာ၊ ကျုပ်ညီကို ပခုက္ကူပြန်လွှတ်နေသယ်။ ကျုပ်ညီမှာဖြင့် ပဲဟူရှာသူကိုမျက်စိကျလို့ ယာထွန်သာ၊ ဝါလုပ်သာတွေတောင် ဝင်လုပ်လို့ မေးလို့မြန်းလို့ ဖြစ်နေသာဟာကို"ဟူ၍လည်းလှမ်းတိုင်သေးသည်။

"မယ်မျှင် ပူလည်းပူစရာပဲဟဲ့ ပန်းအေးရဲ့"

မမယ်သင်က ကလေးသိပ်နေရာက ထလာပြီးပြော၏။

"နင်သာ မသိရင်ရှိမယ်။ လူတွေကတော့ မောင်သန့် ထတော့မယ်ချည်းပြောနေပြီ"

ဟုတ်လည်းဟုတ်ပါ၏။ နယ်သူနယ်သားများမှာ စားစရာသော်မျှ မကျန်သောအခါ ထွန်လက်စ၊ ယာမီးရှို့လက်စ၊ စည်းရိုးကာလက်စ၊ ပေါင်းသင်လက်စ၊ စသောလုပ်ဆဲအလုပ်များကိုပစ်၍ ထိုင်မှိုင်နေကြ၏။ မှိုင်သူချင်း စုဝေးကာ ကိုယ်သန်ရာကိုဆွဲပြောနေကြသည်။

ကိုသာဆန်းနှင့် မောင်ဖိုးမောင်ဆိုလျှင် ကိုယ့်ရွာကလူတွေဟု သိလျက်နှင့်လူအုပ်ကြီးကိုကြည့်ကာ လန့်သွား၏။ သူတို့သည် ခွေးနှင့် ယုန်လိုက်၍ ယုန်နှစ်ထုပ်ရခဲ့ကြသည်။ ရွာနားသို့နီးသောအခါ လူလေးဆယ်ခန့်တစ်စုံတစ်ရာကို မျှော်ကြဟန်ဖြင့်စုရုံးနေသည်ကိုတွေ့ရ၏။

ထိုလူစုသည် မောင်ဖိုးမောင်ကို နှုတ်ဆက်ကြသော်လည်း၊ ကိုသာဆန်းကိုကားနှုတ်မဆက်ကြချေ။ ဆူးခုတ်သည်လည်းမဟုတ်၊ ထင်းခွေ ဟင်းရှာခြင်းလည်းမဟုတ်ပါဘဲလျက်၊ အဘယ့်ကြောင့် ဤမျှစုရုံးနေကြပါသနည်း။

မမယ်မျှင်တို့မောင်နှမသုံးယောက် အချီအချပြောနေစဉ်တွင် ကိုသာဆန်းသည်ထိတ်ထိတ်ပျာပျာရောက်လာ၏။

''ပန်းအေးရေ၊ ကံကောင်းသာပဲဟေ့။ မင်းခွေးငှားခအတွက် တစ်ကောင်ယူ။ ငါ့ညီကို အဝကျွေးကြကွာ။ ဒီတစ်ထုပ်တော့ ငါနဲ့ဖိုးမောင်''

''ကိုသာဆန်း၊ ဘာများကြားခဲ့လဲ။ ဟဲ့ဖိုးမောင် နင်ကော''

မမယ်သင်က ယုန်ကိုအသာထား၍ ပြောလက်စ စကားအတွက် အရေးတကြီး မေးသည်။ သည်အခါဝယ် ကိုသာဆန်းမျက်နှာပျက်သွား၏။

မောင်ဖိုးမောင်က

''ဖိုးဖြူယာကွေ့မှာတော့ တို့ရွာကလူတွေ ၄-၅ဆယ်တွေ့ခဲ့သာဘဲ။ ဘာလုပ်နေကြသယ်တော့မသိဘူးဟ အစ်မရ''

ကိုသာဆန်းက

''ဟုတ်သယ် တစ်ယောက်ယောက်ကို စောင့်နေသလိုပဲ။ ငါ့ကိုတောင် သယ်ပြီးသဘောမကျချင်ကြဘူး''

''ကျကျ မကျကျ သာဆန်းရာ။ သူတို့ဘာသာသူတို့ အားတိုင်းယားတိုင်း တွေ့ရာနှာမောင်းလျှောက်ပြောနေသာ အရေးလုပ်လို့''

ကိုပန်းအေးက ကိုသာဆန်း၏ကြောင့်ကြခြင်းကို ပျက်ပြယ်စေသည်။ မိန်းမသား နှစ်ဦး၏စိုးရိမ်မှုကိုကား မထိုးဖောက်နိုင်ပေ။

''ကိုင်း ငါ့ညီ။ အေးအေးသာနေ။ ဘာမှကြောက်စရာလည်းမရှိဘူး''

ကိုပန်းအေးသည် နွားတင်းကုပ်ဘက်သို့ ပြန်သွား၏။ မကြာမီ နွားစာစင်းသံ တဖြောင်းဖြောင်း ထွက်ပေါ်လာတော့သည်။ ကိုသာဆန်းလည်း သူ့ယုန်ကို မမယ်သင်၏ လက်သို့အပ်လိုက်ကာ

''ပန်းအေးပြောသာ ဟုတ်တော့ဟုတ်သယ်ကွ။ ဗြိတိသျှအစိုးရမင်းက သူရစရာ ရှိတဲ့ လူခွန်တော်၊ မြေခွန်တော်မရတော့ ရရာယူတယ်။ အလကားယူသာမဟုတ်ဘူးကွ။ အဲသာကိုမကျေနပ်လို့ ဗြိတိသျှအစိုးရမင်းကို သူတို့ဘာလုပ်နိုင်သေးလဲ၊ အလွန်ဆုံးလုပ် သေနတ်ကလေး တစ်လက်နှစ်လက်ပဲရှိမှာပေါ့။ ဘာသွားလုပ်မလဲ''

မောင်ဖိုးမောင်သည် ယောက်ဖအား မနှစ်မြို့သောအကြည့်ဖြင့် ကြည့်ရုံသာ ကြည့်၏။ ဘာမျှမပြော။ ယုန်တစ်ခြမ်းရလျှင် ''လိုက်ဦးမလားဟေ့''ဟု မောင်မိုးကောင်း အား မေးပြီး ထွက်လာသည်။

''အေး လိုက်ဦးမယ်ကွ''

မောင်မိုးကောင်းထလိုက်လာ၏။ ''အဝေးကြီး မသွားနဲ့ဟေ့၊ ထမင်းစား တော့မှာ''ဟု မမယ်မျှင်မှာသည်ကိုပင်မကြားဘဲ

''မောင်သန့် မထလည်း လူတွေကတော့ ထတော့မှာပဲကွ၊ မင်းယုံလား''ဟု မေးသည်။

''ငါတော့ မပြောတတ်ဘူးကွ။ အစိုးရလုပ်ပုံကတော့ ထချင်ချချင်စရာကြီးပဲ''

''အေး အဲဒါကြောင့် ချကြတော့မယ်။ မောင်သန့်ပါရင်တော့ ပိုကောင်းသာပေါ့ ကွာ။ မင်းစဉ်းစားကြည့်လေ၊ သွားမရှိတဲ့ ခွေးအိုကြီးတောင် သူ့ကိုတက်နင်းရင် ကိုက်သေးသာပဲကွ။ အခု ငါတို့ဟာ လူကွ''

မောင်မိုးကောင်းသည် မောင်မင်းချင်း ကိုယ်တော်မြတ်ချင်း မိုးမွှန်သောမြို့အုပ်၊ ဖုရားချင်း ကျွန်တော်မျိုးချင်း ထပ်နေသောသူကြီးတို့ကို မြင်ယောင်လာသည်။ မြို့အုပ်ကိုလည်း ရှိခိုးရ၊ မြို့အုပ်၏ဖိနပ်ကိုင်ကိုလည်း ဦးချရသော ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးတို့၏ မွဲခြောက်သောအဆင်း၊ အရိုးပေါ် အရေတင်နေသော ရုပ်ရည်ကို မြင်လာသည်။ သူသည် စိတ်မကောင်းခြင်းမှအပ ဘာကိုမျှမပြောတတ်။

ရွာထဲတွင် စုရုံးစုရုံးနှင့် လှုပ်ရှားနေသည်ကား အမှန်ပင်။ ရွာစဉ်လျှောက်၍ ဈေးရောင်းသော မိန်းမကြီးကလည်း ရောင်းမကောင်းကြောင်း ညည်း၍ ရွာတစ်ကာတွင် ဘာရယ်မသိ စုရုံးစုရုံးဖြစ်နေကြောင်း ပြောသည်။

သူကြီးဦးဖိုးမိုသည် ဈေးသည်မကြီး၏အသံကို ကြားလိုက်သဖြင့် မယောင်မလည် ချဉ်းကပ်လာ၏။

''ဘာလုပ်မလို့ စုနေကြတာလဲဗျ''

''သူတို့ကိုမေးတော့လည်း ဘာမှမဟုတ်ပါဘူး ပြောသာပဲ သူကြီးရဲ့။ အနှာပေးသည့် တီးတိုးတီးတိုးနဲ့တော်ရဲ့''

''သူပုန်ထမယ်ဆိုသာကော မကြားဘူးလား''

''အဲသာတော့မဟုတ်ဘူး။ မင်းလောင်းမင်းသန့်ဟာ မင်းမြောက်တန်ဆာငါးပါးနဲ့ မြင်းဖြူကြီးစီးပြီး အရှေ့အရပ်ကလာမယ်လိုလို၊ တစ်ချို့ကောင်မတွေက ပြောသာပဲ''

''ဟားဟားဟား တော်ပြီတော်ပြီ''

သူကြီးလည်း အူလန်သည်းလန်ရယ်၏။

''တကယ်အရူးတွေသဲ။ သေန့်ဆိုသာ ရေခပ်နေသယ်။ မင်းမြောက်တန်ဆာ ငါးပါးဝေးလို့၊ လူခွန်တော်တောင်ဆောင်စရာမရှိသာတောင် ကျုပ်ရဲ့စာရင်းငှားပါလို့ မနည်းအသနားခံလိုက်ရသယ် ဟားဟားဟား''

ဦးဖိုးမိုသည် ဆက်ကာဆက်ကာ ရယ်မောနေရာက အရယ်ရပ်သွားသည်။ ရွာတံခါးသို့ ပေါက်သောလမ်းဆီသို့ မျက်လုံးအပြူးသားကြည့်ကာ လည်တံရှည်သွား၏။

သူကြီးမျက်လုံးပြူးသောအခါ သူ့ဘေးကလူတွေမှာလည်း မျက်ကလဲဆန်ဟျာ ဖြစ်သွားကြ၏။

မင်းလောင်းကြွလာခြင်းကား မဟုတ်ပေ။ ဦးဖိုးငြိမ်း။

မြင်းမူဌာနာပိုင်ဦးဖိုးငြိမ်းသည် လက်နက်ကိုင်ပုလိပ် ဆယ်ယောက်ခြံရံကာ လက်ထိပ်ကြိုးတချင်ချင်ဖြင့် သူကြီးအိမ်သို့ တည့်တည့်တန်းတန်းကြီး ချီတက်လာချေသည်။

"ဘယ်သူများ စားပြတိုက်မှုနဲ့ အဖမ်းခံရဦးမယ် မသိဘူးဟေ့"

ကိုပန်းအေးကညည်းလျှင် "စားစရာမရှိသာ၊ လုတော့ တိုက်တော့မှာပေါ့တော်ရဲ့။ ပြောတို့၊ ကိုသာတုတ်တို့မှ ဟုတ်ရဲ့လား"ဟု မမယ်မျှင်က မြည်တမ်း၏။

"ကြွပါဘုရား၊ ဌာနာပိုင်ကြီး ကြွတော်မူပါ"

ဦးဖိုးမှီသည် ပျားလပို့ကို ဝင်တိုက်မိသောမျက်နှာဖြင့် ဆီးကြိုရာက "ဟဲ့ ကုလားထိုင်ဖုံသုတ်ကြစမ်း။ သာလှိုင် ဘယ်သွားသလဲ၊ လာစမ်း၊ မြေးမကြီးရေ ဖျာခင်းပါဦးဟဲ့၊ ဟဲ့သမီး ကြက်ဥကြော်ပါဟဲ့၊ ဟိုသင်းလည်း သေနှ့ကို အဆွဲခိုင်းစမ်း"ဟု ခြေမကိုင်မိ လက်မကိုင်မိအော်လေရာ၊ ဌာနာအုပ်က

"သေနှဆိုတာ ကျုပ်အရင်တစ်ခါ လာပြီးစစ်တဲ့ အကောင်လား၊ သူဆိုရင်တော့ မခိုင်းနဲ့ သည်ကိုလာပါစေ ခေါ်လိုက်ပါ၊ ကျုပ်တို့ ကြာကြာမနေနိုင်ဘူး၊ မမှောင်ခင် မြင်းမူရောက်အောင်ပြန်ရမယ်"

"မှန်ပါဖုရား။ သေနှ့ရေ သည်ကိုလာပါဦးကွ"ဟု လှမ်းခေါ်ပြီးနောက် ဆက်ပြော၏။

"အရင်လိုလှချည့်လား ဌာနာပိုင်ကြီးရဲ့၊ ထမင်းသုံးဆောင်သွားပါဦး"

"မစားနိုင်ဘူး သူကြီးရေ့၊ သေနှ့ကိုဖမ်းရလိမ့်မယ်၊ ကဲဟေ့ လက်ထိပ်ခတ်ကြ"

"ဗျာ၊ ကျုပ်မှာ ဘာအပြစ်ရှိလို့လဲဗျ၊ အမယ်လေးသူကြီးရဲ့ မကယ်နိုင်တော့ဘူးလားဗျ"

မောင်သန့်သည် ကြောက်အားလန့်အားနှင့် သူကြီးကိုတိုင်တည်၏။

"ဟုတ်ပါတယ် ဌာနာအုပ်ကြီးရယ်၊ ဒီကောင်ကို မျက်စိအောက်မှာထားသာပါ"

"ကျုပ်လည်းမသိဘူး သူကြီးရေ့၊ အရေးပိုင်မင်းရဲ့အမိန့်နဲ့ ဝန်မင်းရဲ့အမိန့်ကြောင့် ဖမ်းရတာ"

သူကြီးအိမ်ထဲတွင် ရွာသူရွာသားများ ပြည့်လျှံသွားတော့သည်။ တစ်ယောက်

တစ်ပေါက် ထင်ရာမြင်ရာ ပြောကြသံများက အုတ်အုတ်ကျက်ကျက် ဖြစ်ရသည့်အထဲတွင် ကလေးတွေက ငိုသေး၏။ ရွာခေါင်းနှင့် ဆယ်အိမ်ခေါင်းများသည် လူတွေကို မောင်းထုတ်ရသဖြင့် ဖားဖားလှုပ်နေကြတော့သည်။

''ဘာဖြစ်လို့တဲ့လဲ၊ ဘာမှုတဲ့လဲ''ဟူသောစကားမေးသံနှင့်အတူ ကိုဖိုးတုပ်နှင့် ကိုဖိုးထူး၊ ကိုဖိုးကြူး၊ ဖိုးကတုံးတို့ လူအုပ်ထဲသို့ အမောတကောရောက်လာကြသည်။ ဖြေနိုင်သူမရှိသဖြင့် သူကြီးအပါးကပ်လာကြ၏။

''သိပ်လည်းအားမငယ်ပါနဲ့ကွာ''

ဌာနာအုပ်၏အသံကြောင့် ကိုဖိုးတုပ်တန့်သွားသည်။

''မင်းမှာ ဘာအပြစ်မှမရှိရင်တော့ ဘာမှမဖြစ်ပါဘူး၊ အနာပေသည့် သူကြီးကသာ သူဘယ်မှမသွားဘူး၊ သူကြီးရဲ့ မျက်စိအောက်မှာရှိနေတယ် ပြောပေးသယ်လို့၊ ကျုပ်တို့ဆီမှာတော့ သေန့်သတင်းက တစ်နေ့တစ်ခြား ကြီးလာတယ်သူကြီး။ သေန့်ဟာ ဗြိတိသျှအစိုးရမင်းကို ကနေ့ပဲ ပုန်ကန်တော့မလိုဖြစ်နေတာ။ ကျုပ်တို့လည်း ရသမျှသတင်းကို အထက်အစီရင်ခံတာပဲ''

ကိုဖိုးတုပ်သည် ဖိုးကတုံးအားလှည့်ကြည့်၏။ ဖိုးကတုံးနှင့် ကိုဖိုးကြူး၊ ကိုဖိုးထူးသည် ကိုဖိုးတုပ်အနားသို့ကပ်လာသည်။

သူကြီးက ''ဌာနာအုပ်မင်း အမိန့်ရှိတာကို ကြားသယ်မဟုတ်လား သေန့်''ဟု မေး၏။

''ဟုတ်ကဲ့၊ ကြားပါသယ်''

''ဘာမှမစိုးရိမ်ပါနဲ့ကွာ လွတ်မှာပါပဲ၊ ငါလည်း လိုက်ခဲ့ပါ့မယ်''

ထိုအခါ ကိုဖိုးတုပ်ကလည်း ရောယောင်၍ ''ဟုတ်သားပဲကွ၊ သူကြီးမင်းတောင် ပါလာမှတော့ အားငယ်စရာမရှိပါဘူး၊ ငါတို့လည်းလိုက်ခဲ့ပါ့မယ်''ဟုအားပေးသည်။

ဦးဖိုးငြိမ်းသည် ရွာသူကြီးကိုငှင်း၊ ရွာကိုငှင်း နှိပ်စက်မနေနိုင်ပေ။ အချိန်မလင့်မီ မြင်းမူရောက်ရန်အတွက် မောင်သန့်ကိုခေါ်ကာ ထွက်ခွာရတော့သည်။ ဦးဖိုးမှီမှာလည်း ကုတ်ချောင်းချောင်း မွဲပြာပြာစာရင်းငှား မျက်ခမ်းစပ်အတွက် မြင်းမူသို့ လိုက်ပါခဲ့ရလေ၏။

ကိုဖိုးတုပ်နှင့် ကိုဖိုးကြူး၊ ကိုဖိုးထူး၊ ဖိုးကတုံးတို့သည် နောက်တစ်နေ့အရုဏ်အတက်တွင် မြင်းမူသို့လိုက်ရန် စီစဉ်နေကြသည်။ မြင်းမူဌာနာပိုင်သည် မောင်သန့်အား စစ်ကိုင်းသို့ပို့ရမည်ဖြစ်၏။ အချိန်မရှိတော့သဖြင့် မြင်းမူဂါတ်တွင် တစ်ညသိပ်ထားရသည်။

ပဲဟူရွာကမင်းလောင်းကို ဖမ်းလာသတဲ့ဆိုသောသတင်းသည် မြင်းမူတစ်မြို့လုံး ပြန့်နှံ့သွား၏။ အုတ်အုတ်ကျက်ကျက် စုရုံးစုရုံးရောဂါသည် တောမှမြို့သို့ ကူးစက်သွား

သည်။ နောက်တစ်နေ့နံနက်တွင် မောင်သန့်အား စစ်ကိုင်းသို့ပို့သောအခါ တစ်မြို့လုံး ဝိုင်းကြည့်ကြ၏။

"အမယ်လေးဗျ မင်းလောင်းတဲ့ ဟားဟားဟား၊ ဘိန်းပြတ်နေတဲ့ဘိန်းစား ကလေးလိုပါကလားဟ ဟားဟားဟား"

မြို့သူမြို့သားများက သရော်ကြ၏။

"ဟုတ်ပါ့တော် မျက်ခမ်းကလည်းစပ်လိုက်တာ သန္တာလန်လို့"

ကဲ့ရဲ့သူက ကဲ့ရဲ့၏။

"ဒီရုပ်နဲ့များ ရာဇပလ္လင်ပေါ် တက်ထိုင်လိုက်ရရင် ဘယ့်ကလောက်များ မဟာကျက်သရေယုတ်လိုက်မလဲလို့ဟေ့"

ရှုတ်ချသူက ရှုတ်ချ၏။

သို့ရာတွင် လူကြီးပိုင်းကမူ "ဟေ့ယာထဲမှာ သခွားစိုက်နေတဲ့ တောင်သူကြီး မင်းတို့၊ လေ့ထိုးသားက ဘုရင်တက်ဖြစ်တဲ့ စလေငခွေးမင်းတို့တောင်ရှိသေးတာပဲကွ။ လူရွှေးပေမယ့် တစ်ချို့ ဘုန်းမရှုးဘူး"စသည်ဖြင့် ပြောသူကပြော၍

"ဟေ့ မျက်ခမ်းစပ်တာ ဘာဖြစ်လဲ။ တို့ဘုရင်မင်း တက်ရင်တော်ပြီ။ ခွေးပဲ ဘုရင်လုပ်လုပ် နွားပဲဘုရင်ဖြစ်ဖြစ်၊ တို့သခင် တို့အရှင်အစစ်ဖြစ်ရင် တော်ပြီကွ"ဟု မျက်စောင်းတခဲခဲ ဆိုသူက ဆို၏။

ဖိုးကတုံးနှင့် ကိုဖိုးကြူး၊ ကိုဖိုးထူး၊ ကိုဖိုးတုပ်တို့သည် မြေတိုင်းအကူစာရေး ကိုဇေယျကိုခေါ်ကာ မောင်သန့်မြင်းမူမှ မခွာမီအချိန်မီ ရောက်လာကြသည်။ သူတို့က မောင်သန့်အား နှုတ်မဆက်ရသည့်တိုင်အောင်၊ ပါးစပ်ဖြင့် အားမပေးရသည့်တိုင်အောင် မျက်နှာပြ၍ အားပေးမည်ကြံရွယ်ကြ၏။

ကိုဇေယျ၏ အစွမ်းအစကြောင့်၊ သူတို့သည် မောင်သန့်အား ဆေးလိပ်ပေးခွင့် ရသည်။ မုန့်ကျွေးခွင့်ရသည်။ လမ်းတွင်လည်း ဝယ်ခြမ်းကျွေးမွေးပါဟု အစောင့်လိုက် ရမည့် ပုလိပ်များအား ငွေပေးနိုင်ကြ၏။

"သေန့် မင်းဘာမှအားမငယ်နဲ့ဟေ့ ကြားလား။ စာရေးကြီးရဲ့ အသိမိတ်ဆွေ တွေ အများကြီးရှိတယ်"ဟု ကိုဖိုးတုပ်ကကပ်၍ တီးတိုးပြောရာ၊ မောင်သန့်မှာ မျက်နှာ ငယ်ကလေးနှင့် ခေါင်းညိတ်ရင်း ပုလိပ်များခေါ်ဆောင်ရာသို့ လိုက်ပါလာရသည်။ သူကြီး မင်း ဦးဖိုးမှီခမြာမှာလည်း စစ်ကိုင်းသို့လိုက်ပါလာရရှာ၏။

မောင်သန့်သည် အဘယ်မျှနုံနဲ့သေးသိမ်စေကာမူ ရာဇဝတ်ဝန်ကြီးနှင့် အရေး ပိုင်အလိုရှိသော တရားခံဖြစ်ရာ၊ အရေးကြီး၏။ အရေးကြီးသည့်အလျောက် လက်ထိပ်

ခတ်သည်။ အစောင့်အရှောက်များကို လက်နက်နှင့်ချထား၏။

ဤသို့ပြုလုပ်သောကြောင့်လည်း စစ်ကိုင်းမြို့ပေါ်တွင် အုတ်အော်သောင်းနင်းဖြစ်ရသည်။ မြင်းမူဘက်က မင်းလောင်းကို ဖမ်းလာလို့တဲ့ဆိုတော့ သတင်းသည်၊ ကြီးကျယ်စွာပျံ့နှံ့၍ လူတိုင်းအားလှုပ်ရှားစေ၏။ အရေးပိုင်ရုံးတွင် လူများကြိတ်ကြိတ်တိုးနေတော့သည်။

ဤအခြင်းအရာသည် ကိုဖိုးတုပ်တို့ ကိုဖေယျတို့အတွက် ဝမ်းမြောက်ခြင်းကိုလည်းပေး၏။ ဝမ်းနည်းခြင်းကိုလည်း ဖြစ်စေသည်။ အဘယ်ကြောင့်ဆိုသော် လူတွေအုတ်အော်သောင်းနင်းဖြစ်စေနိုင်သူသည် အစိုးရကို နှောင့်ယှက်နိုင်သည်ဟုယူဆကာ ချုပ်နှောင်အပြစ်ပေးခဲ့သော် ကိုဖိုးတုပ်တို့အကြံပျက်မည်။ လွတ်လိုက်လျှင်မူ ဆိုစရာမရှိ။ သည်မျှလူတို့၏အာရုံကို ဖမ်းချုပ်နိုင်သော မင်းလောင်းသည် မုချအောင်ရမည်ဟူသည့် အကျိုးတရားများ သက်ရောက်နိုင်သောကြောင့်တည်း။

အရေးပိုင် မေဂျာစီအီဘိုးဝင်းနှင့် ရာဇဝတ်ဝန်ကြီး ဂျွန်ဒေါ်ဘ်ဆန်တို့သည် ဗြိတိသျှအစိုးရအား အံတုပုန်ကန်မည့်မင်းလောင်းအားမြင်ရသောအခါ အတော်စိတ်ပျက်သွားကြသည်။

မင်းလောင်းဆိုတော့ ကျားကျားယားယားနှင့် ယောက်ျားပီသချေမည်။ ကမ္ဘာ၏အနောက်ဘက်ခြမ်းမှ အရှေ့ဘက်ခြမ်းသို့တိုင် ဘုန်းတန်ခိုးအာဏာစက်ဖြန့်ကျက်လျက်၊ စစ်သည်တော်ပေါင်း ကုဋေကုဋာနှင့် ခေတ်မီစစ်လက်နက်များ ထုတ်လုပ်နိုင်သော နေမဝင်အင်ပါယာရှင်ကြီးဖြစ်သော ဗြိတိသျှအစိုးရမင်းအား ထောင်ထားခြားနားရန်အတွက် လေးစာဖွယ်ဥပဓိရုပ်၊ ခန့်ညားသောသွင်ပြင်လည်း ရှိချေမည်။ သူ၏မျက်လုံးများသည် အရာခပ်သိမ်းတို့အား ဆွဲဆောင်နိုင်ချေမည်ဟု၊ မင်းလောင်းနှင့်ပတ်သတ်၍ ခန့်မှန်းခဲ့သော အရေးပိုင်မှာ ရာဇဝတ်ဝန်ကြီးအား ငဲ့ကြည့်ကာ ခေါင်းကိုခါရမ်းမိ၏။

''ဒီရုပ် ဒီရည်နဲ့ ဘယ်လိုလုပ်ပြီး လူတွေကို ဆွဲဆောင်သိမ်းသွင်းနိုင်မလဲ မစ္စတာဒေါ်ဘ်ဆန်။ လေတိုက်ရင် လဲတော့မယ့် သူ့ကာယဗလက ငှက်ကြီးတောင်မြန်မာစားကောင်းကောင်းတစ်ချောင်းကို နိုင်ပါ့မလား''

''မှန်ပါတယ်။ အခြေခံအားဖြင့် ဘာလက်နက်မှမရှိတဲ့အပြင်၊ ပုန်ကုန်မှုကို အစစ်အမှန်ခေါင်းဆောင်နိုင်သူ မဟုတ်ဘဲနဲ့ အရေးယူရင် လူရယ်စရာဖြစ်ပါ့လိမ့်မယ်။ အထူးသဖြင့် ကျွန်တော်တို့ ဗြိတိသျှမင်းအား အထိတ်တလန့် ဖြစ်နေပြီလို့ ပြောစရာဖြစ်ပါလိမ့်မယ်''

အရေးပိုင်မင်းသည် ရာဇဝတ်ဝန်ကြီး၏မှတ်ချက်ကို ကျေနပ်လက်ခံသည်။

ထို့နောက် လက်ထိပ်တန်းလန်းနှင့် ညှိုးငယ်စွာထိုင်နေသော မောင်သန့်အား ကြည့်သည်။ အမှုလိုက်၏စစ်ဆေးချက်ကို ယူကြည့်သည်။

"ပညာအရည်အချင်းကလည်း နမက္ကာရဆိုပါကလား မစ္စတာဒေါ်ဘ်ဆန်ရဲ့"

"ဘာအသိ ဘာအမြင်မှ ရှိပုံမပေါ်ပါဘူး။ ပဲဟူ သူကြီးအိမ်က စာရင်းငှားလို့ ဆိုထားပါတယ်"

အရေးပိုင်မင်းသည် ခဏမျှငြိမ်နေပြီးနောက် အသံကိုမြှင့်၍ ချမှတ်၏။

"မောင်မင်းတို့ အစီရင်ခံတဲ့ မင်းလောင်းဟာ ဒီလူကလေးဖြစ်နေတဲ့အတွက် ကျွန်ုပ်အံ့သြတယ်။ ဒါလောက်ငယ်ရွယ်တဲ့ ဒီလူကလေးဟာ ဘာလုပ်နိုင်မှာလဲ။ အပြစ်မရှိလွှတ်စေရန် ကျွန်ုပ်အမိန့်ချမှတ်တော်မူတယ်"

မောင်သန့်မှာ အရေးပိုင်မင်းအား ရှိခိုးမိလေတော့သည်။

ကိုဇေယျတို့လူစုမှာမူ ထခုန်မတတ်ဝမ်းသာ သွားကြလေသည်။ ကြိတ်ကြိတ်တိုး စည်ကားနေသော လူအုပ်ကြီးမှာလည်း "အမှုမရှိလို့ ဘယ်က ဘိန်းစားကိုမင်းလောင်းပါဆိုပြီး ဖမ်းလာတာမှ မသိဘဲ"ဟူ၍၎င်း၊ ပုလိပ်တွေညစ်ပတ်တာပါဟူ၍၎င်း ပြောကြဆိုကြ၏။

"အမယ်လေး၊ မင်းလောင်းတဲ့ဟဲ့"ဟူ၍ ပြောင်လှောင်သူကလည်း ပြောင်လှောင်၏။

သို့သော် မင်းလောင်းမျှော်သူတို့မှာမူ မောင်သန့်အား ရှုချသရော်ခြင်းမပြုကြပေ။

ကျေးရွာများ၌မူ၊ မောင်သန့်လွှတ်လာခြင်းသည် သတင်းကောင်းဖြစ်၏။ ငတ်ပြတ်နေသဖြင့် ကယ်မမည့်သူကို မျှော်လင့်နေကြသော တောသူတောင်သားများ၏ ခေါင်းထဲတွင် ကိုဇေယျတို့ ကိုဖိုးတုပ်တို့၏ သိမ်းသွင်းထားချက်က စူးဝင်နေပြီဖြစ်သောကြောင့်လည်း၊ မောင်သန့် မုချနန်းတက်မှာမို့သာ လွှတ်လာခြင်းဖြစ်သည်ဟု ယုံကြည်ကြ၏။

အချို့ကမူ အရိဋ္ဌဇနက္ကမင်းကို ပုံစံပြုကြသည်။

အရိဋ္ဌဇနက္ကမင်းသည် နောင်တော်အထင်လွဲပြီး သံခြေကျင်းခတ်ကာ နောင်အိမ်၌ အကျဉ်းချခံထားရရာ သစ္စာဆို၍ထွက်လာ၏။ ထို့နည်းတူပင် မောင်သန့်၏ သစ္စာအာနုဘော်ကြောင့် အရေးပိုင်မျက်စိမှားကာ၊ ရာဇဝတ်ဝန် မျက်စိမှားကာ မောင်သန့်လွှတ်လာရသည်ဟုဆိုကြကုန်၏။

မောင်သန့်ရွာသို့ ပြန်ရောက်သောအခါ သူကြီးအိမ်ဝိုင်းထဲတွင်ပဲဟူရွာသားများဖြင့် ပြည့်လျှံနေပေသည်။ မြင်နေကျ မောင်သန့်ကိုပင် တိုးဝှေ့ကြည့်သူကကြည့်၏။ လူအုပ်ကြီးထဲတွင် အစုအဝိုင်းကလေးတွေဖွဲ့ကာ ခေါင်းချင်းရိုက်သူကရိုက်သည်။

ဆံပင်နီ မျက်ကြောသေနှင့် မဝဲသည် ဒေါ်လှအား တီးတိုးပြော၏။

"တော်တို့က အစတုန်းကတော့ အလကားပါ၊ သာဦးဗလွတ်ရွှတ်တ ပြောသာပါဆိုတော့"ဟု ဒေါ်လှအားထန်ချေသည်။

"ဟဲ့ကောင်မရဲ့၊ ငါလည်းဒီလိုပဲ ထင်တော့သာပေါ့။ သာလှိုင်ကလည်း မောင်သန့်ရဲ့ ဆံပင်ကိုထောင်ပြလိုက်သေးတာကိုး"

"အစက ကျုပ်မပြောလား။ အဲဒါပရိယာယ်ဆင်တာပါလို့"

"အေးအေး အခုမှပဲ ညည်းပြောသာမှန်မှန်းသိတော့သယ်"

ဒေါ်လှကကိုယ့်ရင်ဘတ်ကိုပင်ထုလား ပုတ်လားလုပ်နေလိုက်သေး၏။ ထိုအခါ နှစ်ယောက်သုံးယောက် လူများ အုံလာသည့်အထဲတွင် ကိုသာခုတ်လည်း ပါဝင်လာကာ "ဟုတ်ပါတယ်ဗျာ။ ဘုန်းမီးတောက်တာပါ၊ ဆေးလိပ်မီးတောက်တာ မဟုတ်ပါဘူး"ဟု ပြော၏။

"အခုလည်း သူကြီးအပြောကောင်းလို့ ကျုပ်တို့သူကြီးက လူလည်ကြီးပဲ။ သူလိုရင်လိုသလို၊ မလိုရင်မလိုသလို သိပ်လုပ်တတ်သာ။ မောင်သန့်ကို အလကားပဲတင်း ခိုင်းနေရတော့ ဘယ်လက်လွှတ်ခံနိုင်မလဲ"

"ဟုတ်သာပေါ့။ သူကြီးက ပေါ့ပေါ့ပျက်ပျက် လုပ်ပစ်တော့လွှတ်ပစ်တာပေါ့"

"သာတွင် မကရိုးလား။ စာရေးကြီး ကိုဇေယျတို့ကလည်း လာဘ်ထိုးသေးသတဲ့"

"ထိုးမှာပေါ့ကွာ၊ စာရေးကြီး ကိုဇေယျတို့က မောင်သန့်ရဲ့ အကြဲပေးပဲ"

စသည်ဖြင့် စကားစု စကားဝိုင်း ကလေးများကလည်း လောင်သောမီးကို ကြီးထွားအောင် ပင့်မှုတ်ပေးနေကြလေသည်။

လူတွေမှာ စုရုံးစုရုံးနှင့် နားကိုသာ စွင့်နေကြ၏။ မည်သည့်အရပ်မှ သတင်းကောင်း ကြားရမည်နည်းဟု မျှော်လင့်ကြသည်။ အကြီးဆုံးသောမျှော်လင့်ချက်မှာ မောင်သန့် ထပြီတဲ့ဟေ့ ဟူသော သတင်းပင်။

မောင်သန့်ကား ပြောင်းရိုးအစင်းမပျက်။ ရေခပ်မပျက်ချေ။ သို့တစေ မင်းလောင်း မောင်သန့်ဟူသော သတင်းမှာကား မုံရွာ၊ ရေဦး၊ ရွှေဘိုသို့၄င်း၊ စစ်ကိုင်း၊ မန္တလေးသို့၄င်း ပြန့်နှံ့ရိုက်ခတ်နေပေသည်။

ဤမျှနံချာသော မျက်ခမ်းစပ်ဘိန်းစားကို ယခုထက်တိုင် မျှော်လင့်မြှောက်စား နေရပါမည်လားဟု ဦးဖိုးမှီစိတ်ဆိုးလာ၏။

မတော်တဆ ဖြစ်ပွားခဲ့သော် မိမိ၏အရာကျမည်ကိုလည်း စိုးရိမ်သည်။

သို့ကြောင့် မြင်းမူဌာနသို့ သွားကာ မောင်သန့်နှင့် မိမိမပတ်သက်တော့ကြောင်း မိမိအိမ်မှ ထုတ်ပစ်လိုက်ပြီဖြစ်ကြောင်း အကြောင်းကြား၏။

မြင်းမူဂါတ်ကလည်း အရေးပိုင်ကိုယ်တော်တိုင် လွှတ်ပစ်သူမို့ အရေးမလုပ်။ သတင်းထူးမှသာ အမြန်အကြောင်းကြားရန် အမိန့်ပေးသည်။

မောင်သန့်သည် သူကြီးအိမ်မှာပင် လုပ်ကိုင်နေထိုင်သူဖြစ်သဖြင့် သာမန်အချိန်တွင် သူကြီးက နှင်ထုတ်ပါက နေစရာပင်ရှိတော့မည်မဟုတ်။ ယခုမူ သူကြီးအိမ်မှ ထွက်သွားသည်နှင့် မောင်သန့်ပျောက်သွားလေတော့၏။

များမကြာချေ။

''အဂ္ဂတောင်က မောင်သန့်ထ''ဟူ၍ တဘောင်ပေါ်လာတော့သည်။ ညောင်ခံတောင်သည် ပဲဟူးရွာနှင့် များစွာမဝေးလှ၊ အနေအထား အခင်းအကျင်းကောင်းသည်။ ထိုနေရာမျိုးမှနေ၍ မောင်သန့်ထကြွလိမ့်မည်ဟူခြင်းမှာ ယုတ္တိလည်းရှိ၏။ လူတွေကား၊ လက်ရှိအုပ်စိုးသူကို မကျေနပ်သည်နှင့်အမျှ၊ လက်ရှိအုပ်စိုးသူ၏လက်အောက်တွင် ကျပ်တည်းတော်ပြတ်သည်နှင့်အမျှ ထိုအုပ်စိုးသူ၏ ဆန့်ကျင်ဘက်မှန်သမျှကို လက်ခံကြမည်ဖြစ်ရာ၊ တောသူတောင်သားများသည် ပိုမိုတက်ကြွလာလေတော့၏။

## လေး

''မိုးကောင်းရေ၊ ငါ့အိမ်လည်း တစ်ညတစ်လေ လိုက်အိပ်ပါဦးကွ''

''နင့်အိမ်က ကျဉ်းကျဉ်းကလေးမှာ ငါ့မောင်ကို မသိပ်ချင်ပါဘူး''

မောင်ဖိုးမောင် ပါးစပ်ပိတ်လျှင်ပိတ်ချင်း မမယ်သင်က ကောက်ကာငင်ကာ ပြော၏။

''အမယ်၊ မိုးကောင်းကို အိမ်ထဲသိပ်ပြီး ငါတို့ အပြင်ထွက်အိပ်မယ်ဟာ''

''သည်တော့၊ နင့်ခယ်မကို ဘယ်သွားလွှင့်ပစ်မလဲ''

''ကိုင်းဟာ သူတို့ညီအစ်မကို အိမ်ရှေ့ကွပ်ပျစ်မှာအအိပ်ခိုင်းပြီး ငါတို့ညီအစ်ကိုက အိမ်ထဲမှာ အိပ်မယ်ဟာ ကိုင်း''

မမယ်သင်ပြောစရာမရှိတော့ချေ။ အိမ်ကောင်းသူ၏ အိမ်မို့၊ မဆင်းရဲသူ၏အိမ်မို့ မျက်နှာလိုက်သည်ဟူ၍ မောင်မိုးကောင်းကို အထင်လွဲသွားမှာစိုးရသည်။ သို့ကြောင့် ကြံဖန်ပြီးပြောပြန်၏။

''မိန်းမသားတွေချည်း အပြင်ထွက်အိပ်တော့ သူခိုးလူဆိုးကလည်း ပူပါဘိသနဲ့ဟယ်''

''သူခိုးများဟာ အရေးလုပ်လို့။ သူခိုး ငါက ဖြစ်လာတာပါ''

''တော်ပါတော့ကွာ။ မင်းအမူတွေက ပေါ်ကုန်ပါဦးမယ်''

မောင်မိုးကောင်းက ရယ်ကာမောကာ ဖြန်ဖြေမှ အားလုံးပြုံးနိုင်ကြသည်။

ထိုအခါမှ အခြားစကားကို ပြောင်းပေး၏။

''သေနှံလည်း သူကြီးအိမ်က ထွက်သွားပြီး၊ အငွဲတောင်လား၊ နွယ်ခွေ တောင်လား မသိဘူး။ ရောက်ပြီးလူစုနေတယ်ကြားတယ်''

''အလကားပါဟာ''ဟု ကိုပန်းအေးက ထုံးစံအတိုင်းပြော၏။

''တော့်မှာသာ အလကားနေ၊ ရွှေရင်နှာဘုရားပွဲကဖြင့် အဝေးကြီးရှိသေးတယ်။ မင်းလောင်းလာလာပြီး ဥပုသ်စောင့်သယ်ဆိုလို့ မင်းလောင်းဖူးချင်တဲ့ လူတွေလာလိုက်သာ ကြိတ်ကြိတ်တိုးနေပြီ''

''အေးလေ၊ သတိတော့ရမှာပေါ့။ သူကြီးများကြားမှ ကြားရဲ့လား မသိပါဘူး ဟာ''

ကိုပန်းအေးက ကျပြင်မှ လျှောဆင်းရင်း ''သာဆန်းလည်း မိုးချုပ်လှချည့် လားဟ''ဆိုကာ သူကြီးအိမ်ဘက်သို့ ထွက်သွားသည်။

ကိုသာဆန်း အနောက်ပိုင်းမှ ပြန်ရောက်လာလျှင် မောင်မိုးကောင်းသည် မောင်မိုးမောင်၏အိမ်သို့ရောက်လာ၏။ ဆီမီးမထွန်းလပြောက်မွမ်းသော ကျပြင်နားသို့ရောက်တည့် လျှင်၊ ရွှေနှံသာခေါက်၏ ကြိုင်ရနံ့သည် နှာဝသို့ပြေးကြို ဆွတ်ချူလေ၏။ မောင်မိုးကောင်း မှ ဟဒယကြည်အေး၍ လန်းမြစွာဖြင့် ငွေလရောက်အောင်တွင် ငြိမ်ငြိမ်ပိပိကလေး ထိုင်နေသူကိုကြည့်မိသည်။

ကွမ်းတောင်ကိုင်သည် မကိုင်သည်မှာ ပဓာနမဟုတ်၊ ရွာကျက်သရေဆောင် ခြင်းသာလျှင် ပဓာနဖြစ်၍ ဝွမ်းပုံထက်ယဉ်သည် ချောသည် ချီးကျူးခံရသော မယ်လှိုင် ဖြစ်ပါ၏။ မယ်လှိုင်သည် မိမိတို့အိမ်အနေဖြင့် ဖွယ်ရာသည်မည်၍ သန့်ပြန့်စွာ ပြင်ဆင် ထားသော အဖန်ပွဲ၏ဘေးတွင် မြေအင်တုံတစ်လုံး ဆန်ဆေးပလုံးတစ်ခုခြံရံလျက် ဝါစေ့ ပင်ပေါက်များကို ညှစ်(အခွံခွာ)နေသည်။ သူသည် ငြိမ်သက်စွာပင် မောင်မိုးကောင်းအား ငွေလရောင်နှင့် တွေ့ဆုံလတ်သော် မျက်လုံးကြီးများဖြင့် ကြည့်ရင်း၊ ကိုယ်ကိုအသာရို့ ပေး၏။

''မယ်လှိုင် ရေမွှောစာ ဘာပါလဲဟ''

''ချောသားခြောက်လေ၊ ကိုငပြား ချီပါဘက်က ရလာလို့၊ ကျုပ်တို့ကို တစ်ဝက် ဆုံသွားတာ''

''ကောင်းတယ်ဟေ့၊ လာကွာမိုးကောင်း၊ စားကွာသောက်ကွာ''

မောင်မိုးကောင်းသည် ရေနွေးတစ္စပ်သောက်ပြီး ချောသားတစ်မျှောင်းကို ဝါး၏။ မွှေးရနံ့ကြောင့် ရင်အေးသည်။ ဆိမ့်၍ရှိသော ချောသားခြောက်မီးဖုတ်က လျှာလည်စေသည်။

''ကိုမိုးကောင်း၊ ကျုပ်တို့အိမ်မှာ မနက်ဖြန်မနက် ထမင်းကားပါလား''

မယ်လှိုင်သည် လက်ခနဲ တစ်ချက်လှမ်းကြည့်ပြီး၊ ညင်ညင်သာသာ လှမ်းပြောသည်။ မောင်မိုးကောင်းဖြေလျှင် မကြားမည်စိုး၍ အလုပ်ကိုရပ်ထား၏။

''ဘာဟင်းနဲ့ကျွေးမှာမို့လဲ''

''ဝါစေ့ဟင်းရယ်၊ နဘတ်ချဉ်နဲ့ ထန်းသီးချဉ်နဲ့ ဝက်ဆီနဲ့ ဆီပြန်ချက်တဲ့ဟင်းပေါ့တော်။ ကျုပ်တို့မှာတော့ ဟင်းကောင်းပဲ''

''အမယ်၊ ငါ့အတွက်လည်း ဟင်းကောင်းပါပဲဟာ။ အစ်မသင်တို့အိမ်နဲ့ အချက်ချင်းမဆုံအောင် သွားပြီးပြောထားလေ။ အခုတောင် သွားရည်ကျလာပြီ''

မယ်လှိုင်သည် မြန်မာကုက္ကိုသီးခြောက်ကြွေကျစဉ်၊ မြေနှင့် မထိခင်ဖြစ်ပေါ်သော တို့ခတ်လှုပ်ရှားသံကလေးဖြင့် ညှင်းညှင်းသာသာရယ်မော၏။

''သာကတော့ တရားလွန်ပါသယ်တော်။ ထမင်းစား ဖိတ်တဲ့လူကျေနပ်အောင်ပြောတာပါ''

မောင်မိုးကောင်းကလည်း ရယ်မောနေပြန်သည်။ ထိုအခါ ''ငါ့ကောင်၊ ဗိုက်နာရင်တော့ နင့်ကို အဆိုးဆိုမှာပဲ''ဟု မောင်ဖိုးမောင်ကပြော၏။

''မနာပါဘူး ဒီရွာရောက်မှ၊ ငါနှစ်ခါစားဖူးသွားပြီ။ ဘာလိုလိုနဲ့တော်တော်ကောင်းတဲ့ဟင်းကွ''

မယ်လှိုင်သည် အဖန်အိုးကိုယူသွားပြီးဖြည့်လာသည်။ မောင်မိုးကောင်းက လှမ်းယူလိုက်သောအခါ လက်တစ်ဖက် အသိမ်းနောက်ကျသွား၏။ မယ်လှိုင်၏မျက်လုံးများက လက်ခနဲလှုပ်သွားကာ၊ မောင်မိုးကောင်းက မျက်လုံးချင်းဆုံ၍ ပြုံးလေသည်။

အေးမြသော ရင်သည် နွေးလာရသောအခါ၌ မောင်မိုးကောင်းသည် ရေကင်းမင်းကြီးရွာသို့ တစ်တန်၊ ကြံခင်းသို့တစ်လီ ရောက်သွားလေတော့၏။ ခင်သစ်နှင့် အဖြူသည် မောင်မိုးကောင်း၏ အာရုံအား ထွေးပိုက်ကြသည်။ လက်ပံချီပေါ်မှ မိမွေးသည်မှူကြင်နာသောမျက်လုံးဖြင့် ပြေးလွှားပျံသန်းလာလေ၏။

နာကျင်အောင်နှလုံးသားနှင့် ရိုက်နှက်ခဲ့သော အဖြူက အဘယ်ကြောင့် ရောက်လာရပါလိမ့်။ ငယ်ရွယ်စဉ်က ကလေးလိုချစ်ခဲ့ရသော ခင်သစ်ကကော သူတို့သူတို့ကြားတွင် ဘာကြောင့် ဝင်ရှုပ်ရပါလိမ့်။

''ငြိမ်လှချည်လားကွ၊ ဘာတွေစဉ်းစားနေတာလဲ''

မောင်ဖိုးမောင်၏ အသံကြောင့်၊ မောင်မိုးကောင်းအထိတ်တလန့်နှင့် စိတ်ကမ္ဘာပျက်ကြေသည်။

"ဟိုတွေးဒီတွေးပါပဲကွာ"ဟု ပြန်ဖြေရင်း မောင်မိုးကောင်းသည်မယ်လှိုင်ကို လှမ်းကြည့်၏။ သင်းကြူသောရနံ့ကိုချန်လျက်၊ မယ်လှိုင်သည် ထသွားခဲ့ပေပြီ။

"ဘယ်အချိန်က ထသွားပါလိမ့်။ ငါ့ကို ဘယ်နှခါများ ကြည့်သွားပါလိမ့်"ဟု မောင်မိုးကောင်းတွေးနေ၏။

"ပခုက္ကူမှာ ရည်းစားကျန်ခဲ့လို့ လွမ်းနေတာလားကွ"

"တောက်တီး တောက်တဲ့ကွာ"

"ရည်စားမရှိသေးလည်း၊ သည်မှာ သဘောကျတဲ့ လူတွေ့ရင်၊ သည်မှာပဲ အိမ်ထောင်ပြုပါလား"

မောင်မိုးကောင်း ထိတ်လန့်သွားသည်။ စကားကြောင့်မဟုတ်။ မယ်သိုက်မည်သည့်အချိန်က ရောက်နေသည်ဟု သတိမထားမိသည့်အတွက်ဖြစ်သည်။

"ရှိမယ်မထင်ပါဘူးကွာ"

မောင်မိုးကောင်းမှာ ပြန်မဖြေလျှင်မဖြစ်တော့ချေ။

"ရှိတော့ရှိပါတယ်ကွာ။ ရွာမှာအစ်မနဲ့ မရီးနဲ့ကလေးတွေမှာ၊ ငါအိမ်ထောင်ပြုသွားရင်၊ အားကိုးမဲ့သွားမှာစိုးလို့ပါ"

ထိုအခိုက်ဝယ် မိမွေး၏အသနားခံသော မျက်လုံးများသည် မောင်မိုးကောင်းထံ ရောက်လာသည်။ မိမွေး မိမွေး မိမိအပေါ်တွင် သံယောဇဉ်ကြီးလွန်းသော မိမွေး။ မောင်မိုးကောင်းသည် ဟမိသောပါးစပ်ကို ပိတ်၍ သက်မ ချလိုက်လေ၏။

"သူကြီးမြေးမ အကြီးလားကွ"

"ဒီစကားကို ဖြတ်လိုက်ကြပါစို့ကွာ။ ချီပါကို မနက်ဖြန် မြေပဲမျိုးသွားဝယ်ရင် ငါလိုက်မယ် ဟုတ်လား"

"အဆင်သင့်ရင် သွားဖြစ်မှာပေါ့ကွာ။ ကိုင်း အညောင်းပြေအညာပြေ လမ်းလျှောက်လိုက်ကြဦးစို့ဟေ့။ မယ်လှိုင်ရေ့ ငါ့ဓားနဲ့ ခေါင်းရင်းမှာချိတ်ထားတဲ့ မိုးကောင်းဓားလှမ်းလိုက်စမ်းဟေ့"

မောင်ဖိုးမောင်က ထရပ်ရင်း၊ အိမ်ထဲသို့ လှမ်းပြောသည်။ ကြမ်းနင်းသံချိုးချိုးချွတ်ချွတ်ကြားရပြီးနောက်၊ အိမ်မပါသော ဓားတစ်စင်းနှင့် အိမ်နီဓားကြီးတစ်စင်း မှောင်ထဲမှထွက်လာ၏။

"ညည့်နက်အောင် မနေနဲ့နော်။ ဓားပြကပူ၊ သူခိုးကပူနဲ့"

မယ်သိုက်က သတိပေးသည်။

"နင်တို့ တံပေါက် ခေါင်းထိုးပြီးအိပ်ကြဟေ့။ ဓားပြနဲ့သူခိုးလာတော့ ဘာခိုး

စရာရှိလဲ။ နင့်ကိုခိုးရင်ခိုးဖို့ရှိတယ်''

''ပေါင်တွင်းကြော လိမ်ဆွဲလိုက်ရမလား။ အိမ်ကိုစိုးရိမ်လို့မဟုတ်ဘူးတော်ရေ၊ တော်တို့ကို စိုးရိမ်လို့သိလား''

''အမယ်၊ မနိုင်ရင် ထွက်ပြေးမှာပေါ့ဟ''

''အဲသာမဟုတ်ဘူးတော်ရေ့။ ဟိုရွာသည်ရွာ ဓားပြတိုက်ခံရလို့၊ မသင်္ကာတဲ့ လူက လိုက်လာလို့၊ ရွာထဲမှာ သူကြီးကစစ်ရင်မရှိမှာစိုးလို့''

''အေးပါကွာ ဒီနားတွင်ပါ''

မောင်ဖိုးမောင်နှင့် မောင်မိုးကောင်းတို့သည် လရောင်အားကိုး၍ ရွာထဲသို့ ထွက်လာကြသည်။ ရွာထဲတွင် တိတ်ဆိတ်နေ၏။ တစ်အိမ်တစ်လေ စကားပြောသံကြား ရပေမယ့် မီးရောင်မရှိချေ။

သူတို့သည် ကင်းသမားများမမြင်အောင် ကင်းတဲကိုကွင်းလာကြရာ ရွာပြင်သို့ ခွေးဝင်ပေါက်မှ ငုံ့ထွက်ခဲ့၏။ ရွာပြင်သို့ရောက်သောအခါ လရောင်ဖြူးထားသောကွင်းကြီး သည် ငွေပင်လယ်နှယ် ဆီးနေလေ၏။

''မင့်ဥစ္စာက ရွာထဲက ဟိုအိမ်သည်အိမ်လိုလိုပြောပြီး အခုဘယ်သွားမှာလဲ''

''ရွာထဲမှာဆိုရင် ဓားယူပါ့မလားကွ''

မောင်ဖိုးမောင်သည် ရွာပြင်သို့ရောက်သည်နှင့် ခြေလှမ်းကျဲ၍ သွက်လာသည်။ သူတို့သည် လှည်းလမ်းများမှ အသွားနည်း၏။ ယာခင်းများ လယ်ကွက်များကိုချည်း အဖြတ်များသည်။

လသည်မြင့်ခဲ့၏။ မောင်မိုးကောင်းမှာ ချွေးစို့ကာ အတော်ဟိုက်လာ၏။ သူတို့ သည် ချုံအုပ်ချုံတန်းများကြားမှ လျှောက်လာရစပြုပြီ။ မောင်မိုးကောင်းက ရှေ့မှသွားရင်း စကားပြော၏။

''အဂ္ဂတောင်က မောင်သန့်ထဆိုတဲ့ အဂ္ဂတောင်ဟာ ရှေ့ကတောင်ပဲကွ။ ဟိုတောင်က နွယ်ခွေတောင်တဲ့''

တောင်နှစ်လုံးပေါ်တွင် မီးရောင်တလက်လက် မြင်ရသည်။ မီးသွေးတုံးထဲမှ ပတ္တမြားကောင်းလို အကြည့်လှသောတောင်နှစ်လုံးကို မောင်မိုးကောင်းမော့ကြည့်၏။

''ငါတို့ အဲသည်ကိုသွားမလို့ကွ''

''ဘာကွ''မောင်မိုးကောင်းသည် စုံရပ်မိလျက်ဖြစ်သွားသည်။ ''အဲသည်မှာ သူပုန်တွေရှိနေရင် မသင်္ကာလို့ ပစ်လားခတ်လား၊ ဖမ်းလားဆီးလားလုပ်နေပါဦးမယ်ကွ'' ဟုပြော၏။

"ကြောက်သလားကွ ဟဲဟဲ"

"ကြောက်တာ မကြောက်တာနဲ့ မဆိုင်ပါဘူးကွ။ သူ့နယ်ထဲဝင်လာရင် သူက အပေါ်စီးရမှာကို ငါကတွေးပြီးပြောတာပါ"

"လာပါ၊ ကိစ္စမရှိပါဘူး၊ တို့ရွာသားတွေ အများကြီးပါ။ ကနေ့ည မင်းလောင်း ရာဇဘိသိတ်ခံပြီး မင်းမြှောက်မှာကွ"

မောင်ဖိုးမောင်သည် ပြောပြောဆိုဆို ရှေ့မှဆက်သွားသည်။ မောင်မိုးကောင်းသည် မိမိတို့ရပ်နေသောနေရာသို့ ပြန်လှမ်းကြည့်ရာ လက်နက်ကိုယ်စီနှင့် လူတစ်ကျိပ်ခန့် ရောက်နေသည်ကို မြင်ရသဖြင့် လှမ်းပုတ်ပြီးပြော၏။

"တို့နောက်မှာ ပုလိပ်တွေလားမသိဘူးဟေ့၊ ကြည့်စမ်း ဖိုးမောင်"

မောင်ဖိုးမောင်ကလှည့်ကြည့်ကာ ကြိတ်၍ရယ်မောသည်။

"အဲဒါဟာ အဲသည်တောင်ကို စောင့်ရောက်ကာကွယ်နေတဲ့ အဖွဲ့တွေထဲက တစ်ဖွဲ့ပေါ့ကွ၊ ငါတို့က မမြင်ပေမယ့် သူတို့က တို့ကိုမြင်တယ်။ တို့ဘယ်သူဘယ်ဝါ ဆိုတာသိပြီး ယုံကြည်လို့ မတားဆီးတာဘဲ"

"ဒါကြောင့် ငါပြောတယ် မဟုတ်လား၊ သူ့မြေမှာဆိုရင် သူကအပေါ်စီးရပါ တယ်လို့"

"ဟုတ်ပါတယ်ကွာ"

သူတို့သည် ခရီးသင်းမှတ်သံကြားရ၏။ ခြေလှမ်းများ ပိုသွက်လာသည်။

"လာဟေ့ လာဟေ့၊ မင်းမြှောက်နေပြီ"

ညီအစ်ကိုနှစ်ယောက် ပြေးလာကြ၏။ များများပြေးခွင့်မရ။ လုံကိုင်စစ်သား များက ဆီးတားထားသည်။

"ကျုပ်တို့ပါဗျ၊ ဘိသိတ်ခံတာ ဖူးမြင်ရအောင်လာတာပါ"

လုံကိုင်စုဗိုလ်သည် မောင်ဖိုးမောင် မျက်နှာကို ကပ်ကြည့်ပြီးနောက် "အေး ဖြည်းဖြည်းသွား၊ ခုနတုန်းကလိုမပြေးနဲ့"ပြောကာလွှတ်လိုက်သည်။ သို့သော် ဓားကိုင် တပ်သားများကိုတစ်ကြိမ်၊ လေးသည်တော်တပ်ကိုတစ်ကြိမ် တွေ့ရှိဖြတ်သန်းရသေး၏။ နောက်ဆုံးတွင် သေနတ်လေးလက်အစောင့်ချထားသော နေရာတွင် လုံးဝရပ်တန့်၍ ထိုင်ချလိုက်ရသည်။ ထိုနေရာတွင် ထိုင်နေသူပေါင်း ငါးထောင်ထက်မနည်းရှိမည်။ မင်းလောင်းထံ သစ္စာခံကာ သူပုန်ထလိုသော တောင်သူလယ်သမားများပေတည်း။

ရာဇဘိသေကခံသော အခမ်းအနားသည် ကိုယ့်ဘုရင် ကိုယ့်သခင်ကိုသာရှိခိုး၍ ကိုယ့်မင်းကိုယ့်အုပ်ချုပ်သူ ဘာလုပ်လုပ်၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ကိုယ့်

အရှင် ကိုယ့်ဘုရင်ကိုသာ လိုလားကြသော တောင်သူလယ်သမား သူပုန်လောင်းလျာများ အတွက် ဇာတိသွေးဇာတိမာန် တက်ကြွအောင်လှုံ့ဆော်ပေးနိုင်၏။

မန္တလေးနန်းဆက်ပျက်စီးသည်မှာ မကြာသေး။ ၂၅နှစ်မျှသာရှိသေးသည့် အတွက် မင်းခမ်းမင်းနားကို သိမှီမှတ်သားမိသူများရှိသေးရာ၊ မောင်သန့်ရာဇဘိသေကပွဲမှာ ရွှေနန်းတော်ကြီးထဲက ရှင်ဘုရင်တစ်ပါး၏ အခမ်းအနားနှင့် များစွာမကွဲပြားလှ။

မောင်မိုးကောင်းတို့သည် ဘုရင်အားမြင်ကြရ၏။ သူကြီး ဦးဖိုးမှီ၏အိမ်တွင် ကုတ်ချောင်းချောင်းနှင့် အလုပ်လုပ်နေသော စာရင်းငှားသေနှင့်နှင့် လားလားမျှမတူ ဥသျှောင်၊ စလွယ်၊ နားဋောင်း၊ ခြေနင်း၊ သားမြီးယပ်၊ သံလျက်စသည့် မင်းအဆောင်အယောင် မင်းမြောက်တန်ဆာငါးပါးနှင့် ရှိသေချင်စရာ ရှိခိုးချင်စရာကြီး ဖြစ်နေ၏။

သူ့ဘေးတွင် အရှာရှာမှ ရှေးမှီ သက်ကြီးဝါကြီးများက ခြံရံလျက်၊ တတွတ်တွတ်သင်ကြားနေကြသည်။ သူ့ရှေ့၌ ဤရာဇဘိသေကခံယူပွဲဖြစ်မြောက်အောင် လှုံ့ဆော်ခဲ့သူများခစားနေကြ၏။ ပုဏ္ဏားက ရာဇဘိသေကခံယူအပြီး၌ ဘွဲ့မည်ရည် ရာထူးဌာနန္တရ ပေးသောထုံးစံနှင့်အညီ၊ ကိုဖိုးတုပ်အား စစ်သူကြီး၊ ကိုဇေယျအား အတွက်အချက် အရေးအသားတတ်လွန်းသောကြောင့် ရွှေတိုက်ဝန်၊ ကိုဖိုးထူး ကိုဖိုးကြူးညီအစ်ကိုအား စစ်ဗိုလ်ချုပ်၊ ဖိုးကတုံးအား အဝေးဝန်အဖြစ် ချီးမြှင့်မြောက်စားတော်မူလေ၏။

ရာဇဘိသေကခံယူပွဲသို့ ရောက်ရှိလာသော တောင်သူလယ်သမားများအား အဝေးဝန်ဖိုးကတုံးက သစ္စာရေတိုက်သည်။ သစ္စာဆိုရာတွင် တိုင်းတစ်ပါးသား မိစ္ဆာကောင်များအား အရိုးကြေကြေ အရည်ခမ်းခမ်း တိုက်ခိုက်ပါမည်။ စေသောတာဝန်ကို မဆုတ်မနစ် ဆောင်ရွက်ပါမည်။ ဘုရင်ကြီးနှင့် ဤသစ္စာကိုဖောက်ဖျက်မိပါက သစ္စာမီးတောက်၍ ဘေးအပေါင်းသင့်ပါစေသားစသည်ဖြင့် ကြောက်ရွံ့ထိတ်လန့်ဖွယ်များကိုဆို၍ သစ္စာရေ သောက်ကြရသည်။

"မင်းနဲ့ငါလည်း သစ္စာရေ သောက်ကြရအောင်ကွာ၊ ဟုတ်လား"

မောင်ဖိုးမောင်က မောင်မိုးကောင်းအား အဖော်ညှိ၏။

မောင်မိုးကောင်းသည် နွယ်ခွေတောင်အလုံးကို တောင်ဟုန်သံပေး၍ ဖုံးခြုံထားသော ဒေါင်းအလံကြီးကိုမော့ကြည့်ရင်း အားမာန်တဖြိုးဖြိုးတက်နေ၏။ ဒေါင်းအလံကြီးသည် လေ၌မြူးကာ ငါကဲ့သို့ခွပ်ကြလော့၊ ငါကဲ့သို့ တိုက်ခိုက်ကြလော့ဟု နှိုးဆော်သည့်အလား လှုပ်ရှားနေသည်။

မောင်မိုးကောင်းသည် မောင်ဖိုးမောင် ဘာပြောသည်မသိ၊ ကြားတော့ကြား၏။ သူ၏အသိအာရုံသို့ တကယ်ပြတ်ပြတ်ထင်ထင် ဝင်လာသောစကားများမှာ မောင်ဖိုးမောင်

၏ စကားများမဟုတ်။ ဖိုးစံလှဘော် မှာကြားသော စကားများသာ ဖြစ်သည်။

''ဒီဓားကို ဘ ဘာမှ အသုံးမချနိုင်တော့ဘူး။ ငါ့မြေးယူပေတော့။ တိုင်းတစ်ပါးသား မိစ္ဆာကောင်တွေကို ဒီဓားနဲ့ ဘတိုက်ခဲ့သလို ငါ့မြေးဆက်တိုက်ပါ။ တို့မြေပေါ်မှာ တစ်ကောင်တစ်မြီးမှ မကျန်အောင်တိုက်ထုတ်လို့ အခွင့်အလမ်းသာရင် ရွာကိုပြန်လာပြီး ကုလားလေး ကုလားမွှားတွေကို သုတ်သင်ပါ ငါ့မြေး''

မောင်မိုးကောင်းသည် ဓားကိုဆုတ်၍ အံကိုကြိတ်ထားလေ၏။

''ငါ့အစ်ကိုကြီးကို ငါတို့နဲ့သေကွဲ ကွဲအောင်လုပ်တဲ့ ကုလား၊ ငါတို့အားကိုးရတဲ့ ဦးလေးလှိုင်ဘွားကို သတ်တဲ့ကုလား၊ ငါ့အဖေကိုသတ်တဲ့ ကုလား၊ ငါ့မရီးရဲ့အဖေကို ဒဏ်ရာကြီးနဲ့ နှိပ်စက်သတ်ဖြတ်တဲ့ကုလား၊ ငါမကျေဘူး၊ ငါလက်စားချေမယ်''ဟူ၍ အကြောဖျင်းဖျင်းထလျက်၊ စိတ်ထဲမှ ကြိမ်းလိုက်လေသည်။

''မိုးကောင်းရေ၊ မင်းကော သစ္စာရေသောက်မယ်မဟုတ်လား ငါတော့ သောက်မယ်ကွာ''

''အေး ငါလည်း သောက်မယ်''

မောင်မိုးကောင်း သွက်လက်တက်ကြွစွာ ပြန်ဖြေ၏။ သူတို့အလှည့်သို့ရောက်လာလျှင် ပြိုင်တူသစ္စာရေ သောက်ကြသည်။ ရေသည် ပူသလိုလို၊ အားပြည့်စေသလိုလို၊ ပေါ့ပါးခုန်ပျံချင်သလိုဖြစ်စေသော အစွမ်းအားပါသည် ထင်ကြလေ၏။

သစ္စာရေသောက်ပြီးသွား၍ တပ်ခွဲချိန်တွင် သူတို့ညီအစ်ကိုသည် ရွာသို့ ပြန်ခဲ့ကြ၏။ သူ့ပုန်များကား တစ်ညလုံးအိပ်မည့်အသွင်မရှိ။ အင်္ဂတောင်ပေါ်တွင် ချွေးတစ်လုံးလုံးနှင့် ခံတပ်ဆောက်လျက်ကျန်ခဲ့ကြသည်။ ဘုရင့်နန်းတော်ရှိ နွယ်ခွေတောင်ပေါ်မှာ ဒေါင်းအလံကြီးသည် တဖြည်းဖြည်းဝေးသွားသော ညီအစ်ကိုနှစ်ယောက်အား ''သစ္စာမဖောက်ကြနဲ့''ဟုလည်း လှမ်းလင့်၍ မှာကြားနေသည်သို့ရှိ၏။

''အင်္ဂတောင်မှ မောင်သန့်ထ''ဆိုသော တဘောင်သည် ကျယ်လောင်သည်ထက်ကျယ်လောင်လာသည်။ မြင်းမူတစ်နယ်လုံးတွင် ဤတဘောင်သည် နေ့မစဲညမစဲ မြည်ဟည်းနေချေ၏။

ထို့ပြင် ရွှေရင်နာဘုရားတွင်ရှိသော မှန်ထဲတွင်လည်း ရှင်ဘုရင်မောင်သန့်၏ မြင်းစီးနေသောအရိပ်ကို ကုသိုလ်ထူးများ မြင်ရတွေ့ရသည်ဟူသော ကောလာဟလသတင်းများမှလည်း ကျယ်ပြန့်လာသည်။ ထို့ကြောင့်ပင် ရွှေရင်နာဘုရားမှာ စည်ကားသည်ထက် အဆမတန်စည်ကားနေလေ၏။

ရှင်ဘုရင်မောင်သန့် မြင်းစီးလျက်ပေါ်သည်ဆိုသော မှန်လည်း မည်သည့်မှန်

နည်း။ လူအများအလှကြည့်ရန်ထားသော မှန်ထဲတွင်လော။ ဘုရားစေတီအထက် အပိတ်မှောင်တွင်ရှိသော မှန်ထဲတွင်လောဟူသည်တို့ အတိအကျမသိကြချေ။

သပိတ်မှောက်တွင်ရှိသော မှန်သေးသေးကလေးထဲတွင်မူ ထင်မြင်နိုင်သောနေရာသို့ ဘုရင်မောင်သန့် လှည့်လည်ကြွသွားခိုက်နှင့် ကြုံသောကြောင့် ထင်သည်ဆိုလျှင် ဖြစ်နိုင်ပါ၏။ ယုတ္တိရှိပါသေး၏။ ဘုရားရင်ပြင်ရှိ အလှကြည့်ရန်ထားသော မှန်ထဲတွင် ပေါ်သည်ဆိုခြင်းမှာ ယုတ္တိမရှိ ဖြစ်နိုင်မဖြစ်နိုင် မစဉ်းစားဘဲ တိုးဝှေ့ကြည့်ကြသည်။

နတ်ဝတ်ပုဆိုး တိမ်မီးခိုးကိုမမြင်ရသူသည် ယုတ်ညံ့သူအထင်ခံရမည်စိုး၍ မရှိသည်ကိုအရှိ၊ မမြင်ရသည်ကို မြင်ရလေဟန် အချင်းချင်းလှည့်ပတ် ညာကြသည့်နည်းတူ မှန်ထဲတွင် ဘုရင်မောင်သန့် မြင်းစီးနေသောအရိပ် မမြင်ရဘဲလျက် မြင်ရသည်ဟုတ်သည်ဟု တစ်ယောက်စတစ်ရာ လိမ်လည်ကြခြင်းလည်းဖြစ်နိုင်ပေသည်။ ဤသို့အချိန်ကုန် လူပန်းကာ တရုန်းရုန်း တဝုန်းဝုန်းရောက်ရှိလာသော ဘုရားဖူးပရိသတ်ကြောင့် ဦးစွာအကျိုးရှိသူမှာ ခေါက်ဆွဲဆိုင်ဖွင့်လှစ်ရောင်းချနေသော တရုတ်တင်မောင်ဆိုသူဖြစ်ပေ၏။

တရုတ်တင်မောင်၏ဆိုင်တွင် ထိုင်စရာမရှိအောင် လူများပြည့်ကြပ်နေသည်။ မှာကြားသမျှကို နိုင်နင်းစွာ မရောင်းချနိုင်တော့ချေ။

"သိကြားမင်းပေးတဲ့ နဝရတ်ဓားကိုကိုင်ပြီး မြင်းစီးပြီးလာတဲ့ မောင်သန့် အရိပ်ကို ဒါလောက်လူတွေများနေမှတော့ ဘယ်မှာ မြင်ရပါ့တော့မလဲကွ"

ချိုပါသားကြီး ဦးကျော်အုံ့သည် ခေါက်ဆွဲစားနေသူများနှင့် ခေါက်ဆွဲမျှော်နေသူများ ရေတောင်းသောက်နေသူများ ဆိုင်ရိပ်ခိုကာ နားနေသူများကို လျှင်မြန်စွာ အကဲခတ်ရင်း အသံကျယ်ကျယ်ဖြင့်ပြော၏။ "အနှာဖြင့် ဘယ်အခါမှ မြင်ရမှာလဲ မောင်ရယ်"ဟု မောနေသော အမယ်အို တစ်ယောက်ကမေးသည်။

"သူလာတဲ့အခါမှာ မြင်ရမှာပေါ့ဗျာ။ သူမလာဘဲနဲ့တော့ ဘယ်မြင်ရမလဲ။ သူဘုရင်ဆိုတော့ ခဏခဏဘယ်ထွက်မလဲဗျ"

"စကြာမင်းနဲ့ မြစိမ်းရောင်မင်းသမီးက ဆင်ဖြူတော်လေးစီးနဲ့ ပိဋကတ်သုံးပုံ တင်ပြီး ဘယ်အခါမှ ရောက်မလဲကွယ့်"

ဘအိုတစ်ဦးက ဝင်ရောက်မေးမြန်း၏။

"အားလုံး အေးဆေးမှ လာမှာပေါ့အဘရယ်။ လောလောဆယ်မှာတော့ မောင်သန့်ကပဲ ဘုရင်ပေါ့။ သူ့ကို ဘုရင်မြှောက်လိုက်တယ်ဆိုရင်ပဲ သစ္စာခံဖို့ လာလိုက်တဲ့ လူတွေ ဘရာ၊ မြို့ပေါ်က ပုလိပ်တွေတောင် ပါသတဲ့ဗျ"

"ဟေ ဟုတ်လှချည့်လားဟ"

''ဟုတ်ရမှာပေါ့ ဘရာ။ ကိုယ့်နိုင်ငံကို မတရားလုယက် သိမ်းပိုက်တဲ့လူကို ဘယ်သူကြည်ဖြူမှာလဲ ဘရဲ့။ တောသူတောင်သား လယ်သမားယာသမားတွေကတော့ ဘာပြောကောင်းမလဲ ဘရာ။ စားစရာ လူးကလေး တစ်ပြည်တောင်မချန်ဘဲ အတင်းယူသွားတဲ့ အစမ္မ မိစ္ဆာကောင်တွေကို အခုပဲ သွားတိုက်ပါရစေဖုရားနဲ့ပေါ့''

''ဒါပေါ့လေ၊ ဟုတ်တာပေါ့''

စကားထောက်ခံသူမှာ ဘအိုတစ်ယောက်တည်းမဟုတ်၊ ၃-၄ယောက်ဖြစ်သည်။

''ဘုရင်ကြီးက ဆိုင်းကြဦး မောင်မင်းများ။ အခါသင့်ဖို့ နည်းနည်းကလေး လိုသေးတယ်။ စောင့်ကြဦးကွယ်၊ စားရေး၊ လုံ့ရေး ဆည်းပူးကြဦး။ သေနတ်ခဲယမ်း မီးကျောက် ပြည်စုံပစေဦးပေါ့''

ချီပါရွာသားကြီး ဦးကျော်အုံသည် များပြားစုအုံနေသော ပရိသတ်ကို ထပ်မံအကဲခတ်လိုက်ရာက

''စစ်သူကြီးနဲ့ စစ်ဗိုလ်ချုပ်များကလည်း ဘုရင်ကြီးဆီက အမိန့်ရတာနဲ့ တိုက်ဖို့ အသင့်ဖြစ်နေကြပြီ။ အမှုထမ်းလိုတဲ့ လူတွေကို ဟောဒီနားမှာပဲ လက်ခံသိမ်းသွင်းနေ သတဲ့။ ကျုပ်လည်း သွားဦးမှ''ဆိုကာ လူအုပ်ထဲမှ လျင်မြန်စွာထွက်ခွာသွားလေ၏။

သူသည် လူတွေမရိုးမရွဖြစ်ရုံကလေး ပြောသည်။ ကြာရှည်ပြောလျှင် အီသွားမှာစိုးသည်။ ထို့ကြောင့် ဆန့်တငံ့ငံ့ဖြစ်အောင်လုပ်ရင်း၊ ကုလားကို ဘုရားထင်နေသော သူကြီးတွေ၏တပည့်လက်သားများ မည်၍မည်မျှလာသည်ကို သိသည်နှင့်တစ်ပြိုင်နက်၊ လူယောင်ဖျောက်သွားခြင်းဖြစ်သည်။

သို့သော် ဦးကျော်အုံလိုသွားသော အချက်တစ်ချက်ရှိ၏။ ယင်းမှာ သူ့အား စေ့စေ့စပ်စပ်ကြည့်၍ သူပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေသော ခေါက်ဆွဲဆိုင်မှ တရုတ်တင်မောင်ဖြစ်ချေ၏။ ပရိသတ်ထဲတွင် ဦးကျော်အုံနည်းတူ သိမ်းသွင်းစည်းရုံးနေသော သူပုန်တပ်သား အများအပြားရှိသည်။ သူတို့မှာ ဦးကျော်အုံကဲ့သို့ တစ်ရာအုပ်ဗိုလ်တွေဖြစ်၏။ အိုးစားအဆင့်နှင့် တပ်သားများမှာမူ၊ ပရိသတ်ကို လိုက်လံအကဲခတ် ထောက်လှမ်းနေကြသည်။

တောင်သူလယ်သမားမှာ လောလောလတ်လတ် အထောင်းအထုခံထားကြရ၏။ အရည်ကွဲ၍ အရိုးကွဲအောင် နှိပ်စက်ခံထားကြရ၏။ ဤသို့ပြုသူကား ကိုယ့်လူမျိုးမဟုတ်ကြောင်းလည်းသိ၏။ နာရင်းစွဲကလည်းရှိ၊ အားကိုးလည်းပေါ်လာသောအခါ၊ ဘုရားအနီးတောအုပ်အစပ်တွင် စခန်းချ၍ သူပုန်တပ်သားများ လက်ခံနေသော ရွှေတိုက်ဝန်ဦးဒေယျထံသို့ လူငယ်လူရွယ်သာမက လူကြီးများပင် ဝင်ရောက်လာမစဲတသဲသဲနှင့် စာရင်းပေး

သွင်းကြလေ၏။

တပ်သားသစ်များကို အဝေးဝန်ဖိုးကတုံးကစစ်ဆေး၏။ စိတ်ချလျှင် စစ်သူကြီး ဦးဖိုးတုပ်ထံပို့၍ သစ္စာရေတိုက်၏။ ထို့နောက် စစ်ဗိုလ်ချုပ်များဖြစ်သော ကိုဖိုးထူး၊ ကိုဖိုးကြူးတို့ထံပို့ကာ ကာယသိဒ္ဓိဆေးများ ထိုးနှံပေးပြီးလျှင် တိုက်နည်းခိုက်နည်းများ သင်ကြားပေးလေသည်။

နှယ်ခွေတောင်ခံမြို့အတွင်းဝယ် ဓားရောင်၊ လှံရောင်တဖွေးဖွေးရှိ၏။ ဓားရေး၊ လှံရေး သင်ကြားသူများ ပြည့်နှက်နေသည်။ လုပ်သေနတ်များလည်း ပန်းပဲဖို၌ မအား မနား လုပ်ကိုင်လျက်ရှိရာ တူသံပေသံ ညံမစဲချေ။

ခံမြို့တွင်းသို့ ရောက်သွားသူတိုင်းသည် ငါတို့မုချနိုင်ရမည်ဟု ယုံကြည်သွား ကြလေ၏။

# ငါး

မိဖွေးသည် မောင်မိုးကောင်းအား မျက်စောင်းထိုးကြည့်သည်။ နောက် ပြုံးသည်။ မောင်မိုးကောင်းအား တည့်တည့်ပြန်ကြည့်ရင်း အိမ်တိုင်နှင့် ကျောနှင့် ခွာလိုက်လေသည်။

"တော့်အကြောင်း ပြောသယ် ဆိုတာကို၊ တော်က မယုံလို့လား။ ပြောသမျှ နေ့တိုင်း ပြောသာတော့်"

မောင်မိုးကောင်းက မိဖွေးအား ငေးကြည့်နေသည်။ အပျိုသင်စ ဆိုသည်မှာ မလည်မဝယ် မနူးမနပ်ဆိုသည်မှာ စိမ်းဆတ်ဆတ်ဆိုသည်မှာ ဤအရွယ်ကို ဆိုကြသလော ဟု တွေးတောနေလေ၏။

"မနေ့တုန်းကတောင် မမယ်လှိုင်ကို သူက မေးနေသေး"

"ဟေ… ဘာတွေ မေးသလဲ၊ ပြောစမ်းပါဦးဟ ငါ့နှမရ"

"သိပ်ပြီး ကြားချင်သယ်ပေါ့လေ၊ အဲသလိုဆိုရင် မပြောတော့ဘူး"

မိဖွေးသည် နှုတ်ခမ်းစူကာ မျက်စောင်းချိတ်ကာ မျက်နှာလွှဲထားလေ၏။ မောင်မိုးကောင်းသည် မိဖွေးအား ကြည့်ပြုံးကာ-

"အဲဒီလို မလုပ်ပါနဲ့ ငါ့နှမရယ်၊ ငါ့နှမက လိမ္မာပါတယ် ဟဲ ဟဲ" ဟု အလိုက်သင့် ချော့သောအခါ မိဖွေးက မောင်မိုးကောင်းအား မျက်နှာထား တည်တည်ဖြင့် ပြော၏။

"ကျုပ် ပြောသယ်ဆိုပြီး ဝမ်းပုံကို သွားမပြောရဘူးနော်"

''မပြောပါဘူးဟာ… စိတ်ချပါ''

''တော့် ဘုရားစူး''

လက်ညှိုးကလေးထောင်ကာ မျက်စကလေးချီကာ အကျိုးနိုင်းနေပြန် ပါသည်။

''ဘုရားစူးပါဟာ''

''ဟင်… ဘယ်ရမလဲ။ မပြောပါဘူး၊ ပြောရင် မိုးကြိုးပစ်ရစေရဲ့ လို့ ဆိုရမယ်''

''ကဲ… ဆိုပါတယ်ဟာ''

မိဖွေးသည် ဟိုကြည့် သည်ကြည့် ကြည့်သေး၏။ ပြောမည်ပြင်ပြီးမှ-

''တော်တို့က ဘုရားစူးသာတို့ မိုးကြိုးပစ်သာတို့ကိုလည်း ယုံဟန် မတူပါဘူး တော်''

ဟု အားလျော့သံဖြင့် ဆို၏။

''ဩော်… ခက်ပါဘိနော်၊ ယုံပါတယ် ပြောနေရက်သားနဲ့ဟာ''

''ဒီလို တော်ရဲ့၊ မမယ်လှိုင်က အစ်မဆီကို ရက်ဖောက် လာငှားတော့ အစ်မက ဆီးမေးတယ်။ ညည်းတို့အိမ်မှာ ညတုန်းက ကိုမိုးကောင်း လာအိပ်သယ်ဆိုတဲ့''

''အဲဒီတော့ မယ်လှိုင်က ဘာပြောလဲ''

''မမယ်လှိုင်က ဟုတ်သယ်လို့ ပြန်ပြောသာပေါ့တော့။ အဲသာနဲ့ သူက ဘယ်မှာ အိပ်သလဲတဲ့။ မမယ်လှိုင်က တို့ညီအစ်မက တံခါးဝမှာ ခေါင်းစိုက်ပြီး အိပ်သယ်တဲ့''

''ငါက ဘယ်မှာ အိပ်သတဲ့လဲ''

''တော်တို့ ညီအစ်ကိုက အိမ်ထဲမှာ အိပ်သယ်တဲ့ တော်ရဲ့။ အဲသလို ပြောဆို ဟုတ်လား''

''ဘာကိုလဲ''

''အဲသာကို ပြောသာပေါ့''

မောင်မိုးကောင်းသည် မိဖွေးအား ကြည့်ကာ ရယ်မောပစ်လိုက်သည်။ ကိုယ်က အကောင်းမေးပါလျက် ပြက်ချော်ချော် လုပ်ခံရသည့်အတွက် မိဖွေး ခြေဆောင့်ကာ ထွက်သွား၏။ တစ်လှမ်းနှစ်လှမ်း လှမ်းပြီးသောအခါ မောင်မိုးကောင်းကို ရပ်လျက် ကြည့်သည်။ မျက်စောင်းထိုး၍ ကြည့်ခြင်း။

''ဟဲ့ မိန်းကလေး၊ နင့်အစ်မကော''

မိဖွေး၏ မိခင် မမင်းယာသည် ထဘီ တရွတ်သီလျက် ပြောင်းဖူးဖက် ဆေးလိပ် ကြီး မီးတဖွားဖွားနှင့် ရောက်လာကာ ခပ်လှမ်းလှမ်းမှ မေးသည်။

''အစ်မ ဂွမ်းပုံလား အမေ၊ မမယ်လှိုင်တို့အိမ်ကို သွားသယ်''

''ဟဲ့ မိုးကောင်း··· နင်လည်း အသွားအလာ သတိထားနော်''

ဟု လှမ်းပြောရင်း လျှောက်လာ၏။

''ဘာဖြစ်လို့လဲ အဒေါ်''

''ဟဲ့··· နင် မကြားဘူးလား၊ ရွှေရင်နှာဘုရားမှာကော၊ နွယ်ခွေ တောင်မှာရော သူပုန်ထနေပြီဟဲ့''

''အဒေါ်နှယ်ဗျာ၊ နွယ်ခွေတောင်ဆိုတာ အဝေးကြီး မဟုတ်လား''

''ဘယ်ကလာလို့ ဝေးရမှာလဲ ဟယ်၊ ခုသွားရင် ခုရောက်သွယ့် ဥစ္စာ။ အဲသာ လပြည့်နေ့မှာတောင် မြင်းမူကို စီးမလိုလို ကြားသယ်။ ဘယ်မှ မသွားနဲ့''

ပြောပြောဆိုဆို မမင်းယာ ဖိုသီဖတ်သီ ထွက်သွားသည့်အတွက်-

''ဟုတ်ကဲ့ ဟုတ်ကဲ့'' ဟု အော်ပြောလိုက်လေ၏။

''သာဆန်း စောလှချည့်လားဟ''

ဟူသော မမင်းယာ၏ အသံသည် တစ်အိမ်ကျော်မှ ပြန့်လွင့်လာသည်။ မောင်မိုးကောင်းက နွားစာစဉ်းလက်စကို ရပ်တန့်၍ မျှော်ကြည့်၏။ မှန်ပေသည်။ ကိုသာဆန်းသည် ယာထဲမှ စောစီးစွာ ပြန်လာသည်။

''အစ်ကိုသာဆန်း စောလှချည့်လား''

''အေးကွ··· ကိစ္စကတော့ မင်းကိစ္စပဲ။ ကိုင်း··· လာ လာ''

မောင်မိုးကောင်းသည် ဘုမသိ ဘမသိဖြင့် အိမ်ဘက်သို့ ပြန်လာရ ၏။ သူနှင့် စကားပြောဖော် မိဖွေးသည်ကား ပြန်မသွားသေးဘဲ မောင်မိုးကောင်း ထိုင်ခဲ့သော နေရာတွင် ဝင်ထိုင်၍ နွားစာစဉ်းရန် ပြင်ဆင်နေသည်။

''ကိုင်း··· ဆိုစမ်းဟေ့။ နင့်မောင်နဲ့ ပတ်သက်လို့ ဘာများ ကြား သလဲ''

ကိုသာဆန်းက ကပြင်ပေါ် ခြေချလျက် အိမ်ခါးပန်းပေါ်မှာ ထိုင်ရင်း မမယ်သစ်အား လှမ်းမေး၏။ မမယ်သစ်သည် မီးဖိုထဲတွင် လုပ်လက်စများကို လက်စသတ်ခဲ့ပြီးမှ အနားရောက်လာသည်။

''မင်းကို စိတ်မချလို့ တိုင်ပင်စရာ ရှိသယ်၊ ပြန်ခဲ့စမ်းပါလို့ လူကြုံ မှာလိုက်သာနဲ့ ငါလည်း ပြန်လာရသာပဲ။ မင်းက မိန်းကလေးတွေနဲ့ ရှုပ်လို့ လား''

''မရှုပ်ပါဘူးဗျာ''

''ဒါ မဟုတ်ပါဘူးတော်။ ကျုပ် မှာလိုက်တဲ့ကိစ္စက အခု မောင်သန့် တို့ လှုပ်လှုပ်ရွရွ ဖြစ်နေသာကို စိုးရိမ်လို့ မှာလိုက်သာ''

''မောင်သန့်တို့ လှုပ်တာနဲ့ ငါနဲ့ ဘာဆိုင်လို့လဲဟ''

''တော်နဲ့ မဆိုင်ပေမယ့်လို့ ကျုပ့်မောင်နဲ့ ဆိုင်သယ်တော့''

''ကျွန်တော် ဘာမှ မလုပ်ပါလား အစ်မသစ်ရဲ့''

ဟု မလုံလဲသော မျက်နှာဖြင့် မောင်မိုးကောင်းက ပြောလေသည်။

''မင်း ဘာမှ မလုပ်ပေမယ့် သည်မယ် ငါ့မောင်၊ ချောင်းရိုး မြောင်းရိုး သာ တိမ်ကောသတဲ့။ လူ့ရဲ့ မျိုးရိုးက မတိမ်ကောဘူး''

''မဆိုင်သာ မယ်သစ်ရာ။ ငါ့ညီကို ကြည့်စမ်းပါဦး၊ သူပုန်ဖြစ်မယ့် ရုပ်လား''

ကိုသာဆန်းက ဝင်ပြောသည်။

''ရုပ်ရည်နဲ့ မဆိုင်ပါဘူး ကိုသာဆန်းရယ် တော့်နှယ်မကော။ ကျုပ်တို့ အမျိုးကို ပြန်ကြည့်ရင် အဖေကလည်း သူပုန်၊ အဘကလည်း သူပုန်၊ ဘကြီး ဘလတ်တို့ကလည်း သူပုန် တော်ရဲ့။ ကျုပ်မောင်ကျတော့ သာပြီးဆိုးသေး။ မအေမျိုးကလည်း သူပုန်၊ ဖအေနဲ့ အစ်ကိုကလည်း သူပုန်၊ ကိုင်း နည်းနည်း နောနောလား''

''ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ အစ်မသင်''

''ယမ်းဆိုသာဟာ မီးနဲ့ဝေးရင် ကောင်းသယ်တဲ့။ ငါ့မောင်ဟာ ယမ်းကွဲ့။ သူပုန်နားနီးတော့ မတော် ထတောက်ရင် အစ်မသစ်တို့ တာဝန်မကင်းဘူး။ တိုင်းပြည်မပျက်ခင် ငါ့မောင် ပြန်ဖို့ ပြင်ပေတော့''

မောင်မိုးကောင်းမှာ မည်သို့မျှ မထိခိုက်သော်လည်း ကိုသာဆန်းမှာ သက်မချရင်း-

''အေးလေ… သည်လိုဆိုတော့လည်း ဟုတ်သာပဲ''

ဟု ညည်းသည်။

''ကနေ့ပဲ သွားရတော့မလား အစ်မသင်''

''ကနေ့တော့ အချိန်မရှိတော့ဘူး ငါ့မောင်ရယ်၊ နက်ဖြန်ကျမှပဲ…''

မောင်မိုးကောင်းသည် မျက်နှာလွှဲထားမိ၏။ မမယ်သစ်သည် ပြော ရင်းက ဒိုသံပါလာကာ မျက်ရည်ကျသောကြောင့် ဖြစ်သည်။

''မနက်ဖြန် မနက်ကျမှပဲ စောစောထသွားပေတော့။ ဖိုးမောင်ကို လှည်းနဲ့ အပို့ခိုင်းရမှာပဲ''

ထိုနေ့ ညဦးတွင်လည်း သားချင်းတစ်စုသည် မောင်မိုးကောင်း ရွာပြန်ရေး ကိစ္စကိုပင် ဆွေးနွေးကြလေ၏။ ချစ်ခင်ရင်းနှီးစွာ နေထိုင်ပြီးမှ ရုတ်တရက် ခွဲခွာရကိန်း ကြုံသောအခါ သွေးရင်းများသာမက ယောက်ဖများဖြစ်သော ကိုသာဆန်း၊ ကိုယန်းအေးရော၊

မယ်သိုက်တို့ပါ မျက်နှာ မကောင်းကြပေ။

မောင်မိုးကောင်းသည် အစ်မများ မျက်ရည်ကျသည်ကို မမြင်ချင်သဖြင့် မဝဲတို့ အိမ်ဘက်သို့ ထွက်လာ၏။ မဝဲ၏ အိမ်ရှေ့တွင် မယ်လှိုင်နှင့် ငွမ်းပုံတို့ ညီအစ်မတစ်တွေ ရောက်နေကာ-

"ကိုရင် မနက်ဖြန် ပြန်တော့မယ်" ဟု စတင်မေး၏။

မဝဲက-

"နင့်နှယ်ဟာ ဖြန်းဖျင်းနှောင်ဖျင်းကြီးပါကလား" ဟု ဆိုသည်။

"ကျွန်တော်တို့ အမျိုးက သူပုန်မျိုးမို့တဲ့ဗျာ။ မင်းလောင်း မောင်သန့် အထဲ ပါသွားမှာစိုးလို့တဲ့"

"နင့်အစ်မကများကဟယ် မောင်သန့်ကို အထင်သေးလိုက်တာ။ မောင်သန့်မှာ အကျောဘဏီတပ်ကြီး ခုနစ်တပ်တောင် ရှိနေပြီတဲ့"

မဝဲက မခံချိသော အသံဖြင့် ဆို၏။

"အစ်မများက ပြန်ခိုင်းတော့လည်း မနေသာဘူးဗျာ"

"တော် ပြန်ရင် ကျုပ်တို့တော့ လွမ်းကျန်ဘော့မှာပဲ"

မောင်မိုးကောင်းသည် အသံရှင်ကို ဖျတ်ခနဲ မော့ကြည့်မိသည်။ အသံရှင်မှာ မိဖွေးဖြစ်၏။ မိဖွေး၏ ဘေးတွင် ငွမ်းပုံထိုင်နေသည်။ ငွမ်းပုံ သည် ခါတိုင်းလို ကြည်လင်ခြင်း မရှိ။ မောင်မိုးကောင်းအား တစ်ချက်ကြည့်ပြီး မျက်နှာ လွှဲထားသည်။

"ငါလည်း ပြန်သာပြန်ရတယ်၊ ဘယ်ပြန်ချင်မလဲ မိဖွေးရယ်"

"အခုနေသာ ပြောသာပါတော်၊ အတော်ကြာရင် ကျုပ်တို့ကို မေ့မှာပါ"

ထိုသို့ ပြောလိုက်သူကား မယ်လှိုင် ဖြစ်ပေ၏။ မယ်လှိုင်သည် ညှိုးနွမ်း သည်လည်း မဟုတ်။ လန်းကြည်သည်လည်း မမည်။ သို့ရာတွင် ခပ်ဝေးဝေးဆီသို့ ငေးမောရာက လေးတွဲ့တွဲ့ ပြောခြင်းဖြစ်သည်။

"ကြာရင်လည်း အေးလေ လုံးလုံးလျားလျားကြီး မေ့ဖို့ဆိုတာ တော့ မဖြစ်နိုင်ပါဘူး မယ်လှိုင်ရယ်။ ငါဟာ လေးငါးခြောက်နှစ် အရွယ်က အတူကစားခဲ့တဲ့ သူငယ်ချင်းကိုတောင် မမေ့ဘူး"

"နင့်သူငယ်ချင်းက မိန်းကလေးလား"

မဝဲက ဖြတ်မေးရာ မောင်မိုးကောင်းက ခေါင်းညိတ်လျှင်-

"နင့်ဟာက မိန်းကလေးကိုဟ၊ ဘယ်မေ့မလဲ။ အေးလေ ဒါလည်း မိန်းကလေးတွေပါပဲ"

ဟု ဆိုကာ သူ့ဘာသာသူ ရယ်မောလေ၏။

ထိုညတွင် မောင်မိုးကောင်းမှာ အိပ်မပျော်ချေ။ အိမ်မိုးမှ ဖောက်စီး လာသော ငွေချည်မျှင် လရောင်တန်းကို ကြည့်ရင်း ဝွမ်းပုံ၏ ရက်ကန်းတန်း ကို မြင်နေလေ၏။ ဝွမ်းပုံသည် မာနကြီးသော်လည်း မကြီးဟန်ဆောင်သော မျက်နှာဖြင့် ရက်ကန်းခတ်နေသည်။

ရက်ကန်းစင်၏ ဝဲဘက်တွင် မယ်လှိုင် ရှိသည်။ မယ်လှိုင်သည် ချည်မျှင်များကို စောင်းကြိုးခတ်သလို တို့ကစားနေ၏။ မောင်မိုးကောင်း ကြားရသည်မှာ စောင်းသံလေလား၊ မယ်လှိုင့်စကားသံလား။ သာယာတော့ သာယာသည်။ နစ်မောဖွယ်လည်း ကောင်းသည်။

သို့ရာတွင် ရက်ကန်းစင်၏ ယာဘက်၌ မိဖွေးကို မြင်ရသောအခါ မောင်မိုးကောင်း ထိတ်လန့်၏။ ဤသူငယ်မသည် မိမိ၏ အာရုံတွင် မည်သည့် အခါက စတင် ခိုတွယ်ခဲ့သနည်း။ မည်သည့်အတွက် တွယ်မှီနေခဲ့လေသနည်း။ မိဖွေးက ခြေဆောင့်၍ ရယ်မောသည်။ ရက်ကန်းစင်တစ်ခုလုံး သိမ့်သိမ့်ခါ ၏။

ဟိုကပြတ်၊ သည်ကပြတ်၊ ဟိုကထွေး၊ သည်ကထွေးနှင့် ဗယောက် ဗယက် ဖြစ်သွားသော ချည်မျှင်များပေါ်၌ မိဖွေး၏ မျက်နှာသည် ပေါ်လာ ၏။ ပျောက်သွားပြီး အဖြူ၊ ခင်သစ်တို့ ပေါ်လာသည်။ အားလုံး တစ်ပြိုင်နက် ပေါ်လာ၏။ လှပသော မျက်နှာများသည် ကြိတ်ဖုံးအဝကြီး လည်ပတ်သလို၊ လှည်းဘီးကြီး လိမ့်သလို လည်ပတ်လေတော့သည်။

လှမမာ ညည်းတွားသံလိုလို၊ မကောင်းဆိုးရွား အော်သံလိုလို အသံ ကြီးသည် တစ်လောကလုံး၌ တည်သောအသံ ဖြစ်၏။ ဤအသံမှတစ်ပါး တစ်ပါးသော အသံ မရှိ။ မြေလျှင် လှုပ်သလို သိမ့်သိမ့်ခါသည်။ လှူသားတို့ ၏ အော်ဟစ်သံများ ပွဲတင်ထပ်၏။

''မိုးကောင်း ထစမ်း၊ ထစမ်း''

ကိုသာဆန်းက လှုပ်နှိုးသည်။ မောင်မိုးကောင်း ထထိုင်သည်။

လေကြီးမိုးကြီး ကျနေ၏။ လေအော်သံသည် ကြောက်ရွံ့ဖွယ် ဖြစ် သည်။ ဆောင့်၍ လေတိုးလိုက်တိုင်း အိမ်ကလေး သိမ့်သိမ့်ခါသွား၏။ မိုး သည် ကျယ်လောင်စွာ အော်ဟစ် သွန်ချသည်။

''မင်း နေရာက ကောင်းကောင်းမလုံဘူးကွ။ သည်ဘက်ကို တိုးပြီး အိပ်''

သို့သော် မောင်မိုးကောင်း မအိပ်နိုင်ချေ။ မိုးမစိုသင့်သည့် ပစ္စည်းများ ကို ကူညီ ရွှေ့ပြောင်းသည်။ ကိုသာဆန်းနှင့်အတူ ထုပ်ပေါ် တက်၍ အမိုးကို ဖာသည်။ ဤအိမ်က ကိစ္စပြီးလျှင် မမယ်မျှင်တို့အိမ်သို့ ပြေးကူ၏။ မိုးနှင့် လေကား မစဲသေး။

ထို့နောက် မောင်ဖိုးမောင်တို့ အိမ်သို့ ပြေးခဲ့သည်။ မောင်ဖိုးမောင်တို့ တဲတွင် အိမ်သား သုံးယောက်လုံး ယောက်ယက်ခတ်နေကြ၏။

''ဖိုးမောင်ရေ ငါ လာပြီဟေ့၊ ဘာကူရမလဲ''

မောင်မိုးကောင်းက တဲထဲသို့ ပြေးဝင်ရင်း အော်သည်။ မယ်သိုက်တို့ ညီအစ်မမှာ အိုးခွက် အဝတ်အစားကိုလည်း သိမ်းရ၊ မောင်ဖိုးမောင်ကိုလည်း ကူညီရနှင့် လက်မလည်ချေ။

မောင်မိုးကောင်း ဝင်အလာတွင် ပြေးထွက်လာသော မယ်လှိုင်နှင့် ဝင်တိုးမိသည်။ မယ်လှိုင်အား ဆွဲထူ၍ မောင်မိုးကောင်းသည် ထုပ်ပေါ်သို့ တက်ကာ နှစ်ယောက်အားနှင့် ပြင်ဆင် ဖာထေးလိုက်ရာ မိုးမစဲ လေမငြိမ်မီ ပြီးစီး လုံခြုံ သွားလေ၏။

နောက်တစ်နေ့ အရုဏ်တက်တွင် မောင်မိုးကောင်းမှာ တစ်ကိုယ်လုံး နာကျင်ပြီး အိပ်ချင်မပြေဘဲ ထရသည်။

''အိပ်ရေး မဝသေးလည်း အိပ်ပါစေကွာ။ မနက်ဖြန်မှ ပြန်ပါစေ''

''အို… မဖြစ်ပါဘူးတော်။ တစ်နေ့ ဒီမှာ ရှိနေရင် တစ်နေ့ စိတ်ပူရသယ်။ ပြန်မှ ဖြစ်မယ်။ အေးဆေးမှ ပြန်လာပြီး တစ်သက်လုံးပဲ နေနေ''

ကိုသာဆန်းက လျော့ရဲရဲ ရှိပေမယ့် မမယ်သစ်က တင်းမာသည်။ သူသည် မျိုးနှင့်ချီပြီး သူပုန်ထခဲ့သော မောင်ငယ် သူပုန် ဖြစ်သွားမည်ကို စိုးရိမ်လှ၏။ မိမိအိမ်ပေါ်မှာ သူပုန် ဖြစ်သွားမည်ကိုကား အထူးသဖြင့် ကြောက်ရွံ့လှသည်။

မောင်ဖိုးမောင်၏ လှည်း ရောက်လာလျှင် မမယ်သစ်သည် လမ်း တွင် စားရန် ထမင်းထုပ်နှင့် ရေဘူး တင်ပေးလိုက်၏။

''သွားပေတော့ မောင်လေးရေ၊ အေးအေးဆေးဆေး ရှိမှ လာနိုင်ရင် လာခဲ့ဦး''

မမယ်သစ်က ဤသို့ မှာသည်။

''နေမပူခင် သွက်သွက် မောင်းပေးဟေ့''

မမယ်မျှင်က ထိုသို့ မှာသည်။

မောင်ဖိုးမောင်သည်-

''အစ်မတို့ကလည်းဟာ… စိတ်ချစမ်းပါ''

ဟု ပြောခဲ့စေကာမူ ရွာမှ ထွက်စတွင်သာ မြင်းမူဘက်သို့ ဦးတည် သည်။ တစ်တိုင်နီးပါးမျှ မောင်းပြီးနောက်တွင် လှည်းကို ရပ်လိုက်၏။

''ဆင်းပေတော့ဟေ့''

သူက မောင်မိုးကောင်း၏ ပစ္စည်းတွေနှင့် ထမင်းထုပ် ရေဘူးများကို ပါ

ဆွဲချသည်။ မောင်မိုးကောင်းက-

''ဘာလုပ်မလို့လဲကွ'' ဟု ယောင်ပေပေနှင့် မေး၏။

''လာပါကွာ… ဆင်းသာ ဆင်းပါ''

''ပြောစမ်းပါဦးကွ၊ ဘာလုပ်ဖို့လဲ''

''အင်္ဂတောင်ကိုပေါ့''

မောင်မိုးကောင်းသည် ထပ်မံ မပြောတော့ပေ။ ဖာထဲမှ ဓားကို ထုတ်လွယ်သဲည်။ ရေဘူးနှင့် ထမင်းထုပ်ကို ယူသည်။ မောင်ဖိုးမောင်က လှည်းကို ပြန်ကွေ့ကာ နွားများကို ရွာဘက်သို့ ရိုက်မောင်းပြီးနောက် မောင်မိုးကောင်း၏ ပစ္စည်းများကို ထမ်းကာ တောထဲသို့ ရှေ့ဆောင်၍ ဝင် လာသည်။

မောင်မိုးကောင်းက ကျေနပ်စွာ ရယ်မောလိုက်ပြီး-

''တော်တော်ဉာဏ်ကောင်းတဲ့ ကောင်ပဲကွာ'' ဟု ချီးမွမ်း၏။

''ဒီလိုပဲ လုပ်ရမှာပေါ့ကွ''

''သို့ပေသည့် လှည်းကို ပြန်လွှတ်လိုက်တာတော့ မကြိုက်ဘူးကွ''

''ငါ မရှိလည်း ငါ့မယားနဲ့ ငါ့ခယ်မ ဒီလှည်းနဲ့ နွားကို မှီခို စားသောက်နိုင်တာပေါ့ကွ''

''မင်းက ဒါပဲ သိတာကိုးကွ။ လူမပါဘဲ လှည်းချည်း ပြန်ရောက် သွားတော့ လူဆိုး၊ သူဆိုးနဲ့ တွေ့သလား၊ ဘာလား တွေးပြီး စိတ်ပူကြမှာပေါ့ ကွာ''

''ပူပါစေကွာ၊ တကယ်သေတာမှ မဟုတ်တာ။ နောင် ပြန်ရောက် တော့ သိမှာပေါ့''

''ပြီးတော့ မိုးရွာပြီးစ ဆိုတော့ လှည်းရာအသစ်က ငါတို့ တစ်စီး တည်း ရှိတာ။ လှည်းဘီးရာကို ကြည့်ပြီး လိုက်လာကြရင် ငါတို့ ဆင်လုံး ထုတ်တယ် ဆိုတာ ပေါ်တော့မှာပါပဲကွာ''

''အဲဒါတော့ မပူနဲ့။ အင်္ဂတောင်ကို ရောက်အောင် နောက်ကြောင်း ပြန်လျှောက်ပြီးမှ သွားရမှာ''

သူတို့သည် စကားတပြောပြောနှင့် အင်္ဂတောင်ဆီသို့ အသော့နှင် လာကြသည်။

ညတုန်းက မိုးရွာထားသည့်အတွက် တောသည် အေးချမ်းခြင်းကို ဆောင်၏။ ငှက်ကလေးများသည် မိုးရေစင်ကို သောက်ချိုးလိုက်ရ၍ ရွှင်မြူး နေကြဟန် တူသည်။ နေလုံးကို မြင်ရချိန်တွင် သူတို့ ညီအစ်ကိုသည် တောင်ခြေ သို့ ချဉ်းကပ်မိကြလေပြီ။

အားမာန်အပြည့်ကို ဆောင်သော မြဒေါင်းလံကြီးသည် လေဝယ် လူပ်ရှား

မြူးကြွားနေ၏။ ဇာတိသွေး ဇာတိမာန်ကို လှုံ့ဆော်သော မြဒေါင်း အလံသည် နွယ်ခွေတောင်၏ အသရေကို ဆောင်၏။ ချိုကြ တက်ကြ ပုန်ကန် ကြဟု လှုံ့ဆော်ခြင်း အပြည့်ပါသော အမျိုးသားဒေါင်းလံကြီးသည် တိုင်း တစ်ပါးသား၏ အုပ်ချုပ်မှုမှ ကင်းလွတ်ခြင်းကို ဖော်ပြသည်။

ထိုအလံကို မြင်ရသူတိုင်း အံကြိတ်မိသည်ချည်း။ လက်မောင်းတန်း မိသည်ချည်းပင်။ မောင်မိုးကောင်းသည်လည်း ထိုအလံကို မြင်လိုက်ရသည့် အချိန်မှစ၍ သံယောဇဉ်သောက အားလုံးကို မေ့ပြတ်လေ၏။

သူပုန်များ စားသောက်ရန် အိုးကြီး အိုးငယ်နှင့် ချက်ပြုတ်နေကြ သည်။ သူပုန်ဘက်တော်သားများ မြို့ပေါ်မှ တင်ပို့သော ဆန်အိတ်များနှင့် စားနပ်ရိက္ခာများသည် အဂ္ဂတောင်ပေါ်၌ တောင်ပုံကန်သင်း ဖြစ်နေ၏။ ဤရွှေ ဤမျှ ခိုင်ပြီး တောင့်တင်းခြင်းကို မြင်ရသော သူပုန်တိုင်း တက်ကြွကြသည်။

မောင်ဖိုးမောင်နှင့် မောင်မိုးကောင်းတို့သည် ဗိုလ်ချုပ်များ ဖြစ်သော ကိုဖိုးကြူးနှင့် ကိုဖိုးထူးတို့ ရှေ့သို့ ရောက်လာကြ၏။ တိုက်ရာခိုက်ရာတွင် ပါဝင်ခွင့် တောင်းရာ ကိုဖိုးကြူးက မောင်ဖိုးမောင်အား ဆယ်ယောက်အုပ် အိုးစားအရာကို ပေး၍ မောင်မိုးကောင်းကိုမူ သာမန် တပ်သားအဖြစ်သာ လက်ခံသည်။

''ကျုပ်ညီဟာလည်း သွေးသေးတဲ့လူ မဟုတ်ပါဘူးဗျာ။ မျိုးနဲ့ရိုးနဲ့ သူပုန်ထလာတာပါ။ အိုးစားလောက်တော့ ပေးဖို့ ကောင်းပါတယ်။

အခြားနယ် အခြားအရပ်မှ လူများအဖို့ကား ဗိုလ်ချုပ်ဖိုးထူး၊ ဗိုလ်ချုပ် ဖိုးကြူးကို မော်မကြည့်ရဲကြပေ။ စကားပြောရလျှင် ကြောက်ဒူးတုန်ကြသည်။ မောင်ဖိုးမောင်မူ တစ်ရွာတည်းသား ဖြစ်သည့်အပြင် စတင် ကြံစည်ကတည်းက သဘောတူပြီးသူ ဖြစ်သဖြင့် အကျောက်အကန် ပြောရဲခြင်း ဖြစ်သည်။

''ပေးချင်းပေးရင် မင်းကိုသာ ငါးဆယ်အုပ် တစ်ရာအုပ် ပေးမှာ ပေါ့ကွာ။ အနှာပေမယ့် အင်အား စုဆောင်းလာတဲ့ လူတွေကို သူ့လုပ်ရည် ကိုင်ရည် ကြည့်ပြီး ငါးဆယ်အုပ် တရာအုပ် ခန့်ထားရလို့ မင်းကို ဆယ်ယောက် အုပ်ပဲ ပေးတာ။ မင်းညီကတော့ ဘာမှ မသိရတဲ့ ညှို့သည်မို့ ပေးလို့မဖြစ်ဘူး ကွာ''

''ဒါဖြစ်ရင် ကိုဖိုးတုပ်ကို သွားပြောမယ်ဗျာ''

''စစ်သူကြီးက ပေးရင်တော့ အတိုင်းထက် အလွန်ပါပဲ မောင်ရာ''

သို့ဖြင့် ကိုဖိုးမောင်က ကိုဖိုးကြူးထံမှ ပြန်လာသည်။ မောင်မိုးကောင်း မှာ ကိုဖိုးကြူးအား အားနာနေ၏။

''မင်းကလည်းကွာ… ရာထူးလိုချင်လို့ သူပုန်ထဲ ဝင်တယ် ထင်နေပါ့မယ်ကွာ''

''ထင်ထင်ပေါ့ကွ၊ ထိုက်တန်တဲ့ နေရာကိုတော့ ရရမှာပေါ့''

''မင်းဘာသာ မင်း ပြောကွာ။ ငါ မလိုက်ချင်ဘူး၊ ရှက်တယ်''

''လာစမ်းပါကွာ၊ ရှက်စရာ မဟုတ်ပါဘူး''

ဟု ပြောကာ အတင်းဆွဲခေါ်၏။

အချို့နေရာတွင် သူပုန်များသည် ဓားခုတ်၊ လှံထိုး လေ့ကျင့်နေကြသည်။ တစ်နေရာတွင်မူ ဗိုလ်တစ်ယောက်က မြင်းစီးကာ ရှေ့မှ ချီတက်၍ ရန်သူနှင့် တိုက်ခိုက်ဟန် ချီတက် လေ့ကျင့်နေ၏။

''မင်းနဲ့ ငါနဲ့ တကယ်လုပ်ရမှာက အဲဒီလို အလေ့အကျင့်တွေ လုပ်ရမှာကွ။ အရာတောင်းဖို့ မဟုတ်ဘူး ဖိုးမောင်ရ''

မောင်မိုးကောင်းက လေ့ကျင့်နေသူများကို ကြည့်ကာ မောင်ဖိုးမောင်အား ပြောသည်။

''လေ့ကျင့်တော့လည်း လေ့ကျင့်မှာပေါ့ကွ။ ပြောစရာ ရှိတာလည်း ပြောရဦးမယ်''

အနယ်နယ် အရပ်ရပ်မှ သူပုန်မျိုးစုံတို့သည် ပျားပန်းခတ်မျှ လှုပ်ရှားသွားလာနေကြသည်။ ပဲဟူးရွာသား တစ်ယောက်ကို တွေ့သဖြင့် ရပ်ပြီး စကားပြောနေစဉ် လေးသည်တော်များ တပ်ခင်း၍ ချီတက်လာ၏။

''စစ်သူကြီး ကြွလာတော်မူသည်၊ ရှားကြ''

ယင်းသို့ အော်ကာမှ မောင်ဖိုးမောင်သည် တစ်ချက် မျှော်ကြည့်ပြီး ''လာဟေ့'' ဆိုကာ မောင်မိုးကောင်းကို လက်ဆွဲလျက် စစ်သူကြီးထံ ပြေးလာသည်။ စစ်သူကြီးသည် မြင်းညိုကြီး စီးလျက် ကြွလာ၏။

''ကိုဖိုးတုပ် နေပါဦးဗျ''

စစ်သူကြီး ကိုဖိုးတုပ်သည် မျက်မှောင်ကုတ်၍ ကြည့်ရာက မြင်းကို ရပ်၍ ဆဲသည်။

''မင်းဟာက ဘာလဲကွ။ လူတောသူတောထဲမှာ မရိုမသေ မလုပ်ပါနဲ့''

''နောက်ကို မလုပ်ဘူးဗျာ။ အခုတော့ ကိုဖိုးကြူးက ကျုပ်ညီကို အိုးစားအရာတောင် မပေးဘူး ဆိုလို့ဗျာ၊ ဒါကြောင့်ပါ''

''မင်းညီက ယုံရရဲ့လား''

''ယုံရပါတယ်ဗျာ''

''ရရမှာပေါ့ကွာ။ ငါက ပြောသယ်လို့ သွားပြောချေကွာ၊ ဟုတ် လား''

စစ်သူကြီးသည် မြင်းကို တို့၍ ဆက်လက်စီးနင်းသွားလေ၏။ သူ့ပုန်များသည် မောင်ဖိုးမောင်အား စူးစိုက်ကြည့်နေကြလေသည်။

## ခြောက်

''မြင်းမှုကို စီးဖို့ အခါရွေးလိုက်ပြီတဲ့ဟေ့''

သူပုန်များသည် လေ့ကျင့်လက်စ ဓားရေး၊ လှံရေးနှင့် မြင်းစီး၊ စစ်ဆင် စစ်တက်၊ စစ်မြှူ စစ်ဆုတ်များကို ခဏရပ်ကာ ထိုသတင်း စတင် ပြောသူအား ငေးမောကြည့်ကြလေ၏။

''မြင်းမှုကို စီးဖို့ အခါရွေးလိုက်ပြီ။ နေ့ကိုတော့ စီးမယ့်နေ့ကျမှ သိရမယ်။ ကိုင်း ကိုင်း တာဝန်ကို ဆက်လက် ထမ်းဆောင်ကြ''

''မြင်းမှုကို စီးတော့မယ်တဲ့ကွ''

''ကုလားတွေကို သတ်မဟေ့''

''ခွေးတွေကို တစ်ကောင်မကျန် သုတ်သင်မယ်ဟေ့''

''ခွေးပါးဝတဲ့ ပုလိပ်တွေကို အကုန်သတ်မယ်ကွ''

သူပုန်များသည် ဓားကို ဝင့်၍၊ လှံကို မြှောက်၍ ကြိမ်းကြသည်။ အုပ်စိုးသူ တိုင်းတစ်ပါးသားနှင့် ယင်း၏ အစေအပါးများအပေါ်တွင် နာကြည်းသူချည်း၊ မကျေနပ် သူချည်း ပါဝင်ကြောင်း ထင်ရှား၏။

ကိုယ့်ပြည် ကိုယ့်နိုင်ငံကို လုယက်အုပ်ချုပ်သူမို့ မလိုလားသူထက် အခြား အကြောင်းကြောင့် ပုန်ကန်လိုသူများက များပြားသည်။ သူကြီး နိုပ်စက်ခြင်း ခံရသူ၊ မျက်နှာလိုမျက်နှာရ မခစားသောကြောင့် မြေတိုင်းစာရေး နှိပ်စက်ခြင်း ခံရသူ၊ ပုလိပ်

နှိပ်စက်ခံရသူ၊ အင်္ဂလိပ်အသုံးပြုသော အခြားအခြားသောသူများ၏ နှိပ်စက် စော်ကား ခံရသော အနာအရင်းခံနှင့် လူက များပြားသည်။

သူပုန်များ ပျော်ရွှင်ကြ၏။ စိတ်အားထက်သန်ကြ၏။ အားတက်ကြ၏။ ရင်ဘတ်တွင် ထိုးထားသော အပါးသုံးဆယ်ပြီးဆေး၊ ဆယ်ပါးဆေး အင်းများကိုလည်း ငုံ့ငုံ့ကြည့်ကြသည်။ အချို့မှာ အင်းဆန် အင်းစောက်များကြွကာ အနာရင်းဆဲ။ အချို့မှ အနာဖေးကွာစ။

အပါးသုံးဆယ် 'ပြီး'ဆေး ဆိုသည် အမြောက်၊ မီးပေါက်၊ စိန်ပြောင်း၊ မြတပူ၊ သေနတ်၊ ဒူးလေး၊ လင်းလေး၊ ဓား၊ လှံ၊ တုတ် စသည်ဖြင့် လူကို သေစေနိုင်သော ကန့်သတ်ထားသည့် လက်နက်အမျိုး ၃၀ ထဲ မှ မည်သည့်အမျိုးအစားဖြင့် အသုံးပြုကာ တိုက်ခိုက်စေကာမူ အတိုက်ခိုက်ခံရသူ ဘာမျှမဖြစ်။ 'ပြီး'သည်ဟု ယုံကြည်ကြသော ဆေးဖြစ်၏။ ဆယ်ပါးဆေးဆိုသည်မှာလည်း ဤကဲ့သို့ပင် ဖြစ်သည်။

သို့သော် မလိုလားခြင်း၊ မုန်းတီးခြင်း၊ ဆန့်ကျင်ခြင်းတို့ ရင်ဝယ် အပြည့် မွေးထားရသော သူပုန်တို့၏ တက်ကြွသောစိတ်တွင် ထိုကာယသိဒ္ဓိ အဆောင်အယောင်နှင့် အမြှုပ်အနှံများသည် ရဲဆေးမျှသာ ဖြစ်ချေ၏။

မောင်မိုးကောင်းသည် မိမိအုပ်ချုပ်ရမည့် တပ်သား ဆယ်ယောက်ကို စာရင်းနှင့် ညှိနှိုင်းစုဆောင်းသည်။ တပ်သားများနှင့် ရင်းနှီးအောင် တွေ့ဆုံကာ စိတ်နေသဘောထား များကို ဆွေးနွေးတီးခေါက်၏။ တစ်ဦးနှင့် တစ်ဦး ယုံကြည်မှုရှိအောင် ရယ်စရာ မောစရာများ ပြောသည်။ စားစရာများ ဝေငှ စားသောက်ကြသည်။

သူပုန်များမှာ ရန်သူနှင့် ရင်ဆိုင်ရတော့မည်မို့ တက်ကြွနေကြသည်။ ဓားကို ပြင်ကာ လှံကို သွေးကြ၏။ သေနတ်ကို ဆကာဆကာ ချိန်သလို ဒူးလေး၊ လင်းလေး များကိုလည်း စမ်းသပ် ပစ်ခတ်ကြ၏။

ထိုနေ့တွင် သူပုန်တပ်သားသစ် အရောက်အလာ နည်းသည်။ ဗိုလ်ချုပ်နှစ်ဦးမှာ ရှိပြီး တပ်သားများကို စီမံခန့်ခွဲခြင်းဖြင့် အလုပ်များနေကြ၏။ မွန်းတိမ်းချိန်တွင် မသပ်မရပ်သော ဆံပင်များ၊ ထူပျစ်သော အမွေးအမှင်များနှင့် ပြီးကာ စုတ်ပြတ်သော အဝတ်များကို ဝတ်ထားသည့် ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက်သာလျှင် တပ်သားသစ်အဖြစ် ရောက်လာသည်။ သူသည် ဗိုလ်ချုပ်ကိုဖိုးကြူးထံတွင် သစ္စာခံ ပြီးနောက် စစ်သူကြီးနှင့် တွေ့ဆုံပါရစေ ခွင့်တောင်းသဖြင့် ကိုဖိုးတုပ်ထံ ပို့လိုက်ကြ၏။

ညနေစောင်းတွင် တစ်ရာအုပ်ဗိုလ်များ၏ ပါးစပ်မှ ထိုလူသစ် သူပုန်နှင့် စပ်လျဉ်းသော မကျေနပ်သံများကို ပြောသံ ကြားကြရသည်။

''နောက်မှ ရောက်လာတဲ့ လူသစ်က စစ်သူကြီးကိုတောင် ဘယ်လို တက်ရတယ်၊ ဘယ်လို မြှုရတယ်တွေ ဆရာလုပ်လို့ဗျား''

''စစ်သူကြီးက ထ ဓားနဲ့ မပိုင်းဘူးလား''

''စစ်သူကြီးက သူ့ဘက် ခပ်ပါပါရယ်ဗျာ။ သူကလည်း သူ့ကိုယ်သူ သူပုန်ဟောင်းကြီးလို့ ကြွားသကွ''

''ဘယ်က သူပုန်လဲ''

''အဲသာတော့ မသိဘူးကွ။ စစ်သူကြီးက သဘောကျလို့ ဘုရင်ကြီး ဆီကိုတောင် ခေါ်သွားဆိုပဲကွ။ အဲသည်မှာ သက်တော်ရှည်အမတ်ကြီးက သူ့ကို မေးတော့တာပေါ့ကွာ။ သေနင်္ဂဗျူဟာ ဘယ်နှပါးရှိသလဲ၊ မြင်းခင်းဆင်ခင်း ဘယ်လောက် ရှိသလဲ။ အဲသည်တော့မှ ငြိမ်သွားသတဲ့''

ထိုအခါ တစ်ရာမိုလ်အုပ် တစ်ယောက်က ဝင်ပြောသည်။

''ငြိမ်မသွားဘူး မောင်ရေ့။ ငါက စစ်သူကြီး ခေါ်လို့ပါသွားရတာ။ အဲသည် လူသစ်က ဘယ်လိုပြောသယ် မှတ်သလဲ။ သည်ခေတ်က ဆင်စီးမြင်းစီးပြီး ဓားအားကိုး၊ လှံအားကိုးနဲ့ လက်ရုံးအားကိုး တိုက်သာမဟုတ်ဘူးတဲ့ဗျား''

''အနှာဖြင့် ဟုတ်သားပဲ''

''သူ့အပြောက သည်ခေတ်မှာ အဝေးကနေပြီး သေနတ်နဲ့ ပစ်သဟာတဲ့။ ရှေးတုန်းကလို တိုက်ရင် သေနတ်အားနည်းတဲ့လူ နာမှာပဲတဲ့။ မြင်းမူကို စီးမယ် ဆိုပါတော့တဲ့။ ညာသံပေးပြီး မြင်မြင်ထင်ထင် သွားစီးမယ့်အစား အသာကလေး လူယောင်ဖျောက်၊ မှောင်ခိုပြီး အလစ်ဝင်စီးရမယ်တဲ့''

''ထွီ··· သည်ကောင် မိန်းမကပဲကွ။ သည်လို သူရဲဘောကြောင်တဲ့ ကောင်မျိုးကို ငါတို့တပ်မှာ လက်မခံသင့်ဘူး''

''နားထောင်ပါဦးကွာ။ သူက နောက်တစ်ခု ပြောသေးသယ်။ ပုလိပ်တွေ စစ်ပုလိပ်တွေ ထွက်လိုက်လာအောင် လူယောင်ပြပြီး ဟိုဟာလုပ်၊ ဒီဟာအလုပ်နဲ့ လုပ်ရမယ်တဲ့။ စစ်ပုလိပ်တွေ ထွက်လိုက်လာတော့မှ အသင့်ပုန်းနေတဲ့ လူတွေက သေနတ်ရအောင် ထွက်လုရမယ်တဲ့ဗျား။ သက်တော်ရှည် အမတ်ကြီးနဲ့ ဘုရင်ကြီးက ပယ်ချပြီး သူ့ကို မသင်္ကာလို့ စစ်မေးနေလေရဲ့ဗျား''

''ထွီ··· ဒီကောင် အလကားကောင်''

ဗိုလ်ပြားကား ထိုသူပုန်လူသစ်ကို သတင်းကြားဖြင့် မုန်းတီးနေဟန် တူ၏။ သူသည် ဒေါသတကြီးဖြင့် ဆက်လက်ကြုံးဝါးသည်။

"ငါ့တပ်ကိုတော့ ရောက်မလာစေနဲ့ကွာ။ အဲ အဲဟိုကောင် ထင်တယ်ဟေ့"

မိုလ်ပြားသည် စကားလက်ဆုံ ကျနေသော မိုလ်များကို ထားခဲ့ကာ အမွေးဗရပျစ်နှင့် တပ်သားသစ် လာမည့်လမ်းနှင့် နီးအောင် ထွက်လာပြီး-

"ဟေ့ စစ်သူကြီးကို ဆရာသွားလုပ်တာ မင်း မဟုတ်လားဟေ့" ဟု မေးရင်း ဓားကို ဆွဲထုတ်လိုက်၏။

"ပြောလေကွာ"

ဟု အော်ရင်း မိုလ်ပြားက တိုးကပ်သွားသောအခါ လူသစ်သည် သိုင်းပညာ တတ်ကျွမ်းသော လူတစ်ယောက်ပမာ ခုခံရန် အသင့်ပြင်ဆင် ရပ်နေရာက

"သည်းခံပါ မိုလ်မင်း။ ကျွန်တော်ဟာ စစ်သူကြီးကို အကြံပေးတာပါ။ ဆရာမလုပ်ပါဘူး"

"မင်း ဘယ်တပ်မှာ ကျသလဲ"

"ဦးကျော်အံ့ရဲ့ တပ်က၊ ကိုဖိုးမောင်ရဲ့ လက်အောက်မှာပါ ခင်ဗျာ"

"ဆင်ခြေမများနဲ့ကွာ၊ မင်းကို သုတ်သင်ရမယ်-ကိုင်း"

မိုလ်ပြားက ဓားကို မြှောက်လိုက်စဉ်-

"ကိုပြား ကိုပြား မလုပ်ပါနဲ့။ ကျုပ်တပ်ကပါ"

ဟု အော်၍ မောင်ဖိုးမောင်က ပြေးလာသည်။

"မင်းက အိုးစား၊ ငါက တစ်ရာအုပ်မိုလ်။ သေသွားချင်သလား"

လှည့်၍ မာန်လိုက်သည်တွင် မောင်ဖိုးမောင် တန့်သွား၏။ မိုလ်ပြား က "မင်း ဝင်မရှုပ်နဲ့" ဆိုကာ လူသစ်ဘက်သို့ လှည့်လိုက်သည်။

"ကိုင်း မင်းကို ဆုံးမမယ်ဟေ့"

မိုလ်ပြားသည် လူသစ်ရှေ့သို့ ဓားဝဲကာ ဖြည်းဖြည်းချင်း တိုးကပ်သွား၏။ ရင်ဘတ်ကို ထိုးမလိုလို၊ လည်ကို ဖြတ်မလိုလို၊ သျှောင်ကို ပိုင်းမလိုလို၊ ဘေးကလူများ အသည်းအေးအောင် ကာယကံရှင် အသည်းယဲ့အောင် လုပ်နေလေ၏။

"ဟဲ ဟဲ ကြောက်သွားပြီလားကွ"

"ကြောက်တယ်ဆိုတာ ဘာပါလိမ့်"

"ဟောဒါပဲဟေ့"

မိုလ်ပြားက ဘယက်လည်လျှောက်ဖြင့် ထိုးဝင်ရာက ချက်ချင်း အရှိန်သတ်ပြီး လူသစ်၏ သျှောင်ကို ပိုင်းချလိုက်ရာ လူသစ်က အသာကလေး ငုံ့ရှောင်ပေးလိုက်သည်။

"အမယ် မင်းက သည်လိုဆိုတော့လည်း အဟုတ်သားပါကလား ဟေ့။

ကိုင်း လာလေ့ကွာ''

မိုလ်ပြားသည် ရယ်ရယ်မောမောနှင့် စင်ရော်သုတ် ထိုးချ၏။ လူသစ် အသာကလေး ရှောင်ပြီး မိုလ်ပြား၏ နံကြားသို့ ခြေထောက်နှင့် ခတ်လွှတ်လိုက်၏။ မိုလ်ပြား လိမ့်သွားရာက ခုန်ထ၍ တရကြမ်း ထိုးတော့၊ တွက်တော့၊ ပိုင်းတော့ရာ လူသစ်မှာ ပြန်လှန်တိုက်ချိန်မရဘဲ ရှောင်တိမ်းနေရ၏။

သို့သော် လူသစ်သည် တစ်ချက်တွင် ခုန်၍ ရှောင်ကာ တစ်လံကွာသို့ ဆုတ်ပေးလိုက်စဉ်-

''ဟော့ လူသစ် ရော့''

ဟု အော်၍ မောင်ဖိုးမောင်က ဓားကို ပစ်ပေးလိုက်သည်။

လူသစ်က လှည့်ကြည့်ပြီး ဓားကိုဖမ်းကာ ဒူးထောက်လိုက်၏။ သူ ဒူးထောက် ချိန်တွင် ဗိုးခနဲ မိုလ်ပြား၏ ဓားသွားက ခေါင်းပေါ်မှဝဲသွား၍ သူက မိုလ်ပြား၏ ဓားကို ရိုက်ချလိုက်ရာ မိုလ်ပြား၏ဓား လွင့်စဉ်သွားလေ၏။

''အေး မင်းက ငါ့ထက် တော်ပေသကိုးကွ ဟဲ ဟဲ''

မိုလ်ပြားက ရယ်မော၍ ဝန်ခံလိုက်သောအခါ လူသစ်သည် မောင်ဖိုးမောင်အား ဓားပြန်ပေးကာ ဝိုင်းအုံ ကြည့်နေသော တပ်သားများထဲသို့ ဝင်ရောက် ရောနှောလိုက်လေ၏။

မောင်ဖိုးမောင်သည် ထိုညစ်ပတ် ပေရေနေသော လူသစ်ကြီးကို အတော် သဘောကျသွားသည်။ မိမိတို့ရွာသား ကိုပြား ဤမျှ ဓားကျွမ်းသည်ကို မြင်ရ၍ အံ့သြသလို ဤမျှ ကျွမ်းကျင်သူထက် တော်သူကိုပါ မမျှော်လင့်ဘဲ တွေ့မြင်ရပြန်သည့်အတွက် ပိုမိုအံ့သြရပြန်သည်။

''အလကားပါဗျာ သေနတ်ခေတ်မှာ ဓားရေး ဘယ်လောက်ပဲ ကောင်းကောင်း အသုံးမကျတော့ပါဘူး''

လူသစ်က မောင်ဖိုးမောင်၏ နောက်မှ ကပ်ပါလာရင်း ပြော၏။

''ဘယ်ဟုတ်မလဲဗျာ။ တစ်ယောက်ချင်း တိုက်ခိုက်တဲ့အခါကျတော့ အဖိုးတန် သေးတာပဲ။ လာဗျို့ ပျော်ပျော်ပါးပါး ထမင်းစားရအောင်''

မောင်ဖိုးမောင်က လူသစ်အား မိမိတို့အစု စတည်းချသည့်နေရာသို့ ခေါ်လာ၏။ သူတို့နောက်မှ ဦးကျော်အံ့က သူတို့အား အမီလိုက်ကာ-

''ဖိုးမောင်ရေ မင်းလူကိုပါ ခေါ်ခဲ့ကွာ၊ ထမင်းစားရအောင်ဟေ့''

ဟု ဖိတ်ခေါ်သည်။

ဦးကျော်အံ့နှင့် မောင်ဖိုးမောင်၊ ထိုလူသစ်တို့သည် ဖက်ရွက်များ ခင်း၍

ထမင်းဝိုင်းဖွဲ့ စားကြ၏။ ဦးကျော်အုံ့က စတင်၍-

''မောင်ဖိုးမောင်တို့ ခေတ်လူငယ်တွေဟာ အဲသည်လို အဖိုးထိုက် အဖိုးတန် ပညာတွေကို မတတ်တော့ဘူး ရောင်းရင်းရဲ့''

''ဟုတ်ကဲ့ ဗိုလ်မင်း၊ ကျွန်တော်တို့ကတော့ မိဘဆီကလည်း သင်ရ၊ ဓားအားကိုးနဲ့ သူပုန်ထတဲ့ ကာလကိုလည်း မီခဲ့တယ် ခင်ဗျ''

''ကျုပ်တို့မှာ သည်လို ပညာတွေ သင်ချင်လို့ သင်ပေးမယ့်လူလည်း မရှိဘူးဗျ။ သည်တော့ ဘယ်မှာ တတ်ပါတော့မလဲ''

မောင်ဖိုးမောင်က မချင့်မရဲ ပြောသည်။

''အေးလေ အင်္ဂလိပ်ကလည်း သူ့ကို ခုခံတိုက်ခိုက်တဲ့ ဗမာတွေဟာ ဓားရေး သိပ်ကောင်းတာသိတော့ ဓားခပ်ရှည်ရှည် ခပ်ချွန်ချွန်ဆိုရင် မကိုင်ရဘူး ဆိုတာမျိုး လုပ်ပြီး နှိမ်တာပေါ့ကွ။ အဲသည်လို ဓားကို အသာထားပါလေ။ သိုင်းပညာ သင်ပေး ရင်တောင် သူပုန်လိုလို ဘာလိုလို အမှုဆင် အဖမ်းခံရတော့ ဘယ်မှာ ဓားခုတ်လှံထိုး သင်ပေးရဲတဲ့လူ ပေါ်ပါတော့မလဲ''

''ဒီကုလားကတော့ ဗိုလ်မင်းရယ်၊ ကျွန်တော်တို့ လူမျိုးရဲ့ ကောင်းတာ၊ ညွှန့်တာ မှန်သမျှ အကုန်လျှောက်ပြီး ဖျက်ဆီးနေတာပါ။ အခုဆိုရင် အောက်အရပ်မှာ သျှောင်နဲ့လူဆိုလို့ တောပိုင်းမှာပဲ ရှိတော့တယ် ခင်ဗျ။ မြို့ပေါ်မှ ဘိုကေဆိုတာတွေ ဖြစ်ကုန်ပြီ''

''ဆံပင်ကလေး လက်လေးသစ်လောက်နဲ့လေ၊ ဟုတ်စ''

''ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော်တို့ လူမျိုးကလည်း သျှောင်နဲ့လူကို မြင်ရင်ပဲ ပြောင်စရာ သရော်စရာ ထင်နေကြတယ် ခင်ဗျ''

''ဒါပေါ့လေ ကုလားကို ဖအေထင်တဲ့ ခွေးသက်သက် မိမစစ် ဖမစစ် တွေကလား ရောင်းရင်းရဲ့။ ဟော မောင်ဘယ်သူ လာဟေ့''

ဦးကျော်အုံ့သည် မောင်မိုးကောင်း ရောက်လာသဖြင့် ဆီးခေါ်သည်။ မောင်မိုးကောင်းက မောင်ဖိုးမောင်နှင့် တစ်ဖက်တည်း ဝင်စား၏။

''ကျွန်တော့်နာမည် မိုးကောင်းပါ ဦးလေ။ ကျွန်တော်လည်း ဦးလေး လက်အောက်က အိုးစားပါပဲ''

ဟု ပြောပြီးလျှင် လူသစ်ကြီးအား လှည့်ပြော၏။

''နောင်ကြီးကိုတော့ အများကြီး ချီးကျူးလေးစားပါတယ် ခင်ဗျာ''

လူသစ်သည် မောင်မိုးကောင်းအား မျက်တောင်မခတ်ဘဲ ကြည့်နေ၏။

မောင်မိုးကောင်းက စကားလှည့်ပြောမှ သူသည် မျက်တောင်ခတ်ကာ ပြုံးရယ်ပြီး-

''အလကားပါကွာ။ ဓားရေး ဘယ်လောက်ကောင်းသော်လည်း အဝေးကနေပြီး သေနတ်နဲ့ပစ်ရင် ကားခနဲ ကျသွားတာပါပဲ'' ဟု ပြောလေ၏။

ဦးကျော်အံ့က ပြောသည်။ သူက-

''တို့ထက် သမ္မာရင့်တဲ့ သူပုန်တဲ့ကွ မောင်မိုးကောင်းရ''

''ဟုတ်လောက်တယ် ခင်ဗျ၊ နောင်ကြီးရဲ့ အသက်အရွယ်ဟာ အဖေတို့ သူပုန်ထတဲ့ခေတ်ကို မီလောက်တယ်''

မောင်ဖိုးမောင်က-

''ဒါထက် မသိလို့ မေးပါရစေဦး။ နောင်ကြီးက ဘယ်တုန်းက ဘယ်မှာ သူပုန်ထပြီး အခု ဘယ်မှာ နေသလဲ'' ဟု မေးသည်။

''ကြာပါပြီကွာ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ထခဲ့တာပါ။ လူအင်အား လည်း များပါရဲ့။ သတ္တိလည်း ရှိကြပါရဲ့။ လုပ်ရည်ကိုင်ရည်လည်း မဆိုးပါဘူး။ သို့ပေသည့် အများအားဖြင့် ဓားပဲ ရှိခဲ့ကြတဲ့အတွက် အတုံးအရုံးသေပြီး ခွေးပြေး ဝက်ပြေး ပြေးကြရတာပဲ''

''ဘယ်မှာတုံး''

''သာယာဝတီ ဇီးကုန်းဘက်မှာပါ''

''ခင်ဗျား ခင်ဗျား''

မောင်မိုးကောင်းသည် ရုတ်တရက် လှုပ်ရှားလာကာ-

''ခင်ဗျား နာမည် ဘယ်သူလဲ'' ဟု တုန်ယင်စွာ မေးလေ၏။

''တောက်ထွန်း''

''အမယ်လေး အစ်ကိုကြီးရဲ့၊ ကျွန်တော်ဟာ ခင်ဗျာ့ညီ မိုးကောင်းဗျ''

မောင်မိုးကောင်းသည် လူသစ်ကြီး ကိုတောက်ထွန်းအား ဖက်၍ ငိုလေ၏။ ဦးကျော်အံ့နှင့် မောင်ဖိုးမောင်တို့မှာ ပါးစပ် အဟောင်းသား ဖြစ်နေကြတော့သည်။

''ဟောဒီ ဖိုးမောင်ဟာ အဖေ့ညီ ဦးညိုရဲ့ သားဗျ။ အမယ်လေး အစ်ကိုကြီးရယ်၊ ဒီတစ်သက် မတွေ့ကြတော့ဘူး မှတ်တာ''

ကိုတောက်ထွန်းသည် ညီကို ပြန်ဖက်၍ ရှိုက်ငင်ငိုနေလေ၏။ သူက ငိုရင်း ရှိုက်ရင်းဖြင့် ပြော၏။

''အဖေတို့ အမေတို့ ပြောဖူးပါတယ်ကွာ။ အစ်ကိုကြီး တစ်ကျွန်းက ထွက်ထွက်ပြေးလာတာ ညီလေးရဲ့။ ပုလိပ်ကို ရှောင် ရှောင်ရင်း ဆင်တဲကို ရောက်ခဲ့တယ်။

ညီလေးတို့ ဘယ်ပြောင်းသွားတယ်ဆိုတာ မသိ မသိကြပါဘူးကွာ။ ဦးလေးလှိုင်ဘွားရဲ့ တူတွေကလည်း မသိဘူးတဲ့တဲ့ကွ။ ဒါ ဒါနဲ့ မြို့ မြို့တကာ ရွာတကာ လျှောက်လျှောက်ပြီး ညီလေးတို့ကိုရှာရင်း ဒီ ဒီကို ရောက်လာတာပါပဲကွာ''

ကိုတောက်ထွန်းသည် ဝိုင်းအုံကြည့်နေကြသော သူပုန်များကို မော့ကြည့်၏။ သူ၏ စုတ်ပြတ်နေသော အင်္ကျီဖြင့် မျက်ရည် သုတ်သည်။

''ကြဲဖန်ပြီး တွေ့ကြပေါ့ဟာကို ငိုမနေပါနဲ့တော့ အစ်ကိုကြီးရယ်''

ဟု မောင်ဖိုးမောင်က အားပေးကာ-

''သွေးက ပြောတာကိုးဗျ၊ အဲသာကြောင့် အစ်ကိုကြီးကို မြင်မြင်ချင်း ခင်တာဗျ''

''ဟုတ်တာပေါ့ကွာ။ ညီလေးကကော ဘယ်လိုလုပ်ပြီး ဒီနေရာ အဝေးကြီးကို ရောက်နေတာလဲ။ အစ်မကော နေကောင်းလား။ ထားအိန့် ကလေးတွေကော၊ ညီမလေး ပန်းယဉ်ကော။ ဟိုကောင်မတွေ လင်မရသေးဘူးလား''

''ခင်ဗျားဟာက တစ်ခုပြီးမှ တစ်ခု မေးမှပေါ့ဗျ ကိုတောက်ထွန်းရဲ့''

ဦးကျော်အုံ့က ရယ်မောရှုပင် ပြောရာ မောင်မိုးကောင်းက ပြုံး၍ ဖြေသည်။

''အစ်မရော အစ်မအိန့် ကလေးတွေရော နေကောင်းကြပါတယ်။ လှသွယ်တို့ မောင်နှမ သုံးယောက်လုံး အိမ်ထောင်ကျကုန်ပြီ''

''ဘယ်မှာလဲ ညီလေးရဲ့''

''အစ်ကိုကြီးကလည်းဗျာ အေးအေး နားထောင်စမ်းပါ။ အစ်ကိုကြီးရဲ့ ကျေးဇူးရှင် ဆိုတဲ့ ပွဲစားကြီး ဘယ်သူ''

''ဦးမြတ်သာဒွန်း''

''အဲဒီလူက အစ်မအိကို မကောင်းကြံတော့ အစ်မက ဓားနဲ့ခုတ်တယ် အစ်ကိုကြီးရဲ့''

''အစ်မက ခုတ်တယ် ဟုတ်လား''

ကိုတောက်ထွန်းက ဝမ်းသာအားရ အော်၏။ ပြီးတော့ ဆက်မေး၏။

''နို့ ဒေါ်လှမြတ်က သေပြီလား''

''မသေပါဘူး အစ်ကိုကြီးရဲ့။ အတူနေတာက အစ်မအိန့် ကျွန်တော် တို့က အတူနေတာကိုး။ ပွဲစားကြီးက ပုလိပ်ကို မတိုင်ပေမယ့် ဆက်မနေရဲတော့လို့။ ဒေါ်လှမြတ်ရဲ့ အစ်ကို''

''ဦးဟန်ကောင်း ဆိုတာလား။ ဦးကျော်ဟိုး အဲ အဲ ဦးကျော်ဟိုးတို့က

ဝမ်းကွဲပဲ''

''ဟုတ်တယ် ဦးဟန်ကောင်းတို့ရှိတဲ့ ပခုက္ကူကို ပြေးလာပြီး လက်ပံချိုပေါ် ရွာသစ်မှာ ကိုင်းလုပ်ပြီး အခြေစိုက်နေကြတာ အခုဆိုရင် အဲလေ အစ်ကိုကြီး ထောင်ကျပြီး မကြာခင်ကတည်းကပါပဲ''

''ကိုတောက်ထွန်းက ဘာဖြစ်လို့ ထောင်ကျတာလဲဗျ''

ဦးကျော်အုံ့က ဖြတ်မေးသည်။

''သူပုန်ထဖို့ ဆွေးနွေးတိုင်ပင်နေကြတုန်းမှာ အသားထဲက လောက်ထွက်တော့ စစ်ပုလိပ်တွေ တပ်နဲ့ ဝိုင်းပြီး သေနတ်နဲ့ပစ်လို့ သေတဲ့လူ သေ၊ မသေတဲ့လူ ကျွန်းကျ တာပါပဲ''

''အင်း အင်း''

ဦးကျော်အုံ့က ခေါင်းတညိတ်ညိတ် လုပ်ရင်း-

''တကယ့်လူနဲ့ တကယ့်ပွဲ တွေ့ကြပြန်ပြီပေါ့လေ''

ဟု ရေရွတ်နေလေ၏။

ညီအစ်ကို နှစ်ယောက်မှာ ရှေးဟောင်းနှောင်းဖြစ်များ ပြော၍ မဆုံးနိုင်ကြပေ။ အထူးသဖြင့် မောင်မိုးကောင်းက အပြောသမားဖြစ်၍ မောင်ဖိုးမောင်မှာ ဝမ်းသာ ကြည်နူးရသူ ဖြစ်ပေသည်။

# ခုနစ်

၁၂၇၂ ခု တပေါင်းလပြည့်နေ

မျက်လုံး ပတ္တမြားခဲ ရွှေအမောက်နှင့် မာန်ဝင့်ချီနေသော မြဒေါင်းအလံကြီးသည် မြင်းမူမြို့ဘက်သို့ တရွေ့ရွေ့ ချဉ်းကပ်လာ၏။

မြဒေါင်းလံနောက်တွင် စစ်သူကြီးကိုဖိုးတုပ်သည် ကျောက်စီဓားကို လွယ်လျက် ဖောင်းဝတ်ရောင်မြင်းကြီးကို စီးနင်းလိုက်ပါလာသည်။ မြင်းကကြိုးတန်ဆာနှင့် ကျောက်စီဓားသည် တက်သစ်စနေလုလင်၏ အရောင်ဖြင့် တဖိတ်ဖိတ် ဝင့်ကြွားခဲ့ညားလှပေစွ။

စစ်သူကြီး၏နောက်တွင် သေနတ်ကိုင်တပ်သား တစ်ကျိပ်ပါဝင်သည်။ သေနတ်စွဲရဲမက်တို့၏ နောက်တွင် ကြီးမားများပြားသော သူပုန်များသည် မည်းမည်းလှုပ်နေချေ၏။

ခန့်မှန်းခြေအားဖြင့် ငါးထောင်မျှ ရှိမည်ဖြစ်သော သူပုန်တပ်ကြီးသည် တွေ့သမျှ ဆုံသမျှ ရင်ဆိုင်ရသမျှကို ဝါးမျို ချေမှုန်းပစ်မည့် ရေမလှိုင်းလုံးကြီးနှင့် တူပေသည်။

ရဲရင့်ခြင်း၊ တက်ကြွခြင်းကို အသီးသီး ဆောင်ထားသော သူပုန်တပ်ကြီးသည် အဟုန်ပြင်းစွာ တောက်လောင်လာသော တောမီးပမာ အတားအဆီး ရန်သူဟူသမျှကို ရက်စက်စွာ ဖျက်ဆီးပစ်မည့်၊ သုတ်သင်ပစ်မည့်အသွင်ကို ဆောင်နေ၏။

"သူပုန်တွေ တက်လာပြီတဲ့"

ဤသတင်းသည် သူပုန်တပ်ကြီး၏ ရှေ့မှ ပြေးသွားသည်။

ရန်သူ့ထံ ဒူးထောက်သူများ၊ ရန်သူ အင်္ဂလိပ်ကို ခြေဆုပ်လက်နယ် ပြုသူများ၊

ရန်သူရှိမှ ချမ်းသာကြွယ်ဝမည့်သူများ၊ ရန်သူကို အလုပ်အကျွေး ပြုသူများမှာ အသက်ဘယ်က ထွက်ရမည်မသိဖြစ်ကာ မြင်းမူမြို့သို့ ပြေးလွှား ခိုလှုံကြသည်။ ထိုသူများကား သူကြီးများ၊ မြေယာပိုင်ရှင်များ၊ အမြတ်ကြီးစား အတိုးကြီးစား ငွေရှင်ကြေးရှင်များ ဖြစ်၏။

ယင်းသို့ ပြေးလွှားလာသူများထံမှ သတင်းကို ပုလိပ်များ ကြိုတင်ရရှိသည်နှင့် တစ်ပြိုင်နက် အိမ်ထောင်သည်များကို လွတ်ရာသို့ ရွှေ့ပြောင်းပစ်သည်။ သူပုန်တပ်ကြီး ချီလာပြီဖြစ်ကြောင်း စစ်ကိုင်းသို့ ကြေးနန်းဖြင့် အကြောင်းကြား၏။ စစ်ကိုင်းမှ ရာဇဝတ်ဝန်ကြီးသည် စစ်ပုလိပ်များခေါ်ကာ အမြန်ဆုံး ထွက်ခွာလာသည်။

''မျိုးမစစ်တဲ့ဟာတွေကသာ မျိုးကွဲဆီ ပြေးပြီးရှိခိုးတာ။ ငါတို့ မျိုးစစ်တာတွေက မပြေးပေါင်တော်''

ကျေးရွာအများမှ မိန်းမများသည် ဤသို့ရေရွတ်ကာ သူပုန်တပ်ကြီးအား ကြိုဆိုကြ၏။ အင်္ဂလိပ်ကို နိုင်ပါစေ၊ မြင်းမူကို သိမ်းပိုက်မိပါစေဟု ဆုတောင်းကြ၏။ သူတို့သည် ဆုတောင်းမေတ္တာ ပို့သည်နှင့်အမျှ အရေအတွက် များပြားသော သူပုန်တပ်ကြီးကိုကြည့်ကာ ငါတို့ မုချအောင်ရမည်ဟု ယုံကြည်ကြ၏။

ရာဇဝတ်ဝန်ကြီး ဂျွန်ဒေါ်ဘ်ဆန်သည် မြင်းမူဂါတ်သို့ အချိန်မီ ရောက်လာကာ အခုအခံ အနေအထားများကို ပြင်ဆင်ကြသည်။ တစ်မြို့လုံးမှာ ပြေးကြလွှားကြ သယ်ပိုးကြနှင့် ဆူညံလှုပ်ရှားနေရာက မှောင်စပျိုးသည်နှင့် တိတ်ဆိတ်ခြောက်ကပ်သွားလေ၏။ လူမနေသော မြို့ပျက်ဘဝသို့ ခဏချင်း ပြောင်းလဲသွားသော မြို့ထဲတွင် ပုလိပ်အနည်းငယ်၊ စစ်ပုလိပ် အနည်းငယ်ဖြင့် ရောက်ရှိနေသော ပုလိပ်များအတွက် သွေးပျက်စရာလည်း ဖြစ်နေတော့၏။

မှောင်ပေပြီ။

သို့သော် စစ်သူကြီး ကိုဖိုးတုပ် ခေါင်းဆောင်၍ ချီတက်လာသော ယာသမား၊ လယ်သမားတို့၏ သူပုန်တပ်ကြီးမှာကား မမှောင်ပေ။ ငွေလမင်းသည် သူပုန်အားပေးအဖြစ် ပြည့်ဝန်းသော အဆင်းဖြင့် ပြည့်ဝသောအလင်းရောင်ကို ထွန်းညှိလမ်းပြပေးသည်။

မြို့ခြေသို့ သူပုန်တပ်ဦး ရောက်လာပြီ။

တိုက်မောင်းသံ ဆော်လေ၏။ သူပုန်များသည် တခဲနဲ အော်ဟစ် ကြွေးကြော်၍ ဂါတ်ဆီသို့ အပြေးချီတက်လာကြလေ၏။

''တက်လဟ ဝိုင်းလဟ''

စစ်သူကြီးသည် ဓားကြီးဝင့်ကာဝင့်ကာ ရှေ့ဆုံးမှ ချီတက်လာသည်။

ပုလိပ်များသည် ဂါတ်ထဲမှ လှမ်းမျှော်ကြည့်ရာ လရောင်အောက်တွင် မျှော်မဆုံးသော သူပုန်တပ်ကြီးကို မြင်ကြရ၏။ အုတ်ခဲဖြင့် ထုဦးတော့၊ ဤဂါတ်ကလေး ပြိုချေတော့မည်ဟုတွေးကာ မျက်နှာငယ်ကလေးဖြင့် ဖြစ်နေကြသည်။

သို့သော် ဌာနာပိုင်များသည် သူပုန်များအား အရေးစိုက်ရန် မလိုကြောင်း ပုလိပ်များကို အားပေးသည်။ ရာဇဝတ်ဝန်ကြီးကလည်း သူပုန်အင်အားကို ဖော်ပြကာ ပစ်ခတ်နှိမ်နင်းခွင့် တောင်းသည်။ တိုင်းမင်းကြီး ဂျွန်လိဒ်သည် ပစ်ခတ်ခွင့်မပေး။ ဂါတ်ထဲမှနေပြီး စောင့်ကြည့်ရမည်ဟုသာ အမိန့်ပေး၏။

''မလွတ်စေနဲ့ဟေ့၊ ငါ့အိမ်က ဆတ်ဆန်ကလေး တစ်ပြည်ကို ဖွတ်ယူသွားတဲ့ ပုလိပ်သိန်းကို ငါကိုယ်တိုင် သတ်မယ်ဟေ့''

''ဂါတ်ကို မီးရှို့ကွာ''

''ဟေ့ သေနတ်သမားတွေ ပစ်ပါတော့လားကွ။ ငါတို့မှာ သေနတ်ပါတာ သင်းတို့သိအောင်''

စစ်သူကြီးသည် ဗိုလ်များအား ဆင့်ခေါ်ကာ မိမိတို့ တပ်များကို နိုင်နင်းစွာ အုပ်ထိန်းထားရန် အမိန့်ပေးပြီးနောက် ဂါတ်ထဲကကြားအောင် အော်ပြောသည်။

''ဟေ့ ပုလိပ်တွေ၊ အသက်ကို နှမြောရင် လက်နက်ချကြဟေ့။ မင်းတို့ကို ငါတို့ ဝိုင်းထားပြီးပြီ''

ဂါတ်ထဲမှ တုံ့ပြန်သံ မလာချေ။ ရာဇဝတ်ဝန်ကြီးသည် တိုင်းမင်းကြီးထံသို့ ကြေးနန်းဖြင့် အစီရင်ခံပြီး ပစ်ခတ်နှိမ်နင်းခွင့် တစ်ပါတည်း တောင်းခံသည်။ တိုင်းမင်းကြီးက အခြေအနေ စိုးရိမ်လွန်းပါမှ သေနတ်ကို အပေါ်ထောင်၍ ပစ်ဖောက် တားဆီးရန် အမိန့်ပေး၏။

''ဟေ့ လက်နက်ချလို့ ငါ အမိန့်ပေးနေတာ မကြားဘူးလား ဟေ့။ မင်းတို့ အသာတကြည် လက်နက်ချရင် ဘာမှ မလုပ်ဘူး။ ငါတို့ တိုက်ရလို့ရှိရင် တစ်ယောက်မှ အရှင်မထားဘူး''

စစ်သူကြီးက ကြုံးဝါး သတိပေးသော်လည်း ဂါတ်ထဲမှ လုံးဝမလှုပ်ပေ။

''သည်ကောင်တွေ ကျုပ်တို့ကို ကြောက်လို့ ပြေးကုန်ပါပြီဗျ။ အသာကလေး တက်သိမ်းလိုက်ရင် ပြီးတဲ့ဟာကို၊ စစ်သူကြီးလည်းဗျာ''

တပ်သားတစ်ယောက်က အော်လျှင် သူနှင့်ဆိုင်သော ဗိုလ်က လာရောက် ဟန့်တားသည်။ စစ်သူကြီးက ထပ်မံသတိပေး၏။

''ဟေ့ ပုလိပ်တွေ မင်းတို့ကို ငါသတိပေးမယ်။ အရဏ်ကျင်းလို့ လင်းလင်း

ချင်း လက်နက်မချရင် မင်းတို့သေပြီ မှတ်ပေတော့''

ဂါတ်ထဲမှ ရာဇဝတ်ဝန်ကြီးသည် နောက်ဆုံးအခြေအနေကို တိုင်းမင်းကြီးထံ အစီရင်ခံ၏။ တိုင်းမင်းကြီးထံမှ ထူးခြားသော အမိန့်မရချေ။

သူပုန်များကား စစ်သူကြီးထံမှ အမိန့်မရသည့်အတွက် ညာသံပေးကာ ဝိုင်းမြဲဝိုင်းထားကြသည်။ ညာသံပေးသူများသည် အနာကိုယ်စီ၊ အမုန်းကိုယ်စီနှင့် ဖြစ်ရကား တစ်ချက်တစ်ချက် ကြားဖောက် ဆဲရေးကြသည်။

လင်းလာပေပြီ။

ဌာနာအုပ်သည် လှေကားထိပ်သို့ ထွက်ရပ်ကာ-

''အခုချက်ချင်း လူစုခွဲပါ''

ဟု အမိန့်ပေး၏။ သူပုန်များသည် ဝါးခနဲ တညီတည်း ရယ်မောကြသည်။

''ကျလည်းကျတဲ့ အကောင်ကွာ''

''ငါတို့ လက်ထဲ ရောက်နေတဲ့ အကောင်ကများ၊ ငါတို့ကို အမိန့်ပေးလို့''

''ဒီကောင်တော့ မျှဉ်းပြီး သတ်ရမယ်''

''သေခါနီးလို့ ခွေးလိုအူတာကွ''

ဌာနာအုပ်သည် ထပ်မံသတိပေးပြန်၏။

''မင်းတို့ အခုချက်ချင်း လူခွဲပါ။ ဝမ်း တူး သရီး''

''ခွေးလို မဟောင်နဲ့ဟေ့''

တက်ကြွသော သူပုန်အချို့သည် ဆဲဆိုရေရွတ်ရင်း အရံအတား သွပ်ကြိုးကို ဆွဲဖျက်၍ ဝင်းထဲ ဝင်ရောက်လာလေ၏။

ထိုအခါ ရာဇဝတ်ဝန်ကြီးသည် အမှားတစ်ခုကို ကျူးလွန်မိလေသည်။ ယင်းကား ဗလာယမ်းတောင့်နှင့် အပေါ်ကျော်၍ အပစ်ခိုင်းခြင်းပင်။

ဤသို့ ပစ်သည့်အခါ သူပုန်များသည် မိမိတို့၏ ကာယသိဒ္ဓိဆေးများ စွမ်းသောကြောင့်သာ မထိမှန်ခြင်းဟုထင်ကာ ပိုမိုတက်ကြွလာကြသည်။

''ပစ်လိုက်စမ်း ဟား ဟား ဟား''

ရင်ဘတ် ကော့ပေးသူက ပေး၏။

''ဟောဒါကြီးကို ပစ်လိုက်ကွ''

မအားကို လှန်ပြကြ၏။

''ပစ်လိုက်ပါကွ ဟား ဟား ဟား''

ဖင်ကုန်းပြသူက ပြ၏။

ရာဇဝတ်ဝန်ကြီးမှာ ဓား၊ လှံနှင့် ရဲဒင်း၊ ပုဆိန်မျှသာပါသော သူပုန်များ၏ မထီမဲ့မြင်ပြုမှုကို ကြည့်ကာ ချွေးပြန်နေ၏။ သူသည် မတတ်သာလျှင် ပစ်သာပစ်ဟု ဌာနာပိုင်အား အမိန့်ပေးထားပြီး တိုင်းမင်းကြီးထံ တပ်မနား အမိန့်တောင်းနေသည်။

"ဟော့ကောင်တွေ ပစ်ပါတော့လား။ မပစ်ရင် ငါတို့လာမယ်နော်"

သူပုန်များသည် ဂါတ်ဝင်း အရံအတားကို ဖျက်ပစ်လိုက်ကာ ရှေ့သို့ ရောက်လိုက်၊ ဗိုလ်လုပ်သူက အော်လျှင် နောက်ပြန်ဆုတ်လိုက် လုပ်နေကြ၏။ စစ်သူကြီးသည် မိမိ၏ တပ်သားများကို ဆက်လက် မဟန့်တားတော့ဘဲ တက်ကြ၊ တိုက်ကြ၊ သတ်ကြဟု အမိန့်ပေးကာ ဓားကို ဝင့်၍ မြင်းဖြင့် ရှေ့ဆုံးမှ တစ်ဟုန်ထိုးဝင်သည်။

'ဟေး'ခနဲ ညာသံပေးသည့်လှိုင်းက တစ်မြို့လုံး တုန်သွားစေသည်။

ဌာနာအုပ်သည် မပစ်လျှင် မိမိ သေရတော့မည်ဖြစ်ရာ ရှေ့ဆုံးက စစ်သူကြီးကို ခြောက်လုံးပြူးဖြင့် လှမ်းပစ်၏။ စစ်သူကြီး ကိုဖိုးတုပ်မှာ ပေါင်ကို ထိမှန်၍ မြင်းပေါ်မှ ထိုးကျသွားလေသည်။

"စစ်သူကြီးကို ထိသွားပြီ၊ မှန်သွားပြီ"

ကြီးမားသော ရေလုံးကြီးသည် ကုန်းလျှောကို မတက်နိုင်၍ ရပ်သွားသလို သူပုန်များ တန့်သွားလျှင်-

"စစ်သူကြီးကို ထိတော့ ဘာဖြစ်လဲ၊ အတင်းဝင်ခုတ်ပါတော့လား၊ သတ်ပါတော့လား၊ ချပါတော့လား"

ဟူ၍ ကိုတောက်ထွန်း၏အသံ ပေါ်လာလေ၏။

ဦးကျော်အုံနှင့် မောင်မိုးကောင်းသည် အနားတွင် ရှိနေရာ စစ်သူကြီး မြင်းပေါ်မှ ထိုးအကျ၌ ဆီးပွေ့ပြီး မြင်းပေါ်ပြန်တင်ကာ နောက်သို့ တရွေ့ရွေ့ ဆုတ်ခဲ့ကြသည်။

"ဟုတ်တယ်ကွ၊ စစ်သူကြီး မပြီးပေသယ်လို့ ငါတို့ ပြီးချင်ပြီးမှာ"

"ချလဟ တက်လဟ"

ကိုတောက်ထွန်း၏ အားမြှောက် သွေးထိုးသံ ကြားရသော သူပုန်များသည် ဓားများ၊ လှံများ မြှောက်ကာ ရှေ့သို့ ထိုးတက်လာကြသည်တွင် သေနတ်သံများ အဆက်မပြတ် ပေါ်လာလေ၏။

ရာဇဝတ်ဝန်ကြီးသည် တိုင်းမင်းကြီးထံမှ အမိန့်ရသဖြင့် ပစ်ရန် အမိန့်ပေးလိုက်ချေပြီ။

သူပုန်များ အလုံးလိုက်၊ အထွေးလိုက် ကျကုန်သည်။ ကစဉ့်ကလျား ပြေးကြရာ အချင်းချင်း တိုက်မိ ကိုးမိ၍ လဲသူ လဲ၊ ကွဲသူ ကွဲ၊ အချင်းချင်းပင် မရှောင်နိုင်တော့ဘဲ

တက်နင်းမိကြတော့သည်။

''သေကုန်ပြီ သေကုန်ပြီ''

ရှေ့မှ အော်သံကြောင့် နောက်ကလူများလည်း ချာခနဲ လှည့်ပြေးကြ၏။ ပြေးသော်လည်း မလွတ်။ ပြေးရင်း ကျဆုံးကုန်သည်။ စစ်ပုလိပ်များသည် အဆက်မပြတ် ပစ်ခတ်လျက် ရှိ၏။

''ပြေးကြ ပြေးကြ သေကုန်ပြီ''

''မပြေးနဲ့ မပြေးနဲ့၊ ပြေးရင် သေကုန်လိမ့်မယ်။ ဝပ်နေ ဝပ်နေ''

တစ်ကျွန်းမှ ကြားဖူးနားဝရှိခဲ့သူ ကိုတောက်ထွန်းက အော်၍ သတိပေးသည်။ သို့သော် ကြားသူမရှိ။ ကြားသည့်တိုင်အောင် သဘောမပေါက်ကြ။ အားကုန်သွန်၍ ပြေးရင်း သေနတ်မှန်ကာ တစ်လောင်းပေါ်တစ်လောင်း ထပ်လျက် လဲကျသေဆုံးကုန်သည်။

ဂါတ်ထဲမှ စစ်ပုလိပ်များသည် ထွက်လိုက်လာကြပေပြီ။ အပစ်အခတ်ကား မရပ်သေးချေ။ ကိုတောက်ထွန်းလည်း အော်ရင်းဟစ်ရင်း ဟိုကပ် သည်ကွယ်ဖြင့် ပြေးရတော့သည်။ ကြာတော့ အသံဝင်လာသည်။ မအော်နိုင်တော့။

သေနတ်သံ စဲသွားပြီ။

စစ်ပုလိပ်များသည် လက်နက်သာပေမယ့် သူပုန်တွေ ခွေးပြေးဝက်ပြေး ပြေးပေမယ့် ဆက်၍ မလိုက်ရဲကြ။ ကျွမ်းကျင်စွာဖြင့် ပုန်းအောင်းပြီး အနီးကပ် တိုက်ခိုက်သော် ခက်ချေမည်။ သို့ကြောင့် ဂါတ်ထဲသို့ ပြန်ဝင်ကြသည်။

စောစောက အောင်မြင်မှု သရဖူကို ရယူမည် တကဲကဲနှင့် တက်ကြွ ရဲရင့်သူတွေ ခြေချခဲ့သော ဂါတ်တဲဝန်းကျင် မြေအပြင်ဝယ် သွေးချင်းချင်းနီနေပြီ။

ရန်သူကို အစိမ်းစားမတတ် ကြုံးဝါးခဲ့သော အသံများ၏ နေရာတွင် ညည်းတွား အော်ဟစ်သံများ လွှံ့ချေပြီ။

ပုလိပ်များသည် ဒဏ်ရာ သေးငယ်သူများကို ဂါတ်ထဲသို့ ဆွဲသွင်းကာ ရိုက်နှက် စစ်ဆေးကြ၏။ ဒဏ်ရာ ပြင်းထန်သူများမှာ နေပူထဲတွင် လူးလိမ့်နေသည်။ ပြုစုသူ ဝေးစွ။ ရေတစ်ပေါက် ပေးမည့်သူပင် မရှိ။

သူပုန်တပ်ကြီးသည် မည်သို့မျှ တာစူ၍ မရအောင် ပရမ်းပတာ ပြေးဆဲ ရှိသေးရာ-

''ဟော့ကောင်တွေ သစ္စာမဲ့ တောက်မနော်၊ ယီးတီးယားတား မလုပ်နဲ့''

ဆိုသော သတိပေး အော်ဟစ်သံများ ညံနေသည်။ ကြားသူ ကြားသည်။

မကြားသူလည်း မကြား။ အားလုံး တစ်ပြိုင်နက် ကြားနေသည်မှာ ပေါက်ပေါက်ဖောက်သလို ဆွဲသော နားပွင့်မတတ် ပြင်းထန်သည့် သေနတ်သံများတည်း။

သူပုန်အများစုသည် သေနတ်သံကိုသာ ကြားနေသည်။ တခြား ဘာကိုမျှ မကြားတော့။ မမြင်တော့။ ဘယ်ကို ပြေးလျှင် အသက်ချမ်းသာရာ ရပါမည်နည်းဟု တွေးနေကြပြီ။

"ဟေ့ စစ်တိုက်တယ် ဆိုတာ ကြက်တိုက်သလိုပဲပေါ့ကွ။ သည်တစ်ပွဲ ရှုံးပေမယ့် နောက်တစ်ပွဲ နိုင်ရမှာပေါ့"

ဤသို့ ပြောနိုင်သူကား ရှားသည်။ ငါးထောင့်တပ်ကြီး တစ်တပ်လုံး၌ သုံးလေးယောက်သာ ပါ၏။ ထိုသုံးလေးယောက်ထဲတွင် ကိုတောက်ထွန်းပါဝင်သည်။

"ရောင်းရင်းတို့ နောက်တစ်ပွဲမှာ အခုလို အစုကြီးနဲ့ မသွားဘဲ လူခွဲပြီး ဝိုင်းတိုက်မယ်"

သူက အော်ဟစ်၍ သူပုန်များ အကြောက်ပြေအောင်၊ တက်ကြွလာအောင် ကြိုးစားသည်။ သို့ရာတွင် အရေးစိုက်သူ မရှိ။ ပြေးမိပြေးရာ စွတ်၍ ပြေးကြ၏။ အရပ်လေးမျက်နှာသို့ တရဟော ဖြန့်ပြေးကြသည်။ စစ်ရှုံးသူများနှင့် မတူ။ ဒုက္ခသည်များနှင့်သာ တူချေ၏။

အနည်းငယ်သော သူပုန်များသာလျှင် အဂ္ဂတောင်သို့ ပြန်လာကြသည်။ ထိုသူများကား အမာခံများဖြစ်ကာ 'အင်္ဂလိပ်ကို မကြောက်မရွံ့ နောက်မတွန့်ဘဲ သေသည်အထိ တိုက်ခိုက်ပါမည်' ဟူ၍ပင် သစ္စာဆိုလိုက်ကြချေသေး၏။

# ရှစ်

"ပုလိပ်တွေ လာနေပြီဟေ့"

ပဲဟု ရွာသူရွာသားများ ယောက်ယက်ခတ်သွားသည်။

"ဟဲ့ ကိုယ့်မှာ ဘာအပြစ်ရှိလို့ ပြေးကြ လွှားကြရတာလဲ။ မသကာလို့ ပစ်လိုက်မှ အလျော်မရ အပေါ်မရနဲ့ သေကုန်မယ်"

သူကြီးက ဟန့်လိုက်၍ တန့်သွားကြသော်လည်း မလုံသူများမှာ မျက်နှာ မထားတတ်အောင် ရှိနေကြလေသည်။ အချို့ကား သူကြီး၏ စကားကို နားမဝင်ဘဲ ပြေးကြရာ ရွာကိုဝိုင်းထားသော စစ်ပုလိပ်များ၏ အဖမ်းခံရကာ အရိုက်အနှက် ခံကြရသည်။

ပုလိပ်များက တံခါးမှဝင်၍ စစ်ပုလိပ်များက ဝိုင်းထားခြင်းဖြစ်၏။ စစ်ပုလိပ်များသည် သူတို့ဖမ်းမိသော ကိုသာခုတ်ကို ပုလိပ်များထံ အပ်လိုက်ရာ သူကြီး၏ အိမ်အောက်မှာပင် ဝိုင်းဝန်း ရိုက်နှက်ကြသည်။

"မင်းအဖော်တွေ ဘယ်မှာလဲ"

"ကျုပ် မိန်းမပဲ အဖော်ရှိပါတယ်ဗျ"

"ဘာရူးတူးတူး ပြောနေတာလဲကွ။ ရူးချင်ယောင်ဆောင်ဦးကွာ"

ပုလိပ်များသည် စစ်ဖိနပ်ဖြင့် ဝိုင်းကန်ကြပြန်၏။

"မင်းနဲ့အတူ မြင်းမူဂါတ်ကို ဝိုင်းတဲ့ သူပုန်တွေ ဘယ်မှာလဲ"

"ကျုပ် သူပုန် မဟုတ်ပါဘူးဗျ"

''ညာဦးကွာ''

သေနတ်ဒင်ဖြင့် ဝိုင်းဆောင့်ကြ၏။

''မှန်မှန်ပြော မင်းအဖော် သူပုန်တွေဟာ ဘယ်သူတွေလဲ၊ နာမည်ပြော''

''မသိပါဘူးဗျ''

''မသိဦးကွ''

ပက်လက်လှန်ပြီး ရင်ဝကို သေနတ်ဒင်ဖြင့် ဆောင့်လိုက်ကြရာ သွေးအတောင့် လိုက်အန်ပြီး ကိုသာခုတ် သတိလစ်သွားလေ၏။

''ရေနဲ့ လောင်းဟေ့''

စာဇင်ကြီးသည် စုရုံးထားသော ရွာရှိလူကုန်ကို တစ်ချက် အကဲခတ်လိုက်၏။ မျက်နှာပျက်နေသူ တစ်ဦးကို လက်ညှိုးထိုး၍ ငေါက်လိုက်သည်။

''သူပုန်ထဲမှာ ဘယ်သူပါသလဲ ပြော''

''အမယ်လေး သောက်ပလုတ်တုတ်၊ ငြောတို့ ဖိုးတုပ်တို့ ပါပါသတော့။ အယ် ဟုတ်ပေါင်။ ကျုပ် ဘာမှ မသိပါဘူးဖုရား''

ထိုသူကား ဒေါ်လှ ဖြစ်ချေ၏။

''ဟဲ့ ကောင်မ သေသွားချင်သလား။ ဘာညာတာလဲ။ ရှေ့တိုးစမ်း''

''အမယ်လေး မသိပါဘူးဖုရား''

ဒေါ်လှမှာ ကြောက်သေးပါ၍ ထဘီတစ်ထည်လုံး ရွှဲစိုနေကာ လူအုပ်ထဲသို့ နောက်ဆုတ် နောက်ဆုတ်နှင့် ဝင်ပြေးသည်။

''ဆွဲထုတ်စမ်း''

ပုလိပ်တစ်ယောက်က ဒေါ်လှအား ဆံပင်မှ ကိုင်ဆွဲ၍ စာဇင်ကြီး ရှေ့သို့ ကန်လွှတ်လိုက်၏။

''အမယ်လေး ကျွန်တော်မျိုးမ ဘာမှ မသိကြောင်းပါဖုရား''

စာဇင်သည် ဘာမျှ မမေးဘဲ ဝါးရင်းတုတ်တစ်ချောင်း ကိုင်ကာ တဆဆ လုပ်နေသော ပုလိပ်တစ်ယောက်အား မျက်စပစ်ပြလိုက်သည်။ ပုလိပ်သည် လက်ယားယား နှင့် လက်စွမ်းပြလိုက်ရာ ဒေါ်လှခမျာ အမယ်လေးချင်း မိုးမွှန်သွား၏။ နောက်ဆုံး မည်သို့မျှ မအော်နိုင်တော့မှ စာဇင်က လက်ပြလိုက်၍ အရိုက်ရပ်သွားသည်။

''ကိုင်း အမယ်ကြီး၊ သင်္ချိုင်းကုန်းကို မရောက်ချင်သေးရင် မှန်မှန်ပြော''

''အခုမှတော့ သေလည်း သေပါစေတော့တော်၊ မကြောက်ပါဘူး''

စာဇင်သည် ဒေါ်လှ၏ ရင်ဝကို ဆောင့်ကန်ရန် ခြေကြွလိုက်သေး၏။ သို့သော်

မကန်ဘဲ မျက်နှာထား ပြောင်းလိုက်သည်။

''ခင်ဗျား ပိုက်ဆံ မလိုချင်ဘူးလား၊ ပိုက်ဆံလိုချင်ရင် သည်ရွာက ဘယ်သူတွေ သူပုန်ထမှာပါသလဲ၊ ပြောစမ်း''

''မသိပါဘူး''

''စောစောက ပြောပါတယ်၊ အစိုးရကို ညာရင် ထောင်ကျသွားမယ်၊ ဘာမှတ်သလဲ။ ကိုင်း ဆိုစမ်း''

''ငပြားနဲ့ ကိုဖိုးတုပ်ကိုပဲ သိပါတယ်။ သူတို့ ပါသလား မသိပါဘူး''

''နောက်ထပ် ဘယ်သူ ရှိသေးလဲ''

''မသိပါဘူးတော်''

စာဗင်ကြီးသည် ဒေါ်လှအား လက်လျှော့လိုက်ကာ အခြား မသင်္ကာစရာ ကောင်းသူများကို ဆက်လက် စစ်ဆေးသည်။ ခြိမ်းခြောက်၍ လည်းကောင်း၊ ရိုက်နှက်၍ လည်းကောင်း၊ ဆုငွေဖြင့် ဖြားယောင်း၍ လည်းကောင်း။

နောက်ဆုံးတွင် ရွာရှိ လူစာရင်းကို စစ်ဆေးသောအခါ ယောကျ်ား အတော် များများ ပျောက်နေသည်ကို တွေ့ရ၏။ သူကြီး၏ ထောက်ခံချက်မရသူ အားလုံးကို သူပုန်စာရင်း သွင်းလိုက်ရာ မောင်ဖိုးမောင်၏ ပြဿနာ ပေါ်လာသည်။

''သူညီ ပခုက္ကူကို ပြန်တာ လှည်းနဲ့ လိုက်ပို့တော့ လှည်းနဲ့ နွားပဲ ပြန်လာ ပါတော့တယ် စာဗင်ကြီးရယ်''

ဟု မယ်သိုက်က မျက်ရည်လည်ရွဲ အစစ်ခံ၏။

ကိုသာဆန်းက-

''ဟုတ်တယ် ခင်ဗျ၊ ညက မိုးရွာထားတော့ သူတို့ သွားတဲ့ လှည်းဘီးရာပဲ ရှိတယ် စာဗင်ကြီးရဲ့။ ကျုပ်တို့ လူစုပြီး လိုက်ကြတော့ နွယ်ပုံတောအစပ်မှာ လှည်းပြန်ကွေ့ပြီး ခြေရာတွေ ရှုပ်နေတာ တွေ့တယ်။ မဟုတ်ခါမှ လွဲရော စားပြ ဖမ်းသွားပြီ ထင်တာပဲ စာဗင်ကြီးရဲ့''

ဟု ပြောသည်။

''ခင်ဗျားတို့ တောနင်းပြီး မလိုက်ကြဘူးလား''

''လိုက်ပါတယ် လိုက်ပါတယ်၊ ဘာမှ မတွေ့ပါဘူး''

သူကြီးက ဝင်ဖြေသည်။

''ဂါတ်ကို ဘာဖြစ်လို့ လာမတိုင်သလဲ''

''စာဗင်ကြီးတို့မှာလည်း မောင်သန့်ကိစ္စနဲ့ အလုပ်ရှုပ်နေ၊ ကျွန်တော်မျိုးလည်း

ရွာက မခွာရဲတာနဲ့''

မောင်ဖိုးမောင်မှာ ဤသို့လျှင် သူပုန်စာရင်းမှ လွတ်သွား၏။ သို့သော် တစ်ရွာလုံးမှာကား သူကြီးမျိုးနှင့် သူကြီးစိတ်ချသူ အချို့မှလွဲ၍ ထောင်းလမောင်း ကျေ၍ ကျန်ခဲ့သည်။

သူပုန်များကား နောက်တစ်ကြိမ် ပြန်တိုက်ရန် အိပ်မက်သော်မျှ မမက်နိုင်ကြသော်လည်း အင်္ဂလိပ်တို့သည် အစက ပေါ့ဆခဲ့မိသလောက် နောက်ပိုင်းတွင် အစိုးရိမ်လွန်လာသည်။ နောက်တစ်ကြိမ် ပြန်တိုက်မည် စိုးရိမ်ကြ၏။ သို့ကြောင့် စစ်ကိုင်းမှ စစ်ပုလိပ်များသာမက မန္တလေးနှင့် ရွှေဘိုမှ စစ်ပုလိပ်များပါ ခေါ်ယူ အားဖြည့်ထားကြကာ ကျူပင်ခုတ်သော် ကျူငုတ်မျှ မကျန်စေရန် တောအနံ့ တောင်အနံ့ ရွာအနံ့ ချေမှုန်းကြသည်။ အရေးကြီးသူ အချို့နှင့် ရှင်ဘုရင် မောင်သန့်ကို ဖမ်းမိရန် သန်းရှာသလို ရှာကြ၏။

တောသူတောင်သားများသည် အင်္ဂလိပ်နှင့် လက်နက်ချင်း မမျှ၍ သေပြေး ရှင်ပြေး ပြေးလွှား ဆုံးရှုံးခဲ့ရပြား အခဲကမကျေ။ မာန်က မချ။ တတ်သမျှ နည်းဖြင့် ဆက်လက်၍ နှောင့်ယှက်နေကြ၏။

''ဘုရင်မောင်သန့်ဟာ အခါပေးများတဲ့ ပုရောဟိတ်ကို ပြည်နှင်ဒဏ်ခတ်ပြီး ရွှေရင်နာဘုရားမှာ အမိဋ္ဌာန် ဥပုသ်စောင့်နေတယ်''

ဤသို့ တီးတိုးပြောသူက ပြောသည်။

''အခါမဟုတ်ဘဲ တိုက်ရပါမို့လားဆိုပြီး စကြာမင်းက အကျဉ်းချထားတယ်။ အကျဉ်းက လွတ်မှ မြင်းမှူနဲ့ စစ်ကိုင်းကို သိမ်းလိမ့်မယ်''

ထိုသို့ သတင်းလွှင့်သူက လွှင့်၏။

သို့ကြောင့် ရွှေရင်နာဘုရားတွင် ပရိသတ် ပြတ်လပ်မသွားပေ။ စကြာမင်းကို တွေ့နိုးနိုး၊ ဘုရင်မောင်သန့်ကို မြင်ရနိုးနိုး လာရောက်သူများနှင့် သူပုန်များ စည်ကားနေသေး၏။

မြင်းမှူဂါတ်မှ အင်စပက်တော် ဦးစံခိုသည် သတင်းကြီးသော ရွှေရင်နာဘုရားသို့ အရပ်ဝတ် အရပ်စားဖြင့် ရောက်လာကာ တရုတ်တင်မောင်၏ ခေါက်ဆွဲဆိုင်သို့ ဝင်လာသည်။

''ရောင်းကောင်းလားဟေ့''

''အခု ရောင်းမကောင်းတော့ဘူး ဆရာကြီး။ အရင်က သိပ်ရောင်း ကောင်းတယ်။ အခု သူပုန်တွေ ပြေးကုန်ပြီ မဟုတ်လား''

''ဟိုဟာ ရှိလားကွ''

''ရှိတော့ ရှိတယ် ဆရာကြီး။ ဘုရားလူကြီးတွေက မရောင်းရဘူးဆိုလို့''

''နီးဖလားနဲ့ ထည့်ပေးကွာ။ နမ်းမကြည့်ရင် ရေပဲ ထင်မှာပါ။ ခေါက်ဆွဲ တစ်လုံးလည်း ပေးကွာ''

ဦးစံနိုသည် ခေါက်ဆွဲစားရင်း အကဲခတ်သည်။ သူ့ပတ်ဝန်းကျင်၌ သူပုန်များနှင့် သာမန်အရပ်သားများ ဖြတ်သန်းသွားနေကြ၏။ ''တစ်ယောက် လာနေတယ်'' ဟု တရုတ်တင်မောင်က လေသံဖြင့် သတိပေး၍ ဦးစံနို သတိထားနေစဉ် ဓားလွယ် လွယ်၍ ခေါင်းပေါင်း ခပ်ညစ်ညစ် ပေါင်းထားသော လူတစ်ယောက် ဝင်လာ၏။

''ဘာစားမလဲ ဆရာကြီး''

''ပိုက်ဆံမရှိပါဘူး ထောင်ကဲရာ ဘာမှလည်း မစားချင်ပါဘူး။ အရက်တစ်ခွက် သောက်ရရင် တော်ပါပြီကွာ''

ထိုသူက ချူသံပါအောင် ညည်းရာက ဦးစံနိုကို လှမ်းကြည့်သည်။

''နောင်ကြီးက သူပုန်ဗိုလ် ထင်ပါရဲ့။ ကျုပ်ကလည်း သူပုန်မထရဲပေမယ့် သူပုန်ကို ကြည်ညိုပါတယ်ဗျာ။ ကိုင်း ကြိုက်သလောက် သောက်စမ်းဗျာ''

ဦးစံနိုက အရက်ပါသော နီးဖလားကို ထိုသူ၏ ရှေ့သို့ ထိုးပေးလိုက်၏။ ထိုသူ၏ မျက်နှာမှာ ဝင်းလက်သွားတော့သည်။ အရက်တစ်ဖလား မော့လိုက်ရသော အခါတွင်ကား မျက်လုံးများ တောက်ပြောင်လာကာ ရွှင်လန်းလာလေ၏။

''ကျေးဇူးကြီးလှပါတယ် မိတ်ဆွေရယ်။ အင်း သစ္စာမီးတောက်မှာကြောက်လို့ ဆက်ပြီး နေရပေမယ့် ဘယ်နေ့အဖမ်းခံရပြီး ဘယ်နေ့ အသတ်ခံရမယ် မသိပါဘူး။ အစားဆင်းရဲ အနေဆင်းရဲနဲ့ မြန်မြန်သေရင်လည်း အကောင်းသား''

''ဒီလိုပေါ့ဗျာ ယောက်ျားတို့လုံ့လ သေခါမှ လျှော့ရသတဲ့။ ကျုပ် စေတနာ ရှိလွန်းလို့ ကျွေးမွေးပါရစေဗျာ။ ဟေ့ ထောင်ကဲ ခေါက်ဆွဲ တစ်ပွဲဟေ့''

ဦးစံနိုသည် ခေါက်ဆွဲ မှာကြားပေးသလို အရက်တစ်ဖလားလည်း ထပ်မံ ချပေး၏။

''အားမလျှော့စမ်းပါနဲ့ဗျ၊ ဒီခွေးအင်္ဂလိပ် မိစ္ဆာကောင် ကုလားဖြူတွေကို အရေးလုပ်လို့ဗျာ။ တောက် ကျုပ်လည်း သူပုန်ထဲ ဝင်မယ်ဗျာ''

''ဒီမယ် မိတ်ဆွေ''

အညာတရ သူပုန်ဗိုလ်သည် အာလေးစအသံဖြင့်ဆိုကာ ဦးစံနို၏ ပခုံးကို ပုတ်၏။

''ခင်ဗျားကို ခင်လို့ ပြောတာ၊ မဝင်နဲ့။ အင်္ဂလိပ် ပြေးဖို့ နေနေသာသာ၊ ကျုပ်တို့ရဲ့ ရှင်ဘုရင်တောင် နွယ်ခွေတောင်ကို စစ်ပုလိပ်လာရင် ရွာတွေကို ပြေးလိုက်၊ ရွာတွေကို စစ်တပ်လာရင် နွယ်တောင်ကို ပြေးလိုက်နဲ့ ဒုက္ခရောက်နေပြီ။ အဲသည်တော့ အင်္ဂလိပ်က ဘယ်လိုလုပ် ပြေးမှာလဲ''

''ကိုင်း ကိုင်း စားလိုက်ပါဦးဗျာ''

ခေါက်ဆွဲ ပြင်ဆင်ပြီးသဖြင့် ဦးစံခိုက သဒ္ဒါဗရပွဖြင့် ထိုးပေးရင်း-

''ဘာဖြစ်လို့ ပြေးရသလဲဗျာ၊ ခံပြီး တိုက်ရောပေါ့''

ဟု ဆိုသည်။

''ခံပြီးတိုက်ရအောင် လူမှ မရှိတော့တာဘဲဗျ။ ဟဲ ဟဲ ပြောရဦးမယ်''

''ဟုတ်ကဲ့ သောက်လိုက်ပါဦး''

''အင်း သူပုန်ထဲ ကျုပ်ရောက်စတုန်းက သေနတ်တွေ အလက် ၂၀၀ လောက် ထောင်ထားတာ တွေ့သဗျ။ ဟား မနည်းပါကလား အောက်မေ့တယ်။ လက်စသတ်တော့ လူအထင်ကြီးအောင် ထောင်ထားတဲ့ သစ်သားသေနတ်တွေကိုဗျ ဟား ဟား''

''အစစ်တော့ ပါပါလိမ့်မယ်ဗျ''

''လုပ်သေနတ် ၁၀ လက် ပါတယ်လေ။ မြင်းမှုဂါတ်ကို စီးတော့ တစ်လက်မှ ပစ်မရလို့ သေကုန်ပါရောလားဗျ''

''နောက်တစ်လုံး မှာပါဦး နောင်ကြီး''

''ဟာ တော်ပြီ၊ ဝပြီ''

''ဒီမယ် နောင်ကြီး တတ်နိုင်ရင်တော့ ဘုရင်ကို ဖူးချင်လို့ ဆောင်ရွက်ပေးပါဗျာ''

''မိတ်ဆွေ ဖူးချင်ပေမယ့် အလကားပဲ။ ကျုပ်တို့ ဘုရင် မောင်သန့်ဟာ အင်္ဂတောင်က မောင်သန့်ထဆိုတဲ့ တဘောင် ရှိခဲ့ဖူးလို့သာ အောင်မြေအဖြစ် တွယ်တာ နေတာ။ နေ့လယ်နေ့ခင်းမှာ ပုန်းနေပြီး ညကျမှပဲ တောင်ပေါ်ကို တက်တယ်။ ဖူးချင်မနေနဲ့''

အရက်တစ်ဖလား၊ ခေါက်ဆွဲ တစ်လုံးဖြင့် ကိုယ့်ခေါင်းဆောင်ကိုယ် ရောင်းစား မိကြောင်း မသိရှာသော သူပုန်သည် အင်စပက်တော် ဦးစံခိုအား ဖက်၍မျှားပင် နေလိုက်ပါသေး၏။

''သဟာဖြင့် ညကို လာပြီးဖူးမှပဲ ဘုရင်ကြီး တွေ့မှာပေါ့''

''အစစ်ပဲ အစစ်ပဲ။ သို့သော်လည်း ညကြီးသန်းခေါင်လာရင် ခင်ဗျားကို ကျားကိုက်ရင် ကိုက်၊ မကိုက်ရင် သူပုန်သတ်မှာပေါ့ဗျာ ဟား ဟား''

သူပုန်သည် ကျေးဇူးတင်စကား အထပ်ထပ်ဆို၍ တဟားဟား ရယ်မောကာ ထွက်သွားလေ၏။ ဦးစံခိုသည် မိမိ ရောက်လာကြောင်းကို မည်သူ့အားမျှ မပေါက်ကြားရန် တင်မောင်အား နှုတ်ပိတ်မှာကြားပြီး မယောင်မလည် အကဲခတ်ရင်း ဘုရားမှ ထွက်ခွာသွားလေ၏။

ရှင်ဘုရင် မောင်သန့်၏အပါးတွင် လူအနည်းငယ်သာ ကျန်တော့သည်။ ပေါင်တွင် သေနတ်မှန်ထားသော စစ်သူကြီးလည်း တန့်ဆည်ဘက်သို့ ရှောင်တိမ်း ဆေးကုနေပြီ။ သက်တော်ရှည် အမတ်ကြီးနှင့် မင်းဆရာ ပုရောဟိတ်လည်း မရှိပြီ။

ကျန်ရစ်သူများမှာ အဝေးဝန် ဖိုးကတုံး၊ ရွှေတိုက်ဝန် ဦးဇေယျ၊ ဗိုလ်ချုပ်များ ဖြစ်သော ကိုဖိုးကြူး ညီအစ်ကို၊ တစ်ရာအုပ် ဗိုလ်ကျော်အံ့နှင့် မောင်ဖိုးမောင်၊ မောင်မိုးကောင်း၊ ကိုတောက်ထွန်းတို့အပြင် သစ္စာမီးတောက်မည် ကြောက်၍ ကျန်ရစ် သော်လည်း တက်ကြွမှု လုံးဝမရှိတော့သော လူတစ်ကျိပ်မျှသာ ရှိတော့၏။

သူတို့သည် နေ့အခါတွင် လူမြင်မခံရဲဘဲ ပုန်းအောင်းနေရမည်ဟု သတ်မှတ် ထားသည်။ သို့သော် နာခံသူ မရှိသလောက်ဖြစ်ကာ ဘုရားပေါ်တက်ကာ စားရေး သောက်ရေးကို ကြံဖန်ကြ၏။ စည်းကမ်း မရှိသကောင်းလားဆိုကာ အပြစ်လည်း မပေးရဲချေ။

မှောင်တရီတွင် သူတို့အားလုံး ပုန်းအောင်းရာမှ ထွက်လာကြပြီးလျှင် နောက်ဆုံး ကျန်ရှိသော ထမင်းခြောက် တစ်ပြည်သားကို ရေနှင့်နှူးကာ အာသာပြေ စားလိုက်ကြသည်။ စားသောက်ပြီးသွားလျှင် ကိုတောက်ထွန်းက စကားစ၏။

''ကျွန်တော်ဟာ တပ်သားကလေး တစ်ယောက်ပေမယ့် အများကောင်းဖို့ စကားတစ်ခွန်းလောက် ပြောပါရစေ''

''တပ်သားရယ် ဗိုလ်ရယ် မရှိတော့ပါဘူးဗျာ။ တစ်ယောက်နဲ့ တစ်ယောက် အသက်ပေးပြီး နေကြရသာပဲ၊ ပြောစမ်းပါ''

ဦးဇေယျက ခွင့်ပေးသည်။

''အခု ကျွန်တော်တို့ ပုန်းအောင်းနေရတယ်။ ညကျမှ ထွက်ရမယ်ဆိုပေမယ့် မနာခံတဲ့လူက များတဲ့အတွက် အန္တရာယ် မကင်းပါဘူး။ ဒါကြောင့် ဒါ့ထက်ကောင်းတဲ့ နေရာကို ရွှေ့သင့်ပါတယ် ခင်ဗျား''

''ဘယ်ကို ပြောင်းမလဲ''

''ကျွန်တော်က ဒီနယ်သား မဟုတ်လို့ မသိဘူး ခင်ဗျ''

''ဟာ ဘယ်ဖြစ်မလဲ၊ သည်နေရာဟာ အင်မတန်ကောင်းတဲ့ နေရာကလား၊ ပုလိပ် မလာနိုင်ပါဘူး''

ဖိုးကတုံးက ပြောသည်။

ဦးကျော်အုံ့က-

''စဉ်းစားကြပါဦးလေ၊ တစ်နေရာတည်း စွဲစွဲမြဲမြဲ ပုန်းနေသာလည်း ကောင်းတော့ မကောင်းလှပါဘူး''

ဟု ပြောရာ သဘောတူကြ၏။

''သာဖြင့် ညအခါ လှည့်ပတ်သွားရင်း နေရာကောင်းတစ်ခု ရှာကြသေး တာပေါ့။ တွေ့ရင်လည်း နေရာပြောင်းကြတာပေါ့''

သူပုန်ဘုရင်နှင့် သူပုန်များသည် နံ့ချည့်ချည့် ခွေယိုင်ယိုင်နှင့်ပင် တောင်အောက်သို့ ဆင်းလာခဲ့ကြလေ၏။

သူတို့သည် စားရေရိက္ခာ ရရှိရန်အတွက် ပဲဟူးရွာဘက်သို့ နားစွင့်လျက် လာခဲ့ကြသည်။ မောင်မိုးကောင်းနှင့် ကိုတောက်ထွန်းတို့သည် နောက်ချန်တပ်အဖြစ် လိုက်ပါလာကြရင်း တီးတိုး ပြောလာသည်။

''အစ်ကိုကြီးက သားမယားနဲ့ ဆယ်နှစ်ကျော်ကျော် ကွဲကွာနေတဲ့ လူမို့ အစ်ကိုကြီး ပြန်သင့်ပြီ''

''ပြန်ရင် ဖမ်းမှာ ညီလေးရဲ့။ ပြန်ချင်းပြန်ရင် ညီလေးပြန်ဖို့ ကောင်းတယ်''

''အစ်ကိုကြီး ထွက်ပြေးလာတယ်ဆိုတာ ရွာကလူတွေ သိမလား။ ပုလိပ် ကလည်း ကြံခင်းကပဲ စောင့်မယ်။ ကြံခင်းမှာ အစ်မအိတို့မရှိတော့ ဘယ်သွားတယ် ဆိုတာလည်း ပုလိပ်က မသိဘူး။ ဘယ်လိုလုပ်ပြီး မိမလဲ''

''ညီလေးလည်း လိုက်ခဲ့ပါလားကွာ''

''နှစ်ယောက်အတူတူ ရောက်သွားရင် ဒီကကိစ္စနဲ့ မတော်တဆ ရောသွားမယ်။ အစ်ကိုကြီးသာ ပြန်နှင့်။ ဟောဒီ မြင်းမူရဲ့ တောင်ဘက် ခါးလွယ်ခုတ် ဟိုဘက်ကမ်းမှာ ငွေနှမြို့ဆိုတာရှိတယ် အစ်ကိုကြီး၊ အဲဒီမှာ ဖိုးအေးရဲ့ ယောက္ခမများ ရှိတယ်။ ဦးတုတ်၊ ဒေါ်ရွှေဝါတဲ့။ ကုန်သည်ဖိုးအေး မယားက မိသီတဲ''

''အေး လင်းမှပဲ သွားတော့မယ်။ ညီလေးလည်း ကြာကြာမနေနဲ့နော်''

''စိတ်ချပါ အစ်ကိုကြီး''

သို့စဉ်

''ငြိမ်ငြိမ်နေကြဟေ့'' ဟူသော အသံသည် တပ်ဦးမှ ပေါ်လာ၏။ ဘာမှန်း မသိ။ ငြိမ်ဆို၍သာ ငြိမ်ရင်း တစ်ယောက်ကို တစ်ယောက် လေသံဖြင့် မေး၏။ မည်သူမျှ မသိ။

တစ်အောင့်မျှ ကြာတော့မှ စစ်ဖိနပ်သံများကို ကြားရသည်။ မီးတဝင်းဝင်းနှင့် စစ်ပုလိပ်တစ်စုသည် ကျောက်စရစ် လူသွားလမ်းကလေးအတိုင်း ဖြတ်လျှောက်သွားကြ၏။

သူပုန်များသည် စစ်ပုလိပ်များ လွန်သွားသောအခါ စိတ်အေးလက်အေး လျှောက်လာကြရာ ပဲဟူးရွာနှင့် တစ်ခေါ်ခန့်အကွာသို့ အရောက်တွင်-

''ရပ်လိုက်''

ဟူသော အသံကြီး ချုံပုတ်တစ်ခုထဲမှ ထွက်ပေါ်လာ၏။

သူပုန်များသည် ချက်ချင်း နောက်ကြောင်း ပြန်ပြေးတော့သည်။ သေနတ်သံ ကြားရ၏။ မည်သူမျှ အထိအခိုက် မရှိချေ။

''သည်တိုင်း ပြေးနေရင် ခြေရာခံပြီး လိုက်နေလိမ့်မယ်။ အနောက်ဘက်ကို ကွေ့ကြ။ အဲသည်မှာ မြေမာပြီး ကျောက်ပေါတယ်''

အတန်ကြာ ပြေးလာမိမှ မောင်မိုးကောင်းက သတိပေးနိုင်သည်။ ပြေးရင်း လွှားရင်းနှင့် အနောက်ရွာဘက်သို့ ပြန်ရောက်သွားသည့်အတွက် မောင်ဖိုးမောင်သည် သူငယ်ချင်းငပဲ့တို့ အိမ်သို့ဝင်၏။ ငပဲ့တို့အိမ်မှာ လူလည်း မရှိ။ ဘာမျှ မရှိ။

သို့ကြောင့် တစ်ဖက်အိမ်သို့ ကူးလာရာ ခွေးဟောင်သဖြင့် ကွပ်ပျစ်အောက် ဝင်ပုန်းရသည်။ ကွပ်ပျစ်အောက်တွင် တွင်းတစ်တွင်း တွေ့၍ နှိုက်ကြည့်ရာ ကုက္ကိုရွက် ဖုံးပြီး 'အုပ်'ထားသော ငှက်ပျောဖီးများ တွေ့၏။ ခွေးဝေးသွားမှ ငှက်ပျောဖီး အကုန် ကြိုးသီကာ ထွက်လာခဲ့သည်။

ငှက်ပျောသီးများကို ဝေခြမ်းစားရာ တစ်ယောက် ခြောက်လုံးမျှရ၏။ အတော်ကလေး နေသာထိုင်သာ ရှိသွားရာ မကြာခဏတိုးမိသော စစ်ပုလိပ်များ၏ ဘေးမှ လွတ်အောင် ပြေးနိုင် ပုန်းနိုင်ကြသည်။

ယင်းအချိန်တွင် ဦးစံခို၏ အစီအစဉ်ဖြင့် အဂ္ဂတောင်နှင့် နွယ်ခွေတောင်ကို စစ်ပုလိပ်များ တက်ရောက် မွှေနှောက်နေကြ၏။ ကျောက်ကြို ကျောက်ကြား ချုံကြိုချုံကြား မကျန် မွှေကြ၏။ သူပုန်များနှင့် ခေါင်းဆောင်များမှာ ပဲဟူးရွာနှင့် ခပ်လှမ်းလှမ်း ရောက်နေချေသည်။

သူပုန်များသည် နေရာကောင်းကို အေးဆေးစွာ မရှာနိုင်ကြချေ။ မကြာခဏ စစ်ပုလိပ်များကို တွေ့နေရသည့်အတွက် ဖြစ်၏။

တစ်ညကုန်၍ တစ်မိုးသောက်ပြန်သည်။

ကိုတောက်ထွန်းသည် တောထဲမှ ထွက်မိချိန်ကို စောင့်ဆိုင်းနေ၏။ လှည်းလမ်းတွေ့လျှင် မည်သည့်ဘက်သို့ လိုက်ရကြောင်း မောင်မိုးကောင်းကို မေးပြီး ထိုလမ်းအတိုင်း လမ်းခွဲမည် စိတ်ကူးသည်။ အခြေအနေမှာ တောထဲမှ ထွက်ခွင့်မပေးချေ။

ထိုနေ့ တစ်နေ့ကုန်ကာ တစ်ညလုံး ခရီးနှင်ကြရာ အစားအစာကို မရပေ။ စစ်ပုလိပ်များနှင့် တွေ့တိုင်း လမ်းပြောင်းရရာ သူပုန်များ၏ ခရီးမှာ အင်္ဂတောင်ဆီသို့ ရောက်လိုက်၊ ဝေးသွားလိုက်၊ ပြန်ရောက်လာလိုက်နှင့် ဝဲပါ လည်နေတော့သည်။

စင်စစ်အားဖြင့် သူပုန်များမှာ ဝဲပါ ဒုက္ခရောက်နေခြင်းကမှ ကောင်းသေး၏။ အဘယ်ကြောင့်ဆိုသော် စစ်ပုလိပ်တပ်များ မွေနှောက် ထွက်ခွာသွားပြီးနောက်တွင် အင်္ဂတောင်ပေါ်၌ နေရာကောင်းကောင်းမှ နေ့အိပ်ညဥ့်နေလျက် စောင့်ဆိုင်း ချောင်းမြောင်း နေသောကြောင့် ဖြစ်ချေ၏။

သုံးရက်မြောက် ညတွင် ကြမ္မာငင်လာသော မောင်သန့်သည်-

"အင်္ဂတောင်ကိုပဲ ပြန်ကြပါစို့ဗျာ။ အဲသည်နေရာပဲ ဘူမိနက်သန် မှန်ပါတယ်"

ဟု ညည်းတွားရှာလေတော့သည်။

ဦးဖေယျသည် လည်းကောင်း၊ ဖိုးကတုံးသည် လည်းကောင်း၊ ကိုဖိုးထူး ညီအစ်ကိုသည်လည်းကောင်း မောင်သန့်ကိုများစွာ သနားသွားကြ၏။

"သူ့ဘာသာသူ စာရင်းငှား လုပ်နေတာ အကောင်းသား၊ ငါတို့ အကြံကြီး ကြံပြီး မျောက်ပြဆန်တောင်းလို့သာ ခမျာမှာ အချောင်ဒုက္ခရောက်ရရှာ"

ဟု ထုတ်ဖော် မပြည်တမ်းစေကာမူ အသီးသီး ကျိတ်၍ ဝန်ခံမိကြသည်။ သို့ကြောင့်ပင်-

"သာဖြစ်လဲ ပြန်ကြတာပေါ့"

ဟု သဘောတူကာ အင်္ဂတောင်ပေါ်သို့ ပြန်အတက်တွင် တောင်ပေါ် ရောက်လျှင် ရောက်ချင်း သေမင်းက ခြိမ်းခြောက်လေ၏။

"ဟော့ မောင်သန့်၊ အေးအေးအဖမ်းခံပါ။ ငါတို့ ဝိုင်းထားပြီးပြီ"

သူပုန်များမှာ ထခုန်မိမတတ် ဖြစ်သွားကြကာ အချို့သည် ဓားကို ဆွဲထုတ်ကြ၏။

"သူတို့က သေနတ်နဲ့ ချိန်ပြီး ဝိုင်းထားတာ၊ ခုခံရင် သေကုန်မှာပဲ"

မောင်သန့်သည် တီးတိုးပြောရာက တစ်ဆက်တည်း အော်လိုက်၏။

"လက်နက်ချပါတယ်ဗျာ၊ အဖမ်းခံပါတယ်"

''တစ်ယောက်စီ လက်မြှောက်ပြီး လာခဲ့''

ဦးစံခိုသည် ခက်ထန်စွာ အော်၏။

''ဘယ့်နှယ်လုပ်မလဲ ညီလေး''

ကိုတောက်ထွန်းက လေသံဖြင့် မေးရာ-

''ကြည့်လုပ်ကြစို့ အစ်ကိုကြီး''

မောင်မိုးကောင်းက အေးဆေးစွာ ပြော၏။

သူတို့ကို ပုလိပ်များက အသာကလေး ဆီး၍ လက်ထိတ်ခတ်သည်။

''မင်းတို့ကို ဖမ်းရတာ လွယ်လွန်းတော့ ပျင်းစရာ ကောင်းသကွာ''

ဦးစံခို အညည်းမှ မဆုံးသေးမီ ကိုတောက်ထွန်းက လက်ထိတ်ခတ်မည့် ပုလိပ်ကို ဦးစံခိုဘက်သို့ တွန်းပစ်သည်။ သေနတ်ကိုင်ထားသူထံ ပြေးပူး၏။ ကိုင်ပေါက်ကာ သေနတ်ယူသည်။

ဝိုင်းချိန်ထားသူများ ပစ်ချိန်မရ။ ပုလိပ်နှင့် သူပုန်တွေ ထွေးကုန်၏။ ဦးကျော်အုံသည် ဓားနှင့် လှျောက်ယမ်းကာ မှောင်ထဲဝင်ပြေး၏။ သူ့နောက်က မောင်မိုးကောင်း၊ မောင်ဖိုးမောင်။

''ပစ်ပါတော့လား''

ဦးစံခိုက ဝပ်ချရင်း အမိန့်ပေးသည်။ သေနတ်သံများ တရစပ် ပေါ်လာသည်။ သူပုန်တွေ ထိသူထိ၊ နာသူနာ၊ သေသူ သေ၏။

ကိုတောက်ထွန်းမှာ သေနတ်ဖြင့် တစ်ချက်သာ ပြန်ပစ်ပြီး မှောင်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။ ဦးကျော်အုံသည် ပုလိပ်တစ်ယောက်ကို ခုတ်သတ်လိုက်ရစေကာမူ ခြေသလုံးတွင် ဒဏ်ရာရခဲ့၏။

''သွေးစက်ခံပြီး လိုက်လာလိမ့်မယ် ဦးလေး၊ အဝတ်စည်းရအောင်''

မောင်မိုးကောင်းက ဒဏ်ရာကို အဝတ်ဖြင့် စည်းပေးပြီး ဦးကျော်အုံကို တွဲခေါ်သည်။

အင်စပက်တော် ဦးစံခိုမှာ သုံးညတိတိ ဒုက္ခခံရကျိုး နပ်ပါ၏။ သူသည် ရာဇဝတ်ဝန်ကြီးထံ ရဲဝံ့စွာ အာမခံပြီး လာရောက် ချောင်းမြောင်းခြင်း ဖြစ်သည်။ သို့တစေ ရန်သူကို အထင်သေးလွန်းသည့်အတွက် မဖျော်လင့်ဘဲ ကျည်ဆန်ကုန်ကာ ပုလိပ်တစ်ယောက်သေပြီး သုံးယောက် ဒဏ်ရာရ၏။ အဖိုးတန်သတင်းများ ပေးကောင်းပေးနိုင်မည့် သူပုန်အချို့လည်း သေရသည်။

လက်ထိတ်ခတ်ပြီးသား သူပုန်ဆယ်ယောက်အနက် သုံးယောက် သေနတ်မှန်

ခံရ၏။ ခုခံရင်း သေရသော သူပုန်နှစ်ယောက် ရှိ၍ သုံးယောက် ဒဏ်ရာရသည်။ အရေးကြီးသူဆို၍ မောင်သန့်တစ်ယောက်သာ ရမိလိုက်ကြ၏။

မောင်မိုးကောင်းသည် ခေါင်းဆောင် အဖမ်းခံရကာ တပ်ပျက်ပြီမို့ ရွာသို့ ပြန်ရန် စိတ်ကူးသည်။ သို့ရာတွင် သူသည် ဦးကျော်အုံ့ကို ထားပစ်ခဲ့ရပေမည်။ ဦးကျော်အုံ့၏ ခြေမှာ အဆမတန် ရောင်ကိုင်းလာသည့်အတွက် မည်သည့်နည်းနှင့်မျှ ထားပစ်ခဲ့၍ မလျော်။

ထို့ကြောင့် သူသည် တောထဲမှ ဆေးဖက်ဝင်သော အရွက်များ ကြိတ်အုံ့ပေးသည်။ ဦးကျော်အုံ့ ညွှန်ပြသော အကိုင်းအမြစ်များရှာကာ သွေး၍ လိမ်းပေးသည်။ ထိုသို့ပြုစုရင်း တစ်နေ့တာ တတ်စွမ်းသမျှ ဦးကျော်အုံ့ကို ထမ်းပြီး ခရီးဆက်ရာ မကြာမီ မူးမြစ်အရှေ့ဘက်ကမ်းသို့ ရောက်လာကြလေ၏။

မောင်မိုးကောင်းသည် ဖောင်တစ်ခုလုပ်ပြီး ဦးကျော်အုံ့ကိုတင်ကာ သူက ကမ်းပေါ်မှ ကြိုးဖြင့် ဆွဲသည်။ ပခုံးဖြင့် ထမ်းရခြင်းထက်ကား သက်သာသည့်အပြင် ဦးကျော်အုံ့က ဖောင်စီးရင်း ငါးမျှားဖော်ရသဖြင့် အစားအသောက်အတွက် မပူရတော့ပေ။

မူးမြစ်သည် ကြမ်းချည်တစ်လှည့်၊ နုချည်တစ်ခါ စီးဆင်း၏။ ယဉ်ချည် ရိုင်းချည်၊ ပြန့်ချည် စောက်ချည်။ မည်သို့ပင် တားဆီးစေကာမူ တစ်ရာအုပ် သူပုန်ဗိုလ်ဟောင်းကြီးနှင့် တစ်ဆယ်အုပ် သူပုန် အိုးစားကလေးတို့သည် မူးမြစ်ကို တအိအိ ဆန်တက်လာကြ၍ ကိုတောက်ထွန်းကို မမျှော်လင့်ဘဲ ပြန်လည်တွေ့ဆုံရသည်။

မြစ်ကွေ့တစ်ခုအလွန်တွင် မိမိတက်နေမိသော ကမ်းဘက် ချုံထဲမှ ဘွားခနဲ ထွက်လာသော လူတစ်ယောက်ကို မြင်ရသောအခါ မောင်မိုးကောင်း တန့်သွား၏။ ထိုသူမှာ သေနတ်တစ်လက် လွယ်ထားရာ မောင်မိုးကောင်း ကြောက်မိချေသည်။

"စစ်သားတော့ မဟုတ်ဘူးကွ။ ဓားပြဆိုလည်း ကိစ္စမရှိပါဘူး။ တို့မှာ ဘာမှ မပါတာ။ ပြန်မျှောချရရင် နမြောစရာကြီး"

ဦးကျော်အုံ့နှင့် သဘောချင်းတူသဖြင့် မောင်မိုးကောင်း ဆက်ဆွဲလာရာ ဓားပြမဟုတ်ဘဲ ကိုတောက်ထွန်း ဖြစ်နေသည် တွေ့ရလေ၏။

"ဘယ်လိုဖြစ်တာလဲ အစ်ကိုကြီးရဲ့"

မောင်မိုးကောင်းက တအံ့တသြ မေးသည်။

"ဒီသေနတ်က အင်္ဂတောင်ပေါ်က ပုလိပ်တွေဆီက ရခဲ့တာပါကွာ။ ဖြစ်ပုံကတော့ မပြောချင်ပါဘူးကွာ။ လူတွေ့လို့ မေးမယ့်ကြံ ထွက်ပြေးကြ။ ငါ့မှာလည်း လူတစ်ခါတွေ့တိုင်း တစ်ခါပြေးရနဲ့ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိတော့ပါဘူး

ညီလေးရယ်''

''အစ်ကိုကြီးဥစ္စာက တောင်ဘက်ကို သွားရမှာဗျ။ အခု မြောက်ဘက်ကို ရောက်နေတယ်''

''မသိပါဘူးကွာ''

''ကဲ ဟောဒီဦးလေးကို သူ့ရွာရောက်အောင် ပို့ပြီးမှပဲ အတူ ပြန်ကြရအောင် အစ်ကိုကြီး'

## ကိုး

ဦးကျော်အုံ့သည် ရွာသို့ ရောက်လျှင် ဒုက္ခ ပြေငြိမ်းပြီဟု မျှော်လင့်ခဲ့သည်။ ကိုတောက်ထွန်း ညီအစ်ကိုမှာလည်း ဦးကျော်အုံ့အား ရွာသို့ပို့ပြီးလျှင် ရှေ့ဘို ကျောက်မြောင်းမှတစ်ဆင့် သင်္ဘောစီး၍ ဖြစ်စေ၊ လှည်းဖြင့်ဖြစ်စေ အေးဆေးစွာ ပြန်မည် စိတ်ကူးထားကြ၏။

အိမ်တံစက်မြိတ်အောက်သို့ ဝင်မိသည်နှင့် လူအတော်များများကို တွေ့ရှိသည်။ တစ်စုံတစ်ရာကို ဝိုင်းအုံနေကြခြင်း ဖြစ်၏။ သူတို့ မျက်နှာတွေ မရွှင်လန်း။ တစ်ယောက် ယောက် အသည်းအသန် ဖြစ်နေဟန်တူသည်။

"အဖေ ဟင် အဖေ ပြန်လာပြီ။ အမေ အမေ "

၁၈ နှစ်ရွယ် မိန်းကလေးတစ်ယောက်သည် ဦးကျော်အုံ့ကို ကြည့်ကာ ဝမ်းသာအားရ အော်၏။ နောက် အမေ အမေ ဟု ငံ့အော်ရင်း မျက်ရည်ဖြိုင်ဖြိုင် စီးကျလာလေသည်။

"ဘာဖြစ်လို့လဲ"

ရွာသားတစ်ယောက်က မေးရာ ဦးကျော်အုံ့ မဖြေမီ ကိုတောက်ထွန်းက ဖြေသည်။

"ဖျားနေလို့ ထမ်းခေါ်လာရပါတယ်။ ကျွန်တော်တို့က သစ်ဖောင် သမား တွေပါ။ သူ့ကို ရေထဲမျောလာတာ တွေ့လို့ ဆယ်ထားပြီး "

ကိုတောက်ထွန်း ဆက်ပြောရန် ထစ်နေသဖြင့် ဦးကျော်အုံ့က ဝင်ထောက်၏။

''သူတို့ ဖောင်တွေ ဒွေးနဲ့မှာ အပ်ထားခဲ့ပြီးမှ ငါ့ကို လိုက်ပို့ကြတာ။ သူတို့က ပင်လယ်ဖူးက''

ကိုတောက်ထွန်းက လိမ်လည်သည့်အတွက် ဦးကျော်အုံ့ကလည်း အဆင်ပြေအောင် ဖြည့်စွက်လိမ်လည်ရင်း မူလက လှကောင်းတွင် ဖျားနာနေသူ တစ်ယောက်၏ ဟန်သို့ပြောင်းကာ အသံလည်း တုန်တုန်ခိုက်ခိုက်ဖြစ်အောင် ဟန်ဆောင်လိုက်သည်။

လိမ်ရခြင်းမှာ နောက်ကြောင်းကို ဖုံးဖိခြင်းပင် ဖြစ်၏။

အကယ်၍ ခြေထောက်တွင် ဒဏ်ရာရ၍ဟုဆိုပါက ဘာကြောင့်၊ ဘာဖြစ်လို့ စသည်တို့ ဆက်လာမည်။ မြင်းမူဘက်တွင် သူပုန်ထကြောင်း ကြားသိကြပါက ထိုသတင်းနှင့် ဆက်စပ်၍ သင်္ကာမကင်း ဖြစ်ခံရသည်။ သည်အခါဝယ် ကျုပင်ခုတ် ကျုငုတ်ပါ ရှင်းနေသော မိစ္ဆာဝါဒီအစိုးရသည် ဦးကျော်အုံ့အား ဒုက္ခရှာချေတော့မည်ဟူ၍ ကြိုတင်တွေးမျှော်ကာ ဖုံးဖိလိုက်ခြင်း ဖြစ်ဟန်တူ၏။

ဦးကျော်အုံ့သည် ကိုတောက်ထွန်းတို့အား မျက်ရိပ်ပြသည်။ ကိုတောက်ထွန်းတို့က လှအုပ်ထဲသို့ ချပေးရာ ဦးကျော်အုံ့က လှမမာသံဖြင့် မေးသည်။

''မယ်ညဲ မယ်ညဲ ဘာဖြစ်တာလဲ။ ဘယ့်နှယ်နေသလဲ ဟင်''

သူသည် ဇနီးဖြစ်သူ၏ လက်ကို စမ်းကြည့်ရင်း မျက်လုံးပြူးသွားကာ

''လက်ဖျား သွေးလည်း မရှိတော့ပါကလား''

ဟု အထိတ်တလန့် ဆို၏။

လှမမာကို အုံ့နေသော လူများသည် ဦးကျော်အုံ့အား ကြည့်ကာ သက်ပြင်းချကြသည်။ သူတို့သည် မျှော်လင့်ချက်မရှိသော မျက်နှာထားကို ဆောင်ကြ၏။ အမှန်ပင် ဒေါ်မယ်ညဲမှာ သွေးဆုတ်နေပြီ ဖြစ်သည်။

''သမီး မယ်သန့် နင့်အမေ ဘယ်လိုဖြစ်တာလဲ သမီးရယ်၊ အဖေ မသွားခင်တုန်းက ထူထူထောင်ထောင်ပဲ မဟုတ်လား''

''တောင်ပိုင်းကို သွားလည်ရင်း ဒေါ်ဆိတ်တို့ အိမ်က နွားအသေသားကို စားခဲ့ပြီး အိပ်ရာထဲမှာ လဲတော့တာပဲ အဖေရဲ့''

''နွားက ဘာဖြစ်ပြီး သေတာလဲ''

''သရက်ရွက်ကြီးပြီး သေတာပါတော်၊ ဘာမှ မဆိုင်ပါဘူး၊ ရွာသူ ကိုင်တာပါ''

ထိုအခါ ဦးကျော်အုံ့သည် လှမမာ၏ ခေါင်းရင်းတွင် အင်္ကျီဗလာ၊ ခေါင်းပေါင်းညစ်ညစ်၊ လွယ်အိတ်မည်းမည်းနှင့် ဆေးဆရာကို မော့ကြည့်သည်။

''ဘယ်လိုဖြစ်တာလဲ ဆရာရယ်''

''ဇော်ဂနီနဲ့ ရွာသူနဲ့ ပေါင်းပြီး ကြံကြံတာကိုးကွ၊ ငါလည်း အမျိုးမျိုး တောင်းပန်သေးတာ၊ တားဆီးသေးတာပါပဲ။ ကနေ့ကတော့ အနောက်ဘက် ရှင်မက ခွင့်ပေးတယ်ဆိုပြီး သူတို့ အနိုင်ရသွားပြီကွ''

''အမေ အမေ ''

ဒေါ်မယ်ညွှသည် မြင်မကောင်း ရှုမကောင်း မေးထိုးလာသည့်အတွက် မယ်သန့်က ဖက်၍ ငိုသည်။

''ဟဲ့ ဟဲ့ ကြေးစည်တီးကြပါဟ။ ပရိတ်ရွတ်ကြပါဟ''

သူတို့သည် လူမမာကို သက်သာအောင် လုပ်မပေးဘဲ ကြေးစည် တီးကြသည်။ ပရိတ်ရွတ်ကြသည်။ ကိုတောက်ထွန်းသည် ပြင်းထန်သော ဝေဒနာ ခံစားနေရသူက ဤကား ပရိတ်တည်း၊ ဤကား ဘုရားမုခပါဠိတည်းဟု အာရုံဝင်နိုင်ပါမည်လောဟု တွေးနေမိသည်။ သို့စဉ်တွင် မယ်သန့်၏ အော်ငိုလိုက်သံက ချိုပါရွာတစ်ခုလုံးကို ဖုံးအုပ်သွားလေတော့၏။

''ညီလေးရေ ထဦးမှပဲဟေ့။ ဝေယျာဝစ္စတွေ ကူညီလုပ်ဦးမှကွ''

ကိုတောက်ထွန်းက ငိုင်နေသော ညီ၏ ကုပ်ကို ပုတ်၍ ဆုပ်၍ ပြောလိုက်ရာက ငုံ့မေးလိုက်၏။

''မင်းအသားက ပူသလိုလိုပဲ၊ နေကောင်းရဲ့လား ညီလေး''

''ကောင်းပါတယ်။ နည်းနည်းတော့ ချမ်းသလိုလိုပဲ''

''မော့စမ်း''

ဆိုကာ နဖူးကို စမ်းကြည့်သည်။ နဖူးက ပူနေသည်။

''ဟာ မင့်ဟာက ပူနေတာပဲကွ၊ ကဲ လာကွာ၊ အခန်းထဲဝင် စောင်ခြုံနေ၊ ကိုကြီး ဆေးတောင်းပြီး တိုက်မယ်''

''လှုပ်လှုပ်ရှားရှား လုပ်လိုက်ရင် ချွေးထွက်ပြီး ပျောက်သွားမှာပါ ကိုကြီးရာ''

မောင်မိုးကောင်းသည် သွက်လက်စွာ ထ၍ ရွာသားများနှင့်အတူ အသုဘ ကမ္မဋ္ဌာန်းကောင် ပြင်ဆင်ရေး၊ ကနားဖျင်းထိုးရေး၊ ဧည့်ခံရေးများကို ပြင်းပြင်းထန်ထန် လုပ်လိုက်သည်။ ဦးကျော်အုံသည် အစဉ် အပူဖုံးနေသဖြင့် မောင်မိုးကောင်းတို့ ညီအစ်ကိုအား မေ့သွားသော်လည်း ရွာသားများနှင့် ရောနှောကာ မားမား မားမားနှင့် လုပ်ကိုင်နေသော ညီအစ်ကိုအား မြင်သောအခါ သတိရလာသည်။

''ကိုတောက်ထွန်းတို့ မောင်မိုးကောင်းတို့ လာကြ။ ဒီမှာ ထိုင်ကြပါ။ သူတို့ လုပ်ပါလိမ့်မယ်''

ပြီးစီးသလောက်ရှိမှ ညီအစ်ကို နှစ်ယောက်သည် ဦးကျော်အုံ့ဘေးတွင် ဝင်ထိုင်ကြသည်။ မောင်မိုးကောင်းမှာ ချွေးထွက်မလာဘဲ မောနေ၏။

''ဘယ့်နှယ်နေလဲ ညီလေး''

''မောတယ် ကိုကြီး''

ဦးကျော်အုံ့သည်

''ဘာဖြစ်လဲ၊ ဘာဖြစ်လဲ''

ဟု ပျာပျာသလဲ မေးကာ မောင်မိုးကောင်းအား စမ်းသပ်ကြည့်သည်။

''ဟင် ချစ်ချစ်တောက်နေပါကလားကွ။ စောစောကပြောရော ပေါ့ကွာ။ သမီးရေ ဟဲ့ မယ်သန့်၊ သမီး အခန်းထဲမှာ ရှင်းပြီး မောင်မိုးကောင်းဖို့ အိပ်ရာ ပြင်ပေးစမ်းပါဟဲ့''

သူသည် မောင်မိုးကောင်းအား သတိလစ်ပြီး ပွေ့ယူရန် ကြိုးစား၏။ ချက်ချင်း သတိရကာ စောင်ကိုဆွဲခြုံ၍ ထရံကို မှီနေလိုက်သည်။

''သွားနိုင်ပါတယ် ဦးလေးရဲ့''

မောင်မိုးကောင်းသည် သူ့ဘာသာသူ ထ၍ အခန်းထဲ ဝင်သွားသည်။ ဦးကျော်အုံ့သည် သမီးအား ကွမ်းရွက်ပြုတ်ရန် လှမ်းမှာ၏။ ထို့နောက် ယခုမှ ရောက်လာသူများအား ရှင်းပြသည်။

''ငါ လှေမှောက်လို့ သတိလစ်ပြီး ရေထဲမျောသွားတုန်း သူတို့ ဖောင်နဲ့ တွေ့လို့ အသက်ချမ်းသာရရတာ။ သူတို့လည်း မြင်းမူမှာ ဖောင်အပ်ပြီးမှ ငါ့ကို လိုက်ပို့ကြတာ။ ငါ့မှာ ဖျားရတဲ့အထဲ ဖက်ခွက်နာကလည်း ပေါက်ရသေးသတဲ့ကွာ''

အသုဘမေးလာသော ရွာသူရွာသားများသည် သံသယ မရှိကြပေ။ ကိုတောက်ထွန်းတို့ ညီအစ်ကိုအားပင် ကျေးဇူးတင် ချီးမွမ်းကြကာ မောင်မိုးကောင်းကိုလည်း ကရုဏာသက်သော စကားများ ဆိုသွားကြသေးသည်။

မောင်မိုးကောင်းမှာ တဟင်းဟင်းညည်းကာ အဖျားတက်နေ၏။ ကိုတောက်ထွန်းက အတင်း တက်ဖိထားရသည်။

''ဘကြီး ဆေးတိုက်ရအောင်''

ကိုတောက်ထွန်း မော့ကြည့်၏။ ဦးကျော်အုံ့သမီး မယ်သန့်သည် ကွမ်းရွက်ပြုတ်ရည် ပန်းကန်တစ်ဖက်၊ ဆေးဘူးတစ်ဖက် ကိုင်လျက် ရပ်နေသည်။ မယ်သန့်သည် ဒူးထောက် ထိုင်လိုက်၏။

''အဖျားတက်နေတုန်းမှာ တိုက်လို့ ဖြစ်ပါ့မလား မိန်းကလေးရယ်''

ယင်းအခိုက်တွင် ဦးကျော်အုံ့ လက်ထောက်၍ ဖင်ရွေ့ဝင်လာကာ မောင်မိုးကောင်း

အား ပွေ့ထူ ဆေးတိုက်၏။

''ကျွန်တော် တိုက်မှာပေါ့ ဦးကျော်အုံ့ရယ်''

ကိုတောက်ထွန်းက အားနာစွာဆိုစဉ် မယ်သန့်သည် ထသွားရန် ပြင်သည်။ ဦးကျော်အုံ့က-

''နေဦး သမီး၊ ပြောစရာ ရှိတယ်''

ဟု ဆိုသည်။ မယ်သန့်က ပြန်ထိုင်ကာ ဖခင်ထံမှ လာမည့် စကားသံကို နားစွင့်နေ၏။

''ဒီသူငယ်ဟာ အဖေ့ ကျေးဇူးရှင်ပဲ သမီး။ ဒီသူငယ်သာ အကြင်နာတရား မရှိရင် အဖေဟာ ဒီနေရာ သမီးတို့ဆီကို ရောက်လာဖို့ မရှိဘူး၊ ကြားလား''

''ဟုတ်ကဲ့ အဖေ ကြားပါတယ်။ အဖေက ''

မယ်သန့်သည် မည်သို့ မည်သည့်အတွက် စသည်များကို မေးမြန်းလိုဟန် ရှိသည်။ ထို့ကြောင့် ဦးကျော်အုံ့က အလိုက်သိစွာ ပြော၏။

''တစ်နေ့ကျမှ အေးအေးဆေးဆေး အဖေ ပြောပြမယ်။ ကိုတောက်ထွန်းက ဒီသူငယ်ရဲ့ အစ်ကိုရင်းပဲ။ သူ့ကြောင့် သမီးရဲ့ အမေရဲ့ အသက်ကို အဖေမီတာ။ သူ့ကျေးဇူးလည်း ရှိတယ်။ ဒါကြောင့် အဖေနဲ့ သမီး မစားရရင် နေပါစေ၊ သူတို့ကို ဦးစားပေးရမယ်''

''ဒါတော့ လွန်လွန်းပါတယ် ဦးကျော်အုံ့ရယ်။ ခင်ဗျားနဲ့ ကျွန်တော်တို့ဟာ အသက်ပေးဖက်၊ လက်တွဲဖက် သွေးသောက် ရောင်းရင်းတွေပါ''

ကိုတောက်ထွန်းက ပြုံးပြုံးရယ်ရယ် ပြောပြီးမှ မျက်နှာပိုးသတ်လိုက်၏။ သူသည် အသုဘအိမ်ပေါ်တွင် ရောက်နေကြောင်း မေ့သွားသည့်အတွက် စိတ်မကောင်း ဖြစ်သွားပုံရသည်။

''ဟုတ်ပါတယ်။ သမီးကလေးကတော့ အတော်နားရှုပ်နေပြီ ထင်တယ်။ ကဲ သွားတော့၊ သွားတော့''

ဆိုကာ သူလည်း ဖင်တရွတ်နှင့် ပြန်ထွက်သွား၏။

အသုဘကိစ္စ ပြီးစီးသည့် နောက်ပိုင်းမှစ၍ မောင်မိုးကောင်း၏ အဖျားရောဂါမှာ တဖြည်းဖြည်း သက်သာလာ၏။ ဤသည်နှင့် ဆန့်ကျင်ဘက်အဖြစ် ဦးကျော်အုံ့၏ ခြေထောက်မှာ တစ်နေ့တခြား ဆိုးရွားလာခဲ့သည်။ သူသည် အသုဘကိစ္စ မပြီးမချင်း သူ့ခြေသလုံးမှ အနာကို ပစ်စလက်ခတ် ထားခဲ့သောကြောင့်လည်း ဤမျှ ဆိုးလာခြင်း ဖြစ်ရပေ၏။

ကိုတောက်ထွန်းသည် ညီငယ် နေထိုင်ကောင်းသည်နှင့် ပြန်ရန် ပြင်ဆင်တော့သည်။ သို့သော် မောင်မိုးကောင်းသည် ထထကြွကြွ မရှိ။ ပြန်ချင်စိတ်ရှိဟန် မပြချေ။

မောင်မိုးကောင်းသည် အိမ်ပြန်ရမည့် ကိစ္စကို အမှန်ပင် မေ့လျော့နေဟန် ရှိကာ အိမ်နီးချင်းဖြစ်သော မောင်ကြိုင်၊ ဒေါ်ပြား၊ ကိုထွားတို့နှင့် ယာထဲသို့ လိုက်သွားကာ နေကုန်မှ ပြန်လာ၏။

ဤအချိန်မှာ ယာထဲတွင် လုပ်စရာများကို လက်စသတ်ပြီး ရှေ့နှစ်အတွက် ပြင်ဆင်ရသော အချိန်ဖြစ်သည်။ မယ်သန့်သည်လည်း ဖအေ လူမမာတစ်ဖက်နှင့်ပင် ယာထဲသို့ ဆင်းရ၏။ ကိုတောက်ထွန်းသည် ညီငယ်နှင့် အေးအေးလူလူ စကားပြောချိန်ကို စောင့်သော်လည်း မရ။ အိမ်ရောက်၍ စားသောက်ပြီးလျှင် ဟိုနားသည်နား ခဏထွက်ကာ ထိုးအိပ်သည်ချည်း ဖြစ်သည်။

တစ်နံနက်တွင်မူ ကိုထွားဇနီး ထမင်းပို့ အသွားနှင့် ကြုံသဖြင့် ယာထဲသို့ လိုက်လာခဲ့၏။ ကိုတောက်ထွန်း၏ အမြင်တွင် အားလုံးသည် ဆန်းပြားနေ၏။ တရားလွန် ခြောက်သွေ့သည်လည်း ထင်၏။ မိုးမကျမချင်း ပုရစ်ညှာတို့ ငုပ်လျှိုးနေဦးမည့် ကာလ ဖြစ်သောကြောင့်လည်း စိုပြည်မှု အမှန်ပင် ကင်းသည်။

ကိုထွားတို့ ယာထဲမှ မျှော်ကြည့်သောအခါ မောင်မိုးကောင်းအား ရေးရေးကလေး မြင်ရ၏။ ကိုတောက်ထွန်းအား-

''ပျင်းနေပြီလားဗျ'' ဟု နှုတ်ဆက်ကြသည်။

''ခင်ဗျားညီတော့ ဒီရွာက မခွာနိုင်တော့ဘူး ထင်တယ်''

ဟူ၍လည်း နောက်ပြောင်ကြသည်။ ဒုတိယစကားကို ကိုတောက်ထွန်းသဘောမကျချင်သော်လည်း ဦးကျော်အံ့၏ ယာတစ်ဖက်စပ်သို့ ရောက်သောအခါတွင်ကား လက်ခံရတော့၏။

ယာ၏ အခြားတစ်ဖက်စပ်တွင် မောင်မိုးကောင်းက ယာထဲတွင် ပေါက်သော ဆူးပင်များကို ခုတ်ကာ ခရီးဆီသို့ ပို့သည်။ ခရီးကာရာတွင် မယ်သန့်နှင့် နှစ်ယောက်ကာသည်။ ကိုတောက်ထွန်း ကြည့်နေစဉ်တွင် သူတို့သည် အရိပ်အောက်တွင် အတူထိုင်နားနေကာ စကားတပြောပြောနှင့် ရယ်မောနေကြ၏။ မယ်သန့်က မောင်မိုးကောင်းအား ဆေးလိပ်ညှိပေး၊ ဘူးထဲမှ ရေကို ငှဲ့ပေးသည်။

ကိုတောက်ထွန်း သက်ပြင်းချမိ၏။ ညီငယ်သည် ဤမိန်းကလေးနှင့် သံယောဇဉ်ကြိုး တင်းနေလေပြီသော။

သို့သော် သူတို့ ငယ်ရွယ်သူ နှစ်ဦး၏ ကြည်နူးခြင်းသည် ကိုတောက်ထွန်း၏ ရင်တွင်လည်း အေးမြစေသည်ပင်။ ဤကြည်နူးခြင်းကို ကိုတောက်ထွန်း မဖျက်ဆီးလို။ မဖျက်ဆီးရက်။ ညီ တည်ဆောက်သော သာယာမှုကို ဆန့်ကျင်လျှင် ညီအား ဆန့်ကျင်ခြင်းပင် မည်တော့မည်။

ကိုတောက်ထွန်း တွေရပ်နေစဉ် သူ့အား မောင်မိုးကောင်းတို့က မြင်သွားသည်။

"အစ်ကိုကြီး ဒီအရိပ်ကို လာဗျို့" ဟု လှမ်းခေါ်၏။

"ငါ သူတို့ကို ဘာဖြစ်လို့ ကြည့်နေမိပါလိမ့်။ သူတို့ မမြင်နိုင်တဲ့နေရာမှာ ရပ်နေမိရင် အကောင်းသား"

ကိုတောက်ထွန်းက မိမိကိုယ်ကို အပြစ်တင်ရင်း ဇီးပင်ရိပ်ဆီသို့ လျှောက်လာသည်။

"အိမ်မှာ နေရတာ ပျင်းနေပြီလား အစ်ကိုကြီး၊ ဟုတ်လား ဟား ဟား ဟား"

"ပျင်းတယ် ပျော်တယ်လည်း မဟုတ်ပါဘူးကွာ"

ကိုတောက်ထွန်းက အလိုက်သင့် ပြန်ဖြေလိုက်ရာက မယ်သန့်အား မေး၏။

"မိန်းကလေးတို့ ယာက ဘယ်လောက် ကျယ်လဲကွယ့်"

"ကျုပ်လည်း မသိပါဘူးတော်။ ဧက ၂၀ နဲ့ ဒသမ ၅ ဆိုလား၊ အဖေမှ သိပါတယ်"

"ပြီးခဲ့တဲ့ ရာသီတုန်းက ဘယ့်နှယ်နေလဲ"

"အဖေ မရှိတော့ ကျုပ်တို့ သားအမိ နှစ်ယောက်တည်း မလုပ်တတ် လုပ်တတ် လုပ်ရတာကိုး။ အဲသည်ထဲ မိုးကလည်း ခေါင်သေး။ ဘယ်ရလို့ လဲ၊ နှမ်း ဆယ်တင်း၊ ပြောင်းက အစိတ်လောက် ရှိမယ်ထင်ပါရဲ့။ ဝါကလည်း အဲသာလောက်ပဲ ရှိမှာပါပဲတော်။

"နင်တို့ဥစ္စာကလည်း ပဲဟာ ထွန်ရတဲ့ နွားကို အားနာဖို့ ကောင်းလိုက်တာ"

"ကျုပ်တို့ဆီမှာတော့ သည်လိုပဲ လုပ်ကြရတာပဲ ကိုတောက်ထွန်းရဲ့"

ကိုထွားသည် သူတို့ဘေးသို့ ရောက်လာကာ ဝင်ပြောခြင်း ဖြစ်သည်။

"ကိုကျော်အံ့ကလည်း လုပ်ကိုင်ထားသမျှကလေး မိုးခေါင်ထားလို့ မှန်းခြေ မကိုက်တော့ အလုပ်ရှာချေဦးမယ်ဆိုပြီး စိတ်ပျက်ပျက်နဲ့ အောက်ကို ထွက်သွားတာ။ အဲသာ သားအမိနှစ်ယောက် ဖြစ်သလို စုကြ သိမ်းကြတာပေါ့ဗျာ။ ကျုပ်တို့လည်း ကိုယ့်အလုပ်နဲ့ မအားတဲ့အထဲက ကူရသာပေါ့ဗျာ"

"မိုးခေါင်ပေမယ့် ဆည်ရေကလေး ဘာကလေး သောက်ရရင် တော်သေး

သပေါ့တော်''

ဟု မယ်သန့်က ပြောသည်။

''ဟိုဘက်ဆီက ဥစ္စာတွေက လယ်တွေ မဟုတ်လား''

ကိုတောက်ထွန်းက မေး၏။

''ဟုတ်သယ်၊ အဲသာတွေက ဆည်ရေ သောက်ရတဲ့ လယ်တွေပေါ့။ မိုးမရွာလည်း အကြောင်း မဟုတ်ဘူးလေ။ မိုးရွာတော့ ပိုကောင်းသာပေါ့ဗျာ''

မောင်ကြိုင်တို့ ယာထဲမှ အမှိုက်တွေ၊ ဝဲလှည့် ကတော့ထိုးကာ ထကြွလာသည်။ ထန်းရွက်တွေ၊ ပြောင်းရိုးတွေပါ လေဝဲထဲသို့ ပါသွား၏။

''လေပွေကြီး လာနေပြီဟေ့၊ မိုးကောင်း မင်းခေါင်းက ခမောက်ကို ကိုင်ထား''

သူတို့သည် လွင့်နိုင် ပါနိုင်သော ပစ္စည်းများကို လက်တစ်ဖက်ကကိုင်၍ ကျန်တစ်ဖက်ကလည်း ခေါင်းပေါင်း၊ စောင်၊ တဘက် စသည်များကို ကိုင်ထားရင်း လေပွေကြီးကို စောင့်နေကြ၏။ သို့သော် လေပွေကြီးသည် သူတို့နှင့် ခဲတစ်ပစ်အကွာသို့ အရောက်၌ အဖျားရိုက်ရုံသာရိုက်ပြီး နောက်ဆုတ်သွားကာ တဖြည်းဖြည်း ဝေးကွာ ပျောက်ကွယ်သွားလေတော့သည်။

''တကယ်ဆိုးတဲ့ လေပါတော်။ ကျုပ် ရေဘူးပါသွားလို့ မနည်း လိုက်ကောက် ရတယ်''

ဒေါ်ပြားသည် ဖုန်လူးနေသော ရေဘူးကို ပိုက်ကာ ရေရွှတ်မြည်တမ်းရင်း ရောက်လာရာက-

''တော်တို့ ငွေနှံဘက်က လာတာဆိုတော့ အဲသည်နားမှာ သူပုန်ထနေတာ မကြားခဲ့ကြဘူးလား''

ဟု အစပ်အဟပ် မရှိဘဲ ကောက်ခါငင်ကာ မေးသည်။

''ကြားခဲ့ပါတယ်ဗျာ။ ကျုပ်တို့ ဖောင်ကိုတောင် စစ်ပုလိပ်တွေ ဝိုင်းရှာ လိုက်ကြတာ သန်းရှာသလိုပါပဲ''

ကိုတောက်ထွန်းက ဟန်နှင့်ပန်နှင့် ဖြေ၏၊

''အဲသည် ငွေနှံမှာ ထတာလား။ ကျုပ်လည်း သဲ့သဲ့ပဲ ကြားတယ်။ ဟဲ့ မိပြား နင် ဘယ်က ကြားခဲ့တာလဲ''

''ဘုန်းကြီးကျောင်းက''

''ဟုတ်ပါတယ်။ မြင်းမူနယ်ဘက်မှာ မင်းလောင်းမောင်သန့်ဆိုပြီး ထတာ။ သူပုန်ကတော့ ခင်ဗျားတို့လို ယာသမား လယ်သမားတွေပါပဲ''

''သူတို့ကလည်းတော်၊ အေးအေးဆေးဆေး မနေဘဲ ဘာဖြစ်လို့ သူပုန်ထရတာလဲ''

''ဟ မိပြားရ။ နင့်အိမ်ပေါ် ငါတက်နေပြီး နင့်ကို ခွေးကတက် ပို့ထားရင် နင် ကြိုက်မလား''

ကောက်ခါင်ကာ မေးလိုက်သော ကိုထွားအား ကိုတောက်ထွန်းနှင့် မောင်မိုးကောင်းတို့က ပြုံး၍ ကြည့်ကြသည်။

''ဒါလည်း တစ်ကြောင်းပေါ့ ခင်ဗျာ။ နောက်တစ်ကြောင်းက ''

ကိုတောက်ထွန်းက ရှင်းပြရန် အစပျိုး၏။ မောင်မိုးကောင်း သဘောကျခြင်း ရှိမရှိ တစ်ချက် အကဲခတ်ပြီးမှ ဆက်ပြောသည်။

''နောက်တစ်ကြောင်းကတော့ အင်္ဂလိပ်မင်းက နှိပ်စက်လွန်းလို့ပါပဲ''

''ဘာတွေ နှိပ်စက်လို့လဲတော့်''

''ဒီနယ်က လူတွေ ပြောတာကတော့ မိုးခေါင်လို့ ယာတွေပျက်တယ်။ စားစရာတောင် မရှိတာကို အတင်းမြေခွန် တောင်းတယ်တဲ့။ ဒါတွင် မနေသေးဘူး။ လူခွန်တဲ့။ ပေးစရာမရှိကောင်းလားဆိုပြီး ရိုက်သတဲ့ဗျ။ ပြီးတော့ အိမ်မှာရှိတဲ့ အိုးခွက်ပန်းကန် ဂုန်အိတ်စုတ်ကအစ ယူသွားသတဲ့။ စားစရာ လူးကလေး၊ ဆန်ကလေး တစ်ပြည်တလေတောင် မချန်ဘူးတဲ့''

''တော်သေးတာပေါ့။ လှည်း နွားကို ယူမသွားတာ''

''အဲဒါ မရှိမှ အိမ်ပေါ် တက်တာတဲ့ဗျ''

''သည်လိုဆိုတော့လည်း သူပုန်မထလို့ ဘာလုပ်စရာ ရှိသေးသလဲ တော်ရဲ့''

ဒေါ်ပြားသည် ညည်းတွားခြင်းဖြင့် အဆုံးသတ်လိုက်ရာ-

''သည်မှာကော သည်လိုပဲ မဟုတ်လား အရီးရဲ့''

ဟု မယ်သန့်က မေးသည်။

''ငတို့ဆီကမှ တော်ပါသေးအေ''

''ဘယ်က တော်ရမှာလဲဟဲ့။ အနောက်ရွာတစ်တန်း၊ အရှေ့ဘက် တစ်လွှားမှာ ငတ်တောင်ကုန်ကြပါပကောဟ။ နင့်မလဲ အိမ်ထဲမှာ ကုပ်နေပြီး ဘာမှမသိဘူး''

ကိုထွားက ဝင်ရှင်းရင်း မာန်မဲ၏။

''သည်လိုဆို ခက်ကြဦးတော့မှာပေါ့တော်။ သရောကြီးများ နိုင်းမှဖြင့်။ ဟယ် ရှုပ်ပါတယ်။ နောင်ခါလာ နောင်ခါချေးပေါ့''

ဆိုကာ ဒေါ်ပြား ထသွားသည်။ ကိုထွားလည်း ကိုတောက်ထွန်းကို

နှုတ်ဆက်ကာ သူ့အလုပ်ဆီသို့ ထွက်သွား၏။

ကိုတောက်ထွန်းမှာ မိမိတို့ ပြန်တော့မည့်အကြောင်းကို ဦးကျော်အုံ့အား မပြောရက်အောင် ရှိသည်။ ထို့အတူ မယ်သန့်ကိုလည်း မပြောရက်ပြန်ပေ။ မယ်သန့်မှာ မောင်မိုးကောင်းအား တွယ်တာနေဟန် ရှိသည်။

ဦးကျော်အုံ့အား ပြောရန်မှာ ရက်ဝေးသည်ထက် ဝေးလာတော့၏။ သူ၏ ခြေထောက်မှာ ဒူးဆစ်အထိ ပုပ်လိုက်လာပြီ ဖြစ်သည့်အတွက် ရွှေဘိုသို့ တက်ပြီး ဖြတ်တောက် ကုသလိုက်ရ၏။

မိုးသံလေသံများ ကြားရပြီ။ တစ်ခါ တစ်ခါ မိုးသား မိုးတိမ်တွေ တက်လာကာ လေပြင်းလေဆိုးကျကာ ပြယ်သွား၏။ တစ်ခါတစ်ရံတွင်လည်း လေပြင်းချည်းကျသည်။ မမျှော်လင့်ဘဲ မိုးသေး မိုးဖွဲကလေး အပြေးအလွှားကျကာ ကွယ်ပျောက်သွား၏။

မောင်မိုးကောင်းသည် ယာလုပ်ငန်းတွင် တီးမိခေါက်မိပြီး ဖြစ်ရာ မယ်သန့်နှင့် အတူ ယာထဲလိုက်၍ ထွန်ယက်နေသည်။ မိုးရွာလျှင် အသင့်ဖြစ်ရန် ပြင်နေ၏။ ထိုအခြေအနေကို ကြည့်နေသူမှာ ကိုတောက်ထွန်း တစ်ယောက်တည်းသာ မဟုတ်။ ဦးကျော်အုံ့လည်း ပါဝင်ပေသည်။

တစ်ညနေတွင်ကား-

"ကိုင်း ကိုတောက်ထွန်းက စနိုးနိုးနဲ့ ကျုပ်က စောင့်နေတာ။ အခုတော့ ကျုပ်ကပဲ စရတော့မှာပေါ့"

ဟု ဆိုလာ၏။

ထိုအချိန်တွင် လူကြီးများ စားသောက် ပြီးစီးသွားသဖြင့် ထမင်းပွဲတွင် လူငယ်နှစ်ယောက်သာ ကျန်ခဲ့သည်။ သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ထမင်းစားနေကြ၏။ တစ်ချက်တစ်ချက် ဘာတွေပြောသည် မသိ။ တစ်ချက် တစ်ချက် ဘာကိုပြုံးသည် မသိ။

"ကိုတောက်ထွန်းအနေနဲ့ ပြန်ချင်လို့ ဖင်တကြွကြွ ဖြစ်နေတာ ကျုပ် သိပါတယ်။ အဲသာကို ပြောရမှာ အားနာနေတာ သိပါတယ်။ နောက်တစ်ခုကတော့ မောင်မိုးကောင်းကို ခေါ်လို့ ရ၊ မရ"

"ဟုတ်ပါတယ်။ ကျွန်တော် ပြန်ချင်နေတာက ကြာပါပြီ။ ဦးကျော်အုံ့ အခြေအနေက မကောင်းတော့ မပြောရက်လို့ ဆိုင်းနေတာပါ။ ညီလေးကိုတော့ ဘာမှ မပြောရသေးပါဘူး"

ဦးကျော်အုံ့သည် ထမင်းပွဲကို လှမ်းကြည့်လိုက်ရာ စားသောက်ပြီးစီး၍

သိမ်းဆည်းနေကြသည်ကို မြင်ရ၏။

"မိန်းကလေးရေ မပြေးတို့၊ မောင်ထွားတို့၊ ကိုအောင်ဇံတို့ကို သွားခေါ်ချေကွယ်။ အဖေက ခဏကြွပါ ပြောတယ်လို့။ အဲ မောင်ကြိုင်ကိုလည်း ခေါ်ခဲ့ဟေ့"

သူသည် ခဏမျှ ဆိုင်းနေပြီးမှ-

"မောင်မိုးကောင်း လိုက်မသွားနဲ့ကွ။ မင်းအစ်ကိုကြီးက ပြောစရာရှိလို့တဲ့" ဟု ဆက်ပြောသည်။

"ဘာပြောစရာရှိလဲ ကိုကြီး"

မောင်မိုးကောင်းသည် သွက်သွက်လက်လက် ရောက်လာရပေမယ့် မျက်နှာ မကောင်းလှ။ လူကြီးနှစ်ဦးသည် သူမလိုလားသော စကားကို ပြောတော့မည်ဟု သိနေဟန် ရှိ၏။

"အစ်ကိုကြီးတို့ ရောက်နေတာလည်း ကြာပြီ။ ပြန်ကြစို့ ညီလေး"

ကိုတောက်ထွန်းက ဦးကျော်အုံကို တစ်လှည့်၊ မောင်မိုးကောင်းကို တစ်လှည့် ကြည့်နေသည်။ သူသည် ညီ၏အကဲကို စမ်းခြင်းသာဖြစ်၍ ပြုံးမယောင်ယောင် ဖြစ်နေ၏။

"ကျွန်တော် ကျွန်တော် ဟို"

ဟုဆိုကာ ဦးကျော်အုံကို မော့ကြည့်ပြီး မောင်မိုးကောင်း နှုတ်ဆွံ့သွားလေသည်။

"ဘာပြောမလို့လဲ ညီလေး။ ပြောလေ တစ်ခါတည်း မလိုက်ဘူး၊ နောက်မှ လိုက်မယ်၊ ဒီလိုလား"

"မဟုတ်ဘူး အစ်ကိုကြီး။ ကျွန်တော် ဒီ ဒီမှာပဲ နေ နေတော့မယ်လို့"

"ရှင်းရှင်းပြောပါ ညီလေးရယ်။ အစ်ကိုကြီး နားထွေးအောင် မလုပ်ပါနဲ့"

"ဟို အဲ"

မောင်မိုးကောင်းသည် ဦးကျော်အုံကို ကြည့်လိုက်၊ ခေါင်းငုံ့လိုက်၊ မျက်လွှာ ပင့်လိုက်၊ ချလိုက် လုပ်နေရာ-

"ပြောစရာရှိတာ ပြောပေါ့ကွယ်"

ဟု ဦးကျော်အုံက မျက်နှာလွှဲ၍ ပြောသည်။

"နားနဲ့ မနာ၊ ဖဝါးနဲ့ နာပါ ဦးလေး။ ကျွန်တော်တို့ လူငယ်ချင်း မေတ္တာ ရှိနေကြပါပြီ"

ဦးကျော်အုံသည် ရိပ်မိသိရှိပြီး ဖြစ်ရာ မျက်နှာမူရာ ပြောင်းလဲမသွားပေ။

"အစ်ကိုကြီးလည်း ကိုယ်ချင်းစာပါဗျာ။ ဦးလေးကိုလည်း တောင်းပန်ပါတယ်"

"ကိုကြီးက ဘာမှ ညီလေးကို ကသိကအောက် မလုပ်ဘူး။ ရှင်းရှင်းလင်းလင်း

သိအောင် ခေါ်မေးတာ။ ဒါမှ ကိုကြီးမပြန်ခင် ပြီးပြတ်အောင် စီမံပေးခဲ့နိုင်မှာ''

မောင်မိုးကောင်းမှာ နေသာထိုင်သာ ရှိသွားစေကာမူ ဦးကျော်အုံ၏ သဘောထားကို မသိရသေးသဖြင့် ဘဝင်မကျနိုင်ရှာ။

''ကိုင်း လာကြ လာကြ''

မယ်သန့်ကို အခေါ်လွှတ်လိုက်သူများ ရောက်လာ၏။ ဦးကျော်အုံက ဆီးကြိုရင်း နေရာဖယ်ပေးသည်။

''ဒီကြမ်းပေါ်မှာပဲ အေးပါတယ်တော်''

ဆိုကာ ဒေါ်ပြားက ဝင်ထိုင်ရင်း-

''ကိုင်း သားရေး သမီးရေး မဟုတ်လား၊ ထင်သားပဲ။ ဒါပေသည့် သဘောလည်းတူ၊ ဝမ်းလည်း သာပါသယ်တော်''

ဟု ပြော၏။

မရေးမနှောင်း ရောက်လာသူများသည်လည်း ဤကိစ္စသာလျှင် ဖြစ်ရမည်ဟု ကြိုတင်ခန့်မှန်းထားကြသည်။ ဦးကျော်အုံနှင့် ကိုတောက်ထွန်းက ထုံးစံနှင့်ညီအောင် ပြောဆိုပြီးနောက် လက်ထပ်ရက် ရွေးချယ်သတ်မှတ်ကာ ဆယ်အိမ်ခေါင်း ကိုထွားအား မင်္ဂလာကြေးကိစ္စနှင့် အခြား ဆောင်ရွက်ဖွယ်များ တာဝန်ပေးလိုက်လေသည်။

## စတုတ္ထပိုင်း

### တစ်

ကြွရောက်လာသော ညှော်ပရိသတ်မှာ ရွှေရောင်စိန်ရောင် တပြောင်ပြောင်၊ ပိုးသံဖဲသံ၊ သက္ကလတ်သံတို့ဖြင့် ညံပါသည်။ မင်္ဂလာပွဲကို မင်္ဂလာများ ထပ်ဆင့်ပါသည်။ ကျက်သရေပေါ်တွင် ကျက်သရေဆောင်ပါသည်။

ပွဲစားကြီး ဦးမြသိန်းသည် အိမ်ဦးခန်း၌ ခံ့ညားစွာ ထိုင်နေ၏။ မင်းများ၊ စိုးများနှင့် သူဌေးများ၊ ကုန်သည် ပွဲစားများနှင့် စကားပြောဆို ဆွေးနွေးနေသည်။ ရယ်ကာမောကာ ညှော်ခံနေသည်။

ပွဲကတော်ကြီး ဒေါ်ခင်ခင်သည် သမီး ခင်မအေးနှင့် နင်လားငါလား နှ၏။ လှ၏။ စိန်ရောင်ရွှေရောင်ဖြင့် မွှမ်းလွှမ်းသောအခါ သိကြားမင်း၏ သက်ထား သုဇာအလား ယိုးမှားရ၏။ သူသည် အိမ်ဦးခန်းသို့ ပို့သင့်သူ၊ အလယ်မှာ ထားသင့်သူ၊ ခြေရင်းနှင့် တန်သူ စသည်များကို ခွဲခြား ညှော်ဝတ်ပြုရင်း နေရာထိုင်းခင်း ပေးလျက်ရှိ၏။

"မောင်မောင်ကျော့ရေ၊ ပွဲကတော်ကြီးများရဲ့ပွဲကို လိုက်နိုင်းစမ်းပါဦးကွယ့်။ သမီးရေ မင်းကတော်တို့ပွဲမှာ ဘာများလိုလဲ ကြည့်ပါဦး"

သွင်ပြင်ရုပ်ဝါ ပြည့်စုံသလောက် ဒေါ်ခင်ခင်၏ အသံမှာလည်း ပီယဝါစာ ဖြစ်ပါဘိသည်။

"ပွဲကတော်တို့များ တယ်ပြီး ကုသိုလ်ထူးပါဘိ။ သမက်ကလည်း ဂုဏ်ရှိ၊ သမီးကလည်း အချောအလှ အလိမ္မာ၊ မြေးကြီးကလည်း ချစ်စရာ"

ချိုးမွှမ်းသံများသည် ဒေါ်ခင်ခင်၏ နားဝ၌ လျှံနေပါပြီ။ ယန်းထုံသည့် အခင်းဝယ် အိပ်ရသူနှယ် မူး၍လည်း နေပါလေပြီ။

ခင်မအေးသည် ညွှဲ့ပရိသတ်များ၏ ထမင်းပွဲကို မပြတ်မလပ် ကြည့်ရင်း အစေခံမတစ်ယောက် ချီပွေ့ထားသော ကလေးထံလည်း ပြေး၏။ တာဝန် မလစ်လပ်အောင်လည်း ဆောင်ရွက်သည်။ သားတစ်ယောက် မြင်ပြီးသော်လည်း နဆဲ၊ ပျိုဆဲ၊ လှဆဲသာ။ ရှေ့ကို တိုး၍ တစ်ပိုးလှဦးမည့်နှယ် လှပသည်ထက် လှပနေ၏။

"မောင်ထိန်ဝင်းရေ ဟောဟိုပွဲကို လိုက်လိုက်ပါဦးကွယ်။ မောင်ထိန်လင်း၊ အဲဒီပွဲကို လိုက်လိုက်ပါဦးလား"

စသော ပြောသံဆိုသံများကလည်း ချိုသာသည်။ ငြိမ့်ညောင်း ကြည်လင်သည်။

ခင်မအေး၏ ခင်ပွန်းသည်ကား မောင်မောင်ကျော် ဖြစ်ပါသည်။ မောင်မောင်ကျော်သည် ခင်မအေးနှင့် အကြောင်းပါစဉ်က ရာဇဝတ်အုပ်သာရှိသေး၍ မကြာမီကမှ ဌာနာပိုင် ဖြစ်လာပါသည်။ သူသည်လည်း ယောက္ခမကြီးဂုဏ်၊ မိမိ၏ ရာထူးဂုဏ်တို့ကြောင့် ပွဲလယ်တင့်လှပါသည်။ များစွာသော မျက်လုံးတို့အလယ်တွင် နေလုလင်ကဲ့သို့ တင့်တယ်ပါပေ၏။

"ဟ သာအောင်ရ လာပါဦးကွ။ ဖိုးအေးရေ ဒီဘက်ကိုဟော့၊ စံသာရေ ဟိုဘက်ကို လှည့်လိုက်ပါဦး"

စသည်ဖြင့် သူ၏ သားကြီး ကင်ပွန်းတပ်မင်္ဂလာသို့ ရောက်လာ ကူညီသော မယားမျိုးများအား ခိုင်းစေ ညွှန်ကြားပေးနေသံမှာလည်း ခံ့ညားလှပါဘိ၏။

ထိုယောက္ခမဂုဏ် သမက်၏ အရှိန်အဝါတို့ကြောင့် ရောက်ရှိလာသော နွားလှည်းများ၊ မြင်းများ၊ ရထားများသည် ပွဲစားကြီး ဝင်းလုံးပြည့် ဖြစ်ဘိသည်။ မြင်းကောင်းမြင်းလှများ ပါသလို ပိသာပေး နွားချောနွားကောင်းများကလည်း ထိပ်အုပ်တပြောင်ပြောင် ခလောက်သံ ချြသံ တညံညံ ရှိ၏။ ရထားများက တင့်တယ်သည့်နည်းတူ လှည်းယဉ်များကလည်း ကြော့မော့ လှပပါဘိသည်။

အဝေးမှလာသော မြင်းများ၊ နွားများကို ကျွေးမွေးရန်မှာ ထိန်ဝင်းနှင့် ထိန်လင်း၊ ဖိုးအေးစသော ကိုင်းသမားများ၏ တာဝန်ဖြစ်သည်။ သူတို့သည် မြင်းစာ၊ နွားစာများကို ခုနစ်ရက်ခန့်က ကြိုတင် စုဆောင်းခဲ့ကြရ၏။ ကင်းပွန်းတပ်ပွဲတွင် ကျွေးမွေးရန် တစ်နေ့နှင့် တစ်ည ချက်ပြုတ်ခဲ့ကြရပြီးနောက် ဆက်လက် ညွှဲ့ခံနေကြ၏။

ကိုတောက်ထွန်းသည် အိမ်ပေါ်သို့တက်၍ ညွှဲ့ခံသည့်အထဲ၌ မပါချေ။ ရောက်လာသော မြင်းများ၊ နွားများအတွက် ရေနှင့် အစာ ရရှိအောင် ဆောင်ရွက်

ပေးနေသည်။

မီးသေစ အိုးကြီးခွက်ကြီးများနှင့် မလှမ်းမကမ်းတွင် ဒေါ်လှမြတ်နှင့် ဒေါ်ညိုသင်း၊ မထားအိ၊ စိန်မင်းသား၊ ဖိုးစံလှဘော် စသူတို့သည် လက်ဖက်တစ်အုပ်၊ ရေနွေးတစ်အိုး၊ ဆေးလိပ်တစ်ယန်းကန်ဖြင့် စကားကောင်းနေကြ၏။ ကိုတောက်ထွန်းသည် စကားဝိုင်းတွင် ဝင်ရောက် ပြောလိုက်၊ ထသွားလိုက်ဖြင့် အလုပ်များဆဲပင် ရှိသေး၏။ ဧည့်ပရိသတ်များမှာ အဝင်နှင့် အထွက် မျှတဆဲသာ ရှိသေး၍ ကိုတောက်ထွန်း နားခွင့် မရသေးချေ။

"အခု ငါပြောသလိုပဲ အလိုက်သင့် အလျားသင့် ပြောပေါ့ကွာ။ မောင်သန့် ကိစ္စတော့ ယောင်လို့တောင် မဟနဲ့။ ဘယ်သူမှလည်း မသိပါဘူး"

"အစ်မလည်း ဒီလိုပဲ သဘောကျတယ်။ မြင်းမူက ကိစ္စကို ဘယ်သူသိတာ မှတ်လို့။ မဟုတ်ဘူးလား မလှမြတ်"

ဖိုးစံလှဘော်၏ သညာပေးချက်ကို ဒေါ်ညိုသင်းက သဘောတူသဖြင့် မိမိကဲ့သို့ ဟုတ်၊ မဟုတ် အဖော်ညိုလေသည်။

"ကောင်းပါတယ်တော်၊ ဒါ အကောင်းဆုံး။ ဟဲ့ ဟိုကလေး မီးဖိုထဲကျမယ်။ ဟဲ့ မလုပ်နဲ့။ လှသွယ်တို့ မြခြယ်တို့ ဘယ်သွားနေကြလဲ"

ဒေါ်လှမြတ်မှာ စကားပင်ဆုံးအောင် ဖြောင့်ဖြောင့် မပြောနိုင်။ တဲကလေး တစ်လုံးထဲမှ ပြေးထွက်လာသော ကလေးသုံးယောက် မီးဖိုနား မရောက်မီ ဆီးအော်နေရ၏။

"သားရေ လာဟေ့၊ ဟဲ့ ဟိုကောင်မလေး"

မြခြယ်နှင့် လှသွယ်တို့ ဖိုသီဖတ်သီ ပြေးထွက်လာသည့်တိုင်အောင် ဒေါ်လှမြတ် ပါးစပ် မစေ့ရသေး။

"တယ် ဟိုကလေးဟာ ဖုန်တွေ ခေါင်းပေါ်တင်နေပြန်ပါပြီ။ လှသွယ် ရိုက်လိုက်စမ်းဟဲ့။ ဟိုကောင်မ မိသီ ဘယ်သွားပြန်လဲ"

"လာပြီ အဘွားရေ့"

ဖိုးအေး၏ ဇနီး မိသီသည် တဲဘေး မန်ကျည်းပင်ရိပ်မှ ပြေးလာသည်။

ဖုန်မကိုင်ရသော ကလေးက ငို၏။ မီးဖို့ကို မနှိုက်ရသော ကလေးက မအေကို ကုတ်သဖြင့် မအေကရိုက်ရာ ငို၏။ ကလေးသုံးယောက်သည် ကျွက်ကျွက်ရိုက်အောင် ငိုလေသည်။

"ကျွန်တော်တို့လည်း တဖြည်းဖြည်း လူအင်အား များများလာပါပကော အစ်မရဲ့"

''အေး အေး ကြာရင် မင်းတို့ မိသားနှစ်စုနဲ့ပဲ တစ်ရွာ ဖြစ်မှာပဲ''

ကိုတောက်ထွန်းက ငိုဟစ်နေသော ကလေးတွေကို ပြုံးပြုံးကြီး ကြည့်ရင်း ရေရွတ်လိုက်ရာ ဖိုးစံလှဘော်က လေးလေးကြီး မှတ်ချက်ချလိုက်သည်တွင်-

''တိုးမှာကတော့ စိတ်ချပါရှင်။ ကိုထွန်းသားတွေကလည်း မိန်းမ လိုချင်လှပါပြီ''

ဟု မထားအိက ပြုံးပြုံးကြီး ပြောသည်။

''အင်း သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွင့်ရမှာပေါ့ကွာ။ နေပါဦး၊ မင်းသားကြီး နှစ်ယောက်က နည်းနည်းပါးပါးတောင်''

သို့စဉ်တွင် ခက်ထန်မာကျောသော အသံကြီးတစ်ခုကြောင့် ကိုတောက်ထွန်း စကားပြတ်သွားကာ ထရပ်မိလေ၏။

''ဟေ့ တောက်ထွန်း၊ ဒီမှာ မင်းကြီးရဲ့ မြင်းကို ဘာဖြစ်လို့ မကျွေးတာလဲကွ''

မောင်မောင်ကျော့သည် ခါးထောက်လျက်ရပ်နေကာ ကိုတောက်ထွန်းအား ဒေါသခိုးထွက်သော မျက်လုံးများဖြင့် ကြည့်နေသည်။

''ရထားသမားက သူ့မြင်းကို သူ့ဘာသာသူ ကျွေးမယ်ဆိုလို့ပါ ဗျာ''

''သွား အခုသွားယူပြီး ချက်ချင်း ကျွေးလိုက်စမ်း''

''ဟုတ်ကဲ့ ဟုတ်ကဲ့''

ကိုတောက်ထွန်းက မြေစာမြက်တစ်ပွေ့ ယူလာပြီး မြင်းစာတောင်းထဲ ထည့်ကျွေးသည့်တိုင်အောင် မောင်မောင်ကျော့ မကျေနပ်သေး။

''ဒါဟာ ငါ့အထက်က အရာရှိကွ။ ငါ့အထက်လူကြီးကို မရိုသေတာဟာ ငါ့ကို မရိုသေတာပဲ''

ကိုတောက်ထွန်းသည် တစ်စုံတစ်ရာ ပြောမည် ပြင်ပြီးမှ မပြောသေးဘဲ တစ်ဖက်သို့ လှည့်ထွက်သွားရာ-

''ဟေ့ကောင် မင်းက ငါ့ကို ဘာပြောချင်လို့လဲ။ ငါ့ကို ဘာကောင်မှတ်လို့ မခန့်လေးစား လုပ်တာလဲ''

''ခင်ဗျားကို ကျွန်တော် ဘာမှ မပြောရသေးပါကလား။ ခင်ဗျားခိုင်းတာကို ကောင်းကောင်းမွန်မွန် လုပ်ပါတယ်ဗျာ''

''ဒါဖြင့် ဘာပြောမယ်လို့ ပါးစပ် ဟတာလဲ''

''ပြောတော့ ပြောမလို့ဘဲ။ နောက်မှ မပြော်သင့်ဘူး ထင်လို့''

''ဟုတ်သားပဲ ဌာနာပိုင်မင်းရယ်။ သူက မပြောသင့်တာမို့ မပြောတာ

ဆိုတဲ့နောက် ဘာစိတ်ဆိုးစရာရှိလဲ။ ပြီးတော့ ကိုယ့်သားချင်းတွေဟာကို။ လူတွေ ကြားကုန်ပါ့မယ်။ သွားပါတော့''

မြို့ပိုင်ကြီးလော၊ စာရေးကြီးလော မသေချာ မသဲကွဲသော လူကြီး တစ်ယောက်က ဖျန်ဖြေကာ မောင်မောင်ကျော့အား အိမ်ဘက်သို့ တွန်းလွှတ်ရာက-

''ကဲ ကဲ မင်းလည်း ကိုယ့်အလုပ် ကိုယ်လုပ်''

ကိုတောက်ထွန်းအား လှမ်းပြောသည်။

မောင်မောင်ကျော့သည်-

''မဟုတ်ပါဘူးဗျာ''

ဟု ပြောနေစဉ် ဒေါ်ခင်ခင်နှင့် ခင်မအေးတို့ လာရောက် ခေါ်ငင်သောကြောင့် ပါသွားသည်။

မကြာမီ ထိန်ဝင်း၊ ထိန်လင်းတို့ ပြေးဆင်းလာသည်။ တိုင်းကျော်နှင့် သာအောင်၊ စံသာတို့လည်း ရောက်လာ၏။

''တော်တော်မိုက်ရိုင်းတဲ့လူဗျာ''

စံသာက မကျေနပ်သံဖြင့် ပြောသည်။

''သူ့အဖေလောက် ရှိတဲ့လူကိုများ မင်းတွေ ကွာတွေနဲ့၊ တောက် ''

သာအောင်က ဒေါသဖြင့် ဆို၏။

''အဖေက နားရင်းတီးလိုက်ပါလားဗျ''

ထိန်ဝင်းက မြှောက်ပေး၍-

''အဖေ့နှယ် ကိုင်ပေါက်လိုက်ရင် ပြီးရောဗျာ''

ဟု ထိန်လင်းက ဆိုသည်။

စိန်မင်းသားက-

''နားရင်းတီးတော့ သေနတ်ကြီးနဲ့ ပစ်မှာပေါ့ဗျ''

ဟု အော်လိုက်ရာ လူကြီးများက ရယ်မောကြသည်။

ဖိုးစံလှဘော်က ဒေါသခဲများအား-

''ကဲ ထိုင်ကြပါကွာ'' ဟု ပြောပြီး-

''ခွေးကို ရိုက်ချင်ရင် ခွေးရှင်ရဲ့မျက်နှာ ရှိသေးတယ်။ ဒီကောင် ဌာနာပိုင်ဖြစ်ပေမယ့် လက်ငင်းမှာတော့ တောက်ထွန်းလုပ်ရင် ခံရမှာပဲ။ သို့သော်လည်း ပွဲစားကြီးတို့၊ ပွဲကတော်တို့ သားအမိ သားအဖရဲ့ မျက်နှာက ရှိသေးသကိုးကွ။ ဒီကောင်မျိုး ဘုန်းကြီးလို့ သက်မရှည်၊ သက်ရှည်လို့ ဘုန်းမကြီးတဲ့ ကောင်မျိုးပါကွာ''

ဟု အေးဆေးစွာ ဖျောင်းဖျ တရားချလေသည်။

ရွာသို့ ပြန်ရောက်ကြပြီး မကြာမီ ဒေါ်ခင်ခင်နှင့် ခင်မအေးတို့ လိုက်လာကာ တောင်းပန်သေး၏။ ကိုတောက်ထွန်းကမူ အိမ်ရောက်ကတည်းက အမှတ်မထားတော့ပါဟုဆိုသည်။ ကိုတောက်ထွန်းအား နင်ပဲဆေ ကြိမ်းမောင်းသည်ကို ဒေါ်ခင်ခင်သည် အစအဆုံး ကြားခဲ့သည့်အလျောက် သမက်ကို အတော်ဆိုလိုက်သည် ဟူ၏။

ကိုတောက်ထွန်းတို့မှာ မောင်မောင်ကျော့ကို ခေါင်းထဲ ထည့်မထားနိုင်သည်မှာ အမှန်ပင်။ အဘယ်ကြောင့်ဆိုသော် နမဖြစ်သူ ပန်းယဉ်အား ကိုသာကျော်၊ မဝက်တို့၏ သား တိုင်းကျော်နှင့် နေရာချထားပေးရေးသည်လည်းကောင်း၊ သားကြီး ထိန်ဝင်းအား မိန်းမပေးစားရေးသည်လည်းကောင်း တသီကြီး ရှိနေသဖြင့်တည်း။

ကိုလုံး၊ မဖဲတို့၏သမီး အငယ်မ စံပယ်သည် အေးဆေးရိုးသား၏။ လှကြီးပိုင်း ရောက်စ မထားအိတို့ မျက်စိနှင့် တွေ့အောင် အနေအထိုင် သိမ်မွေ့သည်။ မထားအိက သားကြီးကိစ္စ အလျင်ဆောင်ရွက်၍ ယောက်မ ဆိုင်းစေချင်သော်လည်း ကိုတောက်ထွန်း၏ ဆန္ဒနှင့် မကိုက်သဖြင့် ငြိမ်နေရသည်။

သူ့သား ထိန်ဝင်းသည် မိခင် မထားအိ ပူမည်ဆိုလည်း ပူလောက်၏။ ထယ်ထိုးနေရာက ကျွဲနှစ်ကောင်ကို နေပူထဲ ထားခဲ့ပြီး စံပယ်မတို့ တဲသို့ ထွက်လာသည်။ တဲမှာ ဝေးဝေးတော့ မဟုတ်။

တဲဝမှ လှမ်းကြည့်လျှင် တနှံ့နှံ့နှင့် ထယ်ထိုးနေသော ကိုလုံးကို မြင်ရသည်။ စောစောက ကိုလုံးထံ ထမင်း လာပို့သူမှာ စံပယ်မ မဟုတ်ချေ။ ထိန်ဝင်းက စံပယ်မ ထင်ပြီး သွားခြင်းဖြစ်ရာ တဲထဲ၌ အမောဖြေနေသူမှာ စံပယ်မ၏ အထက်က မိမွေး ဖြစ်သည်။

''ကြည့်စမ်း ကြည့်စမ်း ချွေးကလေး''

''အဟဲ အဟဲ လူဗျာ''

''နင့်အမေကို တိုင်မယ် သိလား၊ ဟဲ့ ကြည့်စမ်း၊ ပြောလေ ကဲလေ ပါကလား''

သို့သော် ထိန်ဝင်းသည် တဲထဲမှ ချက်ချင်း ပြန်ထွက်လာ၏။ သူ့ မျက်နှာထားသည် ပြုံးစေ့စေ့ ပြောင်ချော်ချော်နှင့်တည်း။

မိမိ အခင်းဘက်သို့ မျက်နှာမူလိုက်သောအခါ ရပ်ထားခဲ့သော ထယ်မှာ တရွေ့ရွေ့ သွားနေ၏။ ထယ်ကိုင်သူမှာ စိန်မင်းသား ဖြစ်သည်။ ထိန်ဝင်းသည် ထယ်ကြောင်းခွဲနေရာသို့ အပြေးလာခဲ့ကာ စိန်မင်းသား၏ လက်ထဲမှထယ်ကို လုယူ၏။

''မတော်တဆ ခြေထောက်ကို ထိုးမိမှဖြင့် ညီလေးရယ်''

''အစ်ကိုကြီးက မမွေးဆီကို သွားနေတာကိုးဗျ၊ ဟီး ဟီး''

ထိန်ဝင်း မျက်နှာပျက်သွားသော်လည်း-

''စံပယ်မ မဟုတ်မှန်းသိလို့ ချက်ချင်း ပြန်ထွက်လာတာပဲကွ''

ဟု စကားဖာရာက-

''အစ်ကိုကြီး ပြန်လာရင် နွားတွေ၊ ကျွဲတွေ ကျွေးစရာ မရှိဘဲ နေလိမ့်မယ်၊ ပြန်ပြန်''

''လုပ်ခဲ့ပြီးပါပြီဗျ''

''ကွာ နေပူနေပါပြီ၊ ပြန်ပါတော့''

စိန်မင်းသားသည် တစ်ဖက်ကုန်းတွင် နွားတစ်ရှဉ်းနှင့် ထွန်နေသော ထိန်လင်းထံ လျှောက်လာသည်။ ထိန်လင်းသည် ထွန်ကို သရက်ပင်ရိပ်တွင် ရပ်ထားပြီး ထွန်ဘေးတွင် ထိုင်နေ၏။

ထိန်လင်းသည် တစ်ယောက်တည်း မဟုတ်ချေ။ မိရွှေမသည် ဟင်းရွက်စည်း ကလေးနှင့် ဓားမတိုကို ဘေးချကာ ထိန်လင်းကို မှီနေ၏။ စိန်မင်းသားကို မြင်လျှင် လူချင်း ခွာလိုက်ကြသည်။

''နေပူနေပါပြီဟာ၊ သွားမနေပါနဲ့တော့။ ငါ ခူးခဲ့ပြီး ဝင်ပေးပါ့မယ်၊ ဟုတ်လား''

မိရွှေမ ဓားမတိုကို ခေါင်းခုပေါ် တင်၍ ဟင်းရွက်စည်း ကိုင်ကာ ထရပ်လျှင် သူကလည်း ထရပ်ပြီး မှာကြားနေ၏။

''တော် ပြန်မှဆိုရင် ထမင်းစားပြီးရောပေါ့''

''စောစော ပြန်ခဲ့မယ်ဟာ''

မိရွှေမသည် လှည့်ကြည့်လှည့်ကြည့်နှင့် မိမွေးတို့ တဲဘက်သို့ လျှောက်သွား လေသည်။ ထိန်လင်းက ထွန်ပေါ်တက်ရင်း စိန်မင်းသားအား ပြော၏။

''ညီလေး ပြန်သွားပြီထင်လို့ အစ်ကိုလတ်လည်း ထမင်းတွေ အကုန်စား ပစ်လိုက်ပြီ''

''ကိစ္စမရှိပါဘူး အစ်ကိုလတ်ရဲ့၊ မစိန်ရှင်တို့ဆီက စားခဲ့တယ်''

သည်အခါတွင် ထိန်လင်းသည် ထွန်ပေါ်မှ ပြန်ဆင်းလာသည်။

''ထမင်းပို့လာရင် အခင်းထဲက အလုပ်ကို လုပ်ရင်လုပ်။ မလုပ်ရင် အိမ်ပြန်ပြီး နွားစာ ကျွဲစာ အသင့်လုပ်ဖို့ပဲ ရှိတယ် ညီလေးရဲ့''

''ပြီးခဲ့လို့ အေးနေတာပါ ကိုလတ်ရဲ့''

''အစ်ကိုကြီးကလည်း ဘာမှ မပြောဘူး၊ အဖေနဲ့ အစ်မကလည်း မသိဘူး။ ညီလေးကို ကိုလတ်ပဲ ပြောရတော့မှာပဲ။ မစိန်ယဉ်တို့ဟာ ဆွေရိပ်မကင်း မျိုးရိပ်မကင်းတွေ ညီလေး။ မဟုတ်တာ မလုပ်ပါနဲ့''

''ကျွန်တော် ဘာလုပ်လို့လဲဗျ''

ထိန်လင်း၏ မျက်နှာ တင်းမာသွား၏။ သို့သော် သူသည် ဒေါသသံမပါဘဲ ပြောသည်။

''ဒီလို မအော်နဲ့လေ ညီလေး။ ကိုလတ်ဟာ အစ်ကိုကြီးကို ဘယ်နှခါ အော်ဖူးသလဲ။ အစ်မကို ဘယ်နှခါအော်တာ ကြားဖူးသလဲ''

''ကိုလတ်က မဟုတ်တာ ပြောတာကိုးဗျ''

စိန်မင်းသားသည် ငိုတော့မည်လို ဖြစ်လာလေ၏။

''အခု ငိုလိုက်၊ အခု ဒေါသထွက်လိုက်နဲ့။ ဘာလဲ မင်း အရူးလား''

''ကိုလတ်က ဆိုတာကိုးဗျ''

''ဆိုမှာပေါ့။ မင်း လုပ်တာ ဟုတ်မှ မဟုတ်ဘဲကိုးကွ။ ကဲ ငါ မေးမယ်။ မနေ့တုန်းက ရေချိုးရင်း လူရှင်းတယ် ဆိုပြီး မစိန်ခင်ကို မင်းဘာလုပ်သလဲ''

''သူက စတာကိုးဗျ''

''စတာနဲ့ပဲ ရင်ဘတ်ကို လက်နဲ့ ပုတ်ရသလား။ မင်းက လူပျိုပေါက်၊ ယောက်ျား။ ဟိုက အပျိုကြီး၊ မိန်းမကွ''

''သူတို့က စတာကိုး ကိုလတ်''

သူသည် မျက်ရည်သုတ်ကာ ဆီးပင်မှ ထမင်းပခြုပ်ကို ဆွဲဖြုတ် သည်။

''ပြောလိုက်ရင် မျက်ရည်ကလေးနဲ့။ နောက်တစ်ခါ ဒါမျိုးတွေ့ရင် အဖေ့ကို တိုင်မယ်၊ ဒါပဲ။ မင်း ကြပ်ကြပ်သတိထား။ ပျော့ပျော့နံ့တဲ့ ကြောင်ချေး''

ထိန်လင်းက ထွန်ပေါ်သို့ ဒေါသတကြီး တက်လိုက်ရာ နွားနှစ်ကောင်မှာ သူ့တို့ကို ရိုက်တော့မည်အထင်ဖြင့် ကြောက်အားလန့်အား ဆောင့်ရုန်းကြ၏။ ထိန်လင်း ထွန်ကိုင်းကို ကိုင်မိ၍သာ သက်သာသွားသည်။ သူလှမ်းကြည့်သောအခါ စိန်မင်းသားသည် ကိုင်းနှစ်ခင်းကြားတွင် တားထားသော ကန်သင်းအတိုင်း ခေါင်းကလေးငုံ့ကာ ထွက်သွား နေချေ၏။

ကိုင်းနှစ်ခင်း၏ နယ်ဆုံးသို့ စိန်မင်းသားရောက်ချိန်တွင် ထိန်လင်း၏ အာရုံမှာ ထွန်ရေးထဲတွင် နစ်မြုပ်နေပေပြီ။ စိန်မင်းသားသည် ကိုလုံး၊ မဖဲတို့၏ တဲရှေ့သို့ ရောက်လာသည်။

"ဟဲ့ ကောင်လေး မျက်ရည်တွေနဲ့ပါကလား။ လာပါဦး အစ်မကို ပြောပါဦး"

စိန်မင်းသားသည် အစ်ကိုလတ်အား လှမ်းကြည့်၏။ အစ်ကိုလတ်၏ ထွန်သည် မိမိအား ကျောခိုင်းကာ မောင်းသွားသည်။ ထို့ကြောင့် -

"အလကားဗျာ နိုင်တိုင်း ဖိဖိမာန်နေတာပဲ"

ဆိုရင်း တဲထဲသို့ ဝင်သွားလေ၏။

ကိုတောက်ထွန်းသည် ညီမ ပန်းယဉ်အား တိုင်းကျော်နှင့် နေရာချထားပေး ပြီးနောက် သားကြီးကိုမူ နှစ်ကူးမှ မိန်းမပေးစားမည် ရည်ရွယ်ထား၏။ ရည်ရွယ်သည့် အလျောက် အသင့်ဖြစ်ရန် ပြင်ဆင်ထားသည်။ တစ်ရွာလုံးကလည်း ထိန်ဝင်းအား သူတို့သားဟု ခေါ်နေကြလေပြီ။

သူတို့ မိသားစု နှစ်စုသည် ပျော်တပြုံးပြုံးဖြင့် နှစ်ကူးပြီးမကြာမီ ကျင်းပရမည့် သားကြီးမြေးကြီး၏ မင်္ဂလာပွဲကို စောင့်မျှော်နေကြစဉ် တစ်ရွာလုံးကို မျက်ကလဲဆန်ပျာ ဖြစ်စေ၍ ဒေါ်ညိုသင်း၊ ဒေါ်မြတ်လှ မိသားစု အထူးသဖြင့် ကိုတောက်ထွန်း မျက်နှာ မဖော်ရဲစရာ အဖြစ်ဆိုးကြီးတစ်ရပ်ဖြစ်ပွား ပေါ်ပေါက်လာခဲ့ရသည်။

ည ထမင်းစားပြီး လည်ပတ်နေကျ ထိန်ဝင်းသည် ချောင်ထဲမှာကုပ်နေ၏။ ရွာရိုးကိုးပေါက် လျှောက်လည်ကာ တဟီးဟီးတဟားဟား နေလေ့ရှိသော စိန်မင်းသား လည်း ငြိမ်နေ၏။ ထိန်လင်းကား ညီရောအစ်ကိုပါ မကျေမချမ်း ကြည့်နေရာ အဒေါ် ဖြစ်သူက အနားကပ် ထိုင်နေရ၏။

"ဟေ့ တောက်ထွန်း၊ မင်းကို သတ်မယ်ကွ၊ လုံးတဲ့ဟေ့၊ အရှက်နဲ့လူလုပ်တာ၊ အသက်ဆိုတာ ဘာလုပ်ဖို့လဲ"

မဖဲ၏ယောကျ်ား ကိုလုံးသည် လမ်းမှအော်၍ ပြေးလာသည်။ မဖဲသည် ဆံပင် ဖားလျား၊ အဝတ်ဒရွတ်သီဖြင့် ပြေးလိုက်လာ၏။

"အရပ်ကတို့၊ ဆွဲကြပါဦး၊ အမယ်လေး၊ သေကုန်တော့မှာပဲ၊ ကိုသာကျော် တို့ ဦးဖိုးထင်တို့ ကြည့်နေကြတော့မလား"

"ဟေ့ တောက်ထွန်း၊ မင်း မပြေးနဲ့။ မင်းကို ငါ သတ်မယ်ဟေ့၊ သတ်မယ်ကွ"

ကိုလုံးသည် ငှက်ကြီးတောင်ဓားကြီးကို မြှောက်ကာ အိမ်ဝင်းထဲ ဝင်လာ၏။

"ဟဲ့ လုံး၊ မှားမယ် မှားမယ်"

ဦးဖိုးထင်သည် လည်းကောင်း၊

"မောင်လုံး ဟေ့ မောင်လုံး"

ကိုသာကျော်သည်လည်းကောင်း ပြေးထွက်လာကြသည်။ အော်ဟစ်ပြီး လိုက်လာကြသည်။

''မဆိုင်သူ မကပ်နဲ့၊ ငလုံးတဲ့ကွ''

ကိုလုံးသည် အိမ်ပေါ်သို့ ပြေးတက်လာကာ လှေကားထိပ်တံခါးကို ကိုယ်စောင်းတိုက်ဖွင့်၏။ မထားအိ လွင့်သွား၏။ တံခါးပိတ် မပြီးမီမို့ ဖြစ်သည်။

''သေပေတော့ကွာ''

''သူငယ်ချင်း သူငယ်ချင်း မှားမယ်''

ကိုပေါ်လာ အော်နိုက်တွင် ကိုလုံး၏ဓားသည် ကိုတောက်ထွန်း၏ လည်ပင်းကို ပိုင်းချလိုက်လေ၏။ အားလုံး ဟယ်ခနဲ ဖြစ်သွားသည်။ မထားအိသည် အမယ်လေး အော်ကာ မျက်နှာကိုအုပ်ထား၍ ဒေါ်ညိုသင်းသည် ကြောင်၍ ကြည့်နေ၏။ ထိန်လင်း လှုပ်လျှင် ဖန်းယဉ်က ဖမ်းဆွဲထားသည်။

တံခါးမင်းတုပ်ဆွဲ၍ ထိန်ဝင်းထသောအခါ-

''ဟော့ကောင် ထိုင်''

ဟု ကိုတောက်ထွန်းက အော်၏။

ကိုတောက်ထွန်းသည် ကိုလုံးအား မည်သို့မျှမခုခံဘဲ အသာကလေး ငုံ့ရှောင်ပေး၍ သူ့အရှိန်နှင့်သူ အားလွန်ကာ တိုင်ထဲ ဓားသွားနစ်နေစဉ် ကိုလုံးအား ရွာသားများက ဝိုင်းဆွဲမိသွားကြ၏။

''ငလုံး မင်း မိုက်လှချည်လား ဟင်''

ဦးဖိုးထင်က မာန်မဲ ဆဲရေးသည်။

''ကံသီလို့ သူငယ်ချင်းရယ်''

ကိုဖေကြည်က ရေရွတ်၏။

မဖဲက-

''တစ်မှုက နှစ်မှုဖြစ်အောင် မလုပ်ပါနဲ့၊ သူ့အမှားကို သည်အတိုင်းထားပါ။ ကိုယ့်အောက်ကို သူတို့ ကျိုးလာပါလိမ့်မယ် ပြောတာ နားမဝင်ဘူး။ အခုတော့ ကောင်းကြသေးရဲ့လား ဟင်''

ဟု ငိုသံဖြင့် လုံးထွေး ပြော၏။

''မဖဲရယ် ငါ ကိုယ်ချင်းစာပါတယ်။ ငါဆိုလည်း ဒီလိုပဲဖြစ်မှာ မုချပါပဲ။ ကဲ သူငယ်ချင်း ကိုလုံး၊ မင်း မကျေနပ်ရင် ငါ့သားတွေ ဟောဟိုမှာ ရှိတယ်။ သွားပြီးတော့သာ ခုတ်ပစ်လိုက်ပါတော့။ ငါ တရားမစွဲပါဘူး။ ဒါလောက် မိုက်ရိုင်းတဲ့

ကောင်တွေကို ခုတ်သာခုတ်''

ကိုတောက်ထွန်းသည် စိတ်မကောင်းသံဖြင့် ပြောပြီး ကိုလုံးအား စိုက်ကြည့်နေသည်။ ကိုလုံးသည် ဆွဲထားသူများ၏အလယ်တွင် မြုပ်နေကာ အိမ်ရှေ့သို့ ငေးမောနေသည်။

''အများရှေ့မှာ ဝန်ချတောင်းပန်ပြီးပါပြီရှင်။ ကြိုက်သလို စီမံပါလည်း ပြောပြီးသားပဲရှင်။ ဒီလို လုပ်တာတော့''

''ဟုတ်တယ် ဒါကတော့ နည်းနည်း''

မထားအိကအပြောတွင် ပန်းယဉ်ကလည်း မကျေမနပ် ဝင်ပြောရာ ကိုတောက်ထွန်းက တား၏။

''မပြောနဲ့၊ မပြောနဲ့။ ငါသာ ကိုလုံးလိုကြုံရင် ကိုလုံးလို လုပ်မိမှာပဲ။ ဘာမှ မပြောကြနဲ့။ သားသမီး မကောင်း၊ မိဘခေါင်းတဲ့။ ငါ့မှာလည်း သားတွေနဲ့ အတူနေရတာ မကြာသေးတော့ မထိန်းသိမ်း မအုပ်ချုပ်နိုင်ဘူးလေ။ ဒါလည်း ငါ့အပြစ်ပါပဲ''

ကိုတောက်ထွန်း၏ စကားအဆုံးတွင် ထိန်လင်းသည် ခုန်ထ၍ စိန်မင်းသားထံ ပြေးသွား၏။

''နင့်ကြောင့် နင့်ကြောင့် ငါ့အဖေ စော်ကားခံရတာ။ နင့်ကြောင့် နင့်ကြောင့်''

သူသည် စိန်မင်းသားအား လိမ့်၍ လိမ့်၍ ကန်သည်တွင်-

''ဟေ့ကောင်'' ဆိုကာ ထိန်ဝင်းက ထတား၏။

''ဘာ ဟေ့ကောင်လဲ၊ ခင်ဗျားလည်း အတူတူပဲ''

အော်ပြီး တံတောင်နှင့် တွက်ပစ်သည်။ ပန်းယဉ်နှင့် မထားအိတို့ ထဆွဲမှ ပြေငြိမ်းသွားသည့်တိုင်အောင် ထိန်လင်းကား ကျေချမ်းဟန် မတူချေ။

ကိုတောက်ထွန်းက-

''လူကြီးတွေ စကားပြောနေတုန်း ဒီလို ထလုပ်တာ မကောင်းဘူးသားရဲ့''

ဟု ဆိုကာ ရွာသူရွာသားများဘက်သို့ လှည့်ပြောသည်။

''ကျွန်တော် ထပ်ပြီး ကတိပြု ဝန်ခံပါတယ်။ ကိုလုံး၊ မဖဲတို့ လုပ်ချင်သလို အမြန်ဆုံး ဆောင်ရွက်ပေးပါ့မယ်။ ကဲ ကျေနပ်ပြီလား''

''ကျေနပ်ပြီးသားပါတော်။ ဟိုခွေးသားက အရည်တွေ တိုက်ပြီး မြှောက်ပေးလိုက်လို့''

မဖဲက ကျေနပ်ပြီးဖြစ်ရုံမက အားနာစွာဖြင့် တရားခံကိုပင် ဖော်ထုတ်လိုက်သေး၏။ ဤရှုန်းရင်းဆန်ခတ်မှုတွင် ပင်ရင်းတရားခံမှာ မောင်ဘအောင်ပင်

ဖြစ်ချေသည်။ သူသည် ကိုလုံးအား အရက်တိုက်လိုက်ပြီးနောက် သတင်းဆိုးကို စောင့်စားနားထောင်နေရာ ထင်သလိုမဖြစ်၊ မျှော်လင့်သလို ကိုတောက်ထွန်း မသေသည့်အတွက် စိတ်ဆင်းရဲနေရှာ၏။

သူသည် နံနက်က မြင်ကွင်းကို တရေးရေး မြင်နေသည်။ ထိုမြင်ကွင်းသည် မြင်ကွင်းနှင့် ဆက်စပ်နေသော အသံသည် သူ့အား အသည်းခိုက် နာကျင်စေ၏။ ထိုမြင်ကွင်းကား မိန်းမတွေ ယောက်ျားတွေ ယောက်ယက်ခတ် သွားလာကြသည်ကို မြင်သဖြင့် ရောယောင်လိုက်သွားရာက ပြောင်းရိုး စင်အောက်မှ လှမ်းမြင် လှမ်းကြားခဲ့ရသော မြင်ကွင်း ဖြစ်သည်။

မိမွေးနှင့် စံပယ်မတို့ ယှဉ်ထိုင်၍ လူကြီးများ ဝိုင်းအုံနေရာ မောင်ဘအောင်သည် ဘာပါလိမ့်ဟုသာ တွေး၏။ နှစ်ယောက်လုံးသာမက မိခင်လည်း မျက်နှာမကောင်းသဖြင့် တစ်ခုခုတော့ တစ်ခုခုပဲ ဘအောင်တွေးမိသည်။

''အားလုံး ရပ်မိရပ်ဖတွေ ရှေ့မှာ ကျုပ်သမီးတွေကို စစ်ဆေးကြပါ။ သူတို့ဟာ မမာမချာ ဖြစ်နေကြပါတယ်''

မဖဲက စတင်လိုက်ရာ လက်သည် မိန်းမကြီးက ထောက်ခံ၏။

''ဟုတ်တယ် ညီအစ်မ နှစ်ယောက်လုံး နှစ်လစီ ရှိနေကြပြီ''

''ကဲ မိန်းကလေးတို့၊ မလိမ္မာ တစ်ခါ မိုက်စမြဲမို့ မှားမိတာကို အသာထားပြီး ဘယ်သူနဲ့ ဖြစ်တယ်ဆိုတာသာ မှန်မှန် ပြောကြကွယ့်''

ဦးဖိုးထင်က စကားခင်းပေး၍ မသိုင်းခြုံက မေးသည်။

''မိမွေး ပြောစမ်း၊ ဘယ်သူ့ဗိုက်လဲ''

''စိန် စိန်မင်းသားပါတော့''

မိမွေး မျက်နှာအုပ်၍ငိုသလို မောင်ဘအောင်၏ ရင်ထဲတွင် ဟာခနဲ ကျင်ခနဲ ဖြစ်သွား၏။ သူသည် မောင်မိုးကောင်း ဤရွာမှ ထွက်သွားကတည်းက မိမွေးကို ငါသာရရမည်ဟု ဆေးသေ တွက်ထားခဲ့ရာ မရ။ ထို့ပြင် လူ့အကြွေး ခွေးဦးလေပြီ။

''စံပယ်မကကော ဘယ်သူ့ဗိုက်လဲ''

''ကိုထိန်ဝင်း ဗိုက်ပါ''

မောင်ဘအောင်သည် ပြောင်းရိုးစင်အောက်၌ ဆက်လက်ရပ်နေရန် မလိုတော့ပေ။ သူသည် အရက်ရှိသော တောစပ်သို့လာခဲ့၏။ သူ့ရင်ထဲ၌ ဒေါသမီး ဟုန်းဟုန်း တောက်နေသည်။

''ငါလို သူကြီးသား တစ်ယောက်ကိုတော့ ဘာလေးညာလေးနဲ့။ အခုတော့

ကောင်းတယ်၊ သိပ်ကောင်း။ ကလေးကို မုန့်ပေးကြိုက်တယ် အဆိုခံရပြီ''

အရူးလို မြည်တမ်းမိ၏။ သို့သော် ဤသို့ ရက်စက်သော စကားကို သူ ထပ်မံ မရေရွတ်တော့။ ရင်တွင်းမှ အပူမီးငြိမ်းအောင် အရက်ကို နင်းကန်သောက်ရာ သောက်နေကျ အဆင့်လွန်စတွင် မလာစဖူး ထူးထူးကဲကဲ ကိုလုံးရောက်လာ၏။ သူကပင် မှာ၍ တိုက်ရင်း မြှောက်ထိုးပင့်ကော် လုပ်ပေးလိုက်သည်။

သို့သော် မောင်ဘအောင်၏ အကြံအစည် ရှုံးနိမ့်၍ ကိုလုံးသည် ကျေအေး သွားလေပြီ။

မောင်ဘအောင်သည် ငွေလမင်းကို မော့ကြည့်ကာ တက်ခေါက်လိုက်သည်။ ထို့နောက် ဆဲရေးလိုက်သေးသည်။

ထိုအချိန်တွင် ရွက်အုပ်သီး၏ အပူကို မည်သူမျှ မသိရှိကြချေ။ မောင်ဘအောင်၏ အပူကို သိရှိကြစေကာမူ ရွက်အုပ်သီး၏ အပူကိုကား ရိပ်မိသူပင် မရှိချေ။ သူမှာ ကြမ်းတောမ ဖြစ်ချေသည်။

မောင်ဘအောင်က ငွေလကို ကြည့်ကာ ဆဲရေးသလို ကြမ်းတောမ သည်လည်း ငွေလမင်းကို တိုင်တည် ငိုကြွေးနေရရှာ၏။

ကျောင်းသွား အတူ၊ ကျောင်းပြန် အတူနှင့် ငယ်စဉ်က ခင်ခဲ့သည်။ ကြီးတော့ ချစ်သည်။ ရင့်ရင့်သန်သန် ချစ်သည်။ ထိုချစ်သူမှာ စိန်မင်းသား ဖြစ်သည်။ စိန်မင်းသား၏ အချစ်သည် မိမိ၏ အချစ်ကဲ့သို့ ရင့်သန်ခိုင်မာလေမည် ယုံစားသမျှ မှားလေပြီ။

သို့သော် ကြမ်းတောမသည် ချစ်သူကို အပြစ်မဆို။ ဖိုးလမင်းကို တိုင်တည် ရင်းသား ငိုကြွေးနေလေ၏။

## နှစ်

''မမှတ်မိတော့ဘူး ထင်သယ်''

ညွှန့်သည်အား နေရာထိုင်ခင်း ပေးကာ ကွပါ၊ ထိုင်ပါ ပြောသည့်တိုင်အောင် ဦးကျော်အုံ၏အကြည့်က 'ဘယ်သူတွေပါလိမ့်၊ ဘယ်မှာသိဖူးပါလိမ့်' စသော အမေးများကို ဆောင်နေသည့်အတွက် လွယ်အိတ်ကိုယ်စီလွယ်၍ တဘက်ညစ်ကိုယ်စီ ပေါင်းထားသော လူသုံးယောက် အနက်မှ ရုပ်ရည်သန့်သန့်၊ အကြည့်ရဲရဲ၊ အရပ်ထောင်ထောင်မောင်းမောင်း နှင့် လူက ထိုင်ထိုင်မေးမေး မေးလိုက်ခြင်း ဖြစ်ပေသည်။

''အင်း တစ်ခါ နှစ်ခါတော့ မြင်ဖူးသလိုလိုရှိတယ် ထင်သာပဲ''

''မင်းလောင်းမောင်သန့် ထတုန်းက ရွှေရင်နာဘုရားမှာ တစ်ခါ၊ အင်္ဂတောင်မှာ နှစ်ခါ တွေ့ဖူးသဗျာ ဟဲ ဟဲ''

ဦးကျော်အုံ မျက်နှာပျက်သွားတော့၏။ မောင်သန့်ကို ပြန်ဖော်ပြီး လုပ်ကြံ ဓာတ်ခင်းကာ ဖမ်းဆီးရန်လာသော စုံထောက်များသာဖြစ်ရမည်ဟု တထစ်ချ ယုံကြည် လိုက်လေသည်။

''ထင်လို့ ဖြစ်ပါလိမ့်မယ်ဗျာ။ ရွှေရင်နာဘုရားကိုတော့ ရောက်ဖူးပါတယ်။ အင်္ဂတောင် ဆိုတာကိုတော့ ကြားဖူးရုံပဲ ရှိပါတယ်''

''ဩော် ဦးကျော်အုံက ကျုပ်တို့ကို မသင်္ကာဘဲကိုးဗျ။ ကျုပ် နာမည် မောင်ထွန်းလှ ခေါ်ပါတယ်။ ဗရှူးရွာကဆရာလှ ဆိုတာဗျာ''

ဦးကျော်အုံသည် အနည်းငယ် ချောင်းဟန့်သလို၊ ဆေးလိပ်အခေါင်း သိပ်သလို လုပ်ရင်း စဉ်းစားသည်။ ဇရှူးရွာက ဆရာလှ၊ မောင်ထွန်းလှ၊ မောင်ထွန်းလှဟု ခေါ်သော ဇရှူးရွာသား၊ ဆေးဆရာ ဆရာလှ။ ဦးကျော်အုံသည် ရေးတေးတေး မှတ်မိသလို ဖြစ်လာသည်။

''ဟုတ်ကဲ့ ရေးတေးတေးတော့ အရိုသား။ သို့သော်လည်း တစ်ခရီးတည်း သွားရင်း ဆုံဖူးကြတာ ထင်ပါရဲ့''

''ဘယ်ဟုတ်မလဲဗျာ ကျုပ်တို့ အားလုံးနဲ့ ခင်ဗျားနဲ့ဟာ တစ်တပ်တည်း တိုက်ခဲ့ကြတာ။ သူ့နာမည်က ဆရာသက်ကြွယ်။ သူက ဆရာနေတက်။ နှစ်ယောက်စလုံး ရွှေဘိုသားချည်းပဲ။ ကျုပ်က ဆယ်ယောက်အုပ်ဗိုလ်။ သူတို့က ကျုပ်လက်အောက်က။ အဲ ကျုပ်တို့ အားလုံးဟာ ဦးကျော်အုံရဲ့ တစ်ရာတပ်က တပ်သားတွေချည်းပဲ''

ဦးကျော်အုံသည် ထိုသူ သုံးယောက်နှင့် ရောနှောခဲ့ရာ တွေ့ဆုံရာ ဖြစ်သော အဂ္ဂတောင်ကို မှန်းဆကြည့်သည်။ မိမိ၏ တစ်ရာတပ်မှ ဆယ်ယောက်အုပ် အိုးစားများကို မြင်ယောင်ကြည့်၏။ တပ်သားများနှင့် အိုးစားများကို မြင်ယောင်လာသည်။

''အင်း ဟုတ်ပါလိမ့်မယ်။ ကျုပ်ရဲ့ တပ်မှာ ဇရှူးရွာက မောင်ထွန်းလှ ဆိုတာ ပါတာမှတ်မိပါပြီ။ အင်း ဒီရုပ်နဲ့ ခပ်ဆင်ဆင်ပါပဲ''

''ဟုတ်ပါတယ် ဦးကျော်အုံရဲ့။ ခင်ဗျားတို့ ဘယ်ရွာကလဲ မေးလို့ ရွှေဘိုသားပါ ဖြေတော့ ဦးကျော်အုံကပဲ ရွှေဘိုသားဆိုရင် ဘယ်ညံ့မလဲလို့ ပြောခဲ့ပါသေးတယ်ဗျာ''

ဆရာနေတက်က နောက်ကြောင်းကို ထပ်မံ လှုပ်နှိုးလိုက်ပြန်သည်။ ဦးကျော်အုံသည် ဆရာနေတက်အား စိုက်ကြည့်ကာ ခေါင်းညိတ်ပြီး-

''ဟုတ်တယ် ထင်ပါရဲ့။ ကိုင်း ဘယ်ကလာလို့ ဘယ်သွားကြမှာလဲ''ဟုမေး၏။

''ကျုပ်တို့ သုံးယောက်လုံး ဆေးဆရာတွေချည်းပါပဲ။ ရပ်တကာ ရွာတကာ လည်ပြီး ဆေးကုရင်း လမ်းကလည်းကြုံ၊ သတိကလည်း ရလို့ပါ''

''အင်း အမှတ်ရလို့ ဝင်လာတယ်ဆိုတာ ဝမ်းတော့သာပါရဲ့။ သမက်နဲ့ သမီးက ယာထဲ သွားနေကြတုန်းမို့ ''

''တည်းရင်းခိုရင်း ညအိပ်ရရင် တော်ပါပြီ ဦးကျော်အုံရယ်။ ခင်ဗျားမှာ ခြေတစ်ဖက် ဖြတ်ထားရတယ်ဆိုတာ ရွာအဝင်ဝမှာကပဲ သိခဲ့ပါတယ်''

ဆရာသက်ကြွယ်က ပြောပြောဆိုဆိုဖြင့် တဲပေါ်မှ ဆင်းသွား၏။ သူသည် ဝိုင်းဝသို့ လျှောက်သွားရာ သူတို့သည် အထမ်းကိုယ်စီဖြင့်လာကာ အထမ်းကို အဝတွင် ချထားခဲ့ကြောင်း ဦးကျော်အုံ သတိထားမိတော့၏။ ဆရာသက်ကြွယ်က မန်ကျည်းပင်

ရိပ်တွင် မီးမွှေးစဉ် ဆရာနေတက်က ကရားတစ်လုံး ထုတ်၍ ရေထည့်သည်။

''အခု ဘယ်တွေကို ရောက်ခဲ့လဲ''

ဦးကျော်အုံ့က ဆရာလှကို မေး၏။

''အစုံပဲ ဆိုပါတော့ဗျာ။ ပေါင်းလည်ကုန်း၊ မြေဒူး၊ အလုံ၊ တန့်ဆည်၊ ဒီပဲယင်း၊ ရေဦး၊ ဆိတ်ခွန်၊ ပုဂံ၊ အပိုင်ရွာ၊ ကျွန်းတန်းကုန်း၊ မဒိုင်၊ အင်း စုံရော ဆိုပါတော့ ဦးကျော်အုံ့ရယ်''

''အဲသည်ရွာတွေမှာ သာသာယာယာ ရှိကြရဲ့လား''

''တယ်ပြီး မသာယာလှပါဘူးဗျာ။ စားပြကလေး ဖြိုးဖြိုးဖြောက်ဖြောက်၊ သူခိုးကလည်း မထတထနဲ့မို့ အေးချမ်းလှတယ်လည်း မခေါ်နိုင်ပါဘူးလေ''

''ဆေးကုလို့ကော ဟန်ရဲ့လား''

''ကျုပ်က ဆရာနဲ့ ခွဲကုတာ နှစ်နှစ်ပဲ ရှိသေးတော့ သိပ်မဟန်ပါဘူး။ ဆေးကုရင်း အကျော်၊ စမ္ဗာ၊ ကရမက်၊ ကတိုးတို့ ဘာတို့ ရောင်းတာကလေးကတော့ စားဖို့ သုံးဖို့ ရပါရဲ့''

''ဟိုနှစ်ယောက်ကကော''

''သူတို့က ကျုပ်ထက် ဆရာသက် ရင့်ပါပြီ။ သူတို့ဆီမှာ နည်းနာခံသင့်တာတွေလည်း ခံရတာပေါ့လေ။ ပညာရှာ ပမာ သူဖုန်းစားကိုး''

''မင်းလောင်း အရေးတော်တုန်းက ကိုထွန်းလှက ဆရာ ဖြစ်ပြီလား''

''မဖြစ်သေးပါဘူး။ တပ်ပျက်ပြီး ပြေးတော့မှ ဆရာကြီးဆီ ခိုလှုံရင်း ပညာသင်တာပါ''

''ဪ့ အင်း ဘာလိုလိုနဲ့ တစ်နှစ်ဆိုလည်း ဘယ်လောက်မှ မကြာပါကလား။ နှစ်နှစ်ဆိုလည်း နေလိုက်ရတယ် မရှိဘူး ကိုထွန်းလှရေ့''

ဦးကျော်အုံ့သည် သွားလေသူကို သတိရသလိုလို မင်းလောင်း အရေးတော်ကို လွမ်းသယောင် ညည်းသည်။

''သို့သော်လည်း တောသူ တောင်သားတွေနဲ့ အခြေအနေကတော့ အရင်နဲ့ ဘာမှ မထူးခြားပါဘူး ဦးကျော်အုံ့ရယ်''

''မိုးကလည်း တစ်နှစ်သော် ကောင်းနိုး၊ တစ်နှစ်သော် ရွာနိုးနဲ့ ခေါ်လာတာ ကြာလှပါပကော။ သည်တော့ မကျပ်တည်း မဆင်းရဲလို့ ခံနိုင်ရိုးလား''

''လူ့ခွန်တော် မြေခွန်တော်ကလည်း လျှော့မလိုလို ဘာလိုလိုနဲ့ တစ်နှစ်ထက် တစ်နှစ်တောင် တင်းကျပ်လာတာကိုး ဦးကျော်အုံ့ရဲ့။ တောသူ တောင်သား ယာသမား

လယ်သမားတွေမှာတော့ မကျေနပ်လည်းခံ၊ ကျေနပ်လည်း ငုံ့ခံရတဲ့ဘဝပဲ။ ခေါင်းဆောင်ကောင်းပေါ်ရင် သေခါမှ သေရော၊ ထတိုက်ချင်ကြသေးတာပဲ''

ဆရာလှက ဦးကျော်အုံ့အား အကဲခတ်သလိုလို တစ်ချက်ကြည့်ရာက ဆရာသက်ကြွယ် ယူလာသော ရေနွေးအိုးကို ဆီးယူ၏။

''သောက်ပါ ဦးကျော်အုံ့''

''အင်း မခံနိုင်လို့ တိုက်ခဲ့ကြတော့ သေခဲ့ကြပြီးပြီ မဟုတ်လား ကိုထွန်းလှရဲ့။ လက်နက်ဆိုလို့ ဓားပဲ ရှိကြတာကလား''

''အကြံကောင်းရင် တစ်ချက်၊ အနေကောင်းရင် တစ်သက်တဲ့ ခင်ဗျ။ မင်းလောင်းမောင်သန့်တုန်းက နားမလည်ဘဲလုပ်လို့ နကွတ်လွဲပြီး ရှုံးရတာပါ။ တကယ်တတ်သိတဲ့ ပညာရှိတွေနဲ့ ညှိနှိုင်းပြီးလည်း ဆောင်ရွက်မယ်၊ အစီအမံလည်း ကောင်းမယ်ဆိုရင် သည်ကုလားမိစ္ဆာ ဘာခံနိုင်မလဲဗျ''

''မောင်သန့်တုန်းကတော့ စီမံကွပ်ကဲတတ်သူဆိုလို့ ရွှေတိုက်ဝန် ဦးဇေယျဆိုတာပဲ ရှိတာကိုး ကိုထွန်းလှရဲ့။ ရှုံးတာလည်း မပြောနဲ့လေ''

''တကယ်လို့ အခါရွှေ မှန်မှန်ကန်ကန်၊ စီမံခန့်ခွဲမှု စနစ်တကျနဲ့ တစ်ပွဲလောက် ထပ်မနွှဲချင်ဘူးလား ဟဲ ဟဲ''

''ကျုပ်ကတော့ ကိုထွန်းလှ အမြင်ပဲလေ။ ဘာများ လုပ်နိုင်ဦးမှာလဲဗျာ''

ဦးကျော်အုံ့သည် မိမိ၏ ခြေပြတ်ကိုငုံ့ကြည့်ကာ အားမလိုအားမရ ညည်းလိုက်သည်။ ကိုထွန်းလှမှာ မိမိကြားချင်သောအသံကို ကြားလိုက်ရသည့်အတွက် အားတက်သွားဟန် ရှိ၏။

''ဟာ ဦးကျော်အုံ့နှယ်၊ တိုက်မှခိုက်မှ မဟုတ်ပါဘူးဗျ။ သိမ်းသွင်းလူစုတဲ့အလုပ်ဟာလည်း သေးသေးကွေးကွေး တာဝန်မဟုတ်ဘူးနော်။ ဦးကျော်အုံ့သာ လူသူစုဆောင်းပေးနိုင်မယ်ဆိုရင်''

''စဉ်းစားပါဦး ကိုထွန်းလှရယ် ထိုင်နေအကောင်းသားနော်''

''မကျိုးအောင် လုပ်ရမယ် ဦးကျော်အုံ့ရေ။ ဒီအင်္ဂလိပ် ရှိနေသရွေ့ ကျုပ်တို့ဘယ်တော့မှ လူမွေးလူတောင် ပြောင်မှာမဟုတ်ဘူး။ မြေခွန်တော်ချိန်လည်း နှိပ်စက်တာပဲ။ မချိန်လည်း နှိပ်စက်တာပဲ။ လူခွန်တော်ဆောင်တဲ့လူနဲ့ မဆောင်တဲ့လူ စော်ကားခံရတာချင်း အတူတူပဲ ဦးကျော်အုံ့ရဲ့''

ဦးကျော်အုံ့သည် ရေနွေး မှုတ်သောက်ရင်း ငြိမ်နေသည်။

''ရွာထဲကို သူတို့အစိုးရလူတွေ ဝင်လာရင် ကြက်ဖြစ်ဖြစ်၊ ဝက်ဖြစ်ဖြစ်

သူတို့ စားချင်ရင် ပစ်သတ်ပြီးယူသွားတာပဲ။ လူကျတော့ကော၊ လူလည်း သူတို့ စိတ်မထင်တဲ့လူကို ဖမ်းပြီးနှိပ်စက်တာပဲ။ ဒီတော့ တိရစ္ဆာန်နဲ့ လူနဲ့ ဘာများ ထူးသေးလဲဗျ''

ဦးကျော်အုံသည် နေလုံးကြီးကို ကြည့်လိုက်၊ သမက်နှင့် သမီး လာလမ်းကို မျှော်လိုက် လုပ်နေသည်။ ဆရာနေတက်နှင့် ဆရာသက်ကြွယ်တို့လည်း ရေနွေး ဝင်သောက်ရင်း မိမိတို့ ရောက်ခဲ့သော ကျေးရွာများ၏ အခြေအနေကို ပြောကြ၊ ဆွေးနွေးကြ၏။

နေဝင်ခါနီးမှ မောင်မိုးကောင်းနှင့် မယ်သန့်တို့ ယာထဲမှ ပြန်လာသည်။ မောင်မိုးကောင်းက ထင်းစည်းကိုထမ်း၍ မယ်သန့်က ဟင်းရွက်ဟင်းနွယ်များနှင့် ပဒတ် သုံးလေးကောင်ကို နွယ်ကြိုးသီ၍ ဆွဲလာ၏။ မယ်သန့် နွားများကို တင်းကုပ်ထဲ ပို့နေစဉ် ဦးကျော်အုံက အပြစ်တင်သည်။

''မိုးချုပ်လှချည့်လားကွာ၊ တစ်နေ့တည်း လုပ်လို့ ပြီးသွားမှာကျနေတာပဲ၊ မင်းတို့ဥစ္စာက''

''အဲသာတောင် အဖေ့လူက ညကျမှ လနဲ့ပြန်မယ် လုပ်နေလို့၊ အဖေ ထမင်းဆာလှရော့မယ် ပြောလို့ စောစောပြန်လာတာ''

မယ်သန့်က ပြောပြောဆိုဆို မီးဖိုထဲ တန်းဝင်သွားရာ ကိုထွန်းလှက-

''ကငှလးမရေ ငါတို့ဖို့ မချက်နဲ့ဟေ့။ ငါတို့ဘာသာ ချက်ပြီး ပြုတ်ပြီးပြီ'' ဟု လှမ်းအော်သည်။

''ဒီလို ဘယ်ဟုတ်မလဲ ခင်ဗျာ၊ ကျွန်တော်တို့က ကျွေးရမှာပေါ့''

မောင်မိုးကောင်းသည် ချွေးတွေသံတွေကို ပုဆိုးနှင့် သုတ်ရင်း ဝင်ထိုင်ရာက စူးစမ်းသော မျက်လုံးဖြင့် ကြည့်နေသည်။

''ဆေးလည်းကုရင်း အတိုအထွာလည်းရောင်းရင်း ရွာတကာလည်ပြီး လူစု နေတဲ့ ဆရာယောင် သူပုန်တွေပေါ့ကွာ''

ဆေးဆရာ သုံးယောက်သည် ရယ်မောနေကြလေ၏။

''ခင်ဗျားဟာက ဆရာယောင်လို့ဗျာ''

''အဲ သူက ဆရာထွန်းလှ၊ ဗရှုးရွာက။ ဟိုနှစ်ယောက်က ရွှေဘိုက၊ ဆရာနေတက်နဲ့ ဆရာသက်ကြွယ်တဲ့။ လူတွေကတော့ မခေဘူးကွ။ မင်းလောင်း မောင်သန့်တုန်းက ရှေ့ဆုံးက ထွက်ပြေးခဲ့သတဲ့''

''ဦးကျော်အုံလည်း သမက်နဲ့ သမီး ပြန်ရောက်လာမှပဲ အာရှင်ပေတော့သဗျာ''

ကိုထွန်းလှက ရယ်မော၍ ပြော၏။

''အင်း သမက်ပေမယ့် သားပါပဲဗျာ။ သူ့သွေးနဲ့ ကျုပ်သွေးဟာလည်း တစ်သားတည်းပါပဲ။ ကျုပ်ဘဝမှာ ဒီသမီးနဲ့ ဒီသားပဲ ခင်တွယ်စရာ ရှိသကိုးဗျ''

မောင်မိုးကောင်းသည် မီးဖိုထဲဝင်၍ အမဲခြောက်၊ မြေပဲစသည်ဖြင့် ရေနွေးနှင့် မြည်းစရာများ ယူလာသည်။

''စားကြပါ၊ သုံးဆောင်ကြပါ။ ကျွန်တော်လည်း မျိုးရိုးကတော့ သူပုန်မျိုးရိုးပါပဲ။ အဘိုးဆိုရင် ကျွန်းညွန့်မင်းသား သူပုန်မှာ ပါခဲ့ပါတယ်။ အဖေဆိုရင် ဇီးကုန်းသူပုန်မှာ ခေါင်းဆောင်ပေါ့။ ကျွန်တော့်ကျတော့ ဝါသနာမပါဘူးဗျ''

''ဝါသနာပါတယ် ဘယ်ဟုတ်မလဲ ငါ့ညီရယ်။ ကိုယ့်တိုင်း၊ ကိုယ့်နိုင်ငံကို ကျူးကျော်စော်ကားပြီး ကိုယ့်လူမျိုးကို နှိပ်စက် ကျွန်လုပ်နေတဲ့ မျိုးကွဲမိစ္ဆာကို ပုန်ကန်တိုက်ခိုက်တာဟာ လူတိုင်းရဲ့ တာဝန်ပဲပေါ့''

''ဟုတ်ပါလိမ့်မယ်လေ၊ သို့ပေသည့် ကျွန်တော်တော့ စိတ်မပါဘူးဗျ''

ဦးကျော်အုံသည် သမက်၏ မျက်နှာကို အကဲခတ်ကြည့်ရာ ဟန်ဆောင်လော၊ အတည်လော ဝေခွဲ၍မရချေ။

ထိုည ထမင်းစားပြီးချိန်တွင် ရွာသူရွာသားများ ရောက်လာကြသည်။ ဆေးတောင်းသူလည်းပါ၏။ အတိုအထွာ ဝယ်ခြမ်းသူလည်းပါ၏။ ဝယ်ခြမ်းရာတွင် ပိုက်ဆံနှင့် ဝယ်နိုင်သူက နည်း၍ ပဲနှင့် ဝယ်သူ၊ နှမ်း ရေတ် စသည်နှင့် လဲလှယ်သူက များသည်။ အချို့ကား ဧည့်သည်ကို ကြည့်ရန် လာကြခြင်း ဖြစ်သည်။

အတော် ညဉ့်နက်သွားသောအခါ ကိုထွန်းလှက စကားစပြန်၏။

''ကျုပ်တို့ ရောက်လေရာ ရွာတွေမှာတော့ ပုလိပ်က တယ်လည်း နှိပ်စက်သကိုးဗျ''

''ဟာ ဆရာ့နယ် ပုလိပ်ကတော့ ကျုပ်တို့ တောသားဆိုရင် တောမှာသာ မဟုတ်ဘူး၊ မြို့ထဲမှာ တွေ့လည်း နှိပ်စက်တာပဲ''

ဤရွာထဲမှ ထင်းသည်ကြီး ဦးအောင်ဇံက ထောက်ခံ ပြောဆိုကာ-

''မြို့ထဲကို လှည်းနဲ့ ထင်းသွားရောင်းလည်း 'ဟော့ကောင်တဲ့'၊ အဲဒီ ဟော့ကောင် ခေါ်တဲ့ ခွေးသားက ကျုပ်သား အငယ်ဆုံးထက် ငယ်သေး''

အားလုံးက ရယ်မောကြသည်တွင်-

''သခင်အားရ ကျွန်ဒဏ်ဝကိုးဗျာ''

ဟု ဆရာနေတက်က မှတ်ချက်ချ၏။

''ဟော့ကောင် အရက်ပုလင်းပါတယ် မဟုတ်လား၊ ရပ်စမ်း၊ ပိုက်ဆံ တစ်ပဲ

ပေးစမ်း။ မပေးရင် လမ်းပေါ် တက်မောင်းမှုနဲ့ ဖမ်းမယ်။ အိုဗျာ အမြဲတမ်း နှိပ်စက်နေတာပဲ''

''အဘမှာ အရက်ပါလို့လား''

မောင်မိုးကောင်းက မေး၏။

''ပါတဲ့အခါလည်း ပါတာပေါ့ကွာ။ သို့သော်လည်း မပါတာက များပါကယ်။ လမ်းပေါ်တက်မမောင်းလို့ မမောင်းပါဘူးပြောလည်း ရမှာမဟုတ်မှန်း သိတော့ တစ်ပဲကို အသာတကြည် ပေးလိုက်ရတာပေါ့။ စိတ်ထဲကတော့ ဘယ်မှာ သဒ္ဒါလိမ့်မလဲ။ ဆို့ဟဲ့ အပင်း''

''အဲဒီ တစ်ပဲ ပေးလိုက်တာ အင်မတန် ကောင်းတာနော် ကိုအောင်ခဲ၊ ကျုပ် တစ်ခါခံရပြီးပြီ''

ဆယ်အိမ်ခေါင်း ကိုထွားက ဝင်ပြော၏။

''ပါသွားတာက ဈေးမှာတင်ဖို့ ယုန်နှစ်ထုပ်ရယ်၊ ပဒတ်ကင်ကလေး လေး ငါး ခြောက်ခု၊ တရော်စည်းကလေး နည်းနည်း ပါသွားတယ်။ အဲ ကိုရွှေပုလိပ်က တစ်ပဲပေး၊ မပေးရင် လမ်းပေါ်မောင်းမှုနဲ့ ဖမ်းမယ်လုပ်တော့ ကျုပ်မမောင်းလို့ မပေးနိုင်ဘူး ဆိုတော့ ဖမ်းတာပါပဲဗျား''

''ပါသွားတာလေး ပေးခဲ့ရရောလား''

''ချက်ချင်း မြို့ပိုင်ရုံးပို့တော့ ကျုပ် ဆယ်အိမ်ခေါင်းပါ၊ ဥပဒေကို ရှိသေပါတယ်၊ လုံးဝမမောင်းပါဘူး ပြောသော်လည်း မရပါဘူးဗျာ။ ပုလိပ်ပြောတာ အမှန်ပဲပြီး ဒဏ်ချလိုက်တာ ငါးကျပ်။ ခါးကို ကော့နေတာပဲ''

''မင်းက ဆောင်နိုင်လို့လား''

''မဆောင်နိုင်လို့ စာရေးတစ်ယောက်ဆီမှာ နွားတစ်ကောင်ကို ငါးကျပ်နဲ့ အပေါင်ထားပြီး ရွာပြန်ပြီး ရှာပေးလိုက်ရတာပေါ့ဗျ။ အဲဒါ အတိုးတစ်ကျပ် ပေးခဲ့ရသေး။ အဲသာကြောင့် တစ်ပဲဟာ ပေးထိုက်တယ်နော်''

''တစ်ပဲ မပါရင်ကောဗျာ''

မောင်မိုးကောင်းတို့၏ ယာနီးချင်း အိမ်နီးချင်းဖြစ်သူ မောင်ကြိုင်က မေးသည်။

''တစ်ပဲကတော့ မပါလို့ မဖြစ်ဘူး။ ဆောင်ပြီးတော့ကို သွားရမယ်''

''အစိုးရမင်းများက ကောင်းပါတယ်တော်၊ သည်ခွေးပုလိပ်တွေ ယုတ်မာ နေတာပါ''

ဒေါ်ပြားက ဝင်ရောက် မှတ်ချက်ချရာ ကိုထွားကပြော၏။

‘‘ဘာကောင်းတာလဲ၊ ပုလိပ်က လိမ်ပြောတာကိုယုံပြီး အမှန်အတိုင်း ပြောတာကို မယုံတဲ့ အစိုးရလား၊ ကောင်းတာ။ ဘုရားတွေ ဖျက်ပစ်တဲ့ အစိုးရလား၊ ကောင်းတာ။ မြန်မာစာတတ်တဲ့ကောင် လူရာမဝင်အောင် အင်္ဂလိပ်စာတတ်တဲ့ကောင်ကိုမှ မြှောက်စားတဲ့ အစိုးရလား၊ ကောင်းတာ။ ဟင်း တဖြည်းဖြည်းနဲ့ ကျုပ်တို့ရဲ့ စာ၊ ကျုပ်တို့ရဲ့ဘာသာ ကွယ်အောင် လုပ်နေတာ’’

‘‘နင် အဲသည်လိုသာပြော။ ခေါင်းအရာကလေး ပြုတ်သွားမယ်’’

‘‘ပြုတ်တော့ကော အရေးလားဗျ၊ အမယ် ’’

ကိုထွားက ဒေါသတကြီး ပြောဆိုနေ၏။ သူ့အား ကိုထွန်းလှတို့ ကျေနပ်သဘောကျနေလေသည်။

မောင်မိုးကောင်းတို့ အိပ်ရာဝင်သွားပြီးနောက် အတော်ကြာမှ ဧည့်သည်များ လူစုကွဲသွားကြ၏။ ကိုထွန်းလှက ကွပ်ပျစ်ပေါ်တွင် လှဲအိပ်ရင်း မှတ်ချက်ချသည်။

‘‘ကျုပ်တို့ ဒီရွာကိုဝင်တာ ဝင်ရကျိုးနပ်ပါတယ်ဗျာ’’

‘‘ကိုထွားဟာ လူတော်ပဲဗျ’’

ဟု ဆရာသက်ကြွယ်က ပြော၍-

‘‘အင်္ဂလိပ်ခွေးတွေထဲမှာ ဆယ်အိမ်ခေါင်းဟာ ဘာမှ အသုံးမကျပေမယ့် အစွာဆုံး ခွေးဗျနော်။ အဲသည်အစားထဲက လူတစ်ယောက်မှာ သည်သဘော ရှိတာဟာ တအားပဲဗျ’’

ဆရာနေတက်က ရေရွတ်လိုက်လေသည်။

ချီပါတစ်ရွာလုံး တိတ်ဆိတ် ငြိမ်သက်နေသော်လည်း သူတို့ သုံးယောက်ကား စိတ်ရောလူပါ လှုပ်ရှားနေကြ၏။ သူတို့သည် တိုင်းတစ်ပါးသား အုပ်စိုးသူကို မည်သည့် အချိန်ကာလကျမှ ပုန်ကန်တိုက်ခိုက်နိုင်မည်ဟု မမှန်းဆ မမျှော်လင့်နိုင်ကြသေးချေ။

## သုံး

ဆိုင်ထဲတွင် ရယ်မောသံများ ဆူညံနေသည်။ ဇွန်းသံ၊ ပန်းကန်သံများ မပြတ်ကြားရ၏။ အငွေ့အနံ့သည် တစ်ဆိုင်လုံးကို ပျံ့လှောင်းနေသည်။

မောင်မောင်ကျော့သည် ဟင်းပန်းကန်ကို မောင်ဘအောင် ဘက်သို့ ထိုးပေး၏။ မောင်ဘအောင်က ပျာပျာသလဲမေးသည်။

"စားမကောင်းလို့လား ဆရာ။ ကျွန်တော် ထပ်မှာပေးပါရစေ၊ ဘာစားမလဲ"

"တော်ပါပြီကွာ"

ဟုဆိုကာ မောင်မောင်ကျော့သည် အရက်ခွက်ကို စားပွဲပေါ်ချ၏။ မောင်ဘအောင်က ပုလင်းကိုကိုင်လိုက်ရာ မောင်မောင်ကျော့က လက်ကာပြလိုက်သည်။

"တော်ပြီဘအောင်။ နောက်ထပ် ဘာမှမစားတော့ဘူး၊ ဘာမှလည်း မသောက်တော့ဘူး"

"နည်းနည်းလုပ်ပါဦး ဆရာ"

"တော်ပြီဆို တော်ပြီဟ။ အင်း. ငါ့တပည့်တွေထဲမှာ မင်းဟာ တယ်ပြီး တော်ပါကလားဟ။ ကဲ ငါ့တပည့်အတွက် ဆရာ ဘာလုပ်ပေးရမလဲ"

"ကျွန်တော်ဆရာ့ကို မိဘလို ကြည်ညိုလို့ အခုလို လက်ဆောင်တွေယူလာပြီး ကန်တော့တာပါ။ ကျွန်တော့်အဖေလိုရှိသေလို့ ကျွေးမွေးတာပါ ဆရာ။ ဘာမှ ဆရာ့တပည့် မလိုချင်ပါဘူး"

"မရဘူး ပြော။ ဆရာ ဘာလုပ်ပေးရမလဲ"

"ဆရာ့တပည့် အသည်းကို ကျွဲဝင်ခတ်နေပါတယ် ဆရာရယ်"

"ငါ့တပည့် အသည်းကို ကျွဲဝင်ခတ်တာဟာ ဆရာ့အဆုတ်ကို မိုးကြိုးပစ်တာနဲ့ အတူတူပဲ။ ပြောစမ်း. ဘယ်ကောင်လဲ"

"ဆရာ့ယောက်ဖရဲ့ သားတွေပေါ့ ဆရာရယ်။ တစ်ရွာလုံးမှာ ရှိတဲ့ မိန်းကလေးတွေလည်း ကုန်သလောက် ရှိပါပြီ"

"ဘာယောက်ဖလဲ၊ တာဝန်နဲ့ ဝတ္တရားမှာ ဘာယောက်ဖမှ မရှိဘူး။ ဒီကောင်တွေကို မုဒိမ်းမှုနဲ့ ဖမ်းမယ်ကွာ"

"ဆရာ့ကို မိဘသဖွယ် တိုင်တည်တာပါ ဆရာရယ်။ မိဖွေးဆိုရင် ကျွန်တော် အကြာကြီး ပိုးနေရတာ ဆရာရဲ့။ ကစ်ခါတည်း စိန်မင်းသားဆိုတဲ့ ဆောင့်ကြွားကြွား ကောင်ကလေးက ဖျက်ဆီးပစ်တယ် ဆရာ"

"ဒီလို မအေချင်းမစား၊ နမချင်းမစာလုပ်တာ ငါ မကြိုက်ဘူး။ လာကွာ မင်းမှာ လှည်းပါတယ် မဟုတ်လား"

"ပါပါတယ် ဆရာ၊ ရှေ့က ကြွပါ"

မောင်ဘအောင်၏ လှည်းယာဉ်ကလေးမှာ နှစ်ယောက်သာဆံ့၏။ မောင်မောင်ကျော့နှင့် ပုလိပ်တစ်ယောက် အပါအဝင် သုံးယောက် တက်စီးသောအခါ မြင်မကောင်း ကြည့်မကောင်း ဖြစ်နေသည်။

လှည်းယာဉ်ကလေးသည် အမူးသမားများကိုတင်ကာ ရွာဘက်သို့ ဒုန်းစိုင်း လာလေသည်။ မောင်မောင်ကျော့သည် ကိုတောက်ထွန်းအား မျက်မုန်း အသိလိုက်ကျိုးပြီး ဖြစ်သည့်တွင် အရက်က ပင့်ပေးသောအခါ ကိုတောက်ထွန်းရှိရာသို့ ဦးတည်မိတော့၏။

ကိုတောက်ထွန်းတို့မှာ ကိုလုံး၊ မဖဲအား မျက်နှာချင်း မဆိုင်ရဲ။ ဆိုင်မိသော် မျက်လွှာချထားရသောအနေမှ တစ်ပိုင်းတစ်ဝက် လွတ်သွားသဖြင့် ရင်ပေါ့နေကြသည်။ သူ့ကိုသား ထိန်ဝင်းကို စံပယ်မနှင့် ထိမ်းမြားပေးလိုက်ရသောကြောင့် ဖြစ်၏။

သားတွေက ဘယ်မှာ သပေလိုးနေခဲ့သည် မသိ။ နွားတွေချည်း ပြန်လာကာ နွားတင်းကုပ်ထဲသို့ အငမ်းမရ ဝင်လာသည့်အတွက် ကိုတောက်ထွန်းသည် အိမ်ပေါ်မှ ဆင်း၍ နွားတွေကို အစာထည့်ပေးနေသည်။

ရွာလမ်းမှ ဖုန်တထောင်းထောင်းနှင့် နွားလှည်းသုံးစီး မောင်းလာ၏။ ကိုတောက်ထွန်းက အမှတ်မထင် လှမ်းကြည့်ရာ လူစိမ်းများကို မြင်ရသည်။ လှည်းများသည် အိမ်ရှေ့၌ ရပ်၏။

''ဒေါ်လှမြတ်နဲ့ သူ့သမီး ထားအိတို့ မြခြယ်တို့ အိမ်ဟာ ဘယ်အိမ်လဲဗျ''

ဟု လှည်းသမားက အော်ဟစ် မေးမြန်းသည်။

''ဒေါ်လှမြတ်ကတော့ ဟိုဘက် တစ်အိမ်ကျော်ပဲဗျ။ ထားအိက ဒီအိမ်ပဲ''

''ကဲ ကဲ ဒေါ်လှမြတ် အိမ်ကိုသာ မောင်း''

ဟု မျက်နှာစိမ်းက ပြော၏။ လှည်းများ ထွက်သွားလျှင်-

''ဘယ်ကတဲ့လဲ''

ဟု မထားအိက အိမ်ပေါ်မှ လှမ်းမေးသည်။ သူလည်း မိခင်နာမည်နှင့် မိမိအမည် ကြား၍ ခေါင်းထုတ်ကြည့်နေခြင်း ဖြစ်၏။

''ဘယ်ကလဲ မသိဘူးကွ။ ဒီနား ဟိုနားကတော့ ဟုတ်မယ် မထင်ဘူး။ မင်းကိုမေးတဲ့ လူတွေကိုတောင် မင်း မသိဘူးလား''

''ကျွန်မလည်း မသိဘူး၊ ခဏလေး သွားလိုက်ဦးမယ်''

မထားအိသည် ဧည့်သံစောင်သံဖြင့် ဆူညံနေသော မိခင်အိမ်သို့ ကြားအိမ်ဝိုင်းထဲမှ ဖြတ်၍ ပြေးလာသည်။

''ရှင်တို့ မေးတဲ့ ထားအိ ဟောဟိုမှ လာပါပြီတော်''

ဒေါ်လှမြတ်၏ အသံကို ကြားလိုက်ပြီးနောက် မထားအိ လှေကားတစ်ဝက် အရောက်တွင်-

''အမယ်လေး ကြီးလိုက်တဲ့ မိန်းမကြီးဟဲ့''

''ဟာ လမ်းမှာ တွေ့ရင် ဘယ်မှတ်မိပါ့မလဲ''

ဧည့်သည်များသည် မထားအိအား ဝိုင်းကြည့်ကာ ရေရွတ်ကြသည်။ အိမ်ပေါ်တွင် ငါးပိပုံး၊ ငပြာရည်ပုံး၊ ငါးခြောက်ခြင်း၊ ငှက်ပျောခြောက်၊ ဒူးရင်းသီး၊ တညင်းသီး စသည်ဖြင့်ဧည့်သည်တို့၏ ပစ္စည်းများဖြင့် ပြည့်နေ၏။

''သမီးရေ မညိုသင်းတို့ သားအမိကို အော်ခေါ်လိုက်ပါဦး''

''လာနေကြပါပြီ အမေရဲ့''

မထားအိသည် ဧည့်သည်များအတွက် ရေနွေးတည်ရန် မီးဖိုခန်း အဝင်တွင်-

''သဘော်ဆိပ်မှာ စားခဲ့တယ်ဟေ့၊ ထမင်း မချက်နဲ့''

ဟု ပြောသည်။ ဒေါ်ညိုသင်းနှင့် ကိုတောက်ထွန်းတို့ အိမ်ပေါ် တက်လာလျှင်-

''အဲဒီ သမီးကြီးရဲ့ ခင်ပွန်း မောင်တောက်ထွန်းတဲ့။ တော်တို့ဆီကို တစ်ခေါက် ရောက်ဖူးတယ် ထင်ပါရဲ့'' ဟု ပြောရာက-

''လာ လာ မညိုသင်း''

ဟု ခေါင်းရင်းသို့ ခေါ်သည်။

ဧည့်သည်များမှာ ဦးမှင်၏ သာယာဝတီဘက်မှ ဆွေမျိုးများနှင့် ဒေါ်လှမြတ်၏ ကြို့ပင်ကောက်ဘက်မှ ဝမ်းကွဲဆွေမျိုးများ ဖြစ်သည်။ စုစုပေါင်း ဧည့်သည် ၁၃ ယောက် ဖြစ်ရာ လေးပင်အိမ်ရှေ့ခန်း တစ်ခုလုံး ပြည့်သွားလေ၏။

"မညိုသင်း သူတို့ကို မှတ်မိသေးလား"

ဒေါ်လှမြတ်က မေးသည်။

"လူတွေကိုတော့ အနည်းအကျဉ်း မှတ်မိပါတယ်။ နာမည်ကိုတော့ "

"ထားအိ သမီး လာဟေ့၊ လူစုံတုန်းမှာ ဆွေမျိုးစပ်ပြရမယ်"

မထားအိသည် ဒေါ်ညိုသင်း၏ ဘေးသို့ လာထိုင်သည်။ ဒေါ်လှမြတ်က အသက် ၆၀ ရွယ်ရှိ လူကြီးတစ်ယောက်ကို လက်ညှိုးထိုးပြသည်။

"အဲဒါ သမီးတို့ရဲ့ ဦးကြီးခင်တဲ့။ သမီးတို့ အဖေရဲ့ အစ်ကိုရင်း တော်တယ်။ ဖိုးစံယုံ၊ ဒေါ်သာလီ တစ်မိပေါက်မှာ မောင်ခင်၊ မောင်မှင်၊ အေးကြွယ်ဆိုပြီး သုံးယောက် ရှိတာကိုး"

"အေး ဟုတ်တယ်။ ဟောဒါက ငါ့သား ရှိန်ထွန်းဆိုတာပဲ။ ဟိုကောင်က အေးကြွယ်ရဲ့သား ပေါ်လာတဲ့"

ဦးခင်က အသက် လေးဆယ်ရွယ်ရှိ ဘိုကေနှင့် လူနှစ်ယောက်ကို ညွှန်ပြသည်။ လယ်သမား ချောင်းသမားပီပီ မဲမဲသဲသဲကြီးတွေ ဖြစ်၏။

"ဟောဒါတွေကတော့ ကျွန်မဘက်က အမျိုးတွေပဲ မညိုသင်းရဲ့။ အဖေတို့မှာလည်း ညီအစ်ကိုမောင်နှမ သုံးယောက်ရှိတာကိုး။ အဖေက အကြီးဆုံး၊ အဖေ့အောက်မှာ ဦးအုံး၊ ဒေါ်ညိုဆိုပြီး အငယ်နှစ်ယောက် ရှိတာမှာ ဦးအုံးရဲ့ တစ်မိပေါက်တွေ ဒီကို ရောက်လာကြတာပဲ"

ဦးအုံးရဲ့ တစ်မိပေါက်မှ ဆက်ကာဆက်ကာ ပေါက်ပွား ပြန့်ပွားထားသော ပရိသတ်မှာ မနည်းပေ။ ဒေါ်လှမြတ်ခမျာ စုံစေ့အောင် မသိရှာ။

"ကဲ ညည်းက ပြောစမ်း၊ အခု လာတာ ဘယ်သူဘယ်ဝါဆိုတာ"

"ကျွန်မတို့မှာလည်း မောင်နှမသုံးယောက်ရှိတာ မေ့နေပြီလား အစ်မလှမြတ်ရဲ့"

"ပြောမှာ ပြောစမ်းပါ လှချစ်ရယ်၊ ငါ သိတာက ညည်းရယ်၊ ဟိုကောင်မ လှနှစ်ရယ်၊ ဒါပဲ သိတာပဲ။ ကဲ ကျော်ဟိုးက ဘယ်မှာလဲ"

"အစ်ကိုကျော်ဟိုးက ရွာမှာ ကျန်ခဲ့တယ်။ ဟောဒါက ကျွန်မခင်ပွန်း ကိုဝင်းမောင်။ ဟိုနှစ်ယောက်က သားကြီး စံမတူနဲ့ ချွေးမချော ငွေမှုန်၊ မြေးဆိုးမရဲ့

နာမည်က ခင်လေးတဲ့ အစ်မလှမြတ်ရဲ့''

''အမယ် မြေးကြီးက ကြီးပါပကော''

ဒေါ်လှမြတ်သည် ခင်လေးအမည်ရှိ ကလေးငယ်ကို အသေအချာ ကြည့်မိသည်။ ဆိုးမည့်ရုပ်ပင်။

''သူက ကျွန်မရဲ့ မတ်တော်မောင် ကိုမြင့်အောင်တဲ့။ သူကလေးကတော့ ကိုမြင့်အောင်၊ လှနှစ်တို့ရဲ့ သမီး ငွေပွင့်တဲ့''

ဖိုးစံလှဘော်သည် ကိုဖေကြည်နှင့်အတူ လှေကားမှ တက်လာသည်။ သူ့အား ကိုဖေကြည်က နောက်မှ ထိန်းကိုင်လိုက်ပါလာသည်။

''ဟော ပြောရင်းဆိုရင်း မညီသြင်းတို့ အမျိုးတစ်ယောက်လာပြီ။ ကြွပါ ဦးစံလှဘော်''

ဒေါ်လှမြတ်က ဖိုးစံလှဘော်အား အိမ်ဦးခန်းသို့ ပင့်ခေါ်ရာက-

''ကျွန်မတို့ ဒီရွာ ရောက်စက အစစအရာရာ မိဘလို စောင့်ရှောက် ကူညီခဲ့တယ်။ သူ့ကျေးဇူးကြောင့် အခုလို အတည်တကျနေရတာ''

ဟု ပြောသည်။

''ပြီးပြီးသား ပြီးစမ်းပါစေဟယ်၊ ပြောပြောမနေစမ်းပါနဲ့။ အောက်အရပ်က လာကြ မှတ်တယ်''

''ဟုတ်ပါတယ်၊ သာယာဝတီဘက်ကပါ ဦးစံလှဘော်''

သို့စဉ်တွင် ထိန်ဝင်းတို့ ညီအစ်ကို သုံးယောက်သည်လည်းကောင်း၊ စံပယ်မ သည်လည်းကောင်း၊ ပန်းယဉ်တို့ လင်မယားသည်လည်းကောင်း အိမ်ပေါ်တက်လာကြရာ ဖိုးစံလှဘော်က-

''မညီသြင်းတို့ ဆွေမျိုးတစ်သိုက်နဲ့ပဲ အိမ်ကျိုးကျတော့မယ်။ တို့သွားမှ ထင်တယ်''

ဟု ရယ်စရာ ပြောသည်။

ဒေါ်လှမြတ်က အလိုက်သင့် ပြုံးရယ်လိုက်ပြီးနောက် ဆက်လက်၍ ဆွေမျိုး စပ်ပြပြန်သည်။

''ဟောဒါက ကျွန်မသမီးကြီး မထားအိတဲ့၊ မောင်တောက်ထွန်းက ခင်ပွန်း၊ သိတယ် မဟုတ်လား ကိုခင်''

ဦးခင်က သားဖြစ်သူကို ကြည့်၏။

''သိပါတယ် အဒေါ်။ အဖေကတော့ မမှတ်မိဘူး''

ကိုပေါ်လာကလည်း-

''ကျွန်တော်တော့ မှတ်မိတယ်ဗျ'' ဟု ပြောသည်။

''ခုနက တက်လာတဲ့ သုံးယောက်ဟာ မောင်တောက်ထွန်း၊ မထားအိတို့ရဲ့ သားတွေပါပဲရှင်။ ဟောဟို ကုပ်ချောင်းချောင်းလူက ထိန်ဝင်း၊ မထားအိ အနားက နှစ်ယောက်က ထိန်လင်းနဲ့ စိန်မင်းသားတဲ့''

''စိန်မင်းသား နာမည်ကို သဘောကျတယ်ကွာ ဟား ဟား''

စံမတူက ရယ်မောရာ စိန်မင်းသားက ပြုံးမလိုရယ်မလို လုပ်နေသည်။

''ဟောဟိုက ကလေးမက ထိန်ဝင်းရဲ့ဇနီး မစံပယ်တဲ့ရှင့်။ ဟောဟို နှစ်ယောက်က မောင်တိုင်းကျော်နဲ့ မပန်းယဉ်တဲ့။ မပန်းယဉ်က မောင်တောက်ထွန်းရဲ့ နှမ''

ထို့နောက် ဧည့်သည်များနှင့် ကလေးများသိရှိ ရင်းနှီးစေရန်အတွက် ဆွေစဉ် မျိုးဆက် တော်စပ်ပုံကို ထပ်မံရှုတ်ဆိုပြရသေးသည်။ ထိန်ဝင်း၊ စိန်မင်းသားတို့အနေဖြင့် များစွာ မထူးခြားသော်လည်း ထိန်လင်းကတော့ ခင်လေးကို ကောက်ယူချီပိုးသည်။

''မလှမြတ်မှာ လေးယောက်ရှိတယ် မဟုတ်လား၊ သုံးယောက်က ဘယ်သွား ကြလဲ''

ဦးခင်က မေးခြင်း ဖြစ်၏။

''ဟုတ်တယ် ကိုခင်။ လှသွယ်၊ မြခြယ် တဲ့။ အငယ်ဆုံးက ဖိုးအေးတဲ့။ ဖိုးအေးက ငွေနှမှာ အိမ်ထောင်ကျပြီး မြခြယ်က ဟိုပခန်းကြီးမှာ အိမ်ထောင်နဲ့။ လှသွယ်ကတော့ ဒီမြို့ပေါ်မှာပါပဲ''

''အိမ်ထောင်နဲ့ပဲလား''

''ဟုတ်ကဲ့ အိမ်ထောင်နဲ့ပါပဲ''

မထားအိသည် ဧည့်သည်များအား ရေနွေးကြမ်း၊ ပဲကြော်၊ ပဲလှော်စသော ကိုင်းထွက်ပစ္စည်းများဖြင့် ဧည့်ခံသည်။ ဧည့်သည်များကလည်း ဖိုးစံလှဘော်၊ ကိုဖေကြည် စသော ဧည့်သည်များအား ငှက်ပျောခြောက်၊ ဒူးရင်းသီးများနှင့် ဧည့်ခံသည်။

ဒေါ်လှမြတ်၏ အသံနှင့် အခြားသူများ၏ တစ်ခွန်းတလေ ဝင်ပြောသံများသာ ရှိ၍ ခြောက်ကပ်ကပ်နိုင်လှသော ဆွေမျိုးနှစ်စု၏ တွေ့ဆုံခြင်းသည် တဖြည်းဖြည်းနှင့် စိုပြည်လာသည်။ စိန်မင်းသားသည် ငွေပွင့်နှင့် စကားလက်ဆုံကျ၍ ထိန်လင်းက စံမတူတို့၊ ငွေမှုန်တို့နှင့် ဆွေးနွေးသည်။ မထားအိက လှချစ်၊ လှနှစ်တို့နှင့် လက်ရှိစီးပွားရေး အခြေအနေကို ပြောသည်။

ငွေမှုန် စိတ်ကောက် ငိုယိုနေသည့်ကြားက ကိုဝင်းမောင်၊ ကိုမြင့်အောင်၊ တို့သည်

ဒေါ်ညိုသင်းနှင့် စကားကောင်းနေကာ ကိုပေါ်လာ၊ ကိုရှိန်ထွန်း၊ ဦးခင်တို့က ကိုတောက်ထွန်းအား ဦးမှင်ကျဆုံးပုံကို တိုးတိုးတိတ်တိတ် မေးနေကြ၏။

သာမန် စကားပြောရာက ရယ်သံမောသံကလေးဖြင့် စိုပြည်စ ပြုလာသည်တွင် အိမ်ရှေ့သို့ လှည်းယဉ်ကလေးတစ်စီး ထိုးရပ်သည်။

"ရပ်ထဲ ရွာထဲက မိန်းကလေးတွေကို ဖျက်ဆီးနေတဲ့ကောင်ကို ဖမ်းမလို့ လာတာဟေ့"

မောင်ဘအောင်၏ လှည်းဖြစ်၍ ဌာနာအုပ်မောင်မောင်ကျော့သည် ယိုင်တီး ယိုင်ထိုးဆင်းလာသည်။ စကားဝိုင်းသည် တိတ်သွား၏။ အိမ်ရှေ့သို့ မျက်လုံးပြူး မျက်ဆန်ပြူး လှမ်းကြည့်ကြသည်။

"အဲဒါ ကျွန်မတူ့အရင်းရဲ့ သမက် ဌာနာအုပ်ပါပဲရှင်။ ဟဲ့ လူကလေး၊ ငြိမ်ငြိမ်နေစမ်း၊ လူကြီးတွေ ပြောမယ်"

ဒေါ်လှမြတ်သည် ထုံးစံအတိုင်း ထိန်လင်းအား လှမ်း၍ ဟန့်တားထား လိုက်ပြီး-

"ဘယ်လို ဖြစ်လာတာလဲ မောင်မောင်ကျော့ရယ်။ ဆွေရယ်မျိုးရယ်ဆိုပြီး ဝင်ရင် ထွက်ရင်လည်း ကောင်းကောင်းလာပါကွယ့်"

"ဘာဆွေမျိုးလဲ၊ ဥပဒေအရ လာတာဗျ သိလား"

မောင်မောင်ကျော့သည် လှေကားကို လှမ်းတက်ရာ လှေကားထစ်ကို မနင်းမိ။ နောက်ကပါလာသော ပုလိပ်နှင့် မောင်ဘအောင်တို့က တွဲသောအခါ-

"မင်းတို့က ငါ့ကို ဂုဏ်ပျက်အောင် လုပ်တာလား"

ဆိုကာ ခြေထောက်နှင့် လွှောက်ကန်လိုက်သေးသည်။ ပြီးတော့ တွဲသူမပါဘဲ လှေကားအတိုင်း တက်လာ၏။ တက်လာပုံမှာ လေးဖက်ထောက်။

"အခု လာတာဟာ ဆွေပြမျိုးပြ လာတာမဟုတ်ဘူး ဒေါ်လှမြတ်။ ခင်ဗျား ယီးတီးယားတား မလုပ်နဲ့။ ဘုရင်ခံကရာဇ်မင်းမြတ်ရဲ့ တရားဥပဒေအရ လာတာ"

မောင်မောင်ကျော့က လေးဖက်ထောက် တက်လာရင်း လှေကားထိပ်ကို မေးတင်၍ ပြောသည်။

"ဌာနာအုပ်စစ်စစ်က ခွေးဖြစ်နေပါပကောလားဗျို့"

ထိန်လင်းက လွှတ်ခနဲ အော်လိုက်ရာ-

"ဟဲ့ ကောင်လေး"

ဟု ပန်းယဉ်က မာန်သည်။ မာန်သာ မာန်ရ၏။ ပန်းယဉ်မှာလည်း ပြုံးစေ့စေ့။

''ဌာနာအုပ်စစ်စစ်က ခွေးဖြစ်၊ ဟုတ်လား။ ဟုတ်တယ်၊ ခွေးပဲ။ ခွေးဖြစ်မှာပေါ့။ မင်းတို့က ဦးလေးဌာနာအုပ် အားကိုးနဲ့ လျှောက်ရမ်းနေကြတာကိုး''

မောင်မောင်ကျော့သည် လှေကားထိပ်၌ ထရပ်၏။ သုံးခါကြိုးစားမှ ရပ်နိုင်သည်။ နောက်သို့ လန်အကျ ပုလိပ်နှင့် မောင်ဘအောင်က ဖမ်းထားရ၏။

''ဒီညှော်သည်တွေက ဘယ်ကလဲ၊ ဘိန်းချလာတာလား ရှာရမယ်''

''ရှာပါရှင် တစ်ခါ မဟုတ်ဘူး၊ ဆယ်ခါ ရှာလိုက်စမ်းပါ''

စံမတူ၏ မိန်းမ ငွေမှုန်က နှုတ်သီးကောင်းလျှာပါးနှင့် ငေါ့၏။

''ဒါဖြင့် ဓားပြတိုက်ရအောင် လာတာဖြစ်ရမယ်''

ကိုတောက်ထွန်းက ဖြုန်းခနဲ ထရပ်ရာ ဒေါ်လှမြတ်က-

''မင်း မပြောနဲ့'' ဟု လှမ်းဆိုကာ-

''မောင်မောင်ကျော့ ညှော်ကောင်းစောင်ကောင်းတွေရှေ့မှာ ဒီလို မရမ်းကားနဲ့ကွယ်။ မင်း ရမ်းချင်ရင် ဒေါ်ဒေါ့်ပါးကို ရိုက်သွား''

ဟု ခက်ထန်စွာ ပြောလေသည်။

ဦးခင်သည် မောင်မောင်ကျော့အား မျက်လုံးပြူးကြည့်၍ ကိုရှိန်ထွန်းနှင့် ကိုပေါ်လာက စိန်းစိန်းကြည့်၏။

''ဒေါ်ဒေါ် ကျွန်တော့်ကို ငရဲမပေးပါနဲ့။ ဒေါ်ဒေါ့်မြေးတွေကို ဖမ်းရလိမ့်မယ်။ ဟိုလူတွေက ကျုပ်ကို ဘာဖြစ်လို့ ကြည့်တာလဲ။ ဖမ်းမလို့လား။ ဘာမှုနဲ့ ဖမ်းမှာလဲ၊ ပြောစမ်းပါ''

သူက ကိုရှိန်ထွန်းနှင့် ကိုပေါ်လာအား မမတ်သော လက်ညှိုးဖြင့် ထိုး၏။

''ဟေ့ မင်းဟာ ဦးစိန်အုန်းရဲ့သား မဟုတ်လားကွ ဟေ''

ကိုရှိန်ထွန်းက မေးသည်။

မောင်မောင်ကျော့ မျက်လုံးဖွင့်ကာ ခါးမတ်ကာ-

''ဗျာ ဟုတ်တာပေါ့။ သို့သော်လည်း သို့သော်လည်း ဘယ်က ဦးစိန်အုန်းလဲ'' ဟု ဆက်မေးသည်။

''ဇီးကုန်း ရေကင်းမင်းကြီးရွာက ဦးစိန်တုံးရဲ့ညီ ဦးစိန်အုန်းကွာ။ ဦးစိန်အုန်းရဲ့ မွေးချင်းတွေက သာယာဝတီ လင်တကုန်းမှာ နေတယ်ကွာ''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်''

ဟု မောင်မောင်ကျော့က ဘိုလိုပြောကာ ကြမ်းပေါ်မှာ ထိုင်သည်။

''နောင်ကြီးတို့က အဲဒီက လာတာလား'' ဟု ဆက်မေး၏။

ဦးခင်က-

''ဟုတ်တယ်ကွယ့်၊ ငါတို့က မလှမြတ် ခင်ပွန်းရဲ့ ဆွေမျိုးတွေပဲကွ။ မင်းဦးလေး ကိုစိန်တုံး၊ မင်းအဖေ မောင်စိန်အုန်းတို့ဟာ ငါနဲ့ရင်းနှီးတဲ့ သူငယ်ချင်းတွေပဲ''

ဟု ပြောသည်။

''ဟုတ်ကဲ့ ဦး၊ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော် အေးအေးဆေးဆေးမှ လာခဲ့ပါဦးမယ်''

မောင်မောင်ကျော့သည် မျက်လုံးများ ကျယ်လာကာ မယိမ်းမယိုင် ထရပ်ပြီး အသော့နှင့် ဆင်းသွားလေ၏။

''ငယ်ကျိုးငယ်နာဖော်နိုင်တဲ့ လူတွေနဲ့ တွေ့ပေလို့ပေါ့ရှင်။ နို့မို့ရင် သမက်က စိတ်ထက်ထက်၊ မြေးတွေက လူပျိုပေါက်နဲ့ ကျွန်မမတွေးဝံ့ပါဘူးရှင်''

ဒေါ်လှမြတ်သည် ရင်အေးသွားဟန်ဖြင့် ညည်းတွားလိုက်၏။

''သူ့ယောက္ခမနဲ့ မယားက မထိန်းဘူးလား ဒေါ်လေးရဲ့''

မလှချစ်က မေးသည်။

''သူ့ယောက္ခမ ခင်ခင်နဲ့ သူ့မယားထိန်းလို့ ဒါလောက်ရမ်းတာ။ မထိန်းရင် ဟောဒီမြေးတွေပဲ အဖမ်းခံရမလား၊ သူပဲသေမလား မသိဘူး''

''သူ့ကို ကိုရှိန်ထွန်းတို့သိရင် စိန်ရနဲ့ ရွှေရကိုလည်း သိမှာပေါ့''

''ဟာ သိတာပေါ့ကွာ။ အင်မတန်ရှုပ်တဲ့ ကောင်တွေ။ ပုလိပ်နဲ့ ပေါင်းတယ်။ သူကြီးနဲ့ပေါင်းပြီး ရှုပ်တယ်။ မကြာခဏ အရိုက်ခံရ၊ ဓားခုတ်ခံရနဲ့ လက်သည်လည်း မပေါ်ဘူး။ တစ်ကိုယ်လုံးလည်း ဒဏ်ရာချည်းပဲ''

''ခုနတုန်းက ပါလာတဲ့ ကိုဘအောင်ကြီးလိုနေမှာပဲ အဖေရေ့''

ထိန်လင်းက ဝင်ပြောရာ မထားအိတို့ မပြုံးဘဲ မနေနိုင်တော့ပေ။ ထိန်လင်းသည် လူကြီးများ စကားအပြတ်တွင် မလှချစ်အား မေးသည်။

''ဒေါ်ဒေါ်တို့ ဘယ်တော့ပြန်မှာလဲ ခင်ဗျ''

''နေဦးမှာပေါ့ကွယ်။ သား လိုက်ချင်လို့လား''

''ဟုတ်တယ်''

ထိုအသံကြောင့် မထားအိသည် ကိုတောက်ထွန်းအား လှမ်းကြည့်သည်။

''မင်းက အလည်အပတ် လိုက်မှာလား။ အဖေတို့နဲ့ မနေချင်လို့လား''

ထိန်လင်း ရုတ်တရက်မဖြေပေ။ အစ်ကိုနှင့် ညီနှင့် အတူမနေလိုကြောင်း ဖြေချင်၏။ သို့သော် သူမဖြေပေ။

''ခဏတစ်ဖြုတ် အလည်အပတ် လိုက်မှာပါ အဖေရဲ့''

''အစ်ကိုလတ် လိုက်သွားရင် ကျွန်တော်တို့ချည်း လုပ်ရတော့မှာပေါ့ဗျ''

စိန်မင်းသားက မကျေမနပ် ပြော၏။

''လုပ်ပေါ့ကွ၊ မိန်းမတောင် ယူဦးမယ့်လူပဲ။ ငါလို လူလွတ်ထက် ပိုလုပ်ရမှာပေါ့''

''အမယ် ကျွန်တော်က ယူချင်သေးတာမှ မဟုတ်တာ။ အစ်မတို့ ပေးစားလို့''

''ဟော့ကောင် မင်း ဘာစကား ပြောတာလဲ''

ထိန်လင်းသည် လက်မြန်ခြေမြန် လှမ်းထိုးလိုက်၏။

''ဟဲ့ လူလေး''

ကိုတောက်ထွန်း သတိပေးနောက်ကျသွားကာ စိန်မင်းသား၏ နားထင်ကို ပွတ်၍ တစ်ချက်ထိသွားသည်။

''မင်း ပါးစပ်နဲ့ ပြောပါလား''

ဖအေသည် ခံရသူကျေနပ်စေရန် မာန်ရသော်လည်း စိတ်ဆိုးဟန်မပြ။ ကျေနပ်ခြင်းကိုပင် ဆောင်နေပေသေး၏။

''ဟုတ်သားပဲ၊ တစ်ဆိတ်ရှိ လက်ကလေးနဲ့။ တယ်ပြီး လက်ယဉ်နေ''

ဖန်းယဉ်သည် စိန်မင်းသား၏ နားထင်ကို ကျပ်ပူထိုးပေးသည်။ ထိန်လင်းကို မာန်သလို စိန်မင်းသားအားလည်း အပြစ်ပြော၏။

''နင်ကလည်း နင်ပဲဟဲ့''

''ကျွန်တော် ဘာလုပ်လို့လဲ ဒွေးလေးရဲ့''

''နင် ပြောတဲ့စကားဟာ ကောင်းသလား။ သူတစ်ပါးသားသမီး ကို တော်ပြီဟယ်၊ လေကုန်တယ်''

ဧည့်သည်များသည် ထိုအချိန်မှစ၍ ထိန်လင်းကို အာရုံစိုက်မိကြသည်။

''မြေးတွေ အရွယ်ရောက်လာတော့ တစ်ဖက်ကသက်သာပြီး တစ်ဖက်က တာဝန်ပိုလာတာပါပဲ ဦးခင်ရယ်''

ဟုအစချီကာ မြေးတစ်စုအကြောင်းကို ဒေါ်ညိုသင်းက အတိုချုံး၍ ပြောသော အခါတွင် ထိန်လင်း၏ မမှန်တာမကြိုက်သောစိတ်ကို သဘောပေါက်လာကြလေ၏။

ထိန်လင်းသည် ညီကိုချစ်သည်။ အစ်ကိုကို ချစ်သည်။ မိဘဆွေမျိုးနှင့် အသိုက်အဝန်းကိုလည်း တွယ်တာသော်လည်း အစ်ကို၏ အပြုအမူနှင့် ညီ၏ အကျင့်စာရိတ္တကို ပိုင်နိုင်စွာ မတားနိုင်ခဲ့သည့်အတွက် မောင်မိုးကောင်းနောက်သို့ လိုက်ရန်ပင်

ကြဲစည်နေသူ ဖြစ်ရာ ဦးခင်နှင့် ကိုရှိန်ထွန်း၊ ကိုပေါ်လာစသည် ခင်လေးနှင့် ငွေပွင့်၊ ကိုမြင့်အောင်၊ မလှနှစ်၊ ကိုဝင်းမောင် မလှချစ်၊ စံမတူ၊ ငွေမှုန်စသည်တို့ ရောက်လာသောအခါ မြောက်ဘက်သို့ ယိုင်နေသော စိတ်အကြံသည် အဆင်သင့်ရာ တောင်ဘက်သို့ ယိမ်းယိုင်သွားရလေ၏။

မြေးလတ်၏ သဘောကို ကြိုတင်သိရှိထားသော ဒေါ်ညိုသင်းသည် ဒေါ်လှမြတ်များ ကန့်ကွက်လေမည်လားဟု လှမ်းကြည့်၏။ ဒေါ်လှမြတ်ကလည်း မြေးလတ် မနေချင်သည့်အကြောင်းကို သဘောပေါက်ထားဟန်ဖြင့် ငြိမ်နေသည်။

မထားအိနှင့် ပန်းယဉ်၊ ငွေမှုန်၊ ငွေပွင့်တို့သည် နေစောင်းသည်ဆိုလျှင် ချွေးတလုံးလုံးနှင့် စတင်ချက်ပြုတ်ကြတော့၏။ ထိန်လင်းသည် အခင်းဘက်သို့ ထိန်ဝင်းနှင့်အတူ ထွက်လာရာ ကိုဖေကြည်၊ မပဲသာတို့ အိမ်ထဲမှ တစ်စုံတစ်ယောက်က လှမ်းခေါ်သည်။

''ထိန်လင်းရေ ခဏဟေ့''

ထိန်လင်းသည် ထိန်ဝင်းအား ကြည့်ကာ-

''ဘယ်သူလဲ အစ်ကိုကြီး၊ ဘယ်သူ့ကို ခေါ်တာလဲ'' ဟု မေးသည်။

''စိန်ခင်ရယ်ကွ''

''ဟဲ့ ထိန်လင်း၊ ခဏ ဝင်ပါဦးဟ''

''ကဲ မင်းကို ခေါ်တာ။ မြန်မြန်လည်း လာခဲ့ဟေ့၊ ကြားလား''

ထိန်လင်းသည် ကိုဖေကြည် မပဲသာတို့ ဝိုင်းထဲသို့ သုတ်သုတ် သုတ်သုတ်နှင့် ဝင်လာသည်။ ရှောက်ပင်အုပ်နှင့် သလဲပင်အုပ်ကြားတွင် မျက်နှာမသာမယာနှင့် ရပ်နေသော မိရွှေမကို မြင်သဖြင့် ခြေစုံရပ်မိ၏။

''မျက်နှာလည်း မကောင်းပါလား၊ နင့်အမေ ဆူပြန်ပြီထင်တယ် ဟုတ်လား''

မိရွှေမ မဖြေပါ။ ထိန်လင်းကို တစ်ချက်ကြည့်ကာ ခေါင်းငုံ့သွားသည်။ မျက်ခုံးနှစ်ဖက် နီနေရာ ငိုထားသည် ဖြစ်မည်။

''လူကြီးများလည်း ဆူဖို့ ကြည့်နေတာပဲဟ။ နင်ကလည်း ဘာတွေ သွားလုပ်မှန်းမှ မသိတာ''

ထိန်လင်းသည် နေရာမှ မရွှေ့ဘဲ လှမ်းပြောနေရာ မပဲသာသည် ခြေဆောင့်နင်းပြီး ထွက်လာ၏။

''ထိန်လင်း နားကြားပြင်းကတ်တယ်ဟေ့။ အနားသွားပြီး အကျိုးဘယ်သို့ အကြောင်းဘယ်သို့ မေးပါတော့လား။ တယ်လေ ငါမပြောလိုက်ချင်ဘူး''

မပဲသာ၏ နောက်မှ စိန်ခင် ကပ်ပါလာရာ-

''ဟုတ်သားပဲ''ဟူသောအကြည့်ဖြင့် ကြည့်ကာ မအေနှင့်အတူ ပြန်ဝင်သွား၏။

''ကဲ ပြောစမ်း။ ဘာပြုလို့ နင့်အမေက ရိုက်တာလဲ''

ထိန်လင်းသည် သလဲပင်နှင့် ရောက်ပင်ကြားသို့ ရောက်လာကာ မေးသည်။

''တော် သာယာဝတီကို လိုက်သွားတော့မလို့ဆို''

ထိန်လင်း၏ ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားလေ၏။ သူသည် မိရွှေမကို လုံးဝထည့်မစဉ်းစားခဲ့မိ။ မိရွှေမက မေးတော့မှ ဟုတ်ပါကလားဟု ဖြစ်သွားရပုံကို ကြည့်။

မိရွှေမသည် ထိန်လင်းအား မော့ကြည့်သည်။ မျက်တောင်ကော့မည်းများတွင် မျက်ရည်ရွဲနေ၏။ မျက်လုံးကို ငွေမျက်ရည် ဖုံးနေသည်။ ကြာလျှင် ပါးမို့တစ်လျှောက် စီးကျတော့မည်။

''နင့် ဘယ်သူပြောလဲ''

သူက ဝန်ခံချင်ဟန် မတူ။

''ရွှေမ မေးတာကို ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင်မဟုတ်ဘူး ပြောပါလား ကိုထိန်လင်းရယ်''

မိရွှေမ၏ ရှိုက်လှိုက်သံသာ ထိန်လင်း၏ ရင်တွင်းသို့ စိမ့်ဝင်လာသည်။

''အေး ဟုတ်တယ်။ ဒါပေသည့်ဟာ သေရွာသွားတာမှ မဟုတ်တာ''

''မဟုတ်ပေမယ့် ငိုချင်တာကိုး တော့''

မိရွှေမက ရန်တွေ့သံဖြင့် ပြော၏။

''တော်ဟာ သိပ်ရက်စက်တယ် သိလား''

''ငါ ဘာရက်စက်လို့လဲ''

''အခု ကျုပ်ငိုတာကို တော်ဒီလို ပြောတာဟာ ရက်စက်တာမဟုတ်လို့ ဘာလဲ ဟင်''

မိရွှေမသည် ထိုင်၍ ငိုချလိုက်လေ၏။ ထိန်လင်းသည် မိရွှေမ နည်းတူ လိုက်ထိုင်သည်။ မိရွှေမသည် သိမ့်သိမ့်အိအိ ရှိုက်၏။

''တိတ်ပါ ရွှေမရာ ငါက ဒီလိုပဲ ပြောတတ်လို့ ပြောမိတာပါ။ ရက်စက်လို့ စိမ်းကားလို့ မဟုတ်ပါဘူး။ သာယာဝတီကို လိုက်သွားမယ်ဆိုတာ ခဏတစ်ဖြုတ် အလည်အပတ်ပါဟာ၊ နင့်မလဲ ''

## လေး

ဤအသံသည် မောင်မိုးကောင်းအား အားသစ်အင်သစ် တိုးပွားစေသည်။ ဤအသံသည် သောကအပေါင်းကို ငြိမ်းစေသည်။ ဤအသံသည် ရင်၌ အေးမြစေသည်။

ဤအသံကား လောက၌ အသာယာဆုံးတည်း။ ဤအသံကား မျှော်လင့်ခြင်း၊ တက်ကြွခြင်းကို အဆောင်နိုင်ဆုံတည်း။

မောင်မိုးကောင်းသည် ကမ္ဘာအသစ်တစ်ခုသို့ ရုတ်ခြည်း ရောက်သွားသည်။ ဤကမ္ဘာသည် မိမိတည်ဆောက်ခဲ့ရာ ကမ္ဘာဟောင်း၌ အစတည်သော်လည်း ဖြစ်တည်ပေါ်ပေါက်လာသော အချိန်မှစ၍ ကမ္ဘာဟောင်းနှင့် ခြားနား၏။ လုံးဝ ခြားနား၏။ ဤကမ္ဘာသစ်ကား သာယာခြင်း၊ ဝပြောခြင်း၊ ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်းတို့နှင့် ပြည့်စုံရမည်။ ဤကမ္ဘာသည် မောင်မိုးကောင်း တစ်မုဟုတ်ချင်း ရောက်ရှိသော ဆန္ဒ၏ ဦးတည်ခြင်း၊ စိတ်၏ ဖန်ဆင်းခြင်း တစ်ရပ်ဖြစ်တော့သည်။

ကြားကာမျှဖြင့် နှလုံးသွေး ဖောက်ဖက်ခါ၍ ပီတိကြော သိမ့်သိမ့်ခါသော အသံရှင်ကား မောင်မိုးကောင်း၏ သားဖြစ်သည်။ မောင်မိုးကောင်းသည် ယောက္ခမကို လည်းကောင်း၊ ဧည့်သည်များကို လည်းကောင်း မရှက်ပေ။ မီးနေခန်းဝမှ ငါးစောင့်သော ဆည်ဝဖျိုင်းလို လည်တံတရှည်ရှည် ခြေဖျားတထောက်ထောက် လုပ်၏။ ကလေးကို မြင်ချင်သည်။ မမြင်ရ။

မောင်မိုးကောင်းသည် တစ်ယောက်တည်း ပြုံး၏။ နောက်စေ့ကို ပွတ်သည်။

ကိုယ့်နားရွက်ကို ကိုင်သည်။ ထပ်၍ ပြုံးပြန်၏။

ဦးကျော်အုံ့သည် သမက်ဖြစ်သူ၏ မကိုးမကား ဖြစ်နေပုံများကို မမြင်။ မြေးဦး၏ အသံကို ကြားရသည့်အတွက် ခြေကျိုးသည်ကို မေ့နေ၏။ အိမ်ကန္တား ခွာနာလျှာနာ ဖြစ်နေသည်ကို မေ့နေ၏။ မျက်နှာတစ်ပြင်လုံး အကြည်ဆုံး၊ အစင်ဆုံးဖြစ်ကာ ကျက်သရေအရှိဆုံး ပြုံးနေသည်။

"မြေးဦး သားဦးဆိုတော့ ရှူးရှာကြပေလိမ့်မယ် အင်း "

ဦးဖြိုးက ကိုယ်ချင်းစာသော ဝမ်းသာကြည်နူးခြင်းဖြင့် တီးတိုးရေရွတ်လိုက်ရာ သူ့သား ကိုပန်းက-

"ရှက်သွားပါ့မယ် အဖေရဲ့"

ဟု သတိပေး၏။ ကိုပန်း၏သား ဖိုးထောင်က မောင်မိုးကောင်းကို ကြည့်ပြီး မျက်နှာလွှဲကာ ပြုံးနေသည်။ ဦးဖြိုး၏သမက် ကိုဖိုးအုပ်ကမူ ဦးကျော်အုံ့အား ကြင်နာစွာ ကြည့်နေ၏။ ကိုဖိုးအုပ်၏ညီ ဖိုးကောင်းမှာမူ ရယ်ချင်သဖြင့် အိမ်ပေါ်မှ ဆင်းသွားသည်။

"မိုးကောင်းရေ ယောက်ျားလေးဟဲ့"

ဒေါ်ပြားသည် အခန်းဝသို့ ထွက်လာပြီး သတင်းဖေး၏။

"ကိုကျော်အုံ့ရေ မြေးယောက်ျားလေး တော်ရေ့"

"အေး အေး အင်း ဘုရား ဘုရား"

ဦးကျော်အုံ့သည် ပုရပိုက်ကိုဖွင့်ကာ ရေးမှတ်သည်။ မြေးယောက်ျားကလေး ဟုသာ ရေး၏။ အမည်ကိုမူ သူ့အဖေ မှည့်လိမ့်မည်။

မောင်မိုးကောင်းသည် တဟီးဟီးရယ်ကာ ဦးကျော်အုံ့အား လှည့်ကြည့်သည်။ ဦးကျော်အုံ့နှင့် အကြည့်ချင်းဆုံရာ မျက်နှာပိုးသတ်၏။ ဦးဖြိုးကိုကြည့်ကာ ရယ်မိပြန်သည်။ ဦးဖြိုးက ပြန်ပြုံးပြရာ ရှက်ပြုံး အရယ်ရပ်သည်။

သို့သော်ဝမ်းထဲက ယားကျိလာကာ ပီတိအဟုန်က တွန်းလာပြန်သည့်အတွက် 'ဟီး'ခနဲ အသံထွက်ရင်း ကိုဖိုးအုပ်နှင့်လည်းကောင်း၊ ကိုပန်းနှင့် လည်းကောင်း မျက်လုံးချင်း ဆုံမိပြန်လေသည်။ အရယ်ရပ်လိုက်၊ ရယ်လိုက်နှင့် တော်တော်နှင့် အရှိန်မသေချေ။

"ကနေ့ သောကြာနေ့ မဟုတ်လား ဦးလေး"

"အေး သောကြာနေ့ ဟုတ်တယ်"

မောင်မိုးကောင်းအမေးကို ဦးကျော်အုံ့ကဖြေရာ ကိုဖိုးအုပ်က-

"သားဦး သောကြာပဒေသာ လိုရာမတ ပေါ်များအုံ့တဲ့ ဟော့၊ ကောင်းသကွာ"

ဟု ပြောသည်။

"သောကြာသားဆိုတော့ သ ဟ သောကြာ၊ မောင်မောင်သိုက်၊ မောင်မောင်ဟီး မဟုတ်သေးပါဘူး။ သက်ရှိအရင်း၊ သက်ကင်းအဖျားဆိုတော့ သ တို့ ဟ တို့ဟာ အရင်းမှာ ရှိရမှာပါ"

သားကို အမည်ပေးရန် မောင်မိုးကောင်း တွေးသည်။ နံသင့်အက္ခရာ နှစ်လုံး တည်းသာရှိသဖြင့် စိတ်ကြိုက် မရချေ။

"ဦးလေး မောင်မောင်သိုက်ဆိုတာ နေ့သင့်နံသင့် မဟုတ်လား"

ဦးကျော်အံ့သို့ လှမ်းမေးသည်။

"ရှေ့က မောင်နှစ်လုံးက ယောက်ျားမှန်းသိအောင် ထည့်တာမို့ မောင်မောင်ကို ဖြုတ်လိုက်ရင် နေ့သင့်နံသင့်ပေါ့ကွာ"

"ဦးလေး ကြိုက်လား"

"ကြိုက်တော့ ကြိုက်ပါတယ်ကွာ။ သို့သော်လည်း ဘုရင့်သား၊ သူဌေးသား တွေမှ ဒီလိုမှည့်တာ။ ဆင်းရဲသားပဲကွာ ဆင်းရဲသားလို မှည့်ပါ"

"ရွေးပါဦး ဦးလေးရဲ့"

"သာဦး၊ သာလှ၊ သာမောင်၊ သာဆောင်၊ သောင်းငွေ၊ သိန်းဦး၊ ဟန်သာ၊ ပေဟန်၊ ဟန်သိန်း"

"မောင်မောင်သိုက်ပဲ ကောင်းပါတယ် ဦးလေးရယ် နော်"

မောင်မိုးကောင်းက အခြားနာမည်ကို ရှာမရသဖြင့် ဤအမည်ကိုသာ ထပ်မံ ရွေးချယ်သည်။

"ကောင်းတော့ ကောင်းပါတယ်လေ။ တို့ ရှေးလူကြီးများ သတ်မှတ်ခဲ့တာက ဗုဒ္ဓဂိုဏ်းတဲ့၊ ရာဇဂိုဏ်းတဲ့။ အမည်ပေးရာမှာ ဂိုဏ်းလွတ်အောင် ပေးရမယ်တဲ့။ ဆင်းရဲသားက မင်းညီမင်းသား မဟာမျိုးမဟာနွယ်တွေ နေသလိုစားသလို တုရင် ရာဇဂိုဏ်းသင့်သတဲ့။ ဘုန်းပိပြီးတော့လည်း ပျက်စီးတတ်သတဲ့။ မောင်မောင်သိုက် ဆိုတဲ့ နာမည်ကိုမှည့်ရင် ရာဇဂိုဏ်းသင့်ပြီး ဘုန်းပိမှာ စိုးရသကွ"

မောင်မိုးကောင်း သဘောမပေါက်ချေ။ သဘောမပေါက်သည့်အတွက် ကျေနပ်ဟန် မပြ။

"ဟုတ်တယ် ငါ့တူရေ ရှေးမင်းများ လက်ထက်ကစပြီး ဘုရင်များ တစ်စ ထောင် ပေါင်းရမယ်။ ဘုရင်မဟုတ်ရင် နှစ်စထောင်သာ ပေါင်းရမယ်။ ဘုရင်က မွေးမှသာ ရွှေလင်ပန်းနဲ့ အချင်းဆေးရမယ်ဆိုတာတွေဟာ ထိုက်ရာတန်ရာ သတ်မှတ်ခဲ့တာပဲကွ"

ဦးဖြိုးကလည်း ဦးကျော်အုံ့ဘက်မှ ဝင်ရောက် ကူညီသော်လည်း မောင်မိုးကောင်း လက်ခံရန် နေးနေသည်။ သူသည် ယောက္ခမနှင့်လည်း အငြင်းမပွားလိုပေ။ ယောက္ခမ ပေးသော နာမည်များကိုလည်း မနှစ်သက်။

"ကိုင်းပါကွာ နောက်မှပဲ မိန်းကလေးနဲ့ တိုင်ပင်ပြီး ရွေးကြတာပေါ့ကွယ်"

မောင်မိုးကောင်းသည် ကျေနပ်စွာဖြင့် မီးနေခန်းဝသို့ သွားသည်။

"ကလေး မကြည့်ရဘူးလားဗျို့"

"အခုမှ ရေချိုးတုန်းဟဲ့ အရူးရဲ့"

ဟူသော ဒေါ်ပြား၏ အသံကြောင့် မောင်မိုးကောင်း ပြုံးတုံးတုံး ဖြစ်သွားလေ၏။

မယ်သန့်က လှမ်းပြောသည်။

"ကျုပ် နေကောင်းပါတယ် ကိုရင်ရဲ့"

"အေးအေး ဘာစားမလဲ"

"ခွေးလေးတို့ အစ်မတို့ ရှိသားပဲ ကိုရင်ရဲ့၊ သူတို့ လုပ်ကိုင်စီမံပါ လိမ့်မယ်"

"ဟုတ်ပြီ ဟုတ်ပြီ"

"ကျုပ်အတွက် စိတ်ချပြီး သွားစရာရှိတာ သွားပါ၊ လုပ်စရာရှိတာ လုပ်ပါ"

"အေး အေး"

"မင်း ယာထဲ သွားစရာရှိရင် သွားချေ။ ငါတို့ ရှိရက်နဲ့ အလုပ်ပျက်နေမယ်"

ကိုပန်း၏ဇနီး မရွှေမိကလည်း လှမ်းပြောလေသည်။ မောင်မိုးကောင်းသည် မီးနေခန်းကို စိတ်လက်ပေါ့ပါးစွာ ကျောခိုင်းပုံကိစဉ် ဒေါ်ပြားသည် အထဲမှ အော်၍ ပြောလိုက်သေး၏။

"အလကား ဘာမှလည်း ကူဖော်လောင်ဖက် မရဘဲနဲ့ တမတ် တတ်တတ်"

မောင်မိုးကောင်းသည် ဦးကျော်အုံ့ကို ပြောပြီး ဓားတစ်ချောင်းဆွဲကာ ယာထဲသို့ ထွက်ခဲ့သည်။ သူသည် လမ်းတစ်လျှောက်လုံး တပြုံးပြုံး လုပ်လာ၏။

"သားဦး အရူးတဲ့ဟေ့"

မယ်သန့် မီးနေသည့် သတင်းကို ကြားသူများက ရိုးရိုးပင် မှတ်ချက်ချသည်။

"ဟိုကောင် ပဒိုင်းသီး စားလာပြီ ထင်တယ်"

အကြောင်းမသိသူများက သရော်ကြ၏။

ပြောကြပါစေ။ သို့သော် မောင်မိုးကောင်းကတော့ လောကကို အောင်နိုင်သော ယောကျ်ားကောင်းတစ်ယောက်၏ ဝင့်ကြွားခြင်းကိုဆောင်လျက် ယာခင်းသို့ သွက်လက်သော ခြေလှမ်းဖြင့် လှမ်းလာသည်။

''မိုးကောင်းရေ ငါလည်း လိုက်မယ်ဟေ့''

ကိုဖိုးအုပ်သည် အော်ရင်း ပြေးလိုက်လာ၏။ မောင်မိုးကောင်းက ရပ်စောင့်နေပြီး ကိုဖိုးအုပ်ရောက်လာမှ နှစ်ယောက် ဘေးချင်းယှဉ်၍ လျှောက်လာကြသည်။

''ဒီနှစ် ဘယ့်နှယ် နေလဲဟေ့၊ မင်းတို့ရဲ့ လုပ်ခင်းဆောင်တာ''

''သင့်ရုံပါပဲဗျာ။ နောက်မိုးကလေးများ လိုက်လာရင်တော့ အတိုင်းထက် အလွန်ပေါ့ဗျာ''

''မင်းတို့ဘက်မှာတော့ နောက်မိုးမလာလည်း ရမှာကတော့ သေချာပါပြီ။ ငါတို့ဘက်မှာတော့ မိုးဆိုလို့ လုံးဝမမြင်ရလို့ မီးရထားလမ်းမှာ ထွက်ပြီး ကူလီ လုပ်ကြရတာကိုသာ ကြည့်ပေတော့ဟေ့''

ကိုဖိုးအုပ် ပြောသော ရထားလမ်းမှာ အလုံနှင့် ရွေဦး ဆက်သွယ်သော ရထားလမ်း ဖြစ်သည်။

''ကောင်းတာပေါ့ဗျ၊ ရထားလမ်း ကူလီက ချက်ချင်း ပိုက်ဆံ မြင်ရတာကပဲ''

''ပိုက်ဆံ မြင်ရတာကတော့ ဟုတ်ပါရဲ့ကွာ။ သို့ပေမယ့် ကုလားကူလီခေါင်း ကြောက်ရ၊ မြန်မာကူလီခေါင်း ကြောက်ရနဲ့ကွာ။ ပြီးတော့ သူတို့ကို မပသရင် တယ်ပြီး မာန်သကိုးကွ''

''မြန်မာကူလီခေါင်းကလည်း မာန်တာပဲလားဗျ ဟင်''

''မြန်မာက ပိုပြီး ဆိုးတာပေါ့ မောင်ရာ။ ကုလားကမှ တော်သေး''

သူတို့သည် နွားလှည်းတစ်စီးတွေ့သဖြင့် ဘေးကပ်ပေးရစဉ် စကားပြတ်သွားကြကာ-

''ကိုပေသီး ကျုပ်တို့ ယာထဲမှာ နွားလေးလူလေး ကြည့်ခဲ့သေးလား''

ဟု မောင်မိုးကောင်းက လှည်းသမားကို မေးသည်။

''ကြည့်ခဲ့ပ့ါ မောင်ရာ၊ ဘာမှ မရှိပါဘူး''

''ဟဲ့ နင့်မယား မမွေးသေးဘူးလား''

ကိုပေသီး၏ မယားက လှည်းပေါ်မှာ ပါသွားရင်း လှမ်းမေး၏။

''မွေးပါပြီဗျ၊ ယောကျ်ားလေး၊ သိရဲ့လား။ ယောကျ်ားလေးဗျ''

လှည်း ဝေးသွားလျှင် ကိုဖိုးအုပ်က စကားဆက်သည်။

''ကုလားက မမာန်ဘူး။ သို့သော် မာန်တာထက် ဆိုးသမောင့်''

''ဘာလုပ်လဲဗျ ဟင်''

''မရှိဆင်းရဲ အလုပ်အကိုင် လယ်ယာပျက်လို့ ကူလီ လာလုပ်ရပေမယ့်

အချောအလှကလေးတွေ ပါတာပေါ့ကွ။ အဲ ကုလားက အဲဒါကလေးတွေကို ချော့လိုက် ခြောက်လိုက်၊ မြှူလိုက်နဲ့ မယားလုပ်ပစ်သမောင့်''

မောင်မိုးကောင်း သက်ပြင်းရှိုက်လိုက်မိလေ၏။

''နားမချမ်းသာလိုက်တာ ကိုဖိုးအုပ်ရာ။ ဒီမိန်းကလေးတွေကိုက မိုက် ပါတယ်''

''မိုက်တယ်ဆိုချင်လည်း ဆိုပေတော့ မောင်ရေ၊ အဝတ်လှလှ ကလေးတွေ၊ ဖနီလက်ကောက်ကလေးတွေ၊ ပန်းစည်းကြိုးကလေးတွေ ဝယ်ပေးသကွ။ မယူရင် ပင်ပန်းတဲ့ အလုပ်ထဲ ပို့သကွ။ သူ့ကို အုပ်ချုပ်တဲ့ ကူလီခေါင်းက အပြစ်မရှိ အပြစ်ရှာပြီး မာန်သကွ''

''ယူလိုက်တော့ကောဗျာ''

''ယူလိုက်တော့ ပြုံးဖြိုဖြိုနဲ့ ခေါင်းပုတ်ဖင်ပုတ် လုပ်လာတော့တာပေါ့ကွာ။ အဲဒါကို ငြိမ်ခံနေရင် တဖြည်းဖြည်း ရဲတင်းလာတာပေါ့။ အဲဒါကို မခံပြန်တော့ ခုနက ပြောသလို ညှဉ်းဆဲပြန်တာပေါ့''

''သူ့ပိုက်ဆံကို ယူတဲ့နောက်တော့ဗျာ ပင်ပန်းတာ၊ သက်သာတာ ရွေးမနေ နိုင်ပါဘူး''

''အေးလေ လူတွေကတော့ ရွေးကြတာပဲ မောင်ရေ။ ကျောက်စီတဲ့ အလုပ်က မြေသယ်တာထက် သက်သာတယ်။ မြေသယ်တာက ကျောက်သယ်တာထက် သက်သာ တယ်။ မင်းပြောသလို အလုပ်မရွေးကြဘူးဆိုရင်တော့ မိန်းကလေးတွေအတွက် မကောင်း သတင်း မကြားရဘူးပေါ့ကွာ''

''အဲ့ဒီကုလားက ဘာလဲဗျ''

''ကူလီခေါင်းကလေးတို့၊ ကူလီခေါင်းကြီးတို့၊ မဲဇလီတို့၊ လမ်းမိုလ်တို့ စုံလို့ပေါ့ကွာ''

''မြန်မာကူလီခေါင်းတွေကလည်း ကုလားတွေဘက်ကပဲလားဗျ''

''ကုလားတွေရဲ့ ဘက်သားပါပဲ မောင်ရာ''

မောင်မိုးကောင်းသည် အလိုမတူဘဲ မျိုးခြားမယား ဖြစ်သွားရရှာသော မြန်မာမကလေးများ၊ အလုပ်သက်သာချင်သဖြင့် ကုလားမယား ဖြစ်သွားရသော မိန်းကလေးများကို မျက်စိထဲတွင် မြင်အောင် တွေးကြည့်သည်။ မျက်ရည်စက်လက်နှင့် အလုပ်လုပ်နေရဟန်၊ မျက်ရည်ကို ဒူးနှင့် သုတ်ရဟန်သာ မြင်ယောင်လာ၏။

သို့သော် တကယ်တမ်း ရထားလမ်းဖောက်သော နေရာတွင်မူ ကုလားကို

မနှစ်သက်ဘဲ မယားအဖြစ်ခံလိုက်သော မိန်းကလေးများသည် မော်ချင်လည်း မော်နေကြမည်။ ကြွားချင်လည်း ကြွားနေကြမည်။ ကုလားမယား မဟုတ်သူတို့အပေါ်၌ မောက်မာကောင်း မောက်မာနေမည်။ သို့မဟုတ် မောင်မိုးကောင်း တွေးသလို မျက်ရည်၌ နစ်ချင်လည်း နစ်နေကြမည်။ မောင်မိုးကောင်း အမှန်မသိ။

"ကုလားမယား ဖြစ်သွားတော့ သူတို့ ဘယ်လိုနေလဲဗျ ဟင်"

သူ တွေးမရလွန်းသည့်အတွက် ဖွင့်မေးလိုက်မိတော့သည်။

"တချို့လည်း လွှားလွှား လွှားလွှားနဲ့ပေါ့ကွာ။ တချို့ကျတော့လည်း သနားစရာ ကုပ်ကုပ်ကလေးပါပဲ"

"မြန်မာကူလီခေါင်းတွေက ကုလားဘက်က ပါတာတော့ နာသဗျာ"

"မနာနဲ့ မောင်ရေ့ ကုလားစကား တတ်ရင်တတ်၊ မတတ်ရင် ကုလားအလိုလိုက်၊ ကုလားအကြိုက်ဆောင်ရတယ် မောင်ရေ။ နို့မို့ရင် ကူလီခေါင်းက ကူလီဖြစ်။ ကူလီကနေ အလုပ်ပြုတ်တော့တာပဲ"

မောင်မိုးကောင်း မှန်းဆကြည့်ပြန်ပါသည်။ ရွာကို ပြန်လျှင် စားစရာ မရှိ။ ကုလားထံမှာ မာန်မချလျှင်လည်း စားစရာ မရှိသော ဗမာ တောသူ တောင်သားတို့၏ ကိုးကွယ်ရာကင်းသော ဘဝ။

"အင်း ကျုပ် ဓားနဲ့ သွားယမ်းချင်သဗျာ"

"အေး မင်းလိုပဲ ဓားနဲ့ ယမ်းချင်တဲ့လူတွေ တစ်ပုံကြီးပါပဲ မောင်ရာ။ သို့သော်လည်း အရည်မရ အဖတ်မရနဲ့ ကိစ္စပြီးမှာပဲ မဟုတ်လား"

"တစ်ဦး တစ်ယောက် စည်းစဖောက်လို့ ဒီလို ဖြစ်ရတာ နေမှာပါဗျာ"

"ဟ ဒါတော့ ဒါပေါ့ကွ။ ငါတို့ တစ်မျိုးလုံး ခွေးဖြစ်ရတာကိုက တစ်ယောက်ကစပြီး စည်းဖောက်လို့ တစ်ရာဖြစ်။ တစ်ရာကနေ တစ်ပြုံကြီးဖြစ်လို့ ငါတို့အရှင်သီပေါမင်းကြီးကို ကုလား ဖမ်းသွားတာပါကောကွ"

"နေပါဦးဗျ၊ ကုလားတွေ ဒီလို သရမ်းနေတာကို ခင်ဗျားတို့က အများကြီးပဲ ကြည့်နေသလား"

"ကြည့်မနေရင် ငတ်မှာကိုးကွာ။ အလုပ်ပြုတ်လို့ ရွာကိုပြန်ရင်လည်း ဘာမှမရှိတဲ့ ယာနဲ့၊ ဘာမှမရှိတဲ့ အိမ်ပဲ ရှိတော့ အံကြိတ်နေကြရတာပေါ့။ အဲ စော်ရုံတင် မဟုတ်တော့ဘဲ ကားလာတဲ့အခါကျတော့ တပယင်းက ထင်ပါတယ် မောင်ချီဆိုတာ"

"မောင်ချီဆိုတာက ဘာလုပ်လဲဗျ ဟင်"

ဟု မောင်မိုးကောင်းက အလောတကြီး မေးမိသည်။

''နေခင်းကြောင်တောင်ကြီးမှာ မဲဇလီဆိုတဲ့ ကုလားက မောင်ချိုမိန်းမရဲ့ သားမြတ်ကိုဆွဲတော့ ဟား ဘာပြောကောင်းမလဲ၊ မောင်ချိုက ပေါက်ချွန်းနဲ့ ထခုတ်လိုက်တာ တစ်ချက်တည်း''

''သေရောလားဗျ ဟင်''

''ပွဲချင်းပြီးပေါ့ကွာ၊ အော်တောင် မအော်နိုင်ဘူး။ အဲဒီမှာ ကုလားတွေ ကျွက်စီကျွက်စီနဲ့ ပြေးလာပြီး မောင်ချိုကို ဝိုင်းလုပ်ရောဟေ့။ ခြေနဲ့ကန် လက်သီးနဲ့ ထိုးပေါ့ကွာ။ ငါတို့လည်း ဒါလောက် ယုတ်မာတာကိုတော့ မခံနိုင်ဘူးလကွာ။ တစ်ခါတည်း အုပ်လိုက်ချီပြီး ကုလားတွေကို ဝိုင်းရိုက်တာပဲဟေ့။ ဓားနဲ့ခုတ်၊ ပေါက်ချွန်းနဲ့ ခုတ်၊ ကျောက်ခဲနဲ့ ထု၊ တုတ်နဲ့ ရိုက်ပေါ့ကွာ ဟင်း''

''တော်တော်သေလားဗျ''

''မြန်မာဘက်က မောင်ချိုသေပြီး ကုလားတစ်ကျိပ်လား၊ ကိုးယောက်လား မသိဘူးကွ၊ သေတယ်။ ငါတို့လည်း နောက်တစ်နေ့ အလုပ်ပြုတ်တာ ပါပဲကွာ''

''အထက်လူကြီးကို မပြောဘူးလား''

''ပြောကော ဘာထူးမှာလဲကွ။ ကုလားမှန်ရင် အတူတူပဲကွ။ ဖြူတာနဲ့ မည်းတာပဲ ကွဲတာ။ သူတို့ဟာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲ''

ယာစည်းရိုးသို့ ချဉ်းကပ်လာမိပြီ။ လာရင်းကိစ္စ အကြည့်အရှုကို မောင်မိုးကောင်း မေ့နေသည်။ အံကို ကြိတ်ထား၏။ လက်သီးဆုပ်ထား၏။

ကိုဖိုးအုပ်က ဆက်ပြောသည်။

''အဲသည်လို မတရားမှု စော်ကားမှုတွေကို တိုင်ရအောင် မန္တလေးကိုတောင် ဆင်းမယ် စိတ်ကူးသေးတယ်။ နောက်မှ စရိတ်မတတ်နိုင်တာနဲ့''

''မန္တလေး သွားတော့ကော၊ တိုင်ရမှာက ကုလားပဲ မဟုတ်လားဗျ''

''မဟုတ်ဘူးကွ၊ မြန်မာ''

''ကုလားလက်အောက်ခံ မြန်မာပေါ့''

''မဟုတ်ဘူးကွ''

မောင်မိုးကောင်း နားရှုပ်သွားလေသည်။ သူသည် မေးခွန်းသော်မျှ မထုတ်တတ်တော့ဘဲ စောင်းငဲ့ကြည့်နေမိတော့၏။

''ဒီလိုကွ မန္တလေးမှာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းဆိုတာ ရှိတယ်ကွ။ မြန်မာ ပညာရှိကြီးတွေ၊ မြန်မာတွေတည်ထောင်ထားတဲ့ အသင်းပေါ့ကွာ။ အဲဒီက လူကြီးတွေ ကတော့ ဘိုစာလည်းတတ်၊ ဘိုစကားလည်း ပြောတတ်၊ ဥပဒေလည်း နားလည်တော့

ပြောရရင် ကောင်းမလားလို့''

''ခင်ဗျား သွားပြောတော့ သူတို့က ဘာလုပ်ပေးနိုင်မှာလဲ။ အင်္ဂလိပ်ဆီ သွားပြီး မင်းတို့ လုပ်နေတာ မကောင်းဘူး။ ဒီလိုလုပ်ပါလို့ ပြောနိုင်ပါ့မလား။ ပြောတော့ကော အင်္ဂလိပ်တွေက လိုက်နာမှာလား''

''အေးကွ ''

ကိုဖိုးအုပ်မှာ ဤအခါ၌ နားဝေတိမ်တောင် ဖြစ်သွားသည်။ မိမိ လုပ်လိုသော၊ မိမိသွားလိုသော ကိစ္စ၏ မှန်းထားချက်ကို မိမိဘာသာ ပြန်လည်တွေးယူရသည်အထိ ဖြစ်သွားသည်။

''အေး ဟုတ်တယ်။ မင်းပြောတာ မှန်တယ်။ ငါ ပြောတာက ဒီအသင်း မဟုတ်ဘူး။ အပြောလွဲသွားတာ။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတဲ့။ ဒီအသင်းမျိုးတွေ တစ်ပြည်လုံးမှာ ရှိနေသတဲ့ကွ။ သူတို့ကို သွားပြောရင် သူတို့က အင်္ဂလိပ်ဘုရင်အထိ ပေါက်ရောက်သတဲ့''

''ရွှေဘိုမှာကော မရှိဘူးလား''

ကိုဖိုးအုပ်က စဉ်းစားပြီးမှ-

''ရှိလိမ့်မယ် ထင်တယ်ကွ'' ဟု ဖြေ၏။

''ဒီလိုဆိုလည်း ရွှေဘိုကိုပဲ သွားလိုက်ပါတော့လားဗျာ''

''မဟုတ်သေးပါဘူးကွ''

''ဘာမဟုတ်တာလဲ''

ကိုဖိုးအုပ်မှာ 'ဘာမဟုတ်တာလဲ' ဆိုသည်ကို ရုတ်တရက် မဖြေတတ် ပြန်ပေ။ အတန်ကြာ စဉ်းစားယူပြီးမှ-

''ရွှေဘိုက လူကြီးတွေက မြို့ကလေးက မဟုတ်လား။ မြို့ကလေးက လူကြီးဟာ မြို့ကြီးက လူကြီးလောက် ပြောနိုင်မှာ မဟုတ်ဘူးကွ။ ဒါကြောင့် မန္တလေးကို သွားချင်တာ'' ဟု ပြောနိုင်သည်။

''ခင်ဗျား အဲဒါတွေ ဘယ်က ကြားခဲ့တာလဲဗျ ကိုဖိုးအုပ်''

''ငါတို့ ကူလီလုပ်တဲ့ မီးရထားလမ်းဆိုတာ လူစုံပဲကွ။ တချို့ကလည်း သူတို့မှာ ပါလာတဲ့ စက္ကူလေးတွေကို ငါ့တို့ဖတ်ဖို့ ပေးသွားတယ်။ တချို့ကတော့လည်း တမင်လာပြီး ဝေတာ။ အဲဒီစက္ကူရွက်တွေပေါ်မှာ စာတွေပါတာပေါ့ကွ။ အဲဒီစာကို ဖတ်ကြည့်တော့ ဂျီစီဆိုလား။ အဲဒီအသင်းအကြောင်း သိရတာပဲ''

မောင်မိုးကောင်းသည် ထိုအသင်းအကြောင်းကို မကြားဖူးပေ။ ယခု ကြားရ

သောအခါ မည်သည်ကို လုပ်ကိုင်ဆောင်ရွက်ရန် ဖွဲ့စည်းသနည်းဟု တွေးသည်။ သို့ တွေးရင်း လုပ်စရာရှိသည်များကို ဆက်လက်လုပ်ကိုင်၏။

သို့သော် မောင်မိုးကောင်းသည် ဗုဒ္ဓဘာသာကလျာဏယုဝ မြန်မာအသင်းချုပ်ကြီး အမည်ကို ခေါင်းထဲမှာ စွဲသွားသည်။ ဤအမည်ကို ပထမဆုံးအကြိမ် ကြားဖူးခြင်း ဖြစ်၏။

အောက်မြန်မာနိုင်ငံတွင်ကား လက်နက်ကိုင် ခုခံတွန်းလှန်ရေးအသွင် ကွယ်ပျောက်၍ မျိုးချစ်လူချမ်းသာများ၏ နိုင်ငံရေးလှုပ်ရှားမှု ထွန်းကားနေသည်။ မြို့ကြီးများမှ ကျော်လွန်၍ တောသို့ မရောက်သေးသည့်တိုင်အောင် နယ်ချဲ့သမား၏ အသိအမှတ်ပြုခြင်းကား ခံနေရပြီ။ လက်ထောက် ဘုရင်ခံ၏ အတိုင်ပင်ခံကောင်စီကို တိုးချဲ့ရန် ထိုအသင်းချုပ်ကြီးက တောင်းဆိုနိုင်ခဲ့သည်။

အသင်းချုပ်ကြီးသည် ဘင်္ဂလားသို့တစ်ကြိမ်၊ ဘိလပ်သို့နှစ်ကြိမ် ကိုယ်စားလှယ် လွှတ်နိုင်ခဲ့ကာ ကုမ္ပဏီ အမျိုးသမီးအဖွဲ့ကိုပင် ဖွဲ့စည်းနိုင်ခဲ့ပြီးနောက် နယ်ချဲ့သမားကို အနုနည်းဖြင့် ပထမဆုံးအန်တုသော ယုဒသန်ကောလိပ်နှင့် ရန်ကုန်ကောလိပ် သပိတ်များလည်း အောင်မြင်စွာ ပေါ်ပေါက်ခဲ့ပြီး ဖြစ်သည်။

မောင်မိုးကောင်းမှာ အိမ်သို့ပြန်ရောက်ချိန်တွင် မယားအာရုံ၊ သားအာရုံကြောင့် စောစောက တွေးထားခဲ့သော ကိစ္စကို မေ့သွား၏။

ညနေ့သည်များသာလျှင် နေရာမှမထနိုင်သော ဦးကျော်အုံနှင့် စကား ကောင်းနေကြသည်။ ထိုစကားဝိုင်းသို့ ဆယ်အိမ်ခေါင်းကိုထွားနှင့် ဦးအောင်ဖေ၊ မောင်ကြိုင်တို့ ရောက်လာ ဝိုင်းထိုင်ကြ၏။

''နှစ်ပြည်ထောင်တည်စ၊ အလယ်က ကျောင်းဆောင်ဆိုတာ အဲဒါပေါ့။ ဗန္ဓုကရသေ့ကို အကြောင်းပြုပြီး ပေါ်လာတဲ့ အတိတ်စကားပဲ။ အခုတော့ တဘောင် ဆိုပါတော့လေ''

ဦးဖြိုး၏ စကားကြောင့် မောင်မိုးကောင်း၏ ခြေလှမ်းများ ရပ်သွားသည်။ သူသည် ခြင်းကျားတောင်းကြီးကို ချထားပြီး ကပ်လာ၏။

''အဲဒါက ဘာတဲ့လဲ ဦးလေး''

''မြောက်ဘက်မှာ ကချင်၊ ဂဏန်း၊ ရှမ်း၊ မြန်မာတွေ ထနေတယ်ကွ။ တောင်ဘက်မှာ အင်္ဂလိပ်ရှိနေတော့ အလယ်ကနေပြီး ဗန္ဓုကရသေ့က တိုင်းပြည် တည်ထောင်မယ်ဆိုတဲ့ သဘောပါပဲကွာ''

မောင်မိုးကောင်း စိတ်ပျက်သွား၏။ သူ သိချင်တာက မြန်မာအသင်းချုပ်ကြီး။

ကြားရတာက တဘောင်။ ထို့ကြောင့် ခြင်းကျားတောင်းကို နွားတင်းကုပ်ဘက်သို့ ယူသွားလေ၏။

ကိုအောင်ဇံက မေးသည်။

"အဲဒါဟာ ပွဲထဲက သီချင်းမဟုတ်လားဗျ။ အနောက်က ဝေဘူတောင်၊ ရွှေဝူချောင်အကွေ့။ လင်းကြက်ဖြင့် အတန်ဆော်ပြီ။ ဘယ်ဇာတ်တော် လေမှန်း မသိ ဆိုတာလေ"

"အေးလေ အခုတော့ တဘောင်ဖြစ်နေပြီကွ။ ဘာကြောင့်လဲဆိုတော့ ဗရှူးရွာမှာ ဗန္ဓကဆိုတဲ့ ရသေ့တစ်ပါးပေါ်နေပြီ။ ဘုရားလည်းတည်၊ လူတွေကို ဆေးကုရင်း သာသနာ ပြုနေပြီ"

"ဗရှူးရွာက ဟုတ်လား"

ကိုထွားက ရေရွတ်သည်။

"အဲဒီရသေ့ရဲ့ ရုပ်ရည်က ဘယ်လိုလဲ ဘဒွေးရဲ့"

"မျက်ခုံးကောင်းကောင်း၊ နားရွက်ကားကား၊ အသားလတ်လတ်၊ မျက်နှာ ဝိုင်းဝိုင်း။ အစတုန်းကတော့ ဆရာလှတဲ့"

"လက်စသတ်တော့ ကျုပ်တို့ မိတ်ဆွေ ကိုထွန်းလှကိုးဗျ၊ ကျုပ် ဘယ်သူ လဲလို့"

မောင်ကြိုင်က ပေါင်ကိုပုတ်၍ ရေရွတ်သော်လည်း ပြက်ရယ်လိုသော အသံဖြင့် ပြောခြင်း မဟုတ်။

"ဗန္ဓကကတော့ လောကီရော၊ လောကုတ္တရာရော စွယ်စုံပါပဲ။ သာသနာပြုမင်း ဖြစ်မယ်ဆိုရင်လည်း ဖြစ်လောက်တယ်"

ကိုပန်းက မောင်ကြိုင်တို့သိသော ဆရာလှအကြောင်းကို ထပ်မံ ချဲ့ထွင်သည့် အနေဖြင့်-

"ဘာကြောင့်လဲဆိုရင် သုံ့စီရင်တဲ့ ရသေ့ပေါင်း ရှစ်သောင်းလေးထောင် ပထမံကျမ်း ဆိုတာထဲမှာ သူဟာ ပထမံဆရာကြီး ဖြစ်တဲ့အကြောင်း သိဒ္ဓိပေါက်တဲ့ အကြောင်းတွေ ပါသဗျ"

စကားဝိုင်းမှာ တိတ်ဆိတ်နေကာ ကိုပန်း၏ စကားအဆက်ကို စောင့်နေကြ၏။

"ဒါ ဟုတ်တယ်ဗျ၊ သူက တစ်ဘူးကို ငါးကျပ်နဲ့ရောင်းတဲ့ ဆေးဟာ ကိုးဆယ့် ခြောက်ပါးရောဂါ ပျောက်တယ်။ လက်တွေ့ သုံးဖူးတဲ့လူမှ သိတယ်။ ပြီးတော့လည်း မနှစ်တုန်းက ထင်တယ်၊ ကိတ္တိမသား ခြောက်ဆယ့်တစ်ယောက်ကို ရှင်ပြုတာဗျာ၊

စည်လိုက်တာ မပြောပါနဲ့တော့။ ဖိုးဝန်းတောင် ဘုရားပွဲထက် စည်သေးတယ်။ လှည်းတွေ လှည်းတွေဟာ မနည်းဘူး။ အဲ ဗန္ဓကရသေ့ စီးတဲ့လှည်းမှာ သလွန်ခင်းပြီး ထီးဖြူ လေးလက် မိုးထားတယ် ဗျ။ ဘုန်းမရှိတဲ့ လူသာဆိုရင် မိုးကြိုးပစ်လို့ သေမှာပေါ့''

''အဲဒီမှာ အသားထဲကလောက်ထွက်ဆိုတာလို ဒီလိုလုပ်တာဟာ ဘုရင်များမှ လုပ်တာမို့ သူဟာ သူပုန်ထပါလိမ့်မယ်ဆိုပြီး ဂါတ်ကို သွားပြီး တိုင်တဲ့လူက တိုင်လိုက် သေးသဗျား''

ကိုဖိုးအုပ်၏ညီ ဖိုးကောင်းက ဝင်ဖြည့်လိုက်ရာ ''ဘယ်သူလဲ'' ဟု ပြိုင်တူ မေးကြသည်။

''အုတ်ဖိုရွာ သူကြီးပေါ့ဗျာ''

ထို့နောက် ကိုပန်းက ဆက်သည်။

''ဗန္ဓကရသေ့ဟာ တကယ်ပါ ပထမံဆရာကြီးလို့ ဘာကြောင့် ပြောနိုင်သလဲ ဆိုရင် သူဟာ အရင်ဘဝကိုလည်း ပြန်ပြောနိုင်တယ်။ သူဟာ ရွှေဘင်ရွာက တေဇ ဆိုတာပါတဲ့။ သီပေါမင်းလက်ထက်တော်မှာ မင်းမြှောင်ကပ်ပါးတွေ နှိပ်စက်လို့ သူပုန် ထရင်း 'ကျအိုးဘုရား'ကို တည်နေတုန်း ဘုရင့်တပ်တွေဝိုင်းလို့ ဘုရားမပြီးခင် ထွက်ပြေး ရတယ်တဲ့၊ အဲဒီဘုရားဟာ တကယ်တန်းလန်းကြီး၊ ကဲ''

''ဆေးဆရာပဲဗျာ၊ ရပ်တကာ ရွာတကာ လှည့်နေတာ။ ဒီဘုရား မပြီးသေးတာ မြင်လို့ ဒီလိုပြောတာ ဖြစ်မှာပါ။ မီးရထားတွေ၊ မီးသင်္ဘောတွေ ပေါ်နေတဲ့အခါမှာတောင် ဒါတွေ ယုံနေလို့တော့ အလကားပါပဲ''

မောင်မိုးကောင်းသည် လွှတ်ခနဲ ပြောလိုက်မိမတတ် ရှိသည်။ သူသည် ပြောချင်၏။ မောင်သန့်တုန်းကလည်း ဂါထာ၊ အင်းအိုင်၊ လက်ဖွဲ့။ အဖေတို့ ထစဉ်ကတည်း စဓဗဝ။ အောင်မြင်မှုလည်း မရခဲ့။ ယခုလည်း လာပြန်ပြီ ပထမံ။

သို့သော်ငြား မောင်မိုးကောင်းသည် ဝိုင်းဝန်းတိုက်ခိုက်မည့် ပါးစပ်များကို မခုခံနိုင်။ ချေပတတ်ခြင်း မရှိ။ အားမထားတော့ခြင်း၊ သံသယကြီးလာခြင်းသာ ဖြစ်သည့်အတွက် စိတ်ဆင်းရဲစွာ နားထောင်နေရချေ၏။

''သူဟာ အဲသည်လို တစ်ဘဝတည်းသာ ပြန်သိတာ မဟုတ်ဘူးနော်။ မောင်တေဇ မဖြစ်ခင်က သူဟာ ပေါက်ကန်ပြည်မှာ ကျန်စစ်သားမင်း ဖြစ်ခဲ့တယ်တဲ့။ ကဲ ဘယ်လောက် ထူးခြားသလဲ။ တစ်ခါ အဲဒီရွှေဘင်ရွာက မိန်းမတစ်ယောက်ဟာ မောင်တေဇဘဝတုန်းက မပေါင်းခဲ့ရတဲ့ ရည်းစားဆိုပြီး ဗန္ဓကရသေ့ကြီးဆီလာပြီး ဝတ်ကြီးဝတ်ငယ်တွေ ပြုနေတယ်''

''သူ့မိန်းမက ဘာမှ မပြောဘူးလား''

ဆိုသော မေးခွန်းကိုကား မောင်မိုးကောင်းက မေးဖြစ်အောင် မေးလိုက်နိုင်၏။

''ရသေ့ပဲကွ၊ ဘယ်မှာ မိန်းမ ရှိမလဲ''

''ရှိပါ့ဗျာ၊ မဖွားခင်တဲ့။ သမီးနာမည်က လှရင်တဲ့ ကဲ''

''အိုကွာ ရသေ့ မဝတ်ခင်ကတော့ မယားပေါ့။ ရသေ့ဝတ်တော့ ကွာရှင်းထားရမှာပေါ့''

ဟု ကိုယန်းကပင် ချေပလိုက်ပြီး ဆက်လက်၍-

''ပိုပြီး ထူးတာ ရှိသေးတယ်နော်။ အဲဒါက ဘဝဟောင်းက သူ့မိဘ။ အဲဒီမိဘက မောင်တေဇဘဝရဲ့ အရင်က တော်စပ်တာ။ ဒဇယ်(တန့်ဆည်)ရွာက ကိုထွန်းပေါ် မရွှေပင်တဲ့''

''သူတို့ကကော ယုံရဲ့လား''

ဦးကျော်အုံ့က မေးသည်။

''ယုံတယ် ဘဒ္ဒေးရဲ့။ သွေးပြောတယ် ထင်ပါရဲ့ဗျာ။ အခုဆိုရင် ရသေ့ကြီးဟာ ကျအိုးဘုရားကို ဆက်ပြီး တည်နေတယ်ဗျ။ အဲဒီဘုရား ပြီး သွားရင် သူ မင်းဖြစ်လိမ့်မယ်တဲ့''

''ဘယ်သူက ပြောတာလဲ''

''တခြား ရသေ့တွေက ပြောတာပဲ''

''ရသေ့က သူတစ်ယောက်တည်း မဟုတ်ဘဲကိုး။ တော်တော်များသလား''

''ရသေ့တွေလား ဟာ များပြီလား။ အဲဒါနဲ့ အခုဆိုရင် ကျအိုးဘုရားလည်း တော်တော်ပြီးနေပြီ။ ဘုရားနဲ့ တစ်ဆက်တည်း ထီးဖြူရုံတစ်ခုဆောက်တာ ဆယ့်ငါး တောင် ဆယ့်ခြောက်တောင်လောက် ရှိလိမ့်မယ်။ ထီးရိုးလုပ်တဲ့ အုတ်တိုင်ကြီးမှာ လိုဏ်ခေါင်းကလေးတွေဖောက်ပြီး ဆင်းတုတော်ကလေးတွေ သွင်းပြီး ကိုးကွယ်ထားတယ်''

''တယ်လည်း လုပ်လိုက်ပါကလား''

''ထီးဖြူရုံရဲ့ အနောက်ဘက်မှာတော့ တောင်ပူစာကလေးနှစ်ခု ရှိသေးတယ်။ တောင်ပူစာတစ်ခုကတော့ မူလကတည်းက ရှိတာ။ တစ်ခုကတော့ နောက်မှ ကျောက်ခဲတွေပုံပြီး အပေါ်မှာ စေတီ တည်ထားတယ်''

''အဲဒါက ဘာအဓိပ္ပာယ်လဲ''

''တဘောင်နဲ့ အတိတ်နဲ့ လုပ်ထားတာပေါ့ကွ။ နားထောင်ဦး။ အဲဒီ

တောင်နှစ်လုံးကို ဝေဘူလနဲ့ ဝေဘာလတဲ့။ တောင်နှစ်လုံးကြားမှာ ဆင်ဖြူတော် သုံးစီး၊ သာသနာစောင့်နတ်၊ သိကြားမင်းပုံတွေရယ်၊ ကိန္နရာရုပ်တွေရယ်၊ ပြီးတော့ ရသေ့နှစ်ပါးဗျ''

''ဟိုသီချင်းအတိုင်းပေါ့လေ'' ဟု ကိုကြိုင်ကဆိုရာ-

''တဘောင်ပါကွ'' ဟု ဦးဖြိုးက ပြင်ပေး၏။

ကိုပန်းမှာ စကားအမျှင် မပြတ်သေး။

''အတိတ်နဲ့ တဘောင်နဲ့ ကိုက်အောင် လုပ်ထားတာ ကြည့်နော်။ ရသေ့တစ်ပါးက ပုတီးကိုင်ထားပြီး ရသေ့တစ်ပါးက ဆေးဘူးကို ကိုင်ထားတယ်။ အဲဒီရသေ့ကို ဗန္ဓုကတဲ့၊ စာရေးထားသေး''

''အကြီးအကျယ်ကို ဉာဏ်ဆင်ထားတာပါကလား''

ကိုထွားသည် တအံ့တဩ ရေရွတ်မိရှာလေ၏။

''ဆင်ဖြူသုံးစီးမှာ တစ်စီးက ပိဋကတ်တော်တင်ဖို့၊ တစ်စီးက မင်းမြောက်တန်ဆာ ငါးပါးတင်ဖို့၊ တစ်စီးက ဘုရင်စီးဖို့၊ ဒီလိုကိုး။ အဲဒါ အပြင် ထီးဖြူရုံရဲ့ မြောက်ဘက်မှာ တစ်ဝပ္ပဆိုတာ ရှိသေးတယ်။ ရှေးရှေးမင်းများရဲ့ ထုံးစံအတိုင်း မုခ်ပေါက်ကို မြောက်ဘက် လှည့်ထားတယ်''

''အထဲမှာ ဘာရှိသလဲဗျ''

မောင်မိုးကောင်းက မေးသည်။

''မသိဘူးကွ၊ လက်စလည်း မသတ်သေးဘူးလကွ။ အဲဒီတစ်ဝပ္ပရဲ့ အနောက်ဘက်မှာတော့ ဗျာဒိတ်ပေး ကိုယ်တော်တစ်ဆူ ရှိသကွ။ ဉာဏ်တော် ခုနစ်တောင်ပျော့ပျော့ ရှိမယ် ထင်တယ်။ ဒါကတော့ ပြီးနေပြီ။ အဲသည် ကိုယ်တော်ကလည်း မြောက်ဘက်ကို လှည့်ထားတာပဲ''

''မင်းဥစ္စာ ပုတ်တလုတ်ရေကန် ကျန်ခဲ့ပြီကွ''

ဦးဖြိုးက ထောက်ပေးသည်။

''အဲ အဲ ဟုတ်တယ်၊ တစ်ဝပ္ပဘုရား အရှေ့ဘက်မှာ သေသေချာချာ အုတ်စီပြီး လုပ်ထားတဲ့ မုခ်လေးခုနဲ့ ပုတ်တလုတ်ရေကန် ရှိသေးတယ်''

''ရေရှိသလား''

''ရှိတာပေါ့ မောင်ရာ၊ လက်ခုပ်တစ်ဖောင်လောက် နက်တယ်။ အဲသည် ရေကန်မှာ ရေချိုးရင် ဘုန်းကြီးတယ်တဲ့။ သောက်ရင် အသက်ရှည်တယ်တဲ့''

''ဘယ်သူက ပြောတာလဲဗျ''

သည်တစ်ခါလည်း မောင်မိုးကောင်းပင် မေးခြင်း ဖြစ်သည်။

"ရသေ့တွေက ပြောတာပေါ့ကွ။ ဘုရားပြီးရင်တော့ ဗန္ဓကရသေ့ဟာ သာသနာပြုမင်းအဖြစ် နန်းတက်တော့မှာပဲ။ စဉ်းစားကြည့်လေ၊ ဒါလောက် ကြီးကျယ်တာကြီးတွေကို သာသနာပြုမင်းများမှသာ တည်ထားကိုးကွယ်နိုင်တာ မဟုတ်လား။ ပြီးတော့ သူ့ရဲ့ အခြေအရံက ရသေ့ရှစ်သောင်း။ နည်းသလား"

ကိုပန်း၏ စကားကို ကန့်ကွက်သူ မရှိပေ။ သို့ရာတွင် ထောက်ခံသူလည်း မရှိပေ။ ချီပါရွာ၏ တိတ်ဆိတ်မှုထဲတွင် နစ်မြုပ်ငေးမောနေကြမှာန် ရှိ၏။

မောင်မိုးကောင်းမှာလည်း ယုံရအခက်၊ မယုံရ အခက်နှင့် တွေငိုင်နေမိကာ သူသိချင်သော မြန်မာအသင်းချုပ်ကြီး ဆိုသည်ကိုလည်း လုံးဝ မေ့လျော့နေရှာတော့သည်။

မကြာမီ ကျရောက်လာတော့မည့် ကြမ္မာဆိုး အန္တရာယ်ကို မည်သူမျှ ကြိုတင်မမြင်ကြချေ။

ရွာသစ် ရွာသူရွာသားများသည် အဝတ်သစ် အဝတ်ကောင်း အဝတ်လှများကို ဝတ်ဆင်လျက် ရွာထဲ၌ သွားလာနေကြသည်။ မိန်းမများသည် မိန်းမတာဝန်၊ ယောကျ်ားသည် ယောကျ်ားနှင့် ဆိုင်ရာတာဝန်ကို ယူထားရသည့်အတွက် အချို့သည် ချွေးတလုံးလုံးနှင့် ပြေးလွှားနေ၏။ အချို့ကား ပြုံးကာရယ်ကာ သွားကြသည်။

အားလုံးသည် ပျော်ရွှင်နေကြ၏။ တစ်နံနက်စာ လုပ်ငန်းတာဝန်ကို ရပ်ဆိုင်း၍ မင်္ဂလာဆောင်အိမ်သို့ သွားရောက်ကာ ဝိုင်းဝန်းလုပ်ကိုင်ကြ၏။ ဝိုင်းဝန်း စားသောက်ကြ၊ **အား**ပေးကြ၏။

မင်္ဂလာဆောင်မှာ ကိုတောက်ထွန်း၊ မထားအိတို့၏ သားထွေး စိန်မင်းသားနှင့် **ကိုလုံး၊ မဖဲတို့၏** သမီးကြီး မိမွေးတို့၏ပွဲ ဖြစ်သည်။ မိန်းမက ကြီးကြီး၊ ယောကျ်ားက **ငယ်ငယ်မို့** အကြည့်ရ သီသီတော့ ခက်သည်။ သို့သော် မတတ်နိုင်ပြီ။

**မင်္ဂလာ**ဆောင်ဆိုတော့ မင်္ဂလာစကားကို ပြောကြရ၏။ ကျက်သရေရှိသော **စကားကို ဆိုကြ**ရသည်။ စားကြ၊ သောက်ကြ၊ ကမ်းကြ၊ လှမ်းကြနှင့် အပူအပင်မဲ့သော **တစ်နံနက်ပါပေ။**

မင်္ဂလာသတို့သားသည် အိမ်မှာနေခဲ့ရသည်။ မင်္ဂလာသတို့သမီးက အခန်း **အောင်းနေ**ရသည်။ ယောကျ်ားဘက်က လူများသည် ခန်းဝင်ပစ္စည်းစုံစွာ၊ လူကြီးစုံစွာဖြင့်

မိန်းကလေး အိမ်သို့ သွားကြရသည်။ နှစ်ဖက်လူကြီးများ မင်္ဂလာမြောက် စကားများကို ဆိုပြီးနောက် ပြီးစီးတော့၏။

သတို့သမီးအိမ်တွင် စားကြ သောက်ကြ၊ မင်္ဂလာလက်ဖက်ဝေကြ၊ သိမ်းဆည်းကြနှင့် တသောသော တရုန်းရုန်းဖြစ်နေစဉ် သတို့သား၏အိမ်၌လည်း လူကြီးများသည် စပ်မိစပ်ရာများ ပြောဆိုနေကြသေးသည်။

လှသွယ်၏ ယောက္ခမ ကိုသာဖန်၊ မမိကြီးသည် ပခုက္ကူမှလည်းကောင်း၊ မြခြယ်၏ ယောက္ခမ ဦးပိုး၊ ဒေါ်ရွှေသာသည် ပခန်းကြီးမှလည်းကောင်း၊ ဖိုးအေး၏ ယောက္ခမ ဦးတုပ်၊ ဒေါ်ရွှေဝါသည် ငွေနှမှလည်းကောင်း တကူးတက ရောက်လာအားပေးကြ၏။ ဖိုးစံလှဘော်သည် တပြုံးပြုံးနှင့် ညှော်ခံစကားပြောကာ ကိုပေါ်လာ၊ ကိုဖေကြည်၊ ထိန်လင်းတို့သည် စကားပြောလိုက်၊ ထပြီး ဝေယျာဝစ္စလုပ်လိုက်နှင့် မအားမနားကြရပေ။

မိန်းမဝိုင်းတွင်မူ ဒေါ်လှမြတ်နှင့် ဒေါ်ညိုသင်းတို့သည် မြေးများအတွက် စိတ်အေးသွားဟန်ဖြင့် ခေါင်းချင်းဆိုင်နေကြသည်။ မသိုင်းခြံ၊ မပဲသာ၊ စိန်ခင်၊ စိန်ယဉ်၊ မထားအိတို့သည်လည်း စကားကောင်းနေကြ၏။

ဒေါ်ညိုသင်းက-

"ဟဲ့ ထားအိ၊ မောင်မြသိန်းတို့၊ ခင်ခင်တို့ ဘယ်အချိန် ပြန်သွားလဲ ဟဲ့" ဟု လှမ်းမေးသည်။

"ခဏပဲနေတယ် အစ်မရေ"

"သမက် မကောင်းပေမယ့် ယောက္ခမများကတော့ တော်ရှာပါတယ်တော်။ ငွေတစ်ရာတောင် ကူသွားတယ် မဟုတ်လား"

ဟု မသိုင်းခြံက ထောက်ပေး၏။

ယောက်ျားဝိုင်းတွင်မူ-

"ဘာလိုလို့နဲ့ ကွန်ဖရင့်ကြီးကလည်း နီးလာပါပကော။ ကျုပ်တို့ ရွာကလည်း ဝံသာနုအသင်းကလေးဘာလေး အချိန်မီဖွဲ့ဖို့ ကောင်းသဗျာ"

စကားစလိုက်သူမှာ ကိုတောက်ထွန်း ဖြစ်ပေသည်။

"ဟုတ်တယ်ဗျာ ကောင်းတယ်။ လုပ်ရင်လည်း မြန်မြန်လုပ်မှ။ ကျုပ်တို့ဆီက ကိုယ်စားလှယ်လေးဘာလေး တောင်းနိုင်အောင်"

ကိုပေါ်လာက ထောက်ခံသည်။

"ဦးပဥ္စင်း ဦးကောဝိဒကတော့ အင်္ဂလိပ်နဲ့ နည်းနည်းမှ မဆက်ဆံတဲ့

ဘူးအသင်းကိုပဲ ကြိုက်တယ်တဲ့ဗျ။ ဒီဝံသာနု ဂျီစီဘီအေ၊ ၂၁ ဦး ဂျီစီ ဘီအေတွေကို မကြိုက်ဘူးတဲ့ဗျ''

ကိုဖေကြည်က ပြောသည်။

''ပြောချင်ရင် ၂၁ ဦးကိုသာ ပြောဖို့ ကောင်းပါတယ်ဗျာ၊ ဝံသာနု ဂျီစီဘီအေကတော့ ကြည်ညိုဖို့ ကောင်းပါတယ်။ သမ္မတကြီး ဦးချစ်လှိုင်ဆိုရင် ''

''ဟော ဘာလုပ်ဦးမလို့ပါလိမ့်''

ဦးဖိုးထင်သည် အိမ်ဝိုင်းထဲသို့ ဝင်လာသောလူတစ်စုကို လှမ်းကြည့်ကာ ရေရွတ်လိုက်မိ၏။ ဝင်လာသူများမှာ ဌာနာအုပ် မောင်မောင်ကျော့နှင့် ပုလိပ်များဖြစ်သည်။ နောက်ပါးမှ ပါလာသူမှာ မောင်ဘအောင်၊ လူစိမ်း သုံးယောက် ဖြစ်၏။

''မင်္ဂလာဆောင်တော့ ပြီးသွားပြီ ဌာနာအုပ်မင်းရေ့၊ ကြွပါ ကြွပါ''

''မင်္ဂလာဆောင်လာတာ မဟုတ်ပါဘူးဗျာ။ အားလည်းနာပါရဲ့။ ဆွေမျိုးပေမယ့် ဝတ္တရားအရ လာရပါတယ်။ ကဲ ရှာကြဟေ့''

မောင်မောင်ကျော့သည် ပုလိပ်များအား အမိန့်ပေးလိုက်ရာ ပုလိပ်တစ်ယောက်က စားပွဲပေါ်တွင် တင်ထားသော ငွေဖလားလေးလုံးအနက်မှ ထုံးတို့ထားသော ငွေဖလား တစ်လုံးကို ဆွဲယူလိုက်၏။

''ဒီဖလား ဟုတ်သလား''

လူစိမ်းသုံးယောက်ထဲမှ တစ်ယောက်က-

''အစစ်ပါပဲဗျာ ဟုတ်ပါတယ်''ဟု ပြောသည်။

အိမ်ပေါ်ရှိ လူများမှာ ယခုထက်ထိ ဘာမျှမသိချေ။ မည်သည့် ကိစ္စအတွက် မည်သူတွေက ယခုကဲ့သို့ ဟုတ်ပါတယ်တွေ၊ အစစ်တွေ ပြောနေသည်မသိ။

''စိန်မင်းသားကို ဖမ်းရလိမ့်မယ်ဗျာ။ ဟိုကောင်ကို လက်ထိတ်ခတ် ဟေ့''

ဒေါ်ညိုသင်းနှင့် ဒေါ်လှမြတ်၊ မထားအိတို့သည် စိန်မင်းသားရှေ့တွင် မားမား ကြီး ရပ်လိုက်ကာ-

''အကျိုးဘယ်လို၊ အကြောင်းဘယ်လိုဆိုတာ ပြောဦးမှပေါ့ မောင်မောင် ကျော့ရဲ့'' ဟု ဆိုကြသည်။

''မနေ့ညတုန်းက ဇီးတောမှာ ဓားပြတိုက်တော့ ဓားပြနှစ်ယောက် ဖမ်းမိ တယ်ဗျာ။ စိန်မင်းသားပါတယ်၊ ငွေဖလားတစ်လုံးနဲ့ လက်စွပ်နှစ်ကွင်း ဝေစု ရသွားပါတယ်လို့ အစစ်ခံတယ်။ အဲ ဟိုလူဟာ ဓားပြတိုက်ခံရတဲ့ အိမ်ရှင်ပဲ''

''မေးမေးမြန်းမြန်း လုပ်ပါ ဌာနာအုပ်ကြီးရယ်''

မပဲသာက တောင်းပန်သည်။

‘‘ခင်ဗျား ဘာဝင်ရှုပ်တာလဲ၊ အဖမ်းခံသွားရမယ်။ ဘာလဲ ခင်ဗျားက ဝံသာနုလား၊ ဘူးအသင်းလား’’

‘‘ဘူးသီးလည်း မဟုတ်၊ ခရမ်းသီးလည်း မဟုတ်၊ ဘာမှ မဟုတ်ပါဘူးတော်’’

‘‘မဟုတ်ဘူး၊ ဟိုခွေးကြီးသက်သက် မတရားဉာဏ်ဆင်တာ’’

စိန်မင်းသားသည် မောင်ဘအောင်အား ငိုမလိုရယ်မလို လက်ညှိုးထိုးသည်။

‘‘လူကလေး မင်း တကယ်ပဲ ဓားပြတိုက်ခဲ့သလား၊ မှန်မှန်ပြော’’

ကိုတောက်ထွန်းက မေး၏။

‘‘ကျွန်တော်မလုပ်ဘူး အဖေ။ ကျွန်တော်တစ်ညလုံး အစ်ကိုကြီး၊ အကိုလတ်တို့နဲ့ ထိုင်ပြီး စကားပြောနေတာ။ အိပ်တော့လည်း အတူတူပဲ’’

‘‘ဟုတ်တယ် အဖေ၊ ဒါ မတရားလုပ်တာ’’

ထိန်ဝင်းက ပြောသည်။

မထားအိက-

‘‘ကိုမောင်ကျော့ ကျွန်မတို့ကို လူရာမသွင်းချင်နေပါ။ ခင်မအေး မျက်နှာကိုထောက်ထားဖို့ ကောင်းပါသေးတယ်။ ပွဲစားကြီးနဲ့ ပွဲကတော်တို့ကိုယ်တိုင် အားပေးသွားတဲ့ မင်္ဂလာပွဲပါရှင့်’’ ဟု ပြောသည်။

‘‘ကဲ ခင်ဗျားသားမပါရင် ဒီဖလားက ဘယ်က ခြေထောက်ပေါက်ပြီး လာသလဲ’’

‘‘ဟုတ်တယ်၊ ဒီဖလားကို ဘယ်သူ ငှားလာတာလဲ ဟေ့’’

ဟု မေးရင်း ကိုလုံးက အိမ်ပေါ်သို့ ဝုန်းခနဲ တက်လာလေသည်။

‘‘ဖလားတွေကိုငှားတာ ငါ ငှားတာကွ။ ဟေ့ ဟေ့ ဟာ တစ်လုံး ပိုနေပါကလား’’

ကိုဖေကြည်က ရဲဝံ့စွာပင် ဝန်ခံသည်။ သို့ရာတွင် ဖလားတစ်လုံး ပိုနေသည့်အတွက် သူ မျက်လုံးပြူးသွားရတော့သည်။

‘‘မနက်က ဖလားတစ်လုံးပိုက်ပြီး ကြမ်းတောမတော့ လာတာတွေ့တာပဲ။ ပန်းတွေ ထည့်ထားတာ တွေ့တော့ ကျွန်မလည်း အိမ်ပေါ်က ဖလားပဲထင်နေတာ။ မသင်္ကာစရာတော့ ဒါပဲ ရှိတယ်’’

‘‘ဟေ ’’

ဦးဖိုးထင်သည် ခုန်ထမိတော့၏။

''ငါ့သမီးက ဘာဖြစ်လို့ ဒီလို လုပ်ရမှာလဲ ဟင်''

''အဲဒါတော့ ကျွန်မလည်း မသိဘူး''

ဟု ပန်းယဉ်ဖြေစဉ် ဦးဖိုးထင်သည် သမီးရှုပ်ကို ကြုံးဝါးကာ အိမ်ပေါ်မှ ဆင်းသွားလေ၏။

''ငါ အခုခေါ်ခဲ့ပြီး သက်ာရှင်းခိုင်းမယ်၊ ခဏနေကြဦး''

မောင်မောင်ကျော့သည် ဦးဖိုးထင်အား စောင့်မနေနိုင်ပေ။

''ဒါတွေကို ဂါတ်ကျမှရှင်း။ ကဲဟေ့ ဟိုကောင်ကို လက်ထိတ်ခတ်ကွာ''

မောင်မောင်ကျော့က အမိန့်ပေးလိုက်လျှင် ပုလိပ်နှစ်ယောက်သည် လူအုပ်ကြီးအား သေနတ်နှင့် ထိုးချိန်လိုက်သည်။

''ဖယ် အားလုံး ဖယ်''

''မဖယ်ဘူးဟေ့၊ ပစ်လိုက်စမ်း''

ဒေါ်လှမြတ်နှင့် ဒေါ်ညိုသင်း၊ မထားအိတို့သည် အုတ်တံတိုင်းကြီးပမာ မားမားရပ်နေ၏။ သေနတ်သော ဘာသော မမှု။ ပစ်ရဲလျှင် သေရဲသည်ဟူသော မျက်နှာဖြင့် တောင့်ရပ်နေကြ၏။

''အတင်းဝင်ဆွဲကွာ''

ကျန်ပုလိပ် သုံးယောက်အပြင် မောင်ဘအောင်ပါ ဝင်၍ဆွဲလေသည်။ အဘွားကြီးနှစ်ယောက်အား တွန်းသူက တွန်း၊ စိန်မင်းသားကို ဆွဲသူက ဆွဲဖြင့် ရုန်းရင်းဆန်ခတ် ဖြစ်ရာ ထိန်ဝင်းသည် ဓားကို ပြေးဆွဲ၏။

''ဟေ့ ဝတ္တုရား နှောင့်ယှက်မှုနဲ့ အဆစ်ပါသွားမနော်''

မောင်မောင်ကျော့က လှမ်းအော်စဉ်-

''ကျုပ် မဟုတ်ဘူး၊ ကျုပ် မပါဘူး၊ လွှတ်''

ဟု အော်ရင်း ရုန်းကန်ရင်း ပုလိပ်များ၏ လက်ထဲသို့ စိန်မင်းသား ပါလာ၏။

''လွှတ် လွှတ် ငါ့မြေးကို လွှတ်''

ဒေါ်လှမြတ်သည် စိန်မင်းသား၏ ခါးကို တအားဖက်ထားတော့သည်။

''အမယ်ကြီး ထောင်ကျသွားချင်သလား။ လွှတ်ဆို လွှတ်။ မလွှတ်ဘူးလား''

''မလွှတ်ဘူးဟဲ့ မလွှတ်ဘူး''

ပုလိပ်များသည် စိန်မင်းသားအား တရွတ်ဆွဲခေါ်ရာ ဒေါ်လှမြတ်လည်း တရွတ် တိုက်ပါသွား၏။

"ဒီအဘွားကြီး သေချင်ပြီ ထင်တယ်"

မောင်ဘအောင်သည် ပတ္တာယှက်သလို ယှက်သိုင်းထားသော ဒေါ်လှမြတ်၏ လက်များကို အတင်းချိုးဖွဲ့ ဆွဲဖြုတ်ကာ တအားဆောင့်တွန်း ပစ်လိုက်၏။

"အမေ အမေ အမယ်လေး"

ဒေါ်လှမြတ်သည် လှေကားလက်ကိုင်ကို ဖမ်းပါသေး၏။ မဆုပ်မိဘဲ အောက်သို့ ထိုးကျသွားရာ မထားအိ၏ ငယ်သံပါအောင် အော်သံသည် တစ်အိမ်လုံးကို လွှမ်းခြုံ လိုက်လေသည်။

"ဟင် ဘအောင်၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ။ ဒါ မင်းအလုပ်လား"

မောင်မောင်ကျော့သည် ဒေါ်လှမြတ်အား တစ်ချက်လှမ်းကြည့်ရာက မောင်ဘအောင်၏ ကုပ်ကို လှမ်းဆွဲထားလိုက်လေ၏။

"အမေရေ အမယ်လေး အမေရဲ့"

မထားအိသည် ပုလိပ်တွေ လှေကားပေါ်မှ လွှင့်ကျအောင် ကိုယ်စောင်းတိုက်ပြီး ဆင်းပြေးသည်။ သွေးအိုင်ထဲမှ မိခင်ကိုပွေ့သည်။

"အဘွား အဘွား"

ထိန်ဝင်းသည် ဘွားအေ၏ ခေါင်းကို ထူပေး၏။ ဒေါ်လှမြတ် ခေါင်းမထူ နိုင်တော့ပေ။ ပါးစောင်မှ သွေးနက်များ စီးထွက်လျက် မျက်လုံးအစုံ ပြူးထွက်နေသည်။

ဒေါ်လှမြတ်သည် ကြိုးစား၍ ခေါင်းထောင်သည်။ ပြန်လဲ၏။ ထိန်ဝင်းက ကိုင်ပေးရာ မောင်မောင်ကျော့အား ပြူးကြည့်လျက် လက်ညှိုးထိုးသည်။

"နင် နင် အမျိုးယုတ်က မွေးတဲ့သား။ ခွေးသေဝက်သေ သေ၊ သေပါစေ"

ထိန်ဝင်း ကိုင်ထားလျက်က ခေါင်းလည်ကျသွားသည်။

"အဘွား သေပြီ၊ သေပြီ။ အမယ်လေး အဘွားရဲ့"

ထိန်ဝင်းသည် ဘွားအေအားဖက်ပြီး အော်ငိုရာက ခေါင်းထောင်လာသည်။

"ငါ့အဘွားကို သတ်တာ နင်တို့"

သူသည် ပေါက်တူးကို ပြေးဆွဲလေသည်။

"ထိန်ဝင်း မှားမယ်၊ လူလေး ဟဲ့ လူလေး"

လူအုပ်ကြီးသည် ထိန်ဝင်းအား ဆွဲထားသလို၊ ကိုတောက်ထွန်းကိုလည်း ဝိုင်းထားရသည်။ ဖိုးအေးကိုလည်း ချုပ်ထားရသည်။ လှသွယ်၏ ခင်ပွန်းနှင့် မြခြယ်၏ ခင်ပွန်းကိုလည်း အလစ်မပေးရပေ။

"ငါ အာဏာရှိတယ်ဆိုပြီး မတရားလုပ်တဲ့ ပုလိပ်"

လှေကားထိပ်မှ အောင်မြင်သောအသံ ထွက်ပေါ်လာသည်။ လူများ ငြိမ်သက်ကာ မော့ကြည့်ကြ၏။ ဖိုးစံလှဘော်သည် လှေကားထိပ်၌ တောင်ဝှေးထောက်လျက် ရပ်နေသည်။ သူ၏ ချိုင့်ဝင်နေသော မျက်လုံးများသည် အရောင်ထွက်လျက် မောင်မောင်ကျော့၏ အသည်းနေရာသို့ စိုက်ကျနေသည်။

"မတရားလုပ်တဲ့ ပုလိပ်၊ အခု မတရားဖြစ်ပြီ။ မတရားလုပ်တာကို တစ်ရွာလုံး မြင်ပြီးပြီ။ နင့်တရားကို နင်စီရင်ရမယ်။ မလှမြတ်ရဲ့ ကျိန်စာဟာ မုချ နင့်ကို ထိခိုက်ပျက်စီးစေရမယ်"

ဖိုးစံလှဘော်သည် အိမ်ဦးခန်းသို့ ပြန်သွားလေသည်။ မထားအိနှင့် လှသွယ်၊ မြခြယ်၊ မသီတို့၏ ငိုသံသည် ရွာလုံး လျှံသွားတော့၏။

မောင်မောင်ကျော့သည် မြေကြီးနှင့် ခြေနှင့် ခွာမရသလို တောင့်တောင့်ကြီး ဖြစ်နေသည်။ ပုလိပ်တစ်ယောက်က သတိပေးမှ လှုပ်ရှားလာပြီး-

"ဘအောင်ကို လူသတ်မှု၊ လူသေမှုနဲ့ အမှုဖွင့်ရမယ်ဟေ့။ လက်ထိတ်ခတ်"

ဟု အမိန့်ပေးရာက စိန်မင်းသားကို ကြည့်၏။

အနိဋ္ဌာရုံကို ဖန်တီးရကျိုး မနပ်။ စိန်မင်းသား မရှိပြီ။ အဘွားသေခြင်းကို အကြောင်းပြု၍ ပုလိပ်များ မှင်တက်မိနေစဉ် စိန်မင်းသား လက်ထိတ်တန်းလန်းနှင့် လျှိုထွက်သွားခဲ့ခြင်း ဖြစ်သည်။

မောင်မောင်ကျော့မှာ မိမိလူသတ်မှု မဖြစ်ရေးအတွက် ကိုယ်မွေးသည့် ကြက်ကို ကိုယ်ရိုက်သတ်ကာ စတေးရပေတော့မည်။ သားဖြစ်သူ၏ ဆိုးသွမ်းမှုကို အလိုတူ အလိုပါ လွှတ်ပေးထားခဲ့မိသော ဦးချစ်ပိုမှာ ယခုမှ မျက်ကလဲဆန်ပြာဖြစ်၏။ နောက်ကျသွားပြီ။ မောင်ဘအောင်မှာ လူသတ်မှုတရားခံ ဖြစ်သွားချေပြီ။

ပုလိပ်များသည် စိန်မင်းသား နောက်သို့ လူစုခွဲလိုက်ကြသေးသည်။ ရွာ၏ အကူအညီကို မရသဖြင့် ဟိုချုံတိုး သည်ချုံတိုးဖြင့် တစ်နာရီမျှအကြာတွင် ပြန်သွားကြ၏။ စိန်မင်းသားကို မမိ။

စိန်မင်းသားသည် အဘွား သေလေသလား၊ ရှင်လေသလား နားမစွင့်နိုင်ရာ။ လူရိပ်လူယောင် ဖျောက်နိုင်သော နေရာမှန်သမျှကို မှီလျက်ခိုလျက် ခြေဦးတည့်ရာ ပြေးလာသည်။

ပုလိပ်များကို လှမ်းမြင်သောအခါ သူသည် လက်ထိတ်တန်းလန်းဖြင့်ပင် ဆီးပင်တစ်ပင်ပေါ်သို့ တက်ပုန်း၏။ ဆီးပင်အုပ်အုပ်ဝဲဝဲ ထိပ်ဖျားသို့ ရောက်သောအခါ တောသားကလွဲလို့ မည်သည့်ပုလိပ်မျှ မတွေ့နိုင်အောင် လုံခြုံသွားတော့၏။

ပုလိပ်များ ပြန်သွားလျှင် စိန်မင်းသားသည် ဆီးပင်ပေါ်မှ ဆင်းခဲ့သည်။ လက်ထိတ်ကို ဖြုတ်ချင်သည်။ ဆီးပင်နှင့် မနီးမဝေးရှိ တဲထဲတွင် လူရှိသော် လက်ထိတ်ဖြုတ်အပေးခိုင်းရန် တဲထဲဝင်လာရာ သူ့တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

မိန်းကလေးတစ်ယောက်သည် ငိုနေ၏။ ဒူးနှစ်လုံးကို လက်ဖြင့်ပိုက်ကာ လက်ပေါ် နဖူးတင်၍ ငိုနေ၏။ သူသည် ရှိုက်ကာရှိုက်ကာ ငိုရင်း မသဲမကွဲ ရေရွတ်သည်။ စိန်မင်းသား ကြိုးစား၍ နားထောင်၏။ နားမလည်ပါ။

မိန်းကလေးကား ကြမ်းတောမပင် ဖြစ်တော့သည်။

"ဩ ငိုနေတယ် ဟုတ်လား ဟင်း ဟင်း "

ကြမ်းတောမ လန့်သွားသည်။

"အမယ်လေး လက်ထိတ်ကြီးနဲ့ပါကလား မောင်ကြီးရဲ့"

သူသည် စိန်မင်းသားအား ပြေးဖက်ကာ ငိုလေ၏။

"ကြမ်းတောမ နင် ဒီလို ကြံရက်လိမ့်မယ်လို့ ငါတစ်ခါမှ မထင်ခဲ့မိဘူး။ ဟင် ရက်စက်လှချည့်လား ကြမ်းတောမရယ်"

"ကြမ်းတောမကို သတ်လိုက်ပါတော့ မောင်ကြီးရယ်။ မောင်ကြီးကို ချစ်လွန်းလို့ မစဉ်းမစား လုပ်မိတာပါ မောင်ကြီး"

"ငွေဖလား အပိုတစ်လုံးကို ကြမ်းတောမ လာထားသွားတယ်ဆိုတာ အမှန်ပဲလား"

"ဟုတ်ပါတယ် မောင်ကြီးရယ်။ ကိုဘအောင်က မိမ္မေးနဲ့ စိန်မင်းသားကွဲရင် တော်ပြီတဲ့။ ဌာနာအုပ်က သူ့ဆရာမို့ စိန်မင်းသား ထောင်မကျစေရပါဘူးတဲ့။ ဒီလိုဆိုရင် သူလည်း စိတ်ချမ်းသာ၊ ကျွန်မလည်း စိတ်ချမ်းသာမယ်ဆိုလို့ လုပ်မိတာပါ မောင်ကြီးရယ်"

"အခုမှ ငိုမနေနဲ့၊ ဖယ်စမ်း။ ငါ့ကို ကြည့်စမ်း"

ကြမ်းတောမသည် လူချင်းခွာလိုက်ကာ စိန်မင်းသားအား ထိုင်၍ ရှိခိုးသည်။

"မောင်ကြီးကို ချစ်လွန်းလို့ မှားမိပါတယ် မောင်ကြီးရယ်။ ကြိုက်သလိုသာ ပြုကြပါတော့"

စိန်မင်းသားသည် အံကြိတ်၍ ကြည့်နေ၏။ သို့သော် ကြမ်းတောမအား မုန်းတီးခြင်းကြောင့် မဟုတ်။ ဖြစ်လာသမျှကို မလျှော့သောဇွဲဖြင့် ခံယူရန် မာန်တင်းလိုက်ခြင်းသာ ဖြစ်သည်။

"နင့်ကိုငါ ဘယ်လိုလုပ်ပြီး သတ်ရက်မလဲ ကြမ်းတောမရယ်။ ငါချစ်တဲ့

ကြမ်းတောမကို ငါ ဘယ်လိုလုပ်ပြီး သတ်မလဲ''

''မောင်ကြီး ကြမ်းတောမ မှားပြီ''

''မမွေးနဲ့ မှားမိတာဟာ မှားမိတာပဲ။ မှားတာရဲ့အပြစ်ကို ငါတစ်ယောက်တည်း မဟုတ်ဘဲ နင်ပါ ဝင်ခံရလို့ ငါစိတ်မကောင်းဘူး။ အခုတော့ အေးလေ ငါ မိုက်ခဲ့လို့ နင် မိုက်တာပဲ။ မပြောတော့ပါဘူး''

ကြမ်းတောမသည် ဒူးထောက်လျက် တိုးလာသည်။ စိန်မင်းသားကိုဖက်ပြီး ထရပ်သည်။ နောက် ခြေဖျားထောက်၍ နမ်းလေ၏။

''ကြမ်းတောမ အသည်းတွေကွဲပြီ မောင်ကြီးရဲ့။ ကြမ်းတောမ ရူးရတော့မယ်။ မောင်ကြီး မောင်ကြီး''

ဟု ရေရွတ်မြည်တမ်းရင်း မျက်ရည်လူးသောအနမ်းကို ငတ်မွတ်စွာ နမ်းလေသည်။

''မောင်ကြီးကို ချစ်သလား ကြမ်းတောမရယ်''

''ရင်ခွဲပေးဆိုရင် ပေးဖို့ အသင့်ပါပဲ မောင်ကြီးရယ်''

''ဒါဖြင့်ရင် မောင်ကြီးရဲ့ လက်ကလက်ထိတ် ပြုတ်အောင်လုပ်ပေး''

''ဘယ်လိုလုပ်ရမလဲ ဟင်''

''ဒီတဲထဲက ထွက်ရင် ငိုပြီး ထွက်သွား၊ ဟုတ်ပြီလား။ ဘယ်ကိုမှ မသွားနဲ့။ စိန်ခင်တို့ အိမ်ကိုသွား။ တောင်းပန်ချင်လို့ဆိုပြီး အဖေ့ကို ခေါ်ပေးပါပြော၊ ဟုတ်လား''

''မှတ်မိပါတယ် မောင်ကြီးရယ်''

''အဖေ ရောက်လာရင် တိုးတိုးကပ်ပြော။ လက်ထိတ်ဖြုတ်ဖို့ တူတို့ဘာတို့ ယူခဲ့ပါလို့။ လာရင် ညကျမှ လာပါစေ။ အဲဒါကို ဘယ်သူမှ မသိစေနဲ့နော်''

''စိတ်ချ မောင်ကြီး။ ကြမ်းတောမ အသက်နဲ့လဲပြီး ဆောင်ရွက်ပါ့မယ်''

''ငိုသွားနော်''

ကြမ်းတောမသည် စိန်မင်းသားအား လာဖက်သည်။ သည်တစ်ခါ တွင်မူ စိန်မင်းသားကပင် ဦးစွာမွေးလိုက်၏။

စိန်မင်းသားသည် ကြမ်းတောမ ထွက်သွားပြီး မကြာမီပင် အခြေအနေကို အကဲခတ်ကာ စောစောက ပုန်းခဲ့သော ဆီးပင်ဆီသို့ ပြန်လာကာ တက်ရောက် ပုန်းခိုနေလိုက်၏။

ကြမ်းတောမကို သူ ချစ်သော်လည်း မယုံရဲပေ။ ကြမ်းတောမကို ယုံချင်သည်ထား။ မိန်းမကိုကား မယုံရဲချေ။ အသက်နှင့်လဲပြီး ချစ်တတ်သည်မှာ

မိန်းမ။ ဘာကိုမျှ မကြောက်။ အချစ်အတွက်ဆိုလျှင် သတ္တိကောင်းသော မိန်းမ။ ထို့ကြောင့် အချစ်အတွက် အယူအဆလွဲကာ ပထမ မကောင်းကြံခဲ့ပြီ။ ထို့ကြောင့် ဒုတိယအကြိမ် မခံရအောင် ကြိုတင်ကာကွယ်ရခြင်း ဖြစ်သည်။

ညဉ့်သန်းခေါင်လောက်တွင် လူတစ်စုသည် ဆီးပင်အောက်မှ ဖြတ်သွား၏။ တဲထဲသို့ ဝင်သွားကြ၏။

''သားရေ စိန်မင်းသား လူလေး''

ကိုတောက်ထွန်း၏ အသံ။

''သားရေ လူလေး''

စိန်မင်းသားသည် ဆီးပင်ပေါ်မှ ဆင်းရင်း အသံပေးလိုက်သည်။

''ကျွန်တော် တဲထဲကို လာခဲ့မယ် အဖေ''

ကိုဖေကြည်က လက်ထိတ်ကို မီးအုပ်အုပ်ကလေးဖြစ်အောင် ပြ၍ ကိုတောက်ထွန်းက တူမကြီးခံကာ လက်ထိတ်ကို သံစို့နှင့် ဖြတ်သည်။ ထိုအချိန်အတောအတွင်း၌ ထိန်ဝင်းက ညီငယ်အား ထမင်းခွဲ့ပေးသည်။

ထမင်းဝသွား၏။ လက်ထိတ်မှာ မပြတ်သေးချေ။ သံကလည်း ကောင်းသဖြင့် ချိုး၍မရ။

''အဖေ ''

စိန်မင်းသားက တီးတိုး ခေါ်သည်။

''သား ဘာလဲကွယ်''

ကိုတောက်ထွန်းက ကြင်နာသံဖြင့် ပြော၏။

''အခုအတိုင်းဆိုရင် ကြမ်းတောမဟာ သူ မှားတဲ့အကြောင်းကို လူကြီးစုံရာမှာ ဝန်ခံနိုင်းရင် ဝန်ခံမှာ သေချာတယ် အဖေ''

''ညီလေးက ဘယ်လိုလုပ်ချင်လို့လဲ''

ထိန်ဝင်းက မေးသည်။

''အဲဒီလို လူကြီးစုံရာမှာ ဝန်ခံနိုင်းရင် ဖ့ိုခွေးပုလိပ် ညစ်တယ်ဆိုတာ ပေါ်သွားတာပေါ့ ကိုကြီးရဲ့။ အဲဒီတော့ မတရားစွပ်စွဲတဲ့ ဓီးကုန်းက လူသုံးယောက်ပါ ထောင်ကျမယ်။ ကျွန်တော်လည်း လွတ်မယ်''

''အင်း ''

ကိုတောက်ထွန်းသည် ချက်ချင်း အဖြေမပေးနိုင်ပေ။ သို့ကြောင့် ကိုဖေကြည်က ပြော၏။

"မဖြစ်ဘူးထင်တယ် လူလေး။ တစ်ချက်က မောင်မောင်ကျော့ဟာ သူ့အပေါ် အမှုပတ်ခံမှာ မဟုတ်ဘူး။ ဟိုလိုဒီလို လုပ်ပစ်မှာ သေချာတယ်။ နောက်တစ်ချက်က ဘအောင်နဲ့ ကြုံရာပါဆိုပြီး ကြမ်းတောမကို အပြစ်ပိအောင်လုပ်မယ်။ ဦးကုန်းက သုံးယောက် တော့ထားပါ"

"ဒါဖြင့် ကျွန်တော့်မှာ အပြစ်မရှိဘဲနဲ့ ဒီလို ပြေးနေရမှာလားဗျ"

"ခဏတော့သည်းလိုပဲ ရှောင်နေပေဦးတော့ သားရယ်။ ကွန်ဖရင့်ကြီးကျမှ ခေါင်းဆောင်ကြီးတွေကို အဖေ တိုင်မယ်။ အဲဒီအခါမှပဲ သားပြန်လာပေါ့ကွာ"

ကွန်ဖရင့်ကြီး ဆိုသည်မှာ ၂၁ ဦးများ တစ်စင်ခွဲသွားပြီးနောက် ပခုက္ကူမြို့၌ ကျင်းပသော လှိုင်ပုကျော် ဂျီစီဘီအေ၏ ခြောက်လပတ် အထူးအစည်းအဝေး ဖြစ်ပေသည်။ ဥက္ကဋ္ဌကြီး ဦးချစ်လှိုင်အား သမ္မတကြီးဟု ခေါ်ဝေါ်ကြကာ အကြည်ညိုပြင်း၊ အားအကိုးကြီး ကိုးသောကြောင့် ကိုတောက်ထွန်းက တိုင်မည်တောမည် ကြိမ်းခြင်းဖြစ်သည်။

စိန်မင်းသားသည် ဖိုးအေး၏ ယောက္ခမများ ဌေးနှင့်သို့ အပြန်တွင် လိုက်သွား၏။ ဌေးနှင့်တွင် နေရန်မဟုတ်ဘဲ ဦးလေး မောင်မိုးကောင်းရှိရာ ချီပါသို့ ခရီးဆက်ရန် ဖြစ်သည်။ စိန်မင်းသားမှာ ဘွားအေ၏ အသုဘကိုပင် မပို့နိုင်ဘဲ ဌေးနှင့်သို့ အမြန်ပြေးရရှာ၏။

မောင်မောင်ကျော့မှာမူ ဒေါ်လှမြတ်၏ သေခါနီး မျက်နှာကြီးကိုသာ မြင်ယောင်နေသည်။ ပါးစောင်မှ သွေးများ ယိုစီးလျက် ပြူးထွက်သော မျက်လုံးကြီးနှင့် ကြည့်ကာ တုန်ယင်သော လက်ညှိုးကြီးဖြင့် တဆတ်ဆတ် ထိုးနေသော ရုပ်ကြီးကို မြင်ယောင်နေသည်။ ယောက္ခမ ဒေါ်ခင်ခင်နှင့် ဇနီး ခင်မအေးကို မျက်နှာပြရန် ခက်တိုင်း ရာဇဝတ်အုပ်တစ်ယောက်၏ အိမ်တွင် အရက်ချည်း ဖိသောက်နေ၏။

"နင် နင်  အမျိုးယုတ်က မွေးတဲ့သား၊ ခွေး  ခွေးသေ ဝက်သေ သေ သေပါစေ"

ဒေါ်လှမြတ်၏ အသံကိုချည်း ကြားသည်။ မျက်နှာကြီးသည် မှုးလေ ထင်ရှားလေ ဖြစ်သည်။

"မတရားလုပ်တဲ့ ပုလိပ်၊ အခု မတရားဖြစ်ပြီ။ နင့်တရားကို နင် စီရင်ရမယ်။ မလှမြတ်ရဲ့ ကျိန်စာဟာ နင့်ကို မုချ ထိခိုက်ပျက်စီးစေရမယ်"

ဖိုးစံလှဘော်၏ အသံသြကြီးကား တစ်မြို့လုံးကို ဖုံးလွှမ်းလေသလော၊ ကျယ်လောင်လှလေစွ။ မောင်မောင်ကျော့သည် နားပင်းမည် ကြောက်၍ နားနှစ်ဖက်ကို တင်းကျပ်စွာ ပိတ်ထား၏။

"အမျိုးယုတ်က မွေးတဲ့သား၊ ခွေးသေ ဝက်သေ သေပါစေ။ မတရားလုပ်တဲ့

ပုလိပ်၊ အခု မတရားဖြစ်ပြီ။ နင့်တရားကို နင် စီရင်ရမယ်။ မလှမြတ်ရဲ့ ကိုနှံစာဟာ နင့်ကို ထိပြီ''

မောင်မောင်ကျော့မှာ နေစရာမရှိအောင် ကြောက်လာသည်။ စိတ်၏ ချောက်ချားခြင်းကို ခြောက်လုံးပြူးက ရဲဆေးမတင်နိုင်။ အရက်က မကာကွယ်နိုင်။ အမူးလွန်ကာ ဗုန်းဗုန်းလဲ၍ အိပ်ပျော်မှသာ သောက ခဏအေးရတော့သည်။

အိပ်ရာမှ နိုးလာသောကာလတွင် မောင်မောင်ကျော့မှာ ဒေါ်လှမြတ်၏ မျက်နှာကြီးနှင့် ကိုနှံစာ၊ ဖိုးစံလှဘော်၏ ကိုနှံစာတို့က ခြိမ်းခြောက်မြဲ ခြိမ်းခြောက်နေ၏။ အရက်သောက်၏။ မူးပြီးလဲကာ အိပ်ပျော်သွားတော့မှ ဒုက္ခအေးတော့၏။

ဤနည်းဖြင့် ခုနစ်ရက် သံသရာလည်ကာ ခုနစ်ရက် ပြည့်မြောက်သောနေ့ နံနက်တွင် အရက်မသောက်ရသေးမီ အိမ်မှ အစေခံတစ်ယောက် အခေါ်ရောက်လာသည်။ ''မမက အခေါ်လွှတ်ပါတယ်'' ကလွဲ၍ ဘာမျှ မေးမြန်းစုံစမ်း၍ မရချေ။

အိမ်ပေါ်တွင် မြို့ပိုင်၊ နယ်ပိုင်နှင့် အိမ်နီးချင်း လူကြီးလူကောင်းအချို့ ရောက်နေသည်။

''ကျွန်တော်တို့ကို ဖိတ်ထားပြီး ဌာနာအုပ်မင်းက ဘယ်ကို ကြွနေတာလဲဗျ''

မောင်မောင်ကျော့မှာ ဘာမျှ မဖြေတတ်ပေ။ မိမိမဖိတ်ကြောင်း ပြောရန်လည်း မဖြစ်။ အလိုက်သင့် ပြန်ဖြေနေစဉ် ခင်မအေးက အခန်းထဲမှ ထွက်လာပြီး -

''ကိုမောင်မောင်ကျော့နဲ့ ကျွန်မနဲ့ အခုအချိန်ကစပြီး ကွာရှင်းပြတ်စဲကြောင်း လူကြီးစုံရာမှာ အသိပေးပါတယ် ရှင့်''

ဟု ဆိုင်းမဆင့် ဗုံမပါ ပြောချလိုက်လေ၏။

မောင်မောင်ကျော့ မျက်လုံးပြူးသွားသလို ကြွရောက်လာသူများမှာလည်း-

''ဟင် ကျုပ်တို့ကို လက်ဖက်ရည်သောက် ကြွပါဆိုလို့လာတာ''

စသည်

''ဘယ်လို ဖြစ်တာလဲဗျာ'' စသည်

''အို မဟုတ်တာဗျာ'' စသည်ဖြင့် စိတ်မကောင်းစွာ ထိတ်ထိတ်လန့်လန့် ရေရွတ်ကြသည်။

''ကိုယ့်အပြစ်ကို ဝန်ခံတယ် မဟုတ်လား ဌာနာပိုင်ကြီး''

ခင်မအေးက မောင်မောင်ကျော့အား လှမ်းမေး၏။

''မောင် ဘာလုပ်မိလို့လဲကွယ်''

မောင်မောင်ကျော့က ဆွေးမြည့်ဝမ်းနည်းစွာ မေးသည်။

"မရှည်ရင် ကောင်းမယ် ကိုမောင်မောင်ကျော့။ ကူးတို့ဆိပ်မှာ မှို့အိတ်ဖွင့်ရင် မျက်နှာကပ်ကုန်မယ်"

"လူကြီးချင်း ပြတ်စဲတာကတော့ ဟုတ်ပါပြီကွယ်၊ ကလေးကို ဘယ့်နှယ် လုပ်မလဲ"

"ကလေးမျက်နှာကို ထောက်ထားရင်၊ အရှည်တွေးရင် ဒီပြဿနာ ပေါ်စရာ မရှိပါဘူးရှင်။ ဘာမှ ထပ်မပြောရင် ရှင့်အတွက် ကောင်းတယ်နော်"

"ဘယ်လိုဖြစ်တာလဲ ဒေါ်ခင်မအေးရယ်။ ကျွန်တော်တော့ ဝမ်းနည်းလို့ မဆုံးဘူးဗျာ"

မြို့ပိုင်က စိတ်မကောင်းစွာ မေးသည်။

"သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ အလုပ်ကို ထိခိုက်မှာစိုးလို့ မပြောပါရစေနဲ့ရှင်"

"ကိုယ် တောင်းပန်ပါတယ် ခင်ရယ်"

"ရှင် ဒီလို လုပ်မနေနဲ့ ကိုမောင်မောင်ကျော့။ ဟောဒီမှာ ကွာရှင်းပြတ်စဲကြောင်း စာချုပ်။ အခု ရှင်လုပ်ရမှာက စာချုပ်ကို လက်မှတ်ရေးထိုးဖို့ပဲ။ လက်မှတ်မထိုးတာနဲ့ တစ်ပြိုင်နက် ကွာရှင်းရခြင်းအကြောင်းကို ရှင်းပြမယ်လေ"

မောင်မောင်ကျော့သည် စာချုပ်ကို ဖတ်ကြည့်ပြီး လက်မှတ်ထိုး လိုက်လေသည်။

"ကဲ လက်မှတ်ထိုးပြီးရင် ကြွပေတော့။ ရှင့်ပစ္စည်းအားလုံး အောက်က မြင်းရထားထဲမှာ အသင့်ထည့်ထားပြီးပြီ"

မောင်မောင်ကျော့သည် ဧည့်သည်များကို နှုတ်မဆက်ပေ။ ခေါင်းငိုက်စိုက် ချလျက် အိမ်ပေါ်မှ ဆင်းလာရာ မြေကြီးနှင့်ခြေနှင့် ထိသည်နှင့် ချက်ချင်း အသံဆိုးကို ကြားရလေ၏။ စောစောက သူ့စိတ်ကို ခင်မအေးက ချုပ်နှောင်ထားခဲ့၍ ထိုအသံနှင့် ထိုမျက်နှာတို့ ပျောက်နေသည်။ ယခု ဖြေလွှတ်လိုက်သောအခါ ဒေါ်လှမြတ်၏ မျက်နှာကြီး ပေါ်လာသည်။ လုံးထွေးနေသော ကျိန်စာကြီးတွေက ကျယ်လောင်လာ၏။

ထိုအချိန်တွင် ခင်မအေးသည် ဧည့်သည်များကို အနူးအညွတ်တောင်းပန်သည်။ ဒေါ်ခင်ခင်ကလည်း ထပ်မံတောင်းပန်၏။ ဧည့်သည်များမှာ စိတ်မကောင်းစွာဖြင့် ဆင်းလာ ကြရသည်။

ခါတိုင်းဆိုလျှင် အိမ်တွင် တကုပ်ကုပ်ထိုင်ရသည်ကို ငြီးငွေ့လျှင်၊ တချောက်ချောက် လှုပ်ရှားလုပ်ကိုင်ရသဖြင့် ညောင်းညာလျှင်၊ ဒေါ်ညိုသင်းသည် တစ်အိမ်ကျော်ရှိ ဒေါ်လှမြတ်ထံသို့ ကူးသွားပြီး စကားစမြည် ပြောနိုင်၏။ ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန်ရင်း ရယ်စရာတွေ့ပါက တစ်ယောက်နှင့် တစ်ယောက် တွန်းနိုင်ထိုးနိုင်၏။

ဒါနအကြောင်း၊ သီလအကြောင်း၊ ဘာဝနာအကြောင်း ဆွေးနွေးနိုင်သည်။ ဇာတိအကြောင်းကို ဖြစ်စေ၊ ဇရာအကြောင်းကို ဖြစ်စေ၊ ဗျာဓိအကြောင်း၊ မရဏအကြောင်းကို ဖြစ်စေ နှီးနှောနိုင်၏။ ရပ်ထဲရွာထဲက လူများအကြောင်းကို ရောက်တတ်ရာရာ သတင်းချင်း ဖလှယ်၍ အတင်းလည်း ပြော၏။ တစ်ခါတစ်ရံ သမ္မတကြီး ဦးချစ်လှိုင်အကြောင်းကို ပြောသည်။ သူ ရောက်လေရာ မြို့တိုင်းတွင် အမျိုးသမီးများက ဆံပင်ဖြန့်ခင်းပေးကြသည့် အကြောင်းစသည်။

ယခုတော့ မည်သူနှင့် စကားပြောရပါမည်နည်း။ ဒေါ်ညိုသင်းသည် အမှတ်မဲ့ စိတ်လွှတ်ကာ တစ်အိမ်ကျော်သို့ ကူးလာပြီး ''မလှမြတ် ဘာလုပ်နေလဲ''ဟု မေးနေကျအတိုင်း မေးမိမည် ဖြစ်ပြီးမှ လွှတ်သော မေ့သော စိတ်ကို ထိန်းမိကာ 'သြော် သူ မရှိတော့ပါကလား' ဟု အသိဝင်လာသည် ဆိုလျှင် ရင်ထဲမှာ ဟာသွားလေ၏။

လက်ငါးချောင်းရှိနေ၊ ကိုင်တွယ် လှုပ်ရှားနေရာက လေးချောင်းသာ ရှိတော့သော အဖြစ်မျိုး၊ သွားစုံစုံလင်လင်နှင့် ဝါးနေရာက ချက်ချင်းလက်ငင်း သွားအများအပြား ကျိုးကြေသွားသည့် အဖြစ်မျိုးနှင့် ရင်တွင်း ဟာသွားရလေ၏။

အိမ်ကြီးတွင် ထိန်ဝင်းနှင့် စံပယ်မတို့နေကြရာ လင်မယား နှစ်ယောက်လုံး ကိုင်းထဲသို့ ထွက်နေကြသည်။ နွားတင်းကုပ်ထဲ၌ နွားမမြင်။ အိမ်ခေါင်မိုးမှ မီးခိုးမထွက်။ ဒေါ်လှမြတ်၏ ချောင်းဆိုးသံ မကြားရ။ အိမ်ကြီးမှာ ကျီးနှင့် ဖုတ်ဖုတ်တည်း။

ဒေါ်ညိုသင်းသည် အိမ်ရှေ့၌ ယောင်ခြောက်ခြောက် ရပ်နေသည်။ ဆက်၍ ရပ်နေရမည်လား၊ ထိုင်ရမည်လား၊ မန်ကျည်းသီးမှည့်တွေပဲ လျှောက်ကောက်ရမည်လား မသိ။

''မညိုသင်း ဘာလုပ်နေလဲ''

ဖိုးစံလှဘော်သည် တောင်ဝှေး တဒေါက်ဒေါက်ထောက်လျက် လျှောက်လာရင်း လှမ်းမေးသည်။ ဒေါ်ညိုသင်းမှာ နားဝေတိမ်တောင် အကြည့်ဖြင့် လှမ်းကြည့်ရင်း- ''တော်'' ဟုသာ ပြောနိုင်သည်။

''အတူတူနေနေကျ သူငယ်ချင်းမိတ်ဆွေ မရှိတော့ နေရထိုင်ရ ပျင်းခြောက်ခြောက်ကြီး ဖြစ်နေမှာပေါ့လေ၊ အင်း ''

ဒေါ်ညိုသင်းသည် ဤသည်အထိ စကားမဆိုမိသေး။ မည်သည့် စကားလုံးမျှ သူ့နှုတ်ဖျားသို့ ရောက်မလာချေ။

''ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကားကွေကွင်း နောက်ဆုံးရှိချေ၏တဲ့ မညိုသင်းရေ့။ အရင်သွားတဲ့လူနဲ့ နောက်သွားတဲ့လူပဲ ကွာပါတယ်။ ရှင်သေမင်း ခေါ်ရာ

ကိုတော့ သွားရမှာချည်းပါပဲ''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်''

''တစ်သက်လုံး လင်မီး၊ သားမီးတွေ လောင်ခဲ့ပြီးပြီ။ မသေခင် စပ်ကြားမှာ ကိုယ့်ဖို့ ကုသိုလ်ကောင်းမှုကလေးများ ပါသွားအောင် မြေးသံယောဇဉ်၊ သမီးသံယောဇဉ်တွေကို ဖြတ်ပြီး မီးတွေကိုငြိမ်းဖို့ တော်ပြီဗျ''

''မှန်ပါတယ်ရှင်''

''ဟော အစ်မက ဒီကို ရောက်နေတာကိုး''

မထားအိသည် ပြောပြောဆိုဆို အနားရောက်လာသည်။

''ဟင်းရည်သောက်ကလေး ချက်မလို့၊ ဟင်းရွက်ထွက်ခူးချင်တာနဲ့ အစ်မကို ဆွမ်းလောင်းလိုက်စမ်းပါ ပြောမလို့ကြည့်တော့ မရှိတော့ဘူး။ ရင်ထဲကို ပူသွားတာပဲ အစ်မရယ်''

''အေးအေး ငါလည်း ပျင်းတာနဲ့ပဲဟဲ့။ သွားလေ ငါ လာခဲ့မယ်''

''မသွားတော့ဘူး။ စိန်ခင် ခူးလာတာ တွေ့တာနဲ့ ငါ့ တစ်ခါခတ်ပေးခဲ့ဆိုပြီး တောင်းထားလိုက်တယ်။ ထမင်းအိုးဟင်းအိုး အကုန်ကျကုန်ပြီ အစ်မ''

''အေးဟယ် ငါလည်း မလှုမြတ်မရှိတော့ နေရထိုင်ရ တစ်မျိုးကြီးပဲ။ မြေးကလေး လူမိုက်ဆီ သွားချင်သလိုလိုပဲအေ။ ညကအိပ်မက်လည်း မက်တယ်။ နေထိုင်မှုကောင်းရဲ့လား မသိပါဘူး''

''အစ်မသားလာရင် ပြောကြည့်ပေါ့။ ကျွန်မအထင်တော့ လွှတ်မယ် မထင်ဘူး။ အစ်မက အရင်လို မဟုတ်တော့ဘူး၊ ချူချာလာပြီ''

''ဒါပေါ့လေ ဇာတိနယ်ကို ရောက်လာတော့ ဗျာမိတရားက အစွမ်းပြလာတာပေါ့လေ''

ဖိုးစံလှဘော်က တရားသံဖြင့် ညည်းတွားလေသည်။

''တရားလည်း သိသင့်သလောက် သိပါတယ် ဦးစံလှဘော်ရယ်။ သို့ပေသည့် နှလုံးမသွင်းနိုင်ဘူး။ စိတ်က ဟိုရောက်ဒီရောက် ကပေါက်တိကပေါက်ချာပဲ။ မြေးကလေးနဲ့များ တွေ့ရင် စိတ်အေးချမ်းမလားလို့ပါ''

''ခင်ဗျားဟာက သားဆိုးအမေ မဖြစ်ရတော့၊ မြေးဆိုးအဘွား တဖားဖားဖြစ်နေပါပေါ့လားဗျ''

''ဘဝက ရေစက်ပါပဲ ဦးစံလှဘော်ရယ်။ မြေးကြီးကလည်း ကုပ်ကမြင်းဆိုးတာပါပဲ။ မြေးလတ်က မဟုတ်မခံ ကြွပ်ဆတ်ဆတ်။ သူလည်း တစ်မျိုးဆိုးတာပါပဲ။

ဒီမြေးလေးကလည်း အင်းလေ တစ်မျိုးစီပါပဲ''

ဒေါ်ညိုသင်းမှာ ထိုအချိန်မှစ၍ မြေးငယ် စိန်မင်းသားကို တတမ်း တတ ဖြစ်လာသည်။ ရံဖန်ရံခါတွင် မတွေ့ရတာ ကြာသော သားငယ်ကိုပါ တွေ့ချင်သည်ဟု ပြောလာ၏။

ကိုတောက်ထွန်းသည် မိခင်အား ဝေးဝေးလံလံ မသွားစေချင်ပေ။ မသွားအောင် ဖျောင်းဖျပေးရန် အရပ်ကို အကူအညီတောင်းသည်။ သို့ကြောင့် ဖိုးစံလှဘော်က တရားပြသည်။ ကိုပေါ်လာ၊ မသိုင်းခြုံက အတူနေ မြေးနှင့်သားကို ပစ်မထားခဲ့သင့်ဟု ဆိုသည်။ ကိုဖေကြည်၊ မပဲသာက သမီးကလေး ပန်းယဉ်မပေါ့မပါးနှင့် မထားခဲ့ရန် တောင်းပန်၏။

ဒေါ်ညိုသင်းကား မည်သူ ပြောသည်ကိုမျှ နားမဝင်ချေ။ ကိုတောက်ထွန်းသည် ယောက်ဖ တိုင်းကျော်အား လိုက်ပို့ခိုင်းရန် စီစဉ်ရတော့သည်။ သို့စဉ်တွင် ကိုသာကျော် ကောက်ခါင်ကာ ဖျားသဖြင့် တိုင်းကျော်၊ ပန်းယဉ်နှင့် လွှတ်ရန် အစီအစဉ်ကိုဖျက်၍ ထိန်ဝင်းနှင့် စံပယ်မတို့ လိုက်ပို့စေရန် ပြောင်းလဲ စီစဉ်ရတော့သည်။

ထိန်ဝင်း၊ စံပယ်မတို့သည် ဒေါ်ညိုသင်းအား ပထမ ဌွန်သို့ ပို့မည်။ ထိုကမှ တစ်ဆင့် စိန်မင်းသားရှိရာ ချီပါသို့ သွားမည်။ သို့သော် မသိသင့်သူများ မသိအောင် သာယာဝတီသို့ သွားမည်ဟု သတင်းလွှင့်ထား၏။

ထိုအတောအတွင်း၌ ရွာတွင် ထူးဆန်းသော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ပြန်သည်။

ယင်းမှာ မိမွေး ပျောက်ဆုံးခြင်းပင် ဖြစ်၏။ ရွာသူရွာသားများက အမျိုးမျိုး ဝေဖန်ကြသည်။ မင်္ဂလာဆောင်ရုံဆောင်ရပြီး မပေါင်းရသောလင်ကို လွမ်းသောကြောင့်ဟု ဆိုသူက ဆိုသည်။ ရှက်သောကြောင့်ဟု မှတ်ချက်ချသူက ချ၏။ ဖအေဆူသဖြင့် စိတ်ညစ်ကာ မြစ်ထဲခုန်ချခြင်း ဖြစ်မည်ဟု မှန်းဆသူက မှန်းဆသည်။

မြစ်ထဲမှာ ရှာသူက ရှာ၊ ရိုးထဲမှာ စမ်းသူ စမ်း၊ တောကြိုအုံကြား မွှေသူက မွှေနှင့် သုံးရက်အလွန်တွင် လက်လျှော့လိုက်ကြကာ ထိန်ဝင်းနှင့် စံပယ်မတို့လည်း စိတ်မကောင်းစွာဖြင့် ခရီးထွက်လာကြ၏။

ပခန်းကြီးသို့ သင်္ဘောဆိုက်သောအခါတွင် သာအောင်နှင့် မြခြယ်တို့က ဆင်းတွေ့ကြသည်။ ကြိုတင် အကြောင်းကြားထားခြင်းမရှိဘဲနှင့် တော့တော့ဆိုင်ဆိုင် လာတွေ့သည့်အတွက် ထိန်ဝင်း မသင်္ကာပေ။ သို့သော် မြခြယ်က ကြာရှည် ထိမ်ဝှက် မထားချေ။

''ဒီမှာ မမွေး ရောက်နေတယ်၊ ညည်းတို့နဲ့ လိုက်မလို့တဲ့''

''အစ်မ ဟုတ်လား''

မိမွေးသည် ဆိပ်ခံပေါ် ကုန်စည်များ နောက်တွင် ပုန်းကွယ်ရာမှ ထွက်လာသည်။ သူ့အား အားလုံးက အပြစ်တင်ကြသော်လည်း ဒေါ်ညိုသင်းက အပြစ်မတင်ချေ။

''ညည်း စဉ်းစားကြည့် စံပယ်။ အဖေ့ရှေ့မှာ မိုက်ကြီးတကားကားနဲ့ ငါ ရှုက်တယ်။ ပြီးတော့ ဒီမိုက်က မိသားဖသားပီပီရတာမဟုတ်တော့ သာပြီးရှုက်သေးတယ်။ အဲဒီလိုနေတုန်းမှာ အဘွားကခေါ်ပြီး တိတ်တိတ်ကလေး သညာပေးလို့ ဒီက လာစောင့်နေတာ''

# မြောက်

အနောက်ဆီ၌ မီးခိုးသည် ရွေ့လျားနေ၏။ ရထားလမ်းတွင် သွားသော မီးရထားမှ မီးခိုး ဖြစ်ပေမည်။

မြောက်ဘက်၌ မိမိနှင့်တကွ မိမိ၏ဆွေမျိုးများပါ နေထိုင်သော လင်းတကုန်း ရွာသည် ညို့ညို့ကုပ်ကုပ် တည်ရှိ၏။ အနောက်ဘက် မြောက်ယွန်းယွန်း၌ ကျွန်းကုန်းရွာ ကို မြင်ရသည်။ ယင်း၏ မြောက်ဘက်တွင်မူ ကျားကိုက်ပျက်ရွာပေတည်း။ နောက် လွှစာကုန်းပင် ဖြစ်ပေမည်။ အနောက်ဆီက မှိုင်းမှိုင်းစုစု။ တောင်ဆီတွင် ကံသာရွာသစ်။

"ဩော် မီးရထားတောင် ဝင်လာပါပကော"

ထိန်လင်းသည် အနောက်ဆီသို့ မျှော်ကြည့်ရင်း ရေရွတ်ရာက-

"မီးရထား ဝင်လာတော့ကော၊ ငါ့မှာ မျှော်စရာ မရှိပါကလား"

ဟု ဆက်လက် မြည်တမ်းသည်။

မိရွှေမကို ထိန်လင်း မမေ့ချေ။ လွမ်းမည်ဆိုလျှင် မိရွှေမကိုသာ လွမ်းရတော့ မည်။ သို့သော် မိရွှေမနှင့် ပြန်လည်ဆုံရလိမ့်မည်ဟု သူမထင်။ လွမ်းရုံသာ လွမ်းမည်၊ တမ်းတရုံသာ တမ်းတရပါတော့မည်။

အနောက်ဘက်ကမ်းကုန်းပေါ်သို့ လူသုံးယောက် တက်လာသည်။ ထိန်လင်း သွားရမည့် လမ်းအတိုင်း ရင်ဆိုင်ပြုလျက် ဆင်းလာကြလေ၏။ သူတို့သည် နေရောင်ကို နောက်ခံပြု၍ လျှောက်လာကြသည့်အတွက် မည်သူမည်ဝါဟု ထိန်လင်း ရုတ်တရက်မသိ။

''သူက ဘယ်သူလဲဗျ၊ ဒီရွာက မဟုတ်ဘူး ထင်ပါတယ်''

ဝါးတစ်ရိုက်ကွာသို့ ရောက်လာကြလျှင် မိမိတို့ လင်းတကုန်းရွာသားများ ဖြစ်ကြသော ဦးသိုက်စိုးနှင့် ကိုဖေမောင်အပြင် မျက်နှာစိမ်းတစ်ယောက်ဖြစ်သည်ကို ထိန်လင်းသိလိုက်သည်တွင် မျက်နှာစိမ်းလူက ထိန်လင်းအား စေ့စေ့ကြည့်ရာက ဦးသိုက်စိုးနှင့် ကိုဖေမောင်တို့အား မေးသည်။

ထိန်လင်းသည် ထိုမျက်နှာကို ဤရွာတွင်လည်းကောင်း၊ ရွာဝန်းကျင်တွင် လည်းကောင်း တစ်ကြိမ်မျှ မြင်ဖူးသည်ဟု သတိမထားမိ။ သို့ရာတွင် ဤမျက်နှာနှင့် ခပ်ဆင်ဆင် မျက်နှာကိုကား နီးနီးကပ်ကပ် မြင်ဖူးတွေ့ဖူးရုံမက ကောင်းသော အရေးအခင်း ဖြင့်ပေလော။ သို့တည်းမဟုတ် မကောင်းသော ကိစ္စကြီးငယ်ဖြင့်ပေလော။ စွဲစွဲထင်ထင် ဆက်ဆံရဖူးသည်ဟု စိတ်က သတိရသလိုလို ခံစားမိ၏။

ဦးသိုက်စိုးက-

''ဦးကျော်ဟိုးရဲ့ မြေးပါကွာ။ အညာက ရောက်လာတာ ကြာပါပြီ။ မင်းက အခုတလော ဒီဘက်ကို မရောက်လို့ပါ''

ဟု ဖြေရာက ထိန်လင်းကို ဆက်ပြောသည်။

''ဟေ့ အညာသား၊ ဟောဒါ ကိုစိန်အုံးရဲ့တူ စိန်ရတဲ့၊ မှတ်ထား။ တို့ရွာသူနဲ့ အိမ်ထောင်ကျပြီး အခုတော့ အုန်းတောစုမှာ နေတယ်၊ ကြားလား''

''ဟုတ်ကဲ့ ခင်ဗျ''

''ဦးကျော်ဟိုးရဲ့မြေး ဆိုရင်တော့ မခေဘူးထင်တယ်ဗျ။ သူလည်း ဝံသာနု ကလေး ဖြစ်မှာပဲ''

ဟု ကိုစိန်ရက ရယ်သွမ်းသွေးရင်း မှတ်ချက်ချသည်။

''ကဲ ကဲ မင်းအဘိုး စိတ်မချဘဲ နေဦးမယ်။ သွားပေတော့''

ဟု ကိုဖေမောင်က ပြောသည်။ ထိန်လင်းသည် ဟုတ်ကဲ့ဆိုကာ ရွာဘက်သို့ လျှောက်လာလျှင် ဦးသိုက်စိုးတို့ သုံးယောက်လည်း သုံးဆယ်ချောင်းကွေ့ဘက်သို့ ဆက်လျှောက်သွားကြ၏။

ထိန်လင်းသည် ကိုစိန်ရအား မည်သည့်နေရာတွင် တွေ့မြင်ဖူးသည်ဟု စဉ်းစား၍မရ။ ရာဇဝတ်အုပ် မောင်မောင်ကျော့၏ မျက်နှာကိုသာ မြင်လာရသည်။ မောင်မောင်ကျော့နှင့် ကိုစိန်ရတို့၏ မျက်နှာများသည် ခပ်ဆင်ဆင်တည်း။

မောင်မောင်ကျော့ကိုကား ထိန်လင်း မေ့တ္တာမရှိ။ မောင်မောင်ကျော့နှင့် ရုပ်ချင်းဆင်သော ကိုစိန်ရကိုမူ ထိန်လင်း မမုန်း၊ မချစ်။ မုန်းရန်၊ ချစ်ရန် အကြောင်း

စိုးစဉ်းမျှ ဖြစ်ပွားခြင်း မရှိသေးသူကို အကြောင်းမဲ့ ချစ်ရန်မှာ မလွယ်ချေ။

"ထိန်လင်းရေ ငါနဲ့ လိုက်ခဲ့စမ်းပါကွ"

ရုတ်တရက် ပေါ်လာသော အသံကြောင့် ထိန်လင်းတန့်သွားသည်။ တောင်ကြည့် မြောက်ကြည့်နှင့် အသံရှင်ကို ရှာဖွေသည်။

"ငါ ဒီမှာပါကွ"

အသံပေးရင်း ထွန်းစိန်သည် သစ်ပင်ပေါ်မှ ဆင်းလာ၏။

"ငါ့ကျွဲကြီး ကျန်နေခဲ့လို့ကွ"

"ဆိုးကြီးလားဟေ့"

"ဟုတ်တယ် ဒီပြင်ကောင်တွေဝင်လာတာ ကြာပြီ။ သူ ပါမလာဘူး။ သစ်ပင်ပေါ်က တက်ကြည့်တာလည်း မမြင်ဘူး"

"ခင်မောင်တို့ ဘိုကြီးတို့ ကျွဲအုပ်ထဲများ ရောပြီး ပါသွားသလားကွာ"

"ကြည့်ပြီးပြီဟေ့။ မင်း မလိုက်ချင်လို့ စကားများနေတာလား"

ထွန်းစိန်က အသက်ပြင်းပြင်းရှူရင်း စိတ်မရှည်ဟန်ဖြင့် ပြော၏။ ထိန်လင်းသည် လန့်သွားဟန်ဖြင့် မော့ကြည့်ကာ ပြုံးသည်။

"လိုက်ပါတယ်ကွာ၊ လိုက်ပါတယ်။ စိတ်တော့ မဆိုလိုက်ပါနဲ့ ဟဲ ဟဲ"

"အရင်တစ်ခါ ဆော်ထားလို့ တော်တော်ငြိမ်နေပြီးသား၊ အခုထပ်ပြီး ဖောက်သွားတာကွ။ တွေ့များတွေ့ရင်တော့ မသက်သာဘူးဟေ့"

ထွန်းစိန်က သစ်ပင်ရင်းမှ ဝါးတုတ်ကြီးကို မျက်စောင်းထိုးကြည့်ရင်း ကြုံးဝါးသည်။ ထိုအချိန်က ဆိုးကြီးသည် မကြာခဏ ဒုက္ခပေး၏။ ဒုက္ခတစ်ခါပေးလျှင် နှစ်ရက်သုံးရက် ကြာသည်။ ထွန်းစိန်နှင့် ထိန်လင်းတို့သည် မော်ကုန်းလူးတွင် ဆိုးကြီးရှိနေသည့် သတင်းကို ရလျှင်ရချင်း လိုက်သွားရာ ဆိုးကြီး ထွက်ပြေး၏။ အိမ်မပြန်ချင်သောကြောင့် လူကပ်မခံခြင်း ဖြစ်သည်။

ဆိုးကြီး နောက်သို့ နံနက်အချိန်မှ စတင်၍ မလျှော့တမ်း လိုက်လာရာ နေဝင်ခါနီးမှ အုန်းတောအင်းထဲတွင် မိ၏။ ထွန်းစိန်သည် ကျွဲမြီးကို လက်ဝဲလက်တွင် ရစ်ပတ် ဆုပ်ကိုင်ထားပြီး ဆိုးကြီး၏ မြီးထူးရိုးကို ဝါးတုတ်ဖြင့် တအားဆော်၏။

တစ်ချက် ရိုက်ခံရလျှင် ဆိုးကြီး ပြေးသော်လည်း ထွန်းစိန်သည် အမြီးဆွဲလျက် ရေထဲမှ တန်းလန်း လိုက်ပါလာသည်။ ဆိုးကြီး အပြေးရပ်မှ တစ်ချက်ထပ်ရိုက်၏။ ဤနည်းဖြင့် နှိပ်စက်လိုက်ရာ ဆိုးကြီး ခြေကုန်လက်ပန်းကျသွားမှ အမြီးရစ်ထားသော လက်ကိုဖြုတ်ကာ လိမ့်၍ရိုက်ရာ ဆိုးကြီးလဲလေသည်။ ထိန်လင်းသာ ဝင်ရောက်

မတားဆီးလျှင် ထွန်းစိန်သည် အသေရိုက်ကောင်းရိုက်မည်။

ထိုအချိန်မှ စတင်ပြီး သေဝပ်ငြိမ်ဆိမ်နေခဲ့သော ငဆိုးကြီးသည် ယခု လယ်ပိတ်ချိန်၌ ဖွေဖောက်လာဟန် တူသည်။

"ငါလည်း ငဆိုးကြီး မပါဘူး ထင်လို့ကွ။ ငါတို့ လယ်နားက လူးအိုင်နားမှာ ကျွဲတချို့ ရှိနေခဲ့တယ်။ ငါ မကြည့်ခဲ့မိဘူး။ အဲဒီကို ပထမ သွားရအောင်"

ထိန်လင်းက ရှေ့ဆောင်ကာ နောက်ကြောင်းပြန် လှည့်လာ၏။

"ထိန်လင်းရေ ဟိုမှာ ဟိုမှာ"

"ဘာလဲ ငဆိုးကြီးလား"

ထွန်းစိန်က ခပ်လှမ်းလှမ်းသို့ လက်ညှိုးညွှန်၏။ သူညွှန်ရာ ကြောင်ညှာကုန်းနှင့် စမ်းတွင်းရှာသွား လယ်ကြားလမ်းတွင် အစိတ်ခန့်ရှိသော လူတစ်စုကို မြင်ရသည်။

"ဘာလဲကွ မင်းဟာက"

"ဟိုမှာ လူတွေကွ"

"လူတွေ ဘာဖြစ်လဲ၊ သူ့ဘာသာသူ သွားတာ"

"ငါ မသင်္ကာဘူးကွ"

"ဘာမသင်္ကာတာလဲကွ။ မသင်္ကာစရာ ဘာလက်နက်မှ မပါပါဘဲကလား"

"ဘာမှ မပါပေမယ့် ငါ့စိတ်ထဲက မသင်္ကာတာကို ပြောတာကွ"

ထိန်လင်းက ရယ်မောပြီး ထွန်းစိန်အား တွန်းလိုက်ရာ ထွန်းစိန်မှာ ကန်သင်းပေါ်မှ ချော်ကျသွားသည်။

"မင်း လူတစ်ဖက်သားကို သက်သက်လှန့်တဲ့ အကောင်ပဲကွ။ ဒီလူတွေဟာ အစည်းအဝေးတစ်ခုခုက ပြန်လာတဲ့ လူတွေဖြစ်မှာပါကွာ"

ထွန်းစိန် ကန်သင်းပေါ်သို့ ပြန်ရောက်လျှင် ထိန်လင်းက ပြောခြင်းဖြစ်၏။ ထွန်းစိန်က-

"သူတို့လူကြီးတွေကလည်းကွာ ဘာမှန်းမသိပါဘူး။ အစည်းအဝေးတွေ ခဏခဏလုပ်၊ ပိုက်ဆံ ခဏခဏကောက်။ ပြီးတော့ အစ်မ(အမေ)နဲ့ ဦးလေးနဲ့ မခေါ်ဘူးကွာ။ အင်္ဂလိပ်ဆို မုန်းတဲ့ လူချင်းချင်း မခေါ်ဘူးတဲ့"

ဟု ပြောသည်။

"အသင်းချင်း မတူလို့ ဖြစ်မှာပေါ့ကွ။ မင်းအမေက နှစ်ဆယ့်တစ်ဦး၊ မင်းဦးလေက ဝံသာနု။ ဒါမှမဟုတ်လည်း မင်းအမေက ဝံသာနု၊ မင်းဦးလေးက နှစ်ဆယ့်တစ်ဦး ဖြစ်များနေမလား"

''မသိပါဘူးကွာ။ ဦးလေးကတော့ အဖေ့ကို ပြောတာပဲ၊ အခွန်တော် မဆောင်ဘဲနေရင် ဒုက္ခတွေ့ကုန်လိမ့်မယ်တဲ့ကွ''

''မင်း မသကာဘူးဆိုတဲ့ ဟိုလူတွေဟာ အဲဒီအခွန်တော်မဆောင်ဖို့ စည်းဝေးကြတာ ဖြစ်မှာပဲကွ။ စည်နှစ်ခွက လူကြီးတွေလား၊ ကြောင်ညှာကုန်းကလား မသိတယ်''

''ဟ အခွန်တော်မဆောင်ရင် အစိုးရက ဖမ်းမှာပေါ့ကွ''

''သူတို့က အင်္ဂလိပ်အစိုးရဟာ သူတို့ရဲ့ အစိုးရ မဟုတ်ဘူးတဲ့ကွ။ ဘာကြောင့်လဲဆိုရင် အင်္ဂလိပ်ဟာ ငါတို့တိုင်းပြည်ထဲကို အတင်းဝင်လာပြီး အတင်း အုပ်ချုပ်နေတာတဲ့။ အုပ်ချုပ်ဖို့ လူတွေကျတော့လည်း ငါတို့ တိုင်းသူပြည်သားတွေက တင်မြှောက်ထားတာ မဟုတ်လို့ ဘာခိုင်းခိုင်း မလုပ်နိုင်ဘူး။ ဘာတောင်းတောင်း မပေးနိုင်ဘူးတဲ့''

''အဲဒါ မင်းအဘိုးက ပြောတာ မဟုတ်လား''

ထွန်းစိန်က သရော်သလိုလို အသံဖြင့် မေး၏။

''အဘိုးက ပြောတာ မဟုတ်ဘူးကွ။ အဘိုးဆီလာတဲ့ လူတွေ ပြောသံကြားတာ''

သူတို့နှစ်ယောက် စကားပြတ်သွားကြသည်။ ထိန်လင်းတို့လယ်နှင့် နီးလာသောကြောင့်လည်း လယ်၏ ဟိုဘက်တွင်ရှိသော လူဆီသို့ စိတ်ရောက်နေကြ၏။

ရိုးတစ်ခုဘေးမှ ကပ်အသွားတွင် ရိုးထဲမှ ကျွဲသံလိုလို ကြားရသည်။

''ငဆိုးကြီးအသံ ထင်တယ်ကွ။ ကိုင်းပင်ရိပ်ခိုပြီး ရိုးထဲမှာ စိမ်နေတာ ထင်တယ်။ ဒီကောင်က ဉာဏ်လည်းများတယ်။ လာဟေ့ သွားကြည့်ရအောင်''

ထိန်လင်းက ထွန်းစိန်၏ လက်ကို ဆွဲထားပြီး-

''မင်း မြင်ရင် ထွက်ပြေးနေဦးမယ်။ မင်း နေခဲ့''

ဟု ဆိုကာ ထိန်လင်းတစ်ယောက်တည်း ရိုးဘေးသို့ ကပ်လာ၏။

ငဆိုးကြီး၏ အသံကို နောက်ထပ်မကြားရတော့သဖြင့် ထိန်လင်း တွေရပ်နေစဉ် သူ့လက်ဝဲဘက်ဆီမှ ကျွဲတစ်ကောင်၏မြည်သံကို ကြားရသဖြင့် ထိုဘက်သို့ လှမ်းလိုက်သော်လည်း ထိန်လင်း၏ ခြေသည် ရှေ့သို့မတိုး၊ မူလနေရာတွင် ပြန်ကျသည်။ သူ့ရှေ့သရက်ပင်ကြီး ပင်စည်၏ ဟိုဘက်မှ လူသံလိုလို ကြားလိုက်ရသောကြောင့် ဖြစ်၏။

''လူသံလား မသိဘူး၊ ကြားတယ်ရှင့်။ ဖယ်ပါဦး''

မိန်းမသံ ဖြစ်သည်။ ထိန်လင်း မျက်လုံးပြူးသွားလေသည်။

''ဒီလိုပဲ သွားကြလာကြတဲ့ လူတွေနေမှာပါ။ ဒီဘက်ကို မလာပါဘူး''

ယောကျ်ားအသံကား တရုတ်တစ်ယောက်၏ အသံဖြစ်၏။

''အောက်နားမှာ ကျွဲတစ်ကောင် ရှိတယ်ရှင့်။ ကျွဲပျောက်ရှာတဲ့ လူနဲ့ တိုးနေပါ့မယ်။ ကျွန်မ သွားပါရစေတော့''

''မနက်ဖြန် ဒီကိုလာဦးနော်''

''ခဏခဏဆိုရင် လူတွေ သိကုန်ပါလိမ့်မယ်။ ရှင့်ဆိုင်ကို ကျွန်မ အမြဲ လာနေတာပဲ''

''အေးလေ ဟုတ်ပါတယ်''

''ဒါပဲနော် ကိုရှောင်၊ ကျွန်မယောက်ျားသိရင် ကျွန်မတော့ အသက်နဲ့ကိုယ် အိုးစားကွဲမှာပဲ။ နှုတ်လည်းလုံပါ။ အနေအထိုင်လည်း ပိရိပါစေနော်''

''စိတ်ချ စိတ်ချ''

''ရှင့်စာအုပ်ထဲက ဈေးကြွေးတွေ ဘယ်တော့ ရော်ပစ်မှာလဲဟင်''

''ဒီကပြန်ရင် ချက်ချင်း ရော်ပစ်မယ်လေ''

''ကိုရှောင့် ကျေးဇူးကို ကျွန်မ မမေ့ပါဘူးရှင်။ ကျွန်မ သွားမယ်နော်''

ထိန်လင်းသည် လယ်ထဲသို့ ခုန်ချကာ စပါးပင်များကြားတွင် ထိုင်နေလိုက်ရလေ၏။ သို့သော် သူ့ဘက်သို့ မည်သူ တစ်စုံတစ်ယောက်မျှ လျှောက်လာခြင်းမရှိချေ။ သူသည် စိန်ထွန်း၏ အော်ခေါ်သံကြားမှ ထလာမိသည်။

အရှောင်ဆိုသည်ကား ထိန်လင်းတို့ လင်းတကုန်းရွာမှ ကုန်စုံဆိုင်ပိုင်ရှင် တရုတ်ပေတည်း။ ယင်းတရုတ်၏ ဈေးကြွေးများ အဆမတန် တင်ရှိလာကာ ဆပ်လည်း မဆပ်နိုင်၊ ထိုဆိုင်မှ လွဲ၍လည်း မှီခိုစရာ မရှိသော မိန်းမတစ်ယောက်သည် မိမိတို့ အိမ်ထောင်၏ ဝမ်းရေးကို ကိုယ်နှင့်ရင်း၍ ဖြေရှင်းဟန်တူ၏။ မိန်းမကား မည်သူပေနည်း။

ထိန်လင်းမှာ ငဆိုးကြီးကို ရိုးထဲမှ ခေါ်ထုတ်ကာ ထွန်းစိန်၏ လက်ထဲသို့ အပ်လိုက်ပြီးနောက် နောက်မှ တိတ်ဆိတ်စွာ လိုက်ပါလာသည်။

ဒီမိန်းမဟာ ဘယ်သူလဲ၊ ဘယ်သူလဲ။

ဤသည်ကိုသာ ထိန်လင်း တွေးလာမိ၏။ ဤကိစ္စကြောင့် ထိန်လင်း နှုတ်ဆိတ်နေသည်။ စိန်ထွန်းက ပြတ်တောင်းပြက်တောင်း ပြောသွားသော်လည်း ထိန်လင်း ဝင်မပြောမိ။

''ဟေ့ကောင် တိတ်လှချည့်လားကွ။ ဘာတွေ စဉ်းစားလာသလဲ။ ကေ့ခ္ခ စောရင်တို့ ခင်ထွေးတို့ကို စိတ်ကူးလာတယ် ထင်တယ်။ နှစ်ယောက်လုံးတော့ မဖြစ်ဘူးကွ။ တစ်ယောက်ဆို တစ်ယောက်မှဖြစ်မယ် ဟား ဟား''

''မဟုတ်ပါဘူးကွာ''

စောရင်၊ ခင်ထွေး ဆိုသည်မှာ ထိန်လင်းနှင့် ရွယ်တူ သူငယ်ချင်းမ ညီအစ်မ ဖြစ်သည်။

"မဟုတ်ဘူး ဆိုပေမယ့် သူတို့ကိုကြည့်ရတာတော့ ဟုတ်သလိုကြီး ပါကလား"

"ဟော့ကောင် မိန်းကလေးနဲ့ ယောက်ျားလေး မခင်ရတော့ဘူးလားကွ။ ခင်ရင် ကြိုက်နေကြပြီ ဖြစ်ရောလား"

"ဟဲ ဟဲ စတာပါကွာ"

ရွာထဲသို့ ဝင်လာသဖြင့် သူတို့သည် သည်စကားကို ဖြတ်လိုက်ကြ၏။ သူတို့အား စိန်ထွန်းအောက် တစ်ယောက်ခြား ကောင်ကလေးက ဆီးကြိုသည်။

"ငဆိုးကြီး အစ်ကို သတ်လို့ သေပြီတဲ့ဗျ။ အဖေက ပြောနေတယ်"

"ဟုတ်တယ်ကွ သတ်မလို့ဘဲ။ ငါ တောင်းပန်လို့ ငဆိုးကြီးမသေတာ"

ဟု ထိန်လင်း ရယ်မောပြောသည်။

"သတ်ရင် ကျွဲသား စားရမှာဗျ"

"မင်း တော်တော်ဆိုးတဲ့ အကောင်ပဲ"

ဆိုကာ ထိန်လင်းသည် အိမ်သို့ပြန်လာ၏။ သူ ပြန်လာရာ ရွာလမ်း တစ်လျှောက်ရှိ အိမ်များ၌ သူငယ်ချင်းတို့သည် အလုပ်များနေကြသည်။

ဘိုကြီးသည်-

"ဘယ်က လာတာလဲကွ" ဟု လှမ်းမေး၏။

မိနီသည် နွားမီးထည့်နေသဖြင့် ထိန်လင်းကို မမြင်ချေ။

မောင်မြင့်ကမူ ကျွဲချေးတစ်ဖက်ဖြင့် လှမ်းပစ်ကာ နှုတ်ဆက်သည်။

မိရီသည်-

"ရှင့်အဘိုး လာမေးသွားသေးတယ်။ ဘယ်ဝင်နေလဲ"

ဟု ရေသယ်ရင်း လှမ်းမေး၏။

"ထွန်းစိန် ငဆိုးကြီးပျောက်လို့ လိုက်သွားတာပါဟာ၊ တွေ့ခဲ့ပါပြီ"

အဘိုးက လိုက်မေးနေသည်ဆိုသောအခါ ထိန်လင်း၏ခြေများ သွက်လာသည်။ နွားတင်းကုပ်ထဲတွင် မီးခိုး တအူအူနှင့် နွားမီးထည့်နေကာ အိမ်ပေါ်တွင် မီးလက်နေပေပြီ။ သည်လိုဆိုလျှင် အဘိုး ရောက်နေပေပြီ။

"ဟော့ကောင် ဘယ်တွေ လျှောက်သွားနေတာလဲကွ ဟေ"

ခြေရင်းအိမ်မှ ကိုရှိန်ထွန်းက အော်မေးသဖြင့် မိရီကို ဖြေသည့်အတိုင်း ပြန်ဖြေပြီး

အိမ်ပေါ်သို့ တက်လာရာ မီးဖိုထဲမှ ဟင်းနံ့ရသည်။ ဦးကျော်ဟိုးမှာမူ အိမ်ရှေ့တွင် ထိုင်နေလေသည်။

“အဘိုး ဆာပြီလား”

ဟု လှမ်းမေးရင်း မီးဖိုထဲသို့ ဝင်လာ၏။ မီးဖိုထဲတွင် ကိုရှိန်ထွန်း၏သမီး တင်မေနှင့် ထွန်းစိန်၏ညီမ အပြုးတို့ ခေါင်းချင်းပူးကာ တစ်စုံတစ်ရာ တီးတိုး ပြောနေကြသည်။ ထိန်လင်းအား အပြုးက ဆီး၍ဆူ၏။

“ဒီကတော့ သူ ကြိုက်တတ်မှန်းသိလို့ ငါးဟင်း လာပို့ရတယ်။ သူက ဘယ်သွားနေမှန်း မသိဘူး”

“နင်တို့ ငဆိုးကြီးပျောက်လို့ ထွန်းစိန်နဲ့ လိုက်သွားရတာ ခင်ဗျားရဲ့ သိလား”

“တွေ့ခဲ့လား ဖယ်ပါ၊ အပြုး လုပ်ပါ့မယ်”

ထိန်လင်းက ထမင်းစား စားပွဲခုံကို အပြင်ထုတ်ရန် ပြင်သဖြင့် အပြုးက တွန်းပစ်ကာ စားပွဲခုံကို ယူထုတ်သွား၏။ တင်မေက ဟင်းခပ်ပေးရင်း ထိန်လင်းအား-

“နင်တို့ မြေးအဘိုး စားရေးသောက်ရေး မပူရအောင် ဒီကောင်မကို နင်ယူ လိုက်ဟယ်”

ဟု မတိုးမကျယ် ပြောလေသည်။ ထိန်လင်းက ဟင်းပန်းကန် လှမ်းယူရင်း စိုက်ကြည့်နေ၏။ တင်မေသည် ပြုံးရာက ကြိုးစား၍ ဟန်လုပ်ကာ ဣန္ဒြေဆည်နေသည်။

“နင် ယူပါလား၊ ငါ မယူဘူး”

ထိန်လင်းက စိတ်ဆိုးမာန်ဆိုး ပြော၏။

“မိန်းမချင်းချင်း ယူလို့ ဖြစ်မလားဟ အညာသားရ”

တင်မေက မျက်စောင်းထိုး၍ ပြုံးစေ့စေ့ ပြောလိုက်လျှင် အပြုးပြန်ဝင်လာကာ နားစွန်နားဖျား အကြားနှင့် မေးလေ၏။

“ဘယ်သူက ဘယ်သူ့ကို ယူမှာတဲ့လဲ”

“သူတို့ မြေးအဘိုးအေ စားရေးသောက်ရေး အဆင်ပြေအောင် ညည်းကို ယူထားဖို့ အညာသားကို ငါက အကြံပေးတာပါအေ”

“ကိုထိန်လင်းက ဟုတ်လား”

“အေး ဟုတ်တယ်”

“ဘယ်သူ့ကိုလဲ”

“ညည်းကိုဟေ့ ညည်းကို”

ဖျတ်ခနဲ အပြုး၏နှုတ်ခမ်းတွင် အပြုးဝင့်သွားသော်လည်း ချက်ချင်း နှုတ်ခမ်း

စူကာ မျက်နှာနီသွားပြီး-

''ညည်း မကောင်းဘူးအေ၊ မခေါ်တော့ဘူး''

ဆိုရင်း ချာခနဲ လှည့်ထွက်၍ လှေကားမှ ပြေးဆင်းသွားလေ၏။

ထိန်လင်းသည် ဦးကျော်ဟိုးရှေ့ရှိ စားပွဲခုံပေါ်သို့ ဟင်းပန်းကန်များ သွားတင်ပြီးနောက် အပြုံးနောက်သို့ လိုက်သေး၏။ အပြုံးသည် ဝေးသွားပြီ။

''နင် တော်တော်ဆိုးတယ်၊ ခမျာမှာ ဘယ်လောက် ရှက်မလဲ၊ စိတ်ဆိုးသွားပြီ''

သူက သူ့ထက် တစ်နှစ်ကြီးသော တင်မေကို ထိုးမည် ကြိတ်မည့်ဟန်ဖြင့် မာန်၏။

''ဟင်း ဒီကောင်မလား စိတ်ဆိုးမှာ။ သိပ်သဘောကျသွားတာ''

''နင် အရမ်းအရမ်း မပြောနဲ့''

ထိန်လင်း၏ အသံက ကျယ်လောင်သွားသည်။

''နင် ငါ့ကို မအော်နဲ့ အညာသား''

''အော်မယ် နင်လုပ်တာ ကောင်းသလား။ နင့်ဟာ နည်းနည်းမှ ကိုယ်ချင်းစာစိတ် မရှိဘူး''

''အမယ် ငါက စေတနာနဲ့ ပြောတာသိလား။ ဟိုက နင့်ကို သိပ်ကြိုက်နေတာ။ ဟင်း သူကဖြင့် ဘာမှ မသိဘဲနဲ့''

''ခွေးမနော် ခွေးမ၊ ငါ ဘခွေးကို သွားတိုင်ရမလား''

''နင်သာ ခွေး၊ ငါ ခွေးမဟုတ်ဘူး''

''ဟဲ့ ဟိုအိမ်မှာ ခွေးနဲ့ကြောင် ကိုက်နေပြီလား ဟင်။ ဘယ်လိုဖြစ်ကြတာလဲ''

ကိုရှိန်ထွန်း၏ ဇနီးသည် ခြေရင်းအိမ်မှ လှမ်းအော်သည်။ ဦးကျော်ဟိုးကလည်း-

''ဟဲ့ လာကြလေ၊ ထမင်းစားရအောင်။ ဟဲ့ တင်မေ နင်ပါ တစ်ခါတည်း ဝင်စားသွား၊ လာ လာ'' ဟု လှမ်းခေါ်သည်။

''မစားချင်ပါဘူး အဘိုးရယ်။ အဘိုးမြေးက လူကို မျက်စောင်းကြီး ခဲခဲနေတာ၊ ကျွဲကုပ်ကြီးလိုပဲ''

ထိန်လင်းသည် တင်မေအား ပြန်လှန်ချေပခြင်းမပြုဘဲ ထမင်းထည့်ပြီး ငုံ့စား၏။ တင်မေသည် အနားတွင် ဆက်လက် ရပ်နေပြီး-

''အဘိုးက ခေါ်ပေမယ့် သူက ခေါ်တာမှ မဟုတ်တာ။ သူ့လုပ်စာကလေးကို နမြောလို့။ အေးလေ မောင်နှမချင်းဆိုတော့ ဘယ်မှာ သဒ္ဒါပါ့မလဲ''

ဟု မခံချင်အောင် စနေသောအခါ ထိန်လင်းသည် ဖြုန်းခနဲထရပ်ကာ

တင်မေအားကုပ်မှ ဆွဲနှိမ်၍ အထိုင်နိုင်းသည်။

"ကဲ စားစမ်း၊ ကုန်အောင် မစားရင် သတ်မယ်"

ပန်းကန်ပို တစ်ချပ်ထဲသို့ ထမင်းတောင်းထဲမှ ထမင်းတွေ ကုန်အောင် သွန်ထည့်ပေး၏။ မဆံ့သည့်အတွက် ဖိသိပ်ပြီးမှ ထပ်ထည့်သည်။ တင်မေမှာ ထိန်လင်းကို မော့ကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်နေလေတော့၏။

"အမယ် ရယ်မနေနဲ့ စား"

"ဒါတော့ နင်က ရွဲ့တာပဲဟ"

"ဟုတ်သားပဲ သားရယ်၊ ဒါတွေကို ဘယ်မှာ အကုန်စားနိုင်ပါ့မလဲကွယ်"

ဦးကျော်ဟိုးက တပြုံးပြုံးဖြင့် ဝင်ရောက်တောင်းပန်သည်။ ထိန်လင်းသည် ပြုံး၍ ထမင်းစားနေ၏။ ဘာမျှ မပြောတော့။

ထမင်းစားပြီး၍ တင်မေ ထမင်းပွဲသိမ်းနေချိန်တွင် ထိန်လင်းသည် နွားမီး ဆင်းထည့်ပြီးနောက် ဦးကျော်ဟိုးအနားသို့ ရောက်လာသည်။ သူသည် တစ်ညနေလုံး သူ့စိတ်ကို ညှဉ်းဆဲခဲ့သော တရုတ်နှင့် မြန်မာတို့၏ မျောက်ဇာတ်ကို ဖွင့်ပြောလေ၏။

"အဲဒါ ဘယ်သူများ ဖြစ်မလဲ အဘိုးရဲ့"

ဦးကျော်ဟိုးသည် ထိန်လင်း၏ အမေးကို မကြားသည့်အလား လက်ဖက် အဖုံးကို လက်ဖြင့်ကိုင်ထားရင်း ငြိမ်သက်စွာ ငေးမောနေလေသည်။ ဦးကျော်ဟိုးသည် သိပ်သည်းသော အမှောင်ပြင်ကြီးကို မြင်နေရ၏။ အမှောင်ပြင်ပိန်းကြီးထဲမှ လင်းလက်နေသော မီးရောင်ကလေးများမှာ အလင်းရောင်ဟု မဆိုနိုင်လောက်အောင် သေးငယ်သည်။

"ကျွန်တော် စိတ်မကောင်းဘူး အဘရယ်"

ထိန်လင်း၏ ညည်းတွားသံကို တုံ့ပြန်ပုံမှာ ကြီးမားလေးလံသော သက်ပြင်း ချခြင်းသာ ဖြစ်၏။

"လင်ကြီးငုတ်တုတ်ထားပြီး လူမျိုးခြားနဲ့ မျောက်မထားတာ အဘိုးတို့ လူကြီးတွေက ဒီလိုပဲ ကြည့်နေတော့မလား"

ဦးကျော်ဟိုးသည် လက်ဖက်အုပ်ကို လွှတ်လိုက်ကာ ဆေးလိပ်တိုကို ကောက်ကိုင်၏။ မီးမညှိသေးဘဲ ငေးနေသည်။

"အင်း တရုတ် ကုန်စုံဆိုင်ရှင် တရုတ် အင်း ကရုတ်"

ဟု လေးလေးကြီး ရေရွတ်ပြီးမှ-

"အရှောင်ရယ် ဘယ်သူရယ် မဟုတ်တော့ပါဘူး လူကလေးရယ်။ တို့ မြန်မာတစ်ပြည်လုံး သူတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝ ရောက်တဲ့နေ့ကစပြီး

တို့လူမျိုး အညွန့်ကျိုးခဲ့ရပါပြီ။ တရုတ်တွေ၊ ကုလားတွေဆိုတာကလည်း မြို့ရော တောပါ ပြုံဆင်းလာကြပြီ။ မြို့တွေမှာ တရုတ်၊ ကုလား ဆိုင်တွေချည်းရှိသလို အဘိုးတို့ ရွာတွေမှာလည်း တရုတ်၊ ကုလားက မရောင်းရင် ငတ်သေကြရမယ့် ဘဝကို ရောက်နေ ကြပြီ လူကလေး''

ဦးကျော်ဟိုးသည် ဆေးလိပ်ကို မီးမညှိတော့ဘဲ အသာချထားလိုက်လေ၏။ သူသည် အမှောင်ထဲသို့ ငေးကြည့်နေရာတွင် ရှေးအခါက အနေအထိုင် ရိုးသားခဲ့သော မြန်မာများ၊ သိက္ခာရှိခဲ့သော မြန်မာတိုင်းရင်းသူများကို မြင်ယောင်ကောင်း မြင်ယောင် နေမည်။

''လူလေးက တရုတ်နဲ့ ဖောက်ပြားတဲ့ မိန်းမကို မိမဲလား မိဖြူလား အမည်နာမ သိချင်နေတယ်နော်''

''ဟုတ်တယ်အဘိုး ဒါလောက်သစ္စာမဲ့တဲ့ မိန်းမရဲ့မျက်နှာကို စေ့စေ့ ကြည့်ချင်လို့''

''အေး မိနီ မိဝါ အမည်နာမသိဖို့ မလိုပါဘူးကွယ်။ ငါတို့လူမျိုးထဲက ကုမ္မာရီအမျိုးသမီးတွေဟာ တရုတ်၊ ကုလားရဲ့ မယားဘဝကို ကျရောက်ကုန်ပြီလို့ပဲ မှတ်ထားပါသားရယ်။ မြန်မာမတွေသာ မဟုတ်ဘူး။ ကရင်မတွေ၊ မွန်မတွေ၊ ရခိုင်မတွေလည်း အမျိုးကိုမစောင့်နိုင်တော့ဘူး သားရဲ့။ ဝံသာနုရက္ခိတ တရားကို ပစ်ပယ်ပြီး တရုတ်၊ ကုလားရဲ့ မယားဘဝကို ရောက်ကုန်ကြပါပြီ''

''ဘယ်ကောင်းမလဲ ဘရယ် ကိုယ့်လူမျိုးထဲမှာ ယူစရာရှားလို့လား''

ထိန်လင်းသည် မကျေမနပ် မေး၏။ ဝံသာနုရက္ခိတတရား ဆိုသည်မှာ အမျိုးကို စောင့်ရှောက်ရမည့် တရားဟူ၍ သူ နားလည်သည်။

''ဒါတွေဟာ သူ့အကြောင်းနဲ့ သူ့အကျိုးဆိုတာလို ဖြစ်လာတာပါ သားရယ်။ ငါတို့ လူမျိုးဟာ တစ်နှစ်လုပ်စာကို သုံးနှစ် စားမကုန်ခဲ့တဲ့ လူမျိုးပါ။ ဒီရွာက စပါးကို ဟိုရွာက ပဲ၊ ဟိုရွာက ငရုတ်၊ ဟိုရွာက ဝါနဲ့ လဲလို့၊ ဖလှယ်လို့။ ငွေနဲ့ ကြေးနဲ့ ရောင်းတာဝယ်တာ နည်းပါတယ်။ မင်းတုန်းမင်းတရား ရွှေလက်ထက်တော်ကျမှ ငွေနဲ့ ကြေးနဲ့ နည်းနည်းပါးပါး ရောင်းကြဝယ်ကြတာပါ။ ဆန်းဆန်းပြားပြား စားစရာ သောက်စရာဆိုလည်း မင်းတုန်းမင်း လက်ထက်လောက်ကျမှပဲ မြို့ကြီးပြကြီးတွေမှာ ခေါက်ဆွဲဆိုတာ၊ ပေါက်စီဆိုတာတွေ ပေါ်လာပေမယ့် တောသူတောင်သား ဘဝမှာ တော့ ရိုးရိုးနေ ရိုးရိုးစားခဲ့ကြတာကလား အင်း''

ဦးကျော်ဟိုးသည် ဆေးလိပ်ကို မီးညှိဖွာလိုက်ကာ တစ်ချက်ညည်းရင်း

ပြောပြန်သည်။

''အဘိုးတို့ အရပ်ကို ဝိလယာ ခေါ်တောကုလားတွေ ရောက်လာတာဟာ အဘိုးတို့ရွာတွေ ပျက်စီးဆုတ်ယုတ်တာရဲ့ အစပါပဲ သားရယ်။ အဲဒီကုလားတွေကို ခေါ်လာတာဟာ အင်္ဂလိပ်ကွယ့်။ အဲဒီလို တောကြိုအုံကြားက အဘိုးတို့ရဲ့ တောင်သူ လယ်သမားတွေ ပျက်စီးအောင် လုပ်သလို၊ မန္တလေးမှာ စိုးစံနေတဲ့ မင်းတုန်းမင်း တရားကြီးရဲ့ နိုင်ငံတော် ပျက်စီးအောင်လည်း အင်္ဂလိပ်ပဲ ကြံစည်တာပဲ သားရဲ့။ အဲဒါကတော့ အနုနည်း ဆိုပါတော့ကွယ်''

''ဘယ်လို လုပ်တာလဲ အဘိုး''

''မင်းတုန်းမင်းရဲ့ အထက်မြန်မာပြည်မှာနေတဲ့ လူတွေကို အင်္ဂလိပ်ပိုင်နက်ထဲ လာချင်အောင် မြေတွေ အလကား ဝေတာမျိုးပေါ့ကွာ။ ဘယ်သူပဲဖြစ်ဖြစ် တောတိုးပြီး လယ်တည်ရင် ဒီလယ်ကို ကိုယ်ပိုင်တာပဲကွယ့်။ နောက်ပြီး သုံးနှစ်တန်သည်၊ လေးနှစ် တန်သည် အခွန်လွတ်တယ်။ ဒါဟာ ထုံးစံဖြစ်ပေမယ့် မသိတဲ့လူတွေဟာ မြေတွေကို အင်္ဂလိပ်ကပေးနေပြီဆိုပြီး လိုမ့်ဆင်းလာကြတယ် သားရဲ့။ သို့သော်လည်း အင်္ဂလိပ် ဘယ်လိုပဲ ယုတ်မာပေမယ့် မင်းတုန်းမင်းရဲ့ နိုင်ငံတော်ဟာ မပျက်ခဲ့လို့ သီပေါလက်ထက် မှာ စစ်တပ်နဲ့ တိုက်ယူခဲ့ရတယ် မဟုတ်လား''

''နို့ ချစ်တီးတွေကကော အဘိုးရယ်၊ သူတို့က ဘယ်ကလာတာလဲ''

''ချစ်တီးတွေလည်း အင်္ဂလိပ်ပဲ ခေါ်လာတာပဲ လူလေးရဲ့။ ချစ်တီးတွေဟာ မဒရပ်ကလာတော့ ပိတ်ဖြူကလေးတစ်စကို ပတ်ပြီး ကြေးအိုးကလေး တစ်လုံးပဲပါတယ်။ သူတို့ကို အင်္ဂလိပ်က ငွေထုတ်ပေးတော့ အဘိုးတို့ ကုလားစာမတတ်တဲ့ တောင်သူ လယ်သမားတွေကို ကုလားစာနဲ့ရေးထားတဲ့ စာချုပ်နဲ့ လှောက်ပြီး ငွေချေးတယ်လေကွာ။ အဘိုးတို့ ရွာတွေမှာလည်း ကုလားလက်ဖက်ရည်ဆိုင်၊ တရုတ်ခေါက်ဆွဲဆိုင်၊ တရုတ် ကုန်စုံဆိုင်တွေ ပေါ်လာပြီး ခေါက်ဆွဲတို့၊ ကော်ဖီတို့ စားရသောက်ရမှ လူဖြစ်တော့သလိုလို ကိုးကွ။ ရိုးရိုးမနေ ရိုးရိုးမစားချင်လို့ ချစ်တီးဆီက အိမ်တိုင်ရာရောက် လာပေးတာကို အကြွေးရရင် ဆင်တောင်ဝယ်စီးမယ့် လူတွေက ချေးကြ ယူကြသကွ။ စာချုပ်ထဲမှာ ဘာတွေ ရေးထားမှန်း မသိဘူး၊ ထိုးထိုးဆို လက်မှတ်ထိုးလိုက်တာပဲ''

''တကယ်လိုလို့ ချေးတာကော မရှိဘူးလား အဘိုးရယ်''

ထိန်လင်းက စိတ်မကောင်းဟန်ဖြင့် မေးပြီးလျှင် ဦးကျော်ဟိုးအား ငေးကြည့် နေသည်။

''ရှိပါတယ်ကွယ်။ ကျွဲ နွား ဝယ်ဖို့၊ လယ်ပြင်ဖို့၊ လယ်ချဲ့ဖို့ အစ

ရှိသဖြင့်ပေါ့ကွယ်။ စပါးဈေးကလည်း မကြုံဖူးအောင် ကောင်းလာတာကိုးကွယ့်။ တချို့နှစ်များဆိုရင် တစ်ပိဿာကျော် နှစ်ပိဿာဈေးနီးပါးဆိုတော့ မက်လုံးရှိလို့ ချေးကြတယ်။ တချို့လည်း လယ်စရိတ် ဆိုပါတော့လေ။ သို့သော်လည်း အရင်းခံကတော့ လွယ်လွယ်ရလို့ ချစ်တီးရဲ့ စာချုပ်မှာ လက်မှတ်ထိုးကြတာပဲ သားရဲ့။ စင်စစ်တော့ အပင်းထည့်တာပါပဲ သားရယ်''

ဦးကျော်ဟိုးသည် ဆေးလိပ်ကောက်ဖွာကာ ငေးမောနေသည်။ သူသည် အနီးအနား ကျေးရွာများသို့ ရောက်ရှိသွားတိုင်း ချစ်တီး၏ အပင်းလုံး ကြီးထွားလာသဖြင့် လယ်၊ အိမ်၊ ကျွဲ၊ နွားများ ချစ်တီး၏ သိမ်းယူခြင်း ခံရသည်များကို မြင်ရကြုံရ၏။ စကားစပ်မိသောအခါ ဤမကောင်းဆိုးရွား အမြင်အာရုံများမှာ ထကြွလာသည်။ ဦးကျော်ဟိုးသည် ငေးမောနေရာက ရေရွတ်ယောင်၊ မြည်တမ်းယောင် ပြု၏။

''ချစ်တီးက နိုပ်စက်၊ တရုတ် ကုလားက နိုပ်စက်၊ အင်္ဂလိပ်က နိုပ်စက်နဲ့၊ ကြာလာတော့ ဝံသာနုရက္ခိတ တရားကို လျစ်လျူရှုလာကြပြီ သားရေ့။ အင်း ကုလားဖြူ အင်္ဂလိပ်ကိုသာ အသက်နဲ့လဲပြီး တစ်ညီတစ်ညွတ်တည်း တိုက်နိုက်ကြရင် အခုလို မဖြစ်ဘူး။ အခုလို အမျိုးဂုဏ် မညစ်နွမ်းဘူး။ အင်း ဦးထိ ဦးထိ''

ဦးကျော်ဟိုးသည် အင်္ဂလိပ် ခုခံချေမှုန်းရေး တိုက်ပွဲများတွင် လက်တွဲ ခင်မင်ခဲ့ရသော ရောင်းရင်းတစ်ယောက်၏ အမည်ကို ကြေကွဲစွာ ရေရွတ်နေမိသည်။

ဦးထိ ဆိုသည်ကား။

## ခုနစ်

အင်္ဂလိပ်အား ခုခံဆန့်ကျင်ရေးသမား ကရင်၊ မြန်မာတို့၏ ခေါင်းဆောင်ကြီး ဦးဂေါင်းကြီးကို ဗြိတိသျှတို့က ဆုငွေ နှစ်ထောင်မှ ဆုငွေ နှစ်သောင်းအထိ တိုးမြှင့်ထုတ်ပြန်ခဲ့သော်လည်း ဦးဂေါင်းကြီးအား မမိချေ။ ဦးဂေါင်းကြီးသည် ဥက္ကံအနီး တောတွင်းစခန်း၌ ဖျားနေ၍ ကွယ်လွန်ခဲ့လေသည်။

ခေါင်းဆောင်ကြီး ကွယ်လွန်သွားသောအခါ ခနေဖြူဘက်ရှိ တပ်များကို ဗိုလ်ထိန်သာက လည်းကောင်း၊ ဟသ်ာတ တစ်ဖက်ရှိ တပ်များကို ဗိုလ်သော့က လည်းကောင်း၊ ဥက္ကံဘက်ရှိ တပ်များကို ဗိုလ်မိုး၊ ဗိုလ်ရိုးတို့ ညီအစ်ကိုနှင့် ဦးအုံးတို့က လည်းကောင်း နေထားမပျက် ဆက်လက် ကွပ်ကဲခဲ့ကြသည်။ ဦးဂေါင်းကြီး၏ ကြီးကြပ်မှု အမိန့်အောက်မှ သုံးစု သုံးမိန့်ဖြစ်သွားသည့်အခါတွင်ကား ရန်သူအား လှုပ်ရှား နှောင့်ယှက်မှု၌ ရှေးကလောက် ညီညွတ် ထိရောက်မှု မရှိတော့ချေ။ ထို့ပြင် တပ်များသည် အားနည်းနေသည့်ပြင် ခေါင်းဆောင်ကြီး မရှိသည့်အတွက် စိတ်ဓာတ်ညှိုးဖျင်းမှုများလည်း ဖြစ်ပေါ်လာလေသည်။

ထိုအခြေအနေကို ထိန်းသိမ်းရန် ဦးပြုံးသည် အစီအမံတစ်ခု ချမှတ်၏။ ယင်းကို သုံးဗိုလ် အစည်းအဝေးတွင် ချပြသည်။

"မိန်းမဉာဏ်မို့ ကောင်းတော့ မကောင်းဘူးကွ။ သို့သော်လည်း လက်ငင်း အခြေအနေက အခုလိုလုပ်မှ ဖြစ်မလို ဖြစ်နေပြီ။ ဒီအကြံအောင်ရင် တို့ရဲ့ တပ်သားတွေ

လည်း အားတက်မယ်၊ ရန်သူ့ လက်နက်ကိုလည်း တို့က ရဦးမယ်။ ရွာကိုလည်း အသာကလေး သိမ်းထားနိုင်တယ်။ ကဲ ပြောကြစမ်း''

ဗိုလ်မိုးနှင့် ဗိုလ်ရိုးတို့မှာ ဦးပြုး၏ အစီအမံကို နှစ်ခြိုက် လက်ခံကြ၏။

သတ်မှတ်ထားသော ညတွင် ဦးပြုး၏တပ်သည် ဥက္ကံသို့ ချီတက် လာကြသည်။ အောင်ပွဲကို အလွယ်ကလေး ရရှိမည်ဖြစ်သောကြောင့်လည်း အတန်အသင့် ဖျားသူ နာသူများပင် ဓား လှံ လေး သေနတ် ဆွဲ၍ လိုက်ပါလာကြသည်။

အရေးထဲတွင် အရာပေါ်သည့်အလား ဦးပြုး၏ဇနီးမှာ ကမ္ဘဇလေ လှုပ်ရှားလာသဖြင့် ဆက်လက် မချီတက်နိုင်တော့ပေ။ ဦးပြုးသည် ဘက်တော်သားတစ်ဦး၏ ရွာသို့ဝင်ကာ ဇနီးကို အပ်နှံပစ်ခဲ့ရသည်။

ဦးပြုးသည် ဇနီးသည်အား နောက်ဆံတင်းမနေပေ။ သူတို့သည် ကုလားတပ်ကို အလွယ်လေးနှင့် ချေမှုန်းနိုင်မည်မို့ ဥက္ကံရွာထဲသို့ ရောက်ရန်သာ စိတ်စောနေကြ၏။ ဥက္ကံတွင် ရှိနေသော ရန်သူတစ်ရာတပ်မှာ ခွေးသေ ဝက်သေ သေချေသေးရဲ့ဟု သနားများပင် သနားနေကြသေးသည်။

လက်နက်အင်အား နည်းပါးသော ပြည်ချစ်တပ်သားများက လက်နက်ကောင်းမွန်သာလွန်သော ရန်သူကို အဘယ်ကြောင့် အသာကလေး နိုင်ရပါမည်နည်း။

ဤသည်မှာ ဦးပြုး၏ အစီအမံ ဖြစ်သည်။ သူတို့၏ တပ်သားတစ်ယောက်သည် ကုလားတပ်တွင်းသို့ အစေခံအဖြစ် ရောက်ရှိနေ၏။ သူ့ အမည်မှာ ထေီ ဖြစ်သည်။ ထေီသည် ကုလားများ ခိုင်းစေသမျှကို သဘောကျအောင် လုပ်ကိုင်ဆောင်ရွက်ပေးရင်း ကုလားတပ်၏ ချီတက်လှုပ်ရှားမှုကို သတင်းပေးနိုင်သည့်အတွက် ဦးပြုး၏ တပ်သည် အလွယ်တကူ ရှောင်တိမ်းနိုင်ကာ အေးဆေးစွာဖြင့်လည်း အနိုင်တိုက်ခိုက်နိုင်ခဲ့၏။

ယခု ဤထေီအား ဦးပြုးက တာဝန်တစ်ရပ် ပေးလိုက်သည်။ ယင်းတာဝန်မှာ ကုလားများ သောက်သုံးသည့် ရေနှင့် အစားအစာထဲသို့ အဆိပ်ခတ်ရန် ဖြစ်၏။ အဆိပ်ခတ်မည့် ညမှာ ယနေ့ညပင် ဖြစ်သည်။ ထို့ကြောင့် ပြည်ချစ်တပ်သားများသည် လက်နက်ကောင်းမွန်မှု သာလွန်သောကုလားတစ်ရာကို ကြက်ကလေး ငှက်ကလေးလို ဖမ်းယူ သုတ်သင်နိုင်ပေတော့မည်။

ဥက္ကံရွာထဲသို့ ဦးပြုးနှင့် ဗိုလ်ရိုး၊ ဗိုလ်မိုးတို့ သုံးစုခွဲကာ ဝင်လာကြချိန်တွင် လမ်းရှိ ရွာတစ်ရွာတွင် ကျန်နေခဲ့သော ဇနီးသည် ဗိုလ်သွယ်မှာ သားယောက်ျားကလေး တစ်ယောက်ကို ချောမောစွာ ဖွားမြင်လာသည်။ ထိုကလေးမှာ ဦးကျော်ဟိုး ဖြစ်သည်။

ပြည်ချစ်တပ်သားများ ရွာထဲသို့ ဝင်လာသောအခါ ကုလားတို့၏ လှုပ်ရှားမှုကို

လုံးဝမတွေ့ရချေ။ ကုလားများသည် အတုံးအရုံး သေကုန်ကြပေပြီ။ ယင်းတို့၏ သစ်တပ်ထိပ်တွင်ပင် အစောင့် မရှိချေ။

ဗိုလ်ရိုး၏ တပ်သည် သစ်တပ်ကို ကျော်ဝင်ကာ တံခါးဖွင့်သည်။ တံခါးအတိုင်း ဗိုလ်မိုးတို့ ဝင်သည်။ နောက်ဆုံးက ဝင်လာသူမှာ ဦးပြုံးနှင့် တပ်သားများဖြစ်ရာ ရှေ့ဆုံးက သွားသော ဗိုလ်ရိုးသည် တဲတစ်လုံးရှေ့တွင် သေနတ်ပိုက်လျက် လဲကျနေသော ကုလား တစ်ယောက်ကို ခြေဖြင့်ကန်လိုက်လျှင်

နောက်ဆုံးက ဝင်လာသော ဦးပြုံးနှင့် တပ်သားများ သစ်တပ်ထဲသို့ ရောက်သည် နှင့်တစ်ပြိုင်နက် သစ်တပ်တံခါး အလိုလို ပိတ်သွားသဖြင့် ဦးပြုံးသည်- "ရန်သူ" ဟုအော်၍ တံခါးဘေး မှောင်ရိပ်သို့ ပြေးဝင် ထိုးခုတ်လေ၏။ မှောင်ရိပ်ခို၍ တံခါး စောင့်ပိတ်သော ကုလားများမှာ အမှုမဲ့ တိုက်ခံရကာ သေကုန်သော်လည်း

ရှေ့ဆုံးက ဗိုလ်ရိုးသည် လည်းကောင်း၊ အလယ်က ဗိုလ်မိုးသည် လည်းကောင်း အသင့်စောင့်နေသော ကုလားများ၏ ညှပ်ပိတ် ပစ်ခတ်ခြင်း ခံရလေ၏။ သေနတ်သံများ အဆက်မပြတ် မြည်ဟိန်းနေသည့် အောက်တွင် ပြည်ချစ်တပ်သားများမှာ ရန်သူကို တစ်ချက်မျှ မခုခံရဘဲ ကျဆုံးကုန်သည်။

"ထေီ သစ္စာဖောက်၊ ထေီ ထေီ "

ဦးပြုံးနှင့် တပ်သားအချို့သည် တံခါးမှူးနှင့် နီးသော ကုလားများကို သတ်ဖြတ်ပြီး အပြင်းဆုတ်ခွာလာရ၏။ ပြည်ချစ်တပ်သားများမှာ ဆဲဆိုညည်းတွားလျက် အများအပြား ကျန်ခဲ့ကြသည်။ စခန်းသို့ ပြန်ရောက်သောအခါ ဦးပြုံးတွင် တပ်သား ကိုးယောက်နှင့် အကြပ်တစ်ယောက်သာ ကျန်တော့၏။

"ကဲ ရောင်းရင်းတို့၊ ထေီကို မမိ မိအောင် ဖမ်းကြရအောင်။ ဘယ်သူ တာဝန်ယူမလဲ"

ရဲဘက်များထဲမှ တာဝန်ယူသူ မရှိချေ။ သူတို့သည် တုန်လှုပ်လျက် ရှိသည်။

"ဒီနေရာမှာ ဆက်ပြီး နေရင်လည်း ကုလားတွေ မကြာခင်ရောက်လာတော့ မှာပဲ ဗိုလ်မှူး။ ဒါကြောင့် ကျွန်တော်တို့ အေးအေးဆေးဆေး ရှာပြန်ပါရစေတော့"

တပ်ကြပ်သည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့်ပင် သူ့ဆန္ဒကို ဖွင့်ပြော၏။ ဦးပြုံးသည် အကြပ်အား ဓားနှင့် ပိုင်းလိုက်မည် ဖြစ်သွားသည်။ ဓားအိမ်ထဲမှ သွေးမခြောက်သေးသော ဓား။ အိမ်ပြင်သို့ မရောက်မီ သတိဝင်လာ၏။

"ဟုတ်ပေသားပဲ။ စိတ်မပါဘဲ ဆောင်ရွက်နေရတာနဲ့စာရင် လုံးဝ မဆောင်ရွက် တာက ပိုပြီးကောင်းပေတယ်"

ဦးပြုံးသည် ဓားကို ဆောင့်သွင်းလိုက်သည်။ သွေးဆုတ်နေသော အကြပ်၏ မျက်နှာမှာ ကြည်လင်လာ၏။

''ကောင်းပြီ မင်းတို့ လမ်းခရီးမှာ စားဖို့ ရိက္ခာကလွဲရင် ဘာမှ မယူနဲ့။ စခန်းကို မီးရှို့ပစ်မယ်''

ပြောမည့်သာ ပြောရသည်။ ဦးပြုံးမှာ ခေါင်းဆောင်ကြီး အရိုးချသွားသော နေရာမြတ်ကို မဖျက်ဆီးရက်။ မစွန့်ခွာရက်ပေ။ အကြပ်နှင့် တပ်သားများ ထွက်ခွာသွားပြီးနောက်တွင် စခန်း၌ သူတစ်ယောက်တည်း ကျန်ခဲ့သည်။

သူသည် ကျောက်တုံးတစ်တုံးကို မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးမိ၏။

''ငထီ ငထီ သစ္စာဖောက်ရက်ပါပေ့ကွာ''

ရေတိမ်တွင် နစ်ရရှာသော ဗိုလ်မိုးနှင့် ဗိုလ်ရိုးတို့အတွက် အသည်းနာသည်။ ဦးဂေါင်းကြီး၏ တပ်သည် မည်သည့်အခါကမျှ ပက်ပက်စက်စက် မရှုံးနိမ့်စဖူး။ ယခုမူ လူကြား၍မကောင်း ဖြစ်ရပြီ။ တရားခံ မည်သူနည်း။ ငထီလော ။

ငထီ မဟုတ်။ ငထီမှာ သစ္စာဖောက်သာဖြစ်၍ ခေါင်းဆောင်ကြီး၏ တပ် ဂုဏ်ညှိုးနိမ့်စေသူ တရားခံမှာ မိမိ။

ဦးပြုံးသည် ဓားကို ဆွဲထုတ်၍ မိမိရင်ဝတွင် ဦးတေ့လိုက်သည်။ ဥက္ကံသို့ ဝင်ခါနီး၌ မီးဖွားရန် ကျန်နေခဲ့သော ဇနီးသည် ဗိုလ်သွယ်၏ မျက်နှာကို မြင်လာလျှင် ဓားကို ပြန်ရုပ်မိ၏။ သို့စဉ်တွင် တောအလုံး တောင်အလုံး မသင်္ကာစရာ အချက်ပေးသံများ ကြားလာရသည်။ ဦးပြုံးသည် အချိန်ဖင့်မနေနိုင်တော့။ စခန်းတွင်းသို့ ပြေးဝင်ကာ တဲများကို တစ်လုံးပြီးတစ်လုံး မီးတင်၍ လျှို့ဂှက်ကမ်းပါးမှ ဆင်းပြေးခဲ့သည်။

သူသည် ကျောက်ကြိုကျောက်ကြား ကမ်းပါးကြို ကမ်းပါးကြားမှ ဖြတ်သန်း၍ တစ်ဖက် တောင်ကုန်းသို့ တက်လာ၏။ လှမ်းကြည့်သောအခါ စခန်းတစ်ခုလုံးကို မီးတောက်ကြီးများ မျိုဝါးနေသည်။ မီးတောက်များနှင့် တစ်ခေါ်လောက် ဝေးသော ကုန်းပေါ်တွင်ကား အင်အား ၅၀ ခန့်ရှိသော ကုလားတပ်တစ်တပ်သည် ရပ်တန့်နေချေ၏။

အကယ်၍သာ ငထီ သစ္စာမဖောက်ခဲ့လျှင် ဦးပြုံးတို့တပ်သည် ထိုဒေသရှိ ရန်သူနှင့် ရန်သူ၏ နေရာကို အောင်မြင်ခြင်း မည်ပေသည်။ သို့သော် ငထီ သစ္စာဖောက် လိုက်သည့်အတွက် ဦးပြုံးတို့ အခြေအနေမှာ ဇောက်ထိုးပြောင်းပြန်ဖြစ်ကာ ဥက္ကံနယ်ရှိ ပြည်ချစ်တပ်အင်အား လုံးဝပြတ်စဲသွားရသည်။

ယင်းသို့ ဖြစ်ပြီး ၁၀ ရက်ခန့်အကြာတွင် ဗိုလ်ထိန်သာနှင့် ဗိုလ်သော့တို့၏ တပ်များသည် ဟင်္သာတနှင့် ဓနုဖြူအနီးရှိ ရွာကြီးများနှင့် ကုလားတပ်များကို ဝင်ရောက်

တိုက်ခိုက်ကြလေ၏။ ထိုအခါ ဥက္ကံတွင် ရှိသော ကုလားတပ်သည် မိုလ်ထိန်သာနှင့် မိုလ်သော့တို့အား တိုက်ခိုက်ရန် အထောက်အကူကောင်း ဖြစ်လာသည်။ ဥက္ကံ ကုလားတပ်၏ လေးပုံ သုံးပုံ ဟသ်ာတဘက်သို့ စစ်ကူသွားနိုင်ခြင်းမှာ ဥက္ကံဘက်က ပြည်ချစ်တပ်သားများက မည်သို့မျှ မနှောင့်ယှက်နိုင်တော့သောကြောင့် ဖြစ်သည်။

မိုလ်သော့နှင့် မိုလ်ထိန်သာတို့မှာ မမျှော်လင့်သော ဥက္ကံ ကုလားတပ်ကြောင့် စစ်ရေး ရှုံးနိမ့်ရုံမက စခန်းပါဆုံးရှုံးပြီး တိုက်ပွဲတွင် ကျခဲ့ကြရ၏။ ဤသို့ ဖြစ်ရခြင်းကြောင့် ဦးပြုံးသည် ထေီအား အခဲမကျေပေ။

ထေီသာ သစ္စာမဖောက်လျှင် ဥက္ကံကို သိမ်းနိုင်သော ပြည်ချစ်တပ်၏ အင်အားသည် ၁၀ ဆ ၁၅ ဆ ကြီးမားသည့်နည်းတူ ဟသ်ာတနှင့် ဓနုဖြူ ဘက်တွင်လည်း ပြည်ချစ်တပ်သားများ အရေးနိမ့်မည် မဟုတ်။ သို့ကြောင့် သုံးပွင့်ဆိုင် နယ်မြေသည် ခိုင်မာမည်။ ကုလားများ လုံးဝမတိုးနိုင်အောင် ခိုင်မာလာလျှင် ရန်ကုန်အထိ ဆင်းတိုက်ရုံသာ ရှိသည်။

ဦးပြုံးသည် ဇနီးနှင့် သားကို သာယာဝတီဘက်သို့ ပို့ပေးပြီးနောက် ထေီကို လက်စားချေရန် ဥက္ကံဘက်သို့ ပြန်လာ၏။ လျှို့ဝှက်စွာ ရွာထဲတွင် သွားလာရင်း ထေီအား ချောင်းမြောင်းသည်။ သို့ရာတွင် ဦးပြုံးမှာ သစ္စာဖောက် ထေီအား မဆုံးမလိုက်ရချေ။ ထေီအား ကုလားများကပင် သင်္ကာမကင်း ဖြစ်လာကာ အကြောင်းမဲ့ သတ်ပစ်လိုက်ကြသည်။ သစ္စာဖောက် တစ်ယောက် ပျောက်ပျက်သွားသဖြင့် မြေကြီး ပေါ့သွားစေကာမူ ကိုယ်တိုင် မသုတ်သင် လိုက်ရသည့်အတွက် ဦးပြုံး မကျေချမ်းပေ။

ဦးပြုံးသည် ထေီအား သေသည်အထိ အခဲကား မကျေပေ။ ဥက္ကံမှ ပြည်ချစ်တပ်သားများ အရေးရှုံးနိမ့် ရရုံမျှဖြင့် သူ မပြော။ မိုလ်သော့တို့၊ မိုလ်ထိန်သာတို့ ကျဆုံးသွားရသည့်အတွက်လည်း သူ မပြောချင်သေး။ ထေီသာ သစ္စာမဖောက်လျှင် ရန်ကုန်အထိ တိုက်ခိုက်သိမ်းပိုက်ကာ ကုလားကို မောင်းထုတ်နိုင်မည် ယုံကြည်သော ကြောင့် ပြောသည်။

ထို့ကြောင့်လည်း ဦးပြုံးသည် ထေီ၏ သစ္စာမဲ့မှုကို တဖျစ်တောက်တောက် ရေရွတ်၏။ တွေးမိတိုင်း စိတ်ထိခိုက်၏။ စိတ်ထိခိုက်တိုင်း ဖွဲ့နွဲ့ပြောပြတတ်သည်။

ယင်းအဖြစ်ကို ယင်းကိစ္စကို မသိ။ မီရုံသာ မီလိုက်သော ဦးကျော်ဟိုးမှာ ထေီ၏ အကြောင်းကို ဖခင်ထံမှ မကြာခဏ ကြားရဖန်များသောအခါ မနေ့တစ်နေ့ကမှ မိမိကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့ရသော အရေးအခင်းဟု ထင်လာ၏။ ထေီသာ သစ္စာ မဖောက်လျှင် ကုလားလည်း မုချပြေးရမည်ဆိုသော ဦးပြုံး၏ စကားသည်လည်း သား

ဦးကျော်ဟိုး၏ နှလုံးအိမ်ထဲသို့ ဝင်ရောက်လာခဲ့သည်။ ဦးကျော်ဟိုးသည် ငထီအား မမြင်ဘဲ မုန်းခဲ့သည်။

ဦးကျော်ဟိုးသည် ဖခင်ဦးပြုး ကွယ်လွန်ချိန်မှစ၍ 'ငထီသာ သစ္စာမဖောက်ခဲ့လျှင်' ဟူသော စကားလုံးကို ရေရွတ်ခဲ့သည်။ အကြောင်းသင့် တိုင်းလည်း ငထီ သစ္စာဖောက်လိုက်သည့်အတွက် မြန်မာတို့၏ အလားအလာများ မည်သို့ ညှိုးမှိန်ကွယ်ပရကြောင်းကိုပါ ဝမ်းပန်းတနည်း ရှင်းပြတတ်၏။

သူသည် အဖေ၏ ဇာတိသွေး ဇာတိမာန်ကို အပြည့်အဝ အမွေခံ လိုက်ရသူဖြစ်သည့်အတွက် သာယာဝတီ တစ်လွှားတွင် ခက်ထန်သော ဝံသာနုကြီးအဖြစ် ထင်ရှားလှသည်။

## ရှစ်

''ကြည့်စမ်း ဒီမှာတော့ ရာလိုက်ရတာ၊ သူကတော့ ဒီလာပြီး တစ်ယောက်တည်း ''

စောရင်က ထိန်လင်း၏ ပခုံးကိုကိုင်ရင်း ရန်တွေ့သံကလေးသုံး၍ ပြောလိုက်၏။ ထိန်လင်းသည် သဘောမကျသော်လည်း စောရင်အား လှည့်ကြည့်သည်။

သူက အရှောင်နှင့် မျောက်မွေးသော မိန်းမကို သိချင်နေသည်။ အဘိုးဖြစ်သူက မိစိမ်း၊ မိညို ဟူသော အမည်စွဲကို ချေဖျက်ပေးလိုက်စေကာမူ ထိန်လင်းမှာ သိချင်နေသေးသည်သာဖြစ်၏။ ထို့ကြောင့် အရှောင်၏ ကုန်စုံဆိုင်ကို လှမ်းမြင်ရသော ဥယျာဉ်ထဲမှ ချောင်းကြည့်နေခြင်း ဖြစ်သည်။

အရှောင်သည် ဘဲလည်းမွေးရာ ဤကဲ့သို့ အစွန်ကျသော နေရာနှင့်မှ သင့်လျော်၏။ အစွန်အဖျားပင် ကျစေကာမူ ရွာ၏ တောင်ဖျားဖြစ်စေ၊ မြောက်ဖျား၊ အရှေ့ဖျားဖြစ်စေ တစ်ရွာလုံးရှိ လယ်ကူလီများမှာ သူ့ဆိုင်သို့သာ လာကြရ၏။ ဆိုင်တွင် လူစဲသွားလိုက်၊ လူအုပ်ကြီး ကျလာလိုက်နှင့် ထိန်လင်း မျှော်လင့်နေသော တိတ်ဆိတ်ရှင်းလင်းချိန်သို့ ရောက်မလာခဲ့ပေ။

ဆိုင်ထဲတွင် လူရှင်းလာပြီ။ ဤအချိန်မျိုးတွင် မျောက်မလာလိမ့်မည် ထင်ဆဲ၌ စောရင်သည် ထိန်လင်းအား လာရောက် နှောင့်ယှက်သည်။

''ဘာဖြစ်လို့ လာနေတာလဲ၊ ပြောစမ်း''

စောရင်က ထိန်လင်း၏ ခေါင်းကို ဟင်းရွက်ညွန့်ကလေးတွေနှင့် ရိုက်ရင်း

မေး၏။

‘‘လာချင်လို့ လာနေတာပေါ့ဟာ’’

‘‘အမယ် ဒီက အကောင်းမေးတာ။ သူက စိတ်ဆိုးနေ။ ဒါဖြင့် နင့်အဘိုး မှာလိုက်တဲ့ ဟင်းရွက် ခူးမသွားတော့ဘူး’’

ထိန်လင်းသည် မိမိအလုပ်ကို ရုပ်သိမ်းလိုက်ရကာ-

‘‘ငါက ဟိုဆိုင်ကို ချောင်းကြည့်နေတာဟ။ အဲဒါကို နင်က လာလုပ်လို့ ပြောမိတာ’’ ဟု လှည့်ပြောရသည်။

‘‘ဘယ်လိုဟဲ့၊ ဘယ်လို။ ဟိုဆိုင်ကို ချောင်းကြည့်နေတယ်၊ ဟုတ်လား’’

စောရင်သည် မျက်စိမျက်နှာ ပျက်သွားကာ-

‘‘နင်က တရုတ်သမီး လှသွေးကို ကြိုက်နေလို့လား’’

ဟူ၍ လည်းကောင်း၊

‘‘လှသွေးက ခင်မောင်နဲ့ ကြိုက်နေတာ။ ခင်မောင်သိရင် စိတ်ဆိုးတော့မှာပဲ’’ ဟူ၍ လည်းကောင်း၊

‘‘ဟင်း သူမို့ လှသွေး ကြိုက်ပလေတယ်။ အသားကလေး ဖြူတာကလွဲရင် နှာခေါင်းပြားကြီးနဲ့၊ လှလည်း မလှဘဲနဲ့’’

ဟူ၍ လည်းကောင်း သူ တစ်ယောက်တည်း ပြတ်တောင်း ပြတ်တောင်း လျှောက်ပြောလေသည်။

စောရင်၏ စကားများ ပြတ်သွားမှ ထိန်လင်းထ၍ ခါးဆန့်ကာ လှောင်ရယ် ရယ်၏။

‘‘အမယ် ဒါ ရယ်စရာလား’’

‘‘ရယ်စရာပေါ့ဟ။ လှသွေးကို ကြိုက်ပါတယ်လို့ ငါကလည်း မပြောဘဲနဲ့၊ နင့်ဘာသာ နင် လျှောက်ပြောနေတာကိုး’’

‘‘လှသွေးကို မကြိုက်ရင် ဘာကို ချောင်းတာလဲ’’

‘‘တရုတ်ကြီးကို ချောင်းနေတာ’’

‘‘ဟင် တရုတ်ကြီး၊ အရှောင် ဟုတ်လား။ ဦးအရှောင်က ယောကျ်ားပဲဟ’’

‘‘ယောကျ်ားတော့ကော မချောင်းရဘူးလားဟ။ ငါ့ကိစ္စနဲ့ငါ ချောင်းတာ’’

‘‘ဦးအရှောင်က ဘာလုပ်လို့လဲဟ။ ဘာလဲ နင်က သူ့လို ဘိန်းစားချင်လို့လား’’

‘‘ဟယ် မဟုတ်ပါဘူးဟာ’’

ထိန်လင်းသည် ဆိုင်ဘက်သို့ လှမ်းကြည့်သည်။ ငှက်ပျောပင်တွေ

ကွယ်နေသဖြင့် ငုံ့၍ တိမ်းစောင်း၍ ကြည့်ရသည်။

"ဟော့ ဘာလုပ်နေကြတာလဲ"

ဟု အော်သံကြောင့် ထိန်လင်းမှာ ခါးဆန့်သွားသည်။ အသံရှင်မှာ စောရင်၏ ညီမ ခင်ထွေး ဖြစ်၏။

"ထိန်လင်းရေ နင် စားဖို့ ငါ ချန်ထားတယ်ဟေ့"

ခင်ထွေးသည် သရက်သီးတစ်လုံးကို ကိုက်ဝါးရင်း ပြေးလာသည်။ သရက်သီးကို ဝါးနေသဖြင့် သူ့အသံက မပီသ။

"ဘာပြောတယ် မိခင်ထွေး"

စောရင်က ဆီး၍ မာန်မဲသည်။ ခင်ထွေးက ပြန်မဖြေဘဲ သူ ကိုက်လက်စ သရက်သီးကို ထိန်လင်း၏ ပါးစပ်ရှေ့တွင် တေ့ပေး၏။

"နင့်ဖို့ ချန်လာခဲ့ရတာ၊ သိပ်ကောင်းတာပဲ"

"မစားချင်ပါဘူး။ အမဲရိုးကို ခွေးကိုက်ထားတာ ကျနေတာပဲ"

ထိန်လင်းက မဲ့ရွဲ့ပြီး ပြောရာ-

"ရွံလို့လား၊ ကဲ ကဲ"

ဆိုကာ သရက်သီးကို အထက်ဆင်စွန်းဖြင့် သုတ်ပေးသည်။

"ရော့"

"မစားချင်ပါဘူး ဆိုနေမှပဲ၊ ဘာဖြစ်လို့ အတင်းကျွေးနေရသလဲ ဟဲ့"

စောရင်က ငေါက်ပြန်သည်။ နှစ်ခါ အငေါက်ခံရလျှင် ခင်ထွေး မျက်နှာ ပျက်သွား၏။ စောရင်ကို တစ်လှည့်၊ ထိန်လင်းကို တစ်လှည့် ကြည့်ပြီး မဲ့လာ၏။

"ကဲ ပေး ပေး စားပါ့မယ်ဟာ"

ထိန်လင်းသည် ခင်ထွေးအား သနားသွားသဖြင့် ကိုက်ရာများနှင့် ပဲ့ရွဲ့နေသော သရက်သီးကို ယူ၍စားလေ၏။ ထိုအခါ ခင်ထွေးက မေး၏။

"နင် ဒီမှာ ဘာလာလုပ်နေတာလဲ ဟင်"

ထိန်လင်း စောရင်အား ဖြေသလိုပင် အမှန်အတိုင်း ဖြေသည်။

"လှသွေးနဲ့ ခင်မောင်နဲ့ ကြိုက်နေတာ နင်မသိဘူးလား ဟ။ အေးလေ နင် လိုချင်ရင်တော့ ငါ ပြောပေးပါ့မယ်"

"ခွေးပါးစပ်ကြီး ပိတ်ထားစမ်းပါဟာ။ ဘယ်ကလာလို့ လှသွေးကို ကြိုက်ရမှာလဲ"

"မကြိုက်ဘဲနဲ့ ဘာဖြစ်လို့ လာချောင်းနေသလဲ။ အဲဒီ ဦးအရှောင်ကို

အသိမလုပ်နဲ့။ တော်တော်ကြာ ဦးပိန်လို ဘိန်းစား ဖြစ်သွားမယ်''

''ဘယ်ငပိန်လဲ၊ ဒေါ်သိန်းယောက်ျား ဦးငပိန်လား''

''အေးလေ နဂိုကမှ ခပ်ပျင်းပျင်းရယ်။ အခု ဘိန်းစားဖြစ်သွားတော့ ဘာမှ မလုပ်ကော့ဘူး။ ဒေါ်သိန်းမှာ ကလေးတွေ တစ်ပြုံကြီးနဲ့ ဒုက္ခရောက်နေပြီ''

ခင်ထွေးက သူ့ သိသမျှကို မမောမပန်း ပြောပြသည့်အပြင်-

''ဒါ မဟုတ်ပါဘူးဟာ။ မိန်းမတစ်ယောက်နဲ့ မသင်္ကာလို့ပါ''

ဟု ထိန်လင်းက ဖွင့်ပြောသောအခါ ခင်ထွေးသည် သူသိသမျှကို ထပ်မံ အန်ချပြန်သည်။

''အေး ဒါဖြင့် နင်ပြောတာ ဟုတ်လိမ့်မယ်။ ငါ ခင်မောင်တို့ ဒေါ်လှနှစ်တို့ဆီက ကြားခဲ့တာနဲ့ ကိုက်နေပြီ''

''ဘာကြားခဲ့တာလဲ ဟင်''

''ဦးငပိန်ရဲ့ မိန်းမ ဒေါ်သိန်းနဲ့ ဦးအရှောင်နဲ့ တိတ်တိတ်ပုန်း ဖြစ်နေတယ်လို့ ပြောသံကြားခဲ့တယ်ဟ''

''အေး အေး ဟုတ်ပါပြီ။ ယောက်ျားက ဘိန်းပဲစားနေပြီး ဘာအလုပ်မှ မလုပ်တော့ ဦးအရှောင်ဆီကို ချေးငွေးမဆပ်နိုင်တော့ဘူး။ အဲဒီတော့ ဦးအရှောင်က ထပ်မပေးတော့ဘူး။ မပေးလို့ တခြားမှာလည်း ရှာဖွေစားလို့ မရတော့၊ အင်း ဒုက္ခပါပဲ''

''နင် မယုံရင် မေးကြည့်ပါလား။ ဟောဟိုမှာ ခင်မောင်နဲ့ ဝက်ကြီးရယ်''

ခင်ထွေးသည် ခပ်လှမ်းလှမ်းရှိ သရက်ပင်များအောက်သို့ ယောင်လည်လည် ရောက်လာသော လူငယ်တစ်စုကို မေးငေါ့ပြသည်။ လူငယ်များမှာ ခင်မောင်အပြင် ထိန်လင်းနှင့် ညီအစ်ကို တော်စပ်သော ထွန်းတင်နှင့် ဝက်ကြီးတို့ ဖြစ်၏။ ဤဥယျာဉ် ထဲတွင် မရမ်း၊ သရက်၊ ကနစိုးသီးများ စားသောက်ရန် ရောက်လာကြခြင်း ဖြစ်ပေမည်။

ထိန်လင်းက လှမ်းအသံပေးလိုက်သဖြင့် ထွန်းတင်နှင့် ဝက်ကြီး ခင်မောင်တို့ ဟိုပစ် သည်ခတ်လုပ်ရင်း လျှောက်လာကြစဉ် သူတို့နောက်မှ အောင်မြိုင်တစ်ယောက် တည်း ယောင်ပေယောင်ပေနှင့် ရောက်လာပြန်သည်။

အောင်မြိုင်သည် လူစုစု မြင်သဖြင့် မခေါ်မပင့်ဘဲ တန်းတန်းမတ်မတ် လျှောက်လာသည်။

''လူအား ကောင်းလှချည့်လားဟေ့။ မရမ်းချိုပင်ကြီး တက်ခူးလိုက်ရရင် ပထမတန်းပဲကွာ''

သို့ရာတွင် အောင်မြိုင်အား မည်သူကမျှ အရေးလုပ်ပြီး စကား ပြန်မပြောကြပေ။

ခင်မောင်၏ အသံတွင်သာ စိတ်ဝင်စားနေကြ၏။

"ဦးရှောင်က ဒေါ်သိန်းကို ကြာခိုနေတာတော့ ငါမျက်မြင်ပဲဟေ့။ တောင်ဘက် ရိုးဘေးက သရက်ပင်ကြီးဟာ သူတို့ တွေ့နေကျနေရာပဲ။ ထိန်လင်းတို့ လယ်ကို မရောက်ခင်ကွာ"

ထိန်လင်း မျက်လုံးများ ပြူးကျယ်လျက်-

"ဟုတ်ပါတယ်ကွာ ထွန်းစိန်တို့ ဆိုးကြီး ပျောက်တဲ့နေ့တုန်းက ငါ လိုက် သွားလို့ အဲဒီသရက်ပင်အောက်မှာ အသံတော့ ကြားခဲ့ရပါပြီ။ အသံကြားရတော့ ဦးရှောင်ပဲ သိလိုက်တယ်။ မိန်းမကို မသိလိုက်လို့"

ဟု ပြောလေ၏။

"အေးကွ ဒီနေရာဆိုရင် ဦးရှောင်နဲ့ ဒေါ်သိန်းပဲကွ"

ခင်မောင်က ပြောလိုက်စဉ် ဝက်ကြီးက မမျှော်လင့်ဘဲ ဝင်ရောက် ချေဖျက်သည်။

"မဟုတ်ဘူးကွ၊ ဒေါ်သိန်းနဲ့ အဲဒီနေရာမှာ မတွေ့ဘူး။ ဒေါ်သိန်းတို့ အိမ်ကို သွားတယ်။ ဒေါ်သိန်းရဲ့ ယောကျ်ားကလည်း ဘိန်းမှန်မှန်ရရင် ကိုရှောင့်သဘောပါပဲလို့ကို ပြောထားတယ်"

သူငယ်ချင်းများ မျက်လုံး ပြူးသွားကြတော့သည်။

"ဟေ ဘာကွ၊ ဟဲင် ဘယ့်နှယ်"

စသည်ဖြင့် ထိတ်လန့်စွာ မြည်တမ်းကြသည်။ ထိန်လင်းက-

"မင်း ဘယ်လိုလုပ်ပြီးသိသလဲ ဝက်ကြီးရာ၊ ဟုတ်မှလည်း လုပ်ပါ" ဟု ပြော၏။

"အေးဟယ် ခင်မောင်ပြောလို့ ရှင်းနေပြီးသားဟာကို နင်ပြောမှပဲ ရှုပ်သွားပြီ"

စောရင်က ရေရွတ်သည်။ ဝက်ကြီးမှာ ပြုံးစေ့စေ့ ဖြစ်နေ၏။

"ဟေ့ကောင် မင်း ဘယ်လိုလုပ်ပြီး သိသလဲ၊ ပြောစမ်းပါကွာ"

"နင်တို့ ငါ့ကို မဆဲနဲ့နော်"

ဟု စောရင်နှင့် ခင်ထွေးအား လှမ်းပြောပြီးမှ-

"ငါ သူတို့အိမ်ထဲ ရောက်နေလို့ဟေ့" ဟု ဆိုသည်။

ခင်ထွေးမှာ မျက်လုံးပြူးသွားပြီး-

"ဘာရယ်ဟ နင်လို ဝက်ပုပ်က ရွှေကြည်နဲ့ ကြိုက်နေတယ် ဆိုပါတော့လေ"

ဟု ကောက်ခါငင်ကာ မေးချေ၏။ ရွှေကြည်သည် ဘိန်းစားဝေိန်နှင့် မိသိန်းတို့၏ သမီးကြီးဖြစ်သည်။ ဝက်ကြီးမှာ မိန်းကလေးတွေကို ရှက်နေကာ- "အဟီး"

ဟုသာ ရယ်နေ၏။

"မင်းက ရွှေကြည့်ဆီ သွားတုန်းမှာ ကြားခဲ့တာလား၊ ဟုတ်လား ဝက်ကြီး"

ထိန်လင်းက မေး၏။ ဝက်ကြီးသည် ခေါင်းညိတ်ပြလိုက်ရာက-

"ရွှေကြည် ရှိတယ်ထင်လို့ သွားတာကွ။ အိမ်အောက်ကိုရောက်မှပဲ သူတို့ လင်မယား စကားပြောနေသံကြားပြီး စမ်းတွင်းကို ငါးသွားရောင်းရာက မပြန်သေးတာ သိရတယ်" ဟု ပြောသည်။

"မင်းနှယ်ကွယ် အိမ်အနိမ့်လေးအောက်ကို ဝင်လို့ မြွေကိုက် မသေတာ တော်လှပြီ"

အောင်မြိုင်က အပြစ်တင်ရာ ဝက်ကြီးက ခြေခုံလက်ခုံတွင် ထိုးထားသော အနက်စက်ကလေးများကို ညွှန်ပြ၏။

"ဒီဆေး ထိုးထားတဲ့နောက်တော့ မြွေဖအေ နန္ဒောပနန္ဒ နဂါးမင်းတောင် မကိုက်ရဲဘူး"

"ဟုတ်ပါတယ်ကွာ၊ မင်းဆေး စွမ်းပါတယ်။ မြွေကိုက်လို့ မသေခင်ပေါ့ကွာ။ မင်းစကား ဆက်စမ်းပါဦး"

ညီဖြစ်သူ ထွန်းတင်က သရော်သည်။

"ခါတိုင်းတော့ ဒီလိုပဲ အိမ်အောက်ဝင်ပြီး တုတ်နဲ့ထိုးရင် ရွှေကြည် ဆင်းလာတာ ပဲကွ။ အဲဒီနေ့တော့ ရွှေကြည် မရှိဘူးပေါ့။ ဦးအရှောင်နဲ့ ဒေါ်သိန်းပဲ ရှိနေတယ်။ ဦးအရှောင်က နင့်သမီးနဲ့ နင့်ယောက်ျားကောတဲ့။ ဒေါ်သိန်းက သမီးငါးရောင်းသွားတာ သူ့အဖေက အဖော်လိုက်သွားတယ်လို့ ပြန်ပြောတယ်"

"ဒို့ပြင် ကလေးတွေက အိပ်ကုန်ပြီလား။ ဒီလိုဆိုရင် ညဥ့်နက်ပြီပဲ"

"ဟုတ်တယ်လေ၊ ညဥ့်နက်ပြီ။ အဲဒါနဲ့ စကားပြောသံ တိတ်သွားလို့ မကြာခင်မှာပဲ အိမ်ပေါ်ကို လူတစ်ယောက် ပြေးတက်လာတာပဲကွ"

"ဦးပိန် ထင်တယ်၊ ဟုတ်လား"

"ဒါပေါ့ကွ။ ဦးအရှောင်လည်း ထိုင်ရှိုးသလား၊ ဘာလုပ်သလဲ မသိပါဘူး။ တော်တော်ကြာမှ ဦးပိန်က ပြောတော့တာကွ။ ကိုရှောင် ခင်ဗျား ဘာမှ မစိုးရိမ်နဲ့၊ ကျုပ်ကို တစ်နေ့ ဘိန်းတစ်ကျပ်သားပေးရင် တော်ပါပြီဗျာတဲ့။ မိန်းမကို ဘိန်းလောက် မမက်ပါဘူးဗျာတဲ့"

"ကိုယ့်မယား တစ်ယောက်လုံး ကြာခိုနေတာ ပက်ပင်းမိရက်သားနဲ့ များကွာ၊ ဓားနဲ့ ခုတ်မသတ်ဘဲ ဘိန်းတစ်ကျပ်သား ပေးပါတဲ့။ ဘိန်းစားများကွာ တောက်"

အောင်မြိုင်က မကျေမနပ်ဖြင့် ဒေါသသံ ပေး၏။

''ဘိန်းစားပါ ဆိုမှကွာ၊ ဘယ်မှာ လူလိုသူလို သတ္တိရှိတော့မှာလဲ''

ဟု ခင်မောင်က ပြော၏။

''ဦးပိန် ဘိန်းစားဖြစ်အောင် သူပဲ သင်ပေးတာ မဟုတ်လား''

ထွန်းတင်က အော်ကျယ် ဟစ်ကျယ် ပြော၏။

''အဲဒီလို ဘိန်းစားတွေချည်း ဖြစ်ကုန်မှ ဘိန်းစားမယားတွေကို ကြာခိုနိုင်မှာပေါ့ကွ''

ဟု မှတ်ချက်ချလိုက်ရာက ထိန်လင်းသည် ဝက်ကြီးအား-

''ဒါနဲ့ ဘာဖြစ်သေးလဲ'' ဟု မေး၏။

''တရုတ်က တစ်ကျပ်သားတော့များပါတယ် ငပိန်ရာတဲ့။ တပဲသားဆို တော်ပါပြီတဲ့။ ဒါနဲ့ နောက်ဆုံး တစ်မူးသားနဲ့ ဈေးတည့်သွားကြတယ်ကွ''

သူငယ်ချင်းတစ်စုသည် ပြိုင်တူ သက်ပြင်းချလိုက်ကြသည်။ ခင်မောင်မှာ ထိုနေ့ညက ရွှေကြည်နှင့် တွေ့သေးလား မေးချင်စေကာမူ စောရင်ကို အားနာ၍ ခင်ထွေးကို ကြောက်သည့်အတွက် မမေးရဲပေ။

ထိန်လင်းမှာ ပြဿနာ ရှုပ်သွားသည်။ ခေါင်းကြီး ပျောက်သည့်နေ့ က သရက်ပင်အောက်တွင် အရှောင်နှင့် စခန်းချခဲ့သူမှာ မိသိန်း မဟုတ်လျှင် မည်သူနည်း။ အခြားမိန်းမတစ်ယောက်ပေလော။

''ဟေ့ ဝက်ကြီး၊ မင်း ပြောတဲ့အတိုင်းဆိုရင် ငါကြားခဲ့တဲ့ မိန်းမရဲ့ အသံဟာ ဒေါ်သိန်း မဟုတ်ဘူးကွ''

''ဒါတော့ ငါလည်း မသိဘူး''

''ဒါဖြင့် တခြား မိန်းမတစ်ယောက်များ ဖြစ်နေရော့လားကွာ''

ထိန်လင်း၏ အတွေးရှုပ်မှုသည် ကြာကြာမနေပေ။ ရုတ်တရက် ထွက်ပေါ်လာသော ဆူဆူညံညံ အသံများနှင့် ရုတ်ရုတ်သဲသဲအဖြစ်က ရှင်းလင်းပေးလိုက်သည်။

''ဖမ်းကြစမ်းဟေ့၊ ဖမ်းကြစမ်း။ ဒီကောင် သူ့မယားကို သတ်ပြီး ထွက်ပြေးတာဟေ့''

အော်ဟစ် ပြေးလွှားလာသံများထဲမှ ရွာခေါင်း၏ အသံကြောင့် ဥယျာဉ်ထဲမှ သူငယ်ချင်းတစ်စု လန့်သွားကြသည်။ အသံလာရာသို့ လှမ်းကြည့်လိုက်သောအခါ မောင်ဝင်းသည် ဓားတစ်ချောင်းကို ဆွဲလျက် ပြေးလာကာ သူ့နောက်သို့ လူများ ပြေးလိုက်လာကြ၏။

"ဓားမှာလည်း သွေးတွေနဲ့ပါကလား"

စောရင်နှင့် ခင်ထွေးသည် ထိန်လင်းအား ပြေးဖက်ကြသည်။

"မောင်ဝင်းတဲ့ ဟေ့၊ အရှက်ကို အသက်နဲ့ လဲမယ်ကွ။ သေတစ်နေ့ မွေးတစ်နေ့ကွ"

မောင်ဝင်းသည် ရှေ့ဆက်မပြေးပေ။ ထိန်လင်းတို့ ရှေ့သို့ ရောက်သောအခါ အရှောင်၏ ဆိုင်ထဲသို့ ပြေးဝင်သွား၏။

"ဟာ ဓားကို သွေးစွန်းရင် အပမှီပြီး မြင်မြင်သမျှ လိုက်ရမ်းတတ်သတဲ့ဟေ့။ ဝက်ကြီး လာကွာ"

ကြက်သေ သေနေသော သူငယ်ချင်းများထဲမှ ဦးစွာလှုပ်ရှားလာသူမှာ ခင်မောင်ဖြစ်သည်။ သူက ဥယျာဉ်ခြံစည်းရိုးကို ဆွဲဖျက်၏။ သူသည် လှသွေးအတွက် စိုးရိမ်နေသည်။ စောရင်က-

"ဝက်ကြီး မလိုက်နဲ့ဟ"

ဆိုသော်လည်း ဝက်ကြီး ထွန်းတင်နှင့် အောင်မြိုင်ကိုပါ ခေါ်၍ ခြံစည်းရိုးကို တိုးထွက်နေကြ၏။

အရှောင်သည် ငယ်သံပါအောင် မပီမသအော်လျက် ဆိုင်ရှေ့သို့ ပြေးထွက်လာသည်။ သူ့နောက်မှ လှသွေးပါလာ၏။ လှသွေးသည် မောင်ဝင်း၏ လက်ထဲမှ ဓားကို ပူးသတ် လုယူနေ၏။

"ဖယ်စမ်း ခွေးသမီးလေး"

မောင်ဝင်းသည် လှသွေးကို ခြေဖြင့် ဆောင့်ကန်ပစ်ခဲ့ပြီး အရှောင်နောက်သို့ ပြေးလိုက်၏။

"ဟဲ့ မောင်ဝင်း··· မလုပ်နဲ့၊ မောင်ဝင်း မှားမယ်"

ဟု ရွာခေါင်းနှင့် ရွာသားများ အော်နေစဉ် အရှောင်အား လှမ်းခုတ်သည်။ ခြေထောက်ကို ခုတ်မိရာ အရှောင့် မပြေးနိုင်။ ထိုင်၍ ရှိခိုး၏။

"မောင်ဝင်း ငါ့ကို မလုပ်ပါနဲ့။ ချမ်းသာပေးပါကွာ"

"ဟေ့ကောင် ဓားချ ဓားချစမ်း"

အရှောင်က တောင်းပန်နေဆဲ။ လူကြီးတွေက အော်နေဆဲတွင် မောင်ဝင်းသည် အရှောင်၏ ပခုံးကို ခုတ်ချလိုက်သည်။ အရှောင်သည် ရှိခိုးလျက် ခွေလဲသွား၏။ ပခုံးမှ သွေးများ ပန်းထွက်လာစဉ် တစ်ချက် ထပ်ခုတ်ပြန်သည်။ ရင်ဘတ်ကို ကန့်လန့်ဖြတ် ခုတ်မိသည်။ အရှောင်၏ တစ်ကိုယ်လုံး သွေးဖြင့် ဖုံးလွှမ်းသွားတော့သည်။

“ကျုပ်အနားကို ဘယ်သူမှ မကပ်နဲ့။ ကျုပ် မခံနိုင်လို့ ကျုပ်လုပ်တာ”

မောင်ဝင်းသည် အရှောင်၏ အလောင်းပေါ်တွင် ခွရပ်လျက် ဓားကို ယမ်းရင်း အော်သည်။

“လယ်တွေ ပိတ်ကတည်းက ကျုပ် အိပ်ရာထဲမှာ လဲနေခဲ့တယ်။ ဒါပေမဲ့ ကျုပ်ဟာ ဒီတရုတ်ဆီက ဘာမှ အလကားမယူခဲ့ဘူး။ ကျုပ် စာရင်းငှားခရမယ့် စပါးကို စပါးတစ်ရာ ငွေငါးဆယ် ထားဆပ်ပါ့မယ်ဆိုပြီး ယူစားခဲ့တာ။ အဲဒါ ကျုပ် မထနိုင်တာ အခွင့်ကောင်းယူပြီး ကျုပ်မယားကို ကြာခိုတယ်။ ဒါကြောင့် ကျုပ်မယားကို သတ်တယ်။ ပြီးတော့ တရုတ်ကို သတ်တယ်။ ကျုပ်အဖို့ စက်တိုင်မတက်လည်း ဒီရောဂါနဲ့ သေမှာပဲ။ ဒီတော့ ဘာထူးသေးလဲ၊ ဘာများ ထူးသေးသလဲ။ ဟား ဟား ဟား”

မောင်ဝင်းသည် ချက်ချင်း ရူးသွပ်သွား၏။ အသံဆိုးကြီးဖြင့် ရယ်မော၏။ ဓားကို မွှေ့ယမ်းကာ ချာချာလှည့်၏။ နောက် ချက်ချင်း အလှည့်ရပ်ကာ ဓားကို အသည်းဆီသို့ စိုက်သွင်းလေသည်။

လူကြီးများသည် ငိုင်နေကြ၏။ ဥယျာဉ်ခြံစည်းရိုးကို ဖျက်၍ ထွက်လာသော လူငယ်များကား မောင်ဝင်းထံ ပြေးလာကြသည်။ ခင်မောင်သည် အရှောင်အား ပြေးပွေ့၏။ မောင်ဝင်းသည် ဓားကြီးရင်ဘတ်စိုက်လျက် မျက်လုံးပြူးကာ မတ်တတ်ရပ်မြဲ ရပ်နေသည်။

“ဟဲ့ ထိန်လင်း မလုပ်နဲ့ မလုပ်နဲ့”

လူကြီးများသည် ယခုမှ သတိရ၏။ သတိရလျှင်ရချင်း ထိန်လင်းအား လှမ်းအော်သော်လည်း နောက်ကျသွားပြီ။ ထိန်လင်းသည် မောင်ဝင်း၏ ရင်ဘတ်မှ ဓားကို ဆွဲနုတ်လိုက်ရာ သွေးပန်းကြီး ထွက်လာ၏။ မောင်ဝင်းလည်း တစ်ပြိုင်နက် အလဲ၌ ဝက်ကြီးနှင့် အောင်မြိုင်က ကျောမှ ဆီးပွေ့လိုက်ကြသည်။

အရှောင်ကား တစ်ချက်တွန့်လိမ်ပြီး အသက်ပျောက်သွားပြီ။ မောင်ဝင်းကမူ တော်တော်နှင့် အသက်မထွက်။ သေခြင်းကို ရှုံ့မဲ့ လိန်ပိန့်၍ ခုခံသည်။ သူ ပြောချင်သမျှကို ပြောဖြစ်အောင် ပြောသွား၏။

လှသွေးသည် ဖခင်ဖြစ်သူအား ဖက်ငိုသည်။ အရှောင်၏မယား သဲမိကား မငိုချေ။ လင်၏ အလောင်းကို ဒေါသဖြင့် စိုက်ကြည့်နေသည်။

မောင်ဝင်းအလောင်း၌ ငိုသူမရှိ၊ သူ၏မယား မိပိုင်းကို သူကိုယ်တိုင် သတ်ခဲ့သည်။ ထို့ကြောင့် ကလေးများသည် မိခင်၏ အလောင်းတွင်သာ အုံနေကြပေမည်။ သို့ရာတွင် ငိုသူမရှိသော မောင်ဝင်းသည် လင်းတကုန်း ရွာသူရွာသားများအား ထိတ်လန့်စရာ သတင်းဆိုးကို ပေးပစ်ခဲ့သည်။

"ဒီတရုတ် ဒီရွာမှာနေနိုင်အောင် ကျုပ် လုပ်ပေးခဲ့တာပါ။ အခုတော့ ကြည့်စမ်းပါဗျာ။ မနှစ်တုန်းက သူ့ဆီက ငွေတစ်ဆယ် ချေးတာကို နောက်က သုညတစ်လုံးတိုးပြီး သူကြီးအိမ်တိုင်လို့ မနှစ်က စပါးတစ်ရာ ပေးလိုက်ရတာနဲ့ မကျေနပ်သေးဘဲ အခု ကျုပ်မယားကို ကြာခိုတယ်၊ ကောင်းသေးလား"

ထိန်လင်းတို့သည် မောင်ဝင်း၏ အလောင်းကို မိုင်း၏ အလောင်းရှိရာသို့ သယ်ပိုးခဲ့ကြသည်။ အသက်သုံးချောင်းကို တစ်နေ့တည်း သတ်လိုက်သော လူသတ်သမားဖြစ်ပေမင့် သူ့ကို မရွံရှာ မမုန်းတီးနိုင်ကြ။ သူ့အသံကို ကြားနေကြသည်။ ဤသည်နှင့်အမျှ အရှောင်အား မုန်းတီးကြသည်။

"အဲဒါဟာ မင်းတို့ ငါတို့က အရှောင်ဆိုပြီး ဒီရွာမှာ မျက်စိနဲ့ မြင်လို့ အရှောင် မကောင်းဘူး ပြောကြတာကွ။ အမှန်က ရပ်တကာ ရွာတကာမှာ အခုလိုပဲ တရုတ်တွေ ကြီးစိုးပြီး တရုတ်တွေ လူလည်လုပ်နေပြီကွ။ တရုတ်လိုပဲ ကုလားကလည်း ရပ်တကာ ရွာတကာမှာ သူ မရှိရင် မဖြစ်သလောက် ဖြစ်နေပြီကွ။ ကုလားနဲ့ တရုတ် ပြဿနာ နှရတော့မယ့် ဘဝကို ရောက်ကြတော့မယ်"

ထိန်လင်းသည် အလောင်းကို ခေါင်းရင်းပိုင်းမှ ထမ်းလာရင်း သူငယ်ချင်းများအား ပြောလာသည်။

"မင်းကို ဘယ်သူ ပြောလဲ"

အောင်မြိုင်က ခြေရင်းပိုင်းမှ မေး၏။

"အဘိုးက ပြောတယ်ကွ"

"မင်းအဘိုး ပြောတာ မယုံဘူးကွာ"

"ဟေ့ သူ့အဘိုးက နေရတကာ ရောက်တာကွ။ ရန်ကုန်တောင် ရောက်ဖူးတယ်တဲ့။ သူ ပြောတာ ဟုတ်ချင်ဟုတ်မှာ"

အောင်မြိုင်၏ ဘေးမှ ပါလာသော ခင်မောင်က ပြောသည်တွင် ဝက်ကြီးက-

"အမယ် ငါတို့ အဘိုးကို အထင်မသေးပါနဲ့ကွ။ ဝံသာနု ခေါင်းဆောင်ကွ" ဟု ကြွားသည်။

ထိန်လင်းက ဆက်ပြော၏။

"အဘိုး ပြောတာ မယုံရင် အိမ်မှာ စာရွက်တွေ၊ သတင်းစာတွေလည်း ရှိတယ်ကွ။ အဲဒီမှာ ဖတ်ကြည့်ရင် ငါ ပြောတာထက် စုံတယ်။ ကုလားတွေ၊ တရုတ်တွေဟာ ဗမာတွေရဲ့ သနားကြင်နာတတ်တဲ့ စိတ်ကို အခွင့်ကောင်းယူပြီး စီးပွားရေး အမြင်ကျယ်ကျယ်နဲ့ တစ်မိုးလုံး ဖြောက်ဆိပ် လုပ်နေကြတဲ့အတွက် မြန်မာပြည်

သူပြည်သားများမှာ တစ်နေ့တခြား ရေနည်းငါးလို ဖြစ်ကုန်ပြီတဲ့ကွ။ မြန်မာပြည်မှာနေ၊ မြန်မာ့ဆန်ကိုစား၊ မြန်မာ့ရေကိုသောက်၊ မြန်မာမကိုယူပြီး ဘာသာ အတင်းပြောင်း နိုင်းတာဟာလည်း မတရားဘူးတဲ့''

''တို့ဦးရှောင်ရဲ့ မိန်းမ ဒေါ်သဲမိကတော့ ကရင်လိုလည်း နတ်စား၊ ဗုဒ္ဓဘာသာလို လည်း ဘုန်းကြီးဆွမ်းလောင်း၊ ဥပုသ်စောင့်တာ မြင်ရပါကလားကွ''

ခင်မောင်က ဝင်ပြောခြင်း ဖြစ်သည်။

''အဲဒီလို ဘာသာမပြောင်းရတဲ့ မိန်းမဟာ မယားငယ်တဲ့ကွ။ မယားကြီးက ပြည်ကြီးမှာ ရှိသတဲ့။ သတင်းစာထဲမှာ အဲဒီလိုပဲ ပါတယ်''

''ဟော့ ငါလည်း သတင်းစာ ဖတ်ဖူးတယ်ကွ''

ဟု ဝက်ကြီးကလည်း ထိန်လင်းဘေးမှ လိုက်ပါရင်း အော်၏။

''အလကား ကြွားမနေစမ်းပါနဲ့ကွာ''

ဝက်ကြီး၏ညီ ထွန်းတင်က နှောင့်ယှက်ရာ-

''ဟော့ကောင် မင်း မရှုပ်နဲ့နော်၊ ငါ လှမ်းကန်လိုက်မယ် သိလား''

ဟု မာန်လေသည်။

''ငါ့ကို ကန်ရင် အလောင်းကြီး မင်းအပေါ် ကျလာမှာပေါ့ကွ''

''ဟော ငါ ပြောပြမယ်။ ကုလားကိုယူတဲ့ မိန်းမဟာတဲ့၊ ဘာသာပြောင်းရင် ကုလားသေတဲ့အခါမှာ အမွေရတယ်တဲ့။ ဘာသာမပြောင်းရင် အမွေမရဘူးတဲ့။ ဒါပေမဲ့ ဘာသာပြောင်းပြောင်း မပြောင်းပြောင်း မယားငယ်ပဲတဲ့။ မယားကြီးကတော့ ဘင်္ဂလားမှာပဲ ရှိတယ်တဲ့''

''ဟုတ်ပေ့ကွား'' ဟု အောင်မြင့်က အော်၏။

''နောက်ပြီး မြန်မာမကို ကုလားကယူရင်သာ ဘာမှမဖြစ်တာနော်။ ကုလားမကို မြန်မာက ယူရင် ဘာသာဖျက်ဆီးမှုနဲ့ အဲဒီမြန်မာ ထောင်ကျသတဲ့''

''ကြိုက်လို့ ယူကြတာပဲကွာ'' ဟု ခင်မောင်က ရေရွတ်သလို-

''မတရားလိုက်တာကွာ'' ဟူ၍ မည်သည့်အချိန်က ပါလာမှန်း မသိသော ဘိုကြီးက မြည်တမ်း၏။

''တချို့ကုလားကျတော့ မြန်မာမကိုသာ ယူထားတာနော်။ ထမင်းအိုး သတ်သတ်၊ ဟင်းအိုးရေအိုးကအစ အားလုံး သတ်သတ်ထားပြီး ချက်ပြုတ်စားသတဲ့။ မြန်မာမနဲ့ မရောဘူးတဲ့''

''မြန်မာမကိုလည်း ယူသေးတယ်၊ မြန်မာမနဲ့လည်း အတူမစားဘူး။

အိပ်တော့ကောကွာ''

''အေး အဲဒါတော့ အတူတူပဲ ဖြစ်ရမယ်''

လူငယ်များသည် ဟားတိုက် ရယ်မောကြလေသည်။ ထိုအခါ-

''ဟော့ ဟော့ မသာကြီး ထမ်းလာပြီး မရယ်ကောင်းဘူးကွ''

ဟု အောင်မြိုင်က သတိပေး၏။ အားလုံး ဣန္ဒြေဆည်လိုက်ကြသည်။

ရွာသူရွာသားများမှာ ပြေးကြ လွှားကြ၊ အော်ကြ ဟစ်ကြနှင့် မောင်ဝင်း၏ အလောင်းကို ဝိုင်းကြည့်ကြသည်။ ကိုမြင့်အောင်၊ မလှနှစ်တို့၏ သမီး ငွေပွင့်သည် လည်းကောင်း၊ ကိုရှိန်ထွန်း၏သမီး တင်မေနှင့် မိုးသူသည်လည်းကောင်း၊ မိပု၊ မိရီနှင့် အပြိုးတို့သည်လည်းကောင်း မျက်နှာပျက်ဖြင့် ပြေးလွှား ရောက်ရှိလာကြသည်။

''ဟဲ့ ထိန်လင်း နင့်မှာ သွေးနဲ့ပါကလား။ အမယ်လေး ဘယ်လို ဖြစ်တာလဲဟဲ့ ထိန်လင်းရဲ့''

တင်မေသည် ထိန်လင်းအနားသို့ ပြေးကပ်လာရာက ပခုံးပေါ်မှ အလောင်းကြီး ကိုမြင်သည်တွင် နောက်သို့ ဆုတ်သွားလေ၏။

''ငါ ဘာမှ မဖြစ်ပါဘူးဟ၊ သွေးတွေနဲ့ လူကို သွားပွေ့လို့ ပေတာပါ''

သို့စဉ်တွင် ထွန်းစိန်သည် ဓားတစ်လက်ဆွဲကာ မောကြီးပန်းကြီး ရောက်လာရင်း-

''ထိန်လင်း ဘာဖြစ်တာလဲဟေ့''

ဟု မေးသည်။ သူငယ်ချင်းများက အကျဉ်းရုံးပြသောအခါ ထွန်းစိန်သည် ဓားကြီး ကိုင်လျက် ဘေးမှ ကပ်လိုက်လာ၏။

မောင်ဝင်း၏ အိမ်တွင် ငိုသံဖြင့် ညံနေသည်။ လူလားမမြောက်သေးသော ကလေးငယ်များ၏ မပီကလာ ပီကလာ ငိုကြွေးသံက ကြေကွဲစရာ ဖြစ်၏။ ဆွေမဲ့မျိုးမဲ့တွင် မိခင်ရော ဖခင်ပါ ပြိုင်တူ သေဆုံးသော သူတို့အခြေက ရင်နင့်စရာပင်။ အိမ်နီးနားချင်း များမှာလည်း ပုစုခရုအရွယ် ကလေးငါးယောက်ကို ကြည့်ကာ ဝမ်းနည်း နေကြ လေသည်။

ထိန်လင်းတို့ သူငယ်ချင်းတစ်စုသည် မသာနှစ်လောင်းကို ပြင်ဆင်ပေးပြီးနောက် လူကြီးများကို ထားကာ ပြန်လာခဲ့ကြသည်။

ရွာထဲတွင်မူ သုံးလောင်းပြိုင် ဇာတ်လမ်းသည် ပွက်ညံနေ၏။ မောင်ဝင်းသည် စေးစွာသော အညာရပ်မှ သသမေခွန် မဆောင်နိုင်သဖြင့် သူကြီးကိုသတ်ပြီး ထွက်ပြေး လာသော ဝရမ်းပြေး ဖြစ်သယောင်ယောင်လည်း ပြောကြ၏။ မောင်ဝင်းမယား

မိဝိုင်းမှာလည်း ဟိုရွာကလိုလို၊ သည်ရွာကလိုလိုနှင့် ကောက်လာစိုက်ရင်း မောင်ဝင်းနှင့် ဆုံသည်။ မျိုးရိုးဇာတိ သိသူမရှိသဖြင့် စိတ်ကူးနှင့် မှန်းဆ၍ ပြောနေကြ၏။

အရှောင်မှာမူ သေပြီးခါမှ ပို၍ နာမည်ပျက်ရလေသည်။ မိဝိုင်းတို့ ဆင်းရဲကျပ်တည်းခြင်းကို အခွင့်ကောင်းယူ၍ မိဝိုင်းကို ကြာခိုသည့်အပြင် မောင်ဝင်း၏ ကြွေးစာရင်းကိုပါ သုညတစ်လုံးတိုးမှတ်ခြင်း အကြောင်းပျက်ကြောင့် အညစ်ခံရသူများ အလျှိုလျှို ပေါ်လာကြတော့သည်။

"သူ့ဆီက ဘဲနှစ်ကောင် စပါးပေးနဲ့ ယူတဲ့ဟာကိုကွာ၊ ဘဲကလေးတွေနဲ့ စည်စည်ကားကားလည်း ဖြစ်လာရော မွေးဖို့ ခဏပေးတာပါဆိုပြီး သူကြီး သွားတိုင်လို့ မနည်း ရှင်းယူရတယ်"

ဆိုသော အသံ

"ကျုပ်ကတော့ ဒီတရုတ်ကို အရောမဝင်ဘူး။ သူ့ဆိုင်ကိုတောင် မသွားရင် မဖြစ်လို့။ သွားရင်လည်း လူရှုပ်မှပဲ သွားတယ်။ လူကို ရိသဲ့သဲ့နဲ့ တော့"

ဆိုသော အသံများသည် အရှောင်၏ အလောင်းကောင်ကိုမပုပ်မီက ဖျန်းသော အပုပ်နံ့များ ဖြစ်ချေ၏။

ထိန်လင်း အိမ်သို့ ပြန်လာရာတွင် တင်မေနှင့် မိုးသူအပြင် အပြုံးလည်း လိုက်ပါလာသည်။ သူသည် အိမ်ဈေး ထွက်မေးသူများကို လမ်းတစ်လျှောက်လုံး ပြောလာရ၏။ ကိုယ်တွင် ရွှဲစိုနေသော သွေးများအကြောင်းကို ပါးစပ်မပိတ်တမ်း ဖြေရှင်းလာရသည်။

အဘိုး ဦးကျော်ဟိုးသည် အိမ်ရှေ့မှ လည်တဆန့်ဆန့်နှင့် မျှော်နေ၏။ စောရင်နှင့် ခင်ထွေးတို့လည်း ရောက်နေကြကာ အဖြစ်အပျက်ကို အဘိုးအား ပြောပြီးကြဟန် တူသည်။

"ကဲ သားရေ၊ အဝတ်တွေ ချွတ်ပြီး ရေချိုးဟော့"

ဟု ဦးကျော်ဟိုးက ဆီးကြိုပြောလျှင်-

"ဟုတ်တယ် ဟုတ်တယ်၊ ချွတ်ပစ်မှ ဖြစ်မယ်"

ဟု စောရင်က ပြောသလို-

"တစ်ခါတည်း မီးဖိုပေါ်မှာ တင်ပြီး ပြုတ်ပစ်ရအောင်၊ ခင်ထွေး လုပ်ပါဟဲ့"

ဟု ပြောသည်။ သူတို့ ညီအစ်မသည် ထိန်လင်း၏ အင်္ကျီကို ဆွဲချွတ်ကြ၏။

စောရင်က ဘယ်ဘက်က ဆွဲ၊ ခင်ထွေးက ညာဘက်ကဆွဲနှင့် နှစ်ယောက် ညှပ်ဆွဲသောအခါ ချွတ်မရချေ။

"မျက်စိထဲ မတွေ့ဘူးဟော့"

ဟု တင်မေက မာန်မှ ခင်ထွေးက လွှတ်၍ ပုဆိုးတစ်ထည် ပြေးယူသည်။ ပုဆိုးလဲနေစဉ်တွင် စောရင်က အင်္ကျီ ပြေးယူသည်။ ထိုညီအစ်မကို အပြုံးက မျက်စောင်း တခဲခဲနှင့် ကြည့်ကာ နောက်ဆုံး အိမ်ပေါ်မှ ဆင်းသွားလေ၏။

# ကိုး

ချိုပါရွာသို့ စိန်မင်းသား ရောက်မလာခဲ့ချေ။

မိုးကောင်းမှာ ဒေါ်လှမြတ် ကွယ်လွန်သည့် သတင်းကို ထိန်ဝင်း၊ စံပယ်၊ မိမွေးနှင့် ဒေါ်ညိုသင်းတို့ ချိုပါသို့ရောက်လာမှ သိရသည့်အပြင် မိမိ၏တူများ သည်မှုရှပ်တတ် ပွေတတ်ပြီဖြစ်ကြောင်းကိုလည်း ထိုသူများရောက်လာမှ သိရကာ အံ့သြနေလေ၏။

"သားကိုလည်း သတိရတာပါပဲကွယ်။ သို့သော်လည်း မြေးကလေးကို လွမ်းလို့ လိုက်လာဖြစ်တာ"

"အဘွားရဲ့ မြေးကဖြင့် ကောင်းလိုက်တာ"

မြေးချင်းအတူတူတွင် စိန်မင်းသားကိုမှ ပို၍ချစ်ဟန်ပြသဖြင့် ထိန်ဝင်းက ကျေနပ်ဟန် မတူချေ။

"ဟဲ့ သားဆိုးအမေမှ တတေတေနေတာ မဟုတ်ဘူး။ မြေးဆိုး အဘွားလည်း တဖားဖား နေတာပဲ။ နို့ နင်ကကော ကောင်းလို့လား"

မိုးကောင်းသည် မိခင်နှင့် တူတော်မောင်၏ ကြားတွင် ဝင်မပြောပေ။ ကလေးကို ချီချော့ရင်း စိန်မင်းသား မည်သည့်ဘက်သို့ သဝေထိုးသွားနိုင်သနည်းဟု တွေးကြံနေမိ၏။

ဦးကျော်အုံသည်လည်း ကွမ်းအစ်တစ်လုံး၊ ပုရပိုက် တစ်ချပ်၊ ဆေးလိပ် တစ်လိပ်နှင့် အိမ်ဦးခန်းတွင် ငြိမ်သက်နေသည်။ အသံများကို ကြားစေကာမူ သူ ဝင်မပြောချေ။

စံပယ်သည် မယ်သန်နှင့်အတူ မီးဖိုထဲသို့ ဝင်ရောက် ချက်ပြုတ်နေသည်။ မိမွေးမှာမူ ဒေါ်ညိုသင်းအနီးတွင် ပုံပုံကလေး ထိုင်နေ၏။ သူသည် အလုံးအရပ်ပေါ်ပြီးမှ စိန်မင်းသားနှင့် မင်္ဂလာဆောင်ရသည့်အတွက် ဤရွာသို့ ရောက်ရှိနှင့်တွင် မြင်မြင်ထင်ထင် ဖြစ်နေပေပြီ။

"အေး မြေးကလေးကို မွှော်လင့်ပြီး လာခဲ့ရတာပေမယ့် ဒီသားမျက်နှာ မြင်ရပြန်တော့ တစ်မျိုး စိတ်ချမ်းသာရပြန်တာပဲဟဲ့။ တစ်ခါ ဒီမြေး တွေ့ရပြန်တော့ အသွား မပြန်နိုင်တော့ဘူးဟဲ့ သိလား"

ဒေါ်ညိုသင်းသည် မိုးကောင်း၏ လက်ထဲတွင်ရှိသော ကလေးကို လှမ်းမြှုသည်။ ကလေးက အသံသေးကလေးဖြင့် ညှစ်၍ရယ်၏။ ဒေါ်ညိုသင်း၏ မျက်နှာမှာ လန်းဆန်းကြည်လင်နေပေသည်။

"အေး ဟိုမှာတော့လည်း သားတွေ သမီးတွေ မြေးတွေက ကိုင်းထဲထွက်သွားရင် တို့အပိုင်းမှာက ငါရယ်၊ မလှမြတ်ရယ်၊ ဖိုးစံလှဘော်ရယ်ပဲ ကျန်ခဲ့တာကိုး။ ဖိုးစံလှဘော်ကလည်း သူ့ဘာသာ သွားချင်ရာ သွားနေတော့ နီးနီးကပ်ကပ်ဆိုလို့ ငါ့မှာ မလှမြတ်ပဲ ရှိတာကလား"

ဒေါ်ညိုသင်းသည် သွားလေသူ ခမည်းခမက်တော်သူအား တမ်းတ ညည်းတွားခြင်း ဖြစ်၏။

"သူနဲ့ကလည်း ဇီးကုန်းက ပြေးလာကတည်းက ကောင်းတိုင်ပင် ဆိုးတိုင်ပင် နေလာကြတော့ သူ့မှာလည်း ငါမရှိရင် မနေတတ်ဘူး။ ငါ့မှာလည်း သူ မရှိရင် ယောင်ခြောက်ခြောက်ကြီးဟဲ့။ အဲ သူလည်း မကောင်းဆိုးဝါး ပုလိပ် သေနာကျရဲ့ ပယောဂကြောင့် ဆုံးသွားရှာရော။ အိုလေ ငါ့မှာ ထိုင်ရမလို ထရမလို ဘယ်သွားလို့ ဘယ်လာပြီး ဘယ်သူနဲ့ စကားပြောရမှန်းလည်း မသိတော့ဘူး"

"ပုလိပ်ကသာ မကောင်းတာပါ အဘွားရယ်။ ဒေါ်ဒေါ်တို့ မမတို့ ကျတော့လည်း ကောင်းရှာပါတယ်"

ထိန်ဝင်းက ဖြည့်စွက်ပြောသောအခါ မိုးကောင်းက မေး၏။

"သူကြီးသားနဲ့လည်း သင့်မြတ်တာပဲ မဟုတ်လား"

"ဘာပြောကောင်းမလဲ ဘဒွေးရာ၊ ဂေါ်နေနေ ဂေါ်နောချင်းပေါ့"

"ဖြစ်မှာပေါ့ဟဲ့။ ဒီပုလိပ်ကကော မျိုးရိုးဇာတိကို စစ်လိုက်တော့ ရေကင်းမင်းကြီးရွာက ကိုစိန်တုံးရဲ့ညီ ကိုစိန်အုံးဆိုတာရဲ့ သားပဲ"

ဒေါ်ညိုသင်းက အစဖော်ပေးသည့်အတွက် မိုးကောင်းသည် ညစ်ကျယ်ကျယ်စိန်ရ၊ ရွှေရ ညီအစ်ကိုကို အမှတ်ရလေသည်။ အစ်ကိုတောက်ထွန်းနှင့် ရွယ်တူပင်ဖြစ်ရာ

ယခုလောက် ရှိလျှင် သားတွေသမီးတွေနှင့် လူကြီး ဖြစ်နေရော့မည်။

စိန်ရှ၊ ရွှေရကို သတိရသည်ဆိုလျှင် မိုးကောင်း၏ တစ်သက်၌ မည်သည့်အခါမျှ မေ့၍ရမည် မထင်သော ခင်သစ်ကို လွမ်းဆွတ်မိသလိုလို၊ တမ်းယောင်မိသလိုလို ရင်မှာ ခံစားရသည်။ ခင်သစ်သည်ကော အိမ်ထောင်ရက်သားကျ၍ သားတွေသမီးတွေ တစ်အုံ တစ်မကြီးနှင့် စည်ကားနေပြီလား။ ဤကလေးမအေ ခင်သစ်ကို ယခုအချိန်တွင် တွေ့ချင် လိုက်စမ်းပါဘိ။

ခင်သစ်ကို အမှတ်ရသည်ဆိုလျှင် အတွေးမျှင်က ဆက်သွားသည်။ အဖြူ ။

အဖြူဖခင်သည် ယခုလောက်ဆိုလျှင် တိုက်ပိုင်ကြီး ဖြစ်နေပေရော့မည်။ ဖခင်ကတိုက်ပိုင်ဆိုလျှင် အဖြူသည်လည်း မြို့အုပ် ဝန်ထောက်ကတော် အဆင့်ထက် လျှော့မည်မဟုတ်။ ဝ နေသလား၊ လှနေသလား။ မောင်မိုးကောင်း မြင်ချင်ပါဘိတော့သည်။

မိုးကောင်း၏ အတွေးလမ်းကြောင်း ရှည်သွယ်နေခိုက်တွင် ဒေါ်ညိုသင်းသည် မိမွေးတို့ ထိန်ဝင်းတို့နှင့် စကားပြော၍ကောင်းဆဲ ရှိနေသေး၏။ စံပယ်မသည် မီးဖိုထဲမှ ထွက်လာပြီး–

"စိန်မင်းကို မတွေ့ရလို့ အဘွားက ပြန်ချင်ပြီဆိုပါတော့"

ဟု မေး၏။

"ပြန်တော့ မပြန်ချင်ဘူးဟဲ့။ သို့ပေသည့် သူတို့အရပ်က တို့အရပ်လို ပေါပေါ များများ မရှိတော့ စားရသောက်ရတာ အားနာသဟဲ့"

"အမယ်လေးဗျာ အစ်မကြီး ပျော်သလောက်နေပါ။ အစ်မကြီးရဲ့ သားနဲ့ အစ်မကြီးရဲ့ သမီးအိမ်ကိုလာတာ ဘယ်သူ့များ အားနာစရာရှိသလဲ"

ဟု ဦးကျော်အုံက လှမ်းပြောသည်။

"ရှင့်ကို အားနာလို့ ရှင်ရေ့"

"အားမနာပါနဲ့ဗျာ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ကလည်း ခမည်းခမက်ပါပဲဗျာ။ ခင်ဗျား သားကြောင့် ကျုပ် စားနေရတာ။ ဘာမှ မကြောင့်ကြနဲ့"

"ဟုတ်ပါတယ် အစ်မရယ် ပခုက္ကူကို ပြန်ရောက်တော့ကော ဒီလိုပဲ ထိုင်နေမှာပဲ မဟုတ်လား"

မိုးကောင်းက မီးဖိုဘက်သို့ လျှောက်သွားရင်း ပြောသည်။ မယ်သန့်သည် ကလေးကို လှမ်းယူရင်း–

"ကိုမိုး အမေက ပြန်ချင်ပြီတဲ့လား" ဟု မေး၏။

"မဟုတ်ပါဘူးကွာ၊ ဟိုကောင်မလေးက ထင်ရာတွေ လျှောက်ပြောနေတာပါ"

''ပြန်လို့တော့ မဖြစ်ဘူးကွာ၊ ဟိုကောင်မလေး မိမွေးက မပေါ့မပါးနဲ့''

''အေးပါဟာ မပြန်သေးပါဘူး''

မိုးကောင်းသည် နွားတင်းကုပ်ထဲသို့ ဝင်၏။ ဒေါ်ညိုသင်းကတော့ မြေးချွေးမ နှစ်ယောက်နှင့် ရောက်တတ်ရာရာ ပြောဆို ကျန်ရစ်ခဲ့သည်။ ဦးကျော်အုံ့ကမူ သူ၏ ပုရပိုက်ထဲတွင် ပြန်လည် အာရုံဝင်စားနေလေ၏။

အိမ်သူအိမ်သား စုလင်စွာဖြင့် ထမင်းစားကြခါနီးတွင် မောင်ကြိုင်သည် ချွေးရွှဲ သံရွှဲဖြင့် ဝင်လာသည်။ မိုးကောင်းက ထမင်းစားခေါ်ရာ သူက ငြင်း၍ သတင်းတစ်ခု ပေး၏။

''ကြားပြီးကြပြီလား'' ဟု အစချီသည်။

''ဗန္ဓုကရသေ့တော့ ၁၂၈၉ ခုမှာ စကြာမင်းဖြစ်မယ်လို့ ပြောတယ်တဲ့။ မင်ကြောင်ဆရာမောင်တင် လာတုန်းက ပြောသွားသကွ''

ဦးကျော်အုံ့က ထမင်းပွဲသို့ မသွားသေးဘဲ နေရာမပျက် ပြန်ထိုင်ကာ ပြောသည်။

''ကျုပ် ကြားခဲ့တာက ဒီလိုဗျ။ ဥပုသ်နေ့တုန်းက ဗရှူးရွာမှာ ရှင်ပြုသတဲ့''

''ဗန္ဓုက ကလား''

''ဟုတ်တယ်။ လှူငါးရာကို သူတစ်ယောက်တည်းက ရှင်ပြုတယ်။ လှူစည်ကားတာကတော့ ဒီရသေ့လုပ်ရင် စည်ကားတာမို့ အဆန်းမဟုတ်ဘူး။ အဲဒီမှာ လှည်း အစီးတစ်ထောင်နဲ့ ရှင်လောင်းလှည့်တော့ ရသေ့ကြီးစီးတဲ့ လှည်းမှာ မျက်နှာကြက် တပ်ထားသတဲ့''

''အဲဒါနဲ့ ဘာဖြစ်လဲဗျ''

ဟု မေးလျက် မိုးကောင်းသည် ထမင်းပွဲမှ ထလာ၏။ ထိန်ဝင်းသည် လည်းကောင်း၊ ဒေါ်ညိုသင်းသည် လည်းကောင်း ထမင်းပွဲမှ လှမ်းကြည့်နေကြသည်။

''အဲဒါကို မင်းမျိုးမင်းနွယ်များမှသာ နွားလှည်းကို မျက်နှာကြက် တင်ပြီး စီးရတယ်ဆိုပြီး အတင်းတက်ဆွဲဖြုတ်လို့ ရသေ့ကြီးရဲ့ လူတွေနဲ့ ရန်ဖြစ်ကြသတဲ့''

''ပြောရင်လည်း စုံအောင် ပြောပါကွ။ မျက်နှာကြက်ကို ဘယ်သူက ဆွဲဖျက်တာလဲ''

''အုတ်ဖိုသူကြီးပေါ့ဗျာ၊ ဘယ်သူ ရှိရဦးမလဲ။ မျက်နှာလို မျက်နှာရနဲ့''

''ဝိုင်းပြီး မရိုက်ကြဘူးလား''

''အသေသတ်မလို့ ဝိုင်းလာကြတာပဲတဲ့ဗျ။ နှစ်လုံးပြူးကြီး တကားကားနဲ့ နှိပ်စက်ပေါင်းများထားတော့ လူတွေကလည်း မုန်းနေဆိုပဲ။ အနာပေသည့် ရသေ့ကြီးက

သည်းခံကြ သည်းခံကြလို့ဆိုတာနဲ့ သူကြီး သက်သာသွားတာတဲ့ဗျ''

ဦးကျော်အုံ့သည် ငြိမ်သက်စွာ တစ်ချက် စိုက်တွေနေပြီးမှ ပြော၏။

''ငါ ကြားတာကတော့ လူတွေဟာ ဗန္ဓကရသေ့ကို သိပ်ပြီးယုံကြည်၊ သိပ်ပြီး ကိုးကွယ်တာနဲ့အမျှ သူကြီးတို့ ရွာခေါင်းတို့အပေါ်မှာ အရှိအသေ တန်လာကြသတဲ့ကွ''

''ဟုတ်တာပေါ့ဗျ။ ရသေ့ကြီးက ဆေးကုပေးနိုင်တယ်။ သူတို့က ဘာလုပ် ပေးနိုင်လို့လဲ''

''အဲဒါကြောင့် အုတ်ဖိုသူကြီးဟာလည်း ဗန္ဓကရသေ့ရဲ့ ဘုန်းတန်ခိုး အာနိသင် ရှိတာ ပရိသတ် လာဘ်လာဘစည်ပင်တာကို မရှုဆိတ်ဖြစ်ပြီး လုပ်တာဖြစ်မှာပဲ''

''အဘိရွှာ ဗျာပါဒတရားနဲ့ အဲသလိုလုပ်လေ၊ သူ့ကို လူမုန်းလေ ဖြစ်မှာပေါ့ဗျာ''

''အေး ငါ့အထင်တော့ အုတ်ဖိုသူကြီးရော၊ တခြားသူကြီးတွေဟာ ဗန္ဓကရသေ့ ကို မျက်မုန်းကျိုးနေကြတော့ အထက်အစိုးရမင်းများဆီကို မတော်မတရားတွေ အစီရင်ခံမှာ တောင်စိုးရတယ်''

''ဟုတ်တယ်ဗျို့ ကိုထွားကို သတိပေးဦးမှပဲဗျာ။ ကိုင်း ကိုင်း သွားမယ်''

မောင်ကြိုင်သည် ပြောပြောဆိုဆို တံစက်မြိတ်အောက်မှ ခွာသွားသည်တွင် ဦးကျော်အုံ့က လှမ်း၍ သတိပေးသည်။

''ငထွားလည်း ဆယ်အိမ်ခေါင်းပဲကွ။ ဗန္ဓကကို အရင်လို ဟက်ဟက်ပက်ပက် မရှိတော့ဘူးနော်''

ဗန္ဓကသည် အခြေကျကျနှင့် အားယူလှုပ်ရှားလာသူဖြစ်ရာ ဤရွာဤနယ်တွင် ပျုံ့နှံ့ရာမှ ဗန္ဓကရသေ့ အကြောင်းသည် အသစ်အဆန်း မဟုတ်တော့ပေ။ ဤရွာ၏ ဧည့်သည်များဖြစ်ကြသော ဒေါ်ညိုသင်းနှင့် ထိန်ဝင်းတို့အတွက်မူ ဗန္ဓကရသေ့ အမည်သည် ဆန်းကြယ်၏။ ဆန်းရုံသာမက စိတ်ဝင်စားစရာလည်း ဖြစ်နေသည်။

''ဗန္ဓကဆိုတာ ဘာလဲ ရှင့်''

ထမင်းစားကြ၍ မပြီးမီပင် ဒေါ်ညိုသင်းက စတင် မေးလေ၏။

''အခုတော့ ရသေ့ပေါ့ဗျာ။ အရင်တုန်းကတော့ ဆေးဆရာပါပဲ။ ကျုပ်အိမ်မှာ တောင် တည်းခိုသွားဖူးပါတယ်။ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးမျက်ခုံး ကောင်းကောင်း၊ နှာရွက်ကားကားနဲ့။ အပြောအဆိုလည်း မဆိုးပါဘူး''

''သူက နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို ဟောသလား။ သူကဗော သောဘာပန်လား''

''မဟုတ်ပါဘူးဗျာ။ ဆေးကုတယ်၊ ဘုရားတည်တယ်။ သာသနာပြုမင်း

ဆိုပါတော့ဗျာ။ ဒါထက် အစ်မကြီး ဟိုတဘောင်ကို ကြားဖူးမှာပေါ့။ နှစ်ပြည်ထောင်တည်စ၊ အလယ်ကကျောင်းဆောင် ဆိုတာလေ''

''အို ကြားဖူးပါသကောရှင်၊ နှစ်ပြည်ထောင်တည်စ၊ အလယ်က ကျောင်းဆောင်၊ အနောက်က ဝေဘူတောင်၊ ရွှေဝှချောင် အကွေ့။ ဟဲ့ မိစံပယ် ပြီးတော့ ဘာတဲ့လဲ''

''စံပယ်ဖြင့် ကြားတောင် မကြားဖူးဘူး''

မယ်သန့်သည် ပြုံးပြီး ဆက်ဆိုပေးလိုက်ရ၏။

''အေးဟဲ့ ငါ့ချွေးမကလေးကမှ တော်သေးတယ်။ ဟုတ်တယ် ဦးကျော်အုံ၊ အဲဒါ ကြားဖူးသားပဲ''

''အဲဒီတဘောင်ကို အခြေခံပြီး ယတြာပြုတဲ့အနေနဲ့ ရသေ့ဝတ်တာပါပဲ။ သူ့ရဲ့ ရည်ရွယ်ချက်ကတော့ အမျိုး ဘာသာနဲ့ သာသနာတော်ကြီး စည်ပင်ဝပြောဖို့ပါပဲ''

''ကောင်းတဲ့ အလုပ်ပဲရှင့်။ ဒါဖြင့် ခုနတုန်းက ပြောသံကြားလိုက်ပါတယ်။ သူကြီးတွေက ဘာဖြစ်လို့ မနာလို ဝန်တိုမိစ္ဆာ ပွားရတာလဲရှင့်''

''တောလက်ကျေးရွာမှာ သူတို့ကလွဲပြီး ဘုန်းကြီးတဲ့လူဆိုရင် သူတို့ မလိုလားတဲ့ သဘောပါပဲ ခင်ဗျာ။ ဒါပေသည့် အမျိုး ဘာသာနဲ့ သာသနာတော် ကြီးပွားအောင် တကယ်လုပ်ချင်ရင် ဒီလူမျိုးကို ဖိစီးထားတဲ့ အရာတွေနဲ့ ဘာသာ သာသနာရဲ့ ရန်စွယ် ရန်ဆူးတွေကို အရင်ရှင်းရမှာ ခင်ဗျ''

''တော် ''

ဒေါ်ညိုသင်းခမျာ တော်တစ်လုံးသာအော်ပြီး ဦးကျော်အုံအား ငေးပြူးကြည့်နေမိလေ၏။ ခဏအတွင်းဝယ် ဖွန်းသံများ ဟင်းချိုရှုတ်သောက်သံများသာ ကြားနေရပြီးမှ-

''လက်စသတ်တော့ ရှင်တို့ဥစ္စာက သူပုန်ထမယ့် ဟာပါကလား''

ဟု မြည်တမ်းလိုက်လေသည်။

ဦးကျော်အုံက ဖြည်းဖြည်းညင်းညင်း ရယ်မောလိုက်လေသည်။

''ကြောက်သွားသလား အစ်မကြီးရဲ့၊ ကျွန်တော်က ကျွန်တော့်စိတ်ထင်ကို ပြောတာပါ။ ဗန္ဓုလရသေ့ကတော့ တပည့်လက်သား ရသေ့တွေနဲ့ သာသနာတော် ပြန့်ပွား ထွန်းကားရေးသက်သက်ပဲ လုပ်နေတာပါ''

ဒေါ်ညိုသင်းသည် တစ်စုံတစ်ရာ စဉ်းစားနေဟန်ဖြင့် ထမင်းတစ်လုတ် ခွံ့သည်။ ထို့နောက် ဖြည်းဖြည်းအေးအေး ပြော၏။

''ရှင်ပြောတာ စဉ်းစားစရာပဲ ဦးကျော်အုံရဲ့။ သာသနာတော် စည်ပင်

ပြန့်ပွားရေးကို သက်သက်ကိုပဲ ဆောင်ရွက်ချင်ဦးတော့၊ အင်္ဂလိပ်အစိုးရကမှ အားမပေးဘဲနဲ့ ဘယ်လိုလုပ်ပြီး မှန်းတိုင်း ပေါက်မလဲရှင်။ ဒါကြောင့် ရှင်ပြောသလို အင်္ဂလိပ်မရှိဘဲ ကိုယ့်အစိုးရ ကိုယ့်မင်းနဲ့မှ သာသနာ့ ဒါယကာမင်းရှိမှ သာသနာထွန်းကားမှာပဲ''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်ဗျား''

''ဗန္ဓုကရသေ့ စကြာမင်း ဖြစ်မယ့်အချိန်ကျရင် အင်္ဂလိပ်စစ်သားတွေ၊ ပုလိပ်တွေရဲ့ လက်ထဲက သေနတ်တွေ၊ အမြောက်တွေဟာ အလိုလို အရည်ပျော်ကုန်မှာတဲ့ အမေရဲ့''

မယ်သန့်က သူ ကြားသည့်အတိုင်း ဝင်ပြော၏။

''ဟုတ်ချင်လည်း ဟုတ်မှာပေါ့ အေရယ်၊ ကုလားမင်းမှာ လက်နက်ကောင်း တာကတော့ အမှန်ပဲ။ အမေ့သက်တမ်းတစ်လျှောက် ထခဲ့တဲ့ သူပုန်တွေတော့ သေကုန် တာပဲ တွေ့တယ်။ အဲဒါကိုသိလို့ အခုတော့ အေးအေးလူလူပဲ ပြောဆိုနေကြပြီ''

''ဂျီစီဘီအေဆိုတာ ထင်ပါရဲ့ အစ်မကြီးရယ်၊ ဟုတ်လားဗျ''

''မခေါ်တတ်ပါဘူးရှင်၊ ကျွန်မတို့တော့ ဝံသာနုလို့ပဲခေါ်တယ်။ ကျွန်မတို့ ဒီမလာခင်မှာပဲ ကွန်ဖရင့်ဆိုတာလုပ်တော့ အင်္ဂလိပ်အစိုးရကို အခွန်တော် မပေးဘူးတဲ့ရှင့်။ ပြီးတော့လည်း ဘာခိုင်းခိုင်း လုပ်မပေးဘူးတဲ့။ အဲဒီလိုလုပ်ရင် ဓားကိုင်ပြီး တိုက်တာ ခိုက်တာ သူပုန်ထတာထက် ကောင်းသတဲ့ရှင့်''

''ဝံသာနုတွေလည်း ကျွန်တော် သိရသလောက်တော့ ညီညီညွတ်ညွတ် မရှိကြဘူး ခင်ဗျာ။ အဲဒီထဲမှာ ပါးစပ်ကလေးနဲ့ပြောဆို တောင်းခံနေတဲ့ လူတွေကိုပဲ ထောင်ချလို ချ၊ ဖမ်းလိုဖမ်း လုပ်နေတာပါ ခင်ဗျာ။ ကောင်းတာကတော့ ဖြစ်နိုင်ရင် သူတို့လို လက်နက်ကောင်းကောင်း ရအောင်ရှာပြီး သူပုန်ထတာပဲ ကောင်းပါတယ်''

ဦးကျော်အုံသည် မိမိစကား၌ ဒေါ်ညိုသင်း ထိတ်လန့်မှု ဖြစ် မဖြစ် တစ်ချက် အကဲခတ်လိုက်ပြီးမှ ကိုယ့်စကား ကိုယ်ပြန်အုပ်လေသည်။

''အခုတော့ အင်္ဂလိပ်ကို ပြိုင်နိုင်တဲ့ လက်နက် မပြောနဲ့၊ နှစ်လုံးပြူးတောင် မရှိကြဘူး ခင်ဗျ''

သူတို့သည် ထမင်းစားပြီးသွားသည်အထိ ဗန္ဓုကရသေ့အကြောင်းနှင့် တိုင်းပြည် နိုင်ငံရေးတွင်သာ လုံးလည် ချာလည် ဆွေးနွေးနေကြလေ၏။

ချီပါသို့ အလျင်ထွက်သွားနှင့်သူ စိန်မင်းသားသည် ဒေါ်ညိုသင်းတို့ ရောက်ပြီး လေး ငါးလ ကြာသည့်တိုင်အောင် ရောက်လာခဲ့ခြင်း မရှိချေ။ ပထမသော် စိန်မင်းသားကို ပခန်းကြီးတွင် ရှိနေနိုး၊ ဌေးနှင့်တွင် ရောက်နေနိုးဖြင့် ထိန်ဝင်းရော မိုးကောင်းပါ နှစ်သိမ့်သည်။

ရွှေနှတွင် သောင်တင်နေလိုကြား လူကြုံဖြင့်လည်း မှာထားခဲ့၏။

လေးလမှ ငါးလ ကြာသွားသောအခါ ဒေါ်ညိုသင်း စိတ်ပူစပြုလေပြီ။ သေများ သေလေပြီလား စသည်ဖြင့်။

မိမွေးမှာမူ စိန်မင်းသား၏ အကျင့်သိက္ခာကို သိပြီးဖြစ်သည့်အတွက် ရောက်လေရာတွင် မိန်းမရနေမည်ကို စိုးရိမ်နေလေသည်။

တစ်ခုသော နေ့လယ်တွင် နွားလှည်းတစ်စီးသည် နေပူထဲတွင် ဖုန်တလုံးလုံးနှင့် ရွာထဲသို့ ဝင်လာလေသည်။ ကိုပေသီး၊ ဦးအောင်ဇံ၊ ကိုထွားနှင့် မိုးကောင်းတို့သည် ထန်းလက်မိုး အဖီကလေးအောက်မှ မျှော်ကြည့်ကြသည်။

''ဖိုးစံဝေ နေမြင့်လှချည့်လား''

''ဖိုးစံဝေရဲ့လှည်း မဟုတ်ပါဘူးကွာ။ ဧည့်သည်ပါ''

ဟု ကိုပေသီးနှင့် ဦးအောင်ဇံ ငြင်းခုံနေကြစဉ် လှည်းသည် ခဏရပ်ပြီး ဟိုမေးသည်မေးလုပ်ကာ မိုးကောင်းတို့ အဖီကလေးဆီသို့ တန်းတန်းမတ်မတ် မောင်းလာလေ၏။

''ဦးကျော်အုံ့တဲ့၊ ကိုမိုးကောင်းတဲ့ဗျို့''

''ဟုတ်ပါတယ် ဟုတ်ပါတယ်''

ပြောကာ မိုးကောင်းသည် နေပူထဲသို့ ပြေးထွက်သွားသည်။

လှည်းပေါ်တွင် လူတစ်ယောက်သည် စောင်စုတ်များဖြင့် ထွေးရစ်နေ၏။ လှုပ်လည်း မပေါ်၊ သတိလည်း လစ်နေဟန် တူ၏။ လှည်းသမား နှစ်ယောက်သည် စောင်စုတ်ကြီးဖြင့် ထွေးထားသူကို လှည်းပေါ်မှ ပွေ့ချသည်တွင်-

''စိန်မင်း အမယ်လေး ဘယ်လိုဖြစ်လာတာလဲ စိန်မင်းရဲ့''

ဟု အော်ကာ မိမွေးသည် တဲပေါ်မှ ခုန်ချ ပြေးဆင်းလာ၏။

ကိုယ်ဝန်ကြီးနှင့်မို့ သည်လိုမသွားရဟု တားမြစ်ရန် သတိမရကြ။ ထိန်ဝင်းသည်လည်း မိမွေးနောက်မှ ပါသွားလေသည်။

''လွန်ခဲ့တဲ့ ခုနစ်ရက်လောက်က ကျုပ်တို့ ရွာဘေးမှာ ညကြီးမင်းကြီး အော်သံ ဟစ်သံတွေ ကြားလို့ ထွက်ကြည့်တော့ သူ့ကို တွေ့တာပဲဗျ။ သူ့ကိုယ်မှာ ပုဆိုးအင်္ကျီ ဘာမှ မရှိတော့ဘူး။ သွေးတွေ သံတွေလည်းရဲလို့''

ခေါင်းတုံးပြောင်ပြောင် မျက်သားရဲရဲနှင့် လူက အလင်းရောင်ကို မကြည့်နိုင်တိုင်း ခေါင်းငုံ့၍ အစချီလေသည်။

''အမယ်လေး မသေကောင်း မပျောက်ကောင်းတော်။ ကျေးဇူးတင်လို့

မဆုံးပါဘူး။ ထမင်း မစားခဲ့ကြရသေးဘူး ထင်တယ်။ မယ်သန့်တို့ မိမွေးတို့ လုပ်ကြစမ်းဟဲ့''

''မနက်စောစော ထမင်းစားပြီးမှ လာခဲ့ကြတာပါ''

''ဒီအချိန်ဆို ဆာရောပေါ့၊ စားကြပါဦး''

''ထမင်းတော့ တော်ပါပြီ၊ ရေနွေးပဲ သောက်ပါရစေ။ ကျုပ်တို့က ဟိုဘက်က တယ်ပင်ရွာကပါ''

မျက်မွေးတိုတို သျှောင်ထန်းစေ့မှုတ်နှင့် လူက ယင်းသို့ အစချီကာ စိန်မင်းသားအား သူတို့ တွေ့ရှိရပုံကို ဆက်လက်ပြောပြ၏။

စိန်မင်းသားသည် လူအချို့၏ လှည့်ဖြားခြင်းခံရကာ တရုတ်နယ်စပ်သို့ ဘိန်းသွားချရန်ဆိုကာ လိုက်သွားသည်။ တရုတ်နယ်စပ်ဆိုသော နေရာတစ်ခုသို့ အရောက်တွင် စိန်မင်းသား ဖျားလေ၏။ သူ့အဖော်များက သူ့ကို ပစ်ထားခဲ့သဖြင့် မီအောင်ထလိုက်စဉ် လူမသမာများနှင့် တွေ့ပြီးပါသမျှ ပစ္စည်းသာမက ခါးဝတ်ခါးစည်းကိုပါ ချွတ်ယူသွားကြသည်။ သည့်နောက်တွင်ကား စိန်မင်းသားသည် လူမှန်းမသိအောင် ဖျား၏။

တယ်ပင်ရွာသားများသည် စိန်မင်းသား လုံးဝနေကောင်းအောင် ပြုစုကုသလိုက်ကြသည်။ စိန်မင်းသားသည် သတိလည်လာတိုင်း သူ့အကြောင်း ပြတ်တောင်းပြတ်တောင်းပြောပြကာ ချီပါရွာသို့သာ အမြန်ဆုံး လိုက်ပို့ရန် ရှိခိုးဦးတင် ပြောနေ၏။ စေတနာရှင် ရွာသားများသည် နောက်ဆုံး၌ စိန်မင်းသား၏ အလိုကိုလိုက်ကာ လိုက်ပို့ကြခြင်း ဖြစ်သည်။

တရုတ်နယ်စပ်ကို သွားမယ်ဆိုပြီး ဘာဖြစ်လို့ ဒီနားကို ရောက်လာရသလဲ ဆိုသော အတွေးသည် မိုးကောင်း၏ ခေါင်းထဲသို့ ဝင်လာသော်လည်း ဧည့်သည်များနှင့် စကားစမြည် ပြော၍ မိတ်ဖွဲ့ရခြင်း၊ ထမင်းကျွေးခြင်း၊ လက်ဆောင်ပေးနေရခြင်းများကြောင့် အတွေးပျက်သွားလေသည်။ ထိုအတွေးသည် အကြောင်းမဆိုက်သဖြင့် ထပ်မံ မပေါ်လာတော့ချေ။

စိန်မင်းသားအား ထိန်ဝင်း၏ အဝတ်အချို့ကို ခွဲဝက်ပေးရသည်။ ရုတ်တရက်ဆိုလျှင် မိမွေးကလွဲ၍ မည်သူကမျှ စိန်မင်းသားကို မှတ်မိနိုင်စရာ မရှိ။ သူ၏ ကျန်းမာရေးက ဤမျှ ချို့ယွင်းနေသည်။

သူ့အား ဗိန္ဓောဆရာတစ်ယောက်နှင့် ကုသပေး၏။ မိမွေးသည် နေ့မအားညမနား ပြုစုသည်။ စိန်မင်းသားအနားမှ လုံးဝမခွာဘဲ နေသည့်အတွက် ဒေါ်ညိုသင်းနှင့်

မယ်သန့်တို့က ပြောယူရ၏။

ထိုအတောအတွင်း ရသေ့ရှစ်သောင်းတို့က ဒီပဲယင်းမြို့ကို သိမ်းပိုက်ကာ ရသေ့မြို့ တည်ထောင်လိမ့်မည်ဆိုသော ကောလာဟလ သတင်းကြောင့် မြို့ရပ်ဒေသတွင် လှုပ်ရှား ချောက်ချားစပြုသည်။

စိန်မင်းသားမှာ မျှော်လင့်ချက် ရှိသော အခြေအနေသို့သာ ရောက်သေး၏။ ပခုက္ကူသို့ ပြန်ရန် မဖြစ်နိုင်သေးပေ။ ဒေါ်ညိုသင်းသည် မြေးကြောင့် ဆိုင်းငံ့နေရသလို မြေးချွေးမ၏ ကိုယ်ဝန်ကြောင့်လည်း အောင့်အည်းနေရသည်။ စိတ်ထဲမှမူ ပခုက္ကူသို့ ပြန်ပြေးချင်နေပေပြီ။

ဒေါ်ညိုသင်း ပြန်ချင်သလို ထိန်ဝင်းနဲ့ စံပယ်မတို့ကလည်း အသင့်ရှိသည်။ သို့ရာတွင် စိန်မင်းသားသည် ရွာတွင် ဖြစ်ပွားခဲ့သော မတရားမှုမှာ ပျက်ပြယ်သွားပြီး ဆိုသည့်တိုင်အောင် ပြန်ချင်ဟန် မရှိချေ။ မိမွေးအတွက် ပြောစရာ စကားမရှိ။

မိမွေးသည် စိန်မင်းသားနှင့် မခွဲရလျှင် ပြီးစတမ်း အခြေအနေတွင်ရှိသည်။ သို့ကြောင့် စိန်မင်းသားကို ကြင်နာခြင်း အပြည့်ဖြင့် ပင်ပန်းရမှန်း မသိဘဲ ပြုစုနေခြင်း ဖြစ်သည်။ သို့တစေ စိန်မင်းသား၏ ဆက်ဆံမှုက မိမွေး၏ စိတ်နှလုံးကို ညှိုးစေ၏။

စိန်မင်းသားသည် ပန်းခြံထဲ ဝင်ပြီး ဆော့ကစားခဲ့သော ကလေးငယ် နှယ် တူ၏။ လှသော ပန်း၊ မလှသော ပန်း၊ မွှေးသော ပန်း၊ မမွှေးသော ပန်း မြင်မြင်သမျှကို ခူးခြွေပစ်သည့်နှယ်။

ကိုဘအောင်မှ တစ်ပါးသော ရွာသားများ၏ ကြင်နာခြင်းနှင့် ဆွေအားမျိုးအား တောင့်တင်းခြင်း၊ ခင်မင်သူပေါ်ခြင်းကို အခွင့်ကောင်းယူ၍ မိန်းကလေးများအား ရိုက်ခြွေ ခဲ့ရာတွင် မိမွေးသည် စိန်မင်းသားအတွက် မလှသော မမွှေးသော ပန်း။ သို့သော် လက်လှမ်းမီသဖြင့် ခူးခဲ့ ဆွတ်ခဲ့မိစဉ် ပန်းသူခိုးအဖြစ် အဖမ်းခံရသည်။ ပန်းကို အလန့်တကြားလွှင့်ပစ်သော ကလေးနှယ် စိန်မင်းသားသည်လည်း မိမွေးကို စွန့်ပစ်ချင် လေသလော။

ဤသံသယသည် စိန်မင်းသား၏ အေးတိအေးစက် အကြည့်၊ မပြောချင်သလို ပြောချင်သလို အပြုအမူများကြောင့် ခိုင်မာရချေတော့မည်။

ရွာကို ပြန်ပြီး မိမိထက် အသက်ကြီးသော မိန်းမကို မိန်းမလှလှ ငယ်ငယ်လေး ရှေ့တွင် ပေါင်းသင်းနေရမှာလည်း စိန်မင်းသား ရှက်ကောင်းရှက်မည်။ အရင်းခံမှာလည်း အချစ်နှင့်မေတ္တာ စိုးစဉ်းမပါ။ ယုတ်မာခြင်းသာ အဓိကဖြစ်သောကြောင့် တရားဝင် မကြင်နာနိုင်ခြင်း ဖြစ်ကောင်းဖြစ်မည်။

သူ့အား တတမ်းတတ တလွမ်းငင်ငင် မျှော်စောင့်ခဲ့ရသော မိမွေးမှာမူ မျက်နှာချင်းဆိုင်မိသည့် နေ့ကစ၍ ရင်နာခဲ့ရရာ ယနေ့အထိ ဖြစ်သည်။

. မိမွေးသည် စိန်မင်းသားအား ကြည့်ရင်းကြည့်ရင်း မျက်ရည်ကို မထိန်းနိုင်။ မျက်ရည်တစ်ပေါက်သည် စိန်မင်းသား၏ ပါးပေါ်သို့ကျသွားရာ စိန်မင်းသား မျက်လုံး ပွင့်လာ၏။ မိမွေးအား ပြုံးကြောင်ကြည့်နေပြီး မျက်တောင်တဖျပ်ဖျပ် ခတ်ကာ တစ်ဖက်သို့ စောင်းလှည့်သွား၏။

မိမွေးသည် 'ဘာဖြစ်လို့ ငိုတာလဲ' မေးကာ ယုယုယယ အလုပ်ခံရလျှင် ဒုက္ခအားလုံးကို မေ့မည်။ နာကျင်မှုများကို ချေဖျက်မည်။ ထိုးဆွခံထားရသော အသည်းသည် ချမ်းမြလာမည်။

ယခုသော် ပို၍ နာရသည်။ ပို၍ ဝမ်းနည်းရသည်။ ရှိုက်၍ရှိုက်၍ ငိုရတော့သည်။

အခန်းကလေးထဲတွင် ရှိုက်သံသာရှိ၏။

စိန်မင်းသားသည် ဒေါသမျက်နှာထားဖြင့် လှည့်ကြည့်ကာ ထထိုင်ပြီး-

''ဘယ်သူ သေလို့ ငိုတာတုံး''

ဟုငေါက်သည်။ မိမွေးသည် တိုး၍ဝမ်းပန်းတနည်း ရှိုက်၏။ စိန်မင်းသားသည် တောက်တစ်ချက် ခေါက်သည်။

''ငါ့နှယ် ဒီမရောက်ဘဲ လမ်းမှာတင်သေသွားရင် ကောင်းသားကွာ။ ဟင်း ဒီမိန်းမနဲ့လည်း တွေ့ရတော့မှာ မဟုတ်ဘူး''

''မင်း ငါ့ကို ပြောရက်လှချည်လား စိန်မင်းရယ်။ ငါ့ကိုသာ သတ်လိုက်ပါတော့ကွာ''

''အို ဘာဖြစ်လို့ သတ်ရမှာလဲဗျ''

''မင်း မင်း ''

အခန်းထဲ၌ ကျိတ်၍ရန်ဖြစ်နေကြစဉ် တဲရှေ့ အဖီကလေးအောက်သို့ ဒေါ်ပြားသည် စွာကျယ်ကျယ် အသံကြီးဖြင့် ရောက်လာလေသည်။

''ကိုကျော်အုံ့နှယ် ကောင်းလိုက်တဲ့ပွဲတော်။ ဒါလောက် အဓိပ္ပာယ်ရှိပြီး ဒါလောက် ကောင်းတဲ့ပွဲမျိုး တစ်ခါမှ မတွေ့ဖူးဘူး။ ပေးစမ်းပါဦး၊ ဆေးလိပ် တစ်ဖွာ''

''ဘာပွဲတွေများ ဒါလောက် ကောင်းလာရတာလဲ မိပြားရဲ့''

ဦးကျော်အုံ့သည် ထိုင်လျက်နှင့် လုပ်နိုင်သမျှကို လုပ်နေ၏။ သူသည် ထန်းလက် ဝမ်းဗိုက်သားများကို လျှော်ခွာ၍ လျှော်ကို ချောမွေ့အောင်သပ်စဉ် ထွက်လာသော အမျှင်များကို ကြိုးကျစ်၍ အထုံးကလေးတွေ လုပ်ထားသည်။ သူက ဓားမောက်ကို

ဘေးချကာ ရေးနွေး ငုံ့သောက်၏။

''ကျုပ်တို့ရဲ့ ရသေ့ကြီးက မနေ့ညတုန်းက ပရှူးရွာမှာ ပွဲကတယ် တော်ရဲ့''

''ဗန္ဓကရသေ့လား''

''ဟုတ်ပါတယ် တော်ရဲ့''

''ရသေ့နဲ့ ပွဲကတာနဲ့ ဘာဆိုင်လို့လဲ။ ဇာတ်ဆရာ လုပ်မလို့တဲ့လား''

ဦးကျော်အုံ့က ဆေးလိပ်ကို ယူဖွာသည်။

''မဟုတ်ပါဘူးတော်၊ သူ့အတိတ် သူ့ယတြာနဲ့ကတဲ့ ပွဲပါ။ ကျွန်စစ်သား မင်းသားဇာတ် တော်ရဲ့''

''ကြားဖူးသားပဲ၊ စောလူးမင်းကို တိတ်တိတ်ဝင်ခိုးတော့ 'ငါ့ကို ကျွန်စစ်သား ခိုးသွားပြီဟေ့' လို့ အော်တာ''

''အဲဒါ မဟုတ်ပါဘူးတော်၊ ကျွန်စစ်သားဘုရင် နတ်ရွာစံတော့ ကျအိုးရွှေပင်မှာ မောင်တေဇဆိုပြီး လူဝင်စားလာဖြစ်တဲ့အကြောင်းကို ကတာ တော်ရဲ့။ အဲဒါနဲ့ မောင်တေဇ ဟာ ကျအိုးဘုရားကိုတည်တော့ မလိုမုန်းထားသူတွေက 'မှန်လှပါဘုရား၊ ကျအိုးဘုရား ထဲမှာ လက်နက်တွေ ဝှက်ထားပြီး သူပုန်ရန်နဲ့ ပုန်ကန်ရအောင်လို့ ဘုရားတည်တာပါ' ဆိုပြီး သီပေါမင်းဆီမှာ ကုန်းချောတော့ မောင်တေဇကိုသတ်စေ အမိန့်ထုတ်သတဲ့''

''ဒါလည်း ငါ ကြားဖူးသားပဲဟ''

''နားထောင်ပါဦးလေ၊ မောင်တေဇကို ပါးကွက်သားတွေက ဖမ်းပြီး ကားစင်တင်ထားတော့ ဘိုးဘိုးအောင်က လာကယ်တာကိုးတော့''

''ဘိုးဘိုးအောင်က ကယ်တယ်၊ ဟုတ်လား''

''ဟုတ်တယ်၊ ဘိုးဘိုးအောင်က မောင်တေဇရဲ့ နေရာမှာ ရွှေဘိုသူကြီးကို ထားပစ်ခဲ့ပြီးတော့ 'မောင်တေဇရေ ဝေးရာကို ပြေးပါတော့ကွယ်၊ ၈၈ ခုနှစ်ကျရင်တော့ ကျအိုးဘုရားကို ပြီးအောင်တည်ပေတော့' လို့ မှာလိုက်တယ် တော်ရဲ့''

''ဩော် အင်း အင်း''

ဆိုကာ ဦးကျော်အုံ့သည် ဓားမောက်ကို ပြန်ကောက်ကာ ထန်းလျှော် သပ်မြဲ သပ်သည်။

''ဇာတ်လမ်းကတော့ ဒါပဲ တော်ရဲ့။ အနို့ပေသည့် ဘိုးဘိုးအောင်က ကျုပ်တို့ကို မှာလိုက်တယ်။ 'ပရိသတ်တို့ရေ တဲ့၊ ကျအိုးဘုရားကြီးကို ၁၂၄၄ မှာ တည်ပြီးသွားပေမယ့် ထီးမတင်ရသေးတဲ့အတွက် ကျုပ်တို့ ဆရာကြီးက ထီးတင်ပါလိမ့်မယ်'တဲ့ တော်ရဲ့''

''ထီးတင်မယ့်အကြောင်းကို ပွဲကပြီး ကြော်ငြာတာပေါ့ဟယ်''

"ဘယ်ဟုတ်မလဲ တော်ရဲ့၊ ဆရာကြီးရဲ့ဖြစ်တော်ပေါင်းကို နိပါတ်ခင်းတဲ့ ဥစ္စာပဲ။ သန်ဘက်ခါကျရင်လည်း ကျအိုးဘုရားကြီး ထီးတင်ပွဲရှိသတဲ့ တော်"

"ထီးတင်ပွဲ ကြော်ငြာပါပဲဟာ၊ ဒါထက် လူကော တော်တော်များရဲ့လား"

"နည်းတဲ့ လူအုပ်ကြီး မဟုတ်ပါဘူးတော်။ လူတွေကလည်း ဝမ်းမှ အနိုင်နိုင် ဆိုတော့ ပွဲလမ်းမခင်းနိုင်ဘူး မဟုတ်လား တော်ရဲ့။ ဒီတော့လည်း ခဲကျပ်နေတော့ တာပေါ့တော့"

ဒေါ်ပြားသည် ဆေးလိပ် ကောက်သောက်ပြန်သည်။ အိမ်ရှေ့တွင် အသံတိတ်သွား၏။ အခန်းထဲမှ ကျိတ်၍ဖြစ်နေသော အသံသည် တမျှဉ်းမျှဉ်း ထွက်ပေါ်လာသည်။ မနှစ်မြို့ခြင်း၊ မကြင်နာခြင်းနှင့် နာကျင်ခြင်း၊ ဆွေးမြည့်ခြင်းတို့ဖြင့်ပြီးသော ရှိုက်သံ။

## တစ်ဆယ်

မိမွေး၏ မေတ္တာ စေတနာအား အရိပ်ကိုခိုလှုံ၍ စိန်မင်းသား ကျန်းမာလာသည်။ မိမွေး၏ မမုန်းတမ်းချစ်သော မေတ္တာတရားကြောင့် စိန်မင်းသားသည်မှု မြန်ဆန်စွာ နေကောင်းလာရခြင်း ဖြစ်၏။

သို့ရာတွင် မိမွေးခမျာကား စုန်ရေအဖြစ်နှင့်သာ ဆန်ရေကို တွေ့နိုးနိုးမျှော်နေရသည်။ စိန်မင်းသားထံမှ ကြင်တုံ့မှု မပြန်သေး။ စိန်မင်းသားသည် မိမွေးနှင့် တစ်ခန်းတည်း မအိပ်ချင်ဘဲ အိပ်ရ၏။ ငရဲပါတကား။

နေ့အချိန်တွင်လည်း လရင့်လာသော မိမွေးမှာ ဟင်းရွက်ခူးသော်မျှ ထွက်ခွင့်မရသည့်အတွက် စိန်မင်းသားနှင့် မျက်နှာချင်းဆိုင်နေရ၏။ စိန်မင်းသားသည် မိမွေးနှင့် မျက်နှာချင်းမဆိုင်လို။ ယာထဲသို့ လိုက်၏။ လယ်ထဲသို့ သွားသည်။ ယနေ့မူ ရွာခေါင်း ကိုဝဲထူတို့ အပိုင်းသို့ ထွက်လာသည်။

ရွာခေါင်း ကိုဝဲထူနှင့် တောင်ပိုင်းမှ ဒေါ်ဆိတ်တို့၏အသံသည် အကျယ်ဆုံးဖြစ်၏။ အဝေးကြီးမှ ကြားရ၏။ စိန်မင်းသားသည် လူစုစုမြင်သည်နှင့် ရွာခေါင်း၏ ဝိုင်းထဲ ဝင်လာသည်။

"ဟော့ အောက်သားပါကလား၊ လာကွ။ ထန်းလျက်နဲ့ ရေနွေးရှိသကွ"

ရွာခေါင်းက ဖော်ရွေစွာ ညှိခံ၏။ စိန်မင်းသားကို ရေနွေးတစ်ယန်းကန် ထည့်ပေးပြီးလျှင် ကိုဝဲထူက အသံခပ်အုပ်အုပ် ထား၍ပြော၏။

"ဗန္ဓကရသေ့လေး၊ ဆရာကြီးလေးနဲ့ ကြီးကျယ်နေတာပါကွာ။ အရင်တုန်းက ရွာတကာလည်ပြီး ညာစားနေတဲ့ ဆေးဆရာ လူပါ"

"သေချင်းဆိုး နင်တော့ သေလိမ့်မယ်။ သူတကာက ခေါင်းပေါ်တင်ထားတဲ့ ဗန္ဓကကို နင်မို့ ရက်ရက်စက်စက် လှေလို့ဟယ်"

ဒေါ်ဆိတ်က အော်ကျယ်ဟစ်ကျယ် ရယ်မော၍ ဆဲသောအခါ-

"ကျုပ် ဟုတ်တာပြောတာပဲဗျ။ ဘယ်သူ သတ်သတ်ပေ့ါ။ မကြောက်ပါဘူး" ဟုဆိုသည်။

ဆယ်အိမ်ခေါင်း ကိုထွားက-

"နို့ သူက စကြာမင်းဆိုဗျ" ဟု မေး၏။

"စကြာမင်းဆိုတာ ဂရုဓမ္မသီလတို့၊ ဘာတို့ စောင့်ထိန်းရပါတယ်ကွာ။ ဒီဗန္ဓကရသေ့ဆိုတဲ့ လှေက ငါးပါးသီလတောင် လုံတာမဟုတ်တော့ စကြာမင်း ဝေးလို့၊ စကြာမင်းစီးတဲ့ မြင်းတောင် ဖြစ်မှာမဟုတ်ဘူး"

"ဟ ရသေ့ပဲကွ။ ငါးပါးသီလတော့ လုံမှာပေ့ါ"

ဖိုးစံဝေက ဝင်ပြောခြင်းဖြစ်၏။ ထိုအခါ ကိုဝဲထူ၏အသံက ကျယ်လောင်လာသည်။

"ကျအိုးရွှေပင်ရွာက မိန်းမတစ်ယောက်ဟာ သူ့ကိုယ်သူ အရင်ဘဝက ဗန္ဓက လှေရဲ့ မယား ဖြစ်ခဲ့ဖူးပါတယ်ပြောပြီး ဗန္ဓကဆီလာပြီး အတူနေတာ ခင်ဗျားတို့ ကြားပြီး သိပြီးကြပြီ။ ခင်ဗျားတို့ စဉ်းစားကြည့်ပါ။ အဲဒီမိန်းမမှာ လင်ကြီးနဲ့ဗျ။ မကွာမရှင်းဘဲ အတူလာနေတာကို လက်ခံထားတာဟာ သူတစ်ပါးမယားကို ပြစ်မှားတာပဲ မဟုတ်လား။ မယားခိုး မဟုတ်လား။ ဘယ်မလဲ စကြာမင်း။ ကျုပ်တော့ မယားခိုးပဲ တွေ့တယ်"

မောင်ကြိုင်သည် မျက်နှာပျက်နေ၏။ သို့ရာတွင် တစ်ခွန်းမျှ မပြော။ ကိုဝဲထူကိုသာ ရွံရှာစွာ ကြည့်နေ၏။

"ခင်ဗျားကသာ အဲဒီလို ပြောနေတာနော်။ ဗန္ဓကရသေ့ကတော့ မြေဒူးမှာ ဗိုလ်ဝင်ခံပြီး အောင်မြေနင်းနေပြီဗျ"

ဆယ်အိမ်ခေါင်း ကိုထွားက ဝင်ပြော၏။

"သူ ဘာလုပ်လုပ်လေ။ အစိုးရမင်းများကတော့ သူ့ကို လူရာမသွင်းဘူးကွာ။ အဲဒါ မှတ်ထား။ ဘာဖြစ်လို့လဲဆိုရင် သူဟာ စကြာမင်းလောင်း ဖြစ်တယ်လို့ ပြောတာတွေ၊ ရှင်ဘုရင်နဲ့တူအောင် ရွှေထီးတို့ ထီးဖြူတို့ ဆောင်းတာတွေ၊ လည်းမှာ မျက်နှာကြက်

တပ်တာတွေကို သူကြီးမင်းတွေက သံတော်ဦးတင်ပြီးသား။ အဲဒါတွေကို စုဆောင်းပြီး တပယင်းမြို့ပိုင်က အထက်ကို အစီရင်ခံပြီးသားကွ''

''ဘယ်လို အစီရင်ခံလဲဗျ''

''ဗန္ဓုကရသေ့ဟာ သူ့ကို လူတွေက ရှင်ဘုရင်လို့ ထင်လာအောင် အမျိုးမျိုး လုပ်နေပါတယ်။ ဒါကြောင့် တစ်နေ့နေ့မှာ မင်းအဖြစ်ခံယူပြီး သူပုန်ထနိုင်စရာ အကြောင်းရှိပါတယ်လို့ အစီရင်ခံထားတာ။ အနှာပေသယ်လို့ အစိုးရမင်းများက ဗန္ဓုကကို ဘာလုပ်လဲ။ ဘာမှ မလုပ်ဘူး။ ဘယ်လုပ်မလဲကွ။ အရူး ထင်ရာလုပ်ပြီး ထင်ရာ ပြောနေတာလို့ ဝန်ထောက်မင်း ကိုယ်တိုင်ကပြောတာ''

''ဝန်ထောက်မင်း ပြောတာကို အသာထားပြီး မင်းသဘောလည်း ပြောဦးမှ ပေါ့ကွ''

ဦးအောင်ဇံက မောင်ကြိုင်ကို စိုက်ကြည့်နေရာက ကိုဝဲထူအား မေးသည်။

''အစိုးရမင်းများရဲ့ သဘောအတိုင်းပေါ့ဗျ။ ဆေးတစ်ဘူး ငါးကျပ်ဆိုတာ နည်းသလားဗျ။ မတန်တဆ ငွေတွေရတော့ ဘဝင်မြင့်သလိုလို ရူးသလိုလိုဖြစ်ပြီး ပထမံကျမ်းဆိုတာရေးပြီး လူတွေကို ညာ။ ဒါနဲ့ အားမရတော့ ဘုရားတည်၊ ရေကန်တူး။ နောက်ဆုံးတော့ သွက်သွက်လည်အောင်ရူးပြီး လမ်းလျှောက် အမိုက်ကောက်မယ့် အကောင်ပါဗျာ''

''တန့်ဆည်ရွာမှာ ရှိတဲ့ ဘဝဟောင်းက အဖေနဲ့ အမေဆိုတာက ကော ဟယ်''

ဒေါ်ဆိတ်က မေးခြင်း ဖြစ်သည်။

''တန့်ဆည်ရွာက ကိုထွန်းပေါ်နဲ့ မရွှေပင်ကို ကျုပ် သိပါတယ်ဗျာ။ စိတ်ကောင်း၊ စေတနာကောင်း ရှိတယ်။ ရပ်ရွာမှာ ဩဇာရှိတယ်။ မြှောက်ပင့်ပြောရင်လည်း ယုံတတ် တယ်။ ဗန္ဓုကလို တေလေဂျပိုးက ခမည်းတော်ရဲ့၊ မယ်တော်ရဲ့ တစ်ခါ ချွဲလိုက်ရုံနဲ့ ယုံ၊ ကျသွားတာဟာ မဆန်းပါဘူးဗျာ''

''မင်းဟာက မဟုတ်သေးပါဘူးကွာ''

''ဟုတ်တာပေါ့ ဦးစံဝေရာ။ ဗန္ဓုကကို လူတွေ ကြည်ညိုကြ၊ အထင်ကြီး ကြတော့ ကိုထွန်းပေါ်နဲ့ မရွှေပင်တို့ကလည်း အထင်ကြီးတာပေါ့ဗျ။ အဲသည်လို သူတို့ အထင်ကြီးတဲ့လူဟာ သူတို့ရဲ့ ဘဝဟောင်းက သားဖြစ်ပါတယ် လာပြောတော့ ဘယ်သူ မယုံဘဲ ခံနိုင်ရိုးလား။ ကိုင်း ခင်ဗျား ခံနိုင်မလား''

သူ့စကားတွင် မည်သူမျှ စောဒက မတက်နိုင်ပြီ။ ကိုဝဲထူက ထပ်ပြောပြန်သည်။

‘‘တန့်ဆည်ရွာမှာ ဩဇာတိက္ကမ အသင့်အတင့် ရှိတဲ့လူကို အဲသည်လို သွားလုပ်တာဟာ တစ်နည်းအားဖြင့် သူ့လူဖြစ်အောင် သိမ်းသွင်းတာပဲ’’

‘‘ခင်ဗျားကသာ ဗန္ဓကရသေ့ကို ရစရာမရှိအောင် ပြောနေတာနော်။ လူတွေကတော့ ရသေ့က သေဆို သေ၊ ရှင်ဆို ရှင် နိုင်းရာလုပ်မယ့်ပုံ’’

ဆယ်အိမ်ခေါင်း ကိုထွားက ပြောခြင်း ဖြစ်သည်။

‘‘အိုကွာ အရှူးကို အရေးလုပ်မနေစမ်းပါနဲ့။ ပျောက်စေဆရာ၊ ရေမန်းဆရာ များလို သူ့မကောင်းမှုကို သူ့အခြွေအရံတွေကသိပြီး ဝိုင်းသတ်တာနဲ့ သေမှာပါ’’

ကိုဝဲထူနှင့် ပြိုင်၍ အော်ကျယ်ဟစ်ကျယ် မပြောနိုင်သော ဒေါ်ဆိတ်မှာ ကလေးတွေ လိုက်လာသဖြင့် ပြန်သွားသည်။ ကိုဝဲထူလည်း ဗန္ဓကရသေ့အား ချိုးနှိမ်စရာ စကားကုန် သဖြင့် တိတ်ဆိတ်သွားကာ ရေနွေးထိုင်သောက်၏။ စကားဝိုင်းမှ အချို့သည် ထပြန်သွား၍ အချို့လည်း ရေနွေးကြမ်းဝိုင်းတွင် တိတ်ဆိတ်စွာ သောက်နေကြလေသည်။

ထိုလူများထဲတွင် အတိတ်ဆိတ်ဆုံးကတော့ စိန်မင်းသားဖြစ်၏။ သူ့အား ကိုဝဲထူက ပခုံးပုတ်၍ အရောဝင်သည်။

‘‘ဘယ့်နှယ် ငါ့ညီ၊ စကားပြောလှချည့်လားကွ။ နားကို ညည်းနေတာပဲ။ တို့တစ်တွေလည်း ပြောခွင့်ပေးပါဦး’’

ဝိုင်း၍ ရယ်ကြ၏။ စိန်မင်းသားမှာလည်း အလိုက်သင့် ရောယောင် ပြုံးနေသည်။

‘‘ဒီကောင်က အောက်သားဆိုတော့ တို့များပြောတာကို နားမလည်လို့များ ဘာမှ မပြောဘဲ နေရော့လားကွာ’’

ဦးအောင်ဇံက ပြုံး၍ ဆိုသောအခါ -

‘‘နားလည်ပါတယ်ဗျာ။ နားထောင်လို့ ကောင်းတာနဲ့ နားထောင်နေတာပါ’’

ဟု ပြန်ပြောသည်။

‘‘ကိုင်းကွာ မင်းလည်း အတန်အသင့် ကြားပြီးပါပြီ။ ဗန္ဓကရသေ့ကို ဘယ်လို ထင်သလဲ’’

‘‘ကျွန်တော်တော့ ရသေ့လို့ ထင်တာပါပဲဗျာ’’

အကြမ်းဝိုင်းမှ ဝိုင်းတော်သားများသည် ဟားတိုက်၍ ရယ်ကြပြန်၏။ သည်တော့ စိန်မင်းသားလည်း ရောယောင် ရယ်မောသည်။ ယခုလို မေ့မေ့ပျောက်ပျောက် နေရသည်က သူ့ရင်ထဲတွင် အေးချမ်း၏။ မိခွေး မျက်နှာကို မမြင်ရသော အရပ်သည်ပင် စိတ္တသုခ အရပ် ဖြစ်ချေမည်လား။

ထိုမှတစ်ဖန် မီးဖို အနိမ့်ပိုင်း တစ်နေရာတွင် ဝါဖန်နေသော မိန်းကလေး

နှစ်ယောက်ကို မသိခိုး မမြင်ခိုး ကြည့်ရသဖြင့် ပို၍ စိတ်ချမ်းသာသည်။ မိန်းကလေး နှစ်ယောက်မှာ ကိုဝဲထူ၏ သမီးများဖြစ်ကြကာ စကားတပြောပြောနှင့် အလုပ်လုပ်ရင်း စိန်မင်းသားထံ မျက်လုံး ရောက်ရောက်လာကြ၏။

ဘီးဖြူကလေး စိုက်ထားသော မိန်းကလေးမှာ အကြီးနှင့် တူသည်။ သူ့အဖေ စောစောက ခေါ်သံ ကြားရသည်မှာ ငွေဖော့ဟူ၍ ဖြစ်၏။ ဖန်လက်ကောက် တချင်ချင်နှင့် ကျန်မိန်းကလေးမှာ ငွေသော့ ဖြစ်သည်။ ဤရွာထဲတွင် ဤနှစ်ယောက် အချောဆုံးဟု စိန်မင်းသား ထင်၏။

သည်မိန်းကလေးများကို စိန်မင်းသား မြင်နေသည်မှာ ရက်အတော်ကြာပေပြီ။ ယခုမှ စိမ်ပြေနပြေ ကြည့်ရ မြင်ရ၍ ပိုမိုလှပသည်၊ ချောမောသည်ဟု ယူဆသည်။ မိမွေး မွေးဖွားပြီးနောက် အဘွားနှင့် ပြန်သွားလျှင် သူမလိုက်။ သည်ရွာမှာ နေခဲ့တော့မည်ဟူသော စိတ်ကူးမှာ ခိုင်မာစပြုပြီ။

"ငွေဖော့ပဲ ရရ၊ ငွေသော့ပဲ ရရ မဆိုးဘူး"

သည်စိတ်ကူးမှာ ကြာကြာမခံ။

"ဟဲ့ စိန်မင်း၊ နင့်မိန်းမ တက်လို့ဟဲ့၊ မြန်မြန်လာ"

ဆိုသော ဒေါ်ပြား၏ လမ်းမှ အော်သံကြောင့် လွင့်ပျောက်ရုံမက မရိုးသားသော ကိုယ့်စိတ်ကြောင့် မိန်းကလေး နှစ်ယောက်ကို ရှက်ကိုးရှက်ကန်း ကြည့်မိ၏။

"ဟဲ့ မြန်မြန်လာလဟယ်"

ဒေါ်ပြားက ထပ်အော်သောအခါ စိန်မင်းသားသည် ယောင်ကန်းကန်း ထလိုက်လာရသည်။

အိမ်တွင် မိန်းမများ ဝိုင်းအုံနေ၏။ မယ်သန့်နှင့် စံပယ်မတို့သည် လည်းကောင်း၊ ဒေါ်ညိုသင်း၊ ဒေါ်ပြားတို့သည် လည်းကောင်း မိမွေးအား နှိပ်သူက နှိပ်၊ ခေါင်းကို မှုတ်သူက မှုတ်၊ ခြေ လက် ဆန့်သူက ဆန့်နှင့် ပျာယာခတ်နေကြသည်။ အိမ်မှာ ရှိနေသော အိမ်နီးချင်း မိန်းမများလည်း ပြေးလာကြ၏။

"ဟဲ့ ဟဲ့ ဘဝင်ကြောကို ကုပ်ဟဲ့"

"ကိုယ်ဝန်ကြီးနဲ့ဟာကို၊ ဘဝင်ကြော ကုပ်လို့ရမလား တော်ရဲ့"

"ဖယ်စမ်းပါအေ၊ ငါ လုပ်ပါ့မယ်"

စီစီညံညံနှင့် အခြားသူများ ပျာလောင်ခတ်နေစေကာမူ စိန်မင်းသားသည် မတုန်မလှုပ်နှင့် ရပ်နေ၏။ မိမွေးသည် အင်းရှည်တစ်ချက် ဆွဲမြည်ရင်း မျက်လုံး ပွင့်လာသည်။ ထိန်ဝင်းသည် မိမွေးအား ယပ်ခတ်ပေးနေသည်။

မိမွေး၏ ပွင့်လာသော မျက်လုံးများသည် စိန်မင်းသား၏ မျက်လုံးများသည် စိန်မင်းသား၏ မျက်လုံးများနှင့် ဆုံမိ၏။ မိမွေး၏ မျက်လုံးများသည် ကြင်နာပါရန်၊ ညှာတာပါရန် အသနားခံခြင်းဖြင့် ပြီးသည်။ စိန်မင်းသား၏ မျက်လုံးများက သေသည် အေးစက်သည်။

သည်မျှ မချိမဆံ့ ဖြစ်နေချိန်မှာပင် ကြင်နာဟန် သနားဟန်ကလေး မပြနိုင်ခြင်းသည် မိမွေး၏ ရင်ကို ထိုးမွှေလိုက်သလို ရှိ၏။ အသည်းကို မီးညှပ်နှင့်ညှပ် ကင်ခြင်းခံရသည်နှင့် မခြားချေ။ မိမွေးအသည်း ဆတ်ဆတ်တုန် ရသည်။ မျက်ရည်ပေါက်ကြီးများ လိမ့်ကာ လိမ့်ကာ ကျလာလေ၏။

''ဟဲ့ မငိုနဲ့လေ''

ဟု ဒေါ်ပြားက သတိပေးနေစဉ်တွင်-

''အမယ်လေး ကျွန်မ ရင်ထဲမှာ မချိတော့ဘူး အဘွားရဲ့''

ဟု မိမွေး အော်လိုက်မိလေသည်။

''ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာအောင် နေပါမှပေါ့ မမွေးရယ်။ ရင်ထဲမှာ ဘယ်လို နေလို့လဲ''

''စံပယ် စံပယ် ညည်း ဘာမှမသိဘူးနော်။ ညည်းလင်က ညည်းကို ခွေးလို ဝက်လိုသဘောထားရင် ညည်း ဘယ်လိုနေမလဲဟင်။ ငါ့အသည်းကို ကျွဲခတ်သထက် အခံရခက်တယ်အေ့။ အမယ်လေး မြန်မြန်သေရင် အေးတာပါပဲ''

ဒေါ်ညိုသင်းသည် မြေးငယ်အား ဖျတ်ခနဲ လှည့်ကြည့်၏။ လူတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော စာနာ ကြင်နာမှုတို့ ကင်းသည့် မျက်လုံး။

''အမေတို့ရေ သမီးအဖြစ်ကို မြင်လှည့်ပါဦး အမေရဲ့။ သမီးမိုက်ပြစ်ကို သမီးလှလှကြီး ခံနေရပါပကော အမေရဲ့''

မိန်းမများသည် တကျိတ်ကျိတ် မသင့်မြတ်မှုကို ယခုမှပင် နားလည်လာကြကာ မိန်မင်းသားအား ဝိုင်းကြည့်ကြသည်။ အပြစ်တင်သော မျက်လုံးများ၊ မုန်းတီးသော အကြည့်များ၊ ရွံရှာသောအကြည့်နှင့် စက်ဆုပ်သော အကြည့်များ။ စိန်မင်းသား မျက်လွှာချလိုက်သည်။

သို့သော် နားကို ပိတ်ထားကာမျှဖြင့် ဝေါ်မွတ်သူတို့၏အသံ တိတ်စဲသွားရိုး မရှိ။ ထို့ကြောင့် အများတကာ၏ မုန်းတီးမှုသည်လည်း မျက်လွှာချထားကာမျှဖြင့် ပပျောက်မသွားချေ။ နှလုံးသားမှ လာသော အမုန်း၊ ဇာတိစိတ်မှ လာသော ရွံရှာမှုတို့ကြောင့် စိန်မင်းသား သိမ်ငယ်လာသည်။ ဆက်လက်၍ ရပ်နေရန် မဝံ့ရဲ။

ခြေအလှည့်တွင် ဒေါ်ညိုသင်း၏ ကြေကွဲဝမ်းနည်းသံကြောင့် စိန်မင်းသား တန့်သွားသည်။

''လူကလေးရယ် မအေချင်းမစာ၊ နှမချင်းမစာ မိုက်ရိုင်းလှချည့်လားကွယ်။ ဒီလို စိမ်းစိမ်းကားကားနေတာ မတော်ပါဘူး''

စိန်မင်းသား ငိုင်နေရာ-

''အေးကွာ ငါတော့ မင်းကို မပြောချင်ဘူးဟေ့''

ဆိုကာ ထိန်ဝင်းထသွား၏။

မျက်လုံးများသည် စိန်မင်းသား၏ လှုပ်ရှားမှုတွင်သာ ရှိကြသည်။ စိန်မင်းသားသည် ရှေ့သို့တိုးလာ၏။ မိမွေး၏ ဘေးတွင် ဒူးထောက် ထိုင်လိုက်သည်။

**ဆင်ဖြူကျွန်းအောင်သိန်း**

၂၀၀၇ အမျိုးသားစာပေ တစ်သက်တာဆုရ

# ဆင်ဖြူကျွန်းအောင်သိန်း

# လယ်သမား သူပုန် နှင့် သတ်ရဲသည် သေရဲသည်

(ပထမ+ဒုတိယ နှစ်တွဲပေါင်း)

